www.burmeseclassic.com

# တရားခွင်မှ တိုက်ပွဲများ

သက်သေရှိရင် ဘယ်သူလဲ

မောင်ကိုနီ
(တရားရုံးချုပ်ရှေ့နေ)

BURMESE CLASSIC .com



Design by Win Yu Maung 2011

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

**ဦးကိုနီ**

**B.A. (Law); LL.B.**

**တရားရုံးချုပ်ရှေ့နေ (လိုင်စင်နံပါတ်-၁၈၄၇)**

စာရေးသူအား ဖခင်-ဦးစူလတန်၊ မိခင်-ဒေါ်ခင်လှ (ခ) ဒေါ်ဟာလီမာ တို့မှ စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ အင်းရွာတွင် မွေးဖွားခဲ့ပါသည်။ ယခုအခါ အသက် (၅၉) နှစ်ရှိပြီဖြစ်ပါသည်။

စာရေးသူသည် စစ်ကိုင်းတိုင်း၊ ကသာမြို့၊ အ. ထ. က (၁) ကျောင်းမှ ၁၉၇၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနတွင် ဆက်လက်၍ ပညာဆည်းပူးခဲ့ရာ ၁၉၇၅ ခုနှစ်တွင် B.A. (Law) ဘွဲ့ကို လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် LL.B. (ဥပဒေဘွဲ့) ကိုလည်းကောင်း ရရှိခဲ့ပါသည်။

ဥပဒေဘွဲ့ရရှိပြီးနောက် ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေဌာနတွင် အချိန်ပိုင်းနည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေပြီး၊ တစ်ဖက်တွင် ဆရာဦးကိုယု ၏ ရှေ့နေရုံးခန်းတွင် အလုပ်သင်ရှေ့နေအဖြစ်လည်းကောင်း၊ အထက်တန်းရှေ့နေအဖြစ်လည်းကောင်း၊ အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ၁၉၇၉ ခုနှစ်တွင် အဝေးသင်တက္ကသိုလ် နည်းပြဆရာအဖြစ်မှ အနားယူခဲ့ပြီး၊ တရားရုံးချုပ်ရှေ့နေ၊ အမှုလိုက်ရှေ့နေအဖြစ် အစဉ်တစိုက် ယနေ့ထိ ဆောင်ရွက်နေခဲ့ပါသည်။ အခါအားလျော်စွာ ဥပဒေသင်တန်းများ၌ မေတ္တာဖြင့် ဟောပြောပို့ချမှုများကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။

၁၉၉၅ ခုနှစ်မှစ၍ " Laurel Law Firm " ကို တရားဝင်မှတ်ပုံတင် တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌ အဖြစ် အမှတ် - ၁၂၈ (ပထပ်)၊ ၄၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ယနေ့ထိ ဆောင်ရွက်လျက်ရှိပါသည်။

စာရေးသူ၏ဇနီးမှာ ဒေါ်တင်တင်အေး ဖြစ်ပြီး တရားရုံးချုပ်ရှေ့နေ ဖြစ်ပါသည်။ စာရေးသူတွင် သားသမီး (၃) ဦးရှိပြီး၊ သမီးကြီး ဒေါက်တာယဉ်နွယ်ခိုင် (M.B.B.S) မှာ ရန်ကုန်ဆေးတက္ကသိုလ် (၂) ဆေးဝါးဗေဒဌာနတွင် တာဝန်ထမ်းဆောင်လျက် ရှိပြီး၊ သမီးငယ် ဒေါက်တာအေးသီခိုင် (M.B.B.S) လည်း ရန်ကုန်ဆေးတက္ကသိုလ် (၂) အဏုဇီဝဗေဒဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ အငယ်ဆုံးသား ကိုသန့်ဇင်ဦး (Dip. in I.T. Singapore Polytechnic) (B.B.I.S DEAKIN UNIVERSITY SINGAPORE) မှာ စင်္ကာပူနိုင်ငံတွင် ပညာဆက်လက်သင်ယူ၍ အလုပ်လုပ်နေပါသည်။

စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇-လမ်း၊ အမှတ် (၁၈၀) (အပေါ်ဆုံးထပ်/ဝဲ) တွင် လက်ရှိနေထိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၂၆၃၊ ပ-ထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၉၁၉၁

Laurel Law Firm

အမှတ်-၁၂၈ (ပထပ်)၊ ၄၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၅၇၈၄

www.burmeseclassic.com

www.burmeseclassic.com

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)

# တရားခွင်မှ ကိုက်ပွဲများ

# လက်စဖွရှင် ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၀၇၅၉၀၆၁၁
အဖုံးခွင့်ပြုချက် - ၄၀၈၇၀၃၀၆၁၁
မျက်နှာဖုံးဒီဇိုင်း - ဝင်းယုမောင်
ထုတ်ဝေသူ - ဦးသိန်းလွင်၊ ဝ၄၁၃၇ (မြ)
ရွှေဟင်္သာစာပေ
အမှတ် (၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးဝင်းလွင် (မြ-၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
ပုံနှိပ်ပြီးစီးသည့်လ - ၂၀၁၁ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ဖြန့်ချိရေး - ရွှေဟင်္သာ စာပေ
အမှတ် ၂၆၃၊ ပ-ထပ်၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၇၀၉၁၉၁ / ၂၉၀၅၁၅။
- Laurel Law Firm
အမှတ်-၁၂၈ (ပထပ်)၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၅၇၈၄

၈၉၅. ၈
ကိုနီ ၊ မောင် (တရားရုံးချုပ်ရှေ့နေ)
တရားခွင်မှတိုက်ပွဲများ (လက်ဗွေရှင်ဘယ်သူလဲ)/
မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)။ - ရန်ကုန်
ရွှေဟင်္သာစာပေ ၊ ၂၀၁၀။
၂၉၉ - စာ၊ ၁၃. ၅ × ၂၁ စင်တီ
(၁) တရားခွင်မှတိုက်ပွဲများ (လက်ဗွေရှင်ဘယ်သူလဲ)

www.burmeseclassic.com



## စီစဉ်သူ၏ အမှာ

ဤစာအုပ်သည် (ကာယကံရှင်တို့၏ အမည်များကို ပြောင်းထားသည်မှ လွဲ၍) ဖြစ်ရပ်မှန်များဖြစ်သည်။ ဤစာအုပ်ကို ရေးရန် ဆရာဦးကိုနီအား တိုက်တွန်းခဲ့သည်မှာ အနှစ် နှစ်ဆယ်နီးပါးရှိပြီဖြစ်ပါသည်။ ဟုတ်ကဲ့. . . ဟုတ်ကဲ့ဟု ခေါင်းညိတ်ခဲ့သည်မှာလည်း အနှစ် နှစ်ဆယ်နီးပါးရှိပါပြီ၊ သို့သော် မရေးဖြစ်ခဲ့၊ သူများအပူကို ကိုယ့်အပူလုပ်၍ သူများ၏ဒုက္ခကို ကိုယ့်ဒုက္ခအဖြစ်မှတ်ယူကာ အမှုပေါင်းများစွာ၏ အောက်တွင်ပိ၍ နစ်မြုပ်နေသောဆရာ့အား စာနာ နားလည်မိသည်။ အပြစ်မဆိုရက်ခဲ့ပါ။ သို့သော် ၂၀၀၉ ခုနှစ် နှောင်းပိုင်းတစ်ရက်တွင် ကျွန်တော်တို့ ဆုံဖြစ်ကြသည်။ ကျွန်တော်က ဆရာ့အား အမှန်တရားတစ်ခုကို ဃှစ်ဟပြောဆိုဖြစ်ခဲ့သည်။

"ကျွန်တော့်အသက် ၇၀ တန်းထဲရောက်လာပြီဆရာ. . . ကျွန်တော်မသေခင်မှာ လူသုံးယောက်နဲ့ ပတ်သက်ပြီး ကြိုးစားနေပါတယ်။ အဲဒီလူသုံးယောက်ဆီက အမွေလေးတွေလိုချင်လို့ပါ။ အဲဒီအမွေကလည်း ကျွန်တော့်အတွက် မဟုတ်ပါဘူး။ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ကြိုးစားလေ့လာနေကြတဲ့ လူငယ်ထုအတွက် "ပညာ" အမွေပါ။ သူတို့က သူတို့ဘဝတစ်ခုလုံးကို နှစ်မြုပ်ပြီး၊ သူတို့ပညာနဲ့ အသက်မွေးခဲ့ကြတယ်။ သူတို့နဲ့ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်ကြတယ်။ လူ့လောကကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြတယ်။ ပညာနဲ့ အလင်းပြခဲ့ကြတယ်။ ဒါပေမဲ့ . . . သူတို့အားလုံး သူတို့ဘဝနဲ့ရင်းပြီး ရယူထားခဲ့ကြတဲ့ ပညာတွေဟာ၊ သူတို့သေသွားရင် သူတို့ရဲ့ အသက်တွေနဲ့အတူ ပျောက်ကွယ်သွားကြမှာကို ကျွန်တော်သိပ်စိုးရိမ်တာပဲ"

ဘယ်သူတွေတုန်း ဆရာဟု သူကမေးသည်. . .

အချိန်ပြည့်မြန်မာစာအဖွဲ့ဝင်၊ အဘိဓာန်ကျမ်းပြုဆရာကြီး (ဒေါက်တာ) ဦးထွန်းတင့် လေ. . . သူက မြန်မာစာ ရေးထုံးနဲ့သတ်ပုံမှာ အထူးကျွမ်းကျင်နှံ့စပ်ပြီး၊ ပါရဂူဘွဲ့တောင်ရထားသူ၊ နောက်တစ်ယောက်က ပညာရေးတက္ကသိုလ်က ဒုတိယပါမောက္ခချုပ် (ဒေါက်တာ) ဦးမျိုးတင့်၊ သူက သင်္ချာနဲ့ပတ်သက်ပြီး တစ်ဖက်ကမ်းခတ်ဝါသနာပါ၊ လေ့လာလိုက်စားပြီး ဘဝကို မြှုပ်နှံထားသူ ပါရဂူဘွဲ့ရထားသူ. . .

နောက်တစ်ယောက်ကကော . . .

နောက်တစ်ယောက်ကတော့ ဆရာ. . . ပဲပေါ့။

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဗျာ. . . မနေနဲ့၊ ရေးတော့၊ ကျွန်တော့်အသတ်မသေခင်၊ အရင်က ကျွန်တော် တောင်းဆိုထားတဲ့ကိစ္စကို အကောင်အထည်ဖော်တော့ဗျာ. . ဒါမှမဟုတ်ရင်

"ကျွန်တော်က ဘာမှ မဟုတ်တာ ဆရာရယ်"

ဟု သူက နှိမ့်ချစွာဆိုသည်။ သို့သော် နောက်ထပ်အကြိမ်ကြိမ် တွေ့ဆုံပြီး နားပူနားဆာလုပ်လွန်းသဖြင့် ဤစာအုပ် အကောင်အထည်ပေါ် လာခဲ့ခြင်းဖြစ်သည်။

ဆရာက "ဘာမှမဟုတ်တာ". . . ဟု ဆိုသော်လည်း သူတတ်ထားသော ဗေဒင်ပညာသည် မွန်မြတ်လှ၏။ မတရားသဖြင့် ပြုမူခံကြရသော လူ့ဒုက္ခသည်တို့အား ဤပညာဖြင့် ကယ်တင်နိုင်သည်။ လူတစ်ယောက်၏ ကျဆင်းသွားမည့် ဂုဏ်သိက္ခာ၊ ထိုသူနှင့်ပတ်သက်သော အသိုင်းအဝိုင်း၊ မိသားစုတို့၏ ဂုဏ်သိက္ခာတို့ ဤပညာဖြင့် ဆယ်ပေးနိုင်သည်။ မိမိတရားသဖြင့် ပိုင်ဆိုင်ရရှိထားသည့် ပစ္စည်းဥစ္စာတို့ မတရား သဖြင့် နစ်နာဆုံးရှုံးမသွားစေရန် ဤပညာဖြင့် ခုခံတားဆီးပေးနိုင်သည်။ လူတို့၏ အသက်ကို ဆရာဝန်တို့က ကယ်တင်ပေးနေကြသည်။ ဆရာဝန်ဆိုသည်မှာ လူ့လောက တွင် အသက်သခင် ကျေးဇူးရှင်များဟု အများက သိရှိကြသည်။ တန်ဖိုးထားကြသည်။ သို့သော်. . "ဗေဒင်များသည်၊ အသက်ကိုသာမက၊ အရှက်နှင့်ဂုဏ်သိက္ခာ၊ ငွေ၊စိမ် ဥစ္စာ၊ အရာရာကို ကယ်တင်စောင့်ရှောက်နေသူများဖြစ်ကြောင်း" သတိထားမိကြသူ နည်းပါးပါလိမ့်မည်။

BURMESE CLASSIC .com

ယခု. . . ဤစာအုပ်ထွက်လာခဲ့ပါပြီ။ စာဖတ်သူတို့သာ ချင့်ချိန် ဝေဖန် ကြပါတော့ဟု ကျွန်တော်ပန်ကြားရန်သာ ရှိပါတော့သည်။ ဤစာအုပ်နှင့်ပတ်သတ်၍ ကျွန်တော်နှင့် ရင်းနှီးချစ်ခင်သည့် "ဆရာလယ်တွင်းသားစောချစ်၊ ဆရာဒေါက်တာ ခင်မောင်ညို၊ ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာကောင်းသန့်၊ ဆရာမွှေး(ထား)သိုင်း" တို့ထံ ထင်မြင်ချက်နှင့် အမှာရေးပေးရန် ကျွန်တော်မေတ္တာရပ်ခံခဲ့သည်။ သူတို့တလည်း ရေးပေးကြပါသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် အမြင်မတူကြသည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ထို့ကြောင့်ပင် "သူတို့အမြင် သူတို့အမှာ" ဟု ကဏ္ဍတစ်ခု ဖွင့်လှစ်၍ ကျွန်တော်တင်ပြထားပါသည်။ စာဖတ်သူတို့၏ အမြင်တိုလည်း သိလိုလှပါသည်။

ဗေဒင်လောကတွင် ဆရာဦးကိုနီသာလျှင် အတော်ဆုံး၊ အတတ်ဆုံးဟု ကျွန်တော်ဆိုလိုသည်မဟုတ်ပါ။ သူ့လိုပင်တတ်သော သူ့ထက်ပင်တော်သော ဗေဒင်များ ရှိပါလိမ့်မည်။ သို့သော် သူ၏စေတနာ၊ သူ၏ပညာ၊ သူ၏သဘာ၊ အတွေ့ အကြုံ၊ သူ၏စိတ်ရှည်မှု၊ သူ၏ ဇွဲသတ္တိတို့ကိုကား ကျွန်တော် မချီးကျူးဘဲ မနေနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ၊ အမှန်တရားကို မြတ်နိုးသူများ၊ ဥပဒေပညာကို ဦးနှောက်တွင် ထည့်သွင်း၍ နှလုံးသည်းပွတ်တွင် ဒိမ်းဆည်းကာ လေ့လာလိုက်စားလိုသူ လူငယ်များအတွက်မူကား ဤစာအုပ်သည် မရှိမဖြစ်လိုအပ်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ဆိုရဲပါသည်။ ဆိုပါသည်။

ချစ်ခင်လေးစားစွာဖြင့်
မောင်သိန်းလွင်
၁၈-၂-၂၀၁၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဆရာ လယ်တွင်းသားစောချစ် ၏ အမှာစာ

ဦးသိန်းလွင် က စာအုပ်အထူကြီးတစ်အုပ် အိမ်လာပေးသည်။ သူ၏ မိတ်ဆွေ တရားရုံးချုပ်ရှေ့နေ ဦးကိုနီ ရေးသော စာအုပ်ကြီးဖြစ်သည်။ ဝတ္ထုအမျိုးအစား ဖြစ်၏။ ဝတ္ထုအမည်က "တရားခွင်မှတိုက်ပွဲများ" ။ အမှာစာရေးပေးရမည်။

စာရေးသူနှင့် ခင်မင်ရင်းနှီးခြင်းမရှိသော်လည်း ဦးသိန်းလွင် နှင့် ချစ်ခင်ရင်းနှီး၍ ရေးပေးပါမည်ဟု ဝန်ခံကတိပြုလိုက်သည်။ သို့သော် ပခုက္ကူ ဦးအုန်းဖေ စာပေဆုစာမူများက သူ့အရင် အိမ်မှာရောက်နေသည်။ သတ်မှတ်ထားသော အစည်း အဝေးရက်အမီ တင်ပြရမည်မို့ ဦးစားပေး အပြီးဖတ်နေရသည်။

ဟောပြောပွဲ ဖိတ်ကြားသည်များကိုလည်း သွားရသေးသည်။ ဦးသိန်းလွင် လာပေးသော စာအုပ်ကြီးကို တော်တော်နှင့်မဖတ်နိုင်။

၉၊ ၂၊ ၂၀၁၁ နေ့ လပွတ္တာမှ ပြန်ရောက်သည်နှင့် စာအုပ်ကြီးကို စဖတ်သည်။ စဖတ်သည်နှင့် စိတ်ဝင်စားစရာကောင်းသည့် စာအုပ်ဖြစ်သည်။ အချစ်ဝတ္ထုမဟုတ်၍ အချစ်အကြောင်း လုံးဝမပါ။ စွန့်စားခန်းလည်းမဟုတ်။ လျှို့ဝှက်ဆန်းကျယ်ဇာတ်ရလည်း မဟုတ်။ စွန့်စားခန်းဝတ္ထုလည်းမဟုတ်။ သို့သော် စဖတ်သည်နှင့် လက်မှမချနိုင်။ ဆွဲဆောင်မှုကောင်းသည်က အံ့သြစရာ။

အားပြိုင်မှုဝတ္ထုဖြစ်သည်။ အမှန်နှင့်အမှား။ တရားနှင့် မတရား အားပြိုင်ကြသည်။ တကယ့်အဖြစ်ကိုက ဝတ္ထုဖြစ်နေသည်။ စိတ်ကူးယဉ် ဖန်တီးမှုများမပါ။ သို့သော် သိချင်စိတ်ကို ဖြစ်စေသည်။

လူတို့၏ ယေဘုယျသဘာဝမှာ အမှန်နှင့် အမှားတွင် အမှန်ဘက်က အသာရစေချင်သည်။ အနိုင်ရစေချင်သည်။ တရားနှင့်မတရားဆိုလျှင် တရားဘက်က သာစေချင်သည်။ နိုင်စေချင်သည်။

ဤဝတ္ထုသည် တရားမျှတမှုအတွက် တရားစီရင်မှုကို အခြေပြုသည်။ တရားရုံးမှာ အားပြိုင်သည်။ အံ့သြစရာ။ တရားရုံးမှာပင် မတရားကရှိနေသည်။ တရားစီရင်ရာမှာပင် မတရားက အားပြိုင်နေသည်။ စိတ်ထဲမှာ မခံချင်။ မကျေနပ်။ မှန်စေချင်သည်။ တရားစေချင်သည်။ အမှန်ဘက်၊ တရားဘက်က အားသာလျှင် အားတက်သည်။ အမှားနှင့် မတရားက အားသာလျှင် အားပျက်သည်။

စာရေးသူ၏ တင်ပြပုံကလည်း ရိုးရှင်းသည်။ အဆင်တန်ဆာ အလင်္ကာများနှင့် မွမ်းမံထားခြင်းမရှိ။ အနုပညာ၊ အတတ်ပညာတို့ ဖန်တီးနိုင်မှု

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည်တို့ဖြင့် ရေးသားခြင်းမဟုတ်။ မလိုအပ်သော အပိုဇာတ်ကောင် တစ်ယောက်မျှ မပါ။ မလိုအပ်သော အပိုဇာတ်ကွက်၊ ဇာတ်လက်တက် ဘာမျှပါဝင်ခြင်းမရှိ။ ပကတိ ရှိနေသောအဖြစ်ကိုသာ အခြေပြုရေးထားသည်။

ဇာတ်ကောင်တို့၏ စရိုက်ကိုလည်း ရည်ရွယ်ချက်ထား၍ ပေါ်လွင်အောင် ရေးဖွဲ့ခြင်းမရှိ။ အသားဖြူသလား၊ မဲသလား၊ အရပ်ရှည်သလား၊ ပုသလား၊ ရုပ်ချောသလား ဖော်ပြခြင်းမရှိ။ စာဖတ်သူက ကိုယ်ကြိုက်နှစ်သက်ရာ ဖန်တီးနိုင်သည်။ ဖန်တီး၍လည်း ရပါသည်။ ဇာတ်ကောင်တို့၏ ပြောပုံ၊ ပြုမူပုံတို့အရ အလိုလို ဖန်တီးနိုင်စွမ်းရကြသည်။

ဇာတ်လမ်းကိုက စိတ်ဝင်စားစရာကောင်းပြီးဖြစ်၍ အတတ်ပညာ၊ အနုပညာ၊ အလင်္ကာတို့ဖြင့် အားဖြည့်မထားသည်ကပင် ပို၍ နှစ်သက်စရာဖြစ်နေသည်။ ဖတ်သူက ကျော်လွှားဖတ်၍မရ။ ပေါ့လျှော့ဖတ်၍မရ။ ထိုသို့ ကျော်လွှားစရာ၊ ဖော့ဖတ်စရာလည်း မပါ။

ဤဝတ္ထုတွင် တရားရုံးမှာ သိစရာ၊ ရှေ့နေပညာ မှတ်သားစရာများလည်း ပါသည်။ စာရေးသူ ထားရှိသော စေတနာနှင့် ရည်ရွယ်ချက်ကလည်း ကောင်းသည်။

ဤစာအုပ်နှင့်ပတ်သက်၍ ဤမျှသာ ပြောပါရစေ။ စကားဦးမသမ်းလိုပါ။ များများရေးလျှင် စကားဦးသမ်းမိမှာစိုးပါသည်။

ဖတ်ကြည့်ပါ . . . ။ ဖတ်ကြည့်လျှင် သိပါလိမ့်မည်ဟုသာ ပြောပါရစေ။

လယ်တွင်းသား စောချစ်

www.burmeseclassic.com

www.burmeseclassic.com



## ဆရာ ဒေါက်တာခင်မောင်ညို ၏ အမှာစာ

**Law**

**တရားမျှတ လွတ်လပ်ခြင်းနဲ့မသေ့**

**ဒေါက်တာခင်မောင်ညို**

ကျွန်တော်ဟာ ရှေ့နေမျှား၊ တရားဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မရင်းနှီးသလို တရားဥပဒေဆိုင်ရာ ပြဿနာများနှင့်လည်း မရင်းနှီးပါ။ (ပြဿနာ မဖြစ်အောင်လည်း ရှောင်ပါသည်။)

သို့သော် ကျွန်တော်ချစ်ခင်သော ဆရာဦးသိန်းလွင် က စာတ်ရှုစာ အမှာရေးပေးပါဟူသောကြောင့် ဒီစာအုပ်ကို ဖတ်ရှုမိပါတယ်။ ဒီအတွက် အမှာ ရေးပေးချင်စိတ် အထူးတလည် ပေါ်ပေါက်လာပါတယ်။ ဒါကြောင့် ကျွန်တော်ရေးချင်တဲ့ အချက်အချို့ကို ရေးသားခဲ့ပါတယ်။ သည်းခံဖတ်ရှုဖို့ မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ လူ့ဘောင်ကြီးမှာနေထိုင်ကြတဲ့ လူသားတိုင်းဟာ တရားမျှတတာကို လိုလားကြတယ်။ No one is above the law တဲ့။ ဘယ်သူမှ ဥပဒေအပေါ်ကမရှိရဘူးတဲ့။ ဥပဒေအပေါ်ကိုတော့ရောက်အောင် နည်းမျိုးစုံနဲ့ ကြိုးစားနေတာတွေ့ရမယ်။ အနှစ်တစ်ရာမနေရပေမဲ့ အမှုတစ်ရာတော့ပွေ့ရသတဲ့။ လူ့ဘဝမှာ အမှုပေါင်းများစွာကို တွေ့ဖူးပါတယ်။ မိမိကိုယ်တိုင်ပါဝင် မပတ်သတ်ပေမဲ့ တစ်ခါတစ်ခါတော့ မြင်ရကြားရ ပါဝင်ပတ်သက်ရတာတွေရှိတယ်။

မဟုတ်မခံစိတ်ကြောင့်လား။ ဒီသဘောမျိုးပြောတာမဟုတ်ပါဘူး။ လောကမှာ မဟုတ်တာကို လုပ်ချင်သူတွေအများကြီးပါ။ ဗုဒ္ဓဟောထားပါတယ်။ စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်သတဲ့။ ဒီတော့ လူနဲ့မကောင်းမှုဟာ မကြာခဏ ဆက်တွဲကြတယ်။

သူကြီးအိမ်က ခေါင်ရေအိုးလိုပါပဲ။ သူကြီးက လူတစ်ယောက် ခေါင်ရည်တစ်အိုး ယူလာပြီး သူရဲ့အိမ်က အစည်းအဝေးကျင်းပရာကိုလာဖို့ ဖိတ်တယ်။ ခေါင်ရေတွေကို သူကြီးရဲ့အိမ်မှာရှိတဲ့ အိုးကြီးထဲကို သွန်ထည့်ရမယ်။ ပြီးတော့မှ ပျော်ပျော်ပါးပါး စားသောက်ကြမယ်ပေါ့။ ရွာသားတွေဟာ သူတို့အိုးတွေကို သူကြီးရဲ့အိုးကြီးထဲထည့်တယ်။ အစည်းအဝေးပြီးတော့ သောက်တာပေါ့။ ဘာဖြစ်လဲ။ ခေါင်ရေမဟုတ်ဘူး ရေတွေဖြစ်နေသတဲ့။ ဘာကြောင့်လဲ။ လူတိုင်းဟာ ငါ့တစ်အိုးလောက်နဲ့ ဘာမှမဖြစ်နိုင်ဘူးထင်လို့ပဲတဲ့။ ဒါနဲ့ သူတို့ရေတစ်အိုးစီပဲ ယူခဲ့ကြလို့ပါ။ လူတိုင်း ရေတစ်အိုးစီ ယူလာခဲ့တော့ ဘယ်ခေါင်ရေ

www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာလဲ။ လူမှုရေးဆိုတာ ဒါပါပဲ။ တစ်ယောက်ကစတစ်ရာ မဖြစ်အောင် ဥပဒေက ထိန်းရပါတယ်။ မကောင်းတာ၊ မတရားတာတွေမလုပ်ဖို့ မေတ္တာထားဖို့ . . .။ ဒီအတွက် ဘာသာရေးနဲ့ ယဉ်ကျေးလိမ္မာအောင်ထိန်းရပါတယ်။ ဒါပေမဲ့ မယဉ်ကျေး မလိမ္မာရင်ကော၊ ဒီအတိုင်း လွှတ်ထားလို့မရပါ။ လူ့ဘောင် လူမှုအသိုင်းအဝိုင်းကို ဖျက်လိုဖျက်ဆီးလုပ်သူ၊ ပျက်စီးအောင် လုပ်နေသူများကို တားဆီးရမှာဖြစ်တယ်။ ဥပဒေဆိုတာ ဒီနေရာမှာ အရေးပါလာတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်ဟာ လူ့ဘောင် လောကသာယာရေးပါ။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုပြီး အာဏာကြီး သုံးရပ်ဟာ ကျွန်တော်တို့ တိုးတက်ရာတိုးတက်ကြောင်းကို ထိန်းပေးနေတဲ့ အာဏာပိုင် အဖွဲ့အစည်းတွေပါ။ ဥပဒေကို လက်တစ်လုံးခြားလုပ်မယ်။ ဒါမှမဟုတ် ဥပဒေကို မျက်ကွယ်ပြုမယ်ဆိုရင် " တရားမျှတလွတ်လပ်ခြင်း " ဆိုတာ ဆုံးရှုံးမည်သာဖြစ်တယ်။ ဥပဒေက တရားမျှတအောင် သက်သေပြရတဲ့အတွက် အင်မတန်လက်ဝင်တဲ့အလုပ် ဖြစ်တယ်။ အများစုက စိတ်မရှည်ကြပါ။ (ရှေ့နေသည် လျှာရှည်ရသလို စိတ်လည်း ရှည်ရပါတယ်။) အချို့ကဆိုတယ်။ ဆင်ကောင်ကြီးတွေ့နေမှတော့ ဆင်ခြေရာ ရှာနေရ သေးလားတဲ့။ တရားဥပဒေက အများနည်းစေဖို့ ဆင်ခြေရာ ရှာရတာတွေရှိတယ်။ ဥပဒေရေးရာဟာ လူမှုရေးပါ။ လူမှုရေးသိပ္ပံဖြစ်တာကြောင့် သူ့ကိုသက်သေပြဖို့ ခက်တယ်။ အထူးသဖြင့် လူတွေပေါ့လေ။ ခြေနှစ်ချောင်းနဲ့ နားရွက်တိုများကို ယုံစားရခက်တယ်။ ဒီလိုလူတွေကို ထိန်းသိမ်းရခက်တယ်။ တရားဥပဒေကို မလျော့မတင်းရှိရပါတယ်။ ဒါဆိုရင် ဒီစာအုပ် " တရားခွင်ကတိုက်ပွဲများ " ဆိုတာ အလျော့အတင်းတွေပါရဲ့လား။ တရားမျှတမှုကို ဦးစားပေးလား။ ဘာတွေမှားတတ်လဲ။ ဘာတွေကို လျော့သလဲ ဘာတွေကတင်းသလဲ။ ပညာပေးထားတာ အများကြီးပါပဲ။

× × × × ×

ကျွန်တော်ဟာ တရားဥပဒေကို လေးစားသူပါ။ ကျွန်တော့်အဖိုးက တကယ်လည်း အသက်တစ်ရာကျော်နေသွားပြီး အမှုတစ်ရာ တွေ့သွားသူပါ။ သူဟာ ငယ်ငယ်က မှားယွင်းပြီး (လူသတ်မှုနှင့်) ထောင်ကျဖူးသူဖြစ်တယ်။ နောက်မှ တရားခံ အစစ်ကိုဖမ်းမိပြီး တရားသေလွှတ်ခဲ့ပါတယ်။ ထောင်ကအတွေ့အကြုံဟာ အဖိုးကို ချမ်းသာစေခဲ့ပါတယ်။ နောက် အဖိုးဟာ သူကြီးဖြစ်လာတယ်။ တိုက်နယ်သူကြီး ဖြစ်တာကြောင့် တစ်ခါတစ်ရံ တရားစီရင်ရတာကြောင့် အမှုပေါင်းများစွာ တွေ့ကြုံရ ပါတယ်။ ကျွန်တော်သိတတ်တဲ့အခါ အဖိုးဟာ တစ်ခါတစ်ခါ ရုံးသွားရပါတယ်။ အဖိုးမှာ ခြံမြေအမှု၊ လယ်မြေအမှုတွေ အများကြီးရှိတယ်။ ဒါနဲ့ အဖိုးကို မေးကြည့်ပါတယ် " အဖိုးရယ်၊ ဘာဖြစ်လို့ အမှုတွေကိုလုပ်နေရတာလဲ " ဆိုတော့ အဖိုးက " ငါ့ရှေ့နေတို့ သနားလို့ကွာ၊ ငါအမှုမရှိရင် ဒီကောင်ဘာနဲ့စားမလဲ " လို့ ဖြေတတ်ပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာမေးမှ အဖိုးကဖြေတယ်။ " ဒါသိက္ခာကွ၊ ငါတို့ဟာ သိက္ခာရှိစွာနဲ့ နေသွားတာကို လူတွေသိစေချင်လို့ တရားစွဲတာပေါ့ " လို့ အဖိုးပြောပါတယ်။ ကျွန်တော်တို့မှာ အဖိုးလို သတ္တိမရှိပါ။

တရားခွင်ကတိုက်ပွဲစာအုပ်မှာ အရေးကြီးတဲ့သင်ခန်းစာများစွာပါတယ်။ ရှေ့နေတွေကို လူမှုရေးအတွက် ဆရာဝန်တွေနဲ့ နှိုင်းပြောသွားတယ်။ ဆရာဝန်များက အသက်ကယ်ကြသလို အနောက်တိုင်းမှာ ရှေ့နေများဟာလည်း သိက္ခာကိုဆည်ပေးသူများအဖြစ် တလေးတစား အလေးထားကြတယ်။ (ဆရာဝန်များ၊ စာအုပ်ထဲက ရှေ့နေလို စိတ်ရှည်ကြရင်ကောင်းမှာပါပဲ) ရှေ့နေများဟာ နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ မရှိမဖြစ်လိုအပ်သူတွေပါ။ ဥပဒေဆိုတာ လူမှုရေးကိစ္စများစွာပါတယ်။ ဒီစာအုပ်ထဲမှာ စာချုပ်စာရွက်စာတမ်းအတုလုပ်သူ မသမာတာကို အရေးယူခြင်းမရှိပါ။ အသေးအမွှားလား။ ဥပမာ ဈေးမှာအလေးခိုးတယ်ဆိုပါတော့။ သမာဓိချိန်ခွင်မှာ သွားချိန်ပါ။ လျော့နေရင်ပြန်ပြောပါ။ ဆိုင်ရှင်က သာသာထိုးထိုးထပ်ထည့်ပေးပါတယ်။ ကဲ ပြန်ချိန်ကြည့်လိုက် ပြည့်နေပြီ။ တကယ်တော့ အလေးခိုးတာ ဥပဒေအရ အပြစ်ပါ။ အလေးခိုးတာလောက်တော့ အပြစ်မပေးသင့်ဘူး ယူဆပါသလား။ ဒါကို လျစ်လျူရှုတာသင့်ရဲ့လား။ သင့်တော်တဲ့ အပြစ်ပေးမှုတော့ ပြဋ္ဌာန်းဖို့လိုတယ်။ အလေးခိုးသူဟာ နောက်တစ်ယောက်လာဝယ်တဲ့အခါမှာလည်း ထပ်ခိုးမှာပဲ။ နေ့စဉ် သူအကြိမ်ကြိမ်ခိုးယူဖို့ အခွင့်ပေးထားတယ်။ အပြစ်မပေးပါဘူး။ ဥပဒေက မည်သို့ပင်ဆိုစေကာမူ ဟူ၍ ဥပဒေကို သိက္ခာကင်းမဲ့အောင်လုပ်ဖို့မသင့်တော်ပါ။ ကျွန်တော်ထင်တယ်။ ဒီစာအုပ်ကိုဖတ်ပြီး သင့်အနေနဲ့ ဆွေးနွေးစရာများစွာကို ပြင်တွေ့လာမှာပါ။ ဒီအတွက် အတွေးလေးတွေကိုဖြန့်ထွက်တွေးပါ။ အတွေးတွေကို ဖြန့်ဝေပါ။

နိုင်ငံတော် သီချင်းကိုနားထောင်ပါ။

" တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ . . များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည် . . "

အားလုံးကို လေးစားရပါတယ်။ တရားဥပဒေကို လေးစားရပါတယ်။ အမှာစာရေးခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာရှိသလို အမှာစာကို ဖတ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

ဒေါက်တာခင်မောင်ညို (၂၀၁၁၊ ဇန်နဝါရီလ ၃၁ ရက်)

www.burmeseclassic.com

www.burmeseclassic.com



## ဆရာချစ်နိုင် (စိတ်ပညာ) ၏ အမှာစာ

ရုံးတို့၊ ဂတ်တို့ဆိုသည်မှာ မိမိတို့သာမန်လူများအတွက် အထူးသဖြင့် မလယ်မဝယ် ကျွန်တော်တို့လို တောသူတောင်သားတို့အတွက် ဝေးဝေးနေရမည့် အရာဟု မိဘများက ဆုံးမသွန်သင်ထားခဲ့ပါသည်။ ရုံးဆိုသည်မှာ ရာဇဝတ်တရားရုံး၊ တရားမတရားရုံး၊ တရားသူကြီးတို့ ရုံးထိုင်ရာ ဥပဒေတရားရုံးများကို ဆိုလိုပါသည်။ ဂတ်ဆိုသည်မှာ လုံခြုံရေးရဲကင်း၊ ရဲစခန်း၊ ရဲဌာနများကို ဆိုလိုပါသည်။ ရဲဌာနထဲမှာ သူခိုး၊ ဓါးပြ၊ လူဆိုးတရားခံတို့ကို ထည့်ထားသော အချုပ်ခန်းရှိပါသည်။

ရုံးတို့၊ ဂတ်တို့နှင့် ကင်းရှင်းအောင်နေရမည်ဟု ငယ်စဉ်ကပင် မှတ်ယူခဲ့ပါသည်။ မိမိဘဝနှင့်ယှဉ်၍ တင်ပြပါရစေ။

အသက်အရွယ် သုံးဆယ်ကျော်လာတော့ ဥပဒေပညာကို စိတ်ဝင်စားမိပါသည်။ တပ်မတော်သားအဖြစ် စစ်မှုထမ်းခြင်းက တိုင်းပြည်နှင့်လူမျိုးကို လူငယ်ဘဝ အသက် ၂၀ ကျော်မှ ၄၀ ကျော်အထိ၊ သန်မာကြံ့ခိုင်မှုရှိတုန်းမှာ အသက်စွန့် ကာကွယ်ပေးချင်သဖြင့် လုပ်ခြင်းဖြစ်သည်။ လူငယ်မှန်သမျှ မိမိတို့နိုင်ငံ နယ်မြေက ကျယ်ဝန်းပြီး၊ လူဦးရေကျဲပါး နည်းပါးသဖြင့် စစ်အတတ်ပညာ တတ်ထားကြပြီး စစ်မှုထမ်းခြင်းကို သမိုင်းပေးတာဝန်အဖြစ် ထမ်းဆောင်သင့်သည်ဟု မိမိခံယူသည်။ ထို့ကြောင့် တပ်မတော် (ကြည်း) တွင် ၂၆ နှစ်ကျော် စစ်မှုထမ်းခဲ့ခြင်းဖြစ်ပါသည်။ ဘာရာထူးမှလည်းမမက်ခဲ့။ ဘာအခွင့်အရေးမှလည်းမယူခဲ့။ လူငယ်ဘဝတွင် စစ်မြေပြင်မှာ အသက်ပေး၍ တိုင်းပြည်အေးချမ်းသာယာအောင် ကာကွယ်မည်။ အသက် ၄၀ ကျော်လျှင် တပ်မတော်မှထွက်ပြီး မိမိအတွက်သင့်လျော်ရာ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းလုပ်မည်ဟု ကြံရွယ်သည်။ စာရေးဆရာ၊ ကျောင်းဆရာ၊ ရှေ့နေ၊ မိမိဝါသနာနှင့်နီးစပ်သောအလုပ်မျိုးကို စဉ်းစားပါသည်။

ဥပဒေဘာသာရပ်များကို မိမိဖာသာ ရှာဖွေလေ့လာနေရင်းမှ စနစ်တကျ သင်တန်းတက်ဖို့ အခွင့်အလမ်းရလာသည်။ မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ နေခဲ့ရစဉ်က မိမိတို့အဆောင်မှူး ဆရာ ဦးအုန်းဖေ (ထိုစဉ်က လက်ထောက်ကထိက) သည် အထက်တန်းရှေ့နေသင်တန်း အပိုင်း (က) နှင့် (ခ) တို့ကို သင်ပေးနေကြောင်း သိရသည်။ မိမိနှင့်ဇနီး ဆရာ့ဆီသွားတက်ကြသည်။ မိမိကတပည့်ရင်းမို့ ကျောင်းလခ သင်တန်းခမယူပါ။ ဇနီးအတွက်သာပေးရသည်။ အစိုးရစစ်ရှေ့နေသင်တန်း (H.G.P) စာမေးပွဲ ၁၉၈၀ ပြည့်နှစ်မှာဖြေတော့ မိမိသည် အပိုင်း (က) ရော (ခ) ပါ အောင်ခဲ့သည်။ ဂုဏ်ထူးတော့မပါ။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းရှေ့နေအောင်ပြီး ရှေ့နေလုပ်၍မရသေး။ ချိန်ဘာတစ်နှစ်ဆင်းရသေးသည်။ မြို့နယ်တရားရုံးမှာ ရှေ့နေတစ်ဦးဦး၏ လက်ထောက်အဖြစ်လက်တွေ့ကွင်းဆင်းထိတွေ့ခြင်း၊ တရားရုံးအတွေ့အကြုံတစ်နှစ်ရှိရသည်။ ရုံးတက်ကြောင်း မှတ်ပုံတင်ရသည်။ ရုံးတံဆိပ်ထုထားရသည်။ မင်္ဂလာဒုံမြို့နယ်တရားရုံးမှာတစ်နှစ်ခွဲလောက် လက်တွေ့လေ့လာခဲ့ရပါသည်။ (အမှုအရေးအတွက်၊ ရုံးတက်အရေအတွက် သတ်မှတ်ချက်ပြည့်မှ တရားဝင်ရှေ့နေမှတ်ပုံတင်လျှောက်ထားနိုင်ပါသည်။) ဗဟိုတရားရုံးမှာ မှတ်ပုံတင်ရသည်။ စစ်မှုထမ်းဆဲဖြစ်၍ လက်မှတ်တော့ထုတ်မပေးသေး။

ဥပဒေပညာဖြင့် အသက်မွေးနိုင်အောင် စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးခဲ့သောအကျိုးကား တပ်မတော်စစ်ခုံရုံးများ၌ အကြောင်းအကျိုးဆီလျော်စွာဆုံးဖြတ်နိုင်စေခဲ့ပါသည်။ ဒုတိယဗိုလ်မှူးကြီးကဲ့သို့သော စစ်ဦးစီးမှူး (ပထမတန်း)အရာရှိကြီးများသည် အခါအားလျော်စွာ စစ်ခုံရုံးဥက္ကဋ္ဌတာဝန်မျိုးကိုလည်း ထမ်းဆောင်ရပါသည်။

နယ်ဘက်မှာ ဌာနဆိုင်ရာအကြီးအကဲအဖြစ် ဝန်ထမ်းသုံးထောင်ကျော်ရှိသည့် ဦးစီးဌာနကြီးတစ်ခုကို အုပ်ချုပ်ကွပ်ကဲရသောအခါတွင်လည်း မိမိရရှိခဲ့သောဥပဒေအသိပညာသည် ဥပဒေနှင့်အညီ အုပ်ချုပ်တတ်အောင် များစွာအထောက်အကူရခဲ့ပါချေသည်။ တရားမျှတစွာ စီမံနိုင်ပေသည်။

ဥပဒေသည် လေနှင့်တူသည်။ မရှိမဖြစ်။

တရားဥပဒေသည် ရေနှင့်လည်းတူသည်။

ဥပဒေကိုမသိလို့ပါဟု ဆင်ခြင်ပေးခွင့်မရှိ၊ ကင်းလွတ်ခွင့်မရှိ၊ သိကိုသိအောင်လုပ်ဆောင်ရမည်မှာ ကျွန်တော်တို့အားလုံး၏ တာဝန်ဖြစ်ပါသည်။ ဥပဒေနေ့ရာ စာပေတို့ကို မိမိစိတ်ဝင်စားပါသည်။ ဥပဒေအသစ်ထွက်တိုင်း လေ့လာသည်။

အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာအုပ်ပေါင်းများစွာ ရေးသားပုံနှိပ်ထုတ်ဝေနေသော ဆရာဦးသိန်းလွင်က စာအုပ်တစ်အုပ်တွင် အမှာစာရေးပေးပါဟု မေတ္တာရပ်ခံလာပါသည်။ ဆရာ ဦးသိန်းလွင်၏ စာအုပ်များတွင် ကျွန်တော်တို့ပါမောက္ခဆရာကြီး ဒေါက်တာကျော်စိန် ရေးပေးလေ့ရှိပါသည်။ ဆရာကြီးကစာပေဖတ်ရှုမှုများစွာ ကျယ်ဝန်းလှသဖြင့် အမှာစာတွေ ကောင်းစွာရေးနိုင်ပါသည်။

ဆရာ ဦးသိန်းလွင်က အမှာစာရေးပေးစေလိုသော စာအုပ်မှာ ဖြစ်ရပ်မှန်အမှုတစ်မှု၏ ဝတ္ထုဆန်သော မှတ်တမ်းဖြစ်နေပါသည်။ ပယ်ရီမေဆင် အမှုမျိုးပေလောတော့ မပြောတတ်ပါ။ ရှေ့နေကြီး ပယ်ရီမေဆင် က စုံထောက်ဆန်ဆန် ဖော်ထုတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



များကို စုံထောက် ရှားလော့ဟုမ်းကဲ့သို့ စာအုပ်အတွဲပေါင်းများစွာ အနောက်နိုင်ငံမှာ ကျော်ကြားခဲ့ပါသည်။ ဆရာမောင်ဝံသ ဘာသာပြန်ခဲ့ဖူးပါသည်။

တကယ့်ဖြစ်ရပ်မှန်က ဖန်တီးစိတ်ကူးယဉ်သော ဇာတ်လမ်းဇာတ်ကွက်ထက် အံ့ဩစရာကောင်းပါသေးသည်။

မှုခင်းစုံထောက်ဆန်သည်။

ဖတ်ရင်းဖတ်ရင်းနှင့် အမှုတွဲတစ်ခုလုံး ပြီးဆုံးသည်အထိ ဖတ်ချင်အောင် ဝတ္ထုကောင်းတစ်ပုဒ်လိုပင် ဆွဲဆောင်သွားပါသည်။ ထူးခြားလှသော အမှုတစ်မှုဟု စာတင်လောက်ပေသည်။ စီရင်ထုံးအဖြစ် ပေါ်ထွက်ကောင်း ပေါ်ထွက်နိုင်လေသည်။ သင်ခန်းစာယူစရာလည်းပါသည်။

အတုပြုလုပ်သူ၊ မသမာမှုလုပ်သူတို့သည် နောက်ဆုံးတွင် ရှုံးနိမ့်ရသည်ဟူသော နိယာမကို တရားဥပဒေက ပြဆိုသည်။ ဂလဲ့စားချေခြင်း၊ အမုန်းအညှိုးထားခြင်းတို့မရှိဘဲ ခွင့်လွှတ်သည်းခံခြင်းဖြင့် နိဂုံးချုပ်ခြင်းကလည်း လှပသည်။ ဖတ်လို့ကောင်းသည့် စာအုပ်ကောင်းတစ်အုပ်။

စာရေးသူကို ကျွန်တော်မသိပါ။

စာရေးသူနှင့်မိမိ မတွေ့ဖူးကြပါ။

စာအုပ်ကိုယူလာပြီး ဖတ်ကြည့်သောအခါ မိမိစိတ်ပါဝင်စားစွာ အမှာရေးသင့်သောစာအုပ်ဟု တွေ့မြင်မိပါသည်။ ကျွန်တော့်ခံစားရချက်ကို ထုတ်ဖော်ရလျှင် “ ဖတ်ရှုသင့်သော အကျိုးရှိသည့်စာအုပ်ကောင်းတစ်အုပ် ” ဟု ထောက်ခံချင်ပါသည်။ ဖတ်ချင်စဖွယ် ဆွဲဆောင်နိုင်သော ရသအနုပညာလည်းပါ၏။ ဤဖြစ်ရပ်ကို သိရသဖြင့် လူ့သဘော လူ့သဘာဝနှင့် တရားရုံးမှာ တွေ့ကြုံရပုံတို့ကိုလည်း ဗဟုသုတရစေနိုင်ပါ၏။

စာအုပ်တစ်အုပ်သည် စာဖတ်သူကို ရသဖြစ်စေ၊ သုတဖြစ်စေ၊ တစ်စုံတစ်ရာ အကျိုးပြုလျှင် ဖတ်ရကျိုးနပ်သည်ဟု ဆိုရပေမည်။ ခံစားမှုတစ်စုံတစ်ခုလည်း ပေးနိုင်သည်။ အကျိုးရှိသော အသိပညာ သုတကိုလည်း ရစေသည်ဆိုပါက အထူးဆိုဖွယ်ရာမရှိပြီ။ မည်သူပဲရေးရေး စာအုပ်ကောင်းဟု ဆိုရပေလိမ့်မည်။

ချစ်နိုင် (စိတ်ပညာ)
၁၁-၆-၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com



## ဆရာကောင်းသန့် ၏ အမှာစာ

### ဆရာဦးကိုနီ၏ တရားခွင်မှ တိုက်ပွဲများ

ဆရာဦးသိန်းလွင်က ဖတ်ကြည့်ပြီးမှ အမှာစာရေးပေးပါဟု ဆိုလာသဖြင့် ကျွန်တော် ဖတ်ကြည့်မိသည်။

စိတ်ဝင်စားစရာဖြစ်မည်မထင်သဖြင့် ချက်ချင်းကောက်မကိုင်ဖြစ်။ အမှုတွေအကြောင်း ပျင်းစရာကောင်းမည်ဟု ထင်ခဲ့မိသည်။

တကယ်တမ်းဖတ်မိသောအခါ ရပ်နားချိန်တောင်မရ။ အစအဆုံး တစ်ထိုင်တည်း ဖတ်မိသွားသည်။

ဖတ်ပြီးသောအခါ အတွေးတွေ အသိတွေရလာ၏။

တစ်ခါတစ်ရံ ကံကြမ္မာသည် ဆန်းကြယ်၏။ အရာအားလုံးကို စနစ်တကျ အကွက်ကျကျ စီစဉ်ထားပြီးဖြစ်နေသည်။ အပိုအလိုမရှိ ကွက်တိ။ လူတွေက မသိကြ၍သာ။ ကံဆိုတာ အလုပ်။ လူလုပ်ရင် ဘာမဆိုဖြစ်တယ်။ ကံဆိုတာ လူက ဖန်တီးတာဟု ပြောဆိုနေကြ၏။

သူတို့အယူအဆနှင့် သူတို့ ယုံကြည်ကြပါစေ။ မှားသည်ဟု ကျွန်တော် မပြောလို။ သို့သော် မိမိအားထုတ်မှုမပါဘဲ ကံကြမ္မာတစ်ချက်အစောင်းတွင် ခြောင်းထဲ ရောက်သွားတာမျိုး၊ ကံကြမ္မာတစ်ချက်အပြောင်းတွင် ကောင်းစားသွားတာမျိုး မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရလျှင် ကျွန်တော်ပြောတာ ယုံချင်ချင် ဖြစ်သွားလိမ့်မည်။

ဆရာဦးကိုနီ၏ အမှုတွင် ကံကြမ္မာဆိုသော အတွေးကိုရသော်လည်း အမှန်တရားကို မြတ်နိုးပြီး အမှန်တရားအတွက် မဆုတ်မနစ် တိုက်ပွဲဝင်ရဲလျှင် နောက်ဆုံး အမှန်တရားကသာ အောင်ပွဲခံနိုင်ကြောင်း သင်ခန်းစာကိုရခဲ့၏။

အမေ့ကို ဓမ္မကအနိုင်ယူနိုင်ကြောင်း သူ့စာအုပ်တွင် အထင်အရှား တွေ့ရသည်။

ဆိုရိုးစကားတစ်ခုရှိသည်။ ဘုရားသခင်သည် အမှန်တရားကို သိတော်မူသည်။ သို့သော်လည်း စောင့်ဆိုင်းတော်မူတတ်၏။

အမှန်တရားကို ဘုရားသိပါသည်။

စောင့်ဆိုင်းတော်မူနေချိန်တွင် စိတ်ရှည်သည်းခံနိုင်ဖို့ပဲ လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် အောင်ပွဲသည် အမှန်တရားအတွက် တိုက်ပွဲဝင်ရသူတို့ အတွက်သာဖြစ်ကြောင်း ဤစာအုပ်က သက်သေခံလိမ့်မည်။

သူ့စာအုပ်ထဲတွင် ထိုခေတ်ထိုအခါက လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်ကို အားကျဖွယ် တွေ့ရ၏။

ပညာရှင်ဖြစ်သော်လည်း အရေးကြီးသက်သေအနေဖြင့် မမှန်မကန် ထွက်ဆိုခဲ့လျှင် ရှေ့နေတို့၏ ချော့၊ ခြောက်၊ မြှော၊ နင်း စကားစစ်ခင်းပွဲတွင် လက်ကားယား၊ ခြေကားယားနှင့် အယောင်ယောင် အမှားမှားဖြစ်တတ်ကြောင်း တွေ့ရ၏။

ပညာရှင်သည် ပညာရှင်ပီပီ အမှန်တရားဘက်က မှန်မှန်ကန်ကန် ဆုံးဖြတ် ရပ်တည်သင့်ကြောင်း ဦးကိုနီ၏ စာအုပ်ဖတ်ပြီး ကျွန်တော် သင်ခန်းစာရခဲ့၏။

ဖတ်ပြီး သင်ခန်းစာရယူနိုင်သော တရားရေးဆိုင်ရာ စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း ကျွန်တော် ညွှန်းဆိုချင်ပါသည်။

ချစ်ခင်လျက်
ကောင်းသန့်
၂၅၊၁၁၊၁၀

www.burmeseclassic.com

www.burmeseclassic.com



## ဆရာ နွမ်ဂျာသိုင်း၏ အမှာစာ

**ဤစာအုပ်နှင့်ပတ်သက်၍ . . .**
**နွမ်ဂျာသိုင်း**

ဤစာအုပ်၏ အမည်သည် 'တရားခွင်မှတိုက်ပွဲများ' ဖြစ်မည်ဟု ထင်ပါသည်။

ဤစာအုပ်ကို ရေးသူသည် 'တရားရုံးချုပ်ရှေ့နေကြီး ဦးကိုနီ '။ ကလောင်အမည် မောင်ကိုနီ (သို့မဟုတ်) မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ) ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့် ဤသို့မရေမရာ ရေးရပါသနည်း။

ဤစာအုပ်ကိုရေးသူ 'ဦးကိုနီ' သည် ဆရာဦးသိန်းလွင် နှင့်အတူ ကျွန်တော့်အား ဤစာအုပ်အတွက် ကွန်ပျူတာစာစီစာမူကြီး (စာမျက်နှာ-၂၄၈ မျက်နှာ A4 ဆိုဒ်နှင့် ဖြစ်ပါသည်။) ပေးဖတ်စဉ်က စာမူကို သေချာမဖတ်လိုက်မိ။

သို့အတွက် စာအုပ်ခေါင်းစဉ်နှင့် ကလောင်အမည်ကိုလည်း မမေးလိုက်မိ။ အိမ်ရောက်တော့ သေချာရှာကြည့်တော့လည်း ကလောင်အမည်နှင့် စာအုပ်အမည်ကို ထင်ထင်ရှားရှား ဖော်ပြထားသော အဖုံးစာမျက်နှာ၊ အတွင်းရေခံစာမျက်နှာတို့လည်း မပါ။

ကျွန်တော့်ဖာသာ စာအုပ်အမည်နှင့် ကလောင်အမည်ကို မှန်းဆ ဖော်ပြလိုက်ရခြင်းသာ ဖြစ်၏။

* * *

ဤစာမူကြီးကို လက်ထဲတွင် ၁၀ ရက်၊ ၁၅ ရက်ခန့် မေ့မေ့လျော့လျော့ ပစ်ထားမိပြီးမှ၊ ဦးသိန်းလွင် က ဖုန်းဆက်ပြီး သတိပေးသဖြင့် ကမန်းကတန်း ကောက်ဖတ်မိပါသည်။

မှန်တာပြောရလျှင် ၂၅-၂-၂၀၁၁ ရက်နေ့၊ နေ့လည် ၂ နာရီလောက်မှ ကောက်ကိုင်ဖတ်ခြင်းဖြစ်သော်လည်း စာမူ၏ က, ခ, ဂ, ဃ (၄) မျက်နှာ စာရေးသူ၏ အမှာနှင့် စာမျက်နှာ (၁) မှ (၂၀၄) 'ဤတွင် ဒေါ်ခင်မြိုင်၏အမှုအကြောင်း ရေးသား၍ ပြီးဆုံးပါပြီ' အထိ စာမျက်နှာ ၂၀၈ မျက်နှာခန့်ကို လက်ကချ၍မရဘဲ တောက်လျှောက် ဖတ်ပါသည်။ ည ၇ နာရီထိုးခါနီးလောက်မှာ ပြီးပါသည်။

ဘာစာအုပ်မှန်းမသိသော်လည်း ကျွန်တော်ကြိုက်ပါသည်။ စာမူက မပြီးသေးပါ။ စာမျက်နှာ ၂၀၅ မှစ၍ 'နောက်ဆက်တွဲဖြစ်ရပ်များ' ဆိုသော ခေါင်းစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စာမျက်နှာ ၂၄၄ အထိ 'မည်သူ၏ထင်မြင်ချက်' ၊ 'ဘယ်သူ၏ဆန္ဒ' စသဖြင့် ခေါင်းစဉ်ငယ်လေးတွေပေးပြီး ရှေ့ကရေးပြီးသား အကြောင်းအရာများကို ပြန်စမြုံ့ပြန်ပါသည်။ မလိုအပ်ဘဲ ဆွေးနွေးသည်။ မလိုအပ်ဘဲ ပညာတွေပေးသည်။ ကျွန်တော်ဖတ်လည်း သေချာမဖတ်တော့။ ကြိုက်လဲမကြိုက်တော့။

'ပြီးပါပြီ' ရောက်တော့ ကျွန်တော်အတော်ဒေါသထွက်နေပြီဖြစ်၏။

ဤစာအုပ်ကို ဘာစာအုပ်ဟု ကျွန်တော် အမည်မတတ် တတ်တော့။

* * *

ဝတ္ထုလားဆိုတော့ ဝတ္ထုလည်းမဟုတ်။

ဆောင်းပါးလား ဆိုတော့လည်း စာရေးသူ 'မောင်ကိုနီ' က အထဲမှာ မင်းသားဝင်လုပ်ပြီး ကိုယ်ရည်နည်းနည်းသွေးကာ၊ ဆရာဦးသိန်းလွင်၊ မောင်ထက်ဝင်း စသောဇာတ်ကောင်များနှင့်အတူ ဝတ္ထုဆန်ဆန်တွေလည်း တွေ့နေရသည်။

ဒါဖြင့် အမှုအကြောင်း၊ 'ဒေါ်ခင်မြိုင်၏ အမှုအကြောင်း' သမိုင်းတင်လိုခြင်း အလို့ငှာ (စာရေးသူ၏အမှာထဲမှအဆိုကို ကိုးကားပါသည်။) သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ မှတ်တမ်းပြုစုထားခြင်းလား။

ဒါမှမဟုတ် (စာရေးသူ၏အမှာအဆုံးမှ ကိုယ်ပိုင်ရည်ရွယ်ချက်အရ) ဥပဒေ စာသင်သားများ၊ ဝါသနာရှင်များနှင့် တက်သစ်စရှေ့နေများအား ရှေ့နေပညာဆိုသည့် ပညာရပ်နှင့် မိတ်ဆက်ပေးထားသည့် ဘာသာရပ်ဆိုင်ရာ နိဒါန်းအဖွင့်စာအုပ်များလား။

ကျွန်တော်တကယ်မသိ။

* * *

ဘာစာအုပ်မှန်းမသိတာက မသိတာတခြား။ A4 ဆိုဒ်ဖြင့် စာမျက်နှာ ၂၀၈ မျက်နှာလုံးလုံး လက်ကမချနိုင်အောင် ဖတ်ကောင်းတာတော့ ဖတ်ကောင်းတာတခြားဖြစ်၏။

ဘာကောင်းတာလဲ။

ပြန်စဉ်းစားကြည့်တော့ အမှုကလဲ ဘာမှစိတ်ဝင်စားစရာကောင်းသောအမှုမဟုတ်။ ရှေ့နေကြီး ပယ်ရီမေဆင် နှင့် သူ့အမှုတွေအကြောင်း (ဝတ္ထု) တွေကျွန်တော်အများကြီး ဖတ်ဖူးသည်။ ကြိုက်သည်။

အမှုတွေက အရမ်းစိတ်ဝင်စားဖို့ ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု သည်စာအုပ်ထဲကအမှုက ၁၉၅၇၊ ၅၈ ခုနှစ်က ငွေ ၁၀၀၀ဝိ/- တန် အိမ်တစ်လုံးကို ၃၀၀ဝိ/- နှင့် အပေါင်ခံထားခဲ့သူက အနှစ်သုံးဆယ်ကျော်ကြာ ၁၉၉၀ ခုနှစ်လောက်ကျမှ အပိုင်လိုချင်လာသဖြင့် စာချုပ်အတုနှစ်ခုသုံးခုသုံးကာ မောင်ပိုင်စီးခြင်းကို ပြန်လည်ခုခံကာကွယ်သောအမှုသာဖြစ်သည်။

ရွှေတစ်ကျပ်သား ၁၅၀ ခေတ်က ကျပ်တစ်သောင်းတန်အိမ်။ ရွှေဈေးဖြင့် ကာလတန်ဖိုး ပြောင်းယူလျှင် သိန်း ၄၅၀ ကျော်ကျော်ပဲတန်သောအိမ်။ သိန်း ၅၀၀ မပြည့်။

လူသတ်မှုမပါ။ အိမ်ပိုင်ရှင်နှင့် အိမ်အပိုင်စီးချင်သူ၊ အဓိကဇာတ်လိုက် နှစ်ယောက်ကို စာနှစ်ကြောင်း သုံးကြောင်းစာပဲ ဖော်ပြထားသည်။ အပိုင်စီးချင်သူ ဆိုလျှင် နံမည်ကလွဲ၍ ဖြူသလား၊ မည်းသလား၊ မြင့်သလား၊ နိမ့်သလား၊ ပိန်သလား၊ ဝသလားပင် မသိလိုက်ရ။ ဘာအတွက် နှစ် ၃၀ ကျော်ကြာမှ လိုချင်စိတ် ပေါ်လာ ရမှန်းလည်းမသိ။

အိမ်ကလည်း ပျဉ်ထောင်လား၊ တိုက်လား၊ ဝင်းနှင့်ခြံနှင့်လား။ အကျယ် အဝန်း က ၂၀' × ၆၀' လား၊ ၄၀' × ၆၀' လား၊ ၁၀၀' × ၁၀၀' ပတ်လည်လား ဘာမှမတွေ့ရ၊ ပုဇွန်တောင်ကအိမ်ဆိုတာတောင် မနည်းမှတ်၍ သိလိုက်ရသည်။

ဇာတ်ကောင်ဟူ၍လည်း ဦးကိုနီ၊ ဦးသိန်းလွင် နှင့် မောင်ထက်ဝင်း တို့ သုံးယောက် စားလိုက်၊ သောက်လိုက်၊ စကားပြောလိုက်နှင့် ဇာတ်ရည်လည်ရသည်။

အဲဒီကြားထဲက ဘာက ဖတ်ကောင်းနေပါသနည်း။

လက်ကမချနိုင်အောင် ဆွဲဆောင်မှုရှိနေရပါသနည်း။

ဤစာအုပ်ကို မည်သည့်စာအုပ်အမျိုးအစားထဲသို့ ထည့်သွင်းကြပါမည်နည်း။

မေးခွန်းတွေ၊ အတွေးတွေ အများကြီးဖြစ်လာသည်။

မှတ်တမ်းဆန်သော ရသစာပေကောင်းတစ်ခုဟုပြောရလျှင် ကောင်းမလား၊ စာရေးသူ မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ) ကိုလည်း စာရေးဆရာကောင်း တစ်ယောက်ဟု ဆိုရလျှင်ကောင်းမလား။

စာရေးသူတို့ ဆုံးဖြတ်ပေးကြပါဘိ။

ခင်မင်လေးစားစွာဖြင့်

နွမ်ဂျာသိုင်း

၂၅-၂-၂၀၁၁

www.burmeseclassic.com



## စာရေးသူ၏ အမှာစာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းတွင် အင်္ဂလိပ်စာသင်တန်းကျောင်း တည်ထောင်ပို့ချနေသူ ဆရာဦးသိန်းလွင်က ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလဆန်းပိုင်းတွင် ကျွန်တော့်ထံ အမှုတစ်ခုလာအပ်ပါသည်။ သူ၏အိမ်နီးချင်းလည်းဖြစ်ပြီး၊ တပည့်တစ်ဦးလည်းဖြစ်သည့် ဒေါက်တာထက်ဝင်း၏ မိသားစုနှင့်ဆိုင်သောအမှု ဖြစ်ပါသည်။

ရှေ့နေတစ်ယောက်ဖြစ်သူ ကျွန်တော့်အား အမှုအပ်သည့်ကိစ္စမှာ ဆန်းကြယ်သောကိစ္စမဟုတ်သော်လည်း ယခု ဆရာဦးသိန်းလွင် လွှဲအပ်လာသောအမှုကိစ္စမှာ အလွန်ဆန်းကြယ်သောအမှုတစ်ခု ဖြစ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော့်ထံ လာရောက်၍ အမှုအပ်နှံသူ ဆရာဦးသိန်းလွင်ကို ယောက်ထား၍တစ်ကြောင်း၊ အမှုမှန်ဖြစ်သည်ဟု ယုံကြည်၍တစ်ကြောင်း၊ ငွေကြေးကို လုံးဝအကြောင်းမခံဘဲ ကြိုးစား၍ လိုက်ပေးမည်ဟုကတိပေးကာ အမှုကို ကျွန်တော် လက်ခံလိုက်ပါသည်။

အမှုမှာ သာမန်အားဖြင့် လူအများစိတ်ဝင်စားဖွယ်ရာမရှိလှသည့် တရားမမှု ဖြစ်သော်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ချက်မှာ လက်ဗွေပညာနှင့်ဆိုင်သည့် ရှုပ်ထွေးဆန်းကြယ်လှသော ပြဿနာများ ပါဝင်နေသည့် အချက် ဖြစ်ပါသည်။

အမှုတွင် အငြင်းပွားနေသည့် လက်ဗွေ (၃) ခုရှိရာ ထိုလက်ဗွေများသည် လူတစ်ဦးတည်း၏ လက်ဗွေလော (သို့မဟုတ်) လူ (၂) ဦး (သို့မဟုတ်) လူ (၃) ဦး ၏ လက်ဗွေလော ဆိုသည့်အချက်ကို တရားရုံးက အဆုံးအဖြတ်ပေးရမည့် အခြေ အနေ ဖြစ်နေပါသည်။

ထိုလက်ဗွေ (၃) ခုအပေါ် လက်ဗွေပါရဂူ၏ ထင်မြင်ချက်၊ နှစ်ဖ ရှေ့နေများ၏ ထင်မြင်ချက်၊ အမှုစစ်သည့် တရားရုံး၏ ထင်မြင်ချက်များ အမျိုး ဖြစ်နေရာ မထင်မှတ်ပဲနှင့် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည့် အမှုတစ်ခု ကျွန်တော်ကြုံတွေ့ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုအကြောင်းကို ရေးသား၍ စာအုပ်ထုတ်ဝေရန် ဆရာဦးသိန်းလွင်က ကျွန်တော့်အား အကြိမ်များစွာ တိုက်တွန်းပြောဆိုခဲ့သော်လည်း ကျွန်တော်က အချိန်ချိန်တွင် ရေးပါမည်ဟု ကတိပြုခဲ့ပြီး လက်တွေ့အားဖြင့် ကျွန်တော် မရေးဖြစ်ပါ။ ကျွန်တော်၏ ဘဝအခြေအနေမှာ ရှေ့နေအဖြစ် အသက်မွေးဝမ်းကြောင်းပြုပြီး၊ အမှုအား ကျွေးမွေးစောင့်ရှောက်နေရသူဖြစ်ပါသည်။ ထို့ကြောင့် အမှုနှင့်ပတ်သက်သည့် စာများ၊ လျှောက်လွှာများ၊ ကန့်ကွက်လွှာများ၊ လျှောက်လဲချက်များ ရေးသားရခြင်းသည် ကျွန်တော့်အတွက် အခက်အခဲမရှိလှပါ။

သို့သော်လည်း အများပြည်သူဖတ်ရန် စာအုပ်တစ်အုပ် ရေးသားရန်ကိစ္စကို စဉ်းစားလိုက်တိုင်း မဝံ့မရဲဖြစ်နေမိရာ ဆရာဦးသိန်းလွင်ထံ ပေးထားသည့် ကတိကို နှစ်ပေါင်းများစွာ ကြာလာသည်ထိ အကောင်အထည်မဖော်နိုင်ခဲ့ပါ။

ဤသို့ဖြင့် ၂၀၁၀ ခုနှစ်၊ ဧပြီလ၊ သင်္ကြန်ကာလအတွင်း ရုံးပိတ်ရက်ရှည်ရသည့်အချိန်တွင် ကျွန်တော်တို့ ဇနီးမောင်နှံမှ ဆရာဦးသိန်းလွင် အိမ်သို့ ညနေဘက်ချိန်းဆိုပြီး အလည်အပတ်သွားရောက်ကြရာ ဆရာဦးသိန်းလွင်က သူ၏သမီး ခင်နှင်းလွင်နှင့် ခင်ပွန်း မောင်မြတ်မင်း တို့ကမွေးသော မြေးမလေး ပင်တီနှင့် ပျော်ရွှင်စွာ ကစားနေကြသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ပျော်ရွှင်သွားပြီး ဦးသိန်းလွင် အား -

" နောင်တော်ကြီးက မြေးလေးနဲ့ကစားနေတာ တွေ့ရတော့ အားကျလိုက်တာဗျာ။ ကျွန်တော်က သမီးနှစ်ယောက်တောင် မွေးထားတာ အခုဆရာဝန်တွေ ဖြစ်နေကြပြီ။ ဒါပေမယ့် အိမ်ထောင်မပြုကြသေးတော့ မြေးဘယ်တော့မှ ချီရမယ် ဆိုတာတောင် မပြောနိုင်ပါဘူးဗျာ။ "

ဟု ပြောလိုက်ရာ ဦးသိန်းလွင် မျက်နှာထားအနည်းငယ် တည်သွားပါသည်။ ထို့နောက် ဆရာဦးသိန်းလွင်က -

" အေးဗျာ - သမီးတို့ကလည်း ပညာရေးဘက်ပဲ စိတ်သန်နေကြတော့ အိမ်ထောင်ရေး ကိစ္စတောင် မေ့နေကြပြီလား မသိပါဘူး။ သူတို့တတွေရဲ့ အသက်ကို သတိထားမိမှ ကိုယ့်အသက်ကိုလည်း ပြန်ပြီးသတိထားမိတော့တယ်။ ကျွန်တော်တို့လည်း မငယ်ကြတော့ဘူးနော် "

ဟု ပြောလာရာ ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" ဆရာကတော့ မငယ်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ ငယ်ပါသေးတယ်ဗျာ။ "

ဟု နောက်ပြောင်လိုက်ရာ ဆရာဦးသိန်းလွင်က ရုတ်တရက် စကားလမ်းကြောင်း ပြောင်းလိုက်ပြီး -

" ဒါနဲ့ ဆရာ့ကိုတစ်ခု ပြောရအုံးမယ်။ ဒီနေ့မနက် မောင်ထက်ဝင်းနဲ့ ဆုံတော့ မောင်ထက်ဝင်းက ဆရာ့အကြောင်းနဲ့ ဆရာ့သမီးတွေအကြောင်း မေးသေးတယ်။ ကျွန်တော်နဲ့သူ စကားပြောကြရင်းက ၁၉၉၀ ခုနှစ်က သူ့ရဲ့အမှုအကြောင်းတွေ ပြောဖြစ်ကြသေးတယ်။ မောင်ထက်ဝင်းတို့ အမှုအကြောင်း ဆရာစာရေးမယ်လို့ ကျွန်တော့်ကို ကတိပေးထားတာ မှတ်မိသေးလား "

ဟု ပြောရင်း မေးလာပါသည်။

ကျွန်တော်ကောင်းစွာ မှတ်မိပါသည်။ အမြဲတမ်းအမှတ်ရနေမည့် စိတ်ဝင်စားဖွယ်ကောင်းသော အမှုတစ်ခုကို ကျွန်တော်မမေ့ပါ။ ကျွန်တော့်ကတိကိုလည်း မမေ့ပါကြောင်း၊ သို့သော် စာရေးသည်ဆိုသည့်ကိစ္စမှာ မလွယ်လှ၍ မရေးဖြစ်ခြင်း ဖြစ်ကြောင်း ရှင်းပြရာ ဆရာက -

" ညီတော်မောင်ကို တစ်ခုတော့ တောင်းဆိုချင်တယ်။ မောင်ထက်ဝင်းတို့ အမှုကို ဖြစ်အောင် စာရေးပေးစမ်းပါဗျာ။ ကျွန်တော့်ပုံနှိပ်တိုက်ကနေ အစအဆုံး တာဝန်ယူပြီး ထုတ်ပေးပါ့မယ်။ ရေးဖြစ်အောင်သာ ရေးစမ်းပါဗျာ။ သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့ပေါ့ "

ဟု ပြောပါသည်။

ဆရာဦးသိန်းလွင်၏ စကားထဲမှ " သမိုင်းမှတ်တိုင်တစ်ခု " ဆိုသည့် စကားမှာ ကျွန်တော့်စိတ်ထဲ ဝင်သွားပါသည်။ ကျွန်တော်သည် ၁၉၇၇ ခုနှစ်မှစ၍ ရှေ့နေအဖြစ် အလုပ်လုပ်လာရာ ယခု ၂၀၁၀ ခုနှစ်တွင် (၃၃) နှစ် လုပ်သက်ရှိ ဖြစ်သော်လည်း " သမိုင်း " တစ်ခုဖြစ်လောက်သည့် မှတ်မှတ်သားသား၊ ဆောင်ရွက်ချက် မရှိသေးသည်ကို ချက်ခြင်းသတိပြုမိလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" ကောင်းပါပြီဆရာ၊ ကျွန်တော် ကြိုးစားပြီးဖြစ်အောင် ရေးပါ့မယ် "

ဟု ကတိပြုလိုက်ရင်း ဤစာစုကို ရေးချရန်ကြိုးစားခဲ့ခြင်း ဖြစ်ပါသည်။ တကယ်ရေးရန် စိစဉ်သည့်အခါ ပြန်လည်ကြည့်ရှု ကိုးကားနိုင်ရန် ၁၉၉၀ ခုနှစ်က အမှုတွဲကို ပြန်လည်ရှာဖွေ ကူးယူရသည့်အလုပ်ကပင် နှစ်လခန့် ကြာမြင့်ပါသည်။

မည်သို့ပင် အခက်အခဲများရှိခဲ့စေကာမူ ယခုအခါဤစာစုအား ရေးဖြစ်ခဲ့ပြီ ဖြစ်ပါသည်။ ဤစာအုပ်အား ရေးဖြစ်အောင် တိုက်တွန်းခဲ့သည့်အပြင် စာအုပ်ဖြစ်သည်အထိ ဘက်ပေါင်းစုံမှ တာဝန်ယူဆောင်ရွက်ပေးခဲ့သူ ဆရာဦးသိန်းလွင်အား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။

ကျွန်တော်၏ စာမူအား ဖတ်ရှုပြီးနောက် အမှာစာများ ရေးပေးခဲ့ကြသော - ဆရာ လယ်တွင်းသားစောချစ်၊ ဆရာ ဒေါက်တာခင်မောင်ညို၊ ဆရာ ချစ်နိုင် (စိတ်ပညာ)၊ ဆရာ ကောင်းသန့်၊ ဆရာ နွမ်ဂျာသိုင်း၊ ဆရာ ဦးသိန်းလွင် စသည့် ဆရာကြီးများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် လိုအပ်သောစာရွက်စာတမ်းများ စုဆောင်းရှာဖွေပေးသည့် တရားရုံးချုပ်ရှေ့နေ ဦးလှိုင်ထွန်းအား လည်းကောင်း၊ ဤစာအုပ်အား ရေးဖြစ်အောင် တိုက်တွန်းအားပေးခဲ့သော တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ငွေနှင့် ဦးမောင်မောင်ဝေ အားလည်းကောင်း၊ စာမူကြမ်းများကို အကြိမ်ကြိမ်ဖတ်ရှု စိစစ်ပေးသူ ကျွန်တော်၏ ရုံးအုပ်ကြီး ဦးစန်းနိုင်အား လည်းကောင်း၊ ကျွန်တော်၏ လက်ရေးစာမူအား စာစီစာရိုက်ပေးသည့်အပြင် စိတ်ရှည်စွာဖြင့် အကြိမ်ကြိမ်ပြင်ဆင်ပေးသူ မလင်းလင်း (ဒေါ်ခင်စောလင်း) အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။ ထို့အပြင် ဤစာစုအား စတင်ရေးသားချိန်မှစ၍ ပြီးစီးသည်ထိ ကျွန်တော့်အား အဖက်ဖက်မှ အားပေးကူညီခဲ့သည့် ဇနီးဖြစ်သူ ဒေါ်တင်တင်အေး ကိုလည်း ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။

ဤစာစုအား ရေးသားရန် ဆရာဦးသိန်းလွင်၏ တိုက်တွန်းအားပေးမှုများကြောင့် အစပျိုးဖြစ်ပေါ်လာရသော်လည်း ကျွန်တော့်တွင် ကိုယ်ပိုင်ရည်ရွယ်ချက်တစ်ခုလည်း ရှိပါသေးသည်။ ထိုရည်ရွယ်ချက်မှာ ဥပဒေစာသင်သားများ၊ ဝါသနာရှင်များနှင့် တက်သစ်စရှေ့နေများအား ရှေ့နေပညာ " The Art of Advocacy " ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ပညာရပ်နှင့် မိတ်ဆက်ပေးလိုခြင်းဖြစ်ပါသည်။ ဤရည်ရွယ်ချက် အတော်အတန် အောင်မြင်လျှင်ပင် ကျွန်တော် ဤစာအုပ်ကို ရေးသားရကျိုးနပ်သည်ဟု ခံယူထား ပါသည်။

( **မှတ်ချက်** - အမှုသည်များနှင့် အချို့သောပုဂ္ဂိုလ်များ၏ အမည်များကို ပြောင်းလဲ ရေးသားထားသည်မှအပ ကျန်အမှုဖြစ်ရပ်အားလုံးသည် အမှန် ဖြစ်ကြောင်းနှင့် တရားရုံးတွင် အမှုတွဲမှတ်တမ်းများ ရှိနေပါ ကြောင်း တင်ပြအပ်ပါသည်။ )

**စာဖတ်သူတို့၏ ဝေဖန်ချက်များနှင့် အကြံပြုချက်များအား ကြိုဆိုလျက်-**

**မောင်ကိုနီ**
**( တရားရုံးချုပ်ရွှေ့နေ )**

www.burmeseclassic.com

www.burmeseclassic.com

# တရားခွင်မှ တိုက်ပွဲများ

## သက်ဖွေ့ရှင် ဘယ်သူလဲ

**မောင်ကိုနီ**

(တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ဦးသိန်းလွင် ယူလာသော ပြဿနာ

ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်းတွင် နာမည်ကြီး အင်္ဂလိပ်စာသင်တန်းကျောင်း တည်ထောင် သင်ကြားပို့ချနေသော ဆရာကြီး ဦးသိန်းလွင်မှာ ကျွန်တော်နှင့် အလွန် ခင်မင်ရင်းနှီးသူဖြစ်ပြီး ကျွန်တော်က သူ့ကို "နောင်တော်ကြီး" ဟုခေါ်ပါသည်။ သူက ကျွန်တော့်ကို အများရှေ့တွင် "ဆရာဦးကိုနီ" ဟု ခေါ်သော်လည်း အချင်းချင်း အပေါင်း အသင်းများရှေ့တွင်မူ "ညီတော်မောင်" ဟု ခေါ်လေ့ရှိပါသည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလဆန်းတစ်နေ့ နံနက်စောစော၊ ရန်ကုန်မြို့အတွက် ရှားပါးလှသော အေးစိမ့်စိမ့် အရသာလေးကို ခံစားနေစဉ် ဆရာဦးသိန်းလွင်က ဖုန်းဆက်၍ အမူသည်တစ်ယောက် ခေါ်လာမည်ဖြစ်ကြောင်း၊ သူ၏တပည့်တစ်ဦး ဖြစ်ပြီး တူသားသဖွယ် ခင်မင်သူဖြစ်သည့်အပြင် အိမ်နီးချင်းလည်းဖြစ်ကြောင်း မငြင်းနိုင်လောက်အောင် ကြိုတင်စကားပလ္လင်ခံနေသဖြင့် ကျွန်တော်က အမြန် ခေါ်လာရန် ပြောလိုက်ပါသည်။

ဤသို့ဖြင့် မထင်မှတ်ဘဲ အလွန်ကြီးမားသည့် ပြဿနာတစ်ရပ် **စတင်ခဲ့** ပါသည်။

ꕥꕥꕥꕥꕥ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသိန်းလွင်က ကျွန်တော့်ရုံးခန်းရောက်သည်နှင့် ပထမဦးစွာ သူနှင့် အတူပါလာသူအား မိတ်ဆက်ပေးပါသည်။ ဒေါက်တာထက်ဝင်း ဟုသိရပါသည်။ ဦးသိန်းလွင်ကတော့ မောင်ထက်ဝင်း ဟုသာခေါ်ပါသည်။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် အလွန်ကြည့်ကောင်းသော ဆရာဝန်တစ်ဦးဖြစ်ပါသည်။

ကျွန်တော်က -

"ကဲဆရာရေ ဘာပြဿနာလဲ ပြောပါအုံး"

ဟု စကားစပေးလိုက်ရာ ဆရာဦးသိန်းလွင်က ကိုထက်ဝင်း ဘက်လှည့်၍ -

"မောင်ထက်ဝင်း - ဆရာဦးကိုနီကို အမှုအကြောင်း မင်းသိသမျှ မခြွင်းမချန် ပြောပြလိုက်၊ ဘာကိုမျှ မချန်ရဘူးနော်၊ အားလုံးအမှန်အတိုင်း ပြောဖို့လိုတယ်" ဟု သတိပေးရင်း အမှုအကြောင်း ပြောခိုင်းပါသည်။

ကိုထက်ဝင်းက အမှုအကြောင်း ကျွန်တော့်အား ပြောပြနေစဉ် ကျွန်တော်က ကြားဖြတ်မေးလိုက်၊ သူကဖြေလိုက်၊ ပြီးတော့ ဆက်ပြောလိုက်၊ ဦးသိန်းလွင်က ကြားဖြတ်ဝင်ပြောလိုက်ဖြစ်နေသဖြင့် အပြန်အလှန်ပြောနေကြသည့်အတိုင်းရေးပါက စာဖတ်သူများ ရှုပ်ထွေးသွားနိုင်ပါသည်။ ထို့ကြောင့် ကိုထက်ဝင်း ပြောပြသည့် အမှုအကြောင်းကို အောက်ပါအတိုင်း အစီအစဉ်တကျ ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်။

**အမှု၏ အခြေခံဇာတ်လမ်း**

ဒေါ်ခင်မြိုင်သည် ဦးမြအောင်နှင့် ဒေါ်မြခက် တို့၏ သားသမီး (၅) ဦး အနက် ဒုတိယမွေးသူဖြစ်ပြီး သမီးများတွင် အကြီးဆုံးဖြစ်ပါသည်။ သူ့အထက်တွင် အစ်ကိုကြီးဖြစ်သူ ဦးမြထွန်း ရှိပါသည်။ ကျွန်တော့်ထံ အမှုလာအပ်သည့် ဒေါက်တာထက်ဝင်းမှာ ဦးမြထွန်း၏ သားဖြစ်ပြီး၊ ဒေါ်ခင်မြိုင်၏ တူအရင်း တော်စပ်ပါသည်။

၁၉၅၇ ခုနှစ်က ဒေါ်ခင်မြိုင် ၏မိခင် ဒေါ်မြခက်နှင့် ဒေါ်မြခက်၏ အစ်မဖြစ်သူ ဒေါ်ကွန့်တို့ နှစ်ဦးစပ်တူ ရန်ကုန်မြို့၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ( - )၊ မြေကွက်အမှတ် ( - ) ဟု ခေါ်တွင်သည့် တစ်ထပ်အိမ်တစ်လုံးပါသော ဂရန်မြေတစ်ကွက်ကို ဝယ်ယူခဲ့ရာတွင် မိမိတို့အမည်ဖြင့်မဝယ်ဘဲ ဒေါ်ခင်မြိုင် အမည်ဖြင့် အမည်ခံထား၍ ဝယ်ယူခဲ့ပါသည်။ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး စာချုပ်မှတ်ပုံတင်အမှတ်မှာ - ၈၈၈/၅၇ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေကွက်ဝယ်ယူပြီး မကြာမီ တစ်နှစ်အတွင်း ဒေါ်ခင်မြိုင်မှာ ဘာသာမတူသူ အမျိုးသားတစ်ဦးနှင့် လိုက်ပြေးသွားပြီး၊ မိသားစုဆွေမျိုးများနှင့် အဆက်ပြတ်သွားခဲ့ပါသည်။ ဘာသာမတူသူနှင့် လိုက်ပြေးသွားသည့်အတွက် မိဘဆွေမျိုးများကလည်း အရှက်ရကာ စိတ်နာသဖြင့် စွန့်ပစ်ထားခဲ့ပါသည်။ ဒေါ်ခင်မြိုင်၏ ခင်ပွန်းမှာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ တာဝန်ကျရာဒေသများသို့ သွားရောက်နေရသည် ဖြစ်၍လည်း အဆက်အသွယ်ပို၍ ပြတ်ခဲ့ကြပါသည်။ ထူးခြားသည်မှာ ဒေါ်ခင်မြိုင် အိမ်မှ ထွက်သွားပြီးနောက်ပိုင်းတွင် မြေကွက်ဝယ်ယူထားသည့် စာချုပ်စာတမ်းနှင့် မြေဂရန်တို့ကိုလည်း အိမ်တွင်ရှာမတွေ့တော့ဘဲ ပျောက်ဆုံးသွားသည့်အချက် ဖြစ်ပါသည်။

ဒေါ်ခင်မြိုင် ယောကျ်ားနောက် လိုက်သွားပြီးနောက် ထိုအိမ်တွင် မိဘဆွေမျိုးများနှင့် ကျန်သားသမီး (၄) ဦးဖြစ်သော ဦးမြထွန်း၊ ဒေါ်မေကြိုင်၊ ဦးမြင့်နိုင်နှင့် ဒေါ်တင်ခိုင်တို့ ဆက်လက် နေထိုင်ကြပါသည်။

ဒေါ်ခင်မြိုင် ယောကျ်ားနောက်လိုက်သွားသည့် ၁၉၅၈ ခုနှစ်မှစ၍ ၁၉၈၉ ခုနှစ်အထိ နှစ်ပေါင်း (၃၀) ကျော် ကာလအတွင်း ထိုအိမ်မြေနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်း၊ ပြဿနာမျှမရှိဘဲ ဦးမြထွန်း တို့မိသားစုနှင့် အခြားဆွေမျိုးရင်းချာများ အေးချမ်းစွာနေထိုင်ခဲ့ကြပါသည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လထဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အခွန်စည်းကြပ်သည့်ပြေစာတွင် အမည်ပြောင်းလိုသည့်ကိစ္စ ကန့်ကွက်ရန် ရှိ-မရှိ အကြောင်းကြားစာတစ်စောင်ကို လာရောက်ချအပ်လာပါသည်။ ကိုထက်ဝင်း၏ ညီဖြစ်သူ ကိုနောင်နောင်က " ဘယ်သူ့အမည်ကို ပြောင်းမှာလဲ၊ ဘာကြောင့်လဲ " စသည်ဖြင့်မေးရာ နောက်ဆုံးလက်ရှိပိုင်ရှင်က သူ့အမည်ပြောင်းလို၍ လျှောက်ထားလာသဖြင့် လုပ်ထုံးလုပ်နည်းအရ ကန့်ကွက်ရန် ရှိမရှိ ကြေညာချက်ကို မြေပေါ်တွင် နေထိုင်သူများ သိရှိနိုင်ရန် အသိပေးခြင်းဖြစ်ကြောင်း၊ အသေးစိတ်သိလိုပါက ရုံးသို့ လာရောက်၍ တာဝန်ရှိသူနှင့် မေးမြန်းဆွေးနွေးနိုင်ကြောင်း ရှင်းပြခဲ့သည်ကို သိရပြီးနောက် ကိုထက်ဝင်းက စိုးရိမ်တကြီးဖြင့် စည်ပင်ရုံးသို့ အလျင်အမြန်သွားရောက် စုံစမ်းခဲ့ပါသည်။

စည်ပင်ရုံးသို့ရောက်သည့်အခါ တာဝန်ရှိအရာရှိက ရှင်းလင်းပြသ၍ သိရသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com



- ကိုထက်ဝင်းတို့ နေထိုင်သောအိမ်နှင့်မြေကို ပိုင်ရှင် ဒေါ်ခင်မြိုင်က တန်ဖိုးငွေ ၃၀၀၀ိ/- ဖြင့် ဦးစိန်သန်း ဆိုသူကို ရောင်းထားကြောင်း၊ မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချထားခြင်းဖြစ်ပြီး စာချုပ်မှတ်ပုံတင် အမှတ်မှာ-၇၃/၅၈ (ရက်စွဲ - ၂၃-၁-၅၈) ဖြစ်ကြောင်း သိရပါသည်။

- တဖန် ဦးစိန်သန်းက ထိုမြေနှင့်အိမ်ကို ၎င်း၏တူတော်စပ်သူ ဦးအောင်ထွန်းသို့ မေတ္တာဖြင့် အပိုင်ပေးစာချုပ် မှတ်ပုံတင်အမှတ် - ၂၄၃/၈၉ (ရက်စွဲ ၇-၁-၇၈) ဖြင့် ထပ်မံလွှဲပြောင်းပေးထားကြောင်း ဦးအောင်ထွန်းက မြေခွန်ပြေစာတွင် အမည်ပြောင်းရန် လျှောက်ထားခြင်း ဖြစ်ကြောင်း သိလာရပါသည်။

- တဖန် ဒေါ်ခင်မြိုင်က ထိုမြေနှင့်အိမ်ပေါ်တွင် နေထိုင်ခွင့်ရရန် ဦးစိန်သန်း ထံမှ ပြန်လည်ငှားရမ်းထားသည့် (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်တစ်စောင်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။

- တဖန် ပျောက်ဆုံးနေသည့် မြေရာစာချုပ်နှင့် ဒေါ်ခင်မြိုင် အမည် ဖြင့် အိမ်မြေဝယ်ယူထားသည့် စာချုပ်တို့ကိုလည်း ပူးတွဲတင်ပြထား ကြောင်း တွေ့ရပါသည်။

ကိုထက်ဝင်းက စည်ပင်အရာရှိဖြစ်သူအား အဆိုပါမြေနှင့်အိမ်မှာ အဘိုး၊ အဘွားများပိုင် အိမ်ဖြစ်ကြောင်း၊ သမီးကြီး ဒေါ်ခင်မြိုင် အမည်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး၊ မည်သူ့ကိုမျှ ရောင်းချခြင်းမရှိကြောင်း၊ သားစဉ်မြေးဆက်နေထိုင်ခဲ့ရာ ယခုလက်ရှိမြေးဖြစ်သူ မိမိတို့ညီအစ်ကိုတတွေ နေထိုင်ကြကြောင်း ရှင်းပြပြီး၊ ဦးအောင်ထွန်း တင်ပြထားသည့် စာရွက်စာတမ်းများကို မိတ္တူကူးယူခွင့်ပြုရန် တောင်းခံရာ စာဖြင့်နည်းလမ်းတကျ လျှောက်ထားရန် အရာရှိက ပြောခဲ့ပါသည်။ နောက်နေ့တွင် စာရွက်စာတမ်းမိတ္တူများ ရရှိရန် စာဖြင့်ရေးသား လျှောက်ထားခဲ့ရာ မိတ္တူများရရှိခဲ့ကြောင်း ပြောပြ၍ ကိုထက်ဝင်းက ကျွန်တော့်အား စာရွက်စာတမ်း မိတ္တူများကို ထုတ်ပေးပါသည်။

ကိုထက်ဝင်း ထုတ်ပေးသည့် စာရွက်စာတမ်းများမှာ -

(၁) ဒေါ်ခင်မြိုင် အမည်ဖြင့် အဆိုပါအိမ်နှင့်မြေကို ဝယ်ယူထားသည့် စာချုပ်၊

www.burmeseclassic.com

www.burmeseclassic.com



(၂) မြေဂရန်စာချုပ်၊
(၃) ဒေါ်ခင်မြိုင်က အဆိုပါ မြေနှင့်အိမ်ကို ဦးစိန်သန်းအား ရောင်းထားသည့် စာချုပ်၊
(၄) အဆိုပါအိမ်ကို ဦးစိန်သန်းက ဒေါ်ခင်မြိုင်အား အငှားချထားသည့် စာချုပ်၊
(၅) အဆိုပါအိမ်နှင့်မြေကို ဦးစိန်သန်းက ဦးအောင်ထွန်းအား အပိုင် ပေးသည့်စာချုပ်

တို့ ဖြစ်ပါသည်။

စာရွက်စာတမ်းများ ထုတ်ပေးပြီးနောက် ကိုထက်ဝင်းက စာချုပ်များပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်မှတ်များသည် အမှန်မဟုတ်ကြောင်း၊ ထိုးနေကြလက်မှတ်နှင့် မတူကြောင်း၊ လက်ဗွေများလည်း မတူဟုထင်ကြောင်း၊ စနစ်တကျ ဖန်တီးပြုလုပ်ထားသည်ဟု ထင်မြင်ကြောင်း၊ သူ၏အယူအဆကို ကျွန်တော့်အား ပြောပြပါသည်။ ဆရာဦးသိန်းလွင် ကလည်း သူတတ်သိနားလည်သလောက် လေ့လာကြည့်ရှုပြီး ဖြစ်ကြောင်း၊ ကိုထက်ဝင်း ထင်မြင်ယူဆသည့်အတိုင်း သဘောရကြောင်း ပြောပါသည်။

ထို့နောက် ဆရာဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ နှစ်ဦးလုံးက ကျွန်တော့်အား အမှုမှန်ပေါ်ထုတ်ပေးရန်နှင့် အိမ်နှင့်မြေ လက်လွတ်ဆုံးရှုံးမှုမရှိစေရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ ပြောဆိုကြပါသည်။

ကျွန်တော်က စာချုပ်စာတမ်းများမှာ မှတ်ပုံတင်စာချုပ်စာတမ်းများဖြစ်ခြင်း၊ လက်ဗွေများလည်း နှိပ်ထားခြင်း စသည့်အကြောင်းများကြောင့် ကျွန်တော့် ယူဆချက်ကို မပြောနိုင်သေးကြောင်း ရက်ပိုင်းခန့် စစ်ဆေးလေ့လာကြည့်ရှုလိုကြောင်း၊ လေ့လာပြီးပါက ဆရာဦးသိန်းလွင်ထံ ဖုန်းဆက် အကြောင်းကြားမည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုပြီး စာရွက်စာတမ်းများကို ယူထားလိုက်ပါသည်။

ထို့နောက် ကျွန်တော်က ကိုထက်ဝင်းအား ဒေါ်ခင်မြိုင်နှင့် တွေ့ရင် အမှုအကြောင်း အသေးစိတ် ကြိုမပြောထားရန်လည်း သတိပေးခဲ့ပါသည်။

ထိုနေ့က ကိုထက်ဝင်း တစ်ယောက် အလွန်အားငယ်နေသောမျက်နှာဖြင့် ပြန်သွားသည်ကို ကျွန်တော် ယနေ့ထိ မြင်ယောင်နေမိပါသေးသည်။

ဆဆဆဆဆ

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်ဝင်း ပေးခဲ့သော စာရွက်စာတမ်းများကို ကျွန်တော် တစ်ပတ်ခန့် အချိန်ယူပြီး လေ့လာခဲ့ပါသည်။ မြေဂရန်စာချုပ်၊ ဒေါ်ခင်မြိုင် အမည်ဖြင့် မြေဝယ်စဉ်က ချုပ်ဆိုထားသော စာချုပ်နှင့် ဦးစိန်သန်းက ဦးအောင်ထွန်းအား အပိုင်ပေးသည့် စာချုပ်စာတမ်း (၃) စောင်ကို အသေးစိတ် မစစ်ဆေးဘဲ သာမန်မျှ ကြည့်ရှုစစ်ဆေးခဲ့ပြီး နောင်အခါကြမှ အသေးစိတ်စစ်ဆေးကြည့်ရှုမည်ဟု ရည်ရွယ်၍ ချန်ထားလိုက်ပါသည်။

ပထမအဆင့်အနေဖြင့် ဒေါ်ခင်မြိုင်က ဦးစိန်သန်းကို အိမ်နှင့်မြေရောင်းချသည့် စာချုပ်နှင့် ဦးစိန်သန်းက ဒေါ်ခင်မြိုင်ကို အိမ်အငှားချထားသည့်စာချုပ် (၂) စောင်ကို အသေးစိတ် လေ့လာကြည့်ရာ အရောင်းစာချုပ်ပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်ဗွေမှာ လွန်စွာမှိန်နေပြီး အချို့နေရာများတွင် ဆေးပျက်နေသည်ကိုပင် တွေ့ရပြီး၊ လက်ဗွေ၏ အခြေခံပုံစံကိုတော့ မြင်နိုင်ပါသေးသည်။ သို့သော် တစ်ပြိုင်တည်းလိုလို ရှေ့ဆင့် နောက်ဆင့် ချုပ်ဆိုထားသည့် အိမ်ငှားစာချုပ်ပါ ဒေါ်ခင်မြိုင်၏ လက်ဗွေမှာ အလွန် သစ်လွင်၍ ရှင်းလင်းပြတ်သားမှုရှိသည်ကို တွေ့ရပါသည်။ အလွန်အားကောင်းသည့် မှန်ဘီလူးအကူအညီဖြင့် လက်ဗွေနှစ်ခုကို နှိုင်းယှဉ်ကြည့်ရာ မတူဟု ကျွန်တော် ယူဆ ပါသည်။

ထိုစာချုပ်နှစ်ခုတွင်ပါရှိသည့် လက်ဗွေများကို ဒေါ်ခင်မြိုင် ထံမှ လတ်တလော ရယူထားသည့် လက်ဗွေအစစ်ဖြင့် နှိုင်းယှဉ်ကြည့်ရလျှင် အလွန်ကောင်းမည်ဟု သဘောရသဖြင့် နောက်တစ်နေ့တွင် ဆရာဦးသိန်းလွင်ထံ ဖုန်းဆက်ပြီး ဒေါ်ခင်မြိုင်နှင့် ကိုယ်တိုင်တွေ့လိုကြောင်း ပြောလိုက်ပါသည်။ ကျွန်တော် ဖုန်းဆက်ပြီး သိပ်မကြာမီ ကျွန်တော့်ရုံးခန်းသို့ ကိုထက်ဝင်း ရောက်လာသဖြင့် ကျွန်တော်က ကိုထက်ဝင်းအား ဒေါ်ခင်မြိုင်နှင့် တွေ့လိုကြောင်း၊ ဒေါ်ခင်မြိုင်၏ လက်ဗွေကို ရယူလိုကြောင်းနှင့် ကျွန်တော်ကိုယ်တိုင် ဒေါ်ခင်မြိုင်ကို မေးစရာ မေးခွန်းအချို့ ရှိနေကြောင်း ပြော ပါသည်။

ကိုထက်ဝင်းက ဒေါ်ခင်မြိုင်နှင့် အဆက်အသွယ်မရှိကြောင်း၊ မည်သ အရပ်တွင် ရှိနေသည်ကိုလည်း မသိကြောင်း၊ သန်လျင်မြို့တွင် နေထိုင်သော ဆွေမျိုး အချို့တို့နှင့်တော့ အဆက်အသွယ်ရှိသည်ဟု သိရကြောင်း၊ စုံစမ်းရှာဖွေပေးမည် ဖြစ်ကြောင်း ပြောလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ဒေါ်ခင်မြိုင် ကို မတွေ့ရဘဲနှင့် **အမှုစွဲဆိုရန်** မဖြစ်နိုင်ကြောင်း ရအောင်ရှာဖွေစေလိုကြောင်း ကိုထက်ဝင်းကို **တွန်းအားပေး** မှာကြားခဲ့ပါသည်။

ЖЖЖЖЖ

**ဒေါ်ခင်မြိုင်နှင့်တွေ့ပြီ**

ခန့်မှန်းခြေ (၁) လခန့် ကြာမြင့်သောအခါ ဆရာဦးသိန်းလွင်က ဒေါ်ခင်မြိုင်အား တွေ့ပြီဖြစ်ကြောင်း ရန်ကုန်မြို့သို့ ခေါ်လာခဲ့ပြီဖြစ်ကြောင်း၊ ကိုထက်ဝင်းတို့အိမ် (အမှုဖြစ်အိမ်) တွင် နေကြောင်း၊ ခါးမသန်သူဖြစ်ပြီး ကျွန်တော့်ရုံးခန်းသို့ တက်နိုင်သည့် အခြေအနေမရှိ၍ သူ (ဦးသိန်းလွင်) ၏နေအိမ်တွင် တွေ့စေလိုကြောင်း မေတ္တာရပ်ခံ ပြောဆိုခဲ့ပါသည်။ ကျွန်တော်ကလည်း လာရောက်တွေ့ဆုံမည် ဖြစ်ကြောင်း ကတိပေးခဲ့ပါသည်။ (မှတ်ချက်-ဆရာ ဦးသိန်းလွင် နေအိမ်နှင့် ကိုထက်ဝင်း တို့အိမ်မှာ ပေ ၁၀၀ ခန့်သာ ကွာဝေးပါသည်။)

နေ့ခင်းဘက် ရုံးကိစ္စဆောင်ရွက်ရန်ရှိသည်များ ဆောင်ရွက်ပြီးနောက် ညနေ (၃) နာရီခန့်တွင် ဦးသိန်းလွင်၏ နေအိမ်ရှိရာ အမှတ် (၁၁)၊ ခေါင်ရမ်းလမ်း၊ ရေကျော် ရပ်ကွက်သို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ကျွန်တော်ရောက်သည်နှင့် ဦးသိန်းလွင်၏ဇနီး ဒေါ်ခင်ဝင်းက ကိုထက်ဝင်းနှင့် ဒေါ်ခင်မြိုင် တို့ကို ခေါ်ရန် ထွက်သွားခဲ့ပါသည်။

၁၀-မိနစ်ခန့်ကြာပြီးနောက် ဒေါ်ခင်ဝင်းနှင့် ကိုထက်ဝင်းတို့ နှစ်ယောက်က တစ်ဖက်စီမှတွဲ၍ ခါးကုန်းနေသော အမျိုးသမီးကြီးတစ်ဦးအား ခေါ်လာသည်ကို တွေ့ရပြီး ဦးသိန်းလွင်က -

" ဆရာရေ အဲဒါ ဒေါ်ခင်မြိုင် ပဲ၊ ခါးကလုံးဝမသန်တော့ဘူး၊ လူတွဲပေးမှပဲ သွားလာနိုင်တော့တယ်၊ အဲဒါ ဟင်္သာတကနေ ရန်ကုန်ထိ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ ခေါ်လာရတာ ဆရာရေ့ "

ဟု စိတ်မကောင်းသည့်လေသံဖြင့်ပြောပြီး၊ နေရာထိုင်ခင်း လုပ်ပေးကာ ကျွန်တော့်အား ရှေ့နေဖြစ်ကြောင်း ပြောဆို၍ ဒေါ်ခင်မြိုင်နှင့် မိတ်ဆက်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်ခင်မြိုင်၏ဇာတ်လမ်း**

ဒေါ်ခင်မြိုင်နှင့် ကျွန်တော်တို့ အပြန်အလှန်ပြောစကားများကို ပြောခဲ့သည့်အတိုင်း ရေးရလျှင် ရှည်လျား ရှုတ်ထွေးသွားမည်ဖြစ်၍ စာဖတ်သူများ လွယ်ကူရှင်းလင်းစွာ နားလည်နိုင်ရန် အောက်ပါအတိုင်း အစီအစဉ်တကျ ဖော်ပြလိုက်ပါသည်။

ကျွန်တော်နှင့် ဒေါ်ခင်မြိုင် တွေ့ဆုံသည့် ၁၉၉၀ ပြည့်နှစ်တွင် ဒေါ်ခင်မြိုင်၏ အသက်မှာ (၅၈) နှစ်သာ ရှိသော်လည်း ခါးကုန်းသွားသည့်အတွက် အဘွားကြီးအိုပုံ ပေါက်နေပါသည်။ ဒေါ်ခင်မြိုင်သည် မောင်နှမ (၅) ဦးအနက် သမီးများတွင် အကြီးဆုံးသမီးဖြစ်၍ မိဘများက အချစ်ပိုကြသည့်အပြင် အသက် (၂၆) နှစ်အရွယ်ထိ အိမ်ထောင်မပြု၊ ရည်းစားမရှိသဖြင့် မိဘများက မိမိတို့နှင့်အတူ အပျိုကြီးဘဝဖြင့် အမြဲနေသွားမည့်သူဟုလည်း မှတ်ယူထားကြပါသည်။ ထို့ကြောင့်လည်း အိမ်နှင့်မြေကို ဝယ်ယူရာတွင် ဒေါ်ခင်မြိုင် တစ်ဦးတည်းအမည်ဖြင့် မိခင်နှင့်အဒေါ်တို့က ဝယ်ယူခဲ့ကြခြင်းဖြစ်ပါသည်။

မည်သည့်အကြောင်းကြောင့်ဟု အတိအကျ မပြောနိုင်သော်လည်း ဒေါ်ခင်မြိုင် အမည်ဖြင့် အိမ်မြေဝယ်လိုက်ခြင်းသည် လင်ရမည့်ကံပါမလာဟု ထင်ရသော ဒေါ်ခင်မြိုင်အတွက် ယတြာချေပေးလိုက်သကဲ့သို့ ဖြစ်သွားပြီး အိမ်မြေဝယ်ပြီး လပိုင်းအတွင်းတွင်ပင် ဒေါ်ခင်မြိုင် စွံပါလေတော့သည်။ ဒေါ်ခင်မြိုင် နှင့် ရည်ငံသည့် အမျိုးသားမှာ လူရိုးလူကောင်း အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော်လည်း ဗုဒ္ဓဘာသာ ကိုးကွယ်သူမဟုတ်ခဲ့ပါချေ။ ဒေါ်ခင်မြိုင်၏ မိဘဆွေမျိုး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ရုံမျှမက ဘာသာရေး အလွန်ကိုင်းရှိုင်း ရှိသေကြသူများ ဖြစ်ကြပါသည်။ အိမ်ပတ်ဝန်းကျင်နှင့် ရပ်ကွက်အတွင်း နေထိုင်ကြသူများမှာလည်း ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းဖြစ်ရာ ဒေါ်ခင်မြိုင် အနေဖြင့် သူ့ခင်ပွန်းလောင်းမှ မိသားစုကို တွေ့ဆုံပေးရန်မဆိုထားနှင့် လုံးဝပင် အသိမခံနိုင်သော အခြေအနေ ဖြစ်နေပါသည်။ အသက်ကြီးမှ ဝက်သက်ပေါက်သော်လည်း ဖေးမကူညီမည့်သူမရှိ၍ မကြံတတ်၊ မစည်တတ်နှင့် ဒုက္ခဖြစ်နေရှာသူဖြစ်ပါသည်။

သမီးရည်းစားနှစ်ယောက် မည်သို့မျှမကြံတတ်တော့သည့်အဆုံး ထွက်ပြေးကြရန် ဆုံးဖြတ်လိုက်ကြပါသည်။ ထွက်ပြေးကြမည်ဆိုပါက ငွေကြေး လိုအပ်ပေမည်။ မိမိမှာ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိ အိမ်တွင်နေရသူဖြစ်၍ လိုအပ်သော ငွေအတွက် မည်သို့ရှာဖွေရမည်ကို မသိနိုင်အောင် ဖြစ်နေပြီး၊ တစ်ဖက်က အမျိုး

www.burmeseclassic.com



မှာလည်း လခစား၊ အစိုးရဝန်ထမ်းတစ်ဦးသာဖြစ်၍ အပိုဝင်ငွေရရှိရေးအတွက် ပူပန်နေရပါသည်။ မိဘများ ဆင်ထားသည့် ရွှေ၊ ငွေ လက်ဝတ်ရတနာအချို့ ရှိသော်လည်း ထိုပစ္စည်းများယူမလာရန် အမျိုးသားက ပြောကြားထားသကဲ့သို့ မိမိအနေဖြင့်လည်း ယူသွားရန်ဆန္ဒ လုံးဝမရှိပေ။

ဤသို့ဖြင့် ထွက်ပြေးရန် ချိန်းဆိုထားသည့်နေ့၊ အမျိုးသားဖြစ်သူက ရုံးမှ ခွင့်ရက်ရှည်ယူထားသည့်နေ့ ရောက်လာသည့်အခါ မကြာတတ်သည့်အဆုံး အိမ်မြေ ဝယ်ယူထားသည့် စာချုပ်နှင့်မြေဂရန်တို့ကို ယူလာပြီး အသိအကျွမ်းဖြစ်သူ ဦးစိန်သန်း အား အပေါင်အာမခံသဘောပေး၍ ငွေ ၅၀၀၀ိ/- ကိုချေးရာ ဦးစိန်သန်းက ၃၀၀၀ိ/- တန်ဖိုးဖြတ်၍ပေးပါသည်။ ရောင်းပေါင်စာချုပ်တစ်ခုတွင် ဒေါ်ခင်မြိုင်က လက်မှတ်ထိုးပေးခဲ့ရပါသည်။ လက်ဗွေတော့ နှိပ်မပေးခဲ့ရပါ။ မတတ်သာသည့် အဆုံး ဦးစိန်သန်း ပေးသည့် ငွေ ၃၀၀၀ိ/- ကို ရယူလိုက်ပါသည်။ များမကြာမီတစ်နေ့ ပြန်ရွေးမည်ဟု ရည်ရွယ်၍ စာချုပ်များကို အပေါင်ထားကာ ငွေချေးယူခဲ့ရခြင်း ဖြစ်ပါသည်။

ထို့နောက် အမျိုးသားနှင့်ချိန်းထားသည့်အစီအစဉ်အတိုင်း ထွက်ပြေးသွားကြပြီး ကြောက်စိတ်ဖြင့် မိဘဆွေမျိုးများကို အဆက်အသွယ်မလုပ်ရဲတော့ဘဲ နေခဲ့ရာမှ လင်ယောကျ်ားကလည်း နယ်သို့ အလုပ်ပြောင်းခွင့်ရသွားသဖြင့် မိဘဆွေမျိုးများနှင့် လုံးဝအဆက်ပြတ်သွားခဲ့ပါတော့သည်။

ဒေါ်ခင်မြိုင် ပြောပြသည်များကို နားထောင်ပြီးနောက် ကျွန်တော်က မေးရန် မေးခွန်းအချို့ရှိကြောင်း အမှန်အတိုင်း ဖြေကြားပေးစေလိုကြောင်းပြောရာ ဒေါ်ခင်မြိုင်က အမှန်အတိုင်း ဖြေပေးပါမည်ဟု အာမခံပြောဆိုပါသည်။ ဆရာ ဦးသိန်းလွင် ကလည်း လုံးဝအမှန်အတိုင်း ဖြေစေလိုကြောင်း၊ မထိန်ချန်ထား စေလိုကြောင်း ဝင်ရောက်သတိပေးရာ ဒေါ်ခင်မြိုင် စိတ်တိုသွားတာတွေ့ရပြီး အမှန်အတိုင်းပြောပါမည်ဟု အမျိုးစုံကျိန်တွယ်နေသဖြင့် ကျွန်တော်က ယုံကြည်ပါမည့် အကြောင်းပြော၍ မကျိန်ရန် တားမြစ်ခဲ့ရပါသည်။

ထို့နောက် ကျွန်တော်တို့ အောက်ပါအတိုင်း မေးမြန်းဖြေကြားခဲ့ကြပါသည်။

မေး - "ဒေါ်ခင်မြိုင် - ဦးစိန်သန်းကို ခင်ဗျားက စာချုပ်၊ ဒါမှမဟုတ် စာရွက် တစ်ခုခုပေါ်မှာ လက်ဗွေနှိပ်ပေးဘူးသလား"

www.burmeseclassic.com

www.burmeseclassic.com



မြိုင် - " လုံးဝ နှိပ်ပေးခဲ့တာမရှိပါဘူး "

နီ - " သေချာရဲ့လား၊ စဉ်းစားကြည့်ပါအုံး "

မြိုင် - " သေချာပါတယ်၊ ကျွန်မကိုမယုံလို့လား "

နီ - " မယုံလို့မဟုတ်ဘူး၊ သိပ်အရေးကြီးလို့ မေးရတာပါ။ ကျွန်တော်မေးတာတွေကို စိတ်ထဲမှာ ဘယ်လိုမှသဘောမထားပါနဲ့ "

မြိုင် - " **ဟုတ်ကဲ့ပါဆရာ** "

နီ - " ဦးစိန်သန်းက စည်ပင်ရုံးမှာ စာချုပ်တစ်ခုတင်ပြထားတယ်၊ အဲဒီစာချုပ်မှာ ဒေါ်ခင်မြိုင်က ဒီအိမ်နဲ့မြေကို ရောင်းလိုက်တယ်လို့ရေးထားပြီး၊ စာချုပ်ပေါ်မှာ ဒေါ်ခင်မြိုင်က လက်ဗွေနှိပ်ထားတာလည်းတွေ့ရတယ်၊ အဲဒါ ဘယ်လိုပြောချင်လဲ "

မြိုင် - " ဦးစိန်သန်းကို ကျွန်မတစ်ခါမှ လက်ဗွေနှိပ်မပေးခဲ့ဘူးပါဘူးဆရာ၊ ကျွန်မ ကျိန်ပြောထားပြီးပြီပဲ "

နီ - " ဟုတ်ပါတယ်၊ သေချာအောင် မေးတာပါ "

ထို့နောက် ကျွန်တော်က ဒေါ်ခင်မြိုင် အား ( ဦးစိန်သန်းက ဒေါ်ခင်မြိုင်ထံမှ မြေနှင့်အိမ်ကို ဝယ်ထားသည်ဆိုသော ) စာချုပ်ကို ထုတ်ပြ၍ ဆက်လက်မေးမြန်းခဲ့ပါသည်။

နီ - " ဒီ ရောင်းသူဆိုတဲ့နေရာမှာ ထိုးထားတဲ့လက်မှတ်ဟာ ခင်ဗျာ့လက်မှတ်လား "

မြိုင် - " လုံးဝမဟုတ်ပါဘူးဆရာ "

နီ - " သေချာရဲ့လား၊ ထပ်ကြည့်ပါအုံး "

မြိုင် - " သေချာပါတယ်ဆရာ၊ လုံးဝသေချာပါတယ်၊ ကျွန်မလက်ဒီလောက် ဘယ်တုန်းကမှ မလှခဲ့ပါဘူး "

နီ - " ဦးစိန်သန်းကို ခင်ဗျားလက်မှတ်ထိုးပေးခဲ့တယ်ဆိုတဲ့ စာချုပ်ဟာဒီစာချုပ်လား၊ သေသေချာချာ ကြည့်ပြီးမှဖြေနော် "

www.burmeseclassic.com

www.burmeseclassic.com



မြိုင် - " မဟုတ်ပါဘူးဆရာ၊ ကျွန်မလက်မှတ်ထိုးပေးခဲ့တဲ့ စာချုပ်ကို ကျွန်မ မှတ်မိပါတယ်၊ ဗမာလိုရေးထားတာပါ။ ဒါက အင်္ဂလိပ်လို ရေးထားတာ ချည်းပဲ။ ကျွန်မ မြင်ကိုမမြင်ဖူးပါဘူး "

နီ - " ဒါဆို အဲဒီခင်ဗျားလက်မှတ်ထိုးပေးခဲ့တဲ့ စာချုပ်မှာ ဘာတွေ ရေးထား သလဲ၊ မှတ်မိသလောက် ပြောပြစမ်းပါ "

မြိုင် - " အသေးစိတ်တော့ မမှတ်မိတော့ဘူးဆရာ။ ဒါပေမဲ့ သူ့ကို အပြီး ရောင်းလိုက်တယ်ဆိုတာ လုံးဝမပါပါဘူး။ ရောင်းပေါင်သဘော ရေးထားတာဖြစ်ပြီး၊ ကျွန်မကပိုက်ဆံ ပြန်ဆပ်တဲ့အခါ ဒီစာချုပ်တွေကို ပြန်ပေးမယ်ဆိုတဲ့သဘောမျိုးရေးထားလို့ ကျွန်မလက်မှတ် ထိုးပေး ခဲ့တာပါ။ ဒီစာချုပ် လုံးဝမဟုတ်တာ သေချာပါတယ် "

ထို့နောက် ကျွန်တော်က ဒေါ်ခင်မြိုင်အား (ဒေါ်ခင်မြိုင်က ဦးစိန်သန်းထံမှ အိမ်ငှားယူထားသည့်) စာချုပ်ကို ပြသ၍ ဖတ်ခိုင်းကြည့်ပြီး ဆက်လက် မေးမြန်းခဲ့ ပါသည်။

နီ - " ဒေါ်ခင်မြိုင် - ခင်ဗျားနဲ့ ဦးစိန်သန်းတို့ ဒီလိုစာချုပ်မျိုး ချုပ်ဘူး သလား "

မြိုင် - " မချုပ်ခဲ့ပါဘူး။ စာချုပ်ပေါ်က လက်မှတ်ဟာလည်း ကျွန်မလက်မှတ် မဟုတ်ပါဘူး။ "

နီ - " စိတ်မဆိုးနဲ့နော်။ သေသေချာချာ ပြန်ကြည့်ပါအုံး "

မြိုင် - " စိတ်မဆိုးပါဘူးဆရာ။ ပြန်ကြည့်စရာလည်းမလိုတော့ပါဘူး။ ဘာလို့လဲဆိုတော့ ဦးစိန်သန်း ဆီက ငွေ ၃၀၀၀ိ/- ယူခဲ့တဲ့နေ့ကစပြီး အခုအချိန်ထိ သူနဲ့ကျွန်မ တစ်ခါမှ ထပ်မတွေ့ခဲ့ရပါဘူး။ ဒီစာချုပ်ဟာ သုံးဝအတုပါပဲဆရာ။ "

နီ - " ဒေါ်ခင်မြိုင်ရေ၊ ကျွန်တော်ပြောတာ သေချာနားထောင်နော်၊ ကျွန်တော်ပြောသမျှ ခင်ဗျားတို့အတွက်ပါ။ အရေးလည်းကြီးလို့ပါ။ အခု ကျွန်တော်က ခင်ဗျားကိုပြတဲ့စာချုပ်တွေဟာ ဦးစိန်သန်းနဲ့ ဦးအောင်ထွန်း တို့က စည်ပင်ရုံးမှာ တင်ပြထားတဲ့ စာချုပ်တွေဖြစ်တယ်။ သူတို့က တရားဝင် တင်ပြထားတာဖြစ်ပြီးတော့ မှတ်ပုံတင်ထားတဲ့ စာချုပ်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါနေတယ်။ သို့ပေမယ့်လို့ ခင်ဗျားအနေနဲ့ တရားရုံးမှာ ဒီလက်ဗွေနဲ့ လက်မှတ်တွေဟာ ခင်ဗျားရဲ့ လက်ဗွေနဲ့ လက်မှတ် မဟုတ်ဘူးလို့ ငြင်းဆိုပိုင်ခွင့်လည်းရှိပါတယ်။ ဒီစာချုပ်တွေဟာ ခင်ဗျားပြောသလို အတုတွေ၊ လုပ်ကြံဖန်တီးတာတွေလို့ပြောပြီး ပယ်ဖျက်ပေးဖို့ ကျွန်တော်တို့မှာ တရားစွဲခွင့်လည်း ရှိပါတယ်။ ဒါပေမဲ့ ဒီလက်ဗွေနဲ့ လက်မှတ်တွေဟာ ခင်ဗျားလက်ဗွေနဲ့ လက်မှတ် ဟုတ်မဟုတ်ဆိုတာကို တရားစွဲပြီး နောက်ပိုင်း CID (မှုခင်းတပ်ဖွဲ့) ကို ပေးပို့စစ်ဆေးရလိမ့်မယ်။ အဲဒီလို စစ်ဆေးလို့ CID က ခင်ဗျားရဲ့လက်ဗွေနဲ့ လက်မှတ်တွေ ဖြစ်တယ်လို့ ပြောလာရင် ပြဿနာက ကိုယ့်ဘက် ပြန်လှည့်လာပြီး တရားရုံးကို လိမ်လည်မှုနဲ့ ပြန်ပြီးအရေးယူခံရတာမျိုးအထိ ဖြစ်လာနိုင်တယ်။ အခု ကျွန်တော် ပြောတာတွေအပေါ် ဒေါ်ခင်မြိုင် ဘယ်လို သဘောရသလဲ။ စိတ်ထဲ ရှိတဲ့အတိုင်း ကျွန်တော့်ကို ပြန်ပြောပြစမ်းပါ ”

မြိုင် - “ အင်း - ဆရာ့ကို ဘယ်လိုပြန်ပြောရမလဲ မသိတော့ပါဘူး၊ CID ကိစ္စ ကျွန်မနားမလည်ဘူး။ ကျွန်မသိတာက အဲဒါတွေဟာ ကျွန်မရဲ့ လက်ဗွေနဲ့ လက်မှတ်တွေ လုံးဝမဟုတ်ဘူးဆိုတာပဲ။ ကျွန်မ လုံးဝ မလိမ်ဘူး။ ဆရာ့ကိုမှ မဟုတ်ဘူး ကျွန်မကို ဘယ်သူပဲမေးမေး ကျွန်မရဲ့ လက်ဗွေနဲ့ လက်မှတ် မဟုတ်ဘူးလို့ ဖြေမှာပဲဆရာ။ အဲဒီလိုဖြေလို့ ကျွန်မကို သေဒဏ်ပေးမယ်ဆိုလည်းခံမယ် ”

နီ - “ ကောင်းပြီလေ ဒါဆိုလည်း တရားမစွဲခင် တတ်နိုင်သမျှ သေချာအောင် စစ်ဆေးကြည့်ရှုဖို့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေပုံစံကို ကျွန်တော်နှိပ်ယူမယ်နော် ”

မြိုင် - “ ရပါတယ်၊ ယူပါဆရာ။ ကျွန်မ ဘာလုပ်ပေးရမလဲသာ ပြောပါဆရာ ”

ထို့နောက် ကျွန်တော်ကအသင့်ယူလာသော A4 စာရွက်အဖြူပေါ်တွင် တံဆိပ်တုံးနှိပ်သည့် မင်ဘူးအမည်းရောင်ဖြင့် ဒေါ်ခင်မြိုင်၏ လက်ဝဲဘက် လက်မပုံစံ (၅) ခု (၆) ခုခန့်နှင့် ကျန်လက်ချောင်း အားလုံး လက်ဗွေပုံစံကို နှိပ်ယူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်တော်ရယ်၊ ဆရာဦးသိန်းလွင်ရယ်၊ ကိုထက်ဝင်းရယ်၊ ဒေါ်ခင်မြိုင်ရယ် (၄) ဦး အပြန်အလှန် မေးကြပြောကြရာ ညနေအတော်စောင်းသွားပါသည်။ မှတ်မှတ်ရရ ညနေ (၆) နာရီထိုးနေပြီ ဖြစ်ပါသည်။ ထိုအခါ ဆရာဦးသိန်းလွင် က ညနေစောင်းသွားသည်ကို ထူးခြားသည့်ကိစ္စသဖွယ် အကြောင်းပြပြီး ကျွန်တော့်အား-

" ဆရာရေ၊ ညနေတော်တော်စောင်းသွားပြီဆိုတော့ ဒီအတိုင်းပြန်လို့ မသင့်တော့ဘူး "

ဟု စကားစလာပါသည်။

ကျွန်တော်က -

" ဘာဖြစ်လို့လဲ နောင်တော်ကြီး၊ အစောကြီးရှိသေးတယ်။ ကျွန်တော် ရုံးမပြန်တော့ဘူး၊ အိမ်ပဲတန်းပြန်တော့မယ် "

ဟု ပြောရာ ဦးသိန်းလွင် က ကျွန်တော့်စကားကို လုံးဝလက်မခံဘဲ သူ့ဇနီး ဒေါ်ခင်ဝင်းဘက်လှည့်ကာ -

" မခင်ဝင်း ရေ၊ အစ်ကို ရေခဲသေတ္တာထဲမှာစိမ်ထားတာလေးတွေ အေးလောက်ပြီကွ "

ဟုပြောဆိုပြီး သူ့ဆန္ဒကို ကျွန်တော်အား ပြုစုလိုသည့်ဆန္ဒနှင့် ရောနှောကာ မခင်ဝင်းအား အကြော်လေး၊ အလှော်လေး စီမံခိုင်းပါတော့သည်။ ကျွန်တော်ကလည်း အားနာတတ်သူဆိုတော့ ဦးသိန်းလွင် ပြုသမျှ နုရသည်မှာ ည ၉ နာရီကျော်မှ ဝိုင်းသိမ်းခဲ့ရပါတော့သည်။

ЖЖЖЖЖ

(၂) ရက် (၃) ရက်ခန့်ကြာပြီးနောက် နေ့ခင်းဘက် (၁) နာရီလောက် ကျွန်တော်က ဦးသိန်းလွင် ထံ ဖုန်းဆက်ပြီး -

" နောင်တော်ကြီးရေ အားရဲ့လား။ ဒေါ်ခင်မြိုင် ရဲ့အမှုကိစ္စ နှစ်ယောက်ထဲ ပြောချင်လို့ "

ဟု ပြောရာ ဦးသိန်းလွင်က -

www.burmeseclassic.com

www.burmeseclassic.com



" အခုတော့အားပါတယ်၊ ညနေ (၄) နာရီမှာတော့ သင်တန်းရှိတယ်။ မောင်ထက်ဝင်းပါ ခေါ်ခဲ့မယ်လေ "

ဟု ပြောလာပါသည်။ ကျွန်တော်က -

" ကိုထက်ဝင်းနဲ့ နောက်မှပြောကြတာပေါ့။ နောင်တော်ကြီးနဲ့ အရင် ပြောချင်တယ်။ အမှုသည်ဆိုတာက သူ့အမှုကောင်းတယ်၊ နိုင်မယ်ပြောရင် ကြိုက်ကြပြီး မကောင်းဘူး၊ မလွယ်ဘူးပြောရင် မကြိုက်ကြဘူးဗျ။ ဒါကြောင့် ကျွန်တော်တို့ချင်း အရင်ပြောရအောင် "

ဟု ပြန်ရှင်းပြရာ ဦးသိန်းလွင် က လက်မခံဘဲ မောင်ထက်ဝင်း ဟာ ဆရာဝန်တစ်ဦး ဖြစ်ကြောင်း၊ နားလည်မှုရှိကြောင်း၊ အကောင်းအဆိုးအားလုံးကို အသိပေးသင့်ကြောင်း ပြန်ပြောသဖြင့် ကျွန်တော်က -

" ဒါဖြင့်လဲ ခေါ်လာခဲ့ပေါ့ဆရာ "

ဟု ကိစ္စဖြတ်လိုက်ပါသည်။

နေ့ခင်း (၁) နာရီခွဲလောက်ခန့်တွင် ဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ ကျွန်တော့်ထံ ရောက်လာကြပါသည်။ သူ့တို့ ရောက်လာကြသည်နှင့် ကျွန်တော်က

" ဆရာတို့ရေ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေမူရင်းနဲ့ စာချုပ်တွေမှာရှိတဲ့ လက်ဗွေ ပုံစံတွေကို အချိန်တော်တော်ကြာကြာယူပြီး တိုက်ဆိုင်ကြည့်ရှုပြီးပြီ။ ကျွန်တော် တွေ့ရသလောက်တော့ စာချုပ် (၂) စောင်က လက်ဗွေ (၂) ခု ဟာလည်း တစ်ခုနဲ့တစ်ခုမတူသလို ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေနဲ့လည်း တစ်ခုမှ မတူဘူးဗျ။ အချုပ်ပြောရရင် လက်ဗွေ (၃) ခုဟာ (၃) မျိုးဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်။ ဆရာတို့လည်း ကြည့်ကြပါအုံး "

ဟုပြောပြီး ဓါတ်ပုံဆိုင်သို့ ကျွန်တော်သွားရောက်၍ ကင်မရာအကောင်းစားဖြင့် ပုံကြီးချဲ့ရိုက်ထားသော လက်ဗွေပုံစံများကို သူတို့ကို ပေးကြည့်ပါသည်။

သူတို့နှစ်ဦးလည်း ဘာစကားမျှမပြောဘဲ အချိန်တော်တော်ကြာကြာ လေ့လာကြည့်ရှုကြပါသည်။ ကိုထက်ဝင်းက ဆရာဝန်ပီပီ ပိုပြီးဂရုတစိုက်ကြည့် စစ်ဆေးနေသည်ကို တွေ့ရပါသည်။ ကိုထက်ဝင်းက စတင်၍ -

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်ဆရာ၊ လက်ဗွေ (၃) ခု တစ်ခုနဲ့တစ်ခု လုံးဝမတူဘူး "

ဟု ဝမ်းသာအားရလေသံဖြင့် ပြောလာပါသည်။ ဦးသိန်းလွင် ကလည်း မတူဟု ထင်ကြောင်း ထောက်ခံပြောဆိုပါသည်။

ထို့နောက် ကျွန်တော်က -

" ဒီလက်ဗွေတွေကို ကျွန်တော်အထပ်ထပ်အခါခါ ကြည့်နေတာ (၂) ရက် ရှိပြီ။ ဘယ်လိုကြည့်ကြည့် မတူဘူးလို့ဘဲ တွေ့နေရတယ်။ ကျွန်တော်ဟာ မတူစေချင်တဲ့လူမို့လို့ စိတ်စွဲနေသလားရှင်းသွားအောင် ခင်ဗျားတို့ကို ကြည့်ခိုင်းတာပါ။ အခုတော့ ရှင်းသွားပါပြီ "

" ဒီလိုဆို ကျွန်တော်တို့ အမှုအနိုင်ရဖို့ သေချာပြီပေါ့ဆရာ၊ ဟုတ်လား "

ဟု ကိုထက်ဝင်းက အလောတကြီး မေးမြန်းလာပါသည်။ ကျွန်တော်က -

" ဒီအကြောင်းပြောချင်လို့ ခေါ်တာပဲ ကိုထက်ဝင်း၊ လက်ဗွေတွေ မတူဘူး ဆိုတာ ကျွန်တော်တို့ရဲ့အမြင်လေ၊ ကျွန်တော်တို့အမြင်က တရားမဝင်ဘူး။ ဥပဒေအမြင်နဲ့ကြည့်ရမှာ ကိုထက်ဝင်းရဲ့ "

" ဥပဒေအမြင်ဆိုတာ ဘာလဲဆရာ "

" အဲဒါရှင်းရရင် သိပ်ရှည်လိမ့်မယ် ကိုထက်ဝင်း၊ ကျွန်တော် အတိုချုပ်ပဲ ပြောပြမယ်။ လက်ဗွေ (၂) ခု တစ်ခုနဲ့တစ်ခု တူမတူဆိုတာကို ကျွန်တော်တို့၊ ခင်ဗျားတို့မှာ ထင်မြင်ချက်ပေးနိုင်တဲ့ အခွင့်အာဏာမရှိဘူးဗျ။ လက်ဗွေ ပါရဂူလို့ခေါ်တဲ့ တရားဝင်အသိအမှတ်ပြုခံရတဲ့ ပုဂ္ဂိုလ်မျိုးကသာ ထင်မြင်ချက်ပေးနိုင်ပြီး၊ သူပေးတဲ့ထင်မြင်ချက်သာ တရားဝင်တယ်။ သူ့ရဲ့ထင်မြင်ချက်ကိုပဲ တရားရုံးက လက်ခံမှာဖြစ်တယ်။ သူက တူတယ်လို့ ပြောရင် ရုံးက တူတယ်လို့ မှတ်ယူမှာဖြစ်ပြီး၊ သူက မတူဘူးလို့ပြောရင် တရားရုံးကလည်း မတူဘူးလို့ ဆုံးဖြတ်မှာဖြစ်တယ်။ အဲဒါကို ကျွန်တော် ရှင်းပြချင်တာပဲ ကိုထက်ဝင်းရေ "

" ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမှာလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ပထမဆုံးလုပ်ရမှာက ဒီစာချုပ်တွေ တရားမဝင်ပျက်ပြယ်ကြောင်း တရားစွဲရမယ်။ တရားစွဲပြီးနောက်မှ မြန်မာလို " မှုခင်းတပ်ဖွဲ့ " လို့ခေါ်တဲ့ CID ရုံးကို ဒီစာချုပ်နဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေပုံစံတွေပေးပို့ပြီး စစ်ဆေးပေးဖို့ ရုံးကိုလျှောက်ရမယ်။ ရုံးကလည်းပို့ပေးမှာပါပဲ။ ဒါပေမဲ့ "

" ဒါပေမဲ့ဆိုတာက ဘာဖြစ်လို့လဲဆရာ "

" မလောပါနဲ့ ကိုထက်ဝင်း ပြောပါ့မယ်။ ဒါပေမဲ့ဆိုတာ CID က ဘယ်လို ထင်မြင်ချက်မျိုး ပေးလာမလဲဆိုတာ ကျွန်တော်မပြောနိုင်ဘူး။ သူတို့က အင်မတန်ကောင်းတဲ့ ကင်မရာတွေ၊ မှန်ဘီလူးတွေနဲ့စစ်မှာ၊ ပညာရှင်တွေ အဆင့်ဆင့်စစ်ကြမှာ။ သူတို့ရဲ့ စစ်ဆေးတွေ့ရှိချက်အရ တူတယ်လို့ ထင်မြင်ချက် ပေးခဲ့ရင်တော့ ကျွန်တော်တို့အမှု မလွယ်တော့ဘူး။ အဲဒါကို ပြောချင်လို့ ခင်ဗျားတို့ကိုခေါ်တာပဲ ကိုထက်ဝင်း "

ကျွန်တော်က ကိုထက်ဝင်းအား ရှင်းပြပြီးသည်နှင့် ဦးသိန်းလွင်က နာရီကို ကြည့်ပြီး သူ့ကျောင်းချိန်နီးပြီဖြစ်ကြောင်း ပြောဆိုကာ နောင်ဖြစ်လာမဲ့ကိစ္စကို ကံတရားအတိုင်းသာ ထားသင့်ကြောင်း၊ လောလောဆယ်လုပ်သင့်တာ အရင် လုပ်သင့်ကြောင်း ဝင်ရောက်ပြောဆိုပါသည်။ ကိုထက်ဝင်း က အမှုစွဲပေးပါရန်နှင့် ကုန်ကျစရိတ်များ သူတာဝန်ယူပါကြောင်း ပြောလာပါသည်။

ဒေါ်ခင်မြိုင် ရဲ့အမှုကိစ္စ ကျွန်တော့်အနေဖြင့် တရားစွဲဆိုပေးရန်မှတစ်ပါး အခြားရွေးချယ်စရာ အခွင့်အလမ်း မရှိတော့ပါ။ သို့သော်လည်း ကျွန်တော့်စိတ်ထဲ မှာတော့ စိုးရိမ်စိတ်အပြည့်ဖြင့် ပူပန်လျက် ရှိနေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ဒေါ်ခင်မြိုင် တရားစွဲပြီ

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံး၌ ဒေါ်ခင်မြိုင် ကိုယ်စား ကျွန်တော်အမှုဖွင့်ခဲ့ပါသည်။ အမှုနံပါတ်မှာ ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ်-၃၈ (ဂ)/၁၉၉၀ ဖြစ်ပြီး၊ ရန်ကုန်တိုင်း၊ လက်ထောက် တိုင်းတရားသူကြီးရုံး၊ အမှတ် (၃၀) က အမှုလက်ခံ စစ်ဆေးမည်ဖြစ်ပါသည်။

ဒေါ်ခင်မြိုင် တရားစွဲဆိုသည့်လျှောက်လွှာ (အဆိုလွှာ) တွင် ဖော်ပြ ထားသောအကြောင်းအရာများကို လျှောက်လွှာတွင် ရေးသားထားသည့်အတိုင်း ဖော်ပြရပါက တရားရုံးပုံစံဆန်နေပြီး ရှည်လျားကာ စာဖတ်သူများ ရှုပ်ထွေးသွားနိုင် သဖြင့် လိုရင်းအချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။

**အမှုခေါင်းစဉ်မှာ** - " စာချုပ်စာတမ်းများ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် ယင်းစာချုပ်များကို ပယ်ဖျက်ပေးရန် စွဲဆိုမှု " ဟု ဖော်ပြစွဲဆိုထား ပါသည်။ လျှောက်လွှာတွင် -

- တရားလို ဒေါ်ခင်မြိုင်က တရားပြိုင် (၁) ဦးစိန်သန်းထံမှ ၁၉၅၇ ခုနှစ် တွင် ငွေကျပ် ၃၀၀၀၀/- ချေးယူခဲ့ပြီး၊ အမှုဖြစ်အိမ်မြေ ဂရန်စာချုပ်နှင့် ဒေါ်ခင်မြိုင် အမည်ဖြင့် ဝယ်ယူထားသော စာချုပ်များကို အာမခံအဖြစ် ပေးအပ်ခဲ့ကြောင်း၊ ထို့နောက်ပိုင်း တရားစွဲဆိုချိန်အထိ တရားလို

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မြိုင်နှင့် တရားပြိုင် ဦးစိန်သန်းတို့ မတွေ့ဆုံကြတော့ကြောင်း၊

- ၁၉၈၉ ခုနှစ်တွင် အမှတ် (၂) တရားပြိုင် ဦးအောင်ထွန်းက မြေခွန်ပြေစာ အမည်ပြောင်းလျှောက်ထားလာသည့်အတွက် စုံစမ်းရာမှ အဆိုပါ အိမ်နှင့်မြေကို ဒေါ်ခင်မြိုင်မှ ဦးစိန်သန်းအား ရောင်းချထားသည် ဆိုသည့် စာချုပ်ကိုတွေ့မြင်သိရှိခဲ့ရကြောင်း၊ တစ်ဖန် ဦးစိန်သန်းက ထိုမြေနှင့်အိမ်ကို တူဖြစ်သူ ဦးအောင်ထွန်း ဆိုသူအား ထပ်မံလွှဲပြောင်း ပေးထားသည်ကို တွေ့ရကြောင်း၊

- ထို့ပြင် ထိုအိမ်နှင့်မြေကို ဦးစိန်သန်းက ဒေါ်ခင်မြိုင်အား အငှား ချထားသည့်စာချုပ်ကိုလည်း တွေ့ရကြောင်း၊ အဆိုပါ အိမ်နှင့်မြေမှာ မိသားစုပိုင်ဖြစ်၍ တရားလို ဒေါ်ခင်မြိုင် အနေဖြင့် ရောင်းချခွင့် မရှိသကဲ့သို့ မည်သူ့ကိုမျှလည်း ရောင်းချခဲ့ခြင်းမရှိကြောင်း၊

- ပြန်လည်ငှားယူထားသည်ဆိုသည်မှာလည်း မမှန်ကြောင်း၊ ဒေါ်ခင်မြိုင်က ဦးစိန်သန်းကို ရောင်းထားသည်ဆိုသည့် စာချုပ်နှင့် ဒေါ်ခင်မြိုင်က ဦးစိန်သန်း ထံမှ ငှားယူထားသည်ဆိုသည့် စာချုပ်များမှာ မမှန်မကန် ပြုလုပ်ထားသည့် စာချုပ်များဖြစ်ကြောင်း၊

- ထိုကိစ္စနှင့်ပတ်သက်၍ လာရောက်ဖြေရှင်းရန် ဦးစိန်သန်းထံ အကြောင်း ကြားစာပေးပို့ခဲ့သော်လည်း လာရောက် မဖြေရှင်းခဲ့ကြောင်း၊ အထက်ပါ အကြောင်းများကြောင့် အရောင်းစာချုပ် မှတ်ပုံတင်အမှတ်-၇၃/၅ နှင့် (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားကတိစာချုပ်တို့အား ပယ်ဖျက် ပေးပါမည့်အကြောင်း ဖော်ပြ၍ စွဲဆိုခဲ့ပါသည်။

တရားမစွဲမီ ကျွန်တော်က ဦးစိန်သန်းထံ နို့တစ်စာ ပေးပို့ခဲ့သေးသော်လည် အကြောင်းပြန်ကြားစာ မလာသည့်အခါမှ အမှုဖွင့်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ဘက်က အမှုဖွင့်ပြီးနောက် ထုံးစံအတိုင်း တရားရုံး တရားစွဲခံရသူ (တရားပြိုင်) များဖြစ်သည့် ဦးစိန်သန်းနှင့် ဦးအောင်ထွန်း သမ္မန်စာများ ချအပ်ဆင့်ဆိုခဲ့ရာ ဦးစိန်သန်းက ရှေ့နေကြီးတစ်ဦးနှင့် ဦးအောင်ထွန်း ရှေ့နေကြီးတစ်ဦး၊ အစရှိသည့်ရှေ့နေကြီး (၂) ဦးတို့က တရားပြိုင်များဘက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါကြမည် ဖြစ်ကြောင်း ကိုယ်စားလှယ်လွှဲစာများ တင်သွင်းလာသည်ကို တွေ့ရပါသည်။

(၁) တရားပြိုင် ဦးစိန်သန်း အတွက် လိုက်ပါမည့်ရှေ့နေကြီးမှာ တရားရုံးချုပ်ရှေ့နေကြီး ဦးမောင်မြင့် ဖြစ်ပါသည်။ အလွန်နာမည်ကြီးသည့် ဝါရင့်ရှေ့နေကြီးဖြစ်ပြီး၊ လိုင်စင်နံပါတ် (၉၀၀) ကျော် ဖြစ်ပါသည်။ (၂) တရားပြိုင် ဦးအောင်ထွန်း အတွက် လိုက်ပါမည့်ရှေ့နေကြီးမှာ တရားရုံးချုပ်ရှေ့နေကြီး ဦးလှအောင် ဖြစ်ပါသည်။ ရှေ့နေချုပ်ရုံးမှ အထက်တန်းအမှုလိုက် ရှေ့နေကြီးဘဝမှ အငြိမ်းစားယူခဲ့ပြီးနောက် ရှေ့နေလိုက်နေသော နာမည်ကြီးရှေ့နေကြီးတစ်ဦး ဖြစ်၍၊ လိုင်စင်နံပါတ် (၈၀၀) ကျော် ဖြစ်ပါသည်။

တရားပြိုင်များဘက်မှ အလွန်နာမည်ကြီး၍၊ အလွန်ဝါရင့်နေပြီဖြစ်သော ရှေ့နေကြီးများနှင့်ပြိုင်၍ ကျွန်တော်က တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ပေးရမည်ဖြစ်ရာ ဆင်နှင့်ဆိတ်သဖွယ် ဖြစ်နေပါသည်။ စိုးရိမ်ပူပန်စိတ် တစ်ချိန်လုံး ခံစားနေရပါသည်။

တရားရုံးရှေ့တွင် အမှုသည်များ၊ ရှေ့နေများ၊ စုံညီကြပြီးနောက် တရားပြိုင်များ (တရားစွဲခံရသူများ) ဘက်မှ ချေပလွှာ တင်သွင်းပါသည်။ အဆိုပါ ချေလွှာကို မူရင်းအတိုင်း တင်ပြရပါက ရှုံးပုံစံဆန်နေပြီး ရှည်လျားသဖြင့် လိုရင်းကို အတိုချုပ်၍ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

- တရားလို ဒေါ်ခင်မြိုင်က အဆိုပါ အိမ်နှင့်မြေကို စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် တရားဝင်ချုပ်ဆို ရောင်းချခဲ့ခြင်း ဖြစ်ကြောင်း၊ ရောင်းပြီးနောက် ဆွေမျိုးများကိုထား၍ ပြောင်းသွားခြင်းဖြစ်ကြောင်း၊ (၂) တရားပြိုင်က မြေခွန်အမည်ပြောင်းရန် ပြုလုပ်ခြင်းမှာ တရားဝင်ပိုင်ဆိုင်၍ဖြစ်ကြောင်း၊ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်မှာလည်း တရားဝင်ချုပ်ဆိုထားသောစာချုပ်ဖြစ်ကြောင်း၊ စာချုပ်များမှာ တရားဝင်စာချုပ်များဖြစ်၍ ပယ်ဖျက်သည့်အမိန့် မရထိုက်ကြောင်း၊ အမှုမှာလည်း ကာလစည်းကမ်းသတ် ရက်များစွာကျော်လွန်ပြီးမှ စွဲဆိုလာခြင်းဖြစ်၍ လက်မခံသင့်ကြောင်း စသည်ဖြင့် ချေပခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားလို ဒေါ်ခင်မြိုင် ဘက်မှစွဲဆိုသည့် လျှောက်လွှာနှင့် တရားပြိုင် ဦးစိန်သန်း တို့ဘက်မှ ချေပသည့် ချေပလွှာတို့အပေါ် တရားရုံးက စိစစ်သုံးသပ်ပြီး တရားလိုနှင့် တရားပြိုင်တို့အား အဆုံးအဖြတ်ပေးရမည့် အငြင်းပွားပြဿနာများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ငြင်းချက်များထုတ်နုတ်ပေးခဲ့ပါသည်။

(၁) ဒေါ်ခင်မြိုင်က ဦးစိန်သန်းအား အချင်းဖြစ် အိမ်နှင့်မြေကို ရောင်းချခဲ့သည်ဆိုသည့် မှတ်ပုံတင်စာချုပ်အမှတ်-၇၃/၅၈ နှင့် (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်များသည် မမှန်မကန် ပြုလုပ်ထားသော စာချုပ်များဖြစ်၍ ပျက်ပျယ်သည့်စာချုပ်များ ဟုတ်မဟုတ်။

(၂) တရားလိုဒေါ်ခင်မြိုင် စွဲဆိုသည့်အမှု ကာလစည်းကမ်းသတ်ကျော်မကျော်။

(၃) တရားလို မည်သည့်သက်သာခွင့် ရထိုက်သနည်း။

အထက်ပါငြင်းချက် (၃) ရပ်ကို တရားရုံးက ထုတ်နုတ်ပေးပြီးနောက် အမှုကို တရားလိုဘက်မှ စတင်စစ်ဆေးမည်ဟု အမိန့်ချခဲ့ပါသည်။

(မှတ်ချက် - တရားလိုဘက်မှ စတင်စစ်ဆေးမည်ဆိုခြင်းမှာ တရားလိုနှင့် တရားလိုဘက်မှတင်ပြသည့် သက်သေများ၊ စာရွက်စာတမ်းများကို ပထမဦးစွာ လက်ခံကြားနာ စစ်ဆေးမည်ဖြစ်ပြီး၊ နောက်မှ တရားပြိုင်များနှင့် တရားပြိုင်များဘက်မှတင်ပြသည့် သက်သေများ၊ စာရွက်စာတမ်းများကို စစ်ဆေးရယူမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ )

မြန်မာနိုင်ငံ တရားစီရင်ရေးဆိုင်ရာ ဥပဒေများအရ တရားမမှု စစ်ဆေးခြင်းနှင့် ပြစ်မှု (ရာဇဝတ်မှု) စစ်ဆေးခြင်းတို့မှာ တစ်မျိုးနှင့်တစ်မျိုး မတူကြပါ။ ရာဇဝတ်မှုများတွင် တရားခံ (စွဲဆိုခံရသူ) ရုံးရှေ့ရောက်သည်နှင့် အမှုစစ်ဆေးသည့်လုပ်ငန်းစတင်ပါသည်။ တရားမမှုများတွင် ထိုသို့မဟုတ်ပါ။ တရားစွဲခံရသူ ရုံးရှေ့ရောက်ပြီးနောက် ချက်ချင်းအမှုမစစ်ပါ။ စာရွက်စာတမ်းများ အပြန်အလှန်တင်ကြသည့်ကိစ္စများ၊ (Paper Work ဟုခေါ်သည့်ကိစ္စရပ်များ) ဦးစွာလုပ်ဆောင်ရပါသည်။ ထိုကိစ္စများပြီးဆုံးပြီးနောက် တရားရုံးက ငြင်းချက် သို့မဟုတ် ကောက်ချက်များ ထုတ်ပေးရပါသည်။ ထိုကဲ့သို့ ကောက်ချက် သို့မဟုတ် ငြင်းချက်များထုတ်ပြီးနောက် အမှုစစ်ဆေးခြင်း၊ တစ်နည်းအားဖြင့် အမှုသည်များ၊ သက်သေများ စစ်ဆေးခြင်း လုပ်ငန်းကို လုပ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်စာတမ်းများ အပြန်အလှန်တင်ကြသည့်ကိစ္စရပ်များကို ရေးသား ဖော်ပြနေပါက ရှည်လျားပြီး ထွေပြားသွားနိုင်သဖြင့် အကျယ်မဖော်ပြတော့ဘဲ အကျဉ်းချုပ်သာ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

■■■■■

## အမှုစတင်စစ်ဆေးပြီ

တရားရုံးအမိန့်အရ တရားလိုဘက်မှ အမှုကို စတင်စစ်ဆေးရမည်ဖြစ်၍ ပထမဦးစွာ ဒေါ်ခင်မြိုင် ကို စစ်ရန်ဖြစ်ပါသည်။ သို့သော် ဒေါ်ခင်မြိုင် မှာ မသန်စွမ်းသူ ဖြစ်နေ၍ ရုံးရှေ့မကြာခဏ လာရောက်ရန် အခက်အခဲရှိသဖြင့် ဒေါ်ခင်မြိုင် ကိုယ်စား အစစ်ခံရန်အတွက် ဦးစိုးကျော် (ဒေါ်ခင်မြိုင်၏ ဆွေမျိုးသားချင်းတစ်ဦးဖြစ်သူ) ကို ဒေါ်ခင်မြိုင်၏ အခွင့်ရကိုယ်စားလှယ်အဖြစ် လက်ခံခွင့်ပြုပေးရန် တရားရုံးသို့ လျှောက်ထားခဲ့ရာ တရားရုံးကခွင့်ပြုခဲ့ပြီး (၂၃-၄-၉၀) နေ့တွင် တရားလို ဒေါ်ခင်မြိုင် ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးစိုးကျော်အား စစ်ဆေး၍ သက်သေခံချက်များ ရယူခဲ့ ပါသည်။

(တရားလို၏ ထွက်ဆိုချက်များမှာ ရှေ့တွင်ဖော်ပြထားသည့် ဒေါက်တာ ထက်ဝင်းနှင့် ဒေါ်ခင်မြိုင် တို့က ကျွန်တော့်အား ပြောပြခဲ့သည့်အကြောင်းအရာများ အတိုင်းဖြစ်၍ အကျယ်တဝင့် ထပ်မံဖော်ပြခြင်းမပြုတော့ပါ။)

(၂-၅-၉၀) ရက်နေ့ရုံးချိန်းတွင် တရားလိုပြသက်သေများကို စတင် စစ်ဆေးရန်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်က အမှုတွင် အငြင်းပွားနေသော စာချုပ် (၂) စောင်ပေါ်ရှိ လက်ဗွေနှင့် လက်မှတ်များမှာ ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့် လက်မှတ်များဟုတ်မဟုတ် C.I.D (မှုခင်းတပ်ဖွဲ့) သို့ ဦးစွာပေးပို့၍ စစ်ဆေးပေးပါမည့် အကြောင်း လျှောက်လွှာတင်ခဲ့ပါသည်။ ကျွန်တော်၏ လျှောက်လွှာအပေါ် တရားပြိုင်များ၏ရှေ့နေများက ကန့်ကွက်ခဲ့ကြသော်လည်း တရားရုံးတော်က ကန့်ကွက်ချက်ကိုလက်မခံဘဲ ကျွန်တော်လျှောက်ထားသည့်အတိုင်း C.I.D သို့ ပေးပို့မည်ဖြစ်ကြောင်းနှင့် လက်ဗွေပုံစံများ ရယူရန်အတွက် ဒေါ်ခင်မြိုင်ကို ရုံးရှေ့ ခေါ်ဆောင်လာရန် အမိန့်ကို ချမှတ်ပေးခဲ့ပါသည်။ C.I.D မှ ပြန်ကြားချက် စောင့်ဆိုင်း နေစဉ် အမှုကိုဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း နှစ်ဘက်လုံးကို အသိပေးခဲ့ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရုံးချိန်းတွင် ဒေါ်ခင်မြိုင် ရုံးရှေ့ရောက်ရှိလာရာ တရားသူကြီးကိုယ်တိုင် ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့် လက်မှတ်ပုံစံများကို ရယူပြီးနောက် တိုက်ဆိုင်စစ်ဆေးပြီး ထင်မြင်ချက်ပေးရန်အတွက် အမှုတွဲရှိစာချုပ်စာတမ်းများနှင့်အတူ C.I.D သို့ (၁၄-၆-၁၉၉၀) နေ့တွင် ပေးပို့ခဲ့ပါသည်။

ဒေါ်ခင်မြိုင် ဘက်မှ တရားလိုပြသက်သေများအဖြစ် ဦးနောင်နောင် (ဒေါ်ခင်မြိုင်၏ တူတော်စပ်သူ) နှင့် ဒေါ်ခင်မြိုင်၏ မောင်ဖြစ်သူ ဦးမြင့်နိုင်တို့ နှစ်ဦးမှ အစစ်ခံထွက်ဆိုချက်များ ပေးခဲ့ပါသည်။ ထိုသက်သေနှစ်ဦးသည် မိမိတို့သိရှိသည့်အကြောင်းအရာများကိုသာ ထွက်ဆိုကြသူများဖြစ်ပြီး ဒေါ်ခင်မြိုင်အား ထောက်ခံထွက်ဆိုခဲ့ကြပါသည်။

(မှတ်ချက် - တရားလိုပြသက်သေနှစ်ဦးလုံးသည် ဒေါ်ခင်မြိုင်၏ ဆွေမျိုးအရင်းအချာများဖြစ်ကြ၍ ထိုသူတို့၏ထွက်ဆိုချက်များကို အခြားလွတ်လပ်သည့်သက်သေများ၏ ထွက်ချက်နှင့် တန်းတူတန်ဘိုးထားမရပါ။ )

ကျွန်တော်တို့ တရားလိုဘက်ကတင်ပြသည့် သက်သေအချို့ကို (၁၃-၇-၁၉၉၀) နေ့တွင် စစ်ဆေးပြီးခဲ့ပါသည်။ ထိုသို့စစ်ဆေးပြီးနောက် များမကြာမီ (၃၀-၇-၁၉၉၀) နေ့တွင် လက်ဗွေပြဿနာနှင့်ပတ်သက်၍ C.I.D မှ ပေးပို့လာသည့် တရားဝင် ထင်မြင်ချက် တရားရုံးသို့ရောက်ရှိလာပါသည်။

❖❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## C.I.D ထင်မြင်ချက်နှင့် နောက်ဆက်တွဲဖြစ်ရပ်များ

ဒေါ်ခင်မြိုင်၏ အမှုတွင် ကျွန်တော့်အတွက် အရေးကြီးဆုံးအချက်မှာ ကျွန်တော် ထင်မြင်ယူဆထားသကဲ့သို့ ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်နှင့် အငြင်းပွားနေသည့် စာချုပ် (၂) စောင်ပေါ်ရှိ လက်ဗွေများသည် တစ်ခုနှင့်တစ်ခုမတူပါဟု C.I.D မှ ပြန်ကြားပေးစေလိုသည့်အချက်ပင် ဖြစ်ပါသည်။

ယခု ကျွန်တော်မျှော်လင့်အားထားနေသော C.I.D ၏ ပြန်ကြားစာ တရားရုံးသို့ (၃၀-၇-၉၀) ရက်စွဲပါ ချိတ်ပိတ်ထားသော စာအိတ်ဖြင့် ရောက်ရှိလာပြီ ဖြစ်ပါသည်။

(၁၀-၈-၉၀) နေ့ ရုံးချိန်းရက်တွင် တရားခွင်၌ တရားသူကြီး က C.I.D မှ ပြန်ကြားပေးပို့လာသော စာအိတ်ကိုဖောက်၍ဖတ်ရှုပြီး နှစ်ဘက်အမှုသည်များနှင့် ရှေ့နေများကို အသိပေးပြောကြားပါသည်။

C.I.D မှ ပေးပို့လာသော ပြန်ကြားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အင်း စိန် မှု ခင်း တပ် ဖွဲ့ မှူး ရုံး

ရုံးအမှတ်တံဆိပ် စာအမှတ် ။ - - -

ရက် စွဲ ။ ၁၉၉၀ ခု၊ ဇူလိုင်လ ၃၀ ရက်။

www.burmeseclassic.com

www.burmeseclassic.com



သို့

တွဲဖက်တိုင်းတရားသူကြီး (၃၀)
ရန်ကုန်တိုင်းတရားရုံး၊ ရန်ကုန်မြို့။

အကြောင်းအရာ ။ ထင်မြင်ချက်မိတ္တူ ပေးပို့ခြင်း။

ရည် ညွှန်း ချက် ။ ၎င်း၏ - - ရက်စွဲပါ စာအမှတ် ရန်ကုန်တိုင်းတရားရုံး (တရားမ) ရုံး၏ တရားမကြီးမှုအမှတ် ၃၈ (ဂ)/၉၀။

သိပ္ပံဆိုင်ရာကျွမ်းကျင်သူအရာရှိ၏ ထင်မြင်ချက်မိတ္တူကို ပေးပို့ပါသည်။

သက်သေခံပစ္စည်းကို တစ်ပါတည်းပေးပို့ပါသည်။

× × ×
မှုခင်းတပ်ဖွဲ့မှူး (ကိုယ်စား)

၁၉၉၀ ခု၊ ဇူလိုင်လ ရက် ထင်မြင်ချက်အမှတ် -

၂၃-၁-၅၈ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှား ကတိစာချုပ်တို့ပေါ်ရှိ တရားလို " ဒေါ်ခင်မြိုင် " ၏လက်မှတ် (၂) ခု တို့နှင့် တရားရုံးရှေ့တွင်ရယူထားသည့် " ဒေါ်ခင်မြိုင် " ၏ နမူနာလက်ဝဲလက်မ ပုံစံများကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုရာ စာချုပ်နှစ်စောင်ပေါ်ရှိ တရားလို " ဒေါ်ခင်မြိုင် " ၏ လက်မှတ် (၂) ခုသည် " ဒေါ်ခင်မြိုင် " နမူနာလက်ဝဲလက်မပုံစံ နှင့် အသီးသီးတူ၍ ယင်းလက်ပုံစံများသည် လူတစ်ဦးတည်း၏ လက်တစ်ချောင်း တည်းမှ လက်ပုံစံများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

မှတ်ချက် ။ (၁) ၂၃-၁-၅၈ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်

(၂) ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားကတိစာချုပ်

(၃) " ဒေါ်ခင်မြိုင် " ၏ နမူနာ ဝဲယာလက်မပုံစံ (၂) စောင် တစ်ပါတည်း ပူးတွဲပေးပို့ပါသည်။

× × × / ၂၇-၇-၉၀

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ C.I.D ၏ ပြန်ကြားချက်ကို ဖတ်ကြည့်ပြီးနောက် ကျွန်တော် အလွန်အမင်း စိတ်ထိခိုက်ခံစားလိုက်ရပါတော့သည်။ " သဲထဲရေသွန်ပါက အရာထင်ကျန်ပါသေးသည်။ " ယခုမူ " အရာ " ပင် မကျန်လောက်အောင် ကျွန်တော့် မျှော်လင့်ချက်များ ဆုံးရှုံးသွားရသည့်အတွက် ကျွန်တော် အပြင်းအထန်ခံစားရခြင်း ဖြစ်မိပါသည်။ အမှုသည်များအဖို့ကား ဆိုဖွယ်ရာမရှိတော့ပြီ။

ထို (၁၀-၈-၉၀) ရုံးချိန်းနေ့တွင် တရားသူကြီးက နောက်ရုံးချိန်းရက်တွင် ကျန်ရှိနေသေးသော ကျွန်တော်တို့ဘက်ကသက်သေများကို ဆက်လက် စစ်ဆေးမည် ဖြစ်ကြောင်း သတိပေးပြောဆိုကာ နောက်ရုံးချိန်းရက်အဖြစ် (၂၀-၈-၉၀) နေ့ကို သတ်မှတ်ပေးလိုက်ပါသည်။

ရုံးချိန်းယူပြီးနောက် ကျွန်တော် မည်သူနှင့်မျှ စကားပြောလိုစိတ်မရှိတော့ပါ။ ကိုထက်ဝင်းလည်း အလွန်စိတ်ထိခိုက်နေပြီး၊ ကျွန်တော့်ကိုအားကိုးတကြီးဖြင့် မည်သို့ဆက်လုပ်ကြမည်ကို တစ်မေးတည်းမေးနေပါသည်။ ကျွန်တော်က မျက်နှာထား တင်းတင်းဖြင့် -

" ကိုထက်ဝင်း - ကျွန်တော် အခုအရမ်းသွေးပူနေတယ်။ ခုချိန်မှာ ကျွန်တော် ဘာစကားမှ မပြောချင်သေးဘူး၊ နောက်မှပြန်တွေ့ကြရအောင်ဗျာ "

ဟု ပြောလိုက်ရာ ကိုထက်ဝင်း ခမျာ စိတ်ထိခိုက်နေရာမှ စိတ်ဓါတ်ပါ အလွန်အမင်း ကျသွားသည့်ပုံမျိုးဖြစ်သွားသည်ကို တွေ့လိုက်ရပါသည်။ ထို့ကြောင့် ကျွန်တော်က ကိုထက်ဝင်း နည်းနည်းပါးပါး စိတ်သက်သာရာရစေရန်အလို့ငှာ ကမန်းကတန်း -

" ကိုထက်ဝင်း ရေ နည်းလမ်းတစ်ခုခုတော့ရှိအုံးမှာပါ။ ကျွန်တော် စဉ်းစား ပါအုံးမယ်၊ ဆရာ ဦးသိန်းလွင် ကျောင်းမှာ ညနေကျရင် ဆုံကြရအောင် "

ဟု ထပ်မံ ပြောဆိုလိုက်ရပါသည်။ ကိုထက်ဝင်း ကလည်း ဦးသိန်းလွင် ၏ကျောင်းမှ ညနေတွင် သူစောင့်နေမည်ဖြစ်ကြောင်း ပြန်ပြောပြီး ကျွန်တော်တို့ လမ်းခွဲ၍ ပြန်ခဲ့ကြပါသည်။

တရားရုံးမှ လမ်းလျှောက်၍ ကျွန်တော့်ရုံးခန်းသို့ ပြန်လာခဲ့ရာ တစ်လမ်းလုံး တနုံ့နုံ့ဖြင့်ခံစားနေရပြီး မည်သို့ဆက်လုပ်ရမည်ကို စဉ်းစားခဲ့ပါသည်။ အစကတည်းက မျှော်လင့်ချက်မထားခဲ့မိပါက ယခုလောက်ခံစားရမည်မဟုတ်ပါ။ ယခု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အလွန်မျှော်လင့်ခဲ့သည့်အချက် ဖြစ်မလာ၍ အပြင်းအထန် ခံစားနေရပါတော့သည်။ ကိုယ့်ဘက်က " ပိုင် " သည်၊ သေချာပေါက် အသာရမည်ဟုထင်၍ C.I.D ထင်မြင်ချက် တောင်းခံသည့်ဇာတ်လမ်းကို ကိုယ်ကစခဲ့ခြင်းဖြစ်ရာ ယခု " ကိုယ့်ရှုးကိုယ်ပတ် " သလိုဖြစ်နေပြီး၊ တဖက်ရှေ့နေကြီးများနှင့် အမှုသည်များ၏ မျက်နှာကို မကြည့်ရဲလောက်အောင် ရှက်သည့်စိတ်ကိုလည်း ခံစားနေရပါတော့သည်။

## ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ

(၁၀-၈-၉၀) နေ့ ညနေဘက် ဆရာဦးသိန်းလွင်၏ ကျောင်းဆင်းချိန် ၆ နာရီမတိုင်မီ ၅း၄၅ နာရီလောက်တွင် လွှစ္စလမ်း (ဆိပ်ကမ်းသာလမ်း) ရှိ ဆရာဦးသိန်းလွင်၏ အင်္ဂလိပ်စာသင်တန်းကျောင်းသို့ ကျွန်တော်ရောက်ပါသည်။ ကိုထက်ဝင်းမှာ ရောက်နှင့်နေပြီဖြစ်ပါသည်။ ကျွန်တော့်ကို ဆရာဦးသိန်းလွင် မြင်တော့ စာသင်နေရင်းက အသိအမှတ်ပြုသည့်အနေဖြင့် လက်ထောင်ပြပါသည်။ နောက် (၅) မိနစ်ခန့်အကြာ ဆရာဦးသိန်းလွင်က အတန်းဖြုတ်၍ ကျောင်းသားများကို ပြန်လွှတ်လိုက်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများ ရှင်းသွားပြီးနောက် ဆရာဦးသိန်းလွင်က ကျွန်တော်တို့ စားသောက်ရန်အတွက် သူ၏စာရေးများကို ပြောဆိုမှာကြား၍ စီစဉ်ပါသည်။ ထို့နောက် ကျွန်တော်နှင့် ကိုထက်ဝင်း တို့အား စာသင်ခန်းအတွင်း၌ထိုင်၍ စားသောက်ရင်း ပြောဆိုကြမည်ဟု ဖိတ်ခေါ်သဖြင့် ရုံးခန်းကျဉ်းကျဉ်းလေးထဲမှ စာသင်ခန်းမထဲသို့ ရွှေ့ပြောင်းထိုင်ကြပါသည်။

ထိုင်ပြီးကြသည်နှင့် ဆရာဦးသိန်းလွင် က -

" ဆရာရေ မောင်ထက်ဝင်း ပြောလို့ C.I.D ရဲ့ ထင်မြင်ချက် ပြန်ကြားစာကိုစွ ကျွန်တော် ကြားပြီးပြီ။ ဆရာ အရမ်းစိတ်ဓါတ်ကျနေတာကိုလည်း မောင်ထက်ဝင်း ပြောလို့ သိပြီးပြီ။ ဆရာ အဲဒီလိုခံစားရတာကို သိရလို့ ဆရာ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်ဗျာ။ ဒီအမှုကို ကျွန်တော်အပ်တာ ဆရာ့ကို ဒုက္ခပေးသလိုများ ဖြစ်သွားသလားလို့တော စဉ်းစားမိတယ် "

ဟု ပြောလာရာ ကျွန်တော်က စကားဖြတ်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



" ဆရာ ဒီလိုမပြောပါနဲ့ဗျာ၊ ဒီကိစ္စက သူ့ဘာသာသူဖြစ်လာတဲ့ကိစ္စတွေပါ။ ကျွန်တော်က ဒုက္ခမဖြစ်ပါဘူး။ ဒုက္ခဖြစ်နေတာက ကိုထက်ဝင်း တို့ပါ "

ဟု ပြောရင်းတစ်ဆက်တည်း -

" ကျွန်တော်တရားရုံးကပြန်လာပြီးကတည်းက ဒီကိစ္စပဲ တောက်လျှောက် စဉ်းစားနေတာ - - - - "

ဟု ပြောနေစဉ် ဦးသိန်းလွင်က

" ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရင်ကောင်းမလဲဆရာ။ ဒီအတိုင်းဆို အမှုနိုင်ဖို့လမ်း မရှိတော့ဘူးထင်တယ် "

ဟု သူ့အမြင်ကိုပြောရင်း မေးခွန်းလည်း မေးလာပါသည်။

ကျွန်တော် အတန်ကြာစဉ်းစားပြီးနောက် -

" တစ်နည်းတော့ရှိတယ်ဆရာ။ အဲဒါက ဒီထင်မြင်ချက်ကိုပေးတဲ့ C.I.D က အရာရှိကို သက်သေအနေနဲ့ ရုံးရှေ့ကိုဆင့်ခေါ်ပေးဖို့ လျှောက်မယ်ဗျာ။ အကြောင်းပြချက်ကတော့ C.I.D ရဲ့ ထင်မြင်ချက်အပေါ် ကျွန်တော်တို့ မကျေနပ်လို့ သူ့ကိုမေးခွန်းတွေမေးဖို့ရှိတယ်လို့ အကြောင်းပြရင်တော့ တရားမျှတမှုအတွက် ခေါ်ပေးမယ်လို့ ကျွန်တော်ထင်တယ် "

ဟု ပြောပြရာ၊ ကိုထက်ဝင်း က

" ဆရာက အဲဒီလိုခေါ်ပြီးမေးတော့လည်း သူတို့က သူတို့ပေးတဲ့ ထင်မြင်ချက်စာ အမှန်ပဲလို့ ပြောကြမှာပဲ၊ ဘာထူးမှာမို့လဲ "

ဟု မေးလာပါသည်။ ထိုအခါ ကျွန်တော်က -

" မှန်တာပေါ့ ကိုထက်ဝင်းရာ သူတို့ကတော့ သူတို့တရားဝင်ပေးပို့ခဲ့တဲ့ ထင်မြင်ချက်ကို မှားသွားပါတယ်ခင်ဗျာလို့ ဘယ်တော့မှာ ပြင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လို့ ရုံးရှေ့လာ အစစ်ခံတဲ့အခါမှာ ကျွန်တော်က သူပေးထားတဲ့ ထင်မြင်ချက်မမှန်ဘူးလို့ တရားရုံးက ယုံကြည် လက်ခံ လာအောင် ပြန်လှန်မေးခွန်းတွေ အမျိုးမျိုးမေးပြီး လုပ်နိုင်တဲ့နည်းတော့ ရှိသေးတာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြရာ ဆရာဦးသိန်းလွင်က -

" ဒါ သိပ်ကောင်းတဲ့နည်းလမ်းပဲဆရာ၊ ဘာလို့လဲဆိုတော့ ဒီလက်ဗွေတွေ တစ်ခုနဲ့တစ်ခု မတူဘူးဆိုတာ တရားမစွဲခင်ကတည်းက ကျွန်တော်တို့ အားလုံး ကြည့်ပြီးသား၊ သိပြီးသားပဲ။ တရားသူကြီးလည်း ကျွန်တော်တို့ မြင်သလို မြင်လာအောင် လုပ်နိုင်ရင် ကျွန်တော်တို့အတွက် မျှော်လင့်ချက် ရှိသေးတာပေါ့ "

ဟု ပြောလာရာ ကျွန်တော်က -

" ဟုတ်တယ်ဆရာ၊ မျှော်လင့်ချက်တော့ ရှိပါသေးတယ်၊ လမ်းဆုံးပြီလို့တော့ မပြောနိုင်သေးဘူးလို့ ဆိုရမှာပဲ။ ဒါပေမဲ့ အလွန်အရေးကြီးတဲ့ ပြဿနာ ကတော့ အဲဒီ လက်ဗွေပါရဂူဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို မေးခွန်းတွေ မေးဖို့ဆိုတဲ့ ကိစ္စပဲဗျ။ ကျွန်တော်က ဥပဒေသမားသက်သက်ဆိုတော့ လက်ဗွေပညာ ခတတ်ဘူး။ ဒီတော့ ကျွန်တော်တို့ သူ့ကိုမေးခွန်းတွေမမေးခင် ပထမဆုံး လက်ဗွေပညာနဲ့ဆိုင်တဲ့ အခြေခံသဘောတရားတွေကို အရင်လေ့လာ ရလိမ့်မယ်။ ကျွန်တော် နည်းနည်းပါးပါး တီးမိခေါက်မိရှိတော့မှ ကျွန်တော်ရဲ့ ရှေ့နေပညာနဲ့ပေါင်းပြီး သူ့ကိုမေးမှဖြစ်မယ် "

ဟု ပြောရာ ဦးသိန်းလွင်က -

" ဒီလိုဆိုရင် လက်ဗွေနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ကျွန်တော်တို့ ရှာဖွေဖို့လိုလာပြီပေါ့နော်။ မောင်ထက်ဝင်း - မင်းတို့ဆေးကျောင်းက စာကြည့်တိုက်မှာ လက်ဗွေနဲ့ဆိုင်တဲ့ စာအုပ်တွေ မရနိုင်ဘူးလား "

ဟု ဦးသိန်းလွင်က ဝင်ရောက်ပြောဆိုရင်း ကိုထက်ဝင်းကို မေးမြန်းရာ ကိုထက်ဝင်းက ရှိနိုင်ကြောင်းနှင့် သူနှင့် ရင်းနှီးခင်မင်သည့် မှုခင်းဆိုင်ရာ ဆရာဝန်ကြီးတစ်ဦး ရှိကြောင်း၊ ထိုဆရာဝန်ကြီးထံ အကူအညီတောင်းခံ၍ ရနိုင်သမျှ စာအုပ်စာတမ်း များကို ငှားပေးမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ထိုနေ့ညနေပိုင်းတွင် နံနက်ပိုင်းက ကျဆင်းခဲ့သော ကျွန်တော်၏ စိတ်ဓါတ် များ အနည်းငယ် ပြန်တက်လာသည်ဟု ခံစားမိပါသည်။ ကိုထက်ဝင်းလည်း စိတ်ဓါတ် ပြန်လည်တက်ကြွလာသည်ကို တွေ့ရသဖြင့် ကျွန်တော် ဝမ်းသာမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၀-၈-၉၀) နေ့ ရုံးချိန်းတွင် တရားရုံးသို့ ကျွန်တော်မသွားဘဲ ကျွန်တော်ရဲ့ လက်ထောက်ရှေ့နေ ဦးသန်းဖေကို စေလွှတ်၍ C.I.D မှ ပြန်ကြားစာနှင့်အတူ ပေးပို့လာသည့် ပုံကြီးချဲ့ထားသော လက်ဗွေပုံစံ (၄) ခုကို အသေးစိတ် လေ့လာနိုင်ရန် အတွက် မိတ္တူကူးယူခွင့်ပြုရန် လျှောက်ထားလွှာကို တင်ခိုင်းလိုက်ပါသည်။ ကျွန်တော်၏ လျှောက်ထားချက်ကို တရားပြိုင်များ၏ရှေ့နေများက ကန့်ကွက်ကြကြောင်း သိရပါသည်။

နောက်ရုံးချိန်းဖြစ်သော (၂၇-၈-၉၀) နေ့ ရုံးချိန်းတွင်လည်း ကျွန်တော် ကိုယ်တိုင် တရားရုံးသို့မသွားဘဲ လက်ထောက်ရှေ့နေ ဦးသန်းဖေ ကိုပင် စေလွှတ်၍ လက်ဗွေပါရဂူကို သက်သေအဖြစ် ဆင့်ခေါ်ပေးရန် လျှောက်လွှာတစ်စောင်ကို ထပ်မံတင်သွင်း လျှောက်ထားခိုင်းလိုက်ပါသည်။ အဆိုပါ လျှောက်ထားချက်ကို တရားပြိုင်များ၏ ရှေ့နေများက ကန့်ကွက်ရန်မရှိကြောင်း တင်ပြကြသဖြင့် တရားသူကြီးက ခွင့်ပြုသည့်အမိန့်ကို တစ်ခါတည်း ချမှတ်ပေးလိုက်ကြောင်း၊ ဦးသန်းဖေ ပြန်လာပြောပြသည်ကို ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါသည်။

ပုံကြီးချဲ့ထားသည့် လက်ဗွေပုံစံများကို မိတ္တူကူးယူခွင့်ပြုရန် လျှောက်ထား ချက်ကိုမူ ပလပ်ကြောင်း (၇-၉-၁၉၉၀) နေ့တွင် အမိန့်ချမှတ်ပါသည်။ ထိုအမိန့် အတွက် ကျွန်တော့်အဖို့ ပြဿနာမရှိပါ။ အမှုတွဲရှိ စာရွက်စာတမ်းများကို ကျွန်တော့် အနေဖြင့် အချိန်မရွေးကြည့်ရှုခွင့်ရှိသည်ဖြစ်၍ ထိုအမိန့်ကြောင့် နစ်နာမှုမရှိလှပါ။

ထိုရက်များအတွင်း ကိုထက်ဝင်း ငှားရမ်းပေးထားသော လက်ဗွေစာအုပ် (၃) အုပ်ကိုလည်း အတော်အတန် လေ့လာနိုင်ခဲ့ပါသည်။ ကိုထက်ဝင်းလည်း ဆရာဝန်တစ်ဦးဖြစ်သည့်အလျောက် လက်ဗွေ စာအုပ်များကို သူကိုယ်တိုင်ဖတ်ရှု လေ့လာပြီး ကျွန်တော့်ကို အကြံဉာဏ် အတော်ပေးနိုင်ခဲ့ပါသည်။ ထို လက်ဗွေစာအုပ် များကို ကျွန်တော်ဖတ်ရပြီးသည့်နောက်ပိုင်းတွင် အမှုအတွက် စိတ်ဓါတ်တော်တော် တက်ကြွလာသည်ကို ကိုယ့်ကိုယ်ကိုယ် သတိပြုမိပါသည်။

ကျွန်တော်နှင့် လက်ဗွေပါရဂူကြီး တရားရုံးရှေ့မှောက်တွင် မကြာမီ တွေ့ကြရပါတော့မည်။ ထိုကိစ္စကို မကြာခဏ စဉ်းစားမိနေသဖြင့် ညဘက် အိပ်မပျော်သည်မှာလည်း ညစဉ်လိုလိုဖြစ်နေ၍ အတော် စိတ်သောကများရသော ညများ ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## လက်ဖွေပါရဂူကြီးနှင့် ရုံးရှေ့မှာ တွေ့ကြပြီ

**ရုံးချိန်းရက် ၊ ၁၀-၉-၁၉၉၀ ၊ မွန်းလွဲ (၁) နာရီ**

(၁၀-၉-၁၉၉၀) မွန်းလွဲ (၁) နာရီ ရုံးချိန်းရက်တွင် နေ့ခင်း (၁၂း၃၀) နာရီခန့်ကတည်းက တရားရုံးသို့ ကျွန်တော်ရောက်ရှိနေပါသည်။ တရားသူကြီး ရုံးနားချိန်၊ ထမင်းစားချိန်ဖြစ်၍ မည်သူမျှ တရားခွင်တွင် မရောက်ရှိကြသေးပါ။ အမှုတွဲအား လေ့လာဖတ်ရှုရင်း စောင့်နေရာ (၁) နာရီလောက်တွင် တရားသူကြီး ရောက်လာပြီး တရားခွင်စာရေးအား နှစ်ဘက်အမှုသည်များ စုံ/မစုံ မေးမြန်းပါသည်။ စာရေးကြီးက နှစ်ဘက်ရှေ့နေများ စုံပြီဖြစ်ကြောင်း၊ သို့သော် သက်သေဖြစ်သူ လက်ဖွေပါရဂူကြီး မရောက်သေးကြောင်း ပြန်လည်တင်ပြသည်ကို ကျွန်တော်တို့ ကြားနေရပါသည်။

မွန်းလွဲ (၁) နာရီ ၁၀ မိနစ်ခန့်လောက်တွင် လက်ဖွေပါရဂူကြီး ရောက်လာရာ စာရေးကြီးက တရားသူကြီးထံ ချက်ချင်း သတင်းသွားပို့ပါသည်။

မကြာမီအချိန်အတွင်း ကျွန်တော်နှင့် လက်ဖွေပါရဂူကြီးတို့ ရုံးရှေ့တွင် အချေအတင် ပြောဆိုကြရတော့မည်။ လက်ဖွေပါရဂူကြီးသည် ပညာအားဖြင့် လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း ကျွန်တော့်ထက် အစစအရာရာသာလွန်နေသူဖြစ်၍ ကျွန်တော်က ခေါက်စီးမှ

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းရမည့်အခြေအနေမျိုးဖြစ်နေသည်ကိုလည်း ကောင်းစွာနားလည်ပါသည်။ စိတ်ကူးယဉ် မေးခွန်းများလည်း စိတ်ထဲတွင် အမျိုးမျိုးမေးပြီး အဖြေများကိုလည်း အမျိုးမျိုးစိတ်ကူးယဉ်နေခဲ့သည်မှာ တစ်ပတ်ခန့်ရှိပါပြီ။ သို့သော်လည်း နဖူးတွေ့ ဒူးတွေ့ တွေ့လာသည့်အခါ ကျွန်တော့်စိတ်များ အလွန်အမင်း လှုပ်ရှားနေမိပါတော့သည်။

မွန်းလွဲ (၁း၁၅) နာရီခန့်တွင် တရားသူကြီး တရားခွင်သို့တက်လာပါသည်။ ကျွန်တော်တို့ ရှေ့နေများ၊ အမှုသည်များ၊ သက်သေများ မတ်တတ်ရပ်၍ ရုံးတော်သို့ အရိုအသေပြုပြီး မိမိတို့ သက်ဆိုင်ရာ နေရာများတွင် ထိုင်ကြပါသည်။ ထို့နောက် တရားခွင်စာရေးကြီးက ထုံးစံအတိုင်း " အမှုခေါ်သည့် " အနေဖြင့် အမှုနံပါတ်နှင့် အမှုသည်အမည်များကို ခေါ်သည့်ကိစ္စရပ်များအား ဆောင်ရွက်ပါသည်။

ထို့နောက် တရားသူကြီးက လက်ဗွေပါရဂူကြီးအား မတ်တတ်ရပ်စေပြီး နောက် ယခုစစ်ဆေးမည့်အမှုနှင့်စပ်လျဉ်း၍ အမှန်အတိုင်း မထိန်မချန် အစစ်ခံမည်ဖြစ်ကြောင်း ကျမ်းကျိန်ဆိုစေပါသည်။ ကျမ်းကျိန်ဆိုသည့်ကိစ္စ ပြီးဆုံးပြီးနောက် သက်သေပါရဂူကြီးအား ခုံတွင်ထိုင်နိုင်ပြီဖြစ်ကြောင်း ပြောဆို၍ တရားသူကြီးက ကျွန်တော့်ဘက်လှည့်ကာ သက်သေအား စတင်စစ်မေးနိုင်ပြီဖြစ်ကြောင်း ပြောဆိုပါသည်။

ကျွန်တော်က ပထမဆုံးမေးခွန်းအဖြစ် အငြင်းပွားရန် အကြောင်းမရှိသည့် မေးခွန်းမျိုး ဖြစ်သော (၁၀-၇-၉၀) ရက်စွဲပါ C.I.D မှ ပြန်ကြားပေးပို့လာသည့် ထင်မြင်ချက်စာရွက်ကိုပြသကာ အဆိုပါ ပြန်ကြားစာသည် C.I.D မှ ပေးပို့လာသော ပြန်ကြားစာ ဟုတ်မဟုတ် မေးမြန်းခဲ့ပါသည်။

ပါရဂူကြီးက မှန်ကြောင်း ဖြေကြားသဖြင့် ကျွန်တော်က ရုံးတော်သို့ သက်သေခံ စာရွက်စာတမ်းအမှတ် (-) အဖြစ် လက်ခံပေးရန် လျှောက်ထားရာ ရုံးတော်က လက်ခံခွင့်ပြုခဲ့ပါသည်။

ကျွန်တော်က ဆက်လက်၍ အငြင်းပွားရန် အကြောင်းမရှိသော မေးခွန်း အနေဖြင့် C.I.D သို့ တရားရုံးများက ထင်မြင်ချက်တောင်းခံလာသော လက်ဗွေများ နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို မေးမြန်းရာ သက်သေပါရဂူကြီး က -

www.burmeseclassic.com

www.burmeseclassic.com



- ပထမဦးစွာ တာဝန်ကျအရာရှိတစ်ဦးကို စစ်ဆေးစေကြောင်း၊ ထို့နောက် လက်ပုံစံ အရာရှိများက ထပ်ဆင့်စစ်ဆေးကြောင်း၊ ထို့နောက် ဌာနစုမှူးဖြစ်သည့် ယခုသက်သေပါရဂူကြီးထံ တင်ပြကာ အတည်ပြုချက် ရယူကြောင်း၊ ထို့နောက် ဌာနခွဲမှူးထံ ထပ်မံတင်ပြ၍ အတည်ပြုချက် ရယူရကြောင်း၊ ထို့နောက်မှ ပုံစံစာရွက်ပေါ်တွင် လက်နှိပ်စက်ဖြင့် အချောရိုက်နှိပ်ရကြောင်း၊ ထို့နောက် ထိုစာရွက်ကို သက်သေပါရဂူကြီးထံ ထပ်မံတင်ပြရကြောင်း၊ ပါရဂူကြီးက လက်ခံမှတ်တမ်းတွင် အတည်ပြုလက်မှတ်ထိုးရကြောင်း၊ ထို့နောက် ထင်မြင်ချက် စာချောပေါ်တွင် ဌာနခွဲမှူးက လက်မှတ်ထိုးပြီး တရားရုံးသို့ ပြန်ပို့ပေးရကြောင်း ရှင်းလင်းတင်ပြ ထွက်ဆိုခဲ့ပါသည်။

ထို့နောက် ကျွန်တော်က (၂၃-၁-၅၈) ရက်စွဲပါ ဒေါ်ခင်မြိုင်က ဦးစိန်သန်းအား အိမ်နှင့်မြေကို ရောင်းချသည်ဆိုသည့်စာချုပ်ကို ကိုင်တွယ်၍ ဒေါ်ခင်မြိုင်၏ အမည်အောက်တွင် နှိပ်ထားသည့် လက်ဗွေအား ထောက်ပြ၍ ယင်းလက်ဗွေသည် မှေးမှိန်နေပြီး၊ အချို့နေရာများတွင် ပျက်ပြယ်နေသည့်အတွက် ထင်မြင်ချက် ပေးနိုင်လောက်သည့် အခြေအနေမျိုးမရှိကြောင်းမေးမြန်းရာ ပါရဂူကြီးက -

- မှေးမှိန်နေသည်မှာမှန်ကြောင်း၊ သို့သော် ထင်မြင်ချက်ပေး၍ရကြောင်း၊ ထင်မြင်ချက် ပေးနိုင်သည့်အခြေအနေရှိ၍လည်း ပေးခဲ့ခြင်းဖြစ်ကြောင်း၊

ကျွန်တော် ဆက်မေး၍မရအောင် စကားပိတ်ဖြေဆိုခဲ့ပါသည်။

ကျွန်တော်က မေးခွန်းပြောင်း၍ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ကို ပြသကာ၊

" အခု ကျွန်တော်ပြတဲ့ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ပေါ်မှာရှိနေတဲ့ ဒေါ်ခင်မြိုင် အမည်အောက်မှာနှိပ်ထားတဲ့ လက်ဗွေဟာ (၂၃-၁-၅၈) နေ့စွဲပါ အရောင်းစာချုပ်ပေါ်မှာ နှိပ်ထားတဲ့ လက်ဗွေပုံစံထက် ပိုမိုသစ်လွင်နေပြီး ရှင်းလင်းပြတ်သားမှုလည်း ရှိနေသည် မဟုတ်လား " ဟု မေးမြန်းရာ

" မှန်ပါသည် "

ဟု အမှန်အတိုင်း ဝန်ခံဖြေဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဆိုပါ အိမ်ငှားစာချုပ်ပါလက်ဗွေကိုပြ၍၊ ဆက်လက်မေးမြန်းပါသည်။

**ရွှေနေ** - " အလယ်ဗဟိုချက်နှင့် လက်ဝဲဘက် ရဲဒင်းပုံအကြားရှိ အရစ်အရေအတွက် (၁၄) ခု ရှိသည်ဆိုလျှင် "

**သက်သေ** - " မှန်ပါသည် "

**ရွှေနေ** - " အလယ်ဗဟိုချက်နှင့် လက်ယာဘက် ရဲဒင်းပုံအကြားရှိ အရစ်အရေအတွက် ပြောနိုင်ပါသလား "

**သက်သေ** - " လက်ဗွေမှာ လက်ဝဲဘက် အားစိုက်၍ နှိပ်ထားသဖြင့် လက်ယာဘက်ရဲဒင်းအနေအထားကို တိတိကျကျပြ၍မရနိုင်ပါ။ သို့သော် ဗဟိုချက်မှ ရေတွက်လျှင် အရစ်အကြောင်း ၁၇ ရစ်ခန့်ရှိပါသည် "

**ရွှေနေ** - " အလယ်ဗဟိုချက်မှ လက်ယာဘက် (၆) ရစ်တွင် အဖြူကွက်ပေါ်နေသည်ဆိုလျှင် "

**သက်သေ** - " မင်မထိ၍ ဖြစ်ပါသည် "

**ရွှေနေ** - " တခြားအကြောင်းကြောင့်ရော မဖြစ်နိုင်ဘူးလား "

**သက်သေ** - " လက်တွင် ချို့ယွင်းချက်ရှိလျှင်လည်း ဖြစ်နိုင်ပါသည်။ "

လက်ဗွေပါရဂူကြီးသည် ကျွန်တော်၏ အထက်ပါ မေးခွန်းကို ဖြေပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်အားကြည့်၍ ယခုကဲ့သို့ မေးခွန်းများမေးမြန်းနေခြင်းသည် C.I.D မှ ပေးပို့ခဲ့သည့် ထင်မြင်ချက်အပေါ် သဘောမတူ လက်မခံ၍ ဖြစ်ပါသလားဟု မေးလာရာ ကျွန်တော်က မှန်ပါကြောင်းနှင့် ကျွန်တော်၏အမှုသည် ဒေါ်ခင်မြိုင်က မည်သည့် အခါကမျှ ယခုကဲ့သို့ စာချုပ်များပေါ်တွင် လက်ဗွေရိုက်နှိပ်ပေးခဲ့ရခြင်းမျိုး မရှိဟု ကျွန်တော့်အား ညွှန်ကြားချက်ပေးထား၍ ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ကြောင်း ပြန်ပြောခဲ့ရာ -

ပါရဂူကြီး က တရားသူကြီးထံ မျက်နှာမူ၍ -

www.burmeseclassic.com

www.burmeseclassic.com



- လက်ဗွေရှင်က ထင်မြင်ချက်အပေါ် အငြင်းပွားမှုရှိနေလျှင် တရားရုံးရှေ့မှောက်တွင် မိမိကိုယ်တိုင် လက်ဗွေရှင်၏ လက်ဗွေကိုနှိပ်ယူပြီး ပြန်လည် **စစ်ဆေးပေးနိုင်ကြောင်း**၊ ထိုသို့ စစ်ဆေးနိုင်ရန်အတွက် လိုအပ်သော **ကိရိယာပစ္စည်းများကို** ယူလာမည်ဖြစ်ကြောင်း၊ **၎င်းအလုပ်မှာ မိမိတို့အတွက် လုပ်ငန်းသဘောအရ လုပ်ရိုးလုပ်စဉ်ဖြစ်၍ ဆောင်ရွက်ပေးနိုင်ကြောင်း** - တင်ပြပြောဆိုနေရာ၊

**ကျွန်တော်၏စိတ်ထဲတွင် အလွန်အမင်း ဝမ်းသာ**အားရဖြစ်မိပါသည်။ သို့သော်လည်း **ကျွန်တော်၏ ဝမ်းသာစိတ်ကို တရားသူကြီး**နှင့် ပါရဂူတို့ မရိပ်မိအောင် မျိုသိပ်ထားပြီး **တရားသူကြီးမှ တစ်စုံတစ်ရာ** မပြောဆိုမီ ကျွန်တော်က ပါရဂူကြီး၏စကားကို **ဆွဲကိုင်တာ၊**

- ပါရဂူကြီးပြောသည့်အတိုင်း ပြန်လည်စစ်ဆေးပေးစေလိုကြောင်း၊ ဒေါ်ခင်မြိုင်၏ လက်ဗွေပုံစံများကို ရယူနိုင်ရန် ဒေါ်ခင်မြိုင်ကို ရုံးရှေ့သို့ ကျွန်တော်ခေါ်လာပါမည် ဖြစ်ကြောင်း၊

**ရုံးတော်သို့** ခပ်မြန်မြန် လျှောက်ထားလိုက်ပါသည်။ ကျွန်တော်၏ လျှောက်ထားချက်များကို တစ်ဖက်ရှေ့နေကြီးများကလည်း ကန့်ကွက်ရန်မရှိကြောင်း တင်ပြခဲ့ကြသဖြင့် ရုံးတော်က ကျွန်တော်၏ လျှောက်ထားချက်ကို ချက်ခြင်းပင် ခွင့်ပြုခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်၏ လျှောက်ထားချက်ကြောင့် ရုံးချိန်း ရွှေ့ဆိုင်းလိုက်ရသည့်အတွက် တရားပြိုင်ဘက် ရှေ့နေကြီး (၂) ဦးအား တစ်ဦးကို စရိတ် ၅၀ိ/- စီပေးရန် အမိန့်ချမှတ်သဖြင့် ၁၀၀ိ/- ပေးလိုက်ရပါသည်။

ငွေ ၁၀၀ိ/- ပေးလိုက်ရတာအကြောင်းမဟုတ်ကြောင်း၊ နောက်တစ်ကြိမ် လက်ဗွေတွေ ပြန်စစ်ရလို့ ကျွန်တော်တို့ဘက်က အမှုအနိုင်ရရင် ၁၀၀၀ိ/- ကုန်လည်း တန်ပါတယ်ဟု ကိုထက်ဝင်းက ကျွန်တော့်ကိုပြောရာ ကျွန်တော်ကလည်း ကိုထက်ဝင်းကို ထောက်ခံလိုက်ပါသည်။

၀၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်ခင်မြိုင် ၏ လက်ဗွေကို နောက်တစ်ကြိမ် ပြန်စစ်ပြီ**

**ရုံးချိန်းရက် ၊ ၂၀-၉-၉၀ ၊ နံနက် (၁၀) နာရီ**

ဒေါ်ခင်မြိုင်မှာ မသန်စွမ်းသူဖြစ်သဖြင့် ကိုထက်ဝင်း၊ ကိုနောင်နောင်နှင့် ကိုစိုးကျော် တို့က ဝီရိယထားကာ စောစောစီးစီး ဒေါ်ခင်မြိုင်အား ခေါ်၍လာကြရာ ကျွန်တော်တို့ဘက်က (၉း၃၀) နာရီ ကတည်းကပင် တရားရုံးသို့ ရောက်နေကြပြီ ဖြစ်ပါသည်။ တစ်ဖက်ရှေ့နေကြီးများလည်း ချိန်းဆိုထားသည့် (၁၀) နာရီမတိုင်မီ အချိန်မီ ရောက်ရှိလာကြပါသည်။

သက်သေပါရဂူကြီးသည် (၁၀) နာရီ (၂၀) မိနစ်ခန့်မှ ရောက်ရှိလာ၍ အင်းစိန် C.I.D မှ လာရခြင်းဖြစ်ကြောင်းနှင့် လမ်းတွင် ကားများကျပ်နေသဖြင့် အနည်းငယ် နောက်ကျရောက်ရှိသည်ကို ခွင့်လွှတ်ပါရန်အကြောင်း ကျွန်တော်တို့ကို တောင်းပန်စကား ဆိုပါသည်။

ပါရဂူကြီးရောက်ရှိလာပြီဖြစ်ကြောင်း တရားခွင်စာရေးကြီးက တရားသူကြီးထံ ချက်ချင်းသတင်းပို့ရာ မကြာမီအချိန်အတွင်း တရားသူကြီး တရားခွင်သို့ တက်ရောက်လာပါသည်။

တရားခွင်စသည်နှင့် လက်ဗွေပါရဂူကြီးက သူယူဆောင်လာသည့် ကိရိယာ တန်ဆာပလာများကိုထုတ်၍ စာရွက်ဖြူပေါ်တွင် ဒေါ်ခင်မြိုင်၏ လက်ဝဲဘက် လက်မပုံစံကို ၄-၅ ခု နှိပ်ယူပါသည်။ ထို့နောက် ဒေါ်ခင်မြိုင် ၏ လက်ဗွေပုံစံများနှင့် (၂၃-၁-၅၈) ရက်စွဲပါ အိမ်မြေအရောင်းစာချုပ်ပေါ်ရှိ လက်ဗွေ၊ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေများကို ပါရဂူကြီးက တိုက်ဆိုင်စစ်ဆေးမှုပြုပါသည်။ ပါရဂူကြီးက သူယူဆောင်လာသော အလွန်ကြီးမားသည့် မှန်ဘီလူးကြီးဖြင့် စစ်ဆေးခြင်းဖြစ်ပါသည်။ **စစ်ဆေးချိန် စုစုပေါင်း (၃) မိနစ်ကျော်ကျော်** ကြာမြင့်ပါသည်။

ထို့နောက် လက်ဗွေများ စစ်ဆေးသည့်ကိစ္စ ပြီးပြီဖြစ်ကြောင်း ပြောဆိုလာသဖြင့် ပါရဂူကြီးအား သက်သေအဖြစ် ဆက်လက်စစ်ဆေးရန်အတွက် တရားသူကြီးက ကျမ်းကျိန်ဆိုသည့်ကိစ္စအား ပြုလုပ်စေကာ တရားသူကြီးကိုယ်တိုင်က စစ်ဆေးတွေ့ရှိရသည့်အဖြေ (ထင်မြင်ချက်) ကို မေးမြန်းခဲ့ရာ **ပါရဂူကြီးက** -

www.burmeseclassic.com

www.burmeseclassic.com



" တရားမကြီးမှုအမှတ်-၃၈ (ဂ)/၉၀ အမှုမှ ယခုရုံးရှေ့တွင် ရယူထားသည့် တရားလို ဒေါ်ခင်မြိုင်၏ နမူနာလက်ဝဲလက်မပုံစံများကို (၂၃-၁-၅၈) ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်နှင့် (၁-၂-၅၈) ရက်စွဲပါ အိမ်ငှား ကတိစာချုပ်တို့ပေါ်ရှိ လက်ဗွေ (၂) ခုတို့နှင့် ကျွန်တော်ကိုယ်တိုင် ထပ်မံ၍ တိုက်ဆိုင်စစ်ဆေးရာတွင် ၎င်းလက်ဗွေပုံစံများသည် အသီးသီးတူညီကြ၍ လူတစ်ဦးတည်း၏ လက်ချောင်းမှ လက်ပုံစံများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ ပါသည်။ ကျွန်တော်၏လုပ်သက်မှာ (၃၃) နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ကျွန်တော်သည် လက်ပုံစံကျွမ်းကျင်သူတစ်ဦးဖြစ်၍ လက်ပုံစံများအား စစ်ဆေးပြီး အမျိုးအစားခွဲခြားကြည့်ရှုခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်း တို့ကိုလည်း တရားရုံးများတွင် ရာဇဝတ်မှုများ၊ တရားမမှုများနှင့်ပတ်သက်၍ ကြိမ်ဖန်များစွာ သက်သေခံခြင်းများ ပြုလုပ်ခဲ့ပါသည်။ တစ်ကြိမ်တစ်ခါမျှ မှားသည့်အမှု မရှိခဲ့ဘူးပါ "

ဟု ထွက်ဆိုချက်ပေးလိုက်ရာ ကျွန်တော်၏ ဒုတိယအကြိမ် မျှော်လင့်ချက်များ လုံးဝပြိုကွဲ ပျက်စီးသွားရပါတော့သည်။

သို့သော်လည်း ယခုအကြိမ်တွင် ယခင်တစ်ကြိမ်ကလောက် ကျွန်တော် တုန်လှုပ်မှု မဖြစ်တော့ပါ။ လက်ဗွေ (၃) မျိုးကို (၃) မိနစ်ခန့်ကြည့်ပြီး လွယ်လွယ်ကူကူ ထင်မြင်ချက်ပေးလိုက်သည်ကို ကျွန်တော်ဘဝင်မကျပါ။ မကျေမနပ် ခံစားနေရ ပါသည်။ ထို့ကြောင့် ကျွန်တော်က တရားသူကြီးအား ယခုရုံးရှေ့တွင် ပါရဂူကြီး တင်ပြထွက်ဆိုခဲ့သည့် ထင်မြင်ချက်အပေါ် စစ်မေးရန်အတွက် လက်ဗွေများကို ကျွန်တော့်အနေဖြင့် လေ့လာရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရုံးချိန်းရွှေ့ဆိုင်းပေးစေ လိုကြောင်း လျှောက်ထားရာ တရားပြိုင်များ၏ရှေ့နေများက ကန့်ကွက်ကြပါသည်။

ရုံးတော်က အောက်ပါအတိုင်း နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းကာ အမိန့်ချမှတ်ပါသည်။

" တရားလို၏ရှေ့နေက ယနေ့ရုံးချိန်းတွင် ရုံးရှေ့တွင်ရယူသော ဒေါ်ခင်မြိုင်၏ လက်ဗွေကို လေ့လာလို၍ ရုံးချိန်းပေးရန်တင်ပြရာ တစ်ဖက်က ကန့်ကွက် သည်။ လေ့လာလိုပါက ကြားရက်တွင် ရုံး၌လာရောက် လေ့လာနိုင်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ တရားလိုဘက်အနေနှင့် အခြားရည်ရွယ်ချက်ရှိပါက နောက်ပိုင်းတွင် လျှောက်ထားနိုင်ကြောင်း၊ လက်ဗွေပုံစံကို လေ့လာရန်အတွက် ရုံးချိန်းမပေးနိုင်ကြောင်း၊ သက်သေမှာလည်း ပြည်သူ့ဝန်ထမ်းဖြစ်၍ ယခုရုံးရှေ့ရောက်ရှိနေစဉ် ကျွမ်းကျင်သူကို စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည် ”

( မှတ်ချက် ။ အထက်ပါ ကျွန်တော်၏ လျှောက်ထားချက်နှင့် တရားရုံး၏ အမိန့်သည် နောင်အခါ အရေးပါလာသည့် အကြောင်းတစ်ရပ်ဖြစ်၍ အသေးစိတ်ဖော်ပြရခြင်း ဖြစ်ပါသည်။ )

တရားရုံးက ပါရဂူကြီးအား ဆက်လက် စစ်ဆေးမည်ဟု အမိန့်ချမှတ်လိုက်သဖြင့် ကျွန်တော်လည်း မလွှဲမရှောင်သာတော့ဘဲ ဆက်လက်၍ စစ်မေးရပါတော့သည်။

လက်ဗွေပါရဂူကြီးကို ဆက်လက်စစ်ဆေးသည့်ကိစ္စ မတင်ပြမီ လူတစ်ဦး၏ လက်ဗွေပုံစံရှိ အခြေခံအချက်များကို စာရှုသူများ အလွယ်တကူ နားလည်သဘောပေါက်နိုင်ရန် နမူနာလက်ဗွေပုံစံတစ်ခုကို ဖော်ပြလိုက်ပါသည်။

THE WHORL FINGER PRINT




www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ သက်သေများအား ရုံးရှေ့တွင် စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် သက်သေခံဥပဒေတွင်ပါရှိသော ကျင့်ထုံးကို အနည်းငယ် တင်ပြလိုပါသည်။

- သက်သေတစ်ယောက်ကို တင်ပြသူ အမှုသည် သို့မဟုတ် ရှေ့နေက ပထမဦးစွာ စတင် စစ်ဆေးရပါသည်။ ထိုကဲ့သို့ စစ်ဆေးခြင်းကို **" အဓိကစစ်မေးခြင်း "** (Examination in Chief) ဟု ခေါ်ပါသည်။
- ထို့နောက် ဒုတိယအနေဖြင့် ထိုသက်သေကို တစ်ဖက်အမှုသည် သို့မဟုတ် ရှေ့နေက စစ်မေးရပါသည်။ ထိုသို့ စစ်မေးခြင်းကို **" ပြန်လှန်စစ်မေးခြင်း "** (Cross Examination) ဟု ခေါ်ပါသည်။
- ထို့နောက်တစ်ဖန် တတိယအနေဖြင့် ထိုသက်သေကို တင်ပြသူ အမှုသည် သို့မဟုတ် ရှေ့နေက နောက်ထပ်တစ်ဖန် ပြန်စစ်မေးလိုက စစ်မေးနိုင်ပါသည်။ " ပြန်ရှင်းစစ်မေးခြင်း " (Re-examination) ဟု ခေါ်ပါသည်။
- နောက်ဆုံးအနေဖြင့် တရားရုံး (တရားသူကြီး) က မေးရန်ရှိက မေးပါသည်။ " **ရုံးမေး** " (Examination by the Court) ဟု ခေါ်ပါသည်။

အဆိုပါ အဆင့်များအားလုံး ပြီးဆုံးပြီးမှ သက်သေတစ်ယောက်ကို စစ်မေးခြင်း ဆုံးခန်းတိုင်သည်ဟု မှတ်ယူရပါသည်။

ယခု သက်သေဖြစ်သော ပါရဂူကြီးမှာ ကျွန်တော်က တောင်းဆို၍ တရားရုံးက ဆင့်ခေါ်ပေးရသော သက်သေဖြစ်၍ ကျွန်တော်က စတင်စစ်မေးရခြင်း ဖြစ်ပါသည်။

၀၀၀၀၀

## လက်ဗွေပါရဂူကြီးအား ဆက်လက်စစ်မေးခြင်း

ကျွန်တော်က လက်ဗွေပါရဂူကြီးအား မေးမြန်းခြင်းမပြုမီ ကိုထက်ဝင်းက ကျွန်တော့်ကို ပေးထားသည့် လက်ဗွေပညာဆိုင်ရာစာအုပ် (၃) အုပ်အနက် တစ်အုပ်ကိုကိုင်တွယ်၍ (ဟန်ဆောင်ပန်ဆောင်) ဟိုလှန်ဒီလှန်လုပ်ကာ သေသေချာချာ ကြည့်ဟန်ဆောင်ပြီးနောက် -

www.burmeseclassic.com

www.burmeseclassic.com



" လက်ဗွေပုံစံ အမျိုးအစားအားဖြင့် အခြေခံမူလလက်ဗွေကြီး ဘယ်နှစ်မျိုး ရှိသလဲ "

ဟု ရုတ်တရက် မေးမြန်းလိုက်ပါသည်။ သက်သေက -

" (၄) မျိုးရှိပါသည်။ ယင်းတို့မှာ ခုံးဗွေ၊ လှိုင်းဗွေ၊ ခရုပတ်ဗွေ နှင့် ဗွေပူးတို့ ဖြစ်ပါသည် "

ဟု ချက်ချင်းဖြေဆိုပါသည်။ ပါရဂူကြီးသည် ပညာအားဖြင့် တောင်းမှာတတ်ကျွမ်း နားလည်သကဲ့သို့ တရားရုံးအတွေ့အကြုံရှိသူလည်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက် နားလည်လိုက်ပါသည်။ ကျွန်တော်က -

" အခု ခင်ဗျားနှိပ်ယူလိုက်တဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေအမျိုးအစားက ဘယ်အမျိုးအစားထဲမှာ အကြုံးဝင်သလဲ "

ဟု ချက်ချင်းမေးမြန်းရာ -

" ခရုပတ်ဗွေအမျိုးအစားပါ "

ဟု ချက်ချင်းဖြေပါသည်။

ကျွန်တော်က -

" ယခု ရုံးရှေ့တွင် ရယူခဲ့သော ဒေါ်ခင်မြိုင်၏ လက်ဗွေပုံစံနှင့် တချပ်စာပေါ် လက်ဗွေပုံစံများကို နှိုင်းယှဉ်စစ်ဆေးရာတွင် တူညီသည့်အချက် ဘယ်နှစ်ချက် နှင့် မတူညီသည့်အချက် ဘယ်နှစ်ချက် ရှိပါသလဲ "

ဟု ချက်ချင်း မေးမြန်းလိုက်ပါသည်။ ကျွန်တော်၏ မေးခွန်းတွင် တူညီသည့်အချက်နှင့် မတူညီသည့် အချက်တို့ကို မသိမသာတွဲ၍မေးထားပါသည်။ သက်သေအနေဖြင့် တူညီသည့်အချက်များကိုသာ ဖြေဆိုမည်ဟု ထင်မြင်ထားပြီး ဖြစ်ပါသည်။ သို့သော် လည်း အမှတ်မထင် မတူညီသောအချက်များကိုပါ တွေ့ကြောင်း ဖြေဆိုလာပါက ဆက်လက်၍ မေးမြန်းနိုင်ရန် အလစ်အငိုက် မသိမသာထည့်မေးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော့်မေးခွန်းအပေါ် ပါရဂူကြီးက -

" လက်ဗွေပုံစံများကို နှိုင်းယှဉ်စစ်ဆေးရာတွင် တူညီသောအချက် (၈) ချက် (၁၀) ချက်ခန့် တွေ့ရှိရပြီး၊ သိသာထင်ရှားစွာ မတူညီသည့်အချက် (၂) ချက် (၃) ချက်ကိုလည်း တစ်ပြိုင်နက် တွေ့နေရပါသည်။ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေဆိုလိုက်ရာ ကျွန်တော်အလွန်အံ့အားသင့်သွားမိပါသည်။ ကျွန်တော်၏ဘေးတွင်ထိုင်နေသော ဒေါက်တာထက်ဝင်းက ဟန်မဆောင်နိုင်တော့ဘဲ ကျွန်တော့်အား လက်ကုတ်ကာ " သူ မတူတာတွေဝန်ခံနေပြီ " ဟု ပြောလာပါသည်။ ကျွန်တော်က အသာနေရန် ကိုထက်ဝင်းကို သတိပေးလိုက်သော်လည်း သက်သေပါရဂူကြီးက ကျွန်တော်တို့ပြောနေတာကို သတိပြုမိသွားပုံရပါသည်။ ကျွန်တော်က ဆက်လက်၍ သက်သေအား -

" မတူညီတဲ့အချက်တွေနဲ့ တူညီတဲ့အချက်တွေ ရောထွေးနေတဲ့ လက်ဗွေတွေအပေါ် ဘယ်လို ထင်မြင်ချက်ပေးမလဲ "

ဟု မေးလိုက်ရာ သက်သေက -

" အနည်းဆုံး (၇) ချက် တူညီနေပါက တူညီသည်ဟု ထင်မြင်ချက်ပေးပါသည်။ အကယ်၍ ထူးခြားချက်များသည် (၇) ချက် (၈) ချက်ခန့် ဆက်တိုက်တူညီခြင်းမရှိပါက မတူညီဟု ထင်မြင်ချက် ပေးပါသည်။ "

ဟု ဖြေဆိုခဲ့ပါသည်။ သက်သေသည် အလွန်ပါးနပ်သူဖြစ်သည့်အလျောက် မတူညီသည့် အချက် (၂) ချက် (၃) ချက်ကို အရေးမပါသည့်သဘောထား၍ တူညီသည့်အချက် (၇) ချက်ခန့်ကို အခြေခံထားကြောင်း ဖြေဆိုနေသည်ကို ကျွန်တော်သိနေပါသည်။ ထို့ကြောင့် ကျွန်တော်က သူ (သက်သေ) ၏ စကားအတိုင်း အတိအကျကောက်ယူကာ -

" လက်ဗွေ (၂) ခုတွင် သိသာထင်ရှားစွာ မတူညီသည့်အချက် (၃) ချက်ရှိနေပါလျက်နှင့် ကျန်အချက်များကိုကြည့်ပြီး တူညီသည်ဟု ထင်မြင်ချက်ပေးပါမည်လား "

ဟု ခပ်တင်းတင်းလေသံဖြင့်မေးရာ -

" အချက် (၃) ချက်သည် သိသာထင်ရှားစွာ ကွဲပြားခြားနားနေခဲ့လျှင် တူညီသည်ဟု ထင်မြင်ချက် မပေးနိုင်ပါ "

ဟု လေသံပျော့ပျော့ဖြင့် ဖြေဆိုပါသည်။ အဆိုပါ ဖြေဆိုချက်အရဆိုလျှင် လက်ဗွေများ တူညီသည်ဟု ထင်မြင်ချက်မပေးနိုင်ပါဘဲနှင့် တူညီသည်ဟု ထင်မြင်ချက် ပေးထားခြင်းအပေါ် တရားရုံးတော်မှ သတိပြုမိလိမ့်မည်ဟု ထင်မြင်ယူဆကာ ကျွန်တော်အားတက်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်က ပါရဂူကြီးအား မေးခွန်း (၃) (၄) ခု ဆက်လက်မေးမြန်းပြီးနောက် ရုံးတော်သို့ ကျွန်တော်က -

- ယခုလောလောဆယ် ဤမျှသာမေးမြန်းလိုပါကြောင်း၊ နောက်မှ ဆက်လက်၍မေးမြန်းပါမည့်အကြောင်း နှုတ်ဖြင့်တင်ပြ၍ ကျွန်တော်၏ မေးမြန်းခြင်းကို ရပ်ဆိုင်းလိုက်ပါသည်။

ကျွန်တော်က စစ်မေးခြင်းကို ရပ်ဆိုင်းလိုက်ခြင်းမှာ ပါရဂူသက်သေကြီးအား ဆက်လက် စစ်မေးရန်မရှိတော့၍မဟုတ်ပါ။ စစ်မေးရန် အမြောက်အမြား ကျန်ရှိနေပါသေးသည်။ ဆက်လက်မစစ်ဆေးမီ လက်ဗွေများကို ကျွန်တော် လေ့လာလိုသေး၍ တစ်ကြောင်း၊ ယနေ့စစ်ဆေးနေသည်မှာလည်း အချိန် အတန်ကြာသွားပြီဖြစ်၍ တစ်ကြောင်း၊ ထို့ပြင် သက်သေအားမစစ်ဆေးမီ ကျွန်တော်က ရုံးတော်အား လေ့လာရန်ကိစ္စများရှိသေးကြောင်း တင်ပြချက်အပေါ် ရုံးတော်က နောင်လိုအပ်ပါက သက်သေကို ပြန်ခေါ်ပေးရန် လျှောက်ထားနိုင်ကြောင်း အမိန့်ချထား၍တစ်ကြောင်းတို့ကြောင့် ရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပါသည်။

ပါရဂူကြီးအား ကျွန်တော်မေးမြန်းပြီးနောက် (၁) တရားပြိုင် ဦးစိန်သန်း၏ ရှေ့နေကြီးက ဆက်လက်မေးမြန်းရမည်ဖြစ်သော်လည်း " မေးမြန်းရန်မရှိပါ " ဟု ရုံးတော်သို့ တင်ပြခဲ့ပါသည်။ (၂) တရားပြိုင် ဦးအောင်ထွန်း၏ ရှေ့နေကြီးက -

" လူတစ်ယောက်နှင့်တစ်ယောက် လက်ဗွေပုံစံတူညီရန် အခွင့်အရေး မည်သို့ရှိပါသလဲ "

ဟု မေးမြန်းခဲ့ပါသည်။ ပါရဂူသက်သေကြီးက -

" တူညီရန်အခွင့်အရေးမှာ ကုဋေပေါင်း (၆၄၀၀) ပုံတွင် (၁) ပုံမျှသာ ရှိမည်ဖြစ်ပါသည်။ ထို့အပြင် " ဂျီဘွန် " ဆိုသူ ပညာရှင်၏ အခွင့်အရေး တွက်ချက်နည်းအရဆိုလျှင် လက်ပုံစံအရ တစ်ဦးနှင့်တစ်ဦးတူညီရန် အခွင့်အရေးမှာ ၆၇၁၀၈၈၆၄ ယောက်တွင် တစ်ယောက်သာ ဖြစ်နိုင်သဖြင့် တူညီမှုမဖြစ်နိုင်ဟု ဆိုရန်သာရှိပါသည်။ "

ဟု ဖြေဆိုခဲ့ပါသည်။ အထက်ပါ ဖြေဆိုချက်အရ လက်ဗွေပါရဂူကြီး၏ လေ့လာမှတ်သားမှုမှာ အလေးထားဖွယ်ဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ (၂၀-၉-၉၀) ရုံးချိန်းတွင် စစ်ဆေးနေသည်မှာ နေ့ခင်း (၁၂) နာရီ ကျော်သွားပြီး၊ အခြားအမှုများလည်း စစ်ဆေးရန်ရှိနေသဖြင့် တရားသူကြီးက ရုံးချိန်း ပေးလိုက်ပါသည်။

နောက်ရုံးချိန်းမှာ (၂-၁၀-၉၀) နေ့ဖြစ်ပြီး ထိုနေ့တွင် ကျန်ရှိနေသည့် ကျွန်တော်တို့ဘက်က တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးမည်ဟု တရားသူကြီးက ကျွန်တော့်အား သတိပေး ပြောကြားခဲ့ပါသည်။

(၂-၁၀-၉၀) နေ့ ရုံးချိန်းရက်တွင် ကျွန်တော်က တရားသူကြီးအား ကျွန်တော်တို့ဘက်က စစ်ဆေးရန် ကျန်ရှိသည့် တရားလိုပြသက်သေများကို ပယ်ကြောင်း ဆက်လက်စစ်ဆေးရန်မရှိကြောင်း တင်ပြခဲ့ရာ တရားသူကြီးက နောက်ရုံးချိန်းရက်ဖြစ်သော (၁၁-၁၀-၉၀) နေ့တွင် တရားပြိုင်ဘက်ကို စစ်ဆေးမည် ဟု ပြောကြား၍ ရုံးချိန်းရွှေ့ဆိုင်းလိုက်ပါသည်။

၀၀၀၀၀

**ကိုထက်ဝင်း၏ ခံစားချက်**

နောက်တစ်နေ့ (၃-၁၀-၉၀) နေ့ နံနက် (၈း၃၀) နာရီခန့်၊ ရုံးခန်းသို့ ကျွန်တော် ရောက်ရှိချိန်တွင် ကိုထက်ဝင်း စောင့်ဆိုင်းနေသည်ကို တွေ့ရသဖြင့် နောက်သလို ပြောင်သလိုဖြင့် " ဘာများအရေးပေါ်ရှိလို့လဲ " ဟု မေးမြန်းခဲ့ရာ ကိုထက်ဝင်းက -

" ဆရာ့ကို ကျွန်တော် နည်းနည်းမေးစရာရှိလို့ပါ "

ဟု ပြောလာပါသည်။ ကျွန်တော်က -

" ဘာများမေးချင်လို့လဲ "

ဟုမေးရာ ကိုထက်ဝင်း က -

" မနေ့ကရုံးချိန်းမှာ ဆရာက ကျွန်တော်တို့ တင်ပြထားတဲ့ သက်သေတွေကို မစစ်တော့ဘူးလို့ ပြောလိုက်တော့ ကျွန်တော်တို့ဘက်က အရှုံးပေးလိုက်တဲ့ သဘောမျိုး ဖြစ်မသွားနိုင်ဘူးလား "

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလာပါသည်။ သူ၏မေးမြန်းပုံမှာ မကျေနပ်သည့်အသွင်မျိုး မဟုတ်ဘဲ သိလို၍ မေးမြန်းသည့်သဘော သူ၏မျက်နှာတွင် မြင်တွေ့နေရပါသည်။

ကိုထက်ဝင်း၏ မေးခွန်းကို ကျွန်တော်သိရပြီးနောက် မည်သို့ဖြေရမည်ကို ကျွန်တော် စဉ်းစားရပါတော့သည်။ ကိုထက်ဝင်း၏ မျက်နှာပေး အနေအထားမှာ ရိုးသားမှုရှိသော်လည်း မေးခွန်းပုံစံနှင့် လေသံအနေအထားအရ ရှေ့နေလင်း ဖြစ်နေကြောင်း ကျွန်တော်သိလိုက်ပါသည်။

အမှုသည်တိုင်း၏ စိတ်နေစိတ်ထား သဘောသဘာဝအတိုင်း ကိုထက်ဝင်း အနေဖြင့် သူ၏အမှုရှုံးမည်ကို ကြောက်နေပါသည်။

ကျွန်တော်တို့ဘက်က သက်သေများကို ကျွန်တော်မစစ်တော့ဘဲ ပယ်လိုက်ခြင်းသည် အရှုံးပေးခြင်းမဟုတ်ပါ။ အရှုံးမပေးလို၍ သက်သေတွေ အများကြီး တင်ပြနေပြီး တစ်ဦးနှင့်တစ်ဦး မညီမညွတ် ထွက်ဆိုနေကြမည်ဆိုလျှင် အမှုနိုင်ရန် အကြောင်းမရှိနိုင်ပါ။

ကျွန်တော် စွဲဆိုထားသည့်အမှုမှာ ကျွန်တော်တို့ တင်ပြသည့် သက်သေများ၏ ထွက်ချက်ကို အားကိုးပြီး စွဲဆိုသည့်အမှုမျိုးမဟုတ်ပါ။ လက်တွေ့ပညာရှင်တ ကျွန်တော်တို့ဘက်ကို ထောက်ခံမည်ဟုယူဆပြီး စွဲဆိုခဲ့သောအမှုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ဘက်က သက်သေများကို ပယ်လိုက်သည့် အတွက် အရှုံးရှုံး အကြောင်း လုံးဝမရှိပါ။ အစကတည်းကပင် မနိုင်နိုင်သော အမှုဖြစ်သည်ကို ကိုထက်ဝင်း သိနိုင်ပါလျက် ဤကဲ့သို့ မေးခွန်းမျိုးမေးလာရာ ကျွန်တော့်အနေဖြင့် မေးခွန်းကို မကြိုက်သော်လည်း ဝတ္တရားအရ ဖြေရပါတော့သည်။ ထို့ကြောင့် ကျွန်တော်က -

“ ကိုထက်ဝင်း ရေ - ကျွန်တော် ခင်ဗျားကို သက်သေခံဥပဒေမှာ ပြဋ္ဌာန်း ထားတဲ့ “ သက်သေပြရန်တာဝန် ” (Burden of Proof) ဆိုတဲ့ သဘောတရားကို နည်းနည်းပြောမယ်ဗျာ။ အမှုတစ်ခုမှာ အငြင်းပွားနေတဲ့ ပြဿနာဟာတစ်ခု ဒါမှမဟုတ် တစ်ခုမကရှိနိုင်တယ်။ ဒီအခါ ဘယ်ပြဿနာ ကို တရားလိုက သက်သေထူရမယ် - ဆိုတာကို ဥပဒေက တိတိကျကျ သတ်မှတ်ပေးထားတယ်ဗျာ။ အခု ဒီအမှုမှာ စာချုပ်မှာနှိပ်ထားတဲ့ လက်ဗွေ တွေဟာ အတုဖြစ်ပြီး၊ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေတွေမဟုတ်ဘူးဆိုတာကို ကျွန်တော်တို့က သက်သေပြရမှာ။ ပြီးတော့ ဒီကိစ္စဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



(၃၀) ကျော်က ကိစ္စဖြစ်နေတယ်။ အခု ကျွန်တော်ပယ်လိုက်တဲ့ သက်သေတွေဟာ ဒီကိစ္စကို လုံးဝမသိကြသူတွေဖြစ်တယ် ကိုထက်ဝင်း။ ဒါကြောင့် ကျွန်တော်က ကိုယ့်အတွက် အတိုးမရှိဘူးလို့ သတ်မှတ်ပြီး ပယ်လိုက်တာပါ။ ကိုထက်ဝင်းက မတော့နပ်လို့လား "

ဟု ရှင်းပြရင်း ပြန်မေးလိုက်ရာ ကိုထက်ဝင်းက တမန်းကတန်း -

" မတော့နပ်လို့မဟုတ်ပါဘူးဆရာ၊ မသိလို့မေးကြည့်တာပါ "

ဟု ပြန်ပြောခဲ့ပါသည်။

ထို့နောက် ကျွန်တော်က ကိုထက်ဝင်း စိတ်သက်သာရာရစေရန် ရည်ရွယ်၍-

" သူတို့ဘက် (တရားပြိုင်များဘက်) ကို စစ်ဆေးတဲ့အခါ ကျွန်တော့်အနေနဲ့ မေးခွန်းတွေ အများကြီး မေးခွင့်ရှိသလို သူတို့မငြင်းနိုင်လို့ ဝန်ခံတဲ့အချက်တွေ ပေါ်လာရင် ကျွန်တော်တို့အတွက် အကျိုးရှိနိုင်တယ်ဗျ။ နောက်ပြီး C.I.D က လက်ဗွေပါရဂူကိုလည်း ထပ်ခေါ်ဖို့ အခွင့်အရေးရှိသေးတယ်လေ။ ဒါကြောင့် ကျွန်တော်တို့မှာ လုပ်စရာတွေရှိနေပါသေးတယ် ကိုထက်ဝင်းရာ။ သိပ်လည်း စိတ်မပူပါနဲ့အုံး။ "

ဟု ပြောလိုက်ပါသည်။ ကိုထက်ဝင်း ကလည်း

" ဆရာတတ်နိုင်သမျှ အကောင်းဆုံး လုပ်ပေးပါခင်ဗျား "

ဟု ပြောဆိုပြီး ပြန်သွားခဲ့ပါသည်။

၄၄၄၄၄

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## တရားပြိုင်များဘက်ကို စစ်ဆေးခြင်း

**ရုံးချိန်းရက် ၊ ၃၀-၁၀-၉၀ ၊ မွန်းလွဲ (၁) နာရီ။**

(၃၀-၁၀-၉၀) နေ့ ရုံးချိန်းတွင် တရားပြိုင်အမှတ် (၁) ဦးစိန်သန်းအား စတင်စစ်ဆေးပါသည်။ ကျင့်ထုံးဥပဒေဆိုင်ရာ ထုံးစံအတိုင်း ဦးစိန်သန်းကို သူ၏ ရှေ့နေ ဦးမောင်မြင့်က စတင်၍ စစ်မေးရပါသည်။

(၁) တရားပြိုင် ဦးစိန်သန်း၏ ထွက်ဆိုအစစ်ခံချက်များကို စာဖတ်ပရိသတ်များ အလွယ်တကူ နားလည်သဘောပေါက်နိုင်စေရန် အောက်ပါအတိုင်း အကျဉ်းချုပ်၍ အနှစ်သာရကို မပျက်စေဘဲ ဖော်ပြလိုက်ပါသည်။

- ကျွန်တော်သည် ယခုအချင်းဖြစ်ပွားသည့် မြေနှင့်အိမ်ကို ၁၉၅၈ ခုနှစ်က ဒေါ်ခင်မြိုင် ထံမှ ဝယ်ယူခဲ့ပါသည်။ ကျွန်တော်သည် ဒေါ်ခင်မြိုင်နှင့် တစ်ရပ်ကွက်တည်း နေထိုင်ကြသည်ဖြစ်၍၊ အိမ်နှင့်မြေကို မဝယ်ယူမီကပင် သိကြပါသည်။ အိမ်နှင့်မြေကို ၁၀၀၀၀ိ/- ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ဒေါ်ခင်မြိုင်က ကျွန်မတာဝန်ယူသည်ဟု ပြော၍ စာချုပ်တွင် ၃၀၀၀ိ/- ဟု ရေးခဲ့ပါသည်။ ဒေါ်ခင်မြိုင်က ခေါင်းဖိုး သက်သာစေရန်ဟု ပြော၍ဖြစ်ပါသည်။ ထိုစာချုပ်ကို ကော်လိပ်တော်အရာရှိရုံးတွင် မှတ်ပုံတင်ခဲ့ပါသည်။ ဒေါ်ခင်မြိုင်က

www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို ပေးခဲ့ပါသည်။ ယခု ကျွန်တော်တင်ပြသည့်စာချုပ်စာတမ်းများ ဖြစ်ပါသည်။ အချင်းဖြစ် အိမ်ကို ကျွန်တော်ဝယ်ယူပြီးနောက် ဒေါ်ခင်မြိုင်က အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ပါသည်။ ယခု ကျွန်တော်ပြသသည့် စာချုပ်သည် အိမ်ငှားစာချုပ်ဖြစ်ပါသည်။ အိမ်ငှားစာချုပ်ပါ လက်မှတ်နှင့် လက်ဗွေမှာ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့်လက်ဗွေ ဖြစ်ပါသည်။ အိမ်ငှားစာချုပ် ချုပ်ပြီးနောက် ထိုအိမ်တွင် ဒေါ်ခင်မြိုင် (၇/၈) လခန့် နေသွားပါသည်။ ဒေါ်ခင်မြိုင် အိမ်မပြောင်းမီ ၄င်း၏အစ်ကိုဆိုသူ အိမ်ပေါ်တက်လာပါသည်။ ဗိုလ်ကြီးတစ်ဦးဖြစ်ပါသည်။ ဒေါ်ခင်မြိုင် ထွက်သွားပြီး ကျွန်တော်က အိမ်လခ ခဏခဏသွားတောင်းရာ ဗိုလ်ကြီးကတော်က တိုင်ချင်ရာတိုင် မပေးနိုင်ဟု ပြောပါသည်။ သို့သော်လည်း ကျွန်တော် အလုပ်များနေသဖြင့် မတိုင်ခဲ့ပါ။ အိမ်မြေ အရောင်းအဝယ်စာချုပ်တွင် ဒေါ်ခင်မြိုင်က ကျွန်တော့်ရှေ့တွင် လက်မှတ်ထိုးခဲ့ခြင်းဖြစ်ပါသည်။ စာချုပ်ပါသက်သေ " ဇော်ငြိမ်း " မှာ ကွယ်လွန်သွားပြီး ဖြစ်ပါသည်။

တရားပြိုင် (၁) ဦးစိန်သန်းအား သူ၏ရှေ့နေကြီး ဦးမောင်မြင့်မှ အထက်ပါအတိုင်း မေးမြန်းဖြေဆိုခဲ့ပြီးနောက် (၂) တရားပြိုင်၏ရှေ့နေကြီး ဦးလှအောင်က ပြန်လှန်စစ်မေးခြင်း ပြုပါသည်။ စစ်မေးချက်များနှင့် ဖြေဆိုချက်များကို အောက်ပါအတိုင်း အကျဉ်းချုံး ဖော်ပြပါသည်။

- (၂) တရားပြိုင်သည် ကျွန်တော်၏ တူအရင်းဖြစ်ပါသည်။ တရားလိုဘက်က တရားမစွဲမီ ကျွန်တော်တို့ထံ နို့တစ်စာပေးပို့ခဲ့ပါသည်။ ထိုနို့တစ်စာတွင် ကျွန်တော်တို့ လက်ဝယ်ရှိ စာချုပ်စာတမ်းများမှာ မမှန်မကန်ပြုလုပ်ထားသော စာချုပ်များဟု စွပ်စွဲထားသည်ဆိုလျှင် မှန်ပါသည်။ အဆိုပါစာချုပ်များနှင့် လက်ဗွေများကို လက်ဗွေပါရဂူက (၂၀-၉-၉၀) နေ့ ရုံးချိန်းတွင် ဒေါ်ခင်မြိုင် ၏ လက်ဗွေကို ရယူပြီး စစ်ဆေးရာ ကျွန်တော်ရုံးရှေ့တွင် ရှိနေပါသည်။ လက်ဗွေပါရဂူက အစစ်ခံထွက်ဆိုရာတွင် ဒေါ်ခင်မြိုင် တို့ဘက်က စွပ်စွဲသည့် စွပ်စွဲချက်မမှန်ကြောင်း ကျွန်တော်သိခဲ့ရပါသည်။ ထိုနေ့က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသော ဒေါ်ခင်မြိုင်မှာ ကျွန်တော့်အား အချင်းဖြစ်အိမ်မြေကို ရောင်းချခဲ့သည့် ဒေါ်ခင်မြိုင် ဖြစ်ပါသည်။

အချင်းဖြစ် အိမ်နှင့်မြေကို ကျွန်တော်ဝယ်ယူသည့်အချိန်က ရွှေ ၆/- သား ၁၅၀/- ကျပ်ခန့်သာ ရှိပါသည်။

(၁) တရားပြိုင် ဦးစိန်သန်းအား (၂) တရားပြိုင်၏ရှေ့နေကြီး စစ်မေး ပြီးသည့်အချိန်တွင် နေ့ခင်း ၂း၃၀ နာရီခန့်ရှိနေပြီဖြစ်၍ နောက်ရုံးချိန်းတွင်မှ ကျွန်တော် (တရားလို၏ရှေ့နေ) အနေဖြင့် ပြန်လှန်စစ်မေးရန် တရားရုံးက ရုံးချိန်း ပေးလိုက်သဖြင့် ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။

ဿဿဿဿဿ

**ရုံးချိန်းရက် ၊ ၇-၁၁-၉၀ ၊ မွန်းလွဲ (၁) နာရီ။**

ကျွန်တော်က အမှု၏အဓိကတရားပြိုင်ဖြစ်သူ ဦးစိန်သန်းကို စစ်မေး ရပါတော့မည်။ လက်ဗွေပါရဂူကြီး က ကျွန်တော်နှင့်ဆန့်ကျင်ဘက်မှ ရပ်တည်ထွက်ဆို ခဲ့သည့်အတွက် ကျွန်တော့်အမှုအခြေအနေမှာ အလွန်နိမ့်ပါးနေပါသည်။ ဤအခြေအနေကို ဆယ်တင်ရန် ကျွန်တော့်အနေဖြင့် တရားပြိုင် ဦးစိန်သန်း ထံမှ ကျွန်တော်လိုလားသည့် " ဝန်ခံချက် " များ အများအပြားရအောင် မေးမြန်းရမည် ဖြစ်ပါသည်။ ကျွန်တော် အစွမ်းကုန်ကြိုးစား၍ မေးမြန်းသည့်တိုင် ဦးစိန်သန်း မည်သို့ဖြေဆိုမည်ဆိုသည့်အချက်ကို ကျွန်တော် ကြိုတင်မျှော်မှန်းထား၍မရပါ။

အခြေအနေမည်သို့ပင်ရှိပါစေ မေးမြန်းရန်ရှိသည်များကို မေးမြန်းရန် ကိစ္စမှာ ကျွန်တော့်တာဝန်သာ ဖြစ်ပါတော့သည်။

(၇-၁၁-၉၀) နေ့ မွန်းလွဲ (၁) နာရီခန့်တွင် တရားသူကြီး တရားခွင်သို့ တက်လာ၍ ဦးစိန်သန်း အား ကျမ်းကျိန်ဆိုစေပြီးနောက် ကျွန်တော့်အား ပြန်လှန် စစ်မေးနိုင်ပြီဖြစ်ကြောင်း အသိပေးပြောကြားလာသဖြင့် ဦးစိန်သန်းအား ကျွန်တော် စစ်မေးရပါတော့သည်။

( ကျွန်တော်၏အမေးနှင့် ဦးစိန်သန်း၏ အဖြေတို့ကို အမေးအဖြေပုံစံဖြင့် ဖော်ပြသွားပါမည်။ )

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ရုံးချိန်းတွင် အနည်းငယ်ထူးခြားနေသည့်အချက်မှာ ဆရာ ဦးသိန်းလွင်လည်း ကိုထက်ဝင်း နှင့်အတူ လိုက်ပါလာသည့်အချက်ဖြစ်ပါသည်။ ကျွန်တော်က -

" ဆရာ - ကျောင်းအားလို့ လိုက်လာတာလား "

ဟု မေးမြန်းရာ ဆရာက -

" ကျောင်းက ညနေ ၅း၀၀ နာရီမှ စမှာပါ။ အရင်ရုံးချိန်းရက်တွေမှာ လက်ထွေ့ပါရှုကို စစ်တုန်းက မသိလိုက်လို့ နားမထောင်ခဲ့ရဘူး။ ဒီတစ်ခါ တရားပြိုင် ဦးစိန်သန်းကို ဆရာက ပြန်လှန်စစ်မေးမှာလို့ မောင်ထက်ဝင်းက ပြောလို့ လိုက်လာတာပါ "

ဟု ပြောလာပါသည်။

ကျွန်တော့်အနေဖြင့် မူလကတည်းကပင် တရားပြိုင်ကို ပြန်လှန်မေးရမည့် ကိစ္စအတွက် စိတ်ဖိစီးမှုရှိနေသည့် အခြေအနေတွင် ကျွန်တော့်ကို အားပေးရန် ပရိသတ်တစ်ဦး ပါလာသည့်အတွက် အားတက်မိပါသည်။

ရုံးရှေ့တွင် ဆရာဦးသိန်းလွင် အား ကျွန်တော်နှင့် မနီးမဝေး သင့်လျော်သည့် နေရာတွင် ထိုင်နိုင်ရန်စီစဉ်ပေးပြီးနောက် တရားပြိုင် ဦးစိန်သန်းအား စစ်မေးရန် ဆောင်ရွက်ရပါသည်။

**ရှေ့နေမေး** " ယခု ပြသသည့် (၁-၂-၅၈) ရက်စွဲပါ အိမ်ရှင်အိမ်ငှားစာချုပ်၏ နောက်ကျောဘက်တွင် အစိုးရစာချုပ်ခေါင်းကို ရောင်းချပေးသည့် ရက်စွဲမှာ (၇-၄-၅၂) ဟု ဖော်ပြထားသည် ဆိုလျှင် "

**ဦးစိန်သန်းဖြေ** " မှန်ပါသည်။ "

(မှတ်ချက်) (၁၉၅၈ ခုနှစ်တွင်ချုပ်ဆိုသည့် အိမ်ငှားစာချုပ်သည် ၁၉၅၂ ခုနှစ်က ထုတ်ရောင်းထားသည့် စာချုပ်ဖြစ်ရာ (၆) နှစ်နီးပါးခန့် ကွာနေသည့်အချက်ကို ဦးစိန်သန်းက ဝန်ခံလိုက်ပါသည်။)

**ရှေ့နေမေး** " ယခုပြသသည့် (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်၏ နောက်ကျောတွင် ရောင်စုံခဲတံဖြင့် ပန်းချီပုံများ ရေးဆွဲထားသည့်ကိစ္စမှာ မည်သူက ပြုလုပ်ပါသလဲဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်သန်းဖြေ** “ ကျွန်တော် မသိပါ။ ”

(မှတ်ချက်) (အဆိုပါ အိမ်ငှားစာချုပ်မှာ ရက်စွဲအရ ၁၉၅၈ ခုနှစ်တွင် ချုပ်ဆိုထားခြင်းဖြစ်ပြီး အိမ်ရှင် ဦးစိန်သန်း လက်ဝယ်ရှိ စာချုပ်ဖြစ်ရာ အဘယ်ကြောင့် ထိုပန်းချီပုံများ ရေးဆွဲထားသည်ကို ဦးစိန်သန်း ရှင်းပြသင့်ပါသည်။ သို့သော်လည်း မရှင်းပြနိုင်ပါ။)

**ရွှေနေမေး** “ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေများနှင့် လက်ရေးလက်မှတ်များမှာ ဟောင်းနွမ်းမှေးမှိန်ခြင်းမရှိဘဲ ထင်ထင်ရှားရှားပင် ရှိနေသည်ဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ မှန်ပါသည်။ ”

(မှတ်ချက်) (အမှုစစ်ဆေးနေချိန်မှာ ၁၉၉၀ ခုနှစ်ဖြစ်ရာ လွန်ခဲ့သော (၃၂) နှစ်ခန့်က ချုပ်ဆိုထားသည့် စာချုပ်တစ်ခုသစ်လွင်ထင်ရှားနေသည့် အချက်သည် ယုတ္တိမရှိကြောင်း သတိပြုသင့်သောအချက် ဖြစ်ပါသည်။ )

**ရွှေနေမေး** “ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်နှင့် တစ်ချိန်တည်း ချုပ်ဆိုခဲ့သည့် (၂၃-၁-၅၈) ရက်စွဲပါ အိမ်မြေအရောင်းအဝယ် စာချုပ်ပေါ်ရှိ လက်ဗွေနှင့် လက်ရေးစာများမှာ မှေးမှိန်နေပြီ ဖြစ်သည်ဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ မှန်ပါသည်။ ”

(မှတ်ချက်) ((၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ပါ လက်ရေးလက်ဗွေများက ထင်ရှားသစ်လွင်နေပြီး (၁၀) ရက်ခန့်သာ ကွာခြားပြီး ချုပ်ဆိုသည့် (၂၃-၁-၅၈) ရက်စွဲပါ အိမ်မြေအရောင်းစာချုပ်က ဟောင်းနွမ်းနေသည့်အချက်သည် သဘာဝမကျကြောင်း သတိပြုသင့်သော အချက် ဖြစ်ပါသည်။ )

**ရွှေနေမေး** “ ဒေါ်ခင်မြိုင်က အချင်းဖြစ်အိမ်နှင့်မြေကို (၅-၆-၅၇) နေ့တွင် ၁၀၀၀၀ိ/- ကျပ်ဖြင့် ဝယ်ယူခဲ့ပြီးနောက် (၇) လအကြာ (၂၃-၁-၅၈) နေ့တွင် ကျွန်တော်က ယင်းအိမ်မြေကို တန်ဖိုး ၃၀၀၀ိ/- ဖြင့် ဝယ်ယူခဲ့သည့်သဘောဖြစ်သည်ဆိုလျှင် ”

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

(မှတ်ချက်) ((၅-၆-၅၇) နေ့တွင် ၁၀၀၀၀ိ/- ဖြင့် ဝယ်ယူထားသည့် အိမ်နှင့်မြေကို ဝယ်ပြီးနောက် (၇) လခန့်အကြာတွင် ၃၀၀၀ိ/- ဖြင့် ပြန်လည်ရောင်းချသည်ဆိုသည့်အချက်မှာ ရောင်းချခြင်းလော၊ ပေါင်နှံခြင်းလောဆိုသည်မှာ စဉ်းစားသင့်သောအချက် ဖြစ်ပါသည်။)

ရှေ့နေမေး " ဒေါ်ခင်မြိုင် က ၁၀၀၀၀ိ/- ဖြင့် ဝယ်ယူထားသည့် အိမ်နှင့်မြေကို (၇) လအတွင်း ခင်ဗျားကို ၃၀၀၀ိ/- နှင့် ရောင်းရလောက်အောင် အိမ်မြေဈေးများ ကျသွားလို့လားဆိုရင် "

ဦးစိန်သန်းဖြေ " မဟုတ်ပါ။ ကျွန်တော်ဝယ်စဉ်က ၁၀၀၀၀ိ/- ဖြစ်ပါသည်။ "

ရှေ့နေမေး " ခင်ဗျား တင်သွင်းထားတဲ့ ချေပလွှာအပိုဒ် (၁) မှာ အချင်းဖြစ် ဥပစာကို ကျပ် ၃၀၀၀ိ/- ဖြင့် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ် ချုပ်ဆို ဝယ်ယူခဲ့ကြောင်း ဖော်ပြထားတယ်ဆိုရင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

ရှေ့နေမေး " ခင်ဗျားရဲ့ ချေပလွှာမှာ အချင်းဖြစ်အိမ်မြေကို ၁၀၀၀၀ိ/- နှင့် ဝယ်ယူခဲ့ကြောင်း မည်သည့်နေရာတွင်မျှ ဖော်ပြထားခြင်းမရှိ ဆိုလျှင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

(မှတ်ချက်) (အိမ်မြေအရောင်းအဝယ်စာချုပ်တွင် ၃၀၀၀ိ/- ဖော်ပြထားပြီး ရုံးရှေ့ထွက်ဆိုရာတွင် တန်ဖိုး ၁၀၀၀၀ိ/- ဟု ကွဲလွဲထွက်ဆို နေသည့်အချက် ထင်ရှားနေသည်ကို တွေ့နိုင်ပါသည်။)

ရှေ့နေမေး " ခင်ဗျား အဓိကအစစ်ခံထွက်ဆိုစဉ်က အချင်းဖြစ် မြေဂရန် စာချုပ်တွင် ဒေါ်ခင်မြိုင် ဝယ်ယူ ပိုင်ဆိုင်ထားကြောင်း တွေ့ရ၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ခြင်းသည် ဂရန်စာချုပ်တွင် " ဒေါ်တင်နှင့် မောင်အောင်ကျော်သိန်း တို့အမည်မှ ဒေါ်ခင်မြိုင် အမည်သို့ ပြောင်းလွှဲလိုက်ကြောင်း " ရေးသား ထားချက်အရ ထွက်ဆိုရခြင်းဖြစ်သည်ဟု ဆိုလိုပါသလား ဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်သန်းဖြေ** “ မှန်ပါသည်။ ”

(မှတ်ချက်) (ကျွန်တော် အထက်ပါမေးခွန်းကို မေးရာတွင် ဂရန်စာချုပ်တွင် ရေးသားထားသော **“ ရက်စွဲ ”** - မထောက်ပြဘဲ အထက်ဖေါ်ပြပါ စာသားများကိုသာ ထောက်ပြ၍ မေးမြန်းခဲ့ပါသည်။)

ထို့နောက်မှ ဆက်လက်၍ အောက်ပါအတိုင်း မေးမြန်းခဲ့ပါသည်။

**ရှေ့နေမေး** “ အချင်းဖြစ်မြေကို ဒေါ်ခင်မြိုင် အမည်သို့ ပြောင်းလွှဲလိုက်သည့် နေ့မှာ (၃၁-၁-၅၉) နေ့ ဖြစ်သည်ဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ မှန်ပါသည်။ ”

(မှတ်ချက်) (ဦးစိန်သန်း က အချင်းဖြစ်မြေကို ဒေါ်ခင်မြိုင် အမည်ပေါက်သည်ကို တွေ့ရ၍ (၂၃-၁-၅၈) နေ့တွင် ဝယ်ယူခဲ့သည်ဟုဆိုသော်လည်း၊ အမှန်တကယ်အားဖြင့် ဒေါ်ခင်မြိုင် ဂရန် အမည်ပေါက်သည့် နေ့မှာ (၃၁-၁-၅၉) ဖြစ်ရာ အချိန်ကာလ (၁) နှစ်ခန့် ကွဲလွဲ နောက်ကျနေသည်ကို တွေ့နိုင်ပါသည်။)

ကျွန်တော် အထက်ပါ မေးခွန်းများမေးမြန်းပြီးသည့်အချိန်တွင် တရားပြိုင် ဦးစိန်သန်း သည် မိမိအဖြေအမိပ္ပါယ်မရှိ ကွဲလွဲသွားကြောင်း သတိပြုမိသွားပြီး ရုံးတော်သို့ တတ်နိုင်သမျှ ဖြေရှင်းသည့်အနေဖြင့် ဂရန်စာချုပ်တွင် မိမိအမည်ကို တိုက်ရိုက်ပြောင်း၍မရသဖြင့် ဒေါ်ခင်မြိုင် ၏အမည် ဦးစွာပြောင်းရခြင်း ဖြစ်ကြောင်း ဆက်လက်၍ ထွက်ဆိုတင်ပြသည်ကို တရားရုံးတော်မှ မှတ်တမ်းတင်ပေးလိုက်ပါသည်။ သို့သော်လည်း အချိန်ကာလ (၁) နှစ်ခန့် ရှေ့နောက်ပြောင်းပြန် ဖြစ်နေသည့် အချက်ကိုမူ မရှင်းနိုင်ပါ။

ဦးစိန်သန်း ဖြေရှင်းချက်များပေးပြီးနောက် ကျွန်တော်က ဦးစိန်သန်း၏ ရှေ့ပိုင်းက ထွက်ဆိုချက်များကို သေချာစွာထောက်ပြပြီးနောက် ချောင်ပိတ်မေးမြန်းသည့် အနေဖြင့် -

**ရှေ့နေမေး** “ ခင်ဗျားက ၁၉၅၈ ခုနှစ်မှာ ဒေါ်ခင်မြိုင် ရဲ့အမည် ဂရန်မှာ ပေါက်နေလို့ ဒီအိမ်နဲ့မြေကို ဝယ်တယ်လို့ ထွက်ဆိုခဲ့ပေမယ့် တကယ်တော့ ဒေါ်ခင်မြိုင် ရဲ့အမည် ဂရန်မှာ ပေါက်တာ ၁၉၅၉

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့အတွက် ခင်ဗျားအနေနဲ့ တရားရုံးကို မမှန်ထွက်ဆိုခဲ့တာ ဖြစ်တယ်မဟုတ်လား ”

ဟု မေးလိုက်ရာ -

**ဦးစိန်သန်းဖြေ** “ ကျွန်တော် မမှတ်မိ၍ ထွက်ဆိုခဲ့ခြင်းဖြစ်ပါသည် ”

ဟု လျှောချဖြေဆိုခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်တော်အမှုစစ်နေသည်မှာလည်း အချိန်အတော်ကြာသွားပြီ ဖြစ်သည့်အပြင် ဦးစိန်သန်း၏ အခြေအနေမှာလည်း အလွန်စိတ်ညစ်နေကြောင်း ထင်သာမြင်သာ ပေါ်ပေါက်နေပါသည်။ ထိုသို့ အခြေအနေတွင် ရုံးရှေ့တွင်လည်း စစ်ဆေးရန် ချိန်းဆိုထားသည့် အခြားသော အမှုသည်များ၊ ရှေ့နေများလည်း ရောက်ရှိနေကြသည့်အတွက် နောက်အမှုများကို စစ်ဆေးရန် အလို့ငှာ ကျွန်တော်တို့အမှုကို တရားရုံးက ချိန်းဆိုပေးလိုက်ပါသည်။

နောက်ထပ် ဆက်လက်၍ ဦးစိန်သန်းအား စစ်ဆေးရန် ရုံးချိန်းရက် ရယူပြီးနောက် ကျွန်တော် ရုံးပြင်သို့ထွက်လာစဉ် ဆရာဦးသိန်းလွင်က ကျွန်တော်၏ လက်ကို ဆွဲညစ်ဆုပ်ကိုင်ပြီး ကျွန်တော်၏ မေးမြန်းချက်များအပေါ် ကျေနပ်ကြောင်း ပြောကြားကာ ညနေဘက် (၆း၃၀) နာရီခန့် သူ့ကျောင်းဆင်းချိန်တွင် သူ့ကျောင်းတွင် တွေ့ဆုံ၍ စကားပြောကြရန် ဖိတ်ခေါ်ခဲ့ပါသည်။

ကျွန်တော်ကလည်း လာမည်ဖြစ်ကြောင်း ပြောဆိုပြီး လမ်းခွဲခဲ့၍ ကျွန်တော် ရုံးခန်းသို့ ပြန်ခဲ့ပါသည်။

ဿဿဿဿဿ

## ၇-၁၁-၉၀ နေ့ ညနေခင်း သတင်းစာရှင်းလင်းပွဲ

ဦးသိန်းလွင်က ကျွန်တော့်အား ညနေ (၆း၃၀) နာရီ ဆုံကြရန် ဖိတ်ထားသော်လည်း (၆း၃၀) နာရီမှ ကျောင်းဆင်းချိန်ဖြစ်၍ အားနာသောကြောင့် (၇း၀၀) နာရီလောက် ကျွန်တော် အရောက်သွားခဲ့ရာ ကျောင်းတွင် ကျောင်းစာရေး (၂) ယောက်၊ ဆရာဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ နှစ်ယောက် ကျွန်တော့်ကို စောင့်မျှော်နေကြသည်ကိုတွေ့ရ၍ ကျွန်တော်က နောက်ကျသည်ကို ခွင့်လွှတ်ရန် တောင်းပန်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းလွင်က ကျွန်တော်ရောက်လာသည်နှင့် ကျွန်တော့်လက်ကို ဆွဲတိုင်ညစ်ကာ နေ့ခင်းက ကျွန်တော် ဦးစိန်သန်းအား မေးသည့်မေးခွန်းများနှင့် ဦးစိန်သန်း၏ ဝန်ခံဖြေဆိုချက်များအရ အမှုအခြေအနေ အားရစရာတိုးတက်လာကြောင်း ဝမ်းသာအားရဖြင့် ပြောလာပါသည်။ ကိုထက်ဝင်း မျက်နှာမှာလည်း ပြုံးရွှင်လန်းဆန်းနေသည်ကို တွေ့ရပါသည်။

ဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ အမူအရာများကို တွေ့ရပြီး ကျွန်တော်လည်း အားတက်မိပါသည်။ သို့သော်လည်း ယနေ့တာ အမေးအဖြေများအရ အမှုတစ်ခုလုံးကို ဆုံးဖြတ်နိုင်သည် မဟုတ်သကဲ့သို့ ယနေ့အခြေအနေကြောင့်လည်း အမှုနိုင်ပြီဟု ပြောရန် လုံးဝမဖြစ်နိုင်သေးပါ။

ကျွန်တော်၏ ရင်ထဲမှအသိကို ပြောလိုက်ပါက ကိုထက်ဝင်း ချက်ချင်း စိတ်ဓါတ်ကျသွားမည်ကို ကျွန်တော်သိနေသဖြင့် သူတို့ကို ဘာမျှမပြောဘဲ အလိုက်သင့်ပင် နေလိုက်ပါသည်။

ဆရာဦးသိန်းလွင်က သူ၏စာရေးများကို ကျွန်တော်တို့အတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ခိုင်းပါသည်။

ထို့နောက် ဆရာဦးသိန်းလွင်က နေ့ခင်းက ကျွန်တော် ဦးစိန်သန်းအား မေးခဲ့သည့် မေးခွန်းတစ်ခုစီအပေါ် ဦးစိန်သန်း၏ ဖြေဆိုချက်များနှင့်တကွ ပြန်ပြောပြီး ဦးစိန်သန်း၏ ဖြေဆိုချက်များအရ အမှုတွင် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို မေးမြန်းပါတော့သည်။

ကျွန်တော်အား အင်တာဗျူးမေးသူက ဦးသိန်းလွင်၊ ဖြေရမည့်သူ ကျွန်တော်၊ ပရိသတ်က ကိုထက်ဝင်း အလွန်စည်ကားသိုက်မြိုက်လှသည့် သတင်းစာရှင်းလင်းပွဲကြီး ဖြစ်ပါသည်။ နောက်နေ့ထုတ် သတင်းစာ၊ ဂျာနယ်များတွင် ပါလာမည်မဟုတ်သော သတင်းစာရှင်းလင်းပွဲပါတကား။

ဦးသိန်းလွင်၏ မေးမြန်းချက်များ၊ ဝေဖန်ထောက်ပြချက်များမှာ ကျွန်တော် အထက်တွင် မှတ်ချက်များဖြင့် ဖေါ်ပြထားပြီးဖြစ်၍ ထပ်မံမဖေါ်ပြတော့ပါ။

တရားပြိုင် ဦးစိန်သန်း ထံမှ အရေးကြီးသော ဝန်ခံချက်များကို ရရှိအောင် ကျွန်တော် မေးမြန်းနိုင်ခဲ့သည်မှာ မှန်သော်လည်း လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များကို လွှမ်းမိုးပျက်ပြယ်သွားနိုင်သော အချက်များမဟုတ်ပါ။ သို့သော်လည်း ထိုအချက်များကို ဦးသိန်းလွင်နှင့် ကိုထက်ဝင်း တို့ကို ကျွန်တော် ရှင်းမပြတော့ပါ။

ၐၐၐၐၐ

www.burmeseclassic.com

www.burmeseclassic.com



**တရားလိုပြင် ဦးစိန်သန်း ကို ဆက်လက်စစ်ဆေးခြင်း**

**ရုံးချိန်းရက်** ၊ ၂၆-၁၁-၉၀ ၊ နံနက် (၁၁း၀၀) နာရီ

**ယနေ့ရုံးချိန်းတွင်** ဆရာဦးသိန်းလွင် ပါမလာဘဲ ကိုထက်ဝင်း တစ်ယောက် တည်း ရုံးသို့ရောက်လာသည့်အတွက် မေးကြည့်ရာ သင်တန်းတစ်ခု (၁၁း၃၀) နာရီမှ ပြီးမည်ဖြစ်၍ ဦးသိန်းလွင် လိုက်မလာနိုင်ကြောင်း ကိုထက်ဝင်းက ပြောပါသည်။

ယနေ့ ရုံးချိန်းတွင် တရားသူကြီး အနည်းငယ်နောက်ကျပြီးမှ ရုံးတက်လာပြီး တရားရုံးချုပ်မှ ရုံးစစ်ဆေးရေးကိစ္စ လူကြီးများရောက်နေ၍ အနည်းငယ် နောက်ကျ ရကြောင်း ရှင်းပြကာ အမှုကို ဆက်လက်စစ်ဆေးရန် ဦးစိန်သန်းအား ကျမ်းကျိန်ဆိုစေ ပါသည်။

ထို့နောက် စစ်မေးနိုင်ပြီဖြစ်ကြောင်း ကျွန်တော့်အား ခွင့်ပေးသဖြင့် ဆက်လက် စစ်မေးပါသည်။

ကျွန်တော်က ဟောင်းနွမ်းနေသော “ **အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်** ” ထက် အလွန်သစ်လွင်နေသော “ **အိမ်ငှားစာချုပ်** ” အကြောင်း မေးမြန်းရန် ပြင်ဆင်ထားသဖြင့် အိမ်ငှားစာချုပ်ကိုကိုင်၍ မေးမြန်းမှုပြုခဲ့ပါသည်။

**ရှေ့နေမေး** “ အရောင်းစာချုပ် ချုပ်ဆိုပြီးနောက် (၉) ရက်အကြာမှာ ဒီ (၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ကို ချုပ်ဆိုခဲ့တာ အမှန်ပဲလား ဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ မှန်ပါသည် ”

**ရှေ့နေမေး** “ ဒီအိမ်ငှားစာချုပ်မှာ သက်သေအဖြစ် လက်မှတ်ထိုးထားတဲ့ “ ခင်မောင် ” ဟာ ဘယ်သူလဲဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ သေသွားပါပြီ ”

**ရှေ့နေမေး** “ အိမ်ငှားစာချုပ် ချုပ်ထားတဲ့ ၁၀/- ခေါင်းနှစ်လုံးကို ဘယ်သူ ဝယ်ခဲ့တာလဲ ဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ ကျွန်တော်မမှတ်မိပါ ”

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့နေမေး “ အိမ်ငှားစာချုပ်မှာ အိမ်လခတစ်လ ၅ဝိ/- ဟု ဖော်ပြထားရာ ထိုစဉ်က ရွှေတစ်ကျပ်သား ၁၅ဝိ/- ခန့်ဖြစ်၍ ၃-လစာ အိမ်လခသည် ရွှေတစ်ကျပ်သားနှင့် ညီမျှနေသည်ဆိုလျှင် ”

ဦးစိန်သန်းဖြေ “ ခန့်မှန်းခြေအားဖြင့် မှန်ပါသည်။ ”

ရွှေ့နေမေး “ ထိုအချိန်ကာလက အိမ်လခ ၅ဝိ/- ဆိုသည်မှာ အလွန်များနေသည် ဆိုလျှင် ”

ဦးစိန်သန်းဖြေ “ အမှန်အတိုင်း ရေးထားခြင်းဖြစ်ပါသည်။ ”

ရွှေ့နေမေး “ ဒေါ်ခင်မြိုင် ထံမှ အိမ်လခ (၆) လခန့် ရဖူးသည်ဟု ထွက်ဆိုထားရာ ပြေစာပြနိုင်ပါသလား ဆိုလျှင် ”

ဦးစိန်သန်းဖြေ “ မပြနိုင်ပါ။ ”

ရွှေ့နေမေး “ သို့ဖြစ်လျှင် အိမ်ငှားစာချုပ်အရ ကောက်ခံရမည့်အိမ်လခများ ကောက်ခံခြင်းမပြုခဲ့တာ နှစ်ပေါင်း (၃၀) ကျော်ပြီဆိုလျှင် ”

ဦးစိန်သန်းဖြေ “ မှန်ပါသည်။ ”

ရွှေ့နေမေး “ အချင်းဖြစ်အိမ်ကို ဒေါ်ခင်မြိုင် အမည်ဖြင့် ဝယ်ယူပြီးနောက် ဒေါ်ကွန့်၊ ဒေါ်မြခက်၊ ဒေါ်တင်ခိုင် နှင့် ဒေါ်ခင်မြိုင် တို့မိသားစုများ နေထိုင်ကြသည်ကို သိသလားဆိုလျှင် ”

ဦးစိန်သန်းဖြေ “ မသိပါ။ ”

ရွှေ့နေမေး “ အချင်းဖြစ်အိမ်ကို ဒေါ်ခင်မြိုင် အမည်ဖြင့် ဝယ်ယူပြီး (၆) လခန့် အကြာတွင် ဒေါ်ခင်မြိုင် ဘာသာခြားယောကျ်ားကိုယူ၍ အိမ်ပေါ်မှ ဆင်းသွားသည်ကို သိသလား ဆိုလျှင် ”

ဦးစိန်သန်းဖြေ “ ကျွန်တော် ကြားလိုက်ရပါသည်။ ”

ရွှေ့နေမေး “ ဒေါ်ခင်မြိုင် ထွက်သွားပြီး မည်မျှကြာမှ အချင်းဖြစ်အိမ်ကို ဗိုလ်ကြီးမြထွန်း (ကိုထက်ဝင်း၏ ဖခင်) တို့ မိသားစု ပြောင်းလာသလဲ ဆိုရင် ”

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သန်းဖြေ " ဘယ်လောက်ကြာသည်ကို မမှတ်မိပါ။ "

ရှေ့နေမေး " အချင်းဖြစ်အိမ်ကို ဗိုလ်ကြီးမြထွန်း တို့ မိသားစု ပြောင်းလာပြီး နောက် ကျွန်တော်က ထိုအိမ်ကို ဒေါ်ခင်မြိုင်ထံမှ ဝယ်ထားကြောင်း၊ နောက် ဒေါ်ခင်မြိုင်ကို အငှားချထားကြောင်း၊ ဗိုလ်ကြီးမြထွန်း တို့မှာ မည်သည့်အခွင့်အရေးမျှမရှိကြောင်း စသည်ဖြင့် ပြောဆို ခဲ့တာ ရှိသလားဆိုလျှင် "

ဦးစိန်သန်းဖြေ " မမှတ်မိပါ။ "

ရှေ့နေမေး " အချင်းဖြစ်အိမ်တွင် ဗိုလ်ကြီးမြထွန်းတို့ နေသည်ကိုသိပြီးနောက် ကျွန်တော်၏ အခွင့်အမိန့်မရှိဘဲ နေသည့်အတွက် အမှုအခင်း စွဲဆိုခဲ့တာမရှိခဲ့ဆိုလျှင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

ရှေ့နေမေး " ကျွန်တော် တန်ဖိုးထားပါသည်ဆိုသော အိမ်လခ ၅၀/- ရရှိရေးအတွက် နှစ်ပေါင်းများစွာ တရားမစွဲဆိုခဲ့ဆိုလျှင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

ရှေ့နေမေး " နှစ်ပေါင်း (၃၀) ကျော်အတွက် အိမ်မြေအခွန်အခများကို ဗိုလ်ကြီးမြထွန်း တို့ကသာ ပေးဆောင်နေပြီး ကျွန်တော်က ပေးဆောင်ရန် သက်ဆိုင်ရာရုံးများတွင် လျှောက်ထားခဲ့ခြင်း မရှိဆိုလျှင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

ရှေ့နေမေး " ကျွန်တော်၏ လက်ဝယ်ရှိ စာချုပ်စာတမ်းများသည် အမှန်အကန် စာချုပ်စာတမ်းများ ဖြစ်ခဲ့လျှင် ရုံးကန္တာသွားရန်အတွက် စိုးရိမ်စရာအကြောင်းမရှိဆိုလျှင် "

ဦးစိန်သန်းဖြေ " မှန်ပါသည်။ "

ရှေ့နေမေး " ဒေါ်ခင်မြိုင်ကို တွေ့အောင်ရှာပြီး ဝယ်ထားသည့်အိမ်မြေနှင့် ပတ်သက်၍ ရရန်ရှိသည့် ရပိုင်ခွင့်များ ရရှိအောင် ဆောင်ရွက် ခဲ့ခြင်းမရှိဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်သန်းဖြေ** “ မတွေ့၍ မလုပ်ခဲ့ပါ။ ”

**ရှေ့နေမေး** “ ဒီအမှုမစွဲမီ ဒေါ်ခင်မြိုင်၏ ရှေ့နေက ကျွန်တော့်အား (၂၀-၁၁-၈၉) ရက်စွဲပါ နို့တစ်စာကို ပေးပို့ခဲ့ရာ ကျွန်တော်တို့ ဘက်က ပြန်ကြားခဲ့ခြင်းမရှိဆိုလျှင် ”

**ဦးစိန်သန်းဖြေ** “ မှန်ပါသည်။ ”

ဤနေရာတွင် ကျွန်တော်က တရားသူကြီးအား ဆက်လက်မေးမြန်းရန် မရှိတော့ပါကြောင်းတင်ပြရာ တရားသူကြီးက တရားပြိုင် ဦးစိန်သန်း၏ ရှေ့နေကြီးအား ပြန်လည်ရှင်းလင်း စစ်မေးရန် ရှိ/မရှိ မေးမြန်းပါသည်။

ဦးစိန်သန်း၏ ရှေ့နေကြီးက မေးရန်ရှိကြောင်းပြောဆိုပြီး အောက်ပါအတိုင်း မေးမြန်း ဖြေဆိုကြပါသည်။

- အရောင်းစာချုပ်နှင့် အငှားစာချုပ်အကြား (၉) ရက်ကွာခြားရခြင်းကို ရှင်းပြပါဆိုလျှင် ဒေါ်ခင်မြိုင်က ၄င်းတွင်နေစရာမရှိ၍ ခေတ္တ ငှားထားပါဟုဆို၍ ထားခဲ့ခြင်းဖြစ်ပါသည်။

( ဤနေရာတွင် ဦးစိန်သန်းအား စစ်မေးခြင်း ပြီးဆုံးသွားပါသည်။ )

ထိုနေ့က ကျွန်တော်၏ မေးခွန်းများနှင့် ဦးစိန်သန်း၏ ဖြေဆိုချက်များကို လေ့လာကြည့်ရှုပါက ဦးစိန်သန်းသည် အချင်းဖြစ်အိမ်မြေကို ဒေါ်ခင်မြိုင်ထံမှ အမှန်တကယ်ဝယ်ယူခဲ့ပြီးနောက် ဒေါ်ခင်မြိုင်အား အငှားပြန်လည်ချထားခြင်း မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားသည်ဟု ထင်မြင်မိပါသည်။

ကျွန်တော်၏ ဘေးတွင်ထိုင်၍ နားထောင်နေသူ ကိုထက်ဝင်းက အလွန် အားတက် ဝမ်းသာနေသည်ကို တွေ့ရပါသည်။ သူ့အမှုနိုင်တော့မည်ဟု ထင်နေပုံ ရပါသည်။

တရားပြိုင် ဦးစိန်သန်းအား စစ်မေးခြင်းပြီးဆုံးပြီဖြစ်၍ နောက်ရုံးချိန်းတွင် တရားပြိုင်အမှတ် (၂) ဦးအောင်ထွန်းအား ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း တရားသူကြီးက နှစ်ဖက်ရှေ့နေများအား သတိပေးပြီးနောက် နောက်ရုံးချိန်းကို (၃၀-၁၁-၉၀) နေ့ (၁၀) နာရီအချိန် သတ်မှတ်ပေးလိုက်ပါသည်။

ꩻꩻꩻꩻꩻ

www.burmeseclassic.com

www.burmeseclassic.com



**ရုံးချိန်းရက် ၊ ၃၀-၁၁-၉၀ ၊ နံနက် (၁၀) နာရီ**

တရားသူကြီးရုံးထိုင်ပြီးနောက် (၂) တရားပြိုင်၏ရှေ့နေကြီးက (၂) တရားပြိုင် မလာကြောင်းနှင့် အစစ်လည်းမခံလိုတော့ကြောင်း၊ သက်သေလည်း မပြလိုတော့ကြောင်း တရားသူကြီးအား တင်ပြရာ ကျွန်တော် အလွန်အံ့အားသင့်သွားမိပါသည်။ စိတ်လည်းပျက်သွားမိပါသည်။

ယခုအတိုင်းဆိုပါက အမှုစစ်ဆေးသည့်ကိစ္စ ပြီးပြတ်သွားသည့်သဘော ဖြစ်နေရာ နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာ၍ အပြီးသတ် စီရင်ချက် ချမှတ်ရတော့မည့်အခြေအနေသို့ ဆိုက်ရောက်သွားပြီ ဖြစ်ပါသည်။

ထိုအခြေအနေတွင် ကျွန်တော်က ကမန်းကတန်းမတ်တတ်ရပ်၍ တရားသူကြီးအား တင်ပြလျှောက်ထားရန်ရှိပါကြောင်း ပြောကြားရာ တရားသူကြီးက တင်ပြလျှောက်ထားရန်ရှိပါက တင်ပြပါဟုခွင့်ပြုပါသည်။

ကျွန်တော်က လွန်ခဲ့သည့် တစ်လခန့်ကတည်းကပင် ကြိုတင်၍ လက်နှိပ်စက်ရိုက်ထားပြီး ရက်စွဲနေရာတွင် ကွက်လပ်ပြုလုပ်ထားသည့် လျှောက်လွှာတစ်စောင် ကျွန်တော်၏အမှုတွဲတွင် အသင့်ရှိနေပါသည်။

လျှောက်လွှာတွင်ပါရှိသည့် အကြောင်းအရာများမှာ အငြင်းပွားနေသည့် အိမ်မြေအရောင်းအဝယ်စာချုပ်နှင့် အိမ်ငှားစာချုပ်တို့တွင်ရှိနေသည့် " မင်သက်တမ်း " (Age of ink) ကို စစ်ပေးရန်နှင့် လက်ဗွေပါရဂူကြီးကို ဆက်လက် စစ်မေးရန်အတွက် ထပ်မံဆင့်ခေါ်ပေးရန်အတွက် ဖြစ်ပါသည်။

ကျွန်တော်က ထိုလျှောက်လွှာအား အမှုတွဲမှ ရှာဖွေဆွဲထုတ်၍ ချက်ချင်းပင် လက်မှတ်ထိုးခြင်း၊ နေ့စွဲတပ်ခြင်း စသည့်ကိစ္စရပ်များကို ပြုလုပ်ပြီးနောက် ရုံးတော်သို့ တင်သွင်းလိုက်ပါသည်။ တစ်ဖက်ရှေ့နေကြီး (၂) ဦးကိုလည်း မိတ္တူတစ်စောင်စီ ပေးလိုက်ပါသည်။ တစ်ဖက်ရှေ့နေကြီးများက ချက်ချင်းပင် ကန့်ကွက်လွှာ တင်မည်ဟု ပြော၍ တရားရုံးက (၆-၁၂-၉၀) နေ့ နံနက် (၁၀) နာရီတွင် ကန့်ကွက်လွှာတင်ရန် ရက်ချိန်း ပေးလိုက်ပါသည်။

ရုံးချိန်းယူပြီး ကျွန်တော်တို့ တရားခွင်မှထွက်လာသည်နှင့် ကိုထက်ဝင်းက ကျွန်တော့်အား ပြီးခဲ့သည့် ရုံးချိန်းနေ့က ဦးစိန်သန်းအား ကျွန်တော်မေးမြန်းသည့် မေးခွန်းများနှင့် အဖြေများကို သူကူးယူထားကြောင်း၊ အလွန် ကျေနပ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပြီး၊ ယနေ့ရုံးရှေ့တွင် ကျွန်တော်တို့ရှေ့နေများ ဘာတွေပြောကြသည်ကို လည်းကောင်း၊ ကျွန်တော် တင်သည့် လျှောက်လွှာပါကိစ္စအကြောင်းကို လည်းကောင်း မေးမြန်းလာပါသည်။

ကျွန်တော့်မှာ ကိုယ့်ဟာကိုယ် စိတ်ရှုပ်နေသည်ဖြစ်၍ နောက်မှရှင်းပြမည် ဖြစ်ကြောင်း ပြန်ပြောရာ ကိုထက်ဝင်း မျက်နှာငယ်ငယ်ဖြင့် ပြန်သွားခဲ့သည်ကို စိတ်မကောင်းစွာ တွေ့လိုက်ရပါသည်။

ညနေ (၅) နာရီခန့် ရုံးခန်းတွင် ကျွန်တော်ရှိနေစဉ် ဆရာဦးသိန်းလွင် ထံမှ ဖုန်းဝင်လာပြီး ညနေဘက် သူကျောင်းဆင်းချိန်တွင် ကျွန်တော့်ရုံးခန်းသို့ လာရောက်လိုကြောင်း ပြောလာပါသည်။ ကိုထက်ဝင်း လက်ချတ်မှုနှင့် ကျွန်တော် သိပါသည်။

ကျွန်တော်က ခဏစဉ်းစားလိုက်ရာ ကျွန်တော့်ရုံးခန်းသို့ သူလာပါက သူ့ကို ဧည့်ခံစရာ ပုဂံခွက်ယောက်ကမရှိ ဖန်ခွက်လှလှလေးလည်းမရှိသည်ကို စဉ်းစားမိသည် နှင့် ကျွန်တော်က -

" ဆရာရေ - ဆရာ့ကျောင်းဆင်းချိန်လောက် ကျွန်တော်ပဲ ဆရာ့ကျောင်းကို လာခဲ့ပါမယ် "

ဟု ပြောလိုက်ပါသည်။ ဆရာက -

" ဆရာလာမယ်ဆိုရင် ကျေးဇူးတင်စွာနဲ့ ကြိုဆိုပါတယ်ဗျာ "

ဟုပြောရာ ကျွန်တော် စိတ်ထဲတွင် ပြုံးမိပါသည်။

ညနေဘက် (၆း၃၀) နာရီခန့် ဆရာ ဦးသိန်းလွင်၏ကျောင်းသို့ ကျွန်တော် ရောက်သွားရာ ရုံးခန်းထဲတွင် ကိုထက်ဝင်း အပြင် ကိုလေးမြင့် ကိုပါ တွေ့ရပါသည်။ ကိုလေးမြင့်မှာ လ-ဝ-က ရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ ဥပဒေဘွဲ့ရထားသည့် ကျွန်တော်၏တပည့်တစ်ဦးဖြစ်ပါသည်။ (ယခု ကွယ်လွန်သွားရှာပါပြီ။) ကျွန်တော် ရောက်သည်နှင့် ကိုလေးမြင့်က -

" ဆရာရေ - ကိုထက်ဝင်း တို့အမှုအကြောင်းသိချင်လို့ ဆရာ့ကို ကျွန်တော် စောင့်နေတာ "

ဟု ပြောရာ၊ ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" ကိုထက်ဝင်း တို့အမှုအကြောင်း သိချင်ရင် ခင်ဗျားဘေးမှာ ကိုထက်ဝင်း ရှိနေတာပဲ။ သူ့ကိုမေးပါလား "

ဟု နောက်လိုက်ပါသည်။ ထိုအချိန်တွင် ဦးသိန်းလွင်က -

" ဦးစိန်သန်းကို ဆရာမေးတဲ့မေးခွန်းတွေနဲ့ အဖြေတွေကို မောင်ထက်ဝင်း ကူးလာလို့ ဖတ်ကြည့်တာ သိပ်ကောင်းတာပဲဆရာ၊ ဒီအတိုင်းဆို မောင်ထက်ဝင်း တို့အမှုအခြေအနေ အတော်လေး တိုးတက်လာတဲ့သဘော ရှိတာပေါ့။ ဟုတ်ရဲ့လားဆရာ။ နောက်ပြီး ဆရာတို့ရှေ့နေတွေ ဟိုဘက် ဒီဘက် ပြောကြဆိုကြတယ်လို့လည်း မောင်ထက်ဝင်းက ပြောတယ်။ အခြေအနေလေး ကျွန်တော်တို့ကို ပြောပြပါအုံး "

ဟု မေးလာပါသည်။ ကိုထက်ဝင်း က ဆရာဦးသိန်းလွင်ကို ဒီနေ့အခြေအနေတွေ ပြောပြီးဖြစ်၍ ဒီမေးခွန်း မေးလာမှန်း ကျွန်တော်ရိပ်စားမိပါသည်။ ကျွန်တော်က -

" ဦးစိန်သန်းကို ကျွန်တော်မေးခဲ့တာ အတော်လေး အားရကျေနပ်မိတယ် ဆရာ။ အဲဒါတော့အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော်ရဲ့ ကျေနပ်မှုတွေ ဒီနေ့တော့ စိတ်ပျက်စရာနှင့် ပြန်ကြုံလိုက်ရတယ်ဗျာ။ "

" ဘာဖြစ်လို့လဲဆရာ " (ဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ ပြိုင်တူ မေးလိုက်ကြခြင်း ဖြစ်ပါသည်။)

" သူတို့ဘက်က တရားပြိုင်အမှတ် (၂) ဦးအောင်ထွန်းလည်း အစစ် မခံတော့ဘူး။ နောက်ပြီး သက်သေလည်းမပြတော့ဘူးလို့ ရုံးကိုတင်ပြ ကြတယ်လေ "

ကျွန်တော် စကားအဆုံးသတ်သည်နှင့် ကိုထက်ဝင်းက -

" ဒါဆို သူတို့ဘက်က အရှုံးပေးပြီဆိုတဲ့သဘောမဟုတ်ဘူးလား "

ဟု ချက်ချင်းမေးလာပါသည်။ ဦးသိန်းလွင် ကလည်း စိတ်ဝင်စားစွာဖြင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ကိုထက်ဝင်း၏ အခြေအနေမှာ အားတက်နေသည့်ပုံစံရှိသော်လည်း ကျွန်တော်က " မဟုတ်သေးဘူးဗျ " ဟု ပြောလိုက်ရာ ကျွန်တော့်စကားကို ကြားပြီး နောက် ကိုထက်ဝင်းမှာ မျက်နှာပျက်သွားပြီး ဦးသိန်းလွင်၏ မျက်နှာထားမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည့်ပုံစံ ပြောင်းသွားသည်ကို တွေ့ရပါသည်။ ထို့နောက် ဦးသိန်းလွင်က ကျွန်တော်တို့အားလုံးကိုခြုံ၍ -

" ကျွန်တော်တို့ စာသင်ခန်းဘက်ရွှေ့ရအောင်၊ အထဲမှာ စားသောက်စရာတွေ ကျွန်တော် ပြင်ခိုင်းထားတယ်။ စားရင်းသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့။ "

ဟု ဖိတ်ခေါ်ရင်း နေရာပြောင်းကြပါသည်။

စာသင်ခန်းဘက် ကျွန်တော်တို့ ဝိုင်းရွှေ့ပြီးသည်နှင့် ဆရာဦးသိန်းလွင်က အလွန်ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးပြုစုပါသည်။ ကျွန်တော့်မှာ အစားအသောက်ဆီ အာရုံမရောက်နိုင်ဘဲ သူတို့ကို ဘယ်လိုရှင်းပြရမည်ဆိုသည့်ကိစ္စအပေါ် အာရုံ ရောက်နေပါသည်။

ထို့ပြင် ဆရာဦးသိန်းလွင်က အမှုအကြောင်း စကားမစဘဲ အခြား ထွေရာလေးပါး ရယ်စရာများ ပြောနေရာ ကျွန်တော် အတော်လေး စိတ်သက်သာရာ ရမိပါသည်။ (၁၅) မိနစ်ခန့် ကြာပြီးမှ ဆရာဦးသိန်းလွင်က ကျွန်တော့်အား -

" ဒီနေ့ ဆရာနဲ့တွေ့ချင်တာ အကြောင်းရှိတယ်ဆရာရေ့။ မောင်ထက်ဝင်း အမှုနဲ့ပတ်သက်ပြီး ပြောစရာရှိလို့ပါ။ ဒါပေမဲ့ အမှုအခြေအနေလေး အရင် သိပါရစေလားဆရာ "

ဟုပြောမေး မေးလာပါသည်။ ကျွန်တော်က -

" အမှုအခြေအနေက ကောင်းနေရာက ရုတ်တရက် ဆိုးသွားလို့ "

ဟု စောစောကစကားကို ပြန်စလိုက်ရာ ကိုထက်ဝင်းက -

" ဘာဆိုးသွားလို့လဲဆရာ၊ သူတို့ဘက်က နောက်ဆုတ်သွားပြီမဟုတ်လား ဆရာ။ "

ဟု ချက်ချင်း ကျွန်တော့်ကို မေးလိုက်ပါသည်။ ကျွန်တော်က -

" ကိုထက်ဝင်းရေ - သူတို့ နောက်ဆုတ်တာမဟုတ်ဘူး၊ အရှုံးပေးတာလည်း မဟုတ်ဘူး၊ အနိုင်ပိုင်းလိုက်တာဗျ၊ အဲဒါကြောင့် ကျွန်တော် စိတ်ညစ် သွားတာ "

www.burmeseclassic.com

ဟု မှတ်ချက်ချရာ ကိုထက်ဝင်း သာမက ဦးသိန်းလွင်နှင့် ကိုလေးမြင့် တို့ပါ နည်းမလည် နိုင်သည့် မျက်နှာပေးဖြင့် ကျွန်တော့်အား -

" ဘယ်လိုဖြစ်လို့လဲ " ဟု သံပြိုင်နီးပါး မေးမြန်းကြပါသည်။

ကျွန်တော် မည်သို့ရှင်းပြရမည်နည်း။ ကိုလေးမြင့်ကို ထားလိုက်ပါတော့။ ဦးသိန်းလွင်နှင့် ကိုထက်ဝင်း တို့နှစ်ယောက်ကိုတော့ ရှင်းပြရတော့မည်။ ဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ (၂) ဦးအနက် ဦးသိန်းလွင်က ကြားလူ။ ကိုထက်ဝင်းက အမှုသည်။ ဘယ်သူ့ကို ဦးတည်ရှင်းပြရင်ကောင်းမလဲ။ အမှုသည်ဆိုတာ ကောင်းသည်ဟုပြောက ကြိုက်သည်။ မကောင်းဟုပြောပါက မကြိုက်ကြ။ ဒါက သဘာဝ။ ဒီတော့ ကိုထက်ဝင်း ထိတ်စာရင် ဆရာဦးသိန်းလွင်ကို ဦးတည်ပြီး ရှင်းပြလိုက်ရင် ပိုကောင်းမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က ဦးသိန်းလွင်အား ဦးတည်၍ -

" ဆရာက ဥပဒေဘွဲ့ရထားတာမို့လို ဆရာ့ကိုပဲ ကျွန်တော် ဦးတည်ရှင်းပြလိုက်တော့မယ်။ ကိုထက်ဝင်းလည်း ဆရာဝန်တစ်ယောက်ဆိုတော့ နားလည်နိုင်မယ်လို့ ထင်ပါတယ်။ ကိုထက်ဝင်း ရဲ့အမှုမှာ ကျွန်တော်တို့က တရားစွဲတဲ့သူ တရားလိုပေါ့။ ကျွန်တော်တို့ လိုချင်တာက (၂) ချက်ရှိတယ်။ အဲဒါက (၁) ဒေါ်ခင်မြိုင်က ဦးစိန်သန်းကို အိမ်နှင့်မြေ ရောင်းထားတယ် ဆိုတဲ့အချက်ကို ပယ်ဖျက်ပေးဖို့၊ နောက် နံပါတ် (၂) က အဲဒီအိမ်ကို ဦးစိန်သန်းက ဒေါ်ခင်မြိုင်ကို ပြန်ပြီးအငှားချထားတယ် ဆိုတဲ့စာချုပ်ကို ပယ်ဖျက်ပေးဖို့ မဟုတ်လား။ ဒီတော့ ဒီစာချုပ်နှစ်စောင်ဟာ မမှန်မကန် ပြုလုပ်ထားတဲ့ စာချုပ်တွေဖြစ်ကြောင်း တရားသူကြီး ယုံကြည် လက်ခံအောင် လုပ်ရမယ့်တာဝန်က ကျွန်တော်တို့ တရားလိုဘက်ကတာဝန်၊ ဒါပေမဲ့ ကျွန်တော်တို့ဘက်က သက်သေမပြနိုင်ခဲ့ဘူး။ ကျွန်တော်တို့ အမိက အားကိုးတဲ့ သက်သေလက်ဗွေပါရဂူကလည်း ကျွန်တော်တို့ကို မထောက်ခံခဲ့ဘူး။ ဒီတော့ ကျွန်တော့်အခြေအနေက ကိုယ့်လူကတောင် ကိုယ့်ကို မထောက်ခံတဲ့အခြေအနေ ဖြစ်နေတယ် "

ဟု ပြောလိုက်ရာ ကျွန်တော့်စကားကို ကြားဖြတ်၍ ကိုထက်ဝင်း က -

" ဒါပေမဲ့ဆရာ - ဦးစိန်သန်း ကိုယ်တိုင် ထွက်ဆိုထားတဲ့ ထွက်ဆိုချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



အရဆိုရင် အဲဒီစာချုပ်တွေ ယူတ္တိမရှိဘူးဆိုတာ ထင်ရှားနေပြီပဲ။ အဲဒါကို တရားရုံးက မစဉ်းစားတော့ဘူးလား ”

ဟု မကျေနပ်သံဖြင့် မေးလာရာ ဆရာ ဦးသိန်းလွင်က ကိုထက်ဝင်းအား တန့်တားပြီး ကျွန်တော့်ကို ဆက်၍ပြောပြရန် တောင်းဆိုပါသည်။ ကျွန်တော်က -

“ ကိုထက်ဝင်း ပြောတဲ့အတိုင်း ဦးစိန်သန်းရဲ့ ထွက်ချက်တွေက ကျွန်တော်တို့ အတွက်ကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီအမှုမှာ “ သက်သေ ပြရမယ့်တာဝန် ” က ကျွန်တော်တို့ဘက်မှာ ရှိနေတယ်ဆိုတာ ကိုထက်ဝင်း မေ့လို့မရဘူးနော်။ သူတို့ (တရားပြိုင်များ) ဘက်ကလိုက်တဲ့ ရှေ့နေကြီး တွေဟာ အလွန်ဝါရင့်ပြီး ပါးနပ်တဲ့ ရှေ့နေကြီးတွေဖြစ်တယ်။ အဲဒီလို ပါးနပ်လွန်းလို့ပဲ ဒီနေ့ သူတို့ဘက်က ဆက်ပြီး အစစ်လည်းမခံတော့ဘူး၊ သက်သေလည်း မပြတော့ဘူးလို့ ပြောတာပေါ့ဗျာ ”

“ ဘယ်လိုအကြောင်းကြောင့်လဲဆရာ ” ဦးသိန်းလွင်ရဲ့ မေးခွန်း။

“ ဆရာ - သူတို့ဘက်က ဆက်ပြီးသက်သေတွေပြနေရင် အဲဒီသူတို့ပြတဲ့ သက်သေတွေကို ကျွန်တော် ပြန်လှန်မေးတဲ့အခါ အခု ဦးစိန်သန်း ထွက်ဆိုသလိုပဲ ကျွန်တော်တို့ဘက်ကို မလွှဲရှောင်နိုင်တော့ပဲ၊ ထောက်ခံပုံစံပဲ ထွက်ကြတော့မယ်လေ။ ဒီတော့ သူ့ဘက်က ရှည်လေလေ၊ သူတို့ဘက်ကို ပိုပြီးထိခိုက်လေလေဖြစ်တော့မယ်။ အဲဒီလိုဖြစ်လာရင် တရားရုံးက ကျွန်တော်တို့ ဘက်က တင်ပြချက်တွေကို ပိုပြီးအလေးထား စဉ်းစားလာတော့မယ်။ ဒါကို သူတို့ရှေ့နေကြီးတွေက ကောင်းကောင်းသိသွားကြလို့ အခုလို လုပ်လိုက်ကြ တာပေါ့။ ကျွန်တော်တို့ဘက်ကလည်း သက်သေတင်ပြဖို့ အခွင့်အရေးက မရှိတော့ဘူးလေ။ ဒါကြောင့် သူတို့ရှေ့နေတွေက သူတို့ အသာ ရထားတဲ့ အနေအထားမှာ အမှုကိုအနိုင်ပိုင်းလိုက်တဲ့အနေနဲ့ လုပ်လိုက်ကြတာလေ။ ဒါကြောင့် ကျွန်တော် စိတ်ပျက်သွားရတာပေါ့ဆရာ ”

ဟု ရှည်လျားစွာ ရှင်းပြလိုက်ရာ အားလုံး စိတ်ပျက်သွားကြသည်ကို တွေ့ရပါတော့ သည်။

အတန်ငယ်ကြာပြီးမှ ဆရာ ဦးသိန်းလွင်က -

www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုဆို ဘာဆက်လုပ်မယ်လို့ ဆရာစိတ်ကူးသလဲ "

ဟု မေးခွန်းအသစ် မေးလာပါသည်။ ကျွန်တော်က -

" သူတို့ဘက်က ဒီလိုလုပ်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး။ ဒါပေမဲ့ လက်ဗွေပါရဂူကို ကျွန်တော်မေးတာမပြီးသေးဘူး၊ တရားရုံးကလည်း လိုအပ်ရင် လက်ဗွေပါရဂူကို ပြန်ခေါ်ပေးဖို့ ကျွန်တော် လျှောက်ထားနိုင်တယ်လို့ (၂၀-၉-၉၀) နေ့က အမိန့်ချထားတာလည်းရှိနေလို့ အဲဒီကိစ္စကို ပြန်လျှောက်ထားဖို့ ကျွန်တော့် စိတ်ကူးထဲရှိနေတဲ့အတွက် လျှောက်လွှာတစ်စောင်ကို နေ့စွဲမတပ်ဘဲ ကြိုရိုက်ထားတယ်။ အဲဒီလျှောက်လွှာကို ဒီနေ့ရုတ်တရက် ရုံးတော်ကိုတင်လိုက်တော့ သူတို့ဘက်က ချက်ချင်းပဲ ကန့်ကွက်လွှာတင်မယ်လို့ ပြောကြတယ်။ ဒါကြောင့် တရားရုံးကလည်း သူတို့ဘက်က ကန့်ကွက်လွှာတင်ဖို့ ရက်ချိန်းပေးလိုက်တယ် "

ဟု ရှင်းပြလိုက်ရာ ဦးသိန်းလွင် က -

" လက်ဗွေပါရဂူကို ပြန်စစ်ခွင့်ရရင် သိပ်ကောင်းမယ်ဆရာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်တပည့်တစ်ယောက်နဲ့ မကြာခင်ကပဲတွေ့လို့ မေးကြည့်ရင်း၊ ပြောကြရင်းနဲ့ သူက အခု ဒုရဲအုပ်အဖြစ် ( မြို့ထဲက × × × ရုံးဌာန ) မှာ လက်ဗွေ ကျွမ်းကျင်သူအဖြစ် အလုပ် လုပ်နေကြောင်းပြောလို့ သူ့ဖုန်းနံပါတ် တောင်းထားလိုက်တယ်။ မောင်ထက်ဝင်း တို့အမှုကို သတိရလို့ တောင်းထားတာပါ။ ဆရာတွေ့ချင်ရင် ကျွန်တော် ချိန်းပေးမယ်လေ "

ဟု ပြောလာပါသည်။ ကျွန်တော်ကလည်း -

" ဟာ - ဖြစ်နိုင်ရင် တွေ့ချင်တာပေါ့။ တကယ်လို့ တရားရုံးက လက်ဗွေပါရဂူကို ပြန်ခေါ်ခွင့် ပြုလို့ စစ်ခွင့်ရမယ်ဆိုရင် ကျွန်တော့်အတွက် အထောက်အကူ ရနိုင်တာပေါ့ဆရာ "

ဟု ပြောလိုက်ပါသည်။ ဆရာ ဦးသိန်းလွင် ကလည်း သူချိန်းဆိုပေးမည်ဖြစ်ကြောင်း အဆက်အသွယ်ရလျှင် ကျွန်တော့်ကို အကြောင်းကြားမည်ဖြစ်ကြောင်း ပြန်ပြောပါသည်။

ထိုနေ့က ကျွန်တော်တို့ ဝမ်းသာဝမ်းနည်းဖြင့် လူစုခွဲ ပြန်ခဲ့ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆-၁၁-၉၀) နေ့ ရုံးချိန်းတွင် တရားပြိုင် ဦးစိန်သန်း တို့ဘက်က **လက်ဗွေပါရဂူ** အား ပြန်လည် ဆင့်ခေါ်ပေးရန် ကျွန်တော်၏လျှောက်ထားချက်အပေါ် **တရားဝင်** တန့်ကွက်လွှာ တင်သွင်းသဖြင့် တရားရုံးက (၁၂-၁၂-၉၀) နေ့တွင် **နှစ်ဖက်** လျှောက်လဲချက် ကြားနာမည်ဖြစ်ကြောင်း ရက်ချိန်းပေးခဲ့ပါသည်။ (၁၂-၁၂-၉၀) နေ့ မွန်းလွဲ (၁) နာရီတွင် နှစ်ဘက်ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို တရားရုံး ကြားနာပြီး (၁၉-၁၂-၉၀) နေ့ နံနက် (၁၀) နာရီတွင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း ရက်ချိန်းပေးလိုက်ပါသည်။

**တရားရုံးအမိန့် ( ရက်စွဲ ၁၉-၁၂-၉၀ )**

တရားရုံး၏အမိန့်မှာ စာမျက်နှာ (၁၁) မျက်နှာရှိပါသည်။ ထို့ကြောင့် အမှုအဖြစ်အပျက် အကြောင်းအရာ၊ နှစ်ဘက်ရှေ့နေများ၏ တင်ပြလျှောက်လဲချက် စသည့်အပိုင်းတို့ကို ချန်လှပ်၍ တရားရုံး၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပိုင်းကိုသာ အကျဉ်းချုံး၍ ရေးသားဖော်ပြသွားပါမည်။

**အမိန့်တွင် ဖော်ပြထားသည့် တရားရုံး သုံးသပ်ချက်အပိုင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။**

- ဤအမှုတွင် တရားလိုက သက်သေခံ (က) အိမ်မြေအရောင်းအဝယ် စာချုပ်နှင့် သက်သေခံ (ခ) အိမ်ရှင်အိမ်ငှား စာချုပ်များသည် မမှန်မကန် ပြုလုပ်ထားသော စာချုပ်များဖြစ်ကြောင်း ဖော်ပြ၍ စွဲဆိုခဲ့ခြင်းဖြစ်သည်။ တရားလို၏ အခွင့်ရကိုယ်စားလှယ် ဦးစိုးတော် ၏ ထွက်ချက်အရလည်း စာချုပ်များပေါ်ရှိ လက်မှတ်နှင့် **လက်ဗွေ** များသည် အတုပြုလုပ်ထားသော စာချုပ်များဖြစ်ကြောင်း **ထွက်ဆို** ထားသည်။
- တရားလိုဘက်မှ လျှောက်ထားချက်အရ အငြင်းပွား**စာချုပ်များပေါ်ရှိ** လက်မှတ်နှင့် လက်ဗွေများမှာ ဒေါ်ခင်မြိုင် **လက်မှတ်နှင့် လက်ဗွေများ** ဟုတ်မဟုတ် မှုခင်းတပ်ဖွဲ့သို့ **ပေးပို့စစ်ဆေးစေခဲ့ပါသည်။**
- မှုခင်းတပ်ဖွဲ့၏ ပြန်ကြားချက်တွင် **အငြင်းပွားစာချုပ်ပေါ်ရှိ လက်ဗွေ** များနှင့် ဒေါ်ခင်မြိုင်၏ **နမူနာလက်ဗွေများမှာ လူတစ်ဦးတည်း၏** လက်ဗွေများဖြစ်ကြောင်း ပြန်ကြားခဲ့သည်။ **ထို့နောက်တဖန်** လက်ဗွေပါရဂူက ဒေါ်ခင်မြိုင် ၏ လက်ဗွေများကို **တရားရုံးရှေ့တွင်**

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်နှိပ်ယူပြီးနောက် အငြင်းပွား စာချုပ်များပေါ်ရှိ လက်ဗွေများနှင့် ထပ်မံတိုက်ဆိုင်စစ်ဆေး ကြည့်ရှုခဲ့ရာတွင်လည်း စာချုပ်များပေါ်ရှိ လက်ဗွေများမှာ ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့် တူညီကြောင်း သက်သေခံခဲ့ပြီးဖြစ်သည်။

- အမှုတွင် တရားပြိုင် ဦးစိန်သန်း၏ လက်မှတ်နှင့်ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်ခဲ့ခြင်းမရှိပေ။ ယခုမှု တရားပြိုင်ဘက်ကို စစ်ဆေးပြီးဆုံးသည့်အခါမှ တရားလိုဘက်က ဤကဲ့သို့ လျှောက်ထားလာခြင်းဖြစ်ရာ အကယ်၍ ခွင့်ပြုပါက တရားလိုဘက်ကို ထပ်မံ သက်သေတင်ပြခွင့်ပြုရာရောက်မည်ဖြစ်၍ တရားမျှတမှုရှိမည်ဟု မဆိုနိုင်ပေ။

- လက်ဗွေပါရဂူကို ထပ်မံခေါ်ယူပေးရန် တရားလို၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သက်သေခံဥပဒေပုဒ်မ-၄၆ အရ လက်ဗွေပါရဂူ၏ ထင်မြင်ချက် မှားယွင်းကြောင်း သက်သေပြလိုလျှင် တရားလိုအနေဖြင့် အပြည့်အဝ တင်ပြခွင့်ရှိသည်။ သို့သော် မိမိတင်ပြသည့် ပါရဂူ၏ ထင်မြင်ချက် မှားယွင်းကြောင်း ပုဒ်မ (၄၆) အရ မိမိတင်ပြခဲ့သည့် သက်သေကိုပင် ထပ်မံခေါ်ယူပေးရန် လျှောက်ထားနိုင်ကြောင်း ဥပဒေပြဋ္ဌာန်းချက် မရှိပေ။

- တရားမကျင့်ထုံး ဥပဒေအမိန့်-၁၈၊ နည်း (၁၇) တွင် စစ်ဆေးပြီး သက်သေတစ်ဦးကို ပြန်လည်ခေါ်ယူ စစ်ဆေးနိုင်သော်လည်း ယခုကိစ္စမှာ ထိုပြဋ္ဌာန်းချက်ကို ကျင့်သုံးရန် လုံလောက်သော အကြောင်း မရှိပေ။

## အမိန့်

သို့ဖြစ်ရာ အထက်တွင် ဖော်ပြခဲ့သော အကြောင်းများကြောင့် တရားလို၏ ယခု လျှောက်ထားမှုကို ပလပ်လိုက်သည်။

ပုံ/- × × ×
ဒုလက်ထောက်တိုင်းတရားသူကြီး
(တရားမ၊ ရန်ကုန်မြို့။)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှုံးသွားပါပြီ။ ကျွန်တော်၏ ယခုကြိုးပမ်းချက်သည် ကိုထက်ဝင်းတို့အမှုအတွက် နောက်ဆုံးကြိုးပမ်းမှုဖြစ်ပါသည်။ အစောပိုင်းကတည်းကပင် လက်ဗွေပါရဂူအား ကျွန်တော်စစ်မေးရန် အကြောင်းအချက်များ ရှိနေကြောင်း တရားရုံးသို့ တင်ပြခဲ့ရာ တရားရုံးတော်ကလည်း နောင်တွင် လိုအပ်ပါက လျှောက်ထားနိုင်ကြောင်း ချမှတ်ထားသည့် ရှေ့ကအမိန့်ကိုအားကိုးပြီး လျှောက်ထားခဲ့ခြင်း ဖြစ်သည့်တိုင် ကျွန်တော်၏လျှောက်ထားချက် အောင်မြင်မှုမရခဲ့ပါ။

တရားရုံး၏အမိန့်ကို လေ့လာသုံးသပ်ကြည့်ပါက ကျွန်တော်၏ လျှောက်ထားချက်တွင်ပါရှိသည့် မင်သက်တမ်းကိစ္စအပေါ် တစ်စုံတစ်ရာ သုံးသပ်ဖော်ပြထားခြင်း မရှိသော်လည်း လက်ဗွေပါရဂူကို ပြန်ခေါ်၍ ကျွန်တော်အား စစ်မေးခွင့်ပြုသင့်/မသင့် ဆိုသည့်ကိစ္စကိုမူ သေချာစွာသုံးသပ်ဖေါ်ပြထားသည်ကို စီရင်ချက်တွင် တွေ့ရပါသည်။

တရားသူကြီးက အမိန့်ကိုဖတ်ပြီးသည်နှင့် ကိုထက်ဝင်းမှာ သည်းခံနိုင်စွမ်းမရှိတော့ဘဲ ကျွန်တော့်ကို -

" ဆရာ - အရင်တုန်းက ကျွန်တော်တို့ဘက်က လျှောက်ထားရင် ထက်ဗွေပါရဂူကို ပြန်ခေါ်ပေးမယ်လို့ တရားသူကြီးပြောထားပြီး၊ အခုကြတော့ ခေါ်မပေးဘူးလို့ဆုံးဖြတ်လိုက်တာ ဘယ်လိုဖြစ်သွားတာလဲ "

ဟု မျက်စိပျက် မျက်နှာပျက်ပုံစံဖြင့် အလောတကြီး မေးလာပါသည်။ ကျွန်တော်က ကိုထက်ဝင်း ကြားလောက်ရုံ ခပ်တိုးတိုးဖြင့် -

" ကိုထက်ဝင်း ရေ ရုံးရှေ့မှာ တိုးတိုးပြောပါဗျာ၊ အရင်တုန်းက ဆုံးဖြတ်ချက်က တရားသူကြီး က ပြန်ခေါ်ပေးမယ်လို့ ပြောမထားပါဘူး။ ကျွန်တော်တို့က လျှောက်ထားခွင့်ရှိတယ်လို့သာ ပြောတာပါ။ အခု သူ့ဆုံးဖြတ်ချက်ကို မကျေနပ်ရင် ကျွန်တော်တို့ တရားရုံးချုပ်ကို အယူခံတက်ခွင့် ရှိပါသေးတယ် "

ဟု နှစ်သိမ့်စကားပြောဆိုသော်လည်း ကိုထက်ဝင်း က ဒီအမိန့်ကို အယူခံ တက်ပေးပါဟု ရုံးရှေ့တွင် ထပ်မံပြောဆိုလာသဖြင့် ကျွန်တော်ကလည်း အယူခံတက်ပေးပါမည်ဟု ကတိပေးပြောဆို၍ စကားဖြတ်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ တရားသူကြီးက ကျွန်တော့်အား နာမည်ခေါ်၍ အမှုစစ်ဆေးခြင်းကိစ္စ ပြီးဆုံးပြီဖြစ်ကြောင်း၊ နောက်ရုံးချိန်းတွင် နှစ်ဘက်လုံးမှ အပြီးသတ်လျှောက်လဲချက် တင်ကြရမည်ဖြစ်ကြောင်း သတိပေးပြောကြားပြီး အပြီးသတ်လျှောက်လဲချက် တင်သွင်းရန်အတွက် (၇-၁-၉၁) နေ့သို့ ရက်ချိန်းပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

**ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ -**

ကိုသန်းဖေ ၏ မေးခွန်းဖြစ်ပါသည်။ ကိုထက်ဝင်း တို့အမှုတွင် ကျွန်တော်၏ လက်ထောက်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည့် ကိုသန်းဖေက " ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ " ဆိုသည့် မေးခွန်းကို ကျွန်တော့်အား ထပ်တလဲလဲ မေးနေပါသည်။

ကျွန်တော်က -

" တစ်ခုခုတော့ လုပ်ရမှာပေါ့။ လောလောဆယ် လုပ်ရမှာက ဒီနေ့ချတဲ့ အမိန့်ကို မင်းအမြန်ဆုံး မိတ္တူရအောင်ကူးကွာ။ ဒီအမိန့်ကို ငါတရားရုံးချုပ် တက်ချင်တယ်။ ကိုထက်ဝင်း ကိုလည်း ဒီအမိန့်တရားရုံးချုပ်ကို တက်ပေးမယ်လို့ ငါပြောပြီးပြီ " ဟု ပြန်ပြောလိုက်ပါသည်။

သို့သော် တရားရုံးချုပ်ကို ဘယ်လိုအကြောင်းပြချက်နဲ့ တက်မှာလဲ၊ တိုယ့်ဘက်က ဥပဒေအခြေအနေကောင်းရဲ့လား၊ နိုင်ချေရှိရဲ့လား၊ စဉ်းစားစရာ အချက်အလက်များကား များလှပါသည်။ ဘာကြောင့်များ ဒီလောက် စိတ်ရှုပ်စရာ ကောင်းတဲ့ရှေ့နေအလုပ် လုပ်မိပါလိမ့်။

ထိုနေ့ ( ၁၉-၁၂-၉၀ ) ညနေ (၄) နာရီခန့်တွင် ဦးသိန်းလွင်ထံ ကျွန်တော် ဖုန်းဆက်လိုက်ရာ ဦးသိန်းလွင်က သူလည်း ကျွန်တော့်ထံ ဖုန်းဆက်ရန် စဉ်းစားနေစဉ် ကျွန်တော့်ဖုန်း ဝင်လာကြောင်း စကားခင်း၍ပြောပါသည်။ ထို့နောက် မောင်ထက်ဝင်း ပြောပြ၍ ယနေ့အခြေအနေများသိရကြောင်းနှင့် ဘာဆက်လုပ်သင့်ကြောင်း မေးလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကို ပထမဆုံး ကိုထက်ဝင်းက တရားခွင်တွင် ကျွန်တော့်ကို မေးပါသည်။ နောက် ဒုတိယအနေဖြင့် ကိုသန်းဖေက မကြာခဏမေးပါသည်။ ယခု ဦးသိန်းလွင်က ထပ်ပြီးမေးပြန်ပါသည်။

လွယ်လိုက်သည့်မေးခွန်း။ လူတိုင်းမေးနေကြသည်။ ဘယ်လိုဖြေရမှာလဲ။ ဦးသိန်းလွင်ကို ပြီးစလွယ်ဖြေလို့မရ၊ အကျိုးအကြောင်း အားလုံးရှင်းပြရန်လိုသည်။ ဒါကြောင့် ကျွန်တော်က " တစ်ခုခုတော့ လုပ်ရမှာပေါ့ဆရာ၊ ကျွန်တော်တို့တွေ့ပြီးမှ ဆုံးဖြတ်ကြတာပေါ့ " ဟု ပြောလိုက်ပါသည်။

ဆရာ ဦးသိန်းလွင် က " ဒါဆို ဘယ်တော့တွေ့ကြမလဲ " ဟု မေးရာ ကျွန်တော်က မနက်ဖြန် နေ့ခင်းဘက် (၁၁) နာရီနောက်ပိုင်း နေ့လယ် (၁) နာရီ မထိုးခင် ကျွန်တော့်ရုံးခန်းတွင် တွေ့မည်ဖြစ်ကြောင်း ပြောလိုက်ရာ ဦးသိန်းလွင်က မောင်ထက်ဝင်းကို ခေါ်၍ သူလာပါမည်ဟုပြောပါသည်။

" ကျွန်တော်တို့ ဘာဆက်လုပ်သင့်သလဲ "

တစ်ညလုံး ကျွန်တော် စဉ်းစားနေသော မေးခွန်းဖြစ်ပါသည်။ ကိုသန်းဖေနှင့် ကိုထက်ဝင်း တို့ကို တရားရုံးချုပ်သို့ အယူခံတက်မည်ဟု ကျွန်တော်ပြောထားပြီး ဖြစ်သော်လည်း လက်တွေ့တွင် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတက်ရန် မလွယ်ကူလှပါ။ ကိုယ့်ဘက်တွင် ကောင်းမွန်သော၊ ခိုင်လုံသော အကြောင်းပြချက်များရှိမှသာ အထက်ရုံးသို့ တက်နိုင်မည်ဖြစ်ပါသည်။

" ဒီတော့ - ကျွန်တော်တို့ ဘယ်လိုအကြောင်းပြချက်တွေနဲ့ တရားရုံးချုပ်ကို တက်ကြမလဲ "

ကျွန်တော့်ကိုယ်ကျွန်တော် မေးသောမေးခွန်းဖြစ်ပါသည်။ တရားရုံးချုပ်ကို အယူခံမှု၊ ပြင်ဆင်မှုတက်ခြင်းသည် အမှုသည်များဆန္ဒအရလည်းကောင်း၊ ညွှန်ကြားချက်အရလည်းကောင်း တက်ရခြင်း ဖြစ်သော်လည်း အစအဆုံး တာဝန်ယူရသူမှာ ရှေ့နေဖြစ်ပါသည်။

အမှုအခြေအနေကို ပြန်လည်စဉ်းစားကြည့်ရာ လက်ဗွေပါရဂူကို ကျွန်တော့် အနေဖြင့် မေးရန်အကြောင်းအချက်များ ရှိနေသေးကြောင်း၊ ယခင်က တရားရုံးသို့ တင်ပြခဲ့ဖူးသည့်အချက်နှင့် တရားရုံးက လိုအပ်လျှင် လျှောက်ထားနိုင်သည်ဟု မှတ်ချက်ပြုထားသည့် အချက်တစ်ချက်တည်းကိုသာ စဉ်းစားမိပြီး၊ အခြားသော အကြောင်းပြချက်များ စဉ်းစား၍မရနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမှုကိစ္စ စဉ်းစား၍ မရသောအခါ ကျွန်တော်ရှေ့နေအလုပ် လုပ်မိတာ မှန်ရဲ့လားဟု ဆက်၍ အတွေးနယ်ချဲ့မိပါတော့သည်။

- ဆရာ ဦးသိန်းလွင်က အင်္ဂလိပ်စာသင်သည်။ နားမလည်သည့် ကျောင်းသူ/ကျောင်းသားများ ပြန်မေးလာပါက လွယ်လွယ်လေး ရှင်းပြနိုင်သည်။ သူကဆရာကြီးလေ။ ဒီတော့ သူ့အလုပ်က စိတ်ညစ်စရာ မရှိဘူးပေါ့။
- ကုန်သည်တစ်ယောက် မြတ်မည်ထင်၍ ကုန်ပစ္စည်းများကို ဝယ်သည်။ နောက် ပြန်ရောင်းတော့ ထင်ထားသည့်အတိုင်း မြတ်သည်။ ထို့ကြောင့် ပျော်သည်။ (သို့မဟုတ်) ထင်ထားသည့် အတိုင်းမမြတ် ရှုံးသည်။ ထို့ကြောင့် စိတ်ညစ်သည်။ ကိစ္စပြီးသွားပြီ။ နောက်တစ်ခါ မြတ်လျှင် အရင်းကြေနိုင်သည်။ အရမ်းကြီး စိတ်ညစ်စရာမရှိ။
- ဆရာဝန်တစ်ယောက် လူနာကိုကုသည်။ ကောင်းသွားသည်။ ပျော်သည်။ (သို့မဟုတ်) ကုသမှု မအောင်မြင် လူနာသေသွားသည်။ ထို့ကြောင့်ဝမ်းနည်းသည်။ ပြီးပါပြီ။ ဆရာဝန်ထက် ဝမ်းနည်းရမည့် မိသားစုဝင်များပင်လျှင် အချိန်ကြာလာပါက မေ့သွားကြသည်ဖြစ်ရာ ဆရာဝန်အနေဖြင့် ရာသက်ပန် ဝမ်းနည်းရန်အကြောင်းမရှိပါ။
- ကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌ/မန်နေဂျင်းဒါရိုက်တာ အများအတွက် ကြိုးစား၍လုပ်သည်။ မြတ်သည်။ ပျော်သည်။ ဝုတ်ရှိသည်။ ရှုံးသည်။ စိတ်မကောင်းပါ။ နောက်တစ်ကြိမ် မြတ်ရန် အခွင့်အလမ်း ရှိပါသေးသည်။ သို့မဟုတ်လည်း နောက်တစ်ယောက်ယောက် ဆက်လုပ်လိမ့်မည်ပေါ့။

စဉ်းစားစရာပွေ အများကြီးရှိသေးသော်လည်း တခြားသူများကိစ္စ ကိုယ်နဲ့ သိပ်အကျွမ်းမဝင်တဲ့အတွက် မစဉ်းစားတော့ပါ။ ကိုယ်နဲ့ဆိုင်တဲ့ရှေ့နေအကြောင်း ဆက်၍စဉ်းစားတာ ကောင်းမယ်ထင်ပါတယ်။

- ရှေ့နေမဟုတ်သော၊ ဆရာဝန်မဟုတ်သော မိတ်ဆွေတချို့က နောက်ပြောင်သည့်အနေဖြင့် “ ရှေ့နေနဲ့ ဆရာဝန်ဆိုတာ သိပ်မကွာလှဘူးကွ၊ ၆-ပေလောက်ပဲကွာတယ် ” ဟု ပြောကြပါသည်။ သူတို့ဆိုလိုသည်မှာ -

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၀န်များ၏ လူသေတော့ မြေအောက် ၆ ပေလောက်တွင် မြှုပ်နှံရပြီး၊ ရှေ့နေများလို့ တရားခံ ကြိုးပေးခံရတော့ မြေပေါ် ၆ ပေ လောက်မှာ တန်းလန်းကြီးသေရတာကို ရည်ညွှန်း၍ နောက်ခြင်း ဖြစ်ပါသည်။

သို့သော် ကျွန်တော်၏ဘ၀တွင် မမေ့နိုင်သော အကြောင်းများ အများအပြား ရှိရာ ရှေ့နေနှင့်ဆိုင်သည့် အကြောင်းအရာတစ်ခုကို သတိရမိသဖြင့် တင်ပြလိုပါသည်။

၁၉၇၁ ခုနှစ်က ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကြီးတွင် ဥပဒေပထမနှစ်ကျောင်းသား အဖြစ် ကျွန်တော် စတင်တက်ရောက်လာသည့်အချိန်၊ ကျွန်တော်တို့ ပထမနှစ် ကျောင်းသူ/ကျောင်းသားများ၏ အတန်းပိုင်ဆရာမကြီးမှာ " ဒေါ်မေမျိုးငွေ " ဖြစ်ပါသည်။ အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အလွန်အမင်း ခံ့ညားလှပသောဆရာမကြီး၊ အပျိုကြီးဖြစ်ပါသည်။ (သို့သော်လည်း မကြာမီ ဆရာမကြီး အိမ်ထောင်ကျသွားပါသည်။) ကျွန်တော်တို့၏ အတန်းပိုင်ဆရာမကြီးဟု ပြောရခြင်းမှာ ကျွန်တော်တို့ ဥပဒေပထမနှစ်တွင် သင်ရိုးညွှန်းတမ်းအရ ဥပဒေ ပညာရပ်က တစ်ဘာသာတည်းသာရှိပြီး အခြားဘာသာရပ်က (၅) ခုရှိသည့်အတွက် ဥပဒေဌာနကို ကိုယ်စားပြုသော ဥပဒေဘာသာဆရာမအဖြစ် ဆရာမကြီး ဒေါ်မေမျိုးငွေ တစ်ဦးတည်းသာရှိသဖြင့် အတန်းပိုင်ဆရာမကြီးဟု ပြောရခြင်းဖြစ်ပါသည်။

ဆရာမကြီးက ကျွန်တော်တို့ ပထမနှစ် ကျောင်းသူ/ကျောင်းသားများနှင့် ပထမဆုံးတွေ့ဆုံရသည့်နေ့တွင် တက္ကသိုလ်ကျောင်းသားတို့၏ ကျင့်ဝတ်သိက္ခာ အကြောင်းကို ကျွန်တော်တို့ ကလေးသာသာအရွယ်များ စိတ်ဝင်စားပြီး လက်ခံ နိုင်အောင် အောက်ပါအတိုင်းပြောပါသည်။

" တပည့်တို့ အခုမင်းတို့ဟာ တက္ကသိုလ်ပညာလို့ခေါ်တဲ့ အဆင့်မြင့် ပညာကို သင်ကြားခံယူဖို့ ဒီကိုရောက်လာကြပြီဆိုတော့ မိဘဆွေမျိုးတွေနဲ့ ခွဲခွာခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေထိုင်ရင်း ပညာရှာဖို့လာကြတာ မဟုတ်လား။ "

" ဟုတ်ပါတယ်ဆရာမ " (တပည့်များအသံ)

" အေး - ဆရာမက ဒီမေးခွန်းကို အရင်နှစ်တွေကလည်း မင်းတို့ကို မေးသလိုပဲ ကျောင်းသူ/ကျောင်းသားတွေကိုမေးရင် သူတို့လည်း ဒီလိုပဲ ဖြေကြတယ်ကွဲ့ "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငြိမ်နေကြပြီး ဆရာမ၏ အသံကို နားစွင့်နေကြပါသည်။ ဆရာမက -

" မင်းတို့က ဒီတက္ကသိုလ်ကြီးကို ပညာသင်ဖို့လာကြတာလို့ ပြောနေကြပေမယ့်လည်း ဆရာမရဲ့အတွေ့အကြုံအရ မင်းတို့တွေဟာ ပညာအပြင်၊ ကြင်ရာပါရှာကြတာကို ဆရာမ သိနေတယ်ကွ "

" ဝါးဟားဟား "'ကျောင်းသူ/ကျောင်းသားများအားလုံး လှိုက်လှိုက်လှဲလှဲ ရယ်မောသံကို ကျွန်တော် ယခုအချိန်ထိသတိပြန်ရမိပါသည်။

ဆရာမကြီး ပြောနေသည့်အချိန်တွင် ကျွန်တော်တို့ ယောကျ်ားလေးများ၏ အတွေး၊ အကြည့်များက အတန်းထဲရှိ မိန်းကလေးများ မည်သူလှသည်။ ချောသည်ကို ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်ဖြစ်၍ ဆရာမ၏ စကားသံသည် (ယခင်အပြောအရ) နဖူးတည့်တည့်မှန်၍ (ယခုခေတ်စကားအရ) " ဟတ် " ထိသွား၍ အူမြူးရယ်ရွှင်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ရယ်မောသံ စဲသွားသည်နှင့် ဆရာမကြီးက ဆက်ပြောပါသည်။ ဆရာမ၏ မျက်နှာထားမှာ ကျွန်တော်တို့ ရယ်မောနေသည့်အတွက် ဝမ်းသာကြည်နူးနေသည့်အသွင်ရှိသလို တည်ကြည်လေးနက်သည့်အသွင်လည်း ရှိနေသည်ကို တွေ့ရပါသည်။

" တပည့်တို့ တက္ကသိုလ်ကျောင်းသားဆိုတာဟာ အသက်အရွယ်အရ ကြီးသူ၊ ငယ်သူ အမျိုးမျိုးရှိနိုင်ပေမယ့် အသက်ငယ်ငယ်၊ ကြီးကြီး အားလုံးဟာ လူကြီးလူကောင်းတွေ (Gentle man) တွေ ဖြစ်တော့ လူကြီးလူကောင်းတွေလို ပြောဆိုဆက်ဆံ နေထိုင်ကြဖို့ လိုတယ်ကွယ့် "

ဆရာမကြီးက အရေးကြီးတဲ့အကြောင်းအရာတစ်ခုခုကို ပြောဆိုဆုံးမချင်လို့ စကားချီနေမှန်း ကျွန်တော်တို့ ခန့်မှန်းမိသော်လည်း ဘာပြောမည်ကိုမသိ၍ ကျောင်းသူ/ကျောင်းသားအားလုံး ငြိမ်နေကြပါသည်။ ထို့နောက် ဆရာမကြီးက အတန်း၏ နောက်ဖက်တွင်ထိုင်နေကြသော ကျွန်တော်တို့ ကျောင်းသားယောကျ်ားလေးများကို လက်ညှိုးထိုး၍

" ဒါကြောင့် မင်းတို့ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်ယောက်ကို ချစ်ခင် နှစ်သက်လို့ ရည်းစားစကားပြောမယ်ဆိုရင် လူကြီးလူကောင်းဆန်ဆန် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဖို့လိုတယ်နော် "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဆရာမစကားဆုံးသည်နှင့် ကျွန်တော်တို့ ယောကျ်ားလေးများ၏ ဝမ်းသာအားရ ရယ်မောအော်ဟစ်သံမှာ ဆူညံသွားပါတော့သည်။ မိန်းကလေး များကား ငြိမ်နေကြပါသည်။

ကျွန်တော်တို့ ယောကျ်ားလေး ကျောင်းသားများ၏ ရယ်မောသံ ငြိမ်သွား အောင် ဆရာမကြီးက စောင့်ဆိုင်းနေပြီးနောက် ဆရာမကြီးက -

" ဆရာမရဲ့ စကားမဆုံးသေးဘူးနော် "

ဟုပြောရာ ကျွန်တော်တို့ ယောကျ်ားလေးများက ဆက်ပြောပါဆရာမ ဟု ဝမ်းသာ အားရသံဖြင့် တရားထောက် လုပ်ကြပါသည်။

မိန်းကလေးများကား ငြိမ်နေဆဲ။

ဆရာမကြီးက -

" ဒါဆိုရင် ဆရာမ ဆက်ပြောမယ်။ မင်းတို့အားလုံး သေသေချာချာ နားထောင်ကြ။ ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်ကြောင်း၊ ကြိုက်ကြောင်း ပြောနေတဲ့အချိန်မှာ အဲဒီမိန်းကလေးဟာ ရည်းစားရှိပြီးဖြစ်နိုင်သလို၊ နှစ်ယောက် သုံးယောက် အပြိုင်ပိုးခံနေရတဲ့ အခြေအနေလည်း ဖြစ်နိုင်တယ်။ ဒီတော့ ဒီမိန်းကလေး ဘာပြန်ပြောပြော မင်းတို့ယောကျ်ားလေးဘက်က ခံနိုင်ရည်ရှိရမယ်။ ခံနိုင်ရည်မရှိရင် မင်းတို့ ရည်းစားစကားကို မပြောသင့်ဘူး၊ အဲဒါကိုရော မင်းတို့သိကြ ရဲ့လား "

ဆရာမကြီးစကားဆုံးသည်နှင့် မိန်းကလေးများ၏ ရယ်မောသံကို ကျွန်တော် စာမဖွဲ့လိုတော့ပါ။ ဆုံးဖြတ်ချက်က သူတို့ဘက်မှာရှိသည်ကိုး။ ကျွန်တော်တို့ ယောကျ်ားလေးများ ဘာမျှပြန်မဖြေကြပါ။

ဆရာမကြီးက ကျွန်တော်တို့ကို သူငယ်ချင်းပုံစံပြောနေသော်လည်း ကျွန်တော် တို့ ပျော်ရွှင်နေသည့်ကြားမှ ဆရာမကြီး၏ မေတ္တာစေတနာကို ကျွန်တော်တို့ ရှင်းရှင်း လင်းလင်းတွေ့ရပါပြီ။ ရည်းစားစကားပြောနည်း သင်ကြားနေခြင်းမဟုတ်ဘဲ တက္ကသိုလ် ကျောင်းသားတစ်ယောက် မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ မည်သို့ကျင့်ကြံ နေထိုင်ရမည်ကို ကျွန်တော်တို့ သိနားလည်အောင် ပညာသားပါပါ သင်ကြားနေသည် ကို သိလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားအားလုံး ဆရာမကြီးကို အရမ်းချစ်သွားကြပါပြီ။ မိဝေးဘဝေး ရန်ကုန်တက္ကသိုလ်ကြီးကို မျက်စိသူငယ် နားသူငယ်နှင့် ရောက်လာကြသော ကျွန်တော်တို့မှာ ဘာမှန်းမသိ၊ ညာမှန်းမသိ အနှီသူငယ်လေးများ အားကိုးစရာ အမိရော အဘပါ တစ်ပြိုင်တည်း ရလိုက်သလို ခံစားမိပါတော့သည်။

ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားအားလုံး၏ အနေအထားကို ဆရာမကြီး အကဲခတ်မိပြီးနောက် ဆရာမကြီးက ဆက်လက်၍ ဥပဒေကျောင်းသူ/ကျောင်းသားများအနေဖြင့် ဂုဏ်ယူသင့်သည့် အကြောင်းများကို ဆက်လက်ပြောပြပါသည်။ ကျွန်တော်မှတ်မိသမျှ အချုပ်တင်ပြရသော် -

- ဥပဒေပညာကို အင်္ဂလန်နိုင်ငံတွင် တစ်ချိန်က လူတိုင်းသင်ယူခွင့် မရှိကြောင်း၊ မင်းဆွေ မင်းမျိုးများသာ သင်ယူခွင့်ရှိကြောင်း၊ နောက်ပိုင်းတွင် ဥပဒေပညာသင်ကြားခွင့်ကို ပိုမိုခွင့်ပြုလာကြောင်း၊ ဥပဒေပညာရှင်များသည် အများသူငါထက် ဥပဒေစည်းကမ်းကို ပို၍လိုက်နာလုပ်ကိုင်ကြရကြောင်း၊ နိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍတွင် ဥပဒေပညာရှင်များ အများဆုံး တာဝန်ယူကြရကြောင်း၊ နိုင်ငံကြီးတော်တော်များများ၏ အကြီးအကဲများ၊ သမ္မတများမှာ ရှေ့နေများဖြစ်ကြကြောင်း ရှင်းလင်းပြောပြရာ ကျွန်တော်တို့ နားထောင်နေရင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလာမိသည်ထိ ဖြစ်ခဲ့ပါသည်။

ထို့နောက် ဆရာမကြီးက ဆက်လက်၍ ဆရာဝန်ပညာနှင့် ရှေ့နေပညာကို နှိုင်းယှဉ်၍ ပြောပြသည်မှာ အလွန်မှတ်သားဖွယ် ကောင်းလှပါသည်။ ဆရာမကြီးက -

- ဆရာဝန်ဆိုတာ လူရဲ့ကျန်းမာရေးနဲ့ အသက်ကို ကယ်တင်သူဖြစ်တယ်။ ဆရာဝန်က လူနာတစ်ယောက်ကို ကုသကယ်တင်လိုက်ခြင်းဟာ လူနာတစ်ယောက်ကို ကုသကယ်တင်လိုက်ခြင်းဖြစ်သလို၊ သူ့ကိုမှီခိုနေတဲ့ မိသားစုဝင်အားလုံးကိုပါ ကူညီပံ့ပိုးရာ ရောက်သွားတယ်။ တကယ်လို့များ တိုင်းပြည်ရဲ့ ခေါင်းဆောင်တစ်ယောက်ကို ဆရာဝန်က ကုသပေးလိုက်မယ်ဆိုရင် ဒီကိစ္စဟာ တိုင်းပြည်တစ်ခုလုံးကို ကုသကယ်တင်ရာ ရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- ဒီအတိုင်းပဲ ရှေ့နေတစ်ယောက်ဆိုတာလည်း လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ၊ အကျိုးစီးပွားနဲ့ အသက်ကို ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်သလို အဲဒီရှေ့နေကြီးများဟာ နိုင်ငံရဲ့အကျိုးကို ဦးဆောင်သယ်ပိုးနိုင်သူများလည်း ဖြစ်တယ်ဆိုတာ တပည့်တို့ သိထားဖို့လိုတယ်။

ဟု ဆက်လက်၍ ရှင်းလင်းပို့ချရာ -

ကျွန်တော်တို့ လွန်ခဲ့သည့် (၁၀) မိနစ်လောက်က ဘယ်မိန်းကလေးကို ဘယ်လို ရည်းစားစကားပြောရရင်ကောင်းမလဲ စဉ်းစားနေရာမှ ယခု (၁၀) မိနစ်ခန့် နောက်ပိုင်းတွင် ကျွန်တော်တို့ တိုင်းပြည်ခေါင်းဆောင်ဖြစ်ရင် တိုင်းပြည်ကြီး ကြီးပွားတိုးတက်အောင် ဘယ်လိုလုပ်ရမလဲဟု စဉ်းစားရမလို ဖြစ်သွားပါသည်။ သို့သော်လည်း ထိုစဉ်က ကျွန်တော်တို့မှာ တိုင်းပြည်အုပ်ချုပ်ရေးကိစ္စ လုံးဝနားမလည်သေးပါ။ ဆရာမကြီး၏ ဟောပြောပို့ချမှုကြောင့် စိတ်ကြီးဝင်ကာ စက္ကန့်ပိုင်းမျှ စိတ်ကူးယဉ်မိခြင်းသာ ရှိခဲ့ပါသည်။

နောက်ရက်များတွင်တော့ ကျောင်းသားတို့ ထုံးစံအတိုင်း ကျွန်တော်လည်း ကျောင်းသား တစ်ယောက်ပဲလေ။

ဆရာမကြီး ဒေါ်မေမျိုးငွေ၏ ဟောပြောပို့ချမှုများကို အတွေးနယ်ချဲ့ကာ ပြန်လည် စဉ်းစားမိပြီးနောက် ယခုလက်ရှိ ကိုယ့်လုပ်ငန်းအပေါ် စိတ်ညစ်နေလို့ ကိစ္စမပြီးနိုင်ကြောင်း၊ လုပ်စရာရှိတာကိုလုပ်ရန်မှာ တာဝန်ဖြစ်ကြောင်း မိမိကိုယ်မိမိ ပြန်လည်ဆင်ခြင်မိလာပါသည်။

ထို့နောက် မနက်ဖြန် ဦးသိန်းလွင်နဲ့ ကိုထက်ဝင်းတို့ လာရင် တရားရုံးချုပ်ကို ပြင်ဆင်မှု တက်မည့်အကြောင်းလောက်သာပြောပြီး ဘယ်လိုအကြောင်းပြချက်တွေနဲ့ တက်မယ်ဆိုတာတော့ နောက်မှ အေးအေးဆေးဆေးသာ စဉ်းစားတော့မည်ဟု ဆုံးဖြတ်ပြီး အိပ်လိုက်ပါတော့သည်။

*****

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

## အသက်ဆက်ရန် ကြိုးစားအားထုတ်ခြင်း

နောက်တစ်နေ့ နံနက် ၁၁း၃၀ နာရီခန့်လောက် ဆရာဦးသိန်းလွင်နှင့် ကိုထက်ဝင်းတို့ ကျွန်တော့်ရုံးခန်းသို့ ရောက်ရှိလာကြပါသည်။

ကျွန်တော်က ခရီးဦးကြိုပြုပြီးနောက် သူတို့အပြောကို မစောင့်တော့ဘဲ ကျွန်တော်ကပဲ စတင်ကာ မနေ့ကချုတဲ့အမိန့်ကို တရားရုံးချုပ်သို့ ပြင်ဆင်မှုတတ်ချည် ဖြစ်ကြောင်း၊ ထို့ကြောင့် မနေ့ကချလိုက်သည့် အမိန့်မိတ္တူမှန်ကို အမြန်ငွေ ပေးသွင်း၍ မိတ္တူကူးရန် ကိုသန်းဖေအား ယခုမနက်ကပင် စေခိုင်းလိုက်ပြီဖြစ်ကြောင်း အမိန့်မိတ္တူမှန် ရရှိသည်နှင့် အမြန်ဆုံး ပြင်ဆင်မှုလျှောက်လွှာတင်ရန် စဉ်းစားထားပြီး ဖြစ်ကြောင်း ကျွန်တော်က ပြောပြလိုက်ပါသည်။

ကျွန်တော်က ဆက်လက် ဆောင်ရွက်မည့်ကိစ္စများကို အဆက်မပြတ် ပြောလိုက်ရာ ဆရာဦးသိန်းလွင်က ကိုထက်ဝင်းအား -

> “ မောင်ထက်ဝင်းရေ ဆရာက တရားရုံးချုပ်ကို ပြင်ဆင်မှုတတ်ရှိ လုပ်နေပြီ ဆိုတော့ ဆရာဦးကိုနီ လိုအပ်တာတွေ၊ စရိတ်စကတွေ မင်းစီစဉ် ပေးလိုက်ပါ ”

ဟု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်ဝင်းက သူ့အနေဖြင့် ဘာများဆောင်ရွက်ပေးရမည်ကို မေးလာရာ ကျွန်တော်က -

" **စရိတ်စက က အရေးမကြီး**ပါဘူး ကိုထက်ဝင်း၊ ကိုစိုးကျော် (ဒေါ်ခင်မြိုင်၏ **ကိုယ်စားလှယ်) ကို ကျွန်**တော့်ဆီ လွှတ်ပေးဖို့ပဲလိုပါတယ်။ သူက ကျွန်တော့်ကို **ရှေ့နေကိုယ်စားလှယ်**လွှဲစာ လက်မှတ်ထိုးပေးဖို့လိုတယ်။ ဒါမှ ကျွန်တော့် **အနေနဲ့ တရားရုံးချုပ်**ကိုတက်လို့ရမှာ "

ဟု **ပြောလိုက်ရာ ကိုထက်ဝင်း**က မနက်ဖြန် ကိုစိုးကျော်ကို ခေါ်လာမည်ဖြစ်ကြောင်း **ပြောပါသည်။**

**ကျွန်တော်က** ကျွန်တော်လက်ရှိ ရင်ဆိုင်နေရသည့်အခြေအနေကို ကျော်လွှား **လိုသည့်ဆန္ဒရှိနေ**သဖြင့် ကိုထက်ဝင်းကို အထက်ပါအတိုင်း ပြောလိုက်ရာ ကိုထက်ဝင်းက **အတော်အတန်** စိတ်သက်သာသွားပုံရပါသည်။ ကျွန်တော်ကတော့ စိတ်ဝါတ်သက်သာမှု လုံးဝမရပါ။

အမှုသည်တို့သည် ကိုယ့်အမှုအတွက်သာ ကိုယ်ပူပန်ရသူများဖြစ်သော်လည်း ရှေ့နေများမှာမူ ကိုယ့်မှာအမှုမရှိဘဲ လက်ခံထားသည့် အမှုတိုင်းအတွက် ပူပန်နေကြရသူများ ဖြစ်ပါသည်။ အခြားသူများက ရှေ့နေများအပေါ် ဘယ်လိုမြင်ကြ၊ သဘောထားကြသည်ကို အတိအကျ မသိနိုင်သော်လည်း ရှေ့နေဆိုသည်မှာ အလွန် သောကများရသူများဖြစ်သည်ကိုမူ ကျွန်တော် ကောင်းစွာသဘောပေါက်မိပါတော့ သည်။

## တရားရုံးချုပ်ကို ပြင်ဆင်မှုတင်ပြီ

၂၀-၉-၉၀ နေ့ ရုံးချိန်းတွင် လက်ဗွေပါရဂူက ဒေါ်ခင်မြိုင်၏ လက်ဗွေကို ရုံးရှေ့တွင် ကိုယ်တိုင်နှိပ်ယူပြီးနောက် အငြင်းပွားနေသည့် စာချုပ်များပေါ်ရှိ လက်ဗွေ နှင့် (၃) မိနစ်ခန့် တိုက်ဆိုင်စစ်ဆေးပြီးနောက် လက်ဗွေအားလုံးမှာ လူတစ်ဦးတည်း၏ လက်ဗွေများဖြစ်ကြောင်း ထင်မြင်ချက်ပေးလိုက်သည့်အတွက် ကျွန်တော်က လေ့လာလို၍ ရက်ချိန်းပေးပါရန် တောင်းဆိုခဲ့ရာ တရားရုံးက တရားလိုအနေဖြင့် နောက်မိုင်းတွင် လျှောက်ထားခွင့်ရှိကြောင်း၊ ယခု ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း (၂၀-၉-၉၀) နေ့က အမိန့်ချမှတ်ခဲ့သည်ကို စာရှုသူ မှတ်မိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဆိုပါတရားရုံး၏ (၂၀-၉-၉၀) ရက်စွဲပါအမိန့်ကို အားကိုးပြီး လက်ဗွေပါရဂူကြီးအား ပြန်ခေါ်ပေးရန် လျှောက်ထားခဲ့သော်လည်း တရားသူကြီးက လက်မခံကြောင်း ဆုံးဖြတ်ခဲ့ခြင်းသည် ရှေ့ကချမှတ်ထားသည့်အမိန့်နှင့် နောက်ချမှတ်သည့်အမိန့်တို့ မညီညွတ်ပါဟု အကြောင်းပြ၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုတက်ရန် ရည်ရွယ်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်က အထက်ဖော်ပြပါ အကြောင်းပြချက်အပြင် ဤအမှုတွင် လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် သံသယဖြစ်ဖွယ်ရာ အခြားအကြောင်းများလည်း အများအပြားရှိကြောင်း တတ်နိုင်သမျှ ဖော်ထုတ်တင်ပြကာ နိုင်ငံတော်တရားရုံးချုပ်သို့ တရားမပြင်ဆင်မှုအမှတ်-၇၀၂/၉၀ ကို ဖွင့်လှစ် တင်သွင်းခဲ့ပါသည်။

ကျွန်တော်၏ ပြင်ဆင်မှု လျှောက်ထားချက်ကို နိုင်ငံတော်တရားရုံးချုပ်က နှစ်ဖက်ကြားနာကာ အဆုံးအဖြတ်ပေးရန်အတွက် လက်ခံကြောင်း (၁-၁-၉၁) နေ့က အမိန့်ချမှတ်ခဲ့သဖြင့် ကျွန်တော် အလွန်အမင်း အားတက်ခဲ့ရပါသည်။ အမှုသည်ကိုထက်ဝင်းကား ဆိုဖွယ်ရာမရှိတော့ပါ။

(၇-၁-၉၁) နေ့တွင် ရန်ကုန်တိုင်းတရားရုံးတွင် ကျွန်တော်တို့အမှုအတွက် အပြီးသတ် လျှောက်လဲချက်ကို နှစ်ဖက်ရှေ့နေများကပေးကြရန် ချိန်းဆိုထားချက်ရှိ၍ ချိန်းဆိုထားသည့်အချိန် မွန်းလွဲ (၂) နာရီတွင် နှစ်ဘက်ရှေ့နေများ အစုံအညီ ရုံးရှေ့ရောက်ရှိနေကြပါသည်။

တရားပြိုင်များဘက်က ရှေ့နေကြီးများသည် ကျွန်တော့်ကို အပီအပြင် နှိပ်ကွပ်ရန် ပြင်ဆင်လာကြပုံရပါသည်။ အတော်လေး တက်ကြွနေသည်ကိုလည်း တွေ့ရပါသည်။

ထုံးစံ (ကျင့်ထုံး) အရ လျှောက်လဲချက်ကို တရားလို၏ရှေ့နေဖြစ်သော ကျွန်တော်က စတင်လျှောက်လဲရမည်ဖြစ်ရာ တရားသူကြီးမှ ကျွန်တော်က စတင်လျှောက်လဲနိုင်ပြီဖြစ်ကြောင်း ပြောကြားပါသည်။

ထိုအခါမှ ကျွန်တော်က တရားသူကြီးအား -

" တရားသူကြီးမင်းခင်ဗျား - ကျွန်တော်က လက်ဗွေပါရဂူကြီးကို ပြန်လည်ခေါ်ယူစစ်မေးဖို့ လျှောက်ထားတဲ့ လျှောက်ထားချက်ကို ဒီရုံးတော်က ပယ်ကြောင်း (၁၉-၁၂-၉၀) နေ့က ချမှတ်ခဲ့တဲ့အမိန့်ကို ကျွန်တော်ရဲ့ အမှုသည်က တရားရုံးချုပ်ကို ပြင်ဆင်မှုတင်သွင်းပေးဖို့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားပြောဆိုလာလို့ ကျွန်တော်က တရားရုံးချုပ်ကို ပြင်ဆင်မှု တင်သွင်းခဲ့ပါတယ်။ ကျွန်တော် လျှောက်ထားတဲ့ ပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံကြောင်း (၁-၁-၉၁) နေ့က အမိန့်ချထားပြီးဖြစ်လို့ တရားရုံးချုပ်က အပြီးသတ်ဆုံးဖြတ်ပြီးသည်အထိ ဒီအမှုကို ဆိုင်းငံ့ထားပေးပါလို့ လျှောက်ထားအပ်ပါတယ်ခင်ဗျား "

ဟု လျှောက်ထားလိုက်ရာ တရားပြိုင်များဘက်မှ ရှေ့နေကြီးနှစ်ဦးလုံး အမူအရာပျက်ယွင်းကာ စိတ်လှုပ်ရှားသွားကြသည်ကို တွေ့လိုက်ရပါသည်။

သူတို့က လျှောက်လဲချက်ပေးရန် အသေအချာပြင်ဆင်ပြီး လာကြသည်ဖြစ်ရာ ကျွန်တော်က ရုတ်တရက် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ရုံးချိန်းတောင်းလိုက်တော့ သူတို့ အတော်အံ့အားသင့်သွားပုံ ရပါသည်။

သို့သော်လည်း ဝါရင့်ရှေ့နေကြီးများပီပီ ကျွန်တော်၏ လျှောက်ထားချက်အပေါ် ချက်ချင်းထ၍ ကန့်ကွက်ကြပါသည်။

သူတို့က ကျွန်တော်၏ လျှောက်ထားချက်ဖြစ်သည့် ဤအမှုကို တရားရုံးချုပ်တွင် ကျွန်တော်တို့က ပြင်ဆင်မှုတက်ထားသည်ဆိုသည့်အချက်၊ တရားရုံးချုပ်က လက်ခံလိုက်ပြီဆိုသည့် အချက်များမှာ ကျွန်တော်၏နှုတ်ဖြင့် တင်ပြချက်များသာဖြစ်ပြီး အထောက်အထားစာရွက်စာတမ်းမရှိ၍ လက်မခံသင့်ကြောင်း ပြောဆို ကန့်ကွက်ကြပါသည်။

ထိုအခါ တရားသူကြီးက ကျွန်တော့်ဘက်လှည့်၍ တစ်ဖက်အမှုသည်များ၏ တင်ပြချက်မှာ နည်းလမ်းကျကြောင်း၊ သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် ဤအမှုကို တရားရုံးချုပ်က စစ်ဆေးရန်လက်ခံ လိုက်သည်ဆိုသည့်ကိစ္စ၊ အထောက်အထား တင်ပြနိုင်ပါမည်လားဟုမေးရာ ကျွန်တော်က လာမည့်ရုံးချိန်းတွင် တင်ပြမည်ဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့် တရားသူကြီးက ကျွန်တော်တို့အမှုကို အထောက်အထား တင်ပြရန်အတွက် (၁၄-၁-၉၁) နေ့ နံနက် (၁၀) နာရီသို့ ရွှေ့ဆိုင်းချိန်းဆို ပေးလိုက်ပါသည်။

သို့သော်လည်း (၉-၁-၉၁) နေ့တွင် တရားရုံးချုပ်က ရန်ကုန်တိုင်း တရားရုံးရှိ ကျွန်တော်တို့ အမှုတွဲကို တောင်းခေါ်သွားပြီဖြစ်၍ (၁၄-၁-၉၁) နေ့ ရုံးချိန်းတွင် ကျွန်တော့်အနေဖြင့် ဘာမျှတင်ပြရန် မလိုတော့ဘဲ တစ်လတိတိ အချိန်ရွှေ့၍ (၁၅-၂-၉၁) နေ့သို့ ရွှေ့ဆိုင်းပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တရားရုံးချုပ်မှာ ငြိုင်ကြပြီ

ယခုတရားရုံးချုပ်တွင် အမှုပြိုင်ကြခြင်းသည် အမှုတစ်ခုလုံးအပေါ် ကိုယ်မှန်သည်။ သူမှန်သည်ဟု ဆိုင်ပြိုင်ခြင်းမျိုးမဟုတ်ပါ။ လက်ဖွေပါရဂူကို ကျွန်တော်က ပြန်ခေါ်စစ်ဆေးလိုကြောင်း လျှောက်ထားချက်အပေါ် မူလရုံးတော်က လက်မခံဘဲ ပယ်လိုက်သည့်အမိန့် မှန်ကန်ခြင်း ရှိ/မရှိ ဆိုသည့်ကိစ္စအပေါ်တွင်သာ ပြောဆိုကြရမည့် ကန့်သတ်ချက်ရှိနေပါသည်။

ကျွန်တော်ပြောချင်တိုင်း ပြောခွင့်မရှိပါ။ လက်ဖွေပါရဂူကို ပြန်လည် ခေါ်ယူ၍ ကျွန်တော့်အား စစ်မေးခွင့်ပြုသင့်ကြောင်းသာ ပြောခွင့်ရှိပါသည်။

လက်ဖွေပါရဂူသည် ရုံးရှေ့သို့ နှစ်ကြိမ်လာရောက်ပြီးဖြစ်ရာ နောက်တစ်ကြိမ်လာရောက်အစစ်ခံသင့်ကြောင်း ကျွန်တော့်ဘက်က ဥပဒေကြောင်းအရ တင်ပြရန် အချက်အလက် သိပ်မရှိပါ။

**လက်ဖွေပါရဂူက ကျွန်တော်တို့ဘက်ကို မထောက်ခံသည့်အတွက် မထောက်ခံမချင်း ကျွန်တော်က အထပ်ထပ်အခါခါ မေးမြန်းလို၍ ခေါ်ခိုင်းနေခြင်းဖြစ်သည်ဟု တရားရုံးက ထင်မြင်သွားမည်ကို ကျွန်တော်အလွန် စိုးရိမ်နေမိပါသည်။**

ထို့ကြောင့် ကျွန်တော်က တရားရုံးချုပ်တွင် နှစ်ဘက်ရှေ့နေများ လျှောက်လဲချက် ပေးသည့်နေ့တွင် အခြားသောအကြောင်းအရာများကို အကျယ်ချဲ့၍ မပြောတော့ဘဲ -

- လက်ဖွေပါရဂူကို ကျွန်တော်စစ်ဆေး၍ မပြီးသေးကြောင်း၊ ဆက်လက်စစ်မေးရန် အကြောင်းအရာများ ရှိနေသေးကြောင်း၊ အဆိုပါ အကြောင်းအချက်များကို ကျွန်တော်က မူလရုံးတော်တွင် တင်ပြခဲ့ရာ မူလရုံးတော်က နောင်အခါ လျှောက်ထားခွင့်ရှိကြောင်း ပြောဆို အမိန့်ချခဲ့သဖြင့် ယခုထပ်မံ၍ ဆင့်ခေါ်ပေးရန် လျှောက်ထားခဲ့သော်လည်း မူလရုံးတော်က ကျွန်တော်၏ လျှောက်ထားချက်ကို ပလပ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ဘက်တွင် အလွန်နစ်နာရပါကြောင်း **စသည်ဖြင့် ရုံးတော်၏ သနားညှာတာမှုကို ရရှိနိုင်ရန် အောက်စီးက တင်ပြလျှောက်လဲခဲ့**ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ လျှောက်လဲချက်ပြီးဆုံးသည်နှင့် တစ်ဖက်မှရှေ့နေကြီး (၂) ဦးက တစ်ဦးပြီးတစ်ဦး ကျွန်တော့်ကို မညှာမတာ နှိပ်ကွပ်လျှောက်လဲကြပါတော့သည်။ သူတို့၏ လျှောက်လဲတင်ပြချက် အချုပ်မှာ -

- လက်ဗွေပါရဂူကြီးသည် သူတို့ဘက်က တင်ပြသည့်သက်သေ မဟုတ်ကြောင်း ကျွန်တော်တို့ဘက်က တင်ပြသည့် သက်သေဖြစ်ကြောင်း၊ ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့် ပတ်သက်၍ C.I.D မှ တရားဝင် ပြန်ကြားလာသည့် ထင်မြင်ချက်တွင် အငြင်းပွား စာချုပ်များပေါ်ရှိ လက်မှတ်များမှာ ဒေါ်ခင်မြိုင်၏ လက်ဗွေဖြစ်သည်ဟုပါရှိပြီး ဖြစ်ကြောင်း၊ ထိုအချက်ကို (ကျွန်တော်တို့တရားလိုဘက်က) မကျေနပ်သဖြင့် လက်ဗွေပါရဂူကို ခေါ်ပေးရန် လျှောက်ထားခဲ့သည်ကိုလည်း မူလရုံးတော်က ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျွန်တော်တို့ တရားလိုဘက်က C.I.D ၏ ထင်မြင်ချက်အပေါ် မကျေနပ်ကြောင်း သိရသဖြင့် လက်ဗွေပါရဂူကြီးက တရားရုံးရှေ့တွင်ပင် ဒေါ်ခင်မြိုင်၏ လက်ဗွေကို ကိုယ်တိုင်ထပ်မံရယူ၍ ဒုတိယအကြိမ် စစ်ဆေးပြီး ထင်မြင်ချက် ထပ်မံပေးခဲ့ကြောင်း၊ ယင်းသို့ ဒုတိယအကြိမ် ထင်မြင်ချက် ထပ်မံပေးရာတွင်လည်း အငြင်းပွား စာချုပ်များပေါ်ရှိ လက်ဗွေများသည် ဒေါ်ခင်မြိုင်၏ လက်ဗွေမျာ်းဖြစ်သည် ဆိုသည့်အချက် နောက်တစ်ကြိမ် ထင်ရှားပေါ်ပေါက်ခဲ့ကြောင်း၊ တရားလို၏ ရှေ့နေကြီး (ကျွန်တော်) သည် လက်ဗွေပါရဂူက သူ့ကို မထောက်ခံမချင်း ကျေနပ်မည့်ပုံ မပေါ်ကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်လွှာကို တင်သွင်းလာခြင်းသည် အမှုကြန့်ကြာစေရန် အကြောင်းသာရှိပြီး အမှုအတွက် အထောက်အကူ မရနိုင်သည်ကိုသိလျက် အချိန်ဆွဲသည့် လုပ်ရပ်သာဖြစ်ကြောင်း၊

ကျွန်တော့်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ လျှောက်လဲတင်ပြသွားကြပါသည်။

တရားရုံးချုပ်တရားသူကြီးက နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာပြီးနောက် (၁၁-၄-၉၁) နေ့တွင် စီရင်ချက် ချမှတ်ခဲ့ပါသည်။

တရားရုံးချုပ်၏ (၁၁-၄-၉၁) နေ့စွဲပါ စီရင်ချက်မှာ (၂) မျက်နှာကျော်ကျော်ရှိပြီး (၃) မျက်နှာပင်မပြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**တရားရုံးချုပ်၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အနှစ်သာရမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

" ယခုအမှု၌ အဓိကငြင်းချက်မှာ အဆိုပါစာချုပ်နှစ်စောင်မှာ မှန်မှန်ကန်ကန် ပြုလုပ်ထားသည့် စာချုပ်များ ဟုတ်မဟုတ်ဆိုသောအချက်ဖြစ်သည်၊ ဤအချက်နှင့်ပတ်သက်၍ တရားလိုနှင့် တရားလိုပြသက်သေများအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ တရားပြိုင် ဦးစိန်သန်း တို့လည်း စစ်ဆေးပြီး ဖြစ်သည်။ ဤအဆင့်ကျမှ ဦးစိန်သန်း၏ လက်မှတ်ကို စစ်ဆေးပေးရန်၊ မင်သက်တမ်းကို စစ်ဆေးပေးရန်၊ လက်ဗွေပါရဂူအား ထပ်မံခေါ်ယူပေးရန် တရားလိုဘက်မှ လျှောက်ထား တောင်းဆိုခြင်းဖြစ်သည်။ ယင်း လျှောက်ထားချက်နှင့်ပတ်သက်၍ စွပ်စွဲချေပခြင်းမရှိကြောင်း၊ အငြင်းပွားခြင်းလည်း မရှိကြောင်း၊ ယခုအဆင့်ကျမှ တရားလို၏ လျှောက်ထားချက်ကို ခွင့်ပြုလျှင် တရားလိုအား ထပ်မံသက်သေပြခွင့်ပြုရာရောက်မည် ဖြစ်ကြောင်း၊ မှုခင်း တပ်ဖွဲ့မှ လက်ဗွေပါရဂူကို တရားလိုပြသက်သေအဖြစ် ၂-ကြိမ် ခေါ်ယူ စစ်ဆေးပြီးဖြစ်ကြောင်း သုံးသပ်လျက် တရားလို၏ လျှောက်ထားချက်ကို ပလပ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့်-၁၈၊ နည်း -၁၇ တွင် တရားရုံးမှ အနေဖြင့် စစ်ဆေးပြီးသက်သေကို မိမိ၏ဆင်ခြင်တုံ တရားအရ သင့်တော်မည် ထင်ပါက ပြန်လည်ခေါ်ယူ စစ်မေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ တရားရုံး၏ ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်သည့် ပြဋ္ဌာန်းချက် ဖြစ်ပါသည်။ ယခုအမှုတွင် အမှုမှာလည်း ဆုံးခန်းတိုင် ရောက်ခါနီးပြီ ဖြစ်၍တစ်ကြောင်း၊ လက်ဗွေပါရဂူအား ၂ ကြိမ်တိုင်တိုင် စစ်ဆေးပြီးဖြစ်၍ တစ်ကြောင်းကြောင့် တရားလို၏ လျှောက်ထားချက်အား ခွင့်မပြုသင့်သဖြင့် ခွင့်မပြုဘဲ ငြင်းပယ်လိုက်သည့် မူလရုံး၏အမိန့်မှာ ဥပဒေအရ မှားယွင်းခြင်း မရှိသောကြောင့် ယခုပြင်ဆင်မှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။ "

ꩤꩤꩤꩤꩤ

**အထက်ဖော်ပြပါ တရားရုံးချုပ်၏ စီရင်ချက်အရ ကျွန်တော်၏ နောက်ဆုံး မျှော်လင့်ချက်များ ဆုံးခန်းတိုင်သွားပြီဟု ဆိုရပါတော့မည်။ ကိုထက်ဝင်းရဲ့အမှု၊ ဆရာဦးသိန်းလွင်က ကျွန်တော့်အား အထင်တကြီးဖြင့် အပ်ခဲ့သည့်အမှု အနိုင်ရရန်အကြောင်း မရှိတော့ပါ။**

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ တရားရုံးချုပ်က မူလရုံးဖြစ်သော ရန်ကုန်တိုင်းတရားရုံးသို့ အမှုတွဲကြီးကို ပြန်ပို့တော့မည်။ ထိုအမှုတွဲတွင် ကျွန်တော့်ကို တရားရုံးချုပ်က အရှုံးပေးလိုက်သည့် စီရင်ချက်မိတ္တူလည်း ပါဦးမည်။

အမှုတွဲ အောက်ရုံးပြန်ရောက်သည်နှင့် တိုင်းတရားသူကြီးက အပြီးသတ် စီရင်ချက် ချမှတ်ရန်အတွက် နှစ်ဖက်ရှေ့နေကြီးများကို အပြီးသတ်လျှောက်လဲချက် တင်ခိုင်းတော့မည်။

ကျွန်တော့်အနေဖြင့် အမှုရှုံးတော့မည်ကိုသိလျက်နှင့် လျှောက်လဲချက် တစ်ရပ်ကို ဝတ္တရားရှိသည့်အတိုင်း လျှောက်လဲတင်ပြရဦးမည်။ တစ်ဖက်က ရှေ့နေကြီးများကလည်း သူတို့ ဝတ္တရားအတိုင်း ကျွန်တော့်ကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ဆုံးမကြတော့မည်။

ကျွန်တော် ဘာလုပ်နိုင်မှာလဲ။ ဘာမျှမလုပ်နိုင်တော့ပါ။ ဒီအတိုင်း အရှုံးပေး လိုက်ရတော့မှာလား။ အငြင်းပွားနေသည့် စာချုပ်များပေါ်ရှိ လက်ဗွေများသည် ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့် လုံးဝမတူညီသည်ကို ကျွန်တော်အခိုင်အမာ ယုံကြည်နေပါသည်။ သို့သော်လည်း ကျွန်တော်၏ ယုံကြည်ချက် မမှန်ကြောင်း လက်ဗွေပါရဂူက ရုံးရှေ့ကျမ်းကျိန်ဆို၍ အစစ်ခံထွက်ဆိုသွားပြီဖြစ်ရာ လက်ဗွေပါရဂူကြီး မှားယွင်းကြောင်း၊ ကျွန်တော်ရှေ့နေ မောင်ကိုနီ၏ အယူအဆသာမှန်ကြောင်း တရားသူကြီးလက်ခံအောင် ကျွန်တော် ဘယ်လို ပုံပြောပြရမလဲ။

ဝဲဝဲဝဲဝဲဝဲဝဲ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

**လက်ရေးလက်ဗွေတို့နှင့်ဆိုင်သော စီရင်ထုံး သာဓကများ**

စာဖတ်ရမည်။ လက်ရေးလက်ဗွေတို့နှင့်ဆိုင်သော စီရင်ထုံးများ၊ သာဓကများ၊ ဥပဒေများ လေ့လာရပါဦးမည်။

ကျွန်တော် တင်သွင်းရမည့် အပြီးသတ် လျှောက်လဲချက်တွင် ဥပဒေကြောင်းအရ ကျွန်တော့်ဘက်က ခိုင်မာကြောင်း၊ တရားသူကြီး ယုံကြည်လက်ခံနိုင်အောင် တင်ပြလျှောက်လဲရန်တာဝန်မှာ ကျွန်တော့်တာဝန်သာဖြစ်ပါတော့သည်။

ယခု ကျွန်တော်လိုက်ပါ ဆောင်ရွက်နေသော ဒေါ်ခင်မြိုင်၏ **အမှုသည်** လက်ရေး၊ လက်ဗွေတို့နှင့် အဓိကသက်ဆိုင်နေသောအမှုဖြစ်သဖြင့် **လက်ရေး** လက်ဗွေတို့နှင့် ပတ်သက်သော ယခင်က ဖြစ်ခဲ့ဖူးသည့် ဖြတ်ထုံးသာဓက **(စီရင်ထုံး)** အချို့ကို စာဖတ်သူများအား ဗဟုသုတအလို့ငှာ တင်ပြလိုပါသည်။

**ပထမအမှုအဖြစ်** -

**" တင်ရွှေ နှင့် နိုင်ငံတော် " (၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးစာအုပ် စာမျက်နှာ-၃၈၅)** အမှု - ကို တင်ပြလိုပါသည် -

(၉-၁၂-၅၂) နေ့ ညဘက် သန်းခေါင်ယံအချိန်လောက်တွင် **ဓါးနှင့်ရိုင်ဖယ်** သေနတ်များ ကိုင်ဆောင်ထားသော လူဆိုးတစ်စု **အင်းစိန်မြို့နယ်အတွင်းရှိ**

www.burmeseclassic.com

www.burmeseclassic.com



" ဦးသာဒင် " နေထိုင်လျက်ရှိသည့် လယ်တဲသို့ ရောက်လာကြသည်။ တဲအတွင်းရှိ ပစ္စည်းများကို မွှေနှောက်ရှာဖွေ ရယူပြီးနောက် လူဆိုးများက " ဦးသာဒင် " နှင့် အတူနေသူ သမက် " ပိန်းသာ " တို့ကို ဓါးစာခံများအဖြစ် ခေါ်ဆောင်သွားကြပါသည်။ တဲအတွင်း လူဆိုးများက လက်နှိပ်ဓါတ်မီးများထိုး၍ ပစ္စည်းများ မွှေနှောက်ရှာဖွေ နေစဉ် ဓါတ်မီးရောင်ဖြင့် လူဆိုးများအနက် တစ်ဦးမှာ တင်ရွှေ ဖြစ်သည်ကို " ပိန်းသာ " က မှတ်မိလိုက်ပါသည်။

ဦးသာဒင် တို့အား လူဆိုးများက ခေါ်ဆောင်သွားစဉ် လမ်း၌ လူဆိုး စုစုပေါင်း (၅) ဦး ပါဝင်သည်ကိုလည်း " ပိန်းသာ " သတိပြုမိပါသည်။ လမ်းတွင် တင်ရွှေ က ပိန်းသာ အား " မင်း အင်းကောက်ကို သွားတဲ့လမ်းသိလား " ဟုမေးရာ ပိန်းသာက မသိကြောင်း ပြောပါသည်။ တင်ရွှေက ဆက်ပြီး " ပိန်းသာ " အား ဦးသာဒင်ကို အသက်ရှင်လျက် ပြန်လိုချင်ပါက ပြန်ပေးငွေ ၃၀၀၀ိ/- ကျပ်ဖြင့် ရွေးရမည် ဖြစ်ကြောင်းပြောဆိုပြီးနောက် ပိန်းသာကို ပြန်လွှတ်ပေးလိုက်ပါသည်။

ပိန်းသာ ရွာပြန်ရောက်ပြီးနောက် သူ၏ယောက္ခမဖြစ်သူ ဒေါ်အေးလုံ (ဦးသာဒင်၏ ဇနီး) အား အဖြစ်အပျက်များကိုပြောရာ လူဆိုးအဖွဲ့တွင် ပါဝင်သူ (၅) ဦးအနက် " တင်ရွှေ " နှင့် " အေးမောင် " တို့ကို သူမှတ်မိကြောင်းပါ ပြောပါသည်။ တစ်ဖန် " ပိန်းသာ " က ဆယ်အိမ်ခေါင်း " ကိုဘသန်း " ကိုလည်း ဖြစ်ကြောင်းကုန်စင် ပြောခဲ့ပါသည်။ နောက်တစ်နေ့တွင် " ပိန်းသာ " က သူ၏ဖခင် " ဦးထွန်းအုန်း " ထံ သွားတွေ့ပြီး သူ့ယောက္ခမ " ဦးသာဒင် " အား ပြန်ပေးဆွဲခံရသည့်ကိစ္စ ပြောဆို ရာတွင်လည်း လူဆိုးများထဲတွင် " တင်ရွှေ " နှင့် " အေးမောင် " တို့ ပါဝင်ကြောင်း ပြောပြခဲ့ပါသည်။

လူဆိုးများ သတ်မှတ်ပေးသောနေ့တွင် " ဒေါ်အေးလုံ " နှင့် " ပိန်းသာ " တို့နှစ်ဦး လူဆိုးများ သတ်မှတ်ပေးသည့်နေရာသို့ သွားရောက်ခဲ့ကြသော်လည်း လူဆိုး များနှင့် အဆက်အသွယ်မရခဲ့ပါ။ ဓါးပြမှု ဖြစ်ပြီး (၆) ရက်အကြာ (၁၅-၁၂-၅၂) နေ့တွင် " ဒေါ်အေးလုံ " ထံ စာတစ်စောင် ရောက်လာရာ စာတွင် " ဦးသာဒင် " အား ငွေ ၃၀၀၀ိ/- ကျပ်ဖြင့် လာရွေးရန်နှင့် ရွေးရမည့်အချိန်နှင့်နေရာကို ဖော်ပြထား ပါသည်။

" ဒေါ်အေးလုံ " က ငွေ ၃၀၀၀ိ/- ကျပ် ရအောင်ကြိုးစား ရှာဖွေသော်လည်း ၃၀၀ိ/- ကျပ်သာ ရရှိခဲ့ပါသည်။ ထိုငွေ ၃၀၀ိ/- ကို ယူဆောင်၍ ဆယ်အိမ်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



" ကိုဘသန်း " နှင့်အတူ လူဆိုးများ ချိန်းထားသည့်နေရာသို့ " ဒေါ်အေးလုံ " သွားရောက်ခဲ့ရာ လူဆိုး (၃) ယောက်နှင့် တွေ့ရပါသည်။ လူဆိုး (၃) ယောက်အနက် (၂) ယောက်က ငွေ ၃၀၀၀/- ရယူပြီးနောက် " ဦးသာဒင် " ကို လွှတ်ပေးမည်ဟု ပြောခဲ့ပါသည်။ သို့သော်လည်း " ဦးသာဒင် " ကို လွှတ်မပေးခဲ့သည့်အပြင် " ဦးသာဒင် " ကို သတ်လိုက်ပြီဆိုသည့် ကောလဟလသတင်းများကို ကြားလာရပါသည်။

ထိုအခါမှ " ဒေါ်အေးလုံ " က ကျေးရွာကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သော " မောင်ခင်ထွန်း " ကို သွားရောက်ပြောပြပြီး " တင်ရွှေ " နှင့် " အေးမောင် " တို့ကို ဖမ်းဆီးပေးရန် ပြောဆိုခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စု ရဲတပ်ဖွဲ့မှ " ဗိုလ်စိန်ဝင်း " က အေးမောင် အား ဖမ်းဆီးပြီးနောက် ရဲစခန်းသို့ ပို့ခဲ့ပါသည်။ ထို့နောက် (၁-၇-၅၃) နေ့တွင် " ကြာအင်းစု " ရှိ ရေတွင်းပျက်တစ်ခု အတွင်း၌ " ဦးသာဒင် "၏ အလောင်းကို " ကိုထွန်းဇော် " နှင့် သူ၏အဖေါ်တစ်ဦး တို့က တွေ့ရှိ၍ ဆိုင်ရာသို့ အကြောင်းကြားပြီး ဆယ်ယူစစ်ဆေးရာ " ဦးသာဒင် " ၏ အလောင်းမှန်ကြောင်း " ဒေါ်အေးလုံ " က အတည်ပြုပြောဆိုခဲ့ပါသည်။

ထို့နောက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် " တင်ရွှေ " နှင့် " အေးမောင် " တို့ နှစ်ဦးကို အင်းစိန်ခရိုင် စက်ရှင်တရားသူကြီးရုံး၌ " ခါးပြမှု " (ပြစ်မှုပုဒ်မ-၃၉၅) နှင့် သတ်ရန်အလို့ငှာ လူကိုသွေးဆောင်ခေါ်ယူမှု (ပြစ်မှုပုဒ်မ -၃၆၄) တို့ဖြင့် တရားစွဲဆို တင်ပို့ခဲ့ပါသည်။

အထက်ပါအမှုတွင် ထူးခြားသည့်အကြောင်းအရာတစ်ရပ်မှာ " ဦးသာဒင် " အား ငွေ ၃၀၀၀/- နှင့် လာရွေးရန် " ဒေါ်အေးလုံ " ထံ လူဆိုးများရေးပေးလိုက်သော စာပေါ်ရှိ လက်ရေးမှာ " တင်ရွှေ " ၏ လက်ရေး ဟုတ်မဟုတ် C.I.D သို့ ပေးပို့ စစ်ဆေးခဲ့ရာ C.I.D က စာပေါ်ရှိ လက်ရေးမှာ " တင်ရွှေ " ၏ လက်ရေးနှင့် တူညီကြောင်း ပြန်ကြားခဲ့သည့်အချက်ဖြစ်ပါသည်။

အထက်ပါအမှုကို အင်းစိန်စက်ရှင်ရုံးတော်မှ စစ်ဆေးပြီးနောက် " အေးမောင် " အပေါ် သက်သေမခိုင်လုံကြောင်း သုံးသပ်၍ တရားသေ လွှတ်ခဲ့ပါသည်။ " တင်ရွှေ " နှင့် ပတ်သက်၍မူ " ပိန်းသာ " က ကောင်းစွာ မှတ်မိကြောင်း ထွက်ဆိုချက်နှင့် ယင်းထွက်ဆိုချက်ကို ထောက်ခံသည့် လက်ရေး ပါရဂူတို့၏ ထင်မြင်ချက်များအရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဟု ကောက်ယူဆုံးဖြတ်ကာ ခါးပြမှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၅) နှစ်၊

www.burmeseclassic.com

www.burmeseclassic.com



လူသတ်ရန် သွေးဆောင်ခေါ်ယူမှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ပါသည်။

"တင်ရွှေ" က သူ့အပေါ် ပြစ်ဒဏ်စီရင်ခဲ့သည့် ဆုံးဖြတ်ချက်ကို မကျေနပ်၍ တရားရုံး လွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့ပါသည်။ တရားလွှတ်တော်ကလည်း အယူခံမှုကို သေချာစွာ စိစစ်သုံးသပ်ပြီးနောက် မူလရုံး၏ စီရင်ချက်ကို အတည်ပြုကာ အယူခံမှုကို ပလပ်ကြောင်း စီရင်ဆုံးဖြတ်ခဲ့ပါသည်။

အထက်ဖော်ပြပါ " တင်ရွှေ " အမှုသည် လက်ဗွေနှင့်သက်ဆိုင်သောအမှု မဟုတ်ပါ။ လက်ရေးနှင့်သာ သက်ဆိုင်သောအမှုဖြစ်ပါသည်။ သို့သော်လည်း တရားလွှတ်တော် အယူခံရုံးက လက်ဗွေနှင့်ပတ်သက်၍ ထည့်သွင်းဆင်ခြင်သုံးသပ်၍ အောက်ပါအတိုင်း လမ်းညွှန် ဆုံးဖြတ်ပေးခဲ့ပါသည်။

" မည်သူမည်ဝါ၏ လက်ရေးဖြစ်ကြောင်း သိရှိနိုင်ရန် လက်ရေး လက်သားများကို နှိုင်းယှဉ်စိစစ်ခြင်းကို သိပ္ပံပညာအဖြစ် မှတ်ယူသော်လည်း မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရန် လက်ဗွေများကို နှိုင်းယှဉ်စစ်ဆေးခြင်း လောက် မတိုးတက်သေးပေ။ လက်ဗွေများသည် မည်သူမည်ဝါဖြစ်ကြောင်း စိစစ်ထုတ်ဖော်ရန် အားထားရသော နည်းလမ်းဖြစ်သည်ဟု မှတ်ယူရန် စိတ်ချရ သော်လည်း လက်ရေးလက်သားကိစ္စတွင်မူ အလားတူ မဆိုနိုင်ချေ "

အထက်ပါ တရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်အရဆိုပါက လက်ဗွေ ပါရဂူ ၏ ထင်မြင်ချက်များသည် အားထားရသော ယုံကြည်စိတ်ချရသော သက်သေ ခံချက်များဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်ရာ ကျွန်တော် လိုက်ပါဆောင်ရွက်နေသော ဒေါ်ခင်မြိုင်၏ အမှုတွင်လည်း အလားတူ မှတ်ယူမည်ဆိုပါက ကျွန်တော်၏အမှု နိုင်ရန်အကြောင်း မရှိတော့ပါ။

ဒုတိယအမှုအဖြစ် -

" ဘား (လ်) ဘဟာဒူး နှင့် နိုင်ငံတော် " (၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၊ စာမျက်နှာ-၁၉ ) အမှုကို တင်ပြပါမည်။

" ဘဟာဒူး " သည် ၁၉၅၄ ခုနှစ်ကစ၍ မြစ်ကြီးနားမြို့တွင် ခရိုင်ပန်ရုံး စာရေးအဖြစ် အမှုထမ်းဆောင်နေသူ ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်တွင် ဆွမ်ပရာဘွမ်မြို့၊

www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်ဝန်ထောက်ရုံးသို့ စာရေးကြီးအဖြစ် ပြောင်းရွှေ့ အမှုထမ်းရပါသည်။ ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ နံနက်ပိုင်းတွင် ကော၊ အိုင်၊ အေ သောင်းကျန်းသူတစ်စု မြို့တွင်းဝင်ရောက်လာကြရာ အင်အားမမျှသဖြင့် ပြည်သူ့ရဲအနေဖြင့် ခုခံတွန်းလှန်နိုင်ခြင်း မရှိခဲ့ပါ။ ယင်းသို့ အခြေအနေတွင် ကော၊ အိုင်၊ အေ တို့က နယ်ပိုင်ဝန်ထောက်ရုံးမှ စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးခြင်း၊ စည်းဝေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြသည့်အပြင် နောက်တစ်နေ့တွင် ငွေတိုက်ခွဲ အရာရှိ "ဦးဖေသိန်း" နှင့် စာရေးကြီး "ဘဟာဒူး" တို့ကို ငွေတိုက်ခွဲသို့ ကော၊ အိုင်၊ အေ တို့က ခေါ်သွားကြပြီး ငွေတိုက်ရှိ ငွေများကို ထုတ်ယူကြသည်။ ထိုနေ့တွင်ပင် ဆွမ်ပရာဘွမ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် "ဘဟာဒူး" တို့ မြစ်ကြီးနားမြို့သို့ ဆင်းလာကာ ဆိုင်ရာသို့ သတင်းပို့ကြသည်။

(၁၂-၈-၆၃) နေ့တွင် ခ-လ-က ဥက္ကဋ္ဌ "ဗိုလ်မှူး ငွေထွန်း"၊ ခရိုင်ဝန် "ဦးဇင်" တို့နှင့်အတူ ဝန်ထမ်းများ ဆွမ်ပရာဘွမ်သို့ ရောက်သည့်အခါ "ဘဟာဒူး" က ကော၊ အိုင်၊ အေ များလက်သို့ပါမသွားစေရန် မင်းစေ "လဖိုင်ဂမ်" အား အပ်ထားသော ငွေ ၇၀၀၀ိ/- ခ-လ-က ဥက္ကဋ္ဌ အား ပေးအပ်ခဲ့သည်။

ဝန်ထမ်းအချို့ ကော၊ အိုင်၊ အေ တို့နှင့်အတူ တောထဲလိုက်ပါသွားကြရသဖြင့် လ-အ-က ဥက္ကဋ္ဌက ဘဟာဒူးအား လက်ထောက်မြို့ပိုင်နှင့် ငွေတိုက်အရာရှိအဖြစ် ရာထူးတိုးမြှင့်ပေးခဲ့သည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလအတွင်း နယ်မြေတွင် တာဝန်ကျနေသည့် တပ်မတော်မှ အရာရှိ "ဗိုလ်ချွတ္တရီ" ထံသို့ စာတိုက်မှ ခေါင်းကပ်မထားသော စာ (၂) စောင်ရောက်လာ၍ ဖေါက်ဖတ်ရာ တစ်စောင်မှာ "ဗိုလ်ချွတ္တရီ" ကို ခြိမ်းခြောက်သောစာဖြစ်ပြီး၊ ကျန်တစ်စောင်မှာ "လဖိုင်ဂမ်" ဟု လက်မှတ်ထိုးထားပြီး "ဘဟာဒူး" သည် ကော၊ အိုင်၊ အေ နှင့် ဆက်သွယ်နေသည်ဟု တိုင်တန်းထားပါသည်။ ထိုစာနှင့်အတူ "ဘဟာဒူး" ရေးသားထားသည်ဆိုသော ကော၊ အိုင်၊ အေ သို့ လိပ်မူထားသည့် စာတစ်စောင်လည်း ပါလာသည်။

ထိုစာကို အခြေခံမဏ္ဍိုင်ပြု၍ "ဘဟာဒူး" အား နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်သူများအား အားပေးခြင်း (သို့မဟုတ်) နှစ်သိမ့်စေခြင်း ပြုလုပ်ခဲ့သည်ဟူသော စွဲချက်ဖြင့် တရားစွဲဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဗိုလ်ချုပ်တ္တရိ " က မင်းစေ " လဖိုင်ဂမ် " အား တစ်ယောက်တည်းခေါ်၍ သိုသိုသိပ်သိပ်မေးခဲ့ရာ တိုင်စာနှင့်ပတ်သက်၍ တိုင်စာကို မိမိမရေးပါ။ ထိုတိုင်စာ အကြောင်းနှင့်ပတ်သက်၍ မိမိဘာမျှမသိပါဟု ပြောကြောင်းနှင့် " လဖိုင်ဂမ် " မှာ မြန်မာစာမတတ်ကြောင်း တိုင်စာ၏ နောက်ကျောတွင် မှတ်ချက်ရေးခဲ့သည်ကို တွေ့ရပါသည်။

" ဘဟာဒူး " က ေဘ၊ အိုင်၊ အေ တို့ထံ ရေးခဲ့သည်ဆိုသည့်စာကို " ဘဟာဒူး " ၏ လက်ရေး နမူနာများနှင့်အတူ အင်းစိန်မြို့ စုံထောက်နှင့် လောကဓါတ်ဆိုင်ရာဌာန၊ ရဲမင်းကြီးရုံးသို့ လက်ရေးပါရဂူဖြင့် နှိုင်းယှဉ်စစ်ဆေးပေးရန် ပေးပို့ခဲ့ရာ လက်ရေးပါရဂူက အဆိုပါစာပေါ်ရှိ လက်ရေးမှာ " ဘဟာဒူး " ၏ လက်ရေးနှင့် တူညီကြောင်း အကြံဉာဏ်ပေးပါသည်ဟု ပြန်ကြားခဲ့ပါသည်။

" ဘဟာဒူး " နှင့်အတူ လုပ်ကိုင်သည့် ခရိုင်ဝန်ရုံးစာရေးကြီး " ဦးတင်ထွေး " ကလည်း " ဘဟာဒူး " ၏ လက်ရေးဖြစ်တန်ရာသည်ဟု ထင်မြင်ချက်ပေးခဲ့ပါသည်။

" ဘဟာဒူး " က အစစ်ခံရာတွင် ထိုစာကို မိမိမရေးကြောင်း ငြင်းဆိုခဲ့ပြီး၊ မိမိအား မလိုမုန်းထားသူတို့က လီဆယ်တိုင်တန်းခြင်းဖြစ်နိုင်ကြောင်း ထုချေခဲ့သည်။

" ဘဟာဒူး " ၏ အမှုကို စစ်ဆေးသော အထူးရာဇဝတ်ရုံးက အငြင်းပွားနေသည့်စာကို " ဘဟာဒူး " မရေးကြောင်း သက်သေထူရန် " ဘဟာဒူး " တွင် တာဝန်ရှိသော်လည်း သက်သေမထူနိုင်ခဲ့ကြောင်း သုံးသပ်ကာ သောင်းကျန်းသူများ နိုင်ငံတော်အား သစ္စာဖေါက်ဖျက် ပုန်ကန်သူများအား " ဘဟာဒူး " က အားပေးကူညီခြင်း (သို့) နှစ်သိမ့်စေခြင်းပြုခဲ့သည်ဟု ဆုံးဖြတ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ -၁၂၃ အရ ထောင်ဒဏ်တစ်သက် အပြစ်ပေးခဲ့ပါသည်။

" ဘဟာဒူး " က သူ့အား အပြစ်ပေးခဲ့သည့် တရားရုံး ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့သို့ အယူခံဝင်ရောက်ခဲ့ရာ အဆိုပါ အယူခံမှုကို အထူးရာဇဝတ်ခုံရုံး၊ အယူခံ အဖွဲ့ဝင် တရားသူကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့က ကြားနာ၍ ဆုံးဖြတ်ပေးခဲ့သည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အယူခံရုံးတွင် အဓိကအငြင်းပွားနေသည့်အချက်မှာ အရေးကြီးလှသော ဖြစ်မှုကြီးတစ်ရပ်အပေါ် လက်ရေးပါရဂူ တစ်ဦးတည်း၏ ထင်မြင်ချက်ကို အခြေပြု၍ အမှုကို ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိမရှိဆိုသည့်ပြဿနာ ဖြစ်ပါသည်။

အမှုတွင် တရားလိုဘက်က သက်သေ (၁၇) ဦး တင်ပြခဲ့ရာ မည်သူတစ်ဦးမျှ အဆိုပါစာကို " ဘဟာဒူး " ရေးသည်ကို မြင်တွေ့ပါသည်ဟုလည်းကောင်း၊ တော၊ အိုင်၊ အေ နှင့် ဆက်သွယ်လျက်ရှိကြောင်း သိပါသည်ဟုလည်းကောင်း မရှိသကဲ့သို့ နယ်မြေအခြေအနေကို သိကြသော တပ်မတော်အရာရှိများကလည်း ထိုသို့ ထွက်ဆိုခဲ့ခြင်းမရှိသည့်အချက်ကို အယူခံရုံး တရားသူကြီးများက သုံးသပ်ပြ ထားပါသည်။

လက်ရေးပါရဂူအား ရုံးရှေ့ စစ်မေးရာတွင် " ဘဟာဒူး " ၏ လက်ရေးကိုသာ စစ်ဆေးခဲ့ရပြီး၊ လက်မှတ်ကိုမူ ထင်မြင်ချက်မတောင်းခဲ့သဖြင့် မစစ်ခဲ့ရကြောင်း ထွက်ဆိုခဲ့သည့်အချက်ကိုလည်း အယူခံရုံး တရားသူကြီးများက ထောက်ပြထား ပါသည်။

" ဦးတင်ထွေး " က စာပါ လက်ရေးသည် " ဘဟာဒူး " ၏ လက်ရေး ဖြစ်နိုင်သည်ဟု ထွက်ဆိုသော်လည်း " ဦးတင်ထွေး " သည် " ဘဟာဒူး " ၏ လက်ရေးကို သိကျွမ်းရလောက်အောင် တစ်ရုံးတည်း အတူတကွ ကြာမြင့်စွာ လုပ်ခဲ့ကြသူများမဟုတ်သည့်အချက်ကိုလည်း အယူခံရုံးက ထောက်ပြထားပါသည်။

ထို့နောက် အယူခံရုံးက အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

" **ဆုံးဖြတ်ချက်** ။ ။ အယူခံတရားလို၏ လက်ရေးကိုသာ နှိုင်းယှဉ် စစ်ဆေး၍ ပေးထားသော လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို လေးနက်စွာ စဉ်းစားအပ်သည် ဖြစ်သော်လည်း၊ အခြား လွတ်လပ်သော သက်သေခံ အထောက်အထားများမရှိလျှင်၊ ထိုထင်မြင်ချက်တစ်ရပ်တည်းကို မကျိုးနိုင်ပြု၍၊ အမှုကို ဆုံးဖြတ်နိုင်ရန် ခဲယဉ်းပေသည်။ ထင်မြင်ချက်တို့သည် လွဲမှားနိုင်သည်။ ထို့ပြင် လက်ရေးကို နှိုင်းယှဉ် စစ်ဆေးသော သိပ္ပံပညာ သည် လက်ဗွေပုံစံကို နှိုင်းယှဉ်စစ်ဆေးသော သိပ္ပံပညာလောက် တိကျအောင်မြင်သေးသည်မဟုတ်ကြောင်းကို အနိုင်နိုင်ငံတ လက်ခံ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



- တိုင်စာကို စာတိုက်မှပို့ကာ လူတစ်ဦးက သောင်းကျန်းသူနှင့် ဆက်သွယ်သည့်စာဟုဆိုကာ ထိုလူ၏လက်ရေးနှင့် ဆင်တူရိုးမှား ရေးသားထားသော စာတစ်စောင်ကို ပူးတွဲပေးပို့ကာမျှနှင့် ထိုသူအား နိုင်ငံတော် သစ္စာဖေါက်ဖျက် ပုန်ကန်မှု ကျူးလွန်သူကို အားပေးခြင်းဖြင့် အပြစ်ပေးရမည်ဆိုလျှင် အန္တရာယ်ကြီးမားသော သာဓကတစ်ရပ် ဖြစ်စေလိမ့်မည်။ နိုင်ငံတော် လုံခြုံရေးအတွက် လိုအပ်ပါက ခိုင်လုံသော အထောက်အထား မပြနိုင်သေးပဲ လုံခြုံရေးကို ထိပါးစေမည်ထင်ရသူ သည် သူအား ယာယီထိန်းသိမ်းထားခြင်းသည် အခြေအနေကိုလိုက်၍ သုံးစွဲခြင်းမပြုလျှင် မဖြစ်သော အုပ်ချုပ်မှု အာဏာတရပ် ဖြစ်နိုင် ပေသည်။ သို့ရာတွင် တရားရုံးသို့တင်ပို့သော မှုခင်းများတွင်မူ ဥပဒေနှင့်အညီ ခိုင်လုံထင်ရှားသော အထောက်အထားများကို ကွင်းဆက်မပြတ် တွေ့ရှိမှသာ ပြစ်မှုထင်ရှား တွေ့ရှိအပ်ပေသည်။ ထင်ကြေးနှင့် အပြစ်မပေးအပ်ကြောင်းကို ယခင်အခါများ၌လည်း စီရင်ထုံးပြုခဲ့ဖူးကြပြီ။ အထူးကြီးမားသော ပြစ်မှုဖြင့် စွဲချက် တင်ထားသော ဤကဲ့သို့သော အမှုမျိုးတွင် ထိုမူကိုပို၍ပင် သတိကြီးစွာ စောင့်ထိန်းအပ်သည်။

- အထက်ပါ အကြောင်းများကြောင့် အထောက်အထား ထင်ရှား ခိုင်လုံသည်ဟု ယူဆရန် ခဲယဉ်းသည့်အတွက် ဘဟာဒူး အပေါ် ချမှတ်ထားသော ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းနှင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ်တို့ကို ပယ်ဖျက်၍ ဤအမှုနှင့်ပတ်သက်၍ ၄င်းအား တရားသေလွှတ်စေရန် ကျွန်ုပ်တို့ အမိန့်ချမှတ်လိုက်သည်။ "

အထက်ပါ ဆုံးဖြတ်ချက်အရဆိုလျှင် ထောင်ဒဏ်တစ်သက် ချမှတ် ခံထားရသူ ဘဟာဒူး တရားသေလွတ်မြောက်သွားသည့်အတွက် ဝမ်းမြောက်ဖွယ်ရာ ဖြစ်သော်လည်း ဆုံးဖြတ်ချက်တွင် ခရီးသွားဟန်လွှဲသဘောမျိုး သုံးသပ်ခဲ့သည့် လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် လက်ရေးပါရဂူထက် စိတ်ချရသည် သဘော ဖေါ်ပြထားသည့်အတွက် ကျွန်တော့်အဖို့ အားကိုးဖွယ် စီရင်ထုံး သာဓကမဟုတ်ဟု ဆိုရပါမည်။

ထထထထထ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

## ဒေါ်ခင်မြိုင် အမှု ဒေါ်ခင်မြိုင် မှန်ကြောင်း အပြီးသတ်လျှောက်လဲချက်တင်ခြင်း

လက်ဗွေပါရဂူအား ကျွန်တော်စစ်မေးရန်ရှိနေသေးသည့်အတွက် ပြန်ပေးပေးရန် ကျွန်တော်၏ လျှောက်ထားချက်ကို တိုင်းတရားရုံးက ပယ်လိုက်၍ ကျွန်တော်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတက်ရောက်ခဲ့သောအမှု ရုံးသွားပြီးနောက် မူလရုံး (တိုင်းရုံး) ၏ အမှုတွဲ မူလရုံးသို့ ပြန်လည်ရောက်ရှိလာပြီးနောက် မူလရုံး တိုင်းရုံးတရားသူကြီးက (၁၀-၆-၉၁) နေ့ မွန်းလွဲ (၂) နာရီ အချိန်တွင် နှစ်ဘက် ရှေ့နေများ အပြီးသတ်လျှောက်လဲချက် ပေးရမည်ဖြစ်ကြောင်း သတိပေး၍ ချိန်းဆို ပေးလိုက်ပါသည်။

တရားမမှုများတွင် လိုက်နာကျင့်သုံးရသည့် တရားမကျင့်ထုံး ဥပဒေအရ တရားလို၏ ရှေ့နေဖြစ်သည့် ကျွန်တော်က ဦးစွာလျှောက်လဲချက်ပေးခွင့်ရပါသည်။ ထို့နောက် တရားပြိုင် (၁)၊ ထို့နောက် တရားပြိုင် (၂) တို့၏ ရှေ့နေကြီးများက အစဉ်အလိုက် လျှောက်လဲတင်ပြရမည်ဖြစ်ပါသည်။ နောက်ဆုံးမှ ကျွန်တော်က ပြန်လည်ရှင်းလင်း တင်ပြလျှောက်ထားရန်ရှိပါက တင်ပြလျှောက်လဲရန် ဖြစ်ပါသည်။

**၁၀-၆-၉၁ နေ့ မွန်းလွဲ (၂) နာရီ**

တရားလို ဒေါ်ခင်မြိုင်၏ ရှေ့နေဖြစ်သည့် ကျွန်တော်က ပထမဆုံး စတင် လျှောက်လဲချက်ပေးရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏အမှုတွင် တရားရုံးကဆုံးဖြတ်ပေးမည့် အချက်များမှာ (၂) ရပ်သာ ရှိပါသည်။

- ပထမအချက်ဖြစ်သော အငြင်းပွားပြဿနာမှာ - ကျွန်တော်စွဲဆိုထားသည့်အမှု ကာလစည်းကမ်းသတ်ရက် ကျော်လွန်နေ၍ စွဲဆိုခွင့်မရှိဟု တရားပြိုင်များဘက်က တင်ပြချက် မှန်-မမှန် ဆိုသည့်အချက်ဖြစ်ပါသည်။
- ဒုတိယအချက်ဖြစ်သော ပြဿနာမှာ - ကျွန်တော်တောင်းဆိုထားသည့်အတိုင်း **ဒေါ်ခင်မြိုင် က ဦးစိန်သန်းအား** အိမ်နှင့်မြေကို ရောင်းထားသည်ဆိုသည့်**စာချုပ်နှင့် ဦးစိန်သန်းက** အဆိုပါအိမ်နှင့် မြေကို ဒေါ်ခင်မြိုင်အား ပြန်လည်အငှားချထားသည်ဆိုသည့် စာချုပ်များ ပျက်ပြယ်ခြင်း **ရှိ-မရှိ ဆိုသည့်အချက်** ဖြစ်ပါသည်။

**ကျွန်တော်တို့** စွဲဆိုသည့်အမှု ကာလစည်းကမ်းသတ်ရက် ကျော်မကျော်ဆိုသည့်**ကိစ္စနှင့်** ပတ်သက်၍ တရားပြိုင်များဘက်က စာချုပ်အတုများ ပြုလုပ်ထားသည်ကို **ကျွန်တော်တို့**တရားလိုဘက်က သိလျှင်သိခြင်း တရားစွဲဆိုခဲ့သည်ဖြစ်၍ ကာလစည်းကမ်းသတ်ရက် မကျော်လွန်ကြောင်း၊ ကျွန်တော် အထောက်အထားခိုင်မာစွာဖြင့် လျှောက်လဲတင်ပြခဲ့ပါသည်။ ကျွန်တော့်ဘက်က တင်ပြသည့် အကြောင်းအချက်များ ခိုင်မာလှသဖြင့် အတိုချုပ်သာ တင်ပြခဲ့ပါသည်။ အနိုင်ရရန် အခွင့်အလမ်းလည်း များပါသည်။

ဒုတိယပြဿနာဖြစ်သော စာချုပ်များ ပျက်ပြယ်ထိုက်သည်ဆိုသည့် ကျွန်တော်တို့ဘက်က တင်ပြချက်နှင့်ပတ်သက်၍မူ ခက်ခက်ခဲခဲ ကြိုးပမ်း၍ တင်ပြခဲ့ရပါသည်။ ကျွန်တော်၏ လျှောက်လဲချက်တွင် အပိုင်း (၄) ပိုင်း ပါဝင်ပြီး အောက်ပါအတိုင်းဖြစ်ပါသည်။

**ပထမပိုင်း**

**လေးစားအပ်ပါသော တရားသူကြီးမင်းခင်ဗျား -**

- ပထမအချက်အနေဖြင့် ဒေါ်ခင်မြိုင်က အချင်းဖြစ်မြေကွက်တိုမှတ်ပုံတင်စာချုပ်အမှတ် - ၇၃/၅၈ ဖြင့် ဦးစိန်သန်းကို ရောင်းခဲ့သည်ဆိုသည့်စာချုပ် တရားမဝင် ပျက်ပြယ်ကြောင်း အောက်ပါအတိုင်း လျှောက်လဲတင်ပြအပ်ပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



(က) ဒေါ်ခင်မြိုင်က အချင်းဖြစ်မြေကွက်ကို မှတ်ပုံတင်စာချုပ်ဖြင့် (၅-၆-၅၇) နေ့တွင် ဝယ်ယူခဲ့ရာ တန်ဖိုးငွေ ၁၀၀၀ဝိ/- ဖြစ်ပြီး ဒေါ်ခင်မြိုင်က ဦးစိန်သန်းအား ပြန်လည်ရောင်းချသည်ဆိုသည့် (၂၃-၁-၅၈) ရက်စွဲပါစာချုပ်တွင် တန်ဖိုး ၃၀၀ဝိ/- ဟု ဖော်ပြထားရာ ဒေါ်ခင်မြိုင်က မြေနှင့်အိမ်ကို ဝယ်ယူပြီးနောက် (၇) လအတွင်း ၇၀၀ဝိ/- အရှုံးခံ၍ ပြန်ရောင်းသည့်သဘောဖြစ်နေသည့် အချက်အရ သဘာဝယုတ္တိမရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

(ခ) နောက်ပြီး တရားပြိုင် (၁) ဦးစိန်သန်း ဟာ အချင်းဖြစ်အိမ်နှင့်မြေကို အမှန်တကယ် ဝယ်ယူခြင်းမှန်ပါက အိမ်နှင့်မြေကို လက်ရောက်ရယူခဲ့သင့်ပါသည်။ အကယ်၍ အငှားပြန်လည်ချထားပါကလည်း ငှားရမ်းခများရအောင် ကောက်ခံသင့်ပါသည်။ ယခုအမှုတွင် ပေါ်ပေါက်ချက်များအရ ဦးစိန်သန်း သည် နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ခဲ့သည့်တိုင် မြေကိုလည်းလက်ရောက်မရ၊ ငှားရမ်းခလည်းမရဘဲ နေခဲ့သည့် အချက်များ ပေါ်ပေါက်နေရာ အမှန်တကယ် ဝယ်ယူခဲ့ခြင်း မဟုတ်ကြောင်း လျှောက်ထားတင်ပြအပ်ပါတယ်ခင်ဗျား။

(ဂ) တစ်ဖန် ဦးစိန်သန်းက အချင်းဖြစ်မြေကွက်ကို ဒေါ်ခင်မြိုင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း ဂရန်စာချုပ်တွင်တွေ့ရ၍ (၂၃-၁-၅၈) နေ့က ဝယ်ခဲ့ခြင်း ဖြစ်ပါသည်ဟု ရုံးရှေ့တွင် ကျမ်းကိုန်အစစ်ခံ ထွက်ဆိုခဲ့သော်လည်း အချင်းဖြစ်မြေကွက်နှင့် ပတ်သက်၍ ဂရန်စာချုပ်တွင် ဒေါ်ခင်မြိုင် အမည်ပေါက်သည့်နေ့မှာ (၃၁-၁-၅၉) နေ့ဖြစ်ရာ အချိန်ကာလ (၁) နှစ်လောက် ကွာနေတဲ့အတွက် ဦးစိန်သန်း၏ ထွက်ချက် လုံးဝမမှန်ကြောင်း ထင်ရှား ပေါ်ပေါက်နေပါတယ်ခင်ဗျား။

(ဃ) ဒေါ်ခင်မြိုင်က အချင်းဖြစ်မြေကွက်ကို ဦးစိန်သန်းအား ရောင်းချသည် ဆိုသည့် စာချုပ်ပါ ဒေါ်ခင်မြိုင်၏ လက်မှတ်များနှင့်ပတ်သက်၍ C.I.D က ထင်မြင်ချက် မပေးခဲ့တာကို တွေ့ရပါတယ်။

လက်ဗွေနှင့် ပတ်သက်လို့တော့ ဒေါ်ခင်မြိုင်၏ လက်ဗွေဖြစ်တယ်လို့ ထင်မြင်ချက်ပေးခဲ့ပါသည်။ သို့သော်လည်း ၁၉၅၇ ခုနှစ်က ချုပ်ဆိုထားသည့် စာချုပ်ပေါ်ရှိ ဒေါ်ခင်မြိုင် ဆိုသူ၏ လက်ဗွေဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမေးမှိန်၍ ပျက်ပြယ်နေသည်ဖြစ်ရာ ထင်မြင်ချက်ပေးနိုင်သည့် အခြေအနေ မရှိပါ။ နှိုင်းယှဉ်စစ်ဆေးရန် အလွန်ခက်ခဲသည့် အခြေအနေမျိုးဖြစ်ကြောင်း တရားသူကြီးမင်းအနေဖြင့် အလွယ်တကူ မြင်တွေ့နိုင်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် အလွန် သံသယဖြစ်ဖွယ်ကောင်းသော ထင်မြင်ချက်ဖြစ်ကြောင်း လျှောက်လဲ တင်ပြအပ်ပါတယ်ခင်ဗျား။

## ဒုတိယပိုင်း

**လေးစားအပ်ပါသော တရားသူကြီးမင်းခင်ဗျား -**

- **ဒုတိယအချက်အနေဖြင့် ၁-၂-၅၈ ရက်စွဲပါ ဦးစိန်သန်းက ဒေါ်ခင်မြိုင်အား အိမ်ကိုအငှားချထားသည်ဆိုသည့် အိမ်ငှားစာချုပ်မှာ တရားမဝင် ပျက်ပြယ်ကြောင်း အောက်ပါအတိုင်း လျှောက်လဲ တင်ပြအပ်ပါတယ် ခင်ဗျား။**

(က) အိမ်ငှားစာချုပ်မှာ ကပ်ရမည့်တံဆိပ်ခေါင်း တန်ဖိုးဟာ ဥပဒေအရ (၃ိ/-) သာ ဖြစ်သော်လည်း ယခုအမှုမှာ (၁ဝိ/-) တန် စာချုပ်ခေါင်း (၂) လုံး၊ တန်ဖိုးအားဖြင့် (၂ဝိ/-) ဖြင့် ချုပ်ဆိုထားသည်ကို တွေ့ရ ပါသည်။ အဲဒီအချိန်အခါက ငွေကြေးတန်ဖိုးမှာ အလွန်မြင့်မားလှသည် ဖြစ်ရာ (၃ိ/-) တန် စာချုပ်ခေါင်းဖြင့် ချုပ်ဆိုပြီးစီးနိုင်သည့်ကိစ္စကို (၂ဝိ/-) တန် စာချုပ်ခေါင်းဖြင့် ချုပ်ထားသည့်အချက်သည် နောက်မှ ဖန်တီး ချုပ်ဆိုထားသည့်စာချုပ်သာဖြစ်ကြောင်း ထင်ရှားနေသဖြင့် တရားဝင်စာချုပ် မဟုတ်ကြောင်း၊ လျှောက်လဲတင်ပြအပ်ပါတယ် ခင်ဗျား။

(ခ) ဦးစိန်သန်း တင်ပြထားသည့် အိမ်ငှားစာချုပ်ခေါင်းများကို အစိုးရ အခွန်ရုံးက ရောင်းချပေးထားသည့်နေ့မှာ (၇-၄-၅၂) နေ့ဟု ဖော်ပြ ထားသည်ကိုတွေ့ရပြီး၊ ဦးစိန်သန်းနှင့် ဒေါ်ခင်မြိုင်တို့ အိမ်ငှားစာချုပ် ချုပ်ဆိုသည်ဆိုသည့်နေ့မှာ (၁-၂-၅၈) နေ့ ဖြစ်တဲ့အတွက် စာချုပ် ခေါင်းကို အစိုးရရောင်းချပေးသည့်နေ့နှင့် စာချုပ် ချုပ်သည့်နေ့ (၆) နှစ်ခန့် ကွာခြားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါအိမ်ငှားစာချုပ်မှာ အစစ်အမှန်စာချုပ်ဖြစ်ပါက အစိုးရအခွန်ရုံးက စာချုပ်ခေါင်းရောင်းချပေးသည့်နေ့နှင့် စာချုပ် ချုပ်ဆိုသည့်နေ့ (၆) နှစ် ကွာခြားရန်အကြောင်း မရှိပါ။ ဒီအချက်ကို ဦးစိန်သန်း လုံးဝဖြေရှင်းနိုင်ခြင်းမရှိပါ။ ထို့ကြောင့် (၁-၂-၅၈) ရက်စွဲပါစာချုပ် သည် အစစ်အမှန်စာချုပ်မဟုတ်ကြောင်း နောက်မှ လုပ်ကြံဖန်တီး ထားသောစာချုပ်ဖြစ်ကြောင်း ရှိသေစွာ လျှောက်လဲ တင်ပြအပ်ပါတယ်ခင်ဗျား။

(ဂ) တရားပြိုင် ဦးစိန်သန်း တင်ပြထားသည့် (၁-၂-၅၈) ရက်စွဲပါ စာချုပ်ကို တရားရုံးသို့ တင်ပြသည့်ခုနှစ်မှာ ၁၉၉၀ ခုနှစ်ဖြစ်ရာ နှစ်ပေါင်း (၃၀) ကျော် ကြာမြင့်ပြီးမှ တင်ပြလာခြင်းဖြစ်တယ်ဆိုတာ အငြင်းမပွားနိုင်ပါ။

ရက်စွဲများအရ နှစ်ပေါင်း (၃၀) ကျော်ပြီးမှ တင်ပြလာသော စာချုပ်ဖြစ်သော်လည်း စာချုပ်ပါ ရေးသားချက်များ၊ မင်ရောင်များ၊ လက်ဗွေ၊ လက်မှတ် စသည်တို့မှာ အလွန်သစ်လွင်နေသည့် အချက်သည် သံသယ ဖြစ်ဖွယ်ကောင်းသောအချက် ဖြစ်ပါတယ်။

ရက်ပိုင်းခန့်သာ ကွာခြားပြီး ချုပ်ဆိုထားသည့်အိမ်မြေ အရောင်းစာချုပ်ပါ ဒေါ်ခင်မြိုင် ၏ လက်ဗွေမှာ အလွန်မှေးမှိန်နေပြီး၊ အိမ်ငှားစာချုပ်ပါ လက်ဗွေမှာ အလွန်သစ်လွင်နေသည်ဖြစ်ရာ အဆိုပါ အချက်များအပေါ် ရုံးတော်မှ အလေးအနက် စဉ်းစားပေးတော်မူပါရန် လေးစားစွာ လျှောက်ထားအပ်ပါတယ် ခင်ဗျား။

(ဃ) ဦးစိန်သန်း တင်ပြသည့် အိမ်ငှားစာချုပ်၏ နောက်ကျောဘက်တွင် ရောင်စုံခဲတံဖြင့် ပန်းချီများဆွဲထားသည့်အချက်ကိုလည်း ဦးစိန်သန်း မဖြေရှင်းနိုင်ခဲ့ပါ။

တစ်ဖန် အိမ်ငှားစာချုပ်တွင် အိမ်လခတစ်လ ၅၀/- ဟု ဖော်ပြထားရာ ရွှေ (၁) သား ( ၁၅၀/-) ခန့်သာရှိသည့် ထိုခေတ်အခြေအနေအရ အိမ်လခမှာ ယုတ္တိမတန်လောက်အောင် အလွန်များလွန်းနေကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် အဲဒီခေတ်အခြေအနေအရ အိမ်လခမှာ ၅/- ၁၀/- ခန့်သာ ရှိသည်ဖြစ်ရာ အဆိုပါအိမ်ငှားစာချုပ်သည် ယုတ္တိမရှိကြောင်း၊ နောက်မှ ဖန်တီး ပြုလုပ်တင်ပြသည့် စာချုပ်သာဖြစ်တယ်လို့ မှတ်ယူသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

(င) အကယ်၍ ဦးစိန်သန်း က အချင်းဖြစ်အိမ်မြေကို အမှန်တကယ် ဝယ်ယူခဲ့ပြီး ပြန်လည်အငှားချထားခဲ့ခြင်းမှန်ပါက အလွန် တန်ဖိုးကြီးသော တစ်လ (၅၀/-) ဆိုသည့် အိမ်လခကို ဦးစိန်သန်း အနေဖြင့် အဘယ်ကြောင့် ရအောင်မကောက်ခံခဲ့ပါသလဲ။ အဘယ်ကြောင့် နှစ်ပေါင်း (၃၀) ကျော် မကောက်ခံဘဲ နေပါသလဲ။

**အဲဒီအကြောင်းအချက်များအပေါ်မှာလည်း ဦးစိန်သန်း အနေဖြင့် ကျေနပ်ဖွယ်ရာ အဖြေမပေးနိုင်ခဲ့ပါ။ ထို့ကြောင့် အိမ်ရှင် အိမ်ငှားစာချုပ်သည် အစစ်အမှန်စာချုပ် မဟုတ်ကြောင်းနှင့်** ပယ်ဖျက်ပေးသင့်ပါကြောင်း ရိုသေစွာ လျှောက်လဲတင်ပြအပ်ပါတယ် ခင်ဗျား။

**တတိယပိုင်း**

**လေးစားအပ်ပါသော တရားသူကြီးမင်းခင်ဗျား -**

- တတိယအချက်အနေဖြင့် ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်နှင့် (၁-၂-၅၈) ရက်စွဲပါ စာချုပ်ပေါ်ရှိ ဒေါ်ခင်မြိုင် အမည်အောက်ရှိ လက်ဗွေတို့ မတူညီကြောင်း အောက်ပါအတိုင်း လျှောက်လဲတင်ပြအပ်ပါသည်။

| **ဒေါ်ခင်မြိုင် ၏ လက်ဗွေအစစ်** | **(၁-၂-၅၈) ရက်စွဲပါ အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေ** |
|---|---|
| ၁။ လက်ဗွေ၏ ဗဟိုတွင် စက်ဝိုင်းမရှိပါ။ | ၁။ ဗဟိုတွင် စက်ဝိုင်းရှိပါသည်။ |
| ၂။ လက်ဗွေအမျိုးအစားမှာ ထက်အောက်ရှည် (သို့မဟုတ်) တက်ဆင်းရစ်အမျိုးအစား ဖြစ်ပါသည်။ | ၂။ စက်ဝိုင်းပုံဖြစ်ပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com



၃။ ဗဟိုချက်မမှ လက်ဝဲဘက် ရဲဒင်းပုံစံသို့ အကြောင်း (၁၄) ရစ် ရှိပါသည်။ — ၃။ ၁၂ ရစ်ရှိပါသည်။

၄။ ဗဟိုချက်မှ လက်ယာဘက် ရဲဒင်းပုံစံသို့ အရစ်အကြောင်း (၁၉) ရစ် ရှိပါသည်။ — ၄။ ၁၇-ရစ်သာရှိပါသည်။

၅။ ဗဟိုချက်မှ လက်ယာဘက်တွင် အဖြူကွက် မရှိပါ။ — ၅။ အဖြူကွက်တစ်ခု ရှိပါသည်။

၆။ ဗဟိုချက်မှ လက်ယာဘက် (၉) ရစ် နှင့် (၁၁) ရစ်အကြားတွင် ထင်ရှားသော အဖြူကွက်ရှိပါသည်။ — ၆။ အဖြူကွက်မရှိပါ။

အထက်ဖော်ပြပါ ကွာခြားချက်များသည် အလွန်သိသာ ထင်ရှားသည့် အချက်များ ဖြစ်ပါသည်။ အသေးစိတ် လေ့လာပါက နောက်ထပ် ကွာခြားသည့် အချက်များ အများအပြား ရှိပါသေးသည်။

လက်ဗွေပါရဂူ သက်သေက သိသာထင်ရှားသည့် ကွဲလွဲချက် ၂/၃ ချက် ခန့်ရှိလျှင်ပင် လက်ဗွေနှစ်ခု တူညီသည်ဟု ထင်မြင်ချက်မပေးနိုင်ကြောင်း ထွက်ဆို ထားရာ ယခုသိသာထင်ရှားစွာ မတူညီသည့်အချက်များ (၆) ချက်မက ထင်ရှား ပေါ်ပေါက်နေသည့်အတွက် စာချုပ်များပေါ်ရှိ လက်ဗွေများမှာ ဒေါ်ခင်မြိုင်၏ လက်ဗွေများမဟုတ်ဟု ဆုံးဖြတ်ပေးသင့်ပါကြောင်း လျှောက်ထားအပ်ပါတယ်ခင်ဗျား။

**စတုတ္ထအပိုင်း**

**လေးစားအပ်ပါသော တရားသူကြီးမင်းခင်ဗျား** -

- စတုတ္ထအချက်အနေဖြင့် အငြင်းပွားနေသည့် စာချုပ်များ ပျက်ပြယ် ထိုက်ကြောင်း အခြားသော အကြောင်းအချက်များကို အောက်ပါ အတိုင်း တင်ပြလိုပါတယ်ခင်ဗျား။

(က) အချင်းဖြစ်အိမ်နှင့်မြေကို တရားပြိုင် (၁) ဦးစိန်သန်း က အမှန်တကယ် ဝယ်ယူခဲ့ခြင်းမှန်ပါက ပစ္စည်းကို လက်ရောက်ရရှိအောင် တစ်နည်းနည်း ဆောင်ရွက်သင့်ပါသည်။ အကယ်၍ အငှားပြန်လည်ချထားခြင်း မှန်ကန်ပါက အိမ်လခများ ရရှိအောင် ကောက်ခံသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအမှုတွဲမှတ်တမ်းများအရ ဦးစိန်သန်း သည် အချင်းဖြစ် မြေနှင့်အိမ်ကို ဝယ်ယူခဲ့သည် ဆိုသော်လည်း နှစ်ပေါင်း (၃၅) နှစ်ခန့် ကြာမြင့်သည့်တိုင် လက်ရောက်မရခဲ့သည့်အချက်နှင့် အငှား ချထားသည် ဆိုသော်လည်း ငှားရမ်းခများ မကောက်ခံခဲ့သည့် အချက် များအရ အမှန်တကယ် ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်း ထင်ရှား ပေါ်ပေါက်နေပါတယ်ခင်ဗျား။

(ခ) ဦးစိန်သန်းက အချင်းဖြစ်အိမ်နှင့်မြေကို ဝယ်ယူထားသည် ဆိုသော် လည်း နှစ်ပေါင်း (၃၀) အတွင်း ပေးရန်ရှိသည့် အခွန်အခများကို ကျွန်တော်တို့ တရားလိုတို့ဘက်က ပေးဆောင်ခဲ့သည့်အချက် အရလည်း အချင်းဖြစ် အိမ်နှင့်မြေကို (၁) တရားပြိုင် ဦးစိန်သန်း ဝယ်ယူခဲ့သည်ဆိုသည့်အချက် မမှန်ကြောင်း လျှောက်လဲတင်ပြအပ် ပါတယ်ခင်ဗျား။

သို့ပါ၍ ကျွန်တော်တင်ပြခဲ့သည့် အထက်ပါအချက်များကို ထောက်ထား၍ ကျွန်တော်များ တရားလိုဘက်က စွဲဆိုလျှောက်ထားသည့်အတိုင်း စာချုပ်များ ပျက်ပြယ်ကြောင်း အမိန့်ဒီကရီ ချမှတ်ပေးပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ်ခင်ဗျား။

အထက်ပါအတိုင်း ကျွန်တော်က လျှောက်လဲတင်ပြနေစဉ် တစ်ချိန်လုံး ကျွန်တော်က မျက်နှာချင်းဆိုင်ထိုင်နေသည့် တရားပြိုင်များ၏ ရှေ့နေကြီး (၂) ဦးကို လည်းကောင်း၊ တရားသူကြီးကိုလည်းကောင်း အလျဉ်းသင့်သလို ကြည့်ရှု အကဲခတ် နေရာ တရားသူကြီးက ကျွန်တော်၏ လျှောက်လဲတင်ပြချက်များကို ဂရုတစိုက် နားထောင်၍ သူ၏မှတ်စုစာအုပ်တွင် လိုက်လံရေးမှတ်နေသည်ကို တွေ့ရ၍ ဝမ်းသာ အားတက်မိပါသည်။

တစ်ဖက်ရှေ့နေကြီးများ၏ အမူအရာမှာ ကျွန်တော်လျှောက်လဲ တင်ပြ နေသမျှ အကြောင်းအရာများသည် အရေးမပါသယောင် ခပ်တည်တည်ထိုင်၍ ကျွန်တော့်ကို ကြည့်နေပြီး၊ လိုက်လံရေးမှတ်ခြင်းပင်မပြုသည်ကို တွေ့ရပါသည်။

ကျွန်တော်၏ လျှောက်လဲချက်ကို တင်ပြပြီးနောက် (၁) တရားပြိုင်၏ ရှေ့နေကြီး ဦးမောင်မြင့်က လျှောက်လဲချက်ပေးရန် ထရပ်လိုက်ရာ တရားသူကြီးက ရှေ့နေကြီး ဦးမောင်မြင့် ၏မျက်နှာကိုကြည့်ကာ နားစွင့်နေသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် ရှေ့နေကြီးသည် အလွန်အေးဆေးတည်ငြိမ်သည့် အမူအရာဖြင့် အတန်ကြာသည့် တိုင် မည်သည့်စကားကိုမျှ မဆိုသေးဘဲရှိနေသဖြင့် ကျွန်တော်လည်း စိတ်ဝင်စားသွားပြီး ရှေ့နေကြီး၏ မျက်နှာကို ကြည့်လိုက်မိပါသည်။

ကျွန်တော်စိတ်အထင် ကျွန်တော်လျှောက်လဲချက် တင်သွင်းပြီးနောက် မိနစ်ဝက် (သို့) တစ်မိနစ်ခန့် ကြာသည့်တိုင် တရားခွင်တိတ်ဆိတ်နေပါသည်။ ရှိသမျှ လူအားလုံးက တရားပြိုင် (၁) ၏ ရှေ့နေကြီး ဘာပြောမည်နည်းဆိုသည်ကို ငံ့လင့်နေကြပုံရပါသည်။ ကျွန်တော်လည်း အပါအဝင်ဖြစ်ပါသည်။

ထိုကဲ့သို့ အခြေအနေမျိုးရောက်ရှိလာသည့်အခါမှ တစ်ဖက်ရှေ့နေကြီးက-

- " တရားသူကြီးမင်းခင်ဗျား " ဟု အေးဆေးစွာ အာလုပ်စကား ပြုပြီးနောက်-

" တရားလိုဘက်က ရှေ့နေကြီး (ကျွန်တော်အား တရည်တရွယ် လက်ဖြင့် ထိုးပြလျက်) က အချိန်တော်တော်ကြာကြာယူပြီး လျှောက်လဲတင်ပြနေတာ တွေကို ကျွန်တော် လေးလေးစားစား နားထောင်ခဲ့ပါတယ်။ တရားလိုရဲ့ ရှေ့နေကြီးက အိမ်မြေအရောင်းအဝယ်စာချုပ်နဲ့ အိမ်ရှင်အိမ်ငှားစာချုပ်များ ပျက်ပြယ်ထိုက်တယ်ဆိုတဲ့အချက်ကို အတော်အချိန်ယူပြီး တင်ပြသွားတာကို တွေ့ရပါတယ်။

တရားလိုရဲ့ ရှေ့နေကြီးတင်ပြတာတွေကို ကျွန်တော် အချိန် ကြာကြာယူပြီး အသေးစိတ် ပြန်မချေပတော့ဘဲ အတိုချုပ်ဘဲ ရှင်းလင်း ချေပသွားပါမယ်။

အငြင်းပွားနေတဲ့ စာချုပ်များမှာရှိတဲ့ လက်ဗွေလက်မှတ်တွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေလက်မှတ်မဟုတ်ဘူးဆိုတာကို ပြောဆိုတင်ပြနေတဲ့ ဒေါ်ခင်မြိုင်ရဲ့ ကိုယ်စားလှယ် ဦးစိုးကျော်ရဲ့ ထွက်ချက်တွေဟာ ကိုယ်တိုင် သိလို့ပြောနေတာမဟုတ်ဘဲ၊ တဆင့်ကြား စကားကို ပြန်ပြောနေတာဖြစ်လို့ သက်သေခံမဝင်ဘူးလို့ ပထမအချက်အနေနဲ့ ကျွန်တော် လျှောက်ထားတင်ပြ ...လိုပါတယ်။

နောက်တစ်ချက် အရေးကြီးတဲ့အချက်အနေနဲ့ ကျွန်တော် တင်ပြ လိုတာက အိမ်မြေအရောင်းအဝယ်စာချုပ်ပေါ်မှာရှိတဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေလက်မှတ်နဲ့ အိမ်ငှားစာချုပ်ပေါ်မှာရှိတဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေ

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်တွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေလက်မှတ်မဟုတ်ဘူးလို့ တရားလိုဘက်က ပြောနေပေမဲ့ ကျွမ်းကျင်သူပါရဂူက (၂) ကြိမ်တိုင်တိုင် ရုံးရှေ့မှာ အစစ်ခံခဲ့ပြီး အဲဒီလက်ဗွေတွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေအမှန် ဖြစ်တယ်လို့ ရုံးရှေ့မှာ ကျမ်းကျိန်ထွက်ဆိုခဲ့ပြီးပါပြီ။

အဲဒီပါရဂူရဲ့ ထင်မြင်ချက်မှားတယ်လို့ တရားလိုဘက်က လုံးဝ သက်သေတင်ပြနိုင်ခဲ့ခြင်းမရှိတဲ့အတွက် တရားလိုရဲ့ အမှုကို စရိတ်နှင့်တကွ ပလပ်ရန်သာရှိပါကြောင်း လျှောက်ထားပါတယ်ခင်ဗျား။

ဟု ပြောဆိုပြီး ထိုင်လိုက်ပါသည်။

တရားပြိုင် (၁) ဦးစိန်သန်း၏ ရှေ့နေကြီး ဦးမောင်မြင့်၏ လျှောက်လဲချက်ပြီးသွားပါပြီ။ (၂) ချက်သာတင်ပြသွားပါသည်။ ကြာမြင့်ချိန် ခန့်မှန်းခြေ (၅) မိနစ်ခန့်သာ ရှိပါလိမ့်မည်။

ကျွန်တော်က အကြောင်းအချက်အများအပြား လျှောက်လဲတင်ပြထားရာ ကျွန်တော်၏ တင်ပြချက်များကို တစ်ခုခြင်း ပယ်ပယ်နယ်နယ် ချေပမည်ဟုထင်၍ စောင့်စားနားထောင်နေသော်လည်း ကျွန်တော်၏တင်ပြချက်များကို တစ်ခုမျှ မချေပဘဲ ကျွန်တော်တို့ဘက် သက်သေမထူနိုင်၍ ကျွန်တော်တို့အမှု အနိုင်မရထိုက်ဟု တိုတိုတုတ်တုတ်၊ ပညာသားပါပါ လျှောက်လဲတင်ပြသွားရာ ကျွန်တော် အလွန်အံ့ဩနေမိပါသည်။

တစ်ချိန်တည်းတွင် ကျွန်တော့်အနေဖြင့် မည်သို့ပြန်လည်ရှင်းလင်းရမည်ကို အလျင်အမြန် စဉ်းစားနေပြီး၊ နောက်ထပ်ကျန်ရှိနေသည့် (၂) တရားပြိုင် ဦးအောင်ထွန်း၏ ရှေ့နေကြီး ဘာများလျှောက်လဲ တင်ပြမည်နည်းဆိုသည်ကိုလည်း စောင့်မျှော်နေပါသည်။

အမှတ် (၁) တရားပြိုင် ဦးစိန်သန်း ၏ ရှေ့နေကြီး လျှောက်လဲချက်ပေးပြီး၍ ထိုင်သွားပြီးသည်နှင့် (၂) တရားပြိုင်၏ရှေ့နေကြီး ဦးလှအောင် က လျှော[illegible]ချက်ပေးရန် မတ်တတ်ရပ်လိုက်သဖြင့် တရားသူကြီးအပါအဝင်အားလုံး သူ့ကိုမော့ကြည့်၍ သူပြောမည့်စကားကို စောင့်စားနေကြပါသည်။ ဆရာကြီး ဦးလှအောင် က အချိန်ယူမနေဘဲ မတ်တတ်ရပ်ပြီးသည်နှင့်ချက်ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



" တရားသူကြီးမင်းခင်ဗျား ကျွန်တော့်အနေနဲ့ (၁) တရားပြိုင် ရှေ့နေကြီးရဲ့ တင်ပြချက်များကို ထပ်ဆင့်ထောက်ခံပါတယ်။ အမှုတစ်ခုလုံးအပေါ် ခြုံပြီး တင်ပြရမည်ဆိုရင် တရားလိုဘက်က စွပ်စွဲခဲ့တဲ့အတိုင်း စာချုပ်တွေဟာ ပျက်ပြယ်ထိုက်တယ်လို့ တရားရုံးက ယုံကြည်လက်ခံနိုင်လောက်အောင် သက်သေမပြနိုင်ခဲ့ပါဘူး။ ဒါကြောင့် တရားလိုရဲ့အမှုကို ပလပ်သင့်ပါတယ်လို့ လျှောက်ထားတင်ပြအပ်ပါတယ်ခင်ဗျား "

ဟုပြောဆိုကာ ထိုင်ချသွားပါသည်။ တရားပြိုင်တို့ဘက်က ဤမျှလောက် တိုတိုတုတ်တုတ် လျှောက်လဲ တင်ပြကြလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့သဖြင့် အံ့သြစွာဖြင့် ထိုင်နေမိပါသည်။

ခဏအကြာမှ တရားသူကြီးက ကျွန်တော့်ဘက် မျက်နှာမူကာ -

" ဦးကိုနီ ရှင်းလင်းတင်ပြဖို့ ရှိသလား "

ဟု သတိပေးလာတော့မှ ကျွန်တော်က ကမန်းကတန်း မတ်တတ်ရပ်၍ ရှင်းလင်း လျှောက်ထားရန်ရှိပါသည်ဟု ပြောကာ တရားသူကြီးထံ မျက်နှာမူ၍၊

" တရားသူကြီးမင်း ခင်ဗျား "

ဟု အာလုပ်သံပြုပြီး စကားကို ချက်ချင်းမဆက်နိုင်ပါ။ အမှန်အားဖြင့် ကျွန်တော် ပြန်ပြောရန် ရှိနေသော်လည်း တစ်ဖက်က အလွန်တိုတောင်းစွာဖြင့် ကျွန်တော် မငြင်းနိုင်သည့်အချက်များကို တင်ပြခဲ့ကြသည့်အတွက် ကျွန်တော်က မည်သို့ အစချီရမည်ကို ရုတ်တရက် မဆုံးဖြတ်နိုင်ဘဲ ရှိနေပါသည်။

ထိုကဲ့သို့ ကျွန်တော်ရုတ်တရက် နှုတ်ဆိတ်နေသည်ကို တရားသူကြီးက ကျွန်တော့်အား အထင်သေးသွားမည်ကိုစိုးရိမ်သဖြင့် ဟန်လုပ်ကာ ကျွန်တော်၏ အမှုတွဲကို ဟိုလှန်ဒီလှန်လုပ်ကာ တစ်ခုခုကို ရှာဖွေနေသည့်ဟန်လုပ်၍ အချိန်ယူကာ ပြန်ရှင်းရမည့်စကားကို ရှာဖွေနေရပါသည်။

သို့သော်လည်း ဤကဲ့သို့ အချိန်ယူခြင်းသည် စက္ကန့်ပိုင်း၊ အလွန်ဆုံး (၁) မိနစ်အတွင်းသာ ဖြစ်သင့်သည်ကို ကျွန်တော်သိပါသည်။ ထို့ကြောင့် ကျွန်တော်က နောက်တစ်ကြိမ်

" လေးစားအပ်သော တရားသူကြီးမင်းခင်ဗျား "

ဟု အသံကျယ်ကျယ်ဖြင့် အာလုပ်သံ ထပ်မံပြုပြီးနောက် -

www.burmeseclassic.com

www.burmeseclassic.com



" တစ်ဖက် တရားပြိုင်များရဲ့ ရှေ့နေကြီးတွေအနေနဲ့ ကျွန်တော်ရဲ့ အကျိုးအကြောင်း ခိုင်လုံစွာနဲ့ အသေးစိတ်တင်ပြခဲ့တဲ့ လျှောက်လဲချက်အပေါ် လုံးဝချေပ လျှောက်လဲခဲ့ခြင်း မပြုတာကို တွေ့ရလို့ ကျွန်တော် အလွန် အံ့ဩမိပါတယ်။ ကျွန်တော် ဂရုတစိုက် အလေးအနက်ထားပြီး တင်ပြခဲ့တဲ့ အချက်တွေကို သူတို့ဘက်က ချေပလျှောက်လဲခြင်း မပြုခဲ့တာကို တရားသူကြီးမင်း သတိပြုမိမယ်လို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်တို့ဘက်က စာချုပ်တွေပျက်ပြယ်ထိုက်ကြောင်း အကြောင်းအချက် ခိုင်လုံစွာ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စွဲဆိုတဲ့အတိုင်း ကျွန်တော်တို့ကို အနိုင်ဒီကရီ ချမှတ်ပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါတယ်ခင်ဗျား "

ဟု အတိုဆုံး ရှင်းလင်းလျှောက်လဲပြီး ထိုင်လိုက်ပါသည်။

ကျွန်တော့်အနေဖြင့် ထိုထက်ပို၍ ရှင်းလင်းတင်ပြနိုင်သည့် အကြောင်းအချက်များရှိပါသည်။ သို့သော်လည်း ကျွန်တော်ရှေ့ကတင်ပြခဲ့တဲ့အချက်တွေကို သူတို့ဘက်က မချေပနိုင်ကြောင်းကိုသာ ပြန်ပြောရမည့်သဘောဖြစ်နေသဖြင့် ရှည်လျားသွားနိုင်ပြီး နှစ်ကြိမ်ထပ်ပြောသကဲ့သို့ ဖြစ်သွားမည်ကို မလိုလား၍ အတိုချုပ်ရှင်းလင်းတင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်လျှောက်လဲပြီးသည်နှင့် တရားသူကြီးက ကျွန်တော့်တို့ ရှေ့နေများအား အမှုအပြီးသတ် စီရင်ချက်ချမှတ်မည့်နေ့ရက်ကို (၁၇-၆-၉၁) နေ့ဖြစ်ကြောင်း သတ်မှတ် ချိန်းဆိုပေးလိုက်ပါသည်။

ရုံးချိန်းပေးပြီးသည်နှင့် ကျွန်တော်တို့ရုံးပြင်ပသို့ ထွက်လာကြရာ ကိုထက်ဝင်းက -

" ဆရာ အခြေအနေဘယ်လိုလဲ "

ဟု မေးလာပါသည်။ ကျွန်တော်မည်သို့ ပြန်ပြောရမည်ကို စဉ်းစားနေစဉ် ကျွန်တော်၏ လက်ထောက်ရှေ့နေ ဦးသန်းဖေ က -

" ကျွန်တော်တို့ အခြေအနေ အရမ်းကောင်းတာပေါ့။ ဆရာဦးကိုနီ ပြောတာတွေကို သူတို့ဘက်က ဘာမျှ မချေပနိုင်တာကို ဆရာတွေ့တာ မဟုတ်လား "

ဟု ကိုထက်ဝင်းကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဖေ ပြောစကားကြောင့် ကျွန်တော် ကိုထက်ဝင်းကို ပြောလိုသည့် အကြောင်းအရာများ မည်သို့ ပြောရမှန်းမသိတော့ပါ။

အမှုအခြေအနေမှာ ကျွန်တော့်ဘက်က အသာရနိုင်သော အချက်များကို ရွေးချယ်၍ တရားသူကြီး ကျွန်တော့်ဘက်ပါအောင် ကြိုးစားပြောဆိုခဲ့ပါသည်။ ကျွန်တော်၏ တင်ပြချက်များကို တစ်ဖက်က ချေပလာပါက သူတို့၏ ချေပချက်နှင့် ကျွန်တော်၏ တင်ပြချက်ကို တရားသူကြီးက နှိုင်းယှဉ်စဉ်းစားမည် ဖြစ်ပါသည်။ ထိုသို့ နှိုင်းယှဉ်စဉ်းစားလာလျှင် ကျွန်တော်တို့ဘက် မုချသာမည်ဟု ကျွန်တော် ကြိုတင်၍ မျှော်လင့်ထားခဲ့မိပါသည်။

သို့သော် လက်တွေ့တွင် နှစ်ဖက်လျှောက်လဲချက် တင်ပြသည့်အခါ ကျွန်တော်မျှော်လင့်သလို ဖြစ်မလာပါ။ တစ်ဖက်ရှေ့နေကြီးများက ကျွန်တော်ထက် ပို၍ ပါးနပ်လည်ဝယ်ကြသည်ကို ကျွန်တော် တွေ့လိုက်ရပါသည်။ တစ်ဖက် ရှေ့နေကြီးများသည် ကျွန်တော်နှင့်အပြိုင်ပြောပါက မနိုင်နိုင်သည့် အချက် များကို လုံးဝအစပင်မဖော်ဘဲ သူတို့ဘက်က အလွန်အမင်း သာလွန်နေသော အချက်များ ဖြစ်သည့် လက်ဗွေပါရဂူ၏ ထင်မြင်ချက်အပေါ်တွင်သာ အခြေခံ၍ လျှောက်လဲတင်ပြသွားကြသည်မှာ အလွန်ပညာသား ပါလှပါသည်။

ကျွန်တော်၏ လက်ထောက်ရှေ့နေ ဦးသန်းဖေ ပင်လျှင် မရိပ်စားမိပါ။

ကျွန်တော့်မှာ ကိုထက်ဝင်း ၏ " အမှုအခြေအနေ ဘယ်လိုလဲဆရာ " ဟု မေးထားသော မေးခွန်းဖြေရန် တာဝန်ရှိနေသည့်အလျောက် ဦးသန်းဖေ၏ ပြောစကားအပေါ် တစ်စုံတစ်ရာ ထင်မြင်ချက် မပေးတော့ဘဲ -

" အမှုအခြေအနေကတော့ တရားရုံး ဆုံးဖြတ်တဲ့အတိုင်းပဲပေါ့ဗျာ "

ခပ်တိုတိုပြောဆိုပြီး စကားဖြတ်လိုက်ပါသည်။ ကိုထက်ဝင်းနှင့် ဦးသန်းဖေတို့ နှစ်ယောက်လုံး ကျွန်တော့်စကားကြောင့် မျက်နှာထားပြောင်းသွားသည်ကို သတိပြုမိ လိုက်သော်လည်း ကျွန်တော်စကားဆက် မပြောတော့ဘဲ နှုတ်ခွန်း ပြန်မည်ဟုပြော၍ ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။

ကိုထက်ဝင်းက နေ့ခင်းဘက် လက်ဖက်ရည်သောက်ကြရန် ဖိတ်ခေါ်သည် ကိုပင် ကျွန်တော်က ရုံးခန်းတွင် အလုပ်ရှိကြောင်း အကြောင်းပြ၍ ငြင်းလိုက်ပြီး ပြန်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်ဝင်းနှင့် ကျွန်တော်တို့ လမ်းခွဲခဲ့ကြပြီးနောက် ကျွန်တော်က မောင်သန်းဖေ အား -

" မင်းက ဘာကြောင့် တို့အမှုအခြေအနေကောင်းတယ်လို့ ကိုထက်ဝင်းကို ပြောရတာလဲ "

ဟု မကျေနပ်သံဖြင့်မေးလိုက်ရာ၊ မောင်သန်းဖေ က

" ဟာ - ဆရာကလည်း - ဆရာရဲ့ လျှောက်လဲချက်ကို သူတို့ဘယ်လို ချေပမလဲလို့ ကျွန်တော်က စဉ်းစားနေတာ၊ သူတို့ဘက်က လုံးဝမချေပနိုင်ခဲ့ကြဘူးလေ၊ ဒါကြောင့် ကျွန်တော်က ကိုထက်ဝင်းကို အမှုအခြေအနေကောင်းတယ်လို့ ပြောလိုက်တာပါဆရာ။ ကျွန်တော်မှားသွားလို့လား "

ဟု ဖြေရှင်းရင်း မေးလာပါသည်။ ကျွန်တော်က စိတ်ကိုထိန်း၍ -

" မောင်သန်းဖေ - အမှုသည်တစ်ယောက်ကို အမှုအခြေအနေကောင်းတယ်၊ ဒါမဟုတ် မကောင်းဘူးဆိုတဲ့စကားတွေကို လွယ်လွယ်မပြောသင့်ဘူးကွ၊ မင်းကကောင်းတယ်လို့ ပြောထားပြီး၊ ကောင်းမလာရင် မင်းမှာတာဝန်ဖြစ်သွားမယ်။ အေး မင်းက မကောင်းဘူး ပြောထားပြီး ကောင်းလာရင် မင်းလူညံ့ဖြစ်သွားပြီ။ ဒီနေ့လျှောက်လဲချက် ပေးကြတာမှာ ငါခံလာရတာကို မင်းကမသိဘဲ အမှုအခြေအနေကောင်းတယ်လို့ မင်းက ကိုထက်ဝင်းကို ပြောလိုက်တော့ ငါဘာပြောရမှန်းတောင်မသိတော့ဘူးကွာ "

ဟု ပြောလိုက်ရာ မောင်သန်းဖေက

" ဟာ - မဟုတ်ပါဘူးဆရာ၊ ဆရာမခံရပါဘူး။ သူတို့သာ ခံသွားရတာပါ။ ဘေးမှာရှိနေကဲ့ တခြားလူတွေအားလုံး သိကြပါတယ် "

ဟု ကျွန်တော့်တပည့်က ကျွန်တော့်ကို ထောက်ခံချီးမွမ်းနေပြန်ရာ ကျွန်တော်လည်း စကားဆက်မပြောလိုသဖြင့် -

" ဒါဖြင့်ရင်လည်း အမိန့်ချတဲ့နေ့ကျတော့ သိရမှာပေါ့ကွာ "

ဟု ပြော၍ စကားကို ဖြတ်လိုက်ပါတော့သည်။ ကျွန်တော်စိတ်ထဲ တွေးနေရသည်များကို ရင်မဖွင့်လိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညနေပိုင်း ဆရာဦးသိန်းလွင်က ဖုန်းဆက်၍ ကျွန်တော်နှင့် တွေ့လိုကြောင်း ပြောလာရာ ဒေါ်ခင်မြိုင်၏ အမှုကိစ္စအခြေအနေ မေးလို၍ ဖြစ်ကြောင်း ခန့်မှန်းမိပါသည်။ ကျွန်တော်က -

" ရပါတယ်ဆရာ၊ ကျွန်တော် ဆရာ့ကျောင်းကို လာခဲ့ပါမယ်။ ဘယ်အချိန် လာရမလဲ "

ဟု မေးလိုက်ပါသည်။ ဆရာက -

" ဒီနေ့ ကျောင်းမှာမထိုင်တော့ဘူးဆရာ၊ ဖိုးစိန်လမ်း က ဟောလီးဒေး စားသောက်ဆိုင်မှာ ထိုင်ကြမယ်။ ဆရာကို ဂုဏ်ပြုမလို့ပါ "

ဟု ပြောလာပါသည်။ ကျွန်တော် တော်တော်စိတ်ညစ်သွားပါသည်။ ကိုထက်ဝင်း က မနေ့က လျှောက်လဲချက်အကြောင်း ဆရာ့ကို ချီးမွမ်းခန်း ဖွင့်ထားပုံရသဖြင့် ကျွန်တော် စိတ်ညစ်သွားခြင်းဖြစ်ပါသည်။ သို့သော်လည်း ဆရာဦးသိန်းလွင် အား ကျွန်တော်ဘာမှမရှင်းပြတော့ဘဲ ဟောလီးဒေးစားသောက်ဆိုင်သို့ ဘယ်အချိန် လာရမည်ဖြစ်ကြောင်း မေးမြန်းရာ ဦးသိန်းလွင် က -

" ညနေ (၆) နာရီလောက် မောင်ထက်ဝင်း ဆရာ့ကို လာခေါ်ပါ လိမ့်မယ် "

ဟု ပြောသဖြင့် ကျွန်တော်လည်း စောင့်နေမည်ဟု ပြန်ပြောလိုက်ပါသည်။

ညနေ (၅) နာရီကျော်ကျော်လောက် ကျွန်တော့်ရုံးသို့ ကိုထက်ဝင်း ရောက်လာပြီး သူနှင့် ကျွန်တော် တက္ကစီကားဖြင့် ဟောလီးဒေးစားသောက်ဆိုင်သို့ သွားကြမည်ဖြစ်ကြောင်း၊ ဆရာဦးသိန်းလွင် က ကျောင်းဆင်းသည်နှင့် သူ့ကားဖြင့် သီးသန့်လိုက်လာမည်ဖြစ်ကြောင်း ပြောလာသဖြင့် ကျွန်တော်နှင့် မောင်သန်းဖေ တို့ ကိုထက်ဝင်းနှင့် လိုက်ခဲ့ကြပါသည်။ လမ်းတွင် ကိုထက်ဝင်းက အမှုအကြောင်း မေးရာ ကျွန်တော်က လူစုံတော့မှ ပြောကြမည်ပြော၍ စကားဖြတ်လိုက်ပါသည်။

ကျွန်တော်တို့ဆိုင်ရောက်သည်နှင့် ကိုထက်ဝင်းက စားသောက်ရန်ကိစ္စများ မှာကြား စီစဉ်ပါသည်။ (၆) နာရီကျော်ကျော်လောက် ဦးသိန်းလွင်နှင့် တိုလေးမြင့် တို့ ရောက်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဦးသိန်းလွင် တို့ရောက်ချိန်တွင် ကျွန်တော်တို့စကားဝိုင်း မစရသေးပါ။ သို့သော် စားသောက်ဝိုင်း စတင်နေကြပြီဖြစ်ပါသည်။ ကျွန်တော်က ဦးသိန်းလွင်ကို စောင့်ရန်ပြောသေးသော်လည်း ကိုထက်ဝင်းက စားသောက်ရင်း စောင့်ကြမည်ဟု ပြော၍ စားသောက်ဝိုင်းကို ကျွန်တော်တို့ စတင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ကိုသန်းဖေနှင့် ကိုထက်ဝင်းတို့ နှစ်ယောက်မှာ လေပေးဖြောင့်နေကြပါသည်။ ကျွန်တော်ကတော့ ဦးသိန်းလွင် ရောက်လာပါက ပြောရန်စကားများကို စဉ်းစားနေသဖြင့် သူတို့စကားဝိုင်းတွင် မပါဝင်ပါ။

ဆရာဦးသိန်းလွင်နှင့် ကိုလေးမြင့်တို့ ရောက်လာကြသည်နှင့် ဦးသိန်းလွင်က ကျွန်တော့်အား နှုတ်ဆက်ရင်း -

" မောင်ထက်ဝင်း ကတော့ အမှုအခြေအနေကောင်းတယ်လို့ ပြောနေတယ်။ မနေ့က နှစ်ဖက်လျှောက်လဲချက်ပေးကြတုန်းက ဆရာပြောတာကို တစ်ဖက်ကရှေ့နေကြီးတွေ ဘာမှ ပြန်မချေနိုင်ဘူးလို့ ပြောတယ်ဆရာ။ ဟုတ်လား "

ဟု ကျွန်တော့်ကို အကောင်းမြင်ပုံစံဖြင့် နိမိတ်ပြမေးခွန်း မေးလာပါသည်။ ကိုထက်ဝင်းမှာ အမှုသည်ဖြစ်၍ အကောင်းမြင်နေသော်လည်း ဦးသိန်းလွင်ပါ အကောင်းမြင်နေသဖြင့် ကျွန်တော် သူတို့ကိုရှင်းပြရန် အတော်အခက်တွေ့သွားပါသည်။

ထိုသို့ ကျွန်တော်က အခက်တွေ့နေသည့်အချိန်တွင် မောင်သန်းဖေက ကျွန်တော် မနေ့က လျှောက်ယဲချက်ပေးပုံ၊ ပိုင်နိုင်ထိမိပုံ၊ တစ်ဖက်က လုံးဝ မချေပနိုင်ပုံများ ဇာတ်စုံခင်းနေရာ ကျွန်တော် တော်တော်လေး စိတ်ညစ်သွားရပါသည်။ မောင်သန်းဖေ ပြောသည်များကို ကိုထက်ဝင်း ကပါ ဝမ်းသာအားရ မျက်နှာဖြင့် နားထောင်ရင်း ထောက်ခံနေသည်ဖြစ်ရာ သူတို့ကို အမှုအခြေအနေ မကောင်းလှကြောင်း မည်သို့ပြောရမည်ကို ကျွန်တော် စဉ်းစား၍မရနိုင်အောင် ဖြစ်နေပါသည်။

မောင်သန်းဖေနှင့် ကိုထက်ဝင်းတို့ နှစ်ယောက်ကတော့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ထောက်ခံ၍ စကားပြောကောင်းနေကြပါသည်။

အတန်ကြာသော် ကျွန်တော် နှုတ်ဆိတ်နေသည်ကို ဦးသိန်းလွင် သတိပြုမိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဆရာ - အမှုအခြေအနေ ဆရာဘယ်လိုထင်သလဲ၊ ကျွန်တော်တို့ နိုင်ဖို့ ရှိသလား "

ဟု တည့်တည့်မေးလာပါတော့သည်။

ထိုအခါမှ အားလုံးတိတ်ဆိတ်သွားကြပြီး ကျွန်တော်ဘာပြောမည်ကို နားစွင့်နေကြပါသည်။ ကျွန်တော်က အချိန်အနည်းငယ် စဉ်းစားပြီးနောက် -

" ကျွန်တော်တို့ နိုင်ချေမရှိဘူး "

ဟု အတိုဆုံး၊ အပြတ်သားဆုံး ပြောချလိုက်ပါသည်။ ကျွန်တော်စကားဆုံးသည်နှင့် ကိုထက်ဝင်းက မခံမရပ်နိုင်သည့် ပုံစံဖြင့် -

" ဆရာ လျှောက်လဲတာတွေကို သူတို့ဘက်က ဘာမှမချေပနိုင်တာကို တရားသူကြီး သိနေတာပဲ။ ကျွန်တော်တို့ ဘာကြောင့် ရှုံးရမှာလဲ "

ဟု ချက်ချင်း ဝင်ပြောလာပါသည်။

တရားရုံးတွင် အမှုပြိုင်ခြင်းသည် စကားနိုင်လုခြင်းမဟုတ်ပါ။ တရားလိုဘက်က သက်သေထင်ရှားပြရန်တာဝန်ရှိသည့်အမှုတွင် သက်သေထင်ရှားမပြနိုင်ပါက ရှေ့နေမည်မျှ အပြောကောင်းကောင်း အမှုနိုင်မည်မဟုတ်ပါ။ ထို့အတူ တရားပြိုင်ဘက်က သက်သေထူရမည့်ကိစ္စ မထူနိုင်ပါက ရှေ့နေကယ်၍ မရပါ။ ရှုံးမည်သာ ဖြစ်ပါသည်။

ကျွန်တော် စွဲဆိုခဲ့သည့် ဒေါ်ခင်မြိုင်၏ အမှုတွင် ကျွန်တော်အဓိက အားကိုးသည့် သက်သေမှာ လက်ဗွေပါရဂူဖြစ်ပါသည်။ ကျွန်တော် အားကိုးသည့် ကျွန်တော်တို့၏သက်သေ လက်ဗွေပါရဂူသည် နှစ်ကြိမ်တိုင်တိုင် ကျွန်တော့်ကို ဆန့်ကျင်၍ ထွက်ဆိုချက်များ ပေးထားသည်ကို အမှုသည်တို့ မေ့နေကြပြီဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ကိုထက်ဝင်း ကိုလည်းကောင်း၊ ဦးသိန်းလွင် ကိုလည်းကောင်း အကျယ်ချဲ့ ရှင်းပြလိုစိတ်မရှိတော့ပါ။ သူတို့စိတ်ဆင်းရဲကြမည်ကို မလိုလားသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ယခု စားသောက်နေကြသည့် ဝိုင်းကလေး ပျော်ရွှင်စွာ အဆုံးသတ်လိုသည့်စိတ်လည်း ကျွန်တော့်တွင် ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ကျွန်တော်က တည်ကြည်လေးနက်သည့်မျက်နှာပေးဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



" အမှုအခြေအနေပြောရရင် အမှန်တရားက ကျွန်တော်တို့ဘက်မှာရှိပြီး၊ လက်ဖွေပါရဂူကတော့ ကျွန်တော်တို့နဲ့ ဆန့်ကျင်ဘက်မှာရှိနေတဲ့အတွက် အဆုံးအဖြတ်ကတော့ တရားသူကြီးအပေါ်မှာပဲ တည်တော့တယ် "

ဟု ပြောလိုက်ပါသည်။ ဤစကားကို ကျွန်တော် ပြောပင်ပြောလိုက်ရသော်လည်း တရားသူကြီးအတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးအနေဖြင့် လက်ဖွေပါရဂူကို ဆန့်ကျင်ကာ ကျွန်တော်တို့ဘက်က ရပ်တည်ရန် မလွယ်လှပါ။ အကယ်၍များ တရားသူကြီးက ကျွန်တော်တို့ ဘက်ကို အနိုင်ပေးပါက ကျွန်တော်၏ အထက်ပါစကားကြောင့် တရားသူကြီး ဘက်လိုက်ဆုံးဖြတ်သည်ဟု ကိုထက်ဝင်းတို့ ထင်ကြတော့မည်။ ထို့ကြောင့် ကျွန်တော် တရားသူကြီးအတွက် စိတ်မကောင်းဖြစ်မိရပါသည်။

အမှုသည်၊ ရှေ့နေနှင့် တရားသူကြီးတို့ သုံးဦးတွင် အမှုသည်များနှင့် ရှေ့နေများတွင် အမြဲတမ်း အရှုံးနှင့်အနိုင် ရှိနေကြသော်လည်း တရားသူကြီးများကား အမြဲအရှုံးကို ရင်ဆိုင်နေကြရသူများဖြစ်ပါသည်။

ဆိုလိုသည်မှာ တရားသူကြီးက တရားလိုဘက် အသာပေးဆုံးဖြတ်ခဲ့ပါက တရားပြိုင်ဘက်က တရားသူကြီး မတရားဆုံးဖြတ်သည်ဟု ပြောဆိုခြင်းခံရပါမည်။ ထို့အတူ တရားလိုဘက်က ရှုံးပါကလည်း တရားသူကြီး မတရားလုပ်သည်ဟု တရားလိုက ပြောမည်ဖြစ်ပါသည်။ အမှုသည်များ၏ အမြင်တွင် သူတို့သာ မှန်ကြပါသည်။ ရှုံးလျှင် ရှေ့နေကိုလည်းကောင်း၊ တရားသူကြီးကိုလည်းကောင်း အလွယ်တကူ အပြစ်တင်ရန် ဝန်မလေးကြသူများဖြစ်ပါသည်။

ဤနေရာတွင် တရားသူကြီးများနှင့်ပတ်သက်၍ အနည်းငယ် တင်ပြလိုပါသည်။

- တရားသူကြီးများသည် လူသားများပင်ဖြစ်ကြသည့်အလျောက် အမှားအယွင်း ရှိနိုင်ပါသည်။ ထို့ကြောင့် ထိုအမှားကိုပြင်ဆင်နိုင်ရန် အထက်ရုံး၊ အယူခံရုံးဟူ၍ စီစဉ်ပြုလုပ် ပေးထားပါသည်။ သဘောမှိုဖြင့် မှားယွင်းဆုံးဖြတ်မိသည့် တရားသူကြီးကို တန်ပြန်အရေး မယူနိုင်ရန် ဥပဒေများပြဋ္ဌာန်း၍လည်း အကာအကွယ် ပေးထားပါသည်။ တစ်ပြိုင်တည်းတွင် လာဘ်စား၍ ဘက်လိုက် ဆုံးဖြတ်သူ တရားသူကြီးများကို အရေးယူအပြစ်ပေးရန် ဥပဒေများလည်း ပြဋ္ဌာန်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



> တရားသူကြီးတစ်ဦးအနေဖြင့် လာဘ်စား၍ **မတရားဆုံးဖြတ်ကြောင်း** သက်သေမပြနိုင်သည့်တိုင် အုပ်ချုပ်ရေး**အာဏာအရ အထက်ရုံး** တရားသူကြီးများက အောက်ရုံး တရားသူကြီး **မမှားသင့်သောအမှားမျိုး** ကျူးလွန်ထားကြောင်း တွေ့ရပါက ဌာနဆိုင်ရာ **စည်းမျဉ်းများအရ** အရေးယူနိုင်ပါသည်။

ထိုနေ့က ဟောလီးဒေးစားသောက်ဆိုင်တွင် ကျွန်တော်၏ သဘောထားအပေါ် မည်သူမျှ စောဒကတက်၍ ဆက်လက်မေးမြန်းလာခြင်းမရှိသဖြင့် အားလုံး စိတ်ချမ်းမြေ့စွာဖြင့် စကားဝိုင်း အဆုံးသတ်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

**၁၉၉၁ ခုနှစ်၊ ဇွန်လ (၁၇) ရက် - စီရင်ချက်ချမှတ်သည့်နေ့**

(၁၇-၆-၉၁) နေ့ နံနက် (၁၀) နာရီအချိန်တွင် ကျွန်တော်တို့အမှုအပြီးသတ် စီရင်ချက် ချမှတ်ပါသည်။ တရားရုံး၏ စီရင်ချက်တွင် အထက်က ကျွန်တော်၏ လျှောက်လဲချက်တွင် ဖေါ်ပြထားသည့်အတိုင်း ကျွန်တော်တို့ စွဲဆိုသည့်အမှု ကာလ စည်းကမ်းသတ်ရက် ကျော်နေပြီဖြစ်သည်ဆိုသည့်အချက် မှန်/မမှန် ဆိုသည့် အချက်နှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်ရက် မကျော်လွန်ကြောင်း၊ ကျွန်တော်တို့ အနေဖြင့် တရားစွဲဆိုခွင့်ရှိကြောင်း၊ ကျွန်တော်တို့ဘက်ကို အနိုင်ပေး ဆုံးဖြတ်ခဲ့ ပါသည်။

အရေးကြီးသည့် ဒုတိယဆုံးဖြတ်ရမည့် အချက်ဖြစ်သော စာချုပ်များ တရား မဝင် ပျက်ပြယ်ခြင်း ရှိ/မရှိ ဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံး၏ စီရင်ချက်ကို မူရင်းစာသားအတိုင်း ရေးသား ဖေါ်ပြအပ်ပါသည်။

- " တရားလိုက အရောင်းမှတ်ပုံတင်စာချုပ် မှတ်ပုံတင်အမှတ် - ၇၃/၅၈ (သက်သေခံ-ပ) နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားစာချုပ် (သက်သေခံ 'ဇ ') များမှာ မမှန်မကန် ပြုလုပ်ထားသော စာချုပ်များဖြစ်ကြောင်း သက်သေခံ ' ပ ' စာချုပ်ပါ အိမ်အား မည်သူ့ကိုမျှ ရောင်းချခဲ့ဖူးခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိသလို အမှတ် (၁) တရားပြိုင်က တရားလိုအား ပြန်လည်အငှားချထားခြင်းလည်း မရှိကြောင်း အဆိုလွှာတွင် ဖော်ပြထားသည်။ သို့ရာတွင် မည်ကဲ့သို့မမှန်မကန် ပြုလုပ်ထားကြောင်းကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။ တရားလို၏ ကိုယ်စားလှယ် ဦးစိုးကျော် က ရုံးရှေ့တွင် အစစ်ခံသည့်အခါတွင်မှ အချင်းဖြစ်သက်သေခံ ' ပ ' မှတ်ပုံတင် အရောင်းစာချုပ်နှင့် သက်သေခံ ' ဏ ' အိမ်ငှားစာချုပ်များပေါ်ရှိ တရားလို ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေမှာ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့ မဟုတ်ကြောင်းထွက်ဆိုခဲ့သည်။ ထို့နောက် တရားလိုဘက်မှ လျှောက်ထားချက်အရ ဒေါ်ခင်မြိုင်အား ရုံးရှေ့သို့ ခေါ်ယူ၍ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေနမူနာများကို ရယူပြီး ထိုရုံးရှေ့တွင် ရယူခဲ့သော ဘရားလို၏ လက်မှတ်နှင့် လက်ဗွေသည် အချင်းဖြစ်သက်သေခံ ' ပ ' နှင့် သက်သေခံ ' ဏ ' တို့ပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့ တူညီမှု ရှိ-မရှိကို စစ်ဆေး ထင်မြင်ချက်ပေးရန် အင်းစိန်မှုခင်းတပ်ဖွဲ့သို့ ပေးပို့စစ်ဆေးစေခဲ့ပါသည်။

- ထို့နောက် အင်းစိန်မှုခင်းတပ်ဖွဲ့မှ ၉-၇-၉၀ ရက်စွဲပါစာအမှတ်-၁၀၈၉/၃၃၄ (ခ)/သစရ/ဦး-၂ စာဖြင့် စစ်ဆေးရန် ပေးပို့သော ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့်စပ်လျဉ်း၍ လိုအပ်ချက်များ ရှိနေ၍ ထင်မြင်ချက်မပေးနိုင်ကြောင်း ပြန်ကြားခဲ့သည်။ သို့ရာတွင် လက်ဗွေနှင့်ပတ်သက်၍မူ ၁၀-၇-၉၀ ရက်စွဲပါ စာအမှတ် - ၂၅/၃၃၄ (က) သစရ/ဦး-၂ သက်သေခံ (ဈ) စာဖြင့် ပြန်ကြားရာ၌ ၂၃-၁-၅၈ ရက်စွဲပါ မှတ်ပုံတင် အရောင်းစာချုပ် (သက်သေခံ-ပ) နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားကတိစာချုပ် (သက်သေခံ-ဏ) တို့ပေါ်ရှိ တရားလို ဒေါ်ခင်မြိုင်၏ လက်ဗွေ (၂) ခုတို့နှင့် တရားရုံးရှေ့တွင် ရယူထားသည့် ဒေါ်ခင်မြိုင်၏ နမူနာ ဝဲယာလက်မပုံစံများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရာ စာချုပ် ၂-စောင်ပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်ဗွေ ၂-ခုတို့သည် ဒေါ်ခင်မြိုင်၏ နမူနာလက်မပုံစံနှင့် အသီးသီးတူညီ၍

www.burmeseclassic.com



ယင်းလက်ပုံစံများသည် လူတစ်ဦးတည်း၏ လက်တစ်ချောင်းတည်းမှ လက်ပုံစံများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရကြောင်းဖြင့် ပြန်ကြားခဲ့သည်။

- ထို့နောက် အင်းစိန်မှုခင်းတပ်ဖွဲ့မှ လက်ဗွေပါရဂူက တရားလိုပြသက်သေအဖြစ် အစစ်ခံရာတွင်လည်း တရားလိုရှေ့နေကြီး၏ ပြန်လှန်မေးခွန်းများအပေါ် မူတည်၍ ပါရဂူက တရားလိုသည် ယခုရုံးရှေ့တွင်ရှိလျှင် ယခုပင် တရားလို၏ လက်ဗွေကို နမူနာရယူ၍ ရုံးရှေ့တွင်ပင် စစ်ဆေး၍ ထင်မြင်ချက်ပေးနိုင်ကြောင်း ၎င်းတွင် မှန်ဘီလူး စသည့်ကိရိယာများပါကြောင်း တင်ပြချက်များအရ နှစ်ဖက်အမှုသည်များ၏ သဘောတူညီချက်အရပင် နယ်ရှိ ဒေါ်ခင်မြိုင် အားခေါ်ယူ၍ ရုံးရှေ့မှာပင် လက်ဗွေနမူနာ (သက်သေခံ ' ၄ ') ကို ရယူ၍ စစ်ဆေးထင်မြင်ချက်ပေးရာ - သက်သေခံ ' ဈ ' ပြန်ကြားစာအတိုင်းပင် ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

- ဤအမှုတွင် တရားလိုက အဆိုလွှာတွင် အချင်းဖြစ်စာချုပ်များမှာ မမှန်မကန် ပြုလုပ်ထားသော စာချုပ်များဖြစ်ကြောင်း အဆိုပြုသော်လည်း တရားလို၏ ကိုယ်စားလှယ် ဦးစိုးကျော်၏ ထွက်ဆိုချက်အရ အချင်းဖြစ်စာချုပ်များပေါ်ရှိ တရားလို ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့မှာ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့မဟုတ်ကြောင်း ထွက်ဆိုသွားသည်ဖြစ်၍ တရားလိုက အဆိုလွှာတွင် အချင်းဖြစ်စာချုပ်မှာ မမှန်မကန်ပြုလုပ်ထားကြောင်း အဆိုပြုရာ၌ အဓိကအားဖြင့် အချင်းဖြစ် စာချုပ်များပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့မှာ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့် လက်ဗွေတို့ မဟုတ်ဆိုသောအချက်ပေါ်တွင် အဓိကအားကိုးအားထားပြု၍ တင်ပြခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

- တရားလို ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့်စပ်လျဉ်း၍ မှုခင်းတပ်ဖွဲ့မှ ထင်မြင်ချက်မပေးနိုင်သဖြင့် အချင်းဖြစ်စာချုပ်များပေါ်ရှိ လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေါ်ခင်မြိုင်၏ လက်မှတ် ဟုတ်မဟုတ် ထောက်ခံ (သို့မဟုတ်) ဆန့်ကျင်သော သက်သေခံချက်မရှိပေ။ လက်ဗွေနှင့် ပတ်သက်၍မူ- မှုခင်းတပ်ဖွဲ့၏ သက်သေခံ (၈) ပြန်ကြားချက်အရလည်းကောင်း၊ မှုခင်းတပ်ဖွဲ့မှ လက်ဗွေပါရဂူ၏ သက်သေခံချက်များအရ လည်းကောင်း အငြင်းပွား **စာချုပ်များပေါ်ရှိ** လက်ဗွေမှာ တရားလို ဒေါ်ခင်မြိုင်၏ **လက်ဗွေဖြစ်ကြောင်း သက်သေခံချက်များ** ရှိနေပြီ ဖြစ်သည်။

- ဤအမှုတွင် တရားလို ဒေါ်ခင်မြိုင်၏ **လက်ဗွေနှင့်စပ်လျဉ်း၍** မှုခင်းတပ်ဖွဲ့၏ ထင်မြင်ချက်အပေါ် နှစ်ဖက်ပညာရှိ ရှေ့နေကြီးများက အဓိက လျှောက်လဲသွားကြသည်ကို တွေ့ရသည်။

- တရားလို၏ ပညာရှိရှေ့နေကြီးက လျှောက်လဲရာတွင် လက်ဗွေပါရဂူ၏ ထင်မြင်ချက်ကို လုံးဝဥဿုံ မှန်သည်ဟု ကောက်ယူ၍မရကြောင်း၊ ထို့ပြင် အချင်းဖြစ်စာချုပ်များပေါ်ရှိ လက်ဗွေနှင့် မှုခင်းတပ်ဖွဲ့မှ ပေးပို့သည့် ပုံကြီးချဲ့ထားသည့် လက်ဗွေ ဓါတ်ပုံများနှင့် နှိုင်းယှဉ်၍ မတူညီသည့် အချက်များရှိကြောင်း၊ လက်ဗွေပါရဂူ၏ ထင်မြင်ချက် မှန်ကန်ခြင်းမရှိကြောင်း စသည်ဖြင့် အချက်အလက်များစွာဖြင့် အကျယ်တဝင့် လျှောက်ထားသွားသည်။

- တရားပြိုင်များ၏ ပညာရှိရှေ့နေကြီးများက လျှောက်လဲရာတွင် နှစ်ဖက် ရှေ့နေကြီးများသည်လည်းကောင်း၊ တရားရုံးသည်လည်းကောင်း ပါရဂူများမဟုတ်ကြောင်း၊ ထို့ကြောင့်ပါရဂူ၏ သက်သေခံချက်ကို ပါရဂူမဟုတ်သူများက **မိမိတို့၏ အယူအဆသက်သက်ဖြင့်** ချေဖျက်၍ မရကြောင်း၊ လက်ဗွေပါရဂူ၏ **ထင်မြင်ချက်သည်** ဥပဒေအရ တရားဝင်သော သက်သေခံချက်များဖြစ်ကြောင်း **တရားလိုဘက်က** ပါရဂူ၏ သက်သေခံချက်အပေါ်တွင် ၎င်းတို့၏ **အယူအဆများဖြင့်** မမှန်ဟု တင်ပြနေကြောင်း၊ အယူအဆတစ်ခုသည် သက်သေခံချက် တစ်ခုကို မလွှမ်းမိုးနိုင်ဟူသော ဥပဒေဆိုရိုးစကားရှိကြောင်း စသည်ဖြင့် တင်ပြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



- လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် သက်သေခံဥပဒေပုဒ်မ-၄၅ အရ သက်သေခံဝင်သည်ဖြစ်ရာ အခြားဆန့်ကျင်သော အထောက်အထား မရှိလျှင် မှန်သည်ဟုသာ မှတ်ယူရမည်ဖြစ်သည်။ လက်ဗွေ ပါရဂူ၏ ထင်မြင်ချက်သည် မှန်ကန်ခြင်းမရှိကြောင်း ပါရဂူ၏ ထင်မြင်ချက်ကို ဆန့်ကျင်သော အထောက်အထားများကို သက်သေခံ ဥပဒေပုဒ်မ (၄၆) အရ တင်ပြနိုင်သည်ဖြစ်၏။

- တရားလို ရှေ့နေကြီးက လက်ဗွေပါရဂူ ထင်မြင်ချက်အပေါ် မှန်ကန်ခြင်း မရှိကြောင်း ကောက်ယူရမည့် အချက်အလက်များစွာကို တင်ပြခဲ့သည်။ ထိုအချက်များသည် သက်သေခံ ဥပဒေပုဒ်မ (၄၆) နှင့်အညီ အမှုတွင် တင်ပြခဲ့သော သက်သေခံချက်များ မဟုတ်ပေ။ ပါရဂူတစ်ဦး၏ ထင်မြင်ချက်ကို ဆန့်ကျင်လိုပါက ထိုပါရဂူနှင့် အလားတူ (သို့မဟုတ်) ထိုပါရဂူထက် ကျွမ်းကျင်၍ ရင့်ကျက်သော ပါရဂူတစ်ဦး၏ ထင်မြင်ချက်ဖြင့်သာလျှင် ချေဖျက်နိုင်ပေမည်။ ပါရဂူ မဟုတ်သော ပုဂ္ဂိုလ်တို့၏ ထင်မြင်ချက်ဖြင့် ပါရဂူ၏ ထင်မြင်ချက်ကို ဆန့်ကျင်ကောက်ယူခြင်းသည် ဥပဒေနှင့်ညီညွတ်မည်မဟုတ်ပါ။ ထို့ပြင် သက်သေခံ (ဈ) မှုခင်းတပ်ဖွဲ့၏ ပြန်ကြားချက်နှင့်စပ်လျဉ်း၍ ယင်းတပ်ဖွဲ့မှ လက်ဗွေပါရဂူက ထွက်ဆိုရာတွင် လက်ဗွေပါရဂူကိုစစ်ဆေးပြီး ထင်မြင်ချက်ပေး ပြန်ကြားရာ၌ အဆင့်ဆင့်စိစစ် အတည်ပြု ပြန်ကြားရသည့် လုပ်ငန်းစနစ်ကိုလည်း တင်ပြသွားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မှုခင်းတပ်ဖွဲ့၏ ထင်မြင်ချက် (သက်သေခံ-ဈ) သည် လည်းကောင်း၊ လက်ဗွေပါရဂူ၏ ရုံးရှေ့သက်သေခံချက် များသည် လည်းကောင်း မှန်ကန်ခြင်းမရှိဟု သုံးသပ်ကောက်ယူရန် သင့်မြတ်မည် မဟုတ်ပေ။

- သို့ဖြစ်ရာ သက်သေခံချက်တစ်ခုလုံးကို စုပေါင်းသုံးသပ်လျှင် အချင်းဖြစ် စာချုပ်များသည် မမှန်မကန် ပြုလုပ်ထားသော စာချုပ်များ ဖြစ် ကြောင်း တရားလိုကတင်ပြသည်မှာ ထိုစာချုပ်များပေါ်ရှိ တရားလို၏ လက်မှတ်နှင့် လက်ဗွေတို့ မဟုတ်ဆိုသည့်အချက်အပေါ် အဓိက

www.burmeseclassic.com

www.burmeseclassic.com



အခြေခံ၍ အဆိုပြုခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်ရာ ထိုစာချုပ်များပေါ်ရှိ လက်မှတ်နှင့် လက်ဗွေသည် တရားလို၏ လက်မှတ်နှင့်လက်ဗွေ မဟုတ်ကြောင်း တရားလိုဘက်မှ ခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိဟု ဆိုရပေမည်။

- တရားလိုဘက်မှ တင်ပြသော **အခြားအချက်တစ်ချက်လည်း** ရှိသေးသည်။ သက်သေခံ **(ဏ) အိမ်ငှားစာချုပ်ပေါ်ရှိ** (၁) တရားပြိုင် ဦးစိန်သန်း၏ လက်မှတ်သည် **တရားပြိုင်၏ရှေးထိုးမြဲလက်မှတ်နှင့်** မတူညီကြောင်းကို သက်သေခံ ' ပ ' **စာချုပ် အဆိုလွှာ ရှေ့နေ** ကိုယ်စားလှယ်စာတို့ဖြင့် နှိုင်းယှဉ်တင်ပြသွားသည်။ **ထို့ပြင် သက်သေခံ** ' ဏ ' အိမ်ငှားစာချုပ် ရောင်းသည့်နေ့စွဲနှင့် **စာချုပ် ချုပ်သည့်** ရက်စွဲမှာ စာချုပ်ရောင်းပြီး (၆) နှစ်ခန့်ကြာမှ ချုပ်ဆိုသော **စာချုပ်** ဖြစ်ကြောင်း၊ စာချုပ်နေ့စွဲအရ နှစ်ပါင်း (၃၀) ခန့် ရှိပြီဖြစ်သော်လည်း လက်မှတ် လက်ဗွေရေးနှိပ်ထားသည့် မင်ရောင်မှာ သစ်လွင်လျက် ရှိကြောင်းပင် ဖြစ်သည်။

- တရားလိုသည် ဤအမှုမစွဲဆိုမီကပင် အချင်းဖြစ်စာချုပ်များကို မြင်တွေ့ခဲ့ရပြီး မိတ္တူများကိုလည်း ရခဲ့ကြောင်း တွေ့ရသည်။

- တရားလိုက အချင်းဖြစ်စာချုပ်များသည် မမှန်မကန် ပြုလုပ်ထားကြောင်း ဖော်ပြစွဲဆိုရာ၌ အနှစ်သာရအားဖြင့် ထိုစာချုပ်များသည် မမှန်မကန် လိမ်လည်၍ အတုပြုလုပ်ထားသော စာချုပ်ဖြစ်ကြောင်းပင် ဖြစ်သည်ဟု ဆိုရမည်။ ဤကဲ့သို့သောအမှုမျိုးတွင် အကြောင်းအရာ အချက်အလက် တိကျစွာ ဖော်ပြရမည်ဖြစ်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့်-၆၊ နည်း-၄ တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ တရားပြိုင်၏လက်မှတ်၊ **စာချုပ်များ** ရောင်းသည့်နေ့စွဲနှင့် စာချုပ်သည့်နေ့စွဲ၊ မင်ရောင် စသည်ဖြင့် တရားလို၏ တင်ပြချက်များ၊ ထို့ပြင် စာချုပ်များပေါ်ရှိ တရားလို၏ လက်မှတ်နှင့် လက်ဗွေတို့မှာ တရားလို၏ လက်မှတ်နှင့် လက်ဗွေတို့မဟုတ်ကြောင်း အဆိုလွှာတွင် ဖော်ပြသင့်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



- သို့ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သော အကြောင်းများကြောင့် အရောင်းစာချုပ်မှတ်ပုံတင် အမှတ်-၇၃/၅၈ နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားကတိစာချုပ်များမှာ မမှန်မကန်ပြုလုပ်ထားသည့် စာချုပ်များ ဖြစ်သည်ဆိုခြင်းမှာ မမှန်ဟု ဤငြင်းဆိုချက်ကိုဖြေဆိုသည်။ "

**" အမိန့် "**

**" တရားလို၏အမှုတို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ "**

ပုံ/- xxx

ဒု/လထ တိုင်းတရားသူကြီး

**ကျွန်တော် စွဲဆိုပေးခဲ့သည့် ဒေါ်ခင်မြိုင်၏ဂအမှု ရှုံးသွားပါပြီ။** ကျွန်တော်က နိုင်မည်ထင်၍ စွဲဆိုပေးခဲ့ပြီး နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်ပေးခဲ့သော်လည်း ကျွန်တော်မနိုင်ခဲ့ပါ။ ကျွန်တော် အတော်ပြင်းပြင်းထန်ထန် ခံစားရပါသည်။ အမှုသည်တို့ကား ကျွန်တော်ထက်ပို၍ ခံစားကြရတော့မည်။

ကျွန်တော်ဘာလုပ်ပေးရပါမည်နည်း။ ရှေ့နေတို့ဘ၀ ဆိုးလှပါတကား။

ရှေ့နေတစ်ယောက်အနေဖြင့် သူလိုက်ပါသမျှအမှုများ နိုင်ရမည်ဟု မိမိကိုယ်မိမိ ကြိုတင် ပြဌာန်းထားပါက ထိုရှေ့နေ စိတ်ဆင်းရဲပြီး အသက်တိုလိမ့်မည် ဖြစ်ပါသည်။ အကြောင်းမှာ အမှုအရှုံးအနိုင်သည် ရှေ့နေနှင့် လုံး၀မဆိုင်ပါ။ အမှုကောင်းပြီး တရားသူကြီးက တရားသဖြင့် ဆုံးဖြတ်ပါက အမှုနိုင်ပါလိမ့်မည်။ အမှုမကောင်းပါက နိုင်လိမ့်မည်မဟုတ်ပါ။ အမှုကောင်းပါလျက် တရားသူကြီးက ဘက်လိုက် ဆုံးဖြတ်ကာ အရှုံးပေးပါက ရှေ့နေနှင့် မဆိုင်ပါ။ တရားသူကြီးနှင့်သာ ဆိုင်ပါသည်။ ထို့အတူ မကောင်းသည့်အမှုကို တရားသူကြီးက ဘက်လိုက်၍ အနိုင်ပေးပါကလည်း ထိုကိစ္စ ရှေ့နေနှင့်မဆိုင်ပါ။ တရားသူကြီးနှင့်သာ ဆိုင်ပါသည်။

သို့ဖြစ်ပါက အမှုအရှုံးအနိုင် တရားသူကြီးနှင့်သာဆိုင်ပြီး ရှေ့နေနှင့် လုံး၀ မဆိုင်ဘူးလားဟု မေးစရာရှိလာပါသည်။

အဖြေကား ရှေ့နေနှင့်ဆိုင်သည့်အပိုင်းလည်း အများအပြားရှိပါသည်။ **ရှေ့နေ၏ ပျက်ကွက်မှု ချို့ယွင်းမှုများကြောင့် အမှုရှုံးရပါက အမှုသည်ဆုံးရှုံးသမျှ ရှေ့နေတွင် ပေးလျော်ရန်တာ၀န်ရှိသကဲ့သို့ ရှေ့နေလိုင်စင်ပင် အသိမ်းခံရသည်အထိ အရေးယူနိုင်သော ဥပဒေပြဌာန်းချက်များ ရှိပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် လိုက်ပါဆောင်ရွက်နေသည့် ဒေါ်ခင်မြိုင်၏ အမှုနှင့် ပတ်သက်၍ ကျွန်တော် ရှုံးသွားသည့်အချက်အပေါ် ကျွန်တော် ကြိုတင်မျှော်လင့်ထားပြီးဖြစ်၍ လက်ခံနိုင်ပါသည်။

ကျွန်တော့်အနေဖြင့် ဤအမှုကို ရှေ့ဆက်လက်၍ မည်သို့ ဆောင်ရွက်သင့်သည်ကို အလေးအနက်စဉ်းစားရာ ကျွန်တော့်အသတ် ငယ်ရွယ်မှု၊ အတွေ့အကြုံ နည်းပါးမှုတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်မိလာပါသည်။

ထို့ကြောင့် ဒေါ်ခင်မြိုင်၏အမှုကို ကျွန်တော်ဆက်မလိုက်တော့ဘဲ အတွေ့အကြုံရှိသည့် ဝါရင့်ရှေ့နေကြီး တစ်ဦးဦးကိုလွှဲပေးရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ꩤꩤꩤꩤꩤ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

## ရွှေ့နေပြောင်းပြီ

ကျွန်တော်လိုက်ပါသည့် ဒေါ်ခင်မြိုင် အမှု ရှုံးသွားပြီးနောက်တစ်နေ့တွင် ကျွန်တော့်ရုံးသို့ ကိုထက်ဝင်း ရောက်လာ၍ မည်သို့ ဆက်လက်ဆောင်ရွက်ကြမည်ကို မေးမြန်းလာရာ ကျွန်တော်က ရက်ပေါင်း (၉၀) အတွင်း အယူခံတက်ခွင့်ရှိကြောင်း၊ တရားရုံးချုပ်သို့ အယူခံဝင်မည်ဖြစ်ကြောင်း၊ ကျွန်တော်တို့အနေဖြင့် အခွင့်အလမ်းများ ရှိနေသေးကြောင်း၊ လောလောဆယ် လုပ်ရမည့်အလုပ်မှာ ကျွန်တော်တို့ကို အရှုံးပေးထားသည့် စီရင်ချက်နှင့်ဒီကရီကို အယူခံဝင်ရန်အတွက် မိတ္တူများကူးရန် လိုအပ်ကြောင်းလောက်သာ ရှင်းပြပြီး ကျွန်တော် စကားဖြတ်ထားပါသည်။ ရှေ့နေ ပြောင်းရန်ကိစ္စ လုံးဝစကားမဟလိုက်ပါ။

ရှေ့နေပြောင်းရန်ကိစ္စကို ကျွန်တော်ပြောလိုက်ပါက ကိုထက်ဝင်းရော ဦးသိန်းလွင်ပါ လုံးဝ လက်ခံကြမည်မဟုတ်သည်ကို ကျွန်တော်သိပါသည်။ ရှေ့နေ ပြောင်းရန်ကိစ္စ အားလုံးလက်ခံနိုင်အောင် ကျွန်တော့်ဘာသာကျွန်တော် စီစဉ်ရမည် ဖြစ်ပါသည်။ ကိုထက်ဝင်း အနေဖြင့် နောက်ထပ်ရှေ့နေ တစ်ယောက် ပြောင်း၍ ငှားရန်ဆန္ဒမရှိသကဲ့သို့ အသိမိတ်ဆွေရှေ့နေလည်း ဖြစ်ဖြစ်မြောက်မြောက် မရှိသည်ကို ကျွန်တော်သိပါသည်။

ထို့ကြောင့် ကျွန်တော် ခင်မင်လေးစားသိကျွမ်းရသည့် ဝါရင့်ရှေ့နေကြီးများ အနက် တစ်ဦးဦးကို အကူအညီတောင်းခံရန် စဉ်းစားရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေအသစ် ဦးသိန်းဟန် ပါဝင်လာပြီ။**

တရားရုံးချုပ်ရှေ့နေ ဦးသိန်းဟန်ဟု ပြောလျှင် ရှေ့နေအများစုမသိကြပါ။ သို့သော် **" ဒိုင်ဂျက် (Digest) ဦးသိန်းဟန် "** ဟုပြောလျှင် မသိသည့်ရှေ့နေမရှိပါ။ ဥပဒေကျောင်းသားများပင်လျှင် သိကြပါသည်။ အကြောင်းမှာ ဆရာဦးသိန်းဟန် သည် အငြိမ်းစားအစိုးရဝန်ထမ်း ဥပဒေအရာရှိတစ်ဦး ဖြစ်သည့်အပြင် " ဦးသိန်းဟန် ဒိုင်ဂျက် " ဟုခေါ်တွင်သော စီရင်ထုံးပေါင်းချုပ်စာအုပ်ကို ရေးသားခဲ့သူဖြစ်ရာ " ဒိုင်ဂျက် ဦးသိန်းဟန် " ဟု ပြောလိုက်ပါက ရှေ့နေတိုင်းသိကြပါသည်။

ဆရာ ဦးသိန်းဟန်၏ အသက်အရွယ်နှင့် ပညာဂုဏ်ကို လေးစားသည့်အပြင် ထို့ထက်ပို၍ ကျွန်တော်လေးစားရသည့် လို့ဝှက်ချက် ရှိပါသေးသည်။ ထိုအချက်မှာ ဆရာ ဦးသိန်းဟန်၏ မိမိကိုယ်မိမိ အလွန် နှိမ့်ချ၍ အခြားသူများနှင့် ဆက်ဆံပြောဆို တတ်သည့်အမူအကျင့်ဖြစ်ပါသည်။ ကျွန်တော်အပါအဝင် လူငယ်ရှေ့နေများကို " မင်း " " ငါ " စသည့် စကားမျိုးဖြင့် မည်သည့်အခါမှ ပြောဆိုဆက်ဆံခြင်းမပြုဘဲ " ခင်ဗျား " " ကျွန်တော် " စသည့် အသုံးအနှုန်းဖြင့်သာ ညင်သာပျော့ပျောင်းစွာ ပြောဆိုဆက်ဆံပါသည်။ ကျွန်တော်နှင့်လည်း ဆရာဦးသိန်းဟန်နှင့် အတော်အတန် ရင်းနှီးမှုရှိပါသည်။

ထို့ကြောင့် ဒေါ်ခင်မြင့်၏အမှုကို အယူခံဝင်ရောက်ရန်အတွက် ဆရာဦးသိန်းဟန် အား အကူအညီတောင်းခံ၍ တောင်းပန်ပြောဆိုမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါ သည်။

အမိန့်ချပြီးနောက် တစ်ပတ်ကျော်ခန့်အကြာ တစ်နေ့ ဆရာဦးသိန်းလွင် ထံ ဖုန်းဆက်၍ ကျွန်တော်က -

> " ဆရာရေ ကိုထက်ဝင်း တို့အမှု အယူခံတက်ဖို့ကိစ္စ **ဆွေးနွေးချင်တယ်။** ညနေဘက် တွေ့နိုင်မလား "

ဟုမေးရာ ဆရာဦးသိန်းလွင်က တွေ့မည်ဖြစ်ကြောင်း၊ **ကိုထက်ဝင်း** ကိုလည်း ခေါ်လာမည်ဖြစ်ကြောင်း ပြောလာပါသည်။

ညနေခင်းဘက် ကျွန်တော်၏ ရုံးခန်းသို့ ဆရာဦးသိန်းလွင်နှင့် ကိုထက်ဝင်း တို့နှစ်ဦး ရောက်လာကြရာ ကျွန်တော်က ဆရာဦးသိန်းလွင်အား ဦးတည်၍ -

www.burmeseclassic.com

www.burmeseclassic.com



" ဆရာ - ကိုထက်ဝင်း တို့အမှု တရားရုံးချုပ်ကို အယူခံတက်ဖို့ ကိစ္စအတွက် ရှေ့နေပြောင်းပြီးတက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ "

ဟု စကားအစပျိုးလိုက်သည်နှင့် ဆရာဦးသိန်းလွင်ရော ကိုထက်ဝင်းပါ နှစ်ယောက်လုံးက တစ်ပြိုင်တည်း သူတို့တွင် ရှေ့နေပြောင်းရန်ဆန္ဒမရှိကြောင်း၊ ရှုံးရှုံးနိုင်နိုင် ကျွန်တော်နှင့်ပဲ ဆက်လက် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောလာကြပါသည်။

သူတို့ ဤကဲ့သို့ ပြောလာကြမည်ကို ကျွန်တော်ကြိုတင်တွက်ဆထားပြီးဖြစ်၍ မအံ့သြတော့ပါ။ ကျွန်တော့်တွင် ပြောစရာစကားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က -

" နောင်တော်ကြီး ဒီအမှုကို ကျွန်တော်ဆက်မလိုက်တော့ဘူးလို့ ပြောတာ မဟုတ်ပါဘူး။ အခု ကျွန်တော်တို့ အယူခံဝင်မယ့်ရုံးက နိုင်ငံရဲ့အမြင့်ဆုံးရုံး ဖြစ်တယ်ဆိုတာ ဆရာလည်းသိပါတယ်။ အဲဒီလို နိုင်ငံရဲ့ အမြင့်ဆုံးရုံးမှာ ကျွန်တော့်ထက် ဝါကြီးပြီး အတွေ့အကြုံရင့်ကျက်တဲ့ ရှေ့နေကြီးတစ်ယောက်က ဒီအမှုကို လိုက်ပါဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ လုပ်ထားတာတွေ အများကြီးထိရောက်မှုရှိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်ဆရာ။ နောက်ပြီး ဒီအမှုကို ကျွန်တော်နိုင်ချင်တယ်။ ဒါကြောင့် ရှေ့နေပြောင်းဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာကို ဆရာတို့ နားလည်ပေးကြပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ် "

ဟု တောင်းပန်၍ ပြောဆိုလိုက်ရာ ဦးသိန်းလွင်ရော ကိုထက်ဝင်းပါ ကျွန်တော့်ကို အလွန် အားနာသွားကြပုံရသည်ကို တွေ့ရပါသည်။

ကျွန်တော့်စကားဆုံးသည်နှင့် ကိုထက်ဝင်း က -

" ကျွန်တော့်မှာ ရှေ့နေအသိအကျွမ်းမရှိပါဘူးဆရာ။ ဆရာ့ကို သိရတာလည်း ဆရာဦးသိန်းလွင် ကျေးဇူးကြောင့် သိရတာပါ။ ဆရာလုပ်ပေးနေတာတွေကိုလည်း ကျွန်တော် အရမ်းတန်ဘိုးလည်းထားပါတယ်။ အခု ဆရာက ရှေ့နေပြောင်းမယ် ပြောလာတော့ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းမိပါတယ်။ ဒါပေမဲ့ ဆရာက ကျွန်တော်တို့ အကျိုးအတွက် ရှေ့နေပြောင်းသင့်တယ်လို့ ထင်ရင်လည်း ဆရာပဲ စီစဉ်ပေးပါတော့ဆရာ။ ထိုက်သင့်တဲ့ ဥပဒေစရိတ်ပူဇော်ခကိုလည်း ကျွန်တော်ပေးပါ့မယ် "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာရာ ကျွန်တော် တော်တော်ဝမ်းသာသွားမိပါသည်။ ဆရာ ဦးသိန်းလွင်မှာ ကျွန်တော်၏ စိတ်သဘောကို အတော်နားလည်နေသူဖြစ်ရာ ကျွန်တော့်ကို ဘာမျှပြန်မပြောတော့ဘဲ ကိုထက်ဝင်းအား ကျွန်တော်စီစဉ်ဆောင်ရွက်သမျှ နာခံသွားရန် ပြောကြားခဲ့ရာ ကျွန်တော်ပို၍ စိတ်သက်သာရာရခဲ့ပါသည်။

ထို့နောက် ကျွန်တော်က တရားရုံးချုပ်ရှေ့နေကြီး ဦးသိန်းဟန်အား အကူအညီတောင်းရန် စိတ်ကူးထားကြောင်းပြောရာ ဆရာဦးသိန်းလွင်က -

" ဒိုင်ဂျက် (စ်) လား "

ဟု တစ်ဆက်တည်း မေးလာပါသည်။ ကျွန်တော်က ဦးသိန်းလွင် ကို ခေါင်းညိတ်ပြပြီး ကိုထက်ဝင်း ကိုမူ ဆရာဦးသိန်းဟန် အကြောင်း အနည်းငယ်ရှင်းပြလိုက်ရာ ကိုထက်ဝင်း အလွန်ကျေနပ်သွားပြီး ဆရာဦးသိန်းဟန်ကို ငှားရမ်းပေးရန် ကျွန်တော်ကပင် ဆောင်ရွက်ပေးပါဟု ပြောဆိုခဲ့ပါသည်။

ကျွန်တော်ကလည်း စကားမြန်မြန်ပြတ်သွားရန် ဆရာဦးသိန်းဟန် ထံသို့ ကျွန်တော် ကိုယ်တိုင်သွားရောက် ပြောဆိုမေတ္တာရပ်ခံပေးမည်ဖြစ်ကြောင်း ကတိပေးပြောဆိုလိုက်ပါသည်။

ကျွန်တော်လိုက်ပါဆောင်ရွက်နေသည့် ဒေါ်ခင်မြိုင်၏အမှုကို ဆရာဦးသိန်းဟန်အား လွှဲပြောင်းပေးရေးကိစ္စတွင် အဓိကအမှုသည် ဒေါက်တာထက်ဝင်း၏ ခွင့်ပြုချက်ရသည်နှင့် ရက်ပိုင်းခန့်အတွင်း ဆရာဦးသိန်းဟန်၏ ရုံးခန်းသို့ ကျွန်တော်သွားရောက်၍ တွေ့ဆုံကာ အကူအညီတောင်းခံခဲ့ပါသည်။

ဒေါ်ခင်မြိုင်၏ အမှုအကြောင်း အသေးစိတ်မပြောရသေးမီ ကျွန်တော်က ဆရာ့အား အမှုတစ်မှု ကျွန်တော်ရှုံးသွား၍ တရားရုံးချုပ်တွင် အယူခံတက်ပေးရန် အတွက် လာရောက်အပ်နှံရခြင်းဖြစ်ကြောင်းပြောရာ ဆရာက -

> " ဦးကိုနီ - ခင်ဗျားလည်း တရားရုံးချုပ်ရှေ့နေပဲ၊ တရားရုံးချုပ်မှာ ခင်ဗျားကိုယ်တိုင် လိုက်လို့ရတာပဲ။ ဘာလို့ ကျွန်တော့်ကို အမှုလာအပ်နေတာလဲ "

ဟု ပြန်မေးလိုက်ရာ ကျွန်တော်ရုတ်တရက် ပြန်ဖြေရန်ခက်သွားပါသည်။ ရှေ့နေအချင်းချင်း အမှုအပ်သည်ဆိုသည့်ကိစ္စမှာ ရှားပါးသောကိစ္စဖြစ်၍ ဆရာက အံ့သြစွာဖြင့် မေးမြန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ဆရာ့အား -

www.burmeseclassic.com

www.burmeseclassic.com



" ဆရာ၊ ဆရာပြောသလို ကျွန်တော်လိုက်လို့ရတာမှန်ပါတယ်ဆရာ။ ဒါပေမဲ့ ကျွန်တော်ရဲ့အမှုဟာ အလွန်ကောင်းနေပေမဲ့ ကျွန်တော်ဆက်လိုက်လို့ မသင့်တော့ဘူး။ ဆရာလိုက်ပေးရင်တော့ အမှန်တရား ပေါ်လာမယ်လို့ ကျွန်တော်ယုံကြည်တဲ့အတွက် ဆရာ့ကို ကျွန်တော်ကိုယ်တိုင် လာတွေ့တာပါ ဆရာ "

ဟု ပြောလိုက်ရာ ဆရာအတန်ငယ် စိတ်ဝင်စားသွားပုံရပါသည်။ ကျွန်တော်လည်း အားတက်သွားပြီး ဆရာ့အား ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရာ ကျွန်တော်၏အမှု (အမှန်တော့ ကိုထက်ဝင်းရဲ့ အမှု) ကို ဆရာ တော်တော်စိတ်ဝင်စားသွားပုံရပါသည်။ ကျွန်တော်ပြောပြသည်များကို ဂရုတစိုက် နားထောင်ရုံမျှမက မကြာခဏ ကျွန်တော့်ကို ဖြတ်မေးသည်များလည်းရှိရာ ဆရာ အလွန်စိတ်ဝင်စားနေပြီဖြစ်ကြောင်း သိရ၍ ကျွန်တော်လည်း အလွန်ဝမ်းသာအားတက်မိပါသည်။

ကျွန်တော်က ဆရာဦးသိန်းဟန် စိတ်ပြောင်းသွားမည်ကို စိုးရိမ်၍ ဆရာ့အနေဖြင့် ကျွန်တော်အပ်သည့်အမှုကို လက်ခံလိုက်ပြီဟု ယူဆသည့်သဘောဖြင့် -

" ရှေ့နေခ ကျွန်တော်ဘယ်လိုပြောပေးရမလဲဆရာ "

ဟု မေးလိုက်ရာ ဆရာ့မျက်နှာထား အနည်းငယ်တင်းသွားပြီး -

" ကျွန်တော်က ခင်ဗျားအမှုကို စိတ်ဝင်စားလို့ ခင်ဗျားကို ဘာများ ကူညီနိုင်မလဲလို့ စဉ်းစားနေတာပါ ဦးကိုနီ။ ကျွန်တော်လိုက်ပေးမယ် ဆိုရင်တောင် ခင်ဗျားကို ကူညီတဲ့အနေနဲ့ လိုက်ပေးမှာပါ။ ဒါကြောင့် အမှုခအကြောင်း မပြောစေချင်ဘူးဗျာ "

ဟု ပြန်ပြောရာ၊ ကျွန်တော်က -

" ကျွန်တော် အမှုခမေးမိတာကို တောင်းပန်ပါတယ်ဆရာ။ နောက်ပြီး ကျွန်တော့်ကို ကူညီပါလို့လည်း ထပ်ပြီးတောင်းပန်ပါရစေဆရာ။ ဆရာလိုအပ်သမျှ ကျွန်တော့်ကို ခိုင်းပါဆရာ။ ဆရာ့လက်ထောက်အနေနဲ့ ကူညီပါ့မယ် "

ဟု ကမန်းကတန်း တောင်းပန်ပြောဆိုရာ ဆရာက အားနာသွားဟန်ရှိပါသည်။ ထို့နောက် ဆရာက -

www.burmeseclassic.com

www.burmeseclassic.com



" ဦးကိုနီ ခင်ဗျားလည်း ရှေ့နေတစ်ယောက်ပါဗျာ။ ရှေ့နေအချင်းချင်း ဒီလောက်ပြောဖို့မလိုပါဘူး။ ကျွန်တော်လုပ်ပေးပါ့မယ်။ လိုအပ်တဲ့ အမိန့်မိတ္တူ၊ ရှေ့နေပါဝါ၊ ရုံးခွန်တံဆိပ်ခေါင်း အဲဒါတွေ ခင်ဗျားစီစဉ်ပေါ့။ "

ဟု ဆရာကပြောလိုက်ရာ ကျွန်တော် အလွန်ဝမ်းသာမိပါသည်၊ ကျွန်တော်က လိုအပ်သည်များအားလုံး တာဝန်ယူပါကြောင်း ပြောဆိုခဲ့ပါသည်။ ထို့နောက် ဆရာက ကျွန်တော့်အား -

" ဦးကိုနီ - ကျွန်တော် အမှုတွဲကို လေ့လာချင်တယ်၊ အဆင်ပြေမလား "

ဟု မေးရာ ကျွန်တော်က အဆင်သင့်ပါလာပါကြောင်း ပြောပြပါသည်၊ ထို့နောက် ဆရာက -

" အေးဗျာ - ဒီလိုဆို ကျွန်တော်လည်း အမှုတွဲကိုဖတ်လိုက်အုံးမယ်၊ ခင်ဗျားလည်း အယူခံအကြောင်းပြချက်အနေနဲ့ ဘာတွေတင်ပြချင်သလဲ ဆိုတာကိုလည်း စဉ်းစားထားပေါ့။ ကျွန်တော်တို့ ထပ်တွေ့တဲ့အခါ ဆွေးနွေးကြတာပေါ့ဗျာ "

ဟု ပြောပါသည်။

ထို့နောက် ဆရာနှင့်ကျွန်တော် စကားအနည်းငယ်ပြောဆိုကာ အမှုတွဲထိုး ပေးပြီး ပြန်လာခဲ့ပါသည်။

ထိုနေ့ညနေတွင်ပင် ဦးသိန်းလွင်ထံ ကျွန်တော်ဖုန်းဆက်၍ အမှုကိစ္စအားလုံး အဆင်ပြေကြောင်း၊ ဆရာဦးသိန်းဟန် လက်ခံကြောင်းနှင့် အယူခံတက်ပေးမည် ဖြစ်ကြောင်း ပြောပြလိုက်ပါသည်။

ЖЖЖЖЖ

တစ်ပတ်ခန့်အကြာတွင် အယူခံဝင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်း ကိစ္စများအားလုံး ကျွန်တော်ဆောင်ရွက်ပြီးနောက် ဆရာဦးသိန်းဟန်၏ ရုံးခန်းသို့ သွားရောက်၍ ပေးအပ်ပါသည်။ ဒေါ်ခင်မြိုင်၏ ကိုယ်စားလှယ် တိုစိုးတော်က ဆရာဦးသိန်းဟန်အား ရှေ့နေအဖြစ် လွှဲအပ်သည့် ကိုယ်စားလှယ်စာရွက်တွင် ကျွန်တော်လက်မှတ်ထိုးမထားပါ။ ထိုအချက်ကို ဆရာကတွေ့သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



" ဦးကိုနီ - ခင်ဗျားလည်း ရှေ့နေကိုယ်စားလှယ်လွှဲစာမှာ လက်မှတ်ထိုးလေဗျာ "

ဟု ပြောပါသည်။ ကျွန်တော်က -

" ဆရာ - ဆရာတစ်ယောက်တည်းပဲ လက်မှတ်ထိုးပြီး ဆရာပဲ လိုက်ပေးပါ ဆရာ။ ပါဝါမှာ ကျွန်တော့်နာမည်ကို မဖော်ပြချင်လို့ပါ "

ဟုပြောရာ ဆရာက အလွန်အံ့ဩသွားသည့်မျက်နှာဖြင့် -

" ဘာဖြစ်လို့လဲဗျ "

ဟု မေးပါသည်။ ကျွန်တော်က -

" မူလရုံးရဲ့အမှုမှာ လိုက်ပါတဲ့ရှေ့နေအမည်ကို ကျွန်တော့်နာမည် ဖော်ပြထားတာ ဆရာသိပါတယ်။ ကျွန်တော်ကရှုံးလို့ တက်လာတာမျိုး ဖြစ်တယ်လို့ အယူခံရုံး၊ တရားဝန်ကြီးက ထင်မြင်သွားရင် ကျွန်တော်တို့ရဲ့ အယူခံမှုအပေါ် တရားဝန်ကြီးစဉ်းစားပုံ တစ်မျိုးဖြစ်သွားမှာစိုးရိမ်လို့ပါ။ ဆရာတစ်ယောက်တည်းအနေနဲ့ အယူခံဝင်ရင် ဒီပြဿနာ မရှိနိုင်တော့ ဘူးပေါ့ ဆရာ "

ဟု ကျွန်တော် တောင်းပန်ပြောဆိုရာ ဆရာက -

" ခင်ဗျား - တော်တော်စဉ်းစားတဲ့လူပဲ "

ဟု မှတ်ချက်စကားပြောရင်း ကျွန်တော့်တင်ပြချက်ကို လက်ခံလိုက်ပါသည်။

ထို့နောက် ဆရာက ကျွန်တော့်အား

" အယူခံအကြောင်းပြချက်အနေနဲ့ ဦးကိုနီ ဘာများထည့်ချင်သလဲ "

ဟု မေးလာပါသည်။ ကျွန်တော်ထက် ပညာအရလည်းကောင်း၊ ဝါသမ္ဘာအရ လည်းကောင်း ကြီးမြင့်သူက မေးလာခြင်းဖြစ်၍ ကျွန်တော်အရမ်းမပြောရဲပါ။ ထို့ကြောင့် ကျွန်တော်က ယေဘုယျသဘောမျိုးဖြင့် -

" အောက်ရုံးမှာတင်ခဲ့တဲ့ ကျွန်တော်ရဲ့ ရေးသား လျှောက်လဲချက်မှာပါတဲ့ အချက်တွေထဲက ဆရာကောင်းမယ်ထင်တဲ့အချက်တွေနဲ့ ဆရာရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အကြောင်းပြချက်တွေနဲ့သာ တက်ပါဆရာ။ ကျွန်တော်က တစ်ခုပဲ ဆရာ့ကို တင်ပြစရာရှိပါတယ်။ အဲဒါကတော့ လက်ဗွေပါရဂူကို ကျွန်တော် စစ်လို့မပြီးသေးဘူးဆရာ။ သူ့ကို ကျွန်တော် နောက်ထပ်စစ်ခွင့်ရရင် သိပ်ကောင်းမှာပဲ "

ဟု ပြောလိုက်ရာ ဆရာဦးသိန်းဟန် ၏ မျက်နှာမှာ အလွန်ဝမ်းသာသွားပြီး၊

" အေးဗျာ - ဦးကိုနီ အခုခင်ဗျားပြောတဲ့အချက်ကို ကျွန်တော် သိပ်ကြိုက်တယ်။ ဒီအချက်ကို ကျွန်တော်တွေ့ထားပြီးပြီ။ အယူခံရုံးမှာ ကျွန်တော်တို့ အများကြီးပြောနေလို့မဖြစ်ဘူးဆိုတာ ခင်ဗျားလည်းသိပါတယ်။ ဒီအမှုကို ကျွန်တော်တို့ကို အနိုင်ပေးသင့်ပါတယ်လို့ပြောဖို့ ကျွန်တော်တို့ဘက်က သိပ်ခက်နေတယ်။ ဒါကြောင့်ကျွန်တော်လည်း အတော်လေး စဉ်းစားရတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ ကြိုးစားကြည့်ကြတာပေါ့ "

ဟု လူကြီးပီပီ စကားအစွန်းမထွက်အောင် ထိန်းသိမ်း၍ ကျွန်တော့်ကို အားပေးစကား ပြောခဲ့ပါသည်။

✻✻✻✻✻

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

## အယူခံဝင်ပြီ

(၁၆-၈-၉၁) နေ့တွင် ရန်ကုန်မြို့တရားရုံးချုပ်သို့ ဆရာဦးသိန်းဟန် ကိုယ်တိုင် အယူခံမှု တင်သွင်းခဲ့ပါသည်။ အယူခံမှုနံပါတ်မှာ " ၁၉၉၁ ခုနှစ်၊ **တရားမပထမအယူခံမှုအမှတ်-၃၆၆** " ဖြစ်ပါသည်။

အယူခံမှုတွင် ဆရာဦးသိန်းဟန် တင်ပြထားသည့် အယူခံအကြောင်းပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အယူခံအကြောင်းပြချက်များ

၁။ တရားလိုမှ လက်ဗွေနမူနာများပေးပို့၍ စစ်ဆေးစေခဲ့ရာတွင် စာချုပ်ပါ လက်ဗွေနှင့် နမူနာပေးပို့သည့် လက်ဗွေများတူညီကြောင်း မမျှော်လင့်သည့် ထင်မြင်ချက် ပြန်ကြားပေးခဲ့သည့် ထူးခြားသော ဤအမှုအခြေအနေမျိုးတွင် ပုံကြီးချဲ့ထားသည့် လက်ဗွေဓါတ်ပုံမိတ္တူကူးယူ လေ့လာခွင့်မရခြင်း၊ ရုံးရှေ့တွင် ထပ်မံရယူခဲ့သော ဒေါ်ခင်မြိုင်၏ လက်ဗွေနမူနာကို လေ့လာနိုင်ရန် ရုံးချိန်းမပေးဘဲ ထိုနေ့တစ်ရက်တည်းမှာပင် လက်ဗွေပါရဂူအား အပြီးအပြတ် စစ်ဆေးစေခဲ့ခြင်း၊ ထိုသို့ စစ်ဆေးရာ၌ သက်သေခံဥပဒေပုဒ်မ - ၁၃၈ အရ ဥပဒေကပေးထားသည့် ပြန်လည်ရှင်းလင်း စစ်မေးခွင့်မရခဲ့ခြင်း၊ လက်ဗွေပါရဂူအား ပြန်ခေါ် စစ်မေးခွင့် တောင်းဆိုသည်ကိုလည်း မူလရုံးက ခွင့်မပြုဘဲ ပလပ်ခဲ့ခြင်း စသည်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပါရဂူအား ပြည့်စုံစွာ ပြန်လှန်မေးမြန်းနိုင်ခွင့်မရခဲ့၍ ၎င်း၏ ထင်မြင်ချက်ကို အခိုင်အမာယူ၍ ဆုံးဖြတ်ရန်မသင့်ပါ။

၂။ လက်ဗွေပါရဂူ၏ ထင်မြင်ချက် ပြန်ကြားစာတွင်လည်းကောင်း၊ ရုံးရှေ့ထွက်ဆိုချက်၌ လည်းကောင်း၊ စာချုပ်ပါ လက်ဗွေများနှင့် နမူနာပါ လက်ဗွေတို့ မည်သည့်အတွက် တူညီကြောင်း အကြောင်းပြချက် တစ်စုံတစ်ရာ မပါရှိပါသဖြင့် ယင်းထင်မြင်ချက်မှာလည်း ခိုင်မာခြင်း မရှိကြောင်း အထူးမြင်သာပါသည်။

၃။ ထို့အပြင် အရောင်းစာချုပ်ပေါ်ရှိ ဒေါ်ခင်မြိုင် ဆိုသူ၏ လက်ဗွေမှာ လွန်စွာ မှေးမှိန် ပျက်ပြယ်နေသည်ဖြစ်၍ အသေးစိတ် နှိုင်းယှဉ်ထင်မြင်ချက်ပေးနိုင်လောက်သည့် အခြေအနေ လုံးဝမရှိပါဘဲလျက် ယင်းလက်ဗွေကို နမူနာလက်ဗွေနှင့် တူညီကြောင်း လက်ဗွေပါရဂူမှ ထင်မြင်ချက်ပေးခဲ့ခြင်းကို ထောက်ရှုလျှင် ၎င်း၏ ထင်မြင်ချက်မှာ တိကျခိုင်မာသည့် ထင်မြင်ချက်တစ်ရပ်မဟုတ်ကြောင်း ထင်ရှားပေါ်ပေါက်ပါသည်။

၄။ အထူးသဖြင့် အဆိုပါလက်ဗွေပါရဂူ၏ ထင်မြင်ချက် မမှန်ကန်ကြောင်း ညွှန်ပြနေသည့် အောက်ပါဆန့်ကျင်ဘက် သက်သေခံအထောက်အထား အမြောက်အမြားလည်း ရှိနေပါသည်။

၅-၆-၅၇ နေ့စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် - ၈၈၈/၅၇ အရ ကျပ်ငွေ တစ်သောင်းဖြင့် ဝယ်ယူခဲ့သည့် မြေနှင့်အိမ်ကို ၂၃-၁-၅၈ နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ် - ၇၃/၅၈ အရ ကျပ်ငွေ သုံးထောင်ဖြင့် ရောင်းချခဲ့သည် ဆိုခြင်းနှင့် ယင်းအိမ်နှင့်မြေကို ၁-၂-၅၈ နေ့စွဲပါ အငှားစာချုပ်အရ တရားလိုသို့ ပြန်လည်၍ အိမ်ငှားချထားခဲ့သည်ဆိုသည့် စွပ်စွဲချက်များသည် (၇) လအတွင်း ထိုမျှ အရှုံးခံရောင်းချရန်အကြောင်းမရှိ၍ ယုတ္တိမတန်သောကြောင့်လည်းကောင်း။

ထိုသို့ ဝယ်ယူသည်ဆိုသည့် နှစ် (၃၀) အတောအတွင်း အိမ်နှင့်မြေကို လက်ရောက် ရရှိခြင်းဖြစ်စေ၊ လက်ရောက် ရယူရန်ဖြစ်စေ ကြိုးစားအားထုတ်မှု၊ တောင်းဆိုမှု တစ်စုံတစ်ရာ မရှိခဲ့၍လည်းကောင်း၊ ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၅၀/- ပေါက်ဈေးရှိသည့် ၁၉၅၈ ခုနှစ်လောက်က အိမ်လခ ၅၀/- ကျပ် သတ်မှတ်ချက်သည် ရွှေဈေးနှင့်စာလျှင် အလွန်အမင်း

www.burmeseclassic.com



များပြားလွန်း၍ ယုတ္တိမတန်သည့်အပြင် နှစ်ပေါင်း (၃၀) ကျော် အိမ်လခ တစ်ကြိမ်တစ်ခါမျှ ကောက်ခံခဲ့ဘူးခြင်း၊ အိမ်လခ တောင်းဆိုဖူးခြင်း၊ အိမ်လခရယူရန် တရားစွဲဆိုဖူးခြင်း တစ်စုံတစ်ရာ မရှိခဲ့၍လည်းကောင်း။

ဒေါ်ခင်မြိုင် ဂရန်အမည်ပေါက် ပိုင်ဆိုင်သည့်အတွက် ဝယ်ယူခဲ့သည်ဟု တရားပြိုင်က ထွက်ဆိုသော်လည်း ဝယ်ယူသည့် ၂၃-၁-၅၈ နေ့ နောက်ပိုင်း (၁) နှစ် အကြာ ၃၁-၁-၅၉ နေ့တွင်မှ ဒေါ်ခင်မြိုင် အနေဖြင့် ဂရန်အမည် ပေါက်ခဲ့ခြင်းဖြစ်၍ တရားပြိုင်၏ တင်ပြချက် မမှန်ကန်၍ လည်းကောင်း။ တရားပြိုင်က မြေဂရန် အမည်ပြောင်းရာတွင်လည်း လက်ရှိ ဂရန် အမည်ပေါက်သူ ဒေါ်ခင်မြိုင် မှတစ်ဆင့် ပြောင်းရမည်ဖြစ်ပါလျက် ထိုသို့မပြောင်းပဲ၊ မူလပိုင်ရှင် ဒေါ်တင်၊ မောင်ကျော်သိန်း အမည်မှတစ်ဆင့် တရားပြိုင်အမည်သို့ တိုက်ရိုက်အမည်ပြောင်းခဲ့ခြင်းဖြင့် မရိုးမသား မမှန်မကန်သောနည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်၍ လည်းကောင်း။

ယနေ့တိုင် နှစ်ပေါင်း (၃၀) ကျော် တရားလိုမိသားစုများသာ အချင်းဖြစ် မြေနှင့်အိမ်တွင် နေထိုင်သုံးစွဲ၍ မြေခွန်၊ မြူခွန်များ ထမ်းဆောင်လာသည်ဖြစ်၍လည်းကောင်း။

အိမ်ငှားစာချုပ်ပါ တရားပြိုင် ဦးစိန်သန်း လက်မှတ်နှင့် အိမ်အရောင်းအဝယ်စာချုပ်ပါ တရားပြိုင် ဦးစိန်သန်း လက်မှတ်တို့ လုံးဝမတူညီကြောင်းကို တရားပြိုင် ဦးစိန်သန်း ကိုယ်တိုင်ကပင် အတိအလင်း ဝန်ခံထားပြီးဖြစ်၍လည်းကောင်း။

အဆိုပါ စာချုပ်များပါ ရေးသားချက် မင်ရောင်များသည် နှစ်ပေါင်း (၃၀) ကြာပြီ ဖြစ်ပါလျက် မင်ရောင်များ လွန်စွာသစ်လွင်နေကြောင်းမှာ သာမန်ကြည့်ရုံဖြင့် မြင်သာနေသည့် အပြင် ထိုသို့ စာမချုပ်မီ (၆) နှစ်ကျော် ၇-၄-၅၂ နေ့က ရောင်းချထားသည့် ၁၀/- ကျပ်တန် တံဆိပ်ခေါင်းစာချုပ်ဟောင်းများဖြင့် ချုပ်ဆိုထားခြင်းဖြစ်၍ မမှန်မကန် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေ၍လည်းကောင်း။

တရားလို၏ နို့တစ်စာကို တစ်စုံတစ်ရာ ပြန်ကြားမှုမပြုခဲ့ခြင်းသည် တရားလို၏ စွပ်စွဲချက်များကို တစ်နည်းအားဖြင့် ဝန်ခံရာရောက်နေ၍ လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ပတ်ဝန်းကျင် အကြောင်းအချက်များက အချင်းဖြစ် စာချုပ်များသည် မမှန်မကန် ချုပ်ဆိုထားကြောင်း အထင်အရှား ညွှန်ပြလျက်ရှိနေပါသည်။

အထက်ပါ အယူခံအကြောင်းပြချက်များဖြင့် ဆရာဦးသိန်းဟန်က တရားရုံးချုပ်၊ ရန်ကုန်မြို့သို့ အယူခံလွှာ တင်သွင်းခြင်းဖြစ်ပါသည်။

ႆႆႆႆႆႆ

ကျွန်တော်တို့၏ အယူခံမှုကို တရားမဌာန၊ ညွှန်ကြားရေးမှူးက (၂၂-၈-၉၁) နေ့တွင် လက်ခံကြောင်း အမိန့်ချ၍ နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာဆုံးဖြတ်နိုင်ရန် လိုအပ်သည့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို ဆောင်ရွက်ခဲ့ပါသည်။

(၉-၉-၉၁) နေ့တွင် အယူခံတရားပြိုင်များ၏ ရှေ့နေကြီးများအဖြစ် ဦးမောင်မြင့်နှင့် ဦးလှအောင် တို့က လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ရှေ့နေ ကိုယ်စားလှယ်စာ တင်သွင်းကြပါသည်။

နှစ်ဖက်ရှေ့နေကြီးများ၏ အပြီးသတ်လျှောက်လဲချက်ကို ကြားနာရန် ချိန်းဆိုထားသည့်နေ့တွင် ကျွန်တော်တို့အဖွဲ့ လူစုံတက်စုံ တရားရုံးချုပ်သို့ သွားရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့အမှုကို ကြားနာဆုံးဖြတ်ပေးမည့် တရားဝန်ကြီးမှာ "ဦးကျော်တင့်" ဖြစ်သည်ကို တွေ့ရပါသည်။ ထူးခြားသည့်အချက်မှာ လျှောက်လဲချက် ပေးရမည့်နေ့တွင် အယူခံတရားပြိုင်များ ဖြစ်ကြသော ဦးစိန်သန်း နှင့် ဦးအောင်ထွန်း တို့၏ရှေ့နေကြီးများ မလာရောက်ကြသည့်အချက် ဖြစ်ပါသည်။

ကျွန်တော်တို့အမှု ကြားနာရန်အလှည့်ရောက်သည့်အချိန်ထိ တစ်ဖက်က ရှေ့နေများ မလာရောက်ကြသဖြင့် ဆရာဦးသိန်းဟန်၏ လျှောက်လဲချက်ကိုသာ တရားဝန်ကြီးက နားထောင်ကြားနာပါသည်။ ဆရာ ဦးသိန်းဟန် အနေဖြင့် တစ်ဖက်သတ် ပြောရသည်ဖြစ်သော်လည်း ပေါ့ပေါ့တန်တန် မပြောဘဲ ဂရုတစိုက်ဖြင့် အလေးအနက်ထား၍ တင်ပြလျှောက်လဲပြောဆိုနေသည်ကို တွေ့ရပါသည်။

ဆရာ ဦးသိန်းဟန်၏ လျှောက်လဲတင်ပြချက်မှာ အလွန်ကောင်းမွန်လှသည်ကို တွေ့ရပြီး၊ ကျွန်တော့်အတွက် ပညာလည်းအလွန်ရပါသည်။ ဆရာ၏

www.burmeseclassic.com

www.burmeseclassic.com



တိုတိုတုတ်တုတ်နှင့် ထိထိမိမိ တင်ပြသွားသည့် ပြောဆိုတင်ပြပုံကို ကျွန်တော်အားကျ အတုယူထားပါသည်။

စကားများများ ပြောခြင်းထက် စကားနည်းနည်းနှင့် ထိထိရောက်ရောက ပြောဆိုခြင်းက တစ်ဖက်လူ ပို၍ နားဝင်သည်ဆိုသည့်အချက်ကို ကျွန်တော် အလေးအနက် မှတ်သားထားလိုက်မိပါသည်။

( ဆရာဦးသိန်းဟန်၏ လျှောက်လဲတင်ပြချက်များကို တရားရုံးချုပ်၏ စီရင်ချက်တွင် ဖော်ပြထားသည်ဖြစ်၍ ယခုမဖော်ပြတော့ပါ။ )

**ကျွန်တော်တို့၏ အယူခံမှုအပေါ်** တရားရုံးချုပ်က ၂၁-၁၀-၉၁ နေ့တွင် **အမိန့်ချမှတ်ခဲ့ပါသည်။**

**တရားရုံးချုပ်၏** အမိန့်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## အမိန့်

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၈ (ဂ) တွင် ဒေါ်ခင်မြိုင် (၎င်း၏ ကိုယ်စားလှယ် ဦးစိုးကျော်) က ဦးစိန်သန်းနှင့် ဦးအောင်ထွန်း တို့အပေါ် စာချုပ်စာတမ်းများ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် စာချုပ်များကို ပယ်ဖျက်ပေးရန် စွဲဆိုသည်။

ရန်ကုန်တိုင်းတရားရုံးက အယူခံတရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ကြောင်း ၁၇-၆-၉၁ နေ့၌ ဒီကရီချမှတ်သည်။ ဒေါ်ခင်မြိုင် က ဦးစိုးကျော် အား ကိုယ်စားပြုလျက် တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ပုံကြီးချဲ့ထားသည့် လက်ဗွေဓါတ်ပုံမိတ္တူ ကူးယူ လေ့လာခွင့် မရခြင်း၊ ရုံးရှေ့တွင် ထပ်မံရယူခဲ့သော ဒေါ်ခင်မြိုင်၏ လက်ဗွေနမူနာကို လေ့လာနိုင်ရန် ရုံးချိန်းမပေးဘဲ ထိုနေ့တစ်ရက်တည်းမှာပင် လက်ဗွေပါရဂူအား အပြီး အပြတ်စစ်ဆေးခဲ့ခြင်း၊ ထိုသို့ စစ်ဆေးရာ၌ သက်သေခံအက်ဥပဒေပုဒ်မ-၁၃၈ အက်ဥပဒေက ပေးထားသည့် ပြန်လည်ရှင်းလင်း စစ်မေးခွင့် မရခဲ့ခြင်း၊ လက်ဗွေ ပါရဂူအား ပြန်ခေါ်စစ်ဆေးခွင့် တောင်းဆိုသည်ကိုလည်း မူလရုံးက ခွင့်မပြုခဲ့ခြင်း စသည်တို့သည် လက်ဗွေပါရဂူအား ပြည့်စုံစွာ ပြန်လည်မေးမြန်းနိုင်ခွင့် မရခဲ့၍ ၎င်း၏ ထင်မြင်ချက်ကို အခိုင်အမာယူ၍ ဆုံးဖြတ်ရန် မသင့်ကြောင်း တင်ပြသည်။

အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၇၃/၅၈ (သက်သေခံ အမှတ်-ဃ) ပေါ်ရှိ “ ဒေါ်ခင်မြိုင် ” ဟူသော လက်မှတ်နှင့်စပ်လျဉ်းပြီး အယူခံ

www.burmeseclassic.com

www.burmeseclassic.com



တရားလို ဒေါ်ခင်မြိုင် ရေးထိုးထားသောလက်မှတ် ဟုတ်မဟုတ် ကိစ္စနှင့်ပတ်သက်၍ လက်ဗွေပါရဂူမှ ထင်မြင်ချက်ပေးထားကြောင်း မတွေ့ရချေ။

သို့သော် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားကတိစာချုပ် (သက်သေခံအမှတ်-ဏ ) ပေါ်ရှိ " ဒေါ်ခင်မြိုင် " ဟူသောအမည်အောက်မှ လက်ဗွေမှာ ဒေါ်ခင်မြိုင်၏ နမူနာလက်ဝဲလက်မပုံစံနှင့် အသီးသီးတူ၍ ယင်းလက်ပုံစံများသည် လူတစ်ဦးတည်း၏ လက်တစ်ချောင်းတည်းမှ လက်ပုံစံများဖြစ်ကြောင်း လက်ဗွေပါရဂူက ထင်မြင်ချက် (သက်သေခံအမှတ်-စျ) ပေးခဲ့ပါသည်။

မှုခင်းတပ်ဖွဲ့ လက်ဗွေကျွမ်းကျင်သူ ပါရဂူက ရုံးရှေ့တွင် အစစ်ခံရာတွင်လည်း ယင်းအတိုင်း ထွက်ဆိုသည်။ ဒုတိယလက်ထောက် တိုင်းတရားသူကြီး (၁၀) က ရုံးရှေ့တွင် ဒေါ်ခင်မြိုင်၏ လက်ဗွေများကို ရယူပြီး စစ်ဆေးခဲ့ရာတွင်လည်း အထက်ပါအတိုင်း ၁-၁-၅၈ ရက်စွဲပါ အိမ်ငှား ကတိစာချုပ် ( သက်သေခံအမှတ် -ဏ) ပေါ်ရှိ လက်ဗွေနှင့်တူညီကြောင်း အစစ်ခံခဲ့သည်။ သို့သော် ကျွမ်းကျင်သူ ပါရဂူကို မူလရုံးက ၂၀-၉-၉၀ နေ့ စစ်ဆေးစဉ် ဒေါ်ခင်မြိုင်၏ လက်ဗွေကို ရုံးရှေ့၌ ထပ်မံရယူလျက် ဆက်လက်ထင်မြင်ချက် အစစ်ခံပြီး မူလရုံးအနေဖြင့် အယူခံတရားလို ဒေါ်ခင်မြိုင် ဘက်မှ ရုံးရှေ့ယူသည့် လက်ဗွေကို လေ့လာလိုသေးသဖြင့် ရက်ချိန်းတောင်းရာ မူလရုံးမှ ရက်ချိန်းမပေးဘဲ ဆက်လက်စစ်ဆေးခဲ့ကြောင်း၊ မူလအမှု၏ ၂၀-၉-၉၀ ရက်စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ၂၀-၉-၉၀ နေ့ ပါရဂူ အစစ်ခံချက်တို့အရ ပေါ်လွင်သည်။ ၄င်းအပြင် အယူခံတရားလို (မူလရုံးတရားလို) ဘက်မှ တင်ပြသည့်အတိုင်း သက်သေခံအက်ဥပဒေပုဒ်မ - ၁၃၈ အရ ပြန်ရှင်းမေးခွန်း (ထပ်မံစစ်ဆေးခြင်း) မေးမြန်းထားကြောင်း မှတ်တမ်းတင်ထားခြင်းတို့ မတွေ့ရချေ။

အမှတ် (၂) အယူခံတရားပြိုင် ဦးအောင်ထွန်း၏ ရှေ့နေမှ ပြန်လှန်စစ်မေးချက်၌ ပါရဂူက အောက်ပါအတိုင်း အစစ်ခံခြင်းကို တွေ့ရသည် -

> " ထင်မြင်ချက်ပေးရာတွင် - လက်ဗွေပုံစံတွင် အဓိကကျသော အချက်ကြီး (၇) ချက်ပေါ်ကြည့်၍ ထင်မြင်ချက်ပေးခြင်းဖြစ်ပါသည်။ ဤအမှုတွင် အငြင်းပွား လက်ဗွေပုံစံနှင့် ဒေါ်ခင်မြိုင်၏ ရုံးရှေ့နှိပ်ယူထားသော လက်ဗွေပုံစံများမှာ ဖော်ပြခဲ့သည့် အဓိကအချက်ကြီး (၇) ချက် တူညီသည့်အပြင် အခြားအချက်အလက်များလည်း တူညီတာ တွေ့ရှိရပါသည်။ "

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဆိုပါအချက် (၇) ချက်အား လက်ဗွေပါရဂူ၏ အစစ်ခံချက်၌ အသေးစိတ် ရှင်းလင်းဖော်ပြထားကြောင်း မတွေ့ရချေ။ သို့ဖြစ်ရာ ဤရုံးမှ ခိုင်မာသော သက်သေခံအပေါ် အခြေပြုဆုံးဖြတ်နိုင်ရန်နှင့် တရားမျှတမှု ရှိစေရန် အတွက် (၁) ၂၀-၉-၉၀ နေ့၌ ဒေါ်ခင်မြိုင်၏ လက်ဗွေကို ထပ်မံရယူခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ (၂) သက်သေခံ အက်ဥပဒေပုဒ်မ-၁၃၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အပြည့်အဝစစ်ဆေးခွင့်ရစေရန်အတွက်လည်းကောင်း မူလရုံးက အယူခံတရားလို၏ ကုန်ကျစရိတ်ဖြင့် ဒေါ်ခင်မြိုင်၏ လက်ဗွေကို ထပ်မံ စစ်ဆေးခဲ့သူ လက်ဗွေပါရဂူအား အယူခံတရားလိုဖက်မှ စစ်ဆေးမေးမြန်းချက်များ ရယူစေရန်နှင့် လိုအပ်ပါက အယူခံတရားပြိုင်များဖက်မှ ဥပဒေနှင့်အညီ ပြန်လည်စစ်ဆေးခွင့်ပြုရန် မူလရုံးသို့ ညွှန်ကြားသည်။

မူလရုံးက အထက်ပါကိစ္စရပ်အား ဆောင်ရွက်ပြီးစီးသည့်အခါ ပါရဂူ၏ အစစ်ခံချက်နှင့်အတူ မူလရုံးအမှုတွဲကို ဤရုံးသို့ ပြန်လည်ပေးပို့စေရန်လည်း ညွှန်ကြားသည်။ မူလရုံးမှ လိုအပ်သလို ဆောင်ရွက်ပြီးနောက် ဤရုံးသို့ အမှုတွဲ ပြန်လည်ရောက်ရှိသည့်အခါ ဤအမှုအား ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အပြီးအပြတ် အဆုံးအဖြတ်ပြုမည်ဖြစ်ကြောင်း ကွန်ုပ် မှတ်ချက်ပြုသည်။

ပုံ/- xxx
တရားသူကြီး

ဒေါ်ခင်မြိုင်၏ အမှုကို စတင်လက်ခံဆောင်ရွက်ပေးသည့် နေ့မှစ၍ ကျွန်တော် စိတ်သောက အမျိုးမျိုး ခံစားခဲ့ရသည်ဖြစ်ရာ တရားရုံးချုပ်၏ အထက်ပါ အမိန့်ကို သိလိုက်ရသည့်အချိန်တွင် အထက်က ကျွန်တော်ခံစားခဲ့ရသည့် စိတ်ဒုက္ခများအားလုံးကျေပျက် ပပျောက်သွားပြီး အလွန်အမင်း ဝမ်းသာမိပါတော့သည်။

တရားရုံးချုပ်၏အမိန့်သည် အမှုတွဲကို အောက်ရုံးပြန်ပို့၍ လက်ဗွေပါရဂူကို ကျွန်တော် ဆက်လက်စစ်မေးရန် ညွှန်ကြားထားပြီး၊ ကျွန်တော်စစ်မေးပြီးပါက အမှုကို အောက်ရုံးတရားသူကြီးအား ဆုံးဖြတ်စေခြင်းမပြုဘဲ၊ အယူခံရုံးသို့ပြန်ပို့ရန်နှင့် အယူခံရုံး တရားဝန်ကြီးကိုယ်တိုင် ဆုံးဖြတ်မည်ဟု "မှတ်ချက်" ပြုထားခြင်းသည် ဤအမှုတွင် အလွန်ထူးခြားသော အချက်ဖြစ်နေသည်ကိုလည်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးချုပ်၏ အမိန့်ကို သိလျှင်သိခြင်း ခန့်မှန်းခြေ (၁၁) နာရီလောက်တွင် ဆရာဦးသိန်းဟန် ရုံးခန်းသို့ ကျွန်တော်သွားရောက်၍ ဆရာ့အား ဝမ်းသာအားရ ပြောပြခဲ့ပါသည်။ ဆရာက ကျွန်တော် ပြောပြသည်များကို အေးဆေးတည်ငြိမ်စွာ ပြုံး၍ နားထောင်ပြီးနောက် -

" ဒါဆို ကျွန်တော့်အလုပ်ပြီးသွားပြီ ဦးကိုနီ ရေ့။ လက်ဖွေပါရဂူကြီးနဲ့ ဆက်ပြီး နပန်းလုံးရမယ့်ကိစ္စကိုတော့ ခင်ဗျားပဲ ဆက်လုပ်ပေတော့ "

ဟု ရယ်ရယ်မောမောနှင့် ပြောလိုက်ရာ ကျွန်တော်ရဲ့ ဝမ်းသာမှုများ ရပ်သွားပါသည်။ ကျွန်တော်က -

" ဆရာ ဆက်မလုပ်ပေးတော့ဘူးလား "

ဟု အလောတကြီးမေးလိုက်ရာ ဆရာက -

" ကျွန်တော့်ကိစ္စ အယူခံရုံးကိစ္စပဲလေ၊ ကျွန်တော့်ကို ခင်ဗျား စပြောကတည်းက အယူခံကိစ္စပဲ။ အခု အောက်ရုံးမှာ ပြန်စစ်ဖို့ကိစ္စက ခင်ဗျားရဲ့ ကိစ္စပဲလေ၊ ခင်ဗျားပဲ မေးစရာတွေအများကြီး ရှိနေသေးတယ်ဆို "

ဟု ပြန်ပြောရာ ကျွန်တော် ဘာမျှပြန်မပြောနိုင်တော့ဘဲ -

" ကောင်းပါပြီဆရာ၊ ကျွန်တော်ဆက်လုပ်ပါမယ်။ လိုအပ်ရင် ကျွန်တော့်ကို ကူညီပါအုံးဆရာ "

ဟု ပြောလိုက်ပါသည်။ ဆရာကလည်း ကူညီပါမည်ဟု ပြောဆိုသဖြင့် ကျွန်တော် ပြန်လာခဲ့ပြီး ရှေ့ဆက်လုပ်ရမည့်ကိစ္စများ စဉ်းစားရပါတော့သည်။

တရားရုံးချုပ်ရှိ အမှုတွဲကို အောက်ရုံးသို့ ပြန်ပို့၍ ဆက်လက်စစ်ဆေးမည့်ကိစ္စ အနည်းဆုံး (၁) လခန့် အချိန်ရသည်ဖြစ်ရာ လက်ဖွေပါရဂူကြီးနှင့် ကျွန်တော် - အားပြိုင်ရန်အရေးအတွက် ကြိုတင် ပြင်ဆင်ခွင့် ရှိနေသဖြင့် ကျွန်တော်အတော်လေး စိတ်သက်သာရာ ရမိပါသည်။

ဆရာဦးသိန်းဟန် ထံမှ ပြန်လာပြီးနောက် ဆရာဦးသိန်းလွင်ထံ ကျွန်တော် ဖုန်းဆက်၍ အမှုအခြေအနေ ပြောပြလိုက်ရာ ဆရာဦးသိန်းလွင်လည်း အလွန် ဝမ်းသာသွားပုံရပါသည်။ ညနေ သူ့အိမ်တွင် ဆုံကြမည်ဖြစ်ကြောင်း တစ်ခါတည်း ချိန်းဆိုပါသည်။ ဦးသိန်းလွင်၏ ဇနီး ဒေါ်ခင်ဝင်း အလုပ်ရှုပ်ပေဦးမည်။

ထိထိထိထိ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

## ရွှေ့ရေးဆက်တွေးကြပြီ

များမကြာမီ အလွန်ဆုံး (၁) လခန့်အတွင်း ကျွန်တော်နှင့် လက်ဗွေပါရဂူကြီး ပြန်ဆုံကြရပါတော့မည်။ ကောင်းသော တွေ့ဆုံခြင်းမျိုး၊ မိတ်ဆွေသဘော တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ ရန်သူသဖွယ် အတိုက်အခံသဘောမျိုး တွေ့ဆုံကြရမည် ဖြစ်ရာ ကျွန်တော့်အနေဖြင့် အများကြီးပြင်ဆင်ရန် လိုအပ်ပါသည်။ စိတ်မကောင်း ဖြစ်ရသည့် ခံစားမှုမျိုးလည်း ဖြစ်ပေါ်မိပါသည်။

တစ်နိုင်ငံလုံးတွင် ရာထူးအကြီးဆုံး လက်ဗွေပါရဂူကြီးကို ကျွန်တော့်လို သာမန်ရှေ့နေလေးက အတိုက်အခံပြုကာ မေးခွန်းများမေးရန်ကိစ္စမှာ မလွယ်ကူ လှကြောင်း ကျွန်တော်သိပါသည်။

ထို့ကြောင့် ဆရာဦးသိန်းလွင်၏ တပည့်တစ်ဦးဖြစ်သည့် ( × × × ) ရုံးမှ လက်ဗွေပညာရှင်နှင့်တွေ့ဆုံရန် လိုအပ်သကဲ့သို့ ကျွန်တော်၏အမှုသည် ကိုထက်ဝင်း (ဒေါက်တာထက်ဝင်း) ကိုလည်း သူငှားထားပေးသည့်စာအုပ်များကို သူကိုယ်တိုင် ဖတ်ရှု၍ ကျွန်တော့်ကို အကြံပေးရန် ပြောကြားရပါအုံးမည်။

ညနေ (၆) နာရီခွဲခန့် ဦးသိန်းလွင် ၏နေအိမ်သို့ ရောက်သွားရာ ဆရာတို့ ဇနီးမောင်နှံနှင့်အတူ ကိုထက်ဝင်းနှင့် ကိုလေးမြင့် တို့ကိုပါ တွေ့ရပါသည်။ စားသောက်ဖွယ်ရာများကိုလည်း လိုသည်ထက်ပို၍ ပြုလုပ်ထားသည်ကိုလည်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းလွင်၏ စေတနာမှာ လွန်လွန်းအားကြီးလှသဖြင့် ကျွန်တော်တို့ အချင်းချင်းအကြား သူ့ကို " ဦးသိပ်လွန် " ဟု အမည်ပြောင် ပေးထားပါသည်။

ဦးသိန်းလွင် နှင့်ပတ်သက်ပြီး အမှတ်တရတစ်ခု ပြောပါဦးမည်။ ၁၉၈၄ ခုနှစ် လောက်က ကျူရှင်ဥပဒေအသစ်ပြဋ္ဌာန်းပြီး ကျူရှင်ဆရာများ တရားစွဲဆိုခံနေရချိန် တွင် ကျွန်တော်က ရှေ့နေအဖြစ် မိတ်ဆွေဆရာများအတွက် ထောက်တံတား မြို့နယ် တရားရုံးတွင် လိုက်ပါဆောင်ရွက်ပေးခဲ့ရာ ဆရာဦးသိန်းလွင်က အားပေးသူအဖြစ် ကျွန်တော်နှင့်အတူ ရုံးသို့လာလေ့ရှိသဖြင့် ကျွန်တော်တို့ မကြာခဏ ဆုံတွေ့နေကြချိန် ဖြစ်ပါသည်။

တစ်နေ့ ညဖက် ဦးသိန်းလွင်၏ ကျောင်းတွင် ကျွန်တော်တို့ထုံးစံအတိုင်း ဝိုင်းဖွဲ့ကြရာ ညဖက် (၁၀) နာရီခန့်လောက်တွင် ကျွန်တော်က -

- ကျွန်တော် ရန်ကုန်မြို့ကို ၁၉၇၀ ခုနှစ်တွင် တက္ကသိုလ်တက်ရန် စတင် ရောက်ရှိခဲ့ကြောင်း၊ ယခု (၁၅) နှစ်ရှိပြီဖြစ်သော်လည်း မယ်လမုဘုရားသို့ မရောက်ဖူးသေးကြောင်း စကားအကြောင်းသင့်၍ ဝင်ရောက် ပြောဆိုမိလိုက်ပါသည်။ ကျွန်တော်နှင့် မဆိုင်သဖြင့် မယ်လမုဘုရား မရောက်သည့်ကိစ္စမှာ အဆန်းမဟုတ်ပါ။ စကားဝိုင်းတွင်ရှိနေသူများ က မြောက်ဥက္ကလာပမြို့နယ်ရှိ မယ်လမုဘုရားအကြောင်း ပြောနေ ကြရာ ကျွန်တော် ဝင်ပြောလိုသော်လည်း မရောက်ဘူးသဖြင့် သူတို့ စကားဝိုင်းအတွင်း ဝင်မပြောနိုင်သောကြောင့် အထက်ပါအတိုင်း အမှတ်တမဲ့ မယ်လမုဘုရား မရောက်ဘူးသေးကြောင်း ပြောလိုက်မိခြင်း ဖြစ်ပါသည်။

- ထိုကဲ့သို့ ကျွန်တော်ပြောလိုက်မိသည်နှင့် ဆရာဦးသိန်းလွင်က မကျေမချမ်းဖြစ်သွားကာ ကျွန်တော့်အနေနဲ့ ရန်ကုန်မြို့ရောက်နေတာ ဒီလောက်ကြာတာတောင် မယ်လမုဘုရား မရောက်ဘူးသေးဘူးဆိုတာ အဓိပ္ပါယ်မရှိကြောင်းပြောဆို၍ အခုချက်ချင်း လိုက်ပို့မည်ဖြစ်ကြောင်း၊ သူကိုယ်တိုင် ကားမောင်း၍ လိုက်ပို့မည်ဖြစ်ကြောင်း ပြောလာပါသည်။

- အားလုံးက မိုးချုပ်နေပြီဖြစ်၍ အချိန်အခါမဟုတ်ကြောင်း နောက်မှ သွားကြရန်ပြောရာ ဆရာဦးသိန်းလွင်က လက်မခံပါ။ အခုကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေပြီဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်တော်လည်း စိတ်ပေါက်ပေါက်ဖြင့် " ဒါဖြင့်လည်း အခုသွားကြတာပေါ့ " ဟု ရွှဲ၍ ပြောလိုက်ပါသည်။

- ကျွန်တော်က ရွှဲ၍ပြောလိုက်သော်လည်း ဦးသိန်းလွင်က တကယ်လိုက်ပို့ပါတော့သည်။ သူ၏ ကိုရိုလာဆလွန်း ၈၅/၂၈၂၈ ကားလေးဖြင့် ည-၁၀ နာရီခွဲလောက်တွင် လွစ္စလမ်းမှစ၍ ထွက်ကြပါသည်။ ထိုကားလေးပေါ်တွင် အဖွဲ့သား (၅) ယောက် ပါဝင်ကြပါသည်။ ဦးသိန်းလွင်မှ ကားမောင်း၍ ကျွန်တော်က အရပ်ရှည်သူ ဒူးရှည်သူဖြစ်၍ ရှေ့ကထိုင်ပါသည်။ နောက်တွင် ကိုလေးမြင့်၊ သဘော်သားကိုထွန်းမြင့် နှင့် ဆိပ်ကမ်းအရာရှိ ကိုကျော်မြင့်တို့ ထိုင်ကြပါသည်။

- မယ်လမုဘုရားရောက်သည့်အချိန်တွင် ည ၁၁ နာရီကျော်နေပြီဖြစ်ပြီး၊ ဘုရားဝင်း သံတံခါးကြီးကို ပိတ်ထားပြီးဖြစ်ပါသည်။ မည်သူ တစ်ဦးတစ်ယောက်မျှ မရှိကြတော့ပါ။ ဘုရားဝင်းထဲလည်းဝင်၍မရတော့ပါ။

- ထို့ကြောင့် ကျွန်တော်တို့အားလုံးက ပြန်ကြရန်ပြောဆိုရာ ဆရာဦးသိန်းလွင် က ဒီလောက်ရောက်လာမှတော့ အပြန် အင်္ဂလိပ်စာဆရာဦးမြင့်ဆွေကို ဝင်တွေ့သွားမည်ဟု ထပ်မံအရေးဆိုလာပါသည်။ ဆရာဦးမြင့်ဆွေမှာ တောင်ဥက္ကလာ ကန်တော်လိပ် သားဖွားဆေးရုံအရှေ့နားတွင် နေပါသည်။ ဆရာဦးမြင့်ဆွေ ၏ဇနီး ဒေါ်နှင်းအေးမှာ ကန်တော်လိပ်ဆေးရုံမှ ထမီအပြာ အကြီးတန်း နာ့ (စ်) ဖြစ်ပါသည်။ ကျွန်တော်၏ သမီးကြီး ယဉ်နွယ်ခိုင် နှင့် သမီးငယ်အေးသီခိုင် တို့ကို တောင်ဥက္ကလာ၊ ကန်တော်လိပ် ဆေးရုံတွင် မွေးဖွားစဉ် ဆရာမကြီးက ကျွန်တော့်ဇနီး မတင်တင်အေး နှင့် သမီးတို့ကို အထူးဂရုစိုက် စောင့်ရှောက်ပေးခဲ့သူ ဖြစ်ပါသည်။

- အပြန်လမ်းကြောင်း သိပ်မသင့်လှသော်လည်း ဆရာဦးသိန်းလွင်ကို အလိုလိုက်သည့် အနေဖြင့် ဝင်ကြတာပေါ့ဟုပြောလိုက်ရာ တကယ်ပင် ဆရာဦးမြင့်ဆွေ၏ အိမ်သို့ ကားကိုမောင်းပါသည်။ ဆရာဦးမြင့်ဆွေ၏ အိမ်ရောက်တော့ ( ၁၂ ) နာရီထိုးနေပါပြီ။ အိမ်ရှေ့တွင် ကားရပ်၍ ဟွန်းတီးခြင်း၊ အမည်ခေါ်ခြင်းပြုလုပ်ရာ ဆရာမကြီး ထွက်လာ၍ ခြံဝင်းတံခါးအား ဖွင့်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( မွေးလူနာ တစ်ယောက်ယောက် အရေးကြီးကိစ္စရှိ၍ ဆေးရုံမှ လာခေါ်သည်ဟုထင်ပြီး ထွက်လာခြင်းဖြစ်ကြောင်း၊ ဆရာမကြီးက အိမ်ပေါ်ရောက်သည့်အခါ ပြောပြပါသည်။ )

- ဆရာမကြီးထွက်လာသည်ကိုတွေ့သည့်အခါ ဦးသိန်းလွင် အနည်းငယ် အားနာသွားဟန် ရှိပါသည်။ ဦးသိန်းလွင်က ဆရာမကြီးအား မယ်လမုဘုရားမှအပြန် ဆရာဦးမြင့်ဆွေအား တွေ့ရန်လာခြင်းဖြစ်ကြောင်း ပြောရာ ဆရာမကြီးက ဘာမျှပြန်မပြောဘဲ ကျွန်တော်တို့ကို အိမ်ထဲသို့ ခေါ်သွားပါသည်။

ကျွန်တော်တို့ အိမ်ထဲရောက်သည့်အခါ ဆရာဦးမြင့်ဆွေက ဦးသိန်းလွင်၏ မျက်နှာကိုကြည့်ပြီး " ညီတော်မောင် ဘာကိစ္စ အရေးပေါ်လာလို့လဲ " ဟု မေးရာ ဦးသိန်းလွင်က -

" ဆရာ ဦးကိုနီ မယ်လမုဘုရား မရောက်ဖူးလို့ လိုက်ပို့တာ။ ဘုရားဝင်းပိတ်သွားလို့ အပြန် ဆရာ့ဆီ လမ်းကြုံလို့ဝင်လာတာပါ နောင်တော်ကြီး " ဟု ဖြေရှင်းချက်ပေးပါသည်။ BURMESE CLASSIC .com

ဆရာ ဦးမြင့်ဆွေက ဦးသိန်းလွင်အား ဘာမျှပြန်မပြောဘဲ ကျွန်တော့်ကိုကြည့်၍ " ဆရာနီ - ခင်ဗျားတို့ ' ကိုသိန်းလွင် ' ကို ' ကိုသိပ်လွန် ' လို့ နာမည်ပြောင်းပေးရင်ကောင်းမယ် " ဟု ပြောလိုက်ရာ ထိုအချိန်မှစ၍ " ဦးသိပ်လွန် " ဆိုသည့်အမည်သစ်ကို ဦးသိန်းလွင်အား ပေးခဲ့ခြင်းဖြစ်ပါသည်။

ဆရာဦးသိန်းလွင် ၏အိမ်သို့ ကျွန်တော်ရောက်ပြီးနောက် စားသောက်ဖွယ်ရာများကိုကြည့်ပြီး ဒေါ်ခင်ဝင်း အား " အစ်မ အရမ်းပင်ပန်းနေပြီလား၊ လုပ်ထားတာတွေအများကြီးပဲ " ဟု မေးရာ ဒေါ်ခင်ဝင်း က -

" ကျွန်မလုပ်ထားတာမဟုတ်ဘူးဆရာ၊ တော်တော်များများက မောင်ထက်ဝင်း ဝယ်လာတာပါ။ ဒါပေမဲ့ ဆရာကြိုက်တဲ့ လက်ဖက်သုပ်တော့ ကျွန်မလုပ်ထားပါတယ် "

ဟု ကျွန်တော့်ကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဝိုင်းတွင် ထိုင်ကြပြီးသည်နှင့် ကိုလေးမြင့်က ကျွန်တော့်အား -

" ဆရာရေ ဒီနေ့တော့ အမှုအကြောင်း ကျွန်တော် မမေးတော့ပါဘူး။ စားဖို့သောက်ဖို့ အလုပ်ကိစ္စတွေများနေလို့ အရေးကြီးတဲ့ အဲဒီအလုပ်တွေကို ကျွန်တော်လုပ်လိုက်အုံးမယ်"

ဟု အရွှမ်းဖေါက်ပါသည်။ ကိုလေးမြင့် က အရွှမ်းဖောက်နေသော်လည်း ကိုထက်ဝင်းက ကျွန်တော့်အား ယနေ့တရားရုံးချုပ်က ချမှတ်သည့်အမိန့်အကြောင်းကိုသာ အရေးတကြီး မေးနေပါသည်။

BURMESE CLASSIC .com

တရားရုံးချုပ်၏အမိန့်မှာ ရှည်လျားလှသည်မဟုတ်ပါ။ (၃) မျက်နှာခန့်သာရှိပါသည်။ သို့သော်လည်း အနှစ်သာရအားဖြင့် အတော်အတန် ကျယ်ပြန့်နေပါသည်။ နားထောင်မည့် ပရိသတ်အားလုံး သဘောပေါက်အောင် မည်သို့ပြောရမည်ကို စဉ်းစားနေစဉ် ဒေါ်ခင်ဝင်း က -

" ဆရာတို့အမှု ဒီနေ့အမိန့်ချတာ နိုင်တယ်ဆို "

ဟု ဝင်မေးလိုက်ရာ ကျွန်တော်က

" နိုင်တာမဟုတ်ပါဘူး။ ရှုံးနေတဲ့အမှုက မရှုံးသေးဘဲ သရေသဘောပြန်ဖြစ်သွားပြီး၊ ကျွန်တော်တို့ ဆက်ပြိုင်ကြရမယ့် သဘောပါအစ်မ "

ဟု ပြောလိုက်ရာ ဒေါ်ခင်ဝင်း တော်တော်စိတ်ရှုပ်သွားပုံရပါသည်။ ကိုလေးမြင့်က -

" ဆရာ့စကားက ဘာလဲဗျာ။ တရားပြိုင်တာမှာ သရေဆိုတာရှိလို့လား "

ဟု ဝင်ထောက်ပြန်ပါသည်။ ထိုအခါမှ ဦးသိန်းလွင်က ဝင်၍ -

" ဆရာရေ - ဒီနေ့ချတဲ့အမိန့်အကြောင်း ရှင်းပြပါအုံး "

ဟု စကားလမ်းကြောင်းတည့်မတ်ပေးရင်း ကျွန်တော့်ကို စကားလမ်းခင်းပေးပါသည်။ ကျွန်တော်က -

" အောက်ရုံးအမိန့်အတိုင်းဆိုရင် ကျွန်တော်တို့စွဲတဲ့အမှု ရှုံးသွားပြီပေါ့ဗျာ။ ဒီတော့ ကိုထက်ဝင်းတို့ အိမ်နှင့်မြေကိုလည်း ဦးစိန်သန်းတို့ တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်သွားပြီပေါ့။ ဒါပေမဲ့ ဒီနေ့တရားရုံးချုပ်က ချမှတ်တဲ့အမိန့်မှာ အောက်ရုံးရဲ့ အမိန့်ကို အတည်မပြုဘူးဗျ။ အကြောင်းပြချက်ကတော့ လက်ဗွေပါရဂူကို စစ်ဆေးတဲ့ကိစ္စ မပြီးပြတ်သေးလို့တဲ့။ အဲဒါကြောင့် တရားသဖြင့်ဖြစ်အောင် လက်ဗွေပါရဂူကို ပြန်ခေါ်ပြီး ကျွန်တော့်ကို စစ်မေးခွင့်ပေးရမယ်တဲ့။ တစ်ဖက်ကရှေ့နေများလည်း စစ်မေးလိုရင် မေးနိုင်တယ်တဲ့။ လက်ဗွေပါရဂူကို စစ်မေးတဲ့ကိစ္စပြီးရင် အမှုတွဲကို တရားရုံးချုပ်ကို ပြန်ပို့ပေးရမယ်တဲ့။ အပြီးသတ်အမိန့်ကို တရားရုံးချုပ်ကပဲ ချတော့မယ်တဲ့။ တော်တော် ထူးခြားတဲ့ အမိန့်ပဲဗျို့ ”

BURMESE CLASSIC .com

ဟု ကျွန်တော်ကရှင်းပြပါသည်။ ကျွန်တော်က အားတက်သရောဖြင့် ရှင်းပြနေသော်လည်း ဦးသိန်းလွင် မှအပ ကျန် နားထောင်နေကြသူများကား အေးစက်စက်ပုံစံ တွေ့ရသဖြင့် ကျွန်တော်စိတ်ညစ်သွားပါသည်။ ဦးသိန်းလွင် ၏ဇနီး ဒေါ်ခင်ဝင်း ရဲ့မျက်နှာကို အကဲခတ်လိုက်ရာ စောစောက ဝမ်းသာနေသည့်ပုံစံကိုပင် မတွေ့ရတော့ပါ။

အမှန်အားဖြင့် အားလုံးဝမ်းသာကြရမည့်အခြေအနေမျိုးဖြစ်သော်လည်း အများစု ဝမ်းမသာကြသဖြင့် သူတို့သဘောပေါက်အောင် ပုံစံပြောင်း၍ ရှင်းပြရန် စိတ်ကူးလိုက်ပါသည်။

ထိုအချိန်တွင် ဦးသိန်းလွင်က -

“ ကျွန်တော်တို့ လက်ဗွေပါရဂူကို ပြန်စစ်ခွင့်ရပြီဆိုရင် အခုအငြင်းပွားနေတဲ့ စာချုပ်တွေပေါ်က လက်ဗွေတွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေမဟုတ်ကြောင်း၊ တရားသူကြီးလက်ခံနိုင်အောင် လုပ်ဖို့ ကျွန်တော်တို့ဘက်က အခွင့်အရေး ပြန်ရပြီပေါ့ ဟုတ်လားဆရာ ”

ဟု မေးလာရာ ဦးသိန်းလွင်၏ မေးခွန်းအပေါ် ကိုထက်ဝင်းနှင့် ကိုလေးမြင့်တို့ စိတ်ဝင်စားဟန်ဖြင့် ကျွန်တော့်ကို ကြည့်နေကြပါသည်။ ဒေါ်ခင်ဝင်းကား အေးစက်စက်ပင်။

ကျွန်တော် ရုတ်တရက်ချက်ချင်း ပြောဆိုပုံ ပုံစံပြောင်းလိုက်ပါသည်။ ဦးသိန်းလွင်ကို ဦးတည်၍ ရှင်းပြခြင်းမျိုးမလုပ်တော့ဘဲ ကိုထက်ဝင်းကို ဦးတည် လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နီ " ကိုထက်ဝင်း ရေ - ကျွန်တော်တို့စွဲတဲ့အမှု အောက်ရုံးတရားသူကြီးရဲ့ အမိန့်အရ လုံးဝရှုံးသွားပြီနော် "

ဝင်း " ဟုတ်ပါတယ်ဆရာ "

နီ " ဒီအမိန့်အတိုင်းဆိုရင် အိမ်နဲ့မြေကို ခင်ဗျားတို့ မပိုင်တော့ဘူး၊ ဦးစိန်သန်း ပိုင်သွားပြီပေါ့ - ဟုတ်လား "

ဝင်း " ဟုတ်ပါတယ်ဆရာ "

BURMESE CLASSIC .com

နီ " အဲဒီ အောက်ရုံးရဲ့အမိန့်ဟာ မှန်တယ်လို့ တရားရုံးချုပ်က အတည်ပြု လိုက်ရင် ခင်ဗျားတို့ ဘာလုပ်ကြမလဲ။ အိမ်ပေါ်က ဆင်းပြီး၊ ဦးစိန်သန်း တို့ကို ပေးလိုက်တော့မှာလား "

ဝင်း " မပေးဘူးဆရာ၊ လုံးဝဖယ်မပေးပါဘူး "

နီ " ကိုထက်ဝင်း၊ ခင်ဗျားဟာ ပညာတတ်ဆရာဝန်တစ်ယောက်လေ၊ အမှန်တရားကို လက်မခံနိုင်ဘူးလား "

ဝင်း " ဆရာက ကျွန်တော်တို့ မမှန်ဘူးလို့ ဆိုလိုတာလား "

နီ " ကိုထက်ဝင်း၊ ကျွန်တော် ပြောနေတာဟာ ကျွန်တော့်သဘောထား မဟုတ်ဘူး။ တရားရုံးရဲ့ အမိန့်အကြောင်းပြောနေတာ။ အမှုရှုံးနေတဲ့ သူဟာ တရားရုံးရဲ့အမိန့်ကို ဆန့်ကျင် ပြောဆိုခွင့်မရှိဘူး ကိုထက်ဝင်း ရဲ့ "

ဝင်း " ဒါတော့ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် နည်းနည်းစိတ်လောသွား လို့ပါ "

နီ " ကောင်းပြီ၊ ဒါဆို အခုကျွန်တော်တရားရုံးချုပ်ရဲ့ ဒီနေ့ချတဲ့အမိန့် အကြောင်းကို တိုတိုပဲရှင်းပြမယ်။ ခင်ဗျား သေသေချာချာ နားထောင်ပြီး စဉ်းစားပါ။ "

ဝင်း " ဟုတ်ကဲ့ - ဆရာ "

www.burmeseclassic.com

www.burmeseclassic.com



**နီ** “ ခင်ဗျားကို အရှုံးပေးထားတဲ့ အောက်ရုံးရဲ့အမိန့်ကို တရားရုံးချုပ်က အတည်မပြုနိုင်ဘူးတဲ့။ အတည်ပြုလိုက်ရင် မတရားရာကျမယ်တဲ့။ ဒါ့ကြောင့် လက်ဗွေပါရဂူကို ပြန်စစ်ပါအုံးတဲ့။ နောက်မှ တရားရုံးချုပ်က တရားသူကြီး ကပဲ အပြီးအပြတ် ဆုံးဖြတ်ပေးမယ်တဲ့၊ ဒီတော့ ခင်ဗျားရှုံးသွားပြီလား ”

**ဝင်း** “ ရှုံးတာတော့မရှုံးပါဘူးဆရာ ”

**နီ** “ ကိုထက်ဝင်း၊ စကားကို ပြတ်ပြတ်ပြောစမ်းပါဗျာ။ ကျွန်တော်တို့ အချင်းချင်း ကြားမှာ ဘာပြဿနာမှမရှိပါဘူး။ ကျွန်တော်မေးတာက ရှုံးသွားပြီလားလို့ မေးတာ၊ ရှုံးရင် ရှုံးသွားပြီလို့ဖြေ။ ခင်ဗျားကို နိုင်ပြီလားလို့ ကျွန်တော် မမေးခဲ့ဘူး။ ”

BURMESE CLASSIC .com

ကိုထက်ဝင်း မဖြေဘဲတွေဝေနေစဉ် ဦးသိန်းလွင်က ဝင်၍ -

“ အဖြေက ရှင်းရှင်းလေးပါ။ ကျွန်တော်တို့ မရှုံးသေးဘူး ”

ဟု ပြောလိုက်ရာ ကိုလေးမြင့် က “ ဟုတ်တယ်ဆရာ ” ဟု ဝင်ရောက်ထောက်ခံ ပါသည်။ ကိုထက်ဝင်း က -

“ ဆောရီးဆရာ ကျွန်တော်သဘောပေါက်ပါပြီ ”

ဟု လေသံပျော့ပျော့ဖြင့် ပြောပါသည်။ ဒေါ်ခင်ဝင်း မျက်နှာလည်း ကြည်လင် လာသည်ကို တွေ့ရပါသည်။ ဒေါ်ခင်ဝင်း က -

“ ဆရာတို့ စကားလည်းပြော၊ စားလည်းစားကြ သောက်ကြပါအုံး ”

ဟု ဝင်ပြောရာ ကျွန်တော်တို့အားလုံး အချေအတင်စကားပြောဆိုနေကြရာမှ လမ်းကြောင်းမှန်ပေါ်သို့ ပြန်ရောက်သွားပြီး၊ အစားအသောက်ဖက်သို့ အာရုံ ရောက်သွားကြပါသည်။

အတန်ကြာသည့်အခါမှ ကျွန်တော်က ကိုထက်ဝင်းအား နောက်တစ်နေ့ ဆရာဦးသိန်းဟန်ထံ သွားရောက်ပြီး ကန်တော့ရန်၊ ကျေးဇူးတင်ကြောင်းပြောရန် ကိစ္စများကိုပြောရာ ကိုထက်ဝင်းက ကျွန်တော့်အား သင့်သလို စီမံပါရန်၊ သူ့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပါမည်ဟု ပြောပါသည်။ကျွန်တော်က ဆရာ ဦးသိန်းဟန် အားလပ်မည့်အချိန်ကို မေးမြန်းပြီးနောက် ကျွန်တော်နှင့် ကိုထက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



အတူသွားရောက် ကန်တော့ကြမည်ဖြစ်ကြောင်းပြော၍ ထိုကိစ္စစကားဖြတ်လိုက်ပါသည်။

ထို့နောက် ကျွန်တော်က ဦးသိန်းလွင်အား သူ၏တပည့် ( ×××× ) ရုံးမှ လက်ဝှေ့ပညာရှင်နှင့် တွေ့ဆုံလိုကြောင်း၊ ကိုထက်ဝင်းလည်း ပါဝင်ပြီး လက်ဝှေ့ပညာရပ်များကို လေ့လာထားစေလိုကြောင်း၊ ကိုထက်ဝင်းမှာ ဆရာဝန်ဖြစ်၍ လက်ဝှေ့အကြောင်း အလွယ်တကူ လေ့လာသိရှိနိုင်ကြောင်း၊ လာမည့် ရုံးချိန်းများတွင် ကျွန်တော်နှင့် လက်ဝှေ့ပါရဂူတို့ အပြင်းအထန် တိုက်ပွဲဆင်နွှဲကြရတော့မည်ဖြစ်ရာ ကိုထက်ဝင်း၏ အကူအညီများစွာလိုအပ်ကြောင်း ရှင်းပြပြောဆိုခဲ့ပါသည်။ ဦးသိန်းလွင်နှင့် ကိုထက်ဝင်း တို့နှစ်ဦးလုံးက သူတို့ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း၊ ကျွန်တော့်အား ကတိပြုပြောကြားခဲ့ရာ နောင်လာမည့် ရင်ဆိုင်ပွဲများအတွက် အားတက်မိပါသည်။

ပုံမှန် တရားခွင်တိုက်ပွဲမျိုးမဟုတ်ဘဲ ပြင်းထန်သောတိုက်ပွဲကြီး မကြာမီ စတင်တော့မည် ဖြစ်ပါသည်။

*****

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

## တရားခွင်တိုက်ပွဲကြီး စပြီ

တရားရုံးချုပ်၏အမိန့်နှင့်အညီ လက်ဗွေပါရဂူအား စစ်ဆေးရန်နေ့ရက်ကို အောက်ရုံးတရားသူကြီးက (၂၉-၁၁-၉၁) တွင် စစ်ဆေးမည်ဖြစ်ကြောင်း ရုံးချိန်း သတ်မှတ်ပေးလိုက်ပါသည်။

ကျွန်တော်ရင်ဆိုင်ရမည့် လက်ဗွေပါရဂူမှာ မြန်မာနိုင်ငံ၏တစ်ဦးတည်းသော တရားဝင် လက်ဗွေပညာရှင်ဖြစ်ရာ ကျွန်တော်ကဲ့သို့ သာမန်ရှေ့နေလူငယ် တစ်ယောက် အတွက် ယှဉ်ပြိုင်ဘက်မဟုတ်ပါ။ သူက လက်ဗွေပညာအရ အလွန်မြင့်သူ ဖြစ်ပါသည်။

သို့သော် ကျွန်တော့်ဘက်တွင်လည်း (The Act of Advocacy) ဟုခေါ်သော ရှေ့နေပညာရှိနေပါသည်။ ရှေ့နေပညာဆိုသည်မှာ အလွန်နက်နဲသိမ်မွေ့သော ပညာရပ် ဖြစ်ပါသည်။ ကျွန်တော့်သည် ရှေ့နေအဖြစ် အလုပ်လုပ်နေသည်မှာ ၁၃/၁၄ နှစ်ခန့်သာ ရှိသေးရာ " ရှေ့နေပညာ " ကို ကျွမ်းကျင်သူတော့မဟုတ်သေးပါ။ " ရှေ့နေပညာ " ရှိသည်ဆိုသည်ကို သိသည့်အဆင့်လောက်သာ ဖြစ်ပါသည်။

(ရှေ့နေပညာနှင့်ပတ်သက်၍ ကျွန်တော်လေ့လာ သိရှိရသမျှကို အလျဉ်းသင့် ပါက နောက်ပိုင်းတွင် ဖော်ပြပေးပါမည်။)

www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပညာရှင်ပါရဂူကို ရှေ့နေပညာဖြင့် တရားခွင်တိုက်ပွဲ နွဲကြတော့မည်ဖြစ်ရာ တိုက်ပွဲပုံစံကို ကျွန်တော်စဉ်းစားရပါသည်။ ကျွန်တော်က အသက်ငယ်ပြီး၊ သူက အသက်ကြီးသည့်အပြင် ပါရဂူဘွဲ့ရ ပညာရှင်တစ်ဦးလည်းဖြစ်ရာ အကယ်၍ ကျွန်တော်က အောက်စီးပုံစံဖြင့် နှိမ့်ချပြောဆို ဆက်ဆံပါက သူက ကျွန်တော့်ကို အထက်စီးက ဆက်ဆံပေတော့မည်။

ကျွန်တော်က အသက်ငယ်သော်လည်း အထက်စီးမဟုတ်သည့်တိုင် သူနှင့်တန်းတူ ဥပဒေပညာရှင် ရှေ့နေတစ်ဦးပုံစံဖြင့် သူ့ကို ပြောဆိုဆက်ဆံနိုင်မည်ဆိုပါက သူ - ကျွန်တော့်ကို အတန်ငယ် လေးစားလိမ့်မည်ဟု ထင်မြင်ယူဆပါသည်။

ထို့ကြောင့် ရုံးချိန်းရက်မတိုင်မီ လိုအပ်သည့်ပစ္စည်းများကို ရှာဖွေစီစဉ်ပါသည်။ ကျွန်တော် စီစဉ်ထားသည့် ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) Pointer (ခေါ်) " ထောက်ညွှန်ပြတံ " (၂) ခု။ (မင်ကုန်သွားသည့် ဘောပင်ကော်ချောင်း၏ထိပ်ရှိ ကြေးပွိုင့်ကိုချွတ်ပစ်၍ ပင်အပ်ကို မီးအပူပေးကာ နောက်ပြန်စိုက်ထားခြင်း ဖြစ်ပါသည်။ အိမ်တွင် ကျွန်တော်ကိုယ်တိုင် ပြုလုပ်ထားခြင်းဖြစ်ပါသည်။) (၂) ခု ပြုလုပ်ရခြင်းမှာ ကိုယ်ကတစ်ခုကိုင်၍ ထောက်ပြချိန်တွင် (ပါရဂူ) လည်း ထောက်ပြလိုပါက အသုံးပြုနိုင်ရန် (၂) ခုပြုလုပ်ထားခြင်းဖြစ်ပါသည်။

(၂) ကော်ပြားပေတံ (၆'-အရှည်) အကြည်တစ်ခု။

(၃) မှန်ဘီလူး (အဝိုင်းကြီး) တစ်ခု (လက္ခဏာကြည့်သူများသုံးသည့် မှန်ဘီလူးမျိုး ) ( မှန်ဘီလူးကိုသုတ်ရန် ပဝါတစ်ခုလည်း ပါဝင်ပါသည်။ )

(၄) လက်ဗွေပညာရပ်ဆိုင်ရာ စာအုပ်များ။ ( အမှန်အားဖြင့် လက်ဗွေနှင့်ဆိုင်သည့် စာအုပ်မှာ (၃) အုပ်သာရှိပြီး ထိုစာအုပ်များမှာ ခပ်ပါးပါးဖြစ်၍ (၃) အုပ်ပေါင်းမှ တစ်လက်မခန့်သာရှိသည်။ စာအုပ်များ၏ ဟိတ်ဟန်မှာ သိပ်မကောင်းလှသဖြင့် ကျွန်တော့်ရုံးခန်းရှိ ဆေးဘက်ဆိုင်ရာ ဥပဒေသိပ္ပံ ( Medical Jurisprudence ) ဟုခေါ်သည့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် (၂') ခန့်ထူသည့် စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်နှင့် နိုင်ငံခြား ဥပဒေပညာရှင်တစ်ဦး ရေးထားသည့် သက်သေခံ ဥပဒေစာအုပ်တစ်အုပ်ကိုလည်း တရားရုံးသို့ယူသွားရန် စီစဉ်ထားပါသည်။ ထိုစာအုပ်များသည် ထူထဲသော စာအုပ်များ ဖြစ်သော်လည်း လက်ဗွေအကြောင်း များများမပါပါ။ " ဟန်ကိုယ့်ဖို့ " ဆိုသည့်သဘောဖြင့် ယူသွားရန် စီစဉ်ထားခြင်း ဖြစ်ပါသည်။ )

အထက်ပါ ပစ္စည်းများကို ကျွန်တော် စီစဉ်ထားသည့်အပြင် ကိုထက်ဝင်းကိုလည်း ကျွန်တော်အမှုစစ်ဆေးနေစဉ် တစ်လျှောက်လုံး ကျွန်တော်၏ ဘေးတွင် ကပ်၍ ထိုင်နေရန်နှင့် သပ်ရပ်ခံ့ညားစွာ ဝတ်စားဆင်ရင်လာရန်လည်း မှာထားပါသည်။ လက်ဗွေပညာနှင့်ပတ်သက်၍ လက်ဗွေပါရဂူက သိရှိနိုင်သည့် အကြောင်းအရာများရှိသကဲ့သို့ ဆရာဝန်တစ်ဦးလည်း သူသိနိုင်သည့် အကြောင်းအရာများ ရှိနိုင်သဖြင့် လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များကို ဂရုစိုက်နားထောင်ရန်နှင့် ကျွန်တော့်အား အကြံပေးရန်ရှိပါက ချက်ချင်းအကြံဉာဏ်ပေးရန် မှာကြားထားပါသည်။ (အမှန်တကယ်အားဖြင့်လည်း ကိုထက်ဝင်းသည် လက်ဗွေအကြောင်း ကောင်းစွာလေ့လာနေသူဖြစ်ပါသည်။ သူ့အမှုအနိုင်ရရေးအတွက် ကျွန်တော့်ကို ကူညီနိုင်ရန် လေ့လာနေခြင်းဖြစ်ပါသည်။ ဆရာ ဦးသိန်းလွင်၏ တပည့်ဖြစ်သူ (× × ×) ဌာနမှ လက်ဗွေပညာရှင်ကလည်း ကျွန်တော်နှင့် ကိုထက်ဝင်း တို့အား သူတွေ့ရှိသည့် လက်ဗွေတစ်ခုနှင့်တစ်ခု ကွဲလွဲချက်များကို အကြံပေးထားရာ အထောက်အကူများစွာ ရခဲ့ပါသည်။)

**ရုံးချိန်းရက် ၊ ၂၉-၁၁-၉၁ ၊ နံနက် ( ၁၁ ) နာရီ**

ကျွန်တော်တို့အဖွဲ့ (ကျွန်တော်၊ မောင်သန်းဖေနှင့် ကိုထက်ဝင်း) တို့ တရားရုံးသို့ ချိန်းထားသည့် (၁၁) နာရီအချိန်မတိုင်မီ အရောက်သွားကြရာ တစ်ဖက်ရှေ့နေကြီးများလည်း ရောက်ရှိနေကြသည်ကို တွေ့ရပါသည်။ (၁၁) နာရီ ထိုးခါနီးတွင် လက်ဗွေပါရဂူကြီးလည်း သူ၏တပည့်များနှင့် ရောက်လာပါသည်။ ကျွန်တော်တို့ တရားခွင်တွင်ထိုင်သည့်အခါ ကိုထက်ဝင်းကို ကျွန်တော်၏ဘေးတွင် ကပ်၍နေရန် စီစဉ်ပေးထားပြီး ကိုသန်းဖေ ကိုမူ ကိုထက်ဝင်း ဘေးတွင် ထိုင်ခိုင်းပါသည်။

ကျွန်တော်ယူလာသည့် Pointer (ထောက်ညွှန်တံ)၊ တော်အကြည်ပေတံ၊ မှန်ဘီလူးကြီး နှင့် လက်ဗွေဆိုင်ရာစာအုပ်များကို စားပွဲပေါ်တွင် လက်ဗွေပါရဂူကြီး မြင်သာအောင် တရည်တရွယ် ချထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့နှင့် ကျွန်တော်တို့ ယူလာသည့် ပစ္စည်းများ၊ စာအုပ်များကို မြင်တွေ့ပြီး တစ်ဖက်ရှေ့နေကြီးရော၊ လက်ဗွေပါရဂူပါ အံ့အားသင့်နေပုံရပါသည်။ တရားသူကြီးကလည်း ကျွန်တော်တို့ကို စိတ်ဝင်စားနေပုံရပါသည်။

တရားသူကြီးက ပါရဂူကြီးအား ကျမ်းကျိန်ဆိုစေပြီး ကျွန်တော့်အား စစ်မေးနိုင်ပြီဖြစ်ကြောင်း ခွင့်ပြုရာ - ကျွန်တော်က -

**ရှေ့နေမေး** - ခင်ဗျား ဒုတိယအကြိမ် ရုံးရှေ့မှာ အစစ်ခံတဲ့အချိန်က ခင်ဗျားတို့ ဌာနကပေးခဲ့တဲ့ လက်ဗွေဆိုင်ရာ ထင်မြင်ချက်အပေါ် တရားလိုဘက်က အငြင်းပွားရင် ခင်ဗျားကိုယ်တိုင် ရုံးရှေ့မှာပဲ တရားလိုဒေါ်ခင်မြိုင်၏ လက်ဗွေပုံစံကို ပြန်လည်နှိပ်ယူ စစ်ဆေးပေးနိုင်ကြောင်း ထွက်ဆိုခဲ့သည်မဟုတ်လားဆိုလျှင် "

ဟု ကျွန်တော်က ပထမဆုံးမေးခွန်းအဖြစ် မေးလိုက်ပါသည်။ နောက်ဆက်တွဲမေးခွန်းများ အများအပြား မေးရန်ရှိ၍ အစပျိုးသည့်အနေဖြင့် မေးလိုက်ခြင်းဖြစ်ပါသည်။

**သက်သေဖြေ**- " နမူနာလက်ပုံစံကို ထပ်မံနှိပ်ယူပြီး စစ်ဆေးခြင်းသည် လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆောင်ရွက်ရန် လိုအပ်ကြောင်း တင်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ "

သက်သေ၏ အဖြေမှာ အလွန်ပါးနပ်ပြီး ကျွန်တော် ရှေ့ဆက်မေးရန် ရည်ရွယ်ထားသည့် မေးခွန်းများကို ပိတ်ဆို့ဖြေသွားသည်ကို တွေ့ရပါသည်။ ယခင်ရုံးချိန်းများက ထွက်ဆိုသည့် ပုံစံနှင့်မတူဘဲ ကျွန်တော်၏ မေးခွန်းအပေါ် အလွန်သတိထား၍ ဖြေဆိုနေသည်ကိုလည်း ကျွန်တော် သတိထားမိပါသည်။ ကျွန်တော်က ဆက်လက်၍ ဒုတိယမေးခွန်းအဖြစ် -

**ရှေ့နေမေး** - " ခင်ဗျားက ကျွန်တော်အထက်မှာမေးခဲ့တဲ့ မေးခွန်းအတိုင်း လက်ဗွေကို ရုံးရှေ့မှာနှိပ်ယူပြီး ပြန်စစ်ပေးနိုင်ပါတယ်လို့ ခင်ဗျားသဘောနဲ့ခင်ဗျား ပြောခဲ့လို့ ကျွန်တော်တို့ တရားလိုဘက်ကလည်း ပြန်စစ်ပေးပါလို့ တရားရုံးကို လျှောက်ထားရန်အကြောင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည် ဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**သက်သေဖြေ-** “ ငြင်းပါသည် ”

ဟုဖြေဆိုပြီးနောက် ရှည်လျားစွာ ရှင်းလင်းချက်များ ပေးနေပါသည်။

ရှေ့က ထွက်ချက်နှင့် ကွဲလွဲနေပြီဖြစ်ပါသည်။ ကျွန်တော်က သူ့ကို ရည်ရွယ်ချက်တစ်ခုဖြင့် ချောင်ပိတ်၍ အထက်ပါမေးခွန်းများကို မေးနေကြောင်း ရိပ်မိဟန်ရှိပါသည်။ ကျွန်တော်က တတိယမေးခွန်းအဖြစ် -

**ရှေ့နေမေး** - “ ခင်ဗျားကို ကျွန်တော်က လက်ဗွေတစ်ခုချင်းအပေါ် အသေးစိတ် အချက်များကို ထောက်ပြပြီး မေးမြန်းလာတဲ့အခါမှ ခင်ဗျားက ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေကို ရုံးရှေ့မှာ ထပ်မံနှိပ်ယူပြီး စစ်ဆေး ပေးနိုင်တယ်လို့ ပြောလာခဲ့ခြင်းသာဖြစ်သည်ဆိုလျှင် ”

**သက်သေဖြေ-** “ ထိုကဲ့သို့ ဖြေရခြင်းမှာ တရားလို၏ရှေ့နေကြီး မေးမြန်းသည့် မေးခွန်းများကို ကျွန်တော် ဖြေနေရ၍ဖြစ်ပါသည်။ ”

ဟု ဖြေဆိုခဲ့ပါသည်။

(ကျွန်တော်က ယခင်ရုံးချိန်းက သူ၏ထွက်ဆိုချက်များကို သူမြင်သာအောင် (တမင်) ကြည့်ရှုပြီးမှ မေးမြန်းနေသည်ကို သူတွေ့မြင်သွားသဖြင့် သူ၏ဖြေဆိုချက်နှင့် လေသံပါ ပြောင်းသွားခြင်း ဖြစ်ပါသည်။ လေသံလည်း အနည်းငယ်ပျော့သွားသည်ကို တွေ့ရပါသည်။)

ယခင် ရုံးချိန်းမှ ထွက်ဆိုချက်များကို သက်သေပါရဂူကြီး အနေဖြင့် အပြည့် အစုံ မှတ်မိပုံမရပါ။ ထို့ကြောင့် ရှေ့ပိုင်းတွင် ငြင်းဆိုနေခြင်းဖြစ်ပြီး၊ ကျွန်တော်က သူ၏ရှေ့က ထွက်ချက်များကို တမင်မြင်သာအောင် ဟန်ဆောင်ဖတ်ရှုပြီး မေးမြန်း တော့မှ ပြန်လည်သတိရသွားပုံရပါသည်။

ကျွန်တော်က ဆက်လက်၍ သက်သေအား စတုတ္ထမေးခွန်းအဖြစ် ရှေ့သို့ တဆင့်တိုး၍ မေးမြန်းသည့်အနေဖြင့် -

**ရှေ့နေမေး** - “ ခင်ဗျားအနေနဲ့ ပထမအကြိမ် ရုံးရှေ့မှာ အစစ်ခံစဉ်တုန်းက လက်ဗွေပါရဂူတစ်ဦး၏ ရုံးရှေ့အစစ်ခံခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို တင်ပြထွက်ဆိုလို့ မရဘူးလား ဆိုလျှင် ”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ ကျွန်တော်၏ မေးခွန်းသည် သက်သေ ပထမအကြိမ် ရုံးရှေ့ အစစ်ခံစဉ်ကပင် ပြောဆိုတင်ပြရမည့်အချက်များကို တတိယအကြိမ် အစစ်ခံတော့မှ တင်ပြလာခြင်းကိုတိုက်ခိုက်ရန် ရည်ရွယ်၍မေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်ကို သက်သေအနေဖြင့် သိမသိ ကျွန်တော်မသိပါ။ ကျွန်တော်၏ မေးခွန်းဆုံးသည်နှင့် တစ်ဖက်မှ တရားပြိုင် (၁) ၏ ရှေ့နေကြီးက ရုတ်တရက် ထရပ်ကာ -

" ဒီမေးခွန်းဟာ နိမိတ်ပြမေးခွန်းဖြစ်လို့ ကန့်ကွက်ပါတယ် "

ဟုပြောဆို ကန့်ကွက်ပါသည်။

သက်သေများကို စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကိုယ်တင်ပြသည့် သက်သေကို ကိုယ်လိုချင်သည့်အဖြေရအောင် ရည်ရွယ်မေးမြန်းသည့် နိမိတ်ပြမေးခွန်းမျိုး မေးခွင့်မရှိဟု တားမြစ်ထားပါသည်။ တစ်ဖက်က တင်ပြသည့်သက်သေကိုမူ နိမိတ်ပြမေးခွန်း မေးခွင့်ရှိပါသည်။ ယခု လက်ဖွေပါရဂူသည် ကျွန်တော်တို့ တရားလိုဘက်က တင်ပြသည့် သက်သေဟု တရားပြိုင်၏ ရှေ့နေကြီးကသဘောထားပြီး ယခုကဲ့သို့ ကန့်ကွက်လာခြင်းဖြစ်သည်ကို တွေ့ရပါသည်။

တစ်ဖက်ကရှေ့နေကြီး ကန့်ကွက်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော် ကလည်း စိတ်တိုသွားဟန်ဖြင့် အသံကျယ်လောင်စွာဖြင့် ရုံးတော်သို့ -

" လက်ဖွေပါရဂူကြီးဟာ တရားလိုဘက်၊ ဒါမှမဟုတ် တရားပြိုင်ဘက် သက်သေအနေနဲ့ လာရောက်အစစ်ခံနေခြင်း မဟုတ်ပါခင်ဗျား။ ပညာရှင် တစ်ဦးအနေနဲ့ လာပြီးအစစ်ခံနေခြင်းဖြစ်သလို အခု ကျွန်တော် စစ်မေး နေတာတွေဟာလည်း တရားရုံးချုပ်အမိန့်နဲ့အညီ ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် မေးနေတာမို့လို့ ကျွန်တော့်အနေနဲ့ မေးလိုတဲ့အချက်ကို ဘယ်ပုံစံနဲ့မဆို မေးခွင့်ရှိပါတယ်ခင်ဗျား "

ဟု လျှောက်ထားတင်ပြလိုက်ပါသည်။

ကျွန်တော်တို့ နှစ်ဘက်ရှေ့နေများ အငြင်းပွားနေကြသည်ကို တရားသူကြီး အနေဖြင့် အတန်ငယ်စိတ်မကောင်းဖြစ်သွားပုံရပါသည်။ သို့သော်လည်း တရားသူကြီး

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်အနေဖြင့် နိမိတ်ပြမေးခွန်း မေးခွင့်ရှိမရှိ အမိန့်တစ်ရပ် ချမှတ်နိုင်ရန် အတွက် လာမည့်ရုံးချိန်းတွင် လျှောက်လဲချက်များ ကြားနာမည်ဖြစ်ကြောင်း ပြောကြား၍ (၉-၁၂-၉၁) နေ့သို့ ရက်ချိန်းပေးလိုက်ပါသည်။

(၉-၁၂-၉၁) နေ့တွင် ကျွန်တော်တို့၏ လျှောက်လဲချက်ကို နားထောင်ပြီး နောက် လာမည့်ရုံးချိန်းတွင် အမိန့်ချမှတ်၍ လက်ဗွေပါရဂူအား ဆက်လက်စစ်ဆေး သွားမည်ဖြစ်ကြောင်း ပြောကြားကာ (၁၂-၁၂-၉၁) နေ့ကို ရက်ချိန်းပေးလိုက်ပါသည်။

ဪဪဪဪဪ

**ရုံးချိန်းရက် ၊ ၁၂-၁၂-၉၁ ၊ နံနက် (၁၀း၃၀) နာရီ**

ကျွန်တော်၏မေးခွန်းအပေါ် တစ်ဖက်ကရှေ့နေကြီးက နိမိတ်ပြမေးခွန်း ဖြစ်၍ ကန့်ကွက်ထားသည့်ကိစ္စအပေါ် အမိန့်ချမှတ်ပါသည်။

တရားရုံး၏အမိန့်တွင် ကျွန်တော်တို့ နှစ်ဘက်ရှေ့နေများ၏ တင်ပြချက်များ အပေါ် တရားရုံး၏ သုံးသပ်ချက်အပိုင်းကိုမတင်ပြတော့ဘဲ တရားသူကြီး၏ ထင်မြင် ယူဆချက်နှင့်အမိန့်ကိုသာ အကျဉ်းချုပ်ဖော်ပြပါမည်။

<u>**အမိန့်**</u>

နိမိတ်ပြမေးခွန်းဆိုသည်မှာ မေးမြန်းသူကၔင်းလိုချင်သည့် အဖြေကို အရိပ်အမြွက်ပြသော မေးခွန်း၊ ရေလာမြောင်းပေးမေးခွန်းမျိုးဖြစ်ကြောင်း၊ လိုချင်သော အဖြေကို မေးခွန်းတွင် အပြည့်အစုံဖော်ပြကာ ဖြေဆိုသူကို - ဟုတ်ပါသည်။ သို့မဟုတ် မဟုတ်ပါဆိုသော အဖြေတစ်ခုခုကိုသာ ဖြေဆိုရန် တာဝန်ရှိစေသည့် မေးခွန်းမျိုးသည် နိမိတ်ပြမေးခွန်းဖြစ်ကြောင်းဖြင့် ဆရာကြီး ဦးသက်ဖေ၏ “ သက်သေခံဥပဒေ၏ သိကောင်းစရာများ ” ကျမ်းစဉ် စာမျက်နှာ-၃၄၄ ၌ ဖော်ပြထားသည်။ သို့ဖြစ်ရာ အထက်တွင် ဖော်ပြခဲ့သည့် အငြင်းပွားနေသော မေးခွန်းသည် နိမိတ်ပြမေးခွန်းဟု အတိအကျဆိုရန် ခဲယဉ်းပေသည်။ အကယ်၍ ယင်းမေးခွန်းသည် နိမိတ်ပြမေးခွန်းဟု အတိအကျ ဆိုနိုင်သည့်တိုင်အောင် ယခုအမှုတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်အရ စစ်ဆေးပြီး သက်သေကို ပြန်လည်စစ်ဆေးသည့်အမှုဖြစ်၍ လည်းကောင်း၊ သက်သေ မှာ ပြည်သူ့ဝန်ထမ်းအရာရှိတစ်ဦးဖြစ်သည့်အပြင် ဆိုင်ရာဘာသာရပ်တွင် ကျွမ်းကျင်သူ ပါရဂူတစ်ဦးအနေဖြင့် ပညာရပ်ဆိုင်ရာများကိုသာ သက်သေခံနေသည့် ပုဂ္ဂိုလ်ဖြစ်၍

www.burmeseclassic.com



လည်းကောင်း၊ မေးခွန်းတစ်ရပ်သည် ပုံစံအားဖြင့် နိမိတ်ပြရာရောက်သည့် တိုင်အောင် ခွင့်ပြုနိုင်ပေသည်။ ထိုသို့ခွင့်ပြုနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ-၁၄၂ တွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ယခုအငြင်းပွားမေးခွန်းသည် (၂၀-၉-၉၀) နေ့၌ ဒေါ်ခင်မြိုင်၏ လက်ဗွေကို ထပ်မံရယူခဲ့ခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းဖြစ်နိုင်သည့် အပြင် နိမိတ်ပြမေးခွန်း ဟုလည်း အတိအကျဆိုနိုင်ရန် ခဲယဉ်းကြောင်း အထက်တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

**ထို့ကြောင့် ယခုအငြင်းပွားနေသော အထက်တွင် ဖော်ပြခဲ့သည့် တရားလို ရှေ့နေ၏မေးခွန်းကို မေးမြန်းခွင့်ပြုကြောင်း အမိန့်ချမှတ်သည် "**

**စရိတ် မသတ်မှတ်။**

ပုံ/-
ဒုတိယလက်ထောက်တိုင်းတရားသူကြီး (၁၀)
( တရားမ )

အထက်ပါအမိန့်ကို တရားသူကြီးက ချမှတ်ပြီးနောက် ကျွန်တော့်အား လက်ဗွေပါရဂူကို ဆက်လက်၍စစ်မေးရန် ပြောဆိုခွင့်ပြုသဖြင့် ကျွန်တော်က - သက်သေပါရဂူအား ကျမ်းကျိန်ဆိုစေပြီးနောက် ယခင်ရုံးချိန်းက ကျွန်တော် မေးမြန်းထားသည့်မေးခွန်းကို ဖတ်ပြပြီး ဖြေကြားပေးရန် ပြောဆိုပါသည်။

**သက်သေဖြေ-** " ကျွန်တော် ရုံးရှေ့ရောက်သည့်အချိန်တွင် တရားလို၏ ရှေ့နေကြီး၏ မေးခွန်းများကို ဖြေနေရသည်ဖြစ်၍ လုပ်ထုံးလုပ်နည်းများကို နောက်မှတင်ပြရခြင်းဖြစ်ပါသည်။ "

သက်သေသည် အဖြေကို ကြိုတင်စဉ်းစားလာပုံရပါသည်။ အေးဆေး သက်သာစွာ ဖြေဆိုသွားသည့်အပြင် ကျွန်တော့်ကိုပါ သွယ်ဝိုက်၍ ပညာသားပါပါ အပြစ်ဖို့သွားသည်ကို တွေ့ရပါသည်။

အမှန်အားဖြင့် ကျွန်တော်၏ မေးခွန်းများသည် လက်ဗွေပညာသဘောအရ အရေးပါသော မေးခွန်းမဟုတ်ပါ။ လက်ဗွေပါရဂူကြီး၏ ထွက်ချက်များ သေချာ ရေရာမှုမရှိကြောင်း ရှေ့နောက်မညီညွတ်ကြောင်း ရုံးတော်မှ သတိပြုမိစေရန် ရည်ရွယ်ချက်ဖြင့် မေးမြန်းနေသော မေးခွန်းများသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ရည်ရွယ်ချက် အတော်အတန် အောင်မြင်ပြီဖြစ်၍ ယနေ့ ရုံးချိန်းတွင် မေးခွန်းများ ပြောင်းလဲကာ ပညာရပ်ပိုင်းကို အဓိကထားမေးမြန်းသွားရန် စဉ်းစားပြီး ဆက်လက်၍ မေးမြန်းခဲ့ပါသည်။

**ရှေ့နေမေး** - " ၂၀-၉-၉၀ နေ့ ရုံးချိန်းရက်တုန်းက တရားရုံးရှေ့မှာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေကို ခင်ဗျားကိုယ်တိုင် နှိပ်ယူခဲ့ပြီး၊ အငြင်းပွားနေတဲ့ စာချုပ်နှစ်ခုမှာရှိတဲ့ လက်ဗွေတွေကို ခင်ဗျား အသင့်ယူလာတဲ့ မှန်ဘီလူးကြီးနဲ့ (၃) မိနစ်ကျော် (၄) မိနစ်ခန့်ကြာ လေ့လာကြည့်ရှုပြီး လက်ဗွေ (၃) ခုလုံး တစ်ထပ်တည်း တူညီငြ ၄ ထင်မြင်ချက်ပေးခဲ့တယ် မဟုတ်လားဆိုလျှင် "

**သက်သေဖြေ**- " မှန်ပါသည်။ သေချာစွာကြည့်ရှု စစ်ဆေးပြီးမှ တစ်ထပ်တည်း တူညီကြောင်း ထင်မြင်ချက် ပေးခဲ့ခြင်းဖြစ်ပါသည်။ "

**ရှေ့နေမေး** - " လက်ဗွေ (၃) ခုကို (၃) မိနစ်ကျော် (၄) မိနစ်ခန့် ကြည့်ရှု စစ်ဆေးတာဟာ သေသေချာချာကြည့်ရှုစစ်ဆေးတာလို့ ဆိုနိုင်ပါသလား ဆိုလျှင် "

**သက်သေဖြေ**- " ဆိုနိုင်ပါသည်။ ကျွန်တော်သည် လက်ပုံစံများ တူမတူ စစ်ဆေးရသည့်ကိစ္စကို နှစ်ပေါင်းများစွာ လုပ်လာသူဖြစ်၍ (၂) မိနစ် (၃) မိနစ်အတွင်း တူမတူ ထင်မြင်ချက် ပေးနိုင်သည့် စွမ်းရည်ရှိပါသည် "

ကျွန်တော်က ဒေါ်ခင်မြိုင်၏ လက်ဗွေမူရင်းနှင့် အငြင်းပွားစာချုပ် (၂) ခုပါ လက်ဗွေများ စုစုပေါင်း လက်ဗွေ (၃) ခုကို တိုက်ဆိုင်စစ်ဆေးသည့်ကိစ္စသည် (၃) မိနစ်ခန့်အတွင်း ဆောင်ရွက်၍ မဖြစ်နိုင်ကြောင်း တရားရုံးအနေဖြင့် သတိပြုမိစေရန် ရည်ရွယ်ချက်ဖြင့်မေးမြန်းနေရာ သက်သေက (၂) မိနစ်အတွင်းပင် **သူ၏** အတွေ့အကြုံအရ ပြောပြနိုင်ကြောင်း ဖြေဆိုခဲ့ရာ ကျွန်တော်အလွန် ဝမ်းမြောက်မိပါသည်။ ကျွန်တော်၏အကြံကို သူမရိပ်မိ၍ ဝမ်းသာခြင်းဖြစ်ပါသည်။

တစ်ဖက်ရှေ့နေကြီးများ၏ မျက်နှာမှာ လက်ဗွေပါရဂူကြီး၏ ဖြေဆိုချက်ကြောင့် ကျွန်တော် အတော်လေးခံလိုက်ရပြီဟုယူဆပြီး ကျေနပ်နေပုံရပါသည်။ ကျွန်တော်က ဆက်လက်၍ -

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေမေး - "ထင်ရှားရှင်းလင်းသော လက်ဗွေပုံစံတစ်ခုသည် သာမန်မျက်စိဖြင့် မြင်နိုင်သည် ဆိုလျှင်"

သက်သေဖြေ- "မြင်နိုင်ပါသည်"

ရှေ့နေမေး - "သာမန်မျက်စိဖြင့် မြင်နိုင်သော လက်ဗွေပုံစံတစ်ခုကို မှန်ဘီလူးဖြင့် ပုံကြီးချဲ့ကြည့်လျှင် ပို၍ရှင်းလင်းပြတ်သားစွာ မြင်နိုင်ပြီး နှိုင်းယှဉ်စစ်ဆေးရာတွင် ပို၍ မှန်ကန်မည်ဆိုလျှင်"

သက်သေဖြေ- "မှန်ပါသည်"

ရှေ့နေမေး - "မှေးမှိန် ပျက်ပြယ်နေပြီး သာမန်မျက်စိဖြင့် မမြင်နိုင်သည့် လက်ဗွေပုံစံတစ်ခုကို မည်မျှပင် ပုံကြီးချဲ့စေကာမူ မြင်နိုင်မည် မဟုတ် ဆိုလျှင်"

သက်သေဖြေ- "မှန်ပါသည်"

ဤအဖြေသည် ကျွန်တော် အလွန်လိုလားနေသည့် အဖြေဖြစ်ပါသည်။ သက်သေ မငြင်းနိုင်သည့် မေးခွန်းများကို တဆက်တည်းမေးနေရာ ဤမေးခွန်းကိုလည်း ရှေ့ကဖြေဆိုခဲ့သည့်အတိုင်း "မှန်ပါသည်" ဟု အလွယ်တကူဖြေဆိုသွားခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်အမှန်ကို သိလျှင် "မှန်ပါသည်" ဟု ဖြေမည်မဟုတ်ပါ။ အခြားအဖြေတစ်မျိုးမျိုး ပေးလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော်က နောက်ထပ်မေးခွန်းမမေးမီ ကျွန်တော်ရှေ့စားပွဲပေါ်ရှိ လက်ဗွေဆိုင်ရာစာအုပ် တစ်အုပ်ကို ကောက်ယူဖတ်ရှုပြပြီးနောက် -

ရှေ့နေမေး - "လက်ဗွေပုံစံ (၂) ခု တူမတူ ထင်မြင်ချက်ပေးနိုင်ရန်အတွက် လက်ဗွေများ၏ အတွင်းအဆုံးသတ် တည်နေရာ၊ ဝဲယာအပြင်အဆုံးသတ်များ တည်နေရာ၊ အရစ်အကြောင်းများ ဆင်းသက်ပုံ အနေအထား၊ အတွင်းအဆုံးသတ်နေရာနှင့် အပြင်အဆုံးသတ်နေရာများအကြားရှိ အရစ်အကြောင်းများ အရေအတွက် စသည်တို့ကို စစ်ဆေး၍ ထင်မြင်ချက်ပေးရမည်မဟုတ်လား ဆိုလျှင်"

သက်သေဖြေ- "လက်ဗွေပုံသဏ္ဌာန် အတွင်းအဆုံးသတ်၊ အပြင်အဆုံးသတ်နှင့် ထူးခြားသည့် လက္ခဏာရေးဆိုင်ရာ မျဉ်းကြောင်းများအပေါ် မူတည်၍ ထင်မြင်ချက်ပေးရပါသည်။"

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေမေး** - " အကယ်၍ အထက်မေးခွန်းပါ အချက်အလက်များ၊ လက်ဗွေပုံစံပေါ်တွင် မပေါ်လွင်ပါက ထင်မြင်ချက်ပေး၍ ရနိုင်မည်မဟုတ်ဟု ဆိုလျှင် "

**သက်သေဖြေ**- " မှန်ပါသည်။ ထင်မြင်ချက်ပေး၍ ရနိုင်မည်မဟုတ်ပါ "

ယခုအချိန်အထိ ကျွန်တော်တို့၏ **အမေးနှင့်အဖြေများ** အဆင်ပြေနေပါသည်။ မှေးမှိန်ပျက်ပြယ်နေသည့် လက်ဗွေနှင့်ပတ်သက်၍ ထင်မြင်ချက်ပေး၍ မရနိုင်ကြောင်း ပါရဂူကြီးကိုယ်တိုင် မသိဘဲနှင့် ဝန်ခံလိုက်ပြီဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က တစ်ဆင့်ရှေ့တိုးလိုက်သည့်အနေဖြင့် -

**ရှေ့နေမေး** - " ဒီ **အရောင်းအဝယ်စာချုပ်** ပေါ်ရှိ လက်ဗွေပုံစံတွင် အတွင်းအဆုံးသတ်၊ အပြင်အဆုံးသတ်နှင့် အရစ်အကြောင်းများ ဆင်းသက်ပုံ အနေအထားတို့ဟာ တိကျစွာ မပြောနိုင်လောက်အောင် မှေးမှိန်ပျက်ပြယ်နေပြီမဟုတ်လား "

ဟု စာချုပ်ပေါ်ရှိလက်ဗွေကိုပြ၍ အလစ်အငိုက် မေးလိုက်ပါသည်။ သို့သော်လည်း သက်သေ အငိုက်မမိပါ။

**သက်သေဖြေ**- " ပျက်ပြယ်နေခြင်းမရှိပါ။ မူလလက်ဗွေအမျိုးအစား၊ အတွင်းအဆုံးသတ်၊ အပြင် အဆုံးသတ်နှင့် လက္ခဏာရေးမျဉ်းကြောင်းများ ပါရှိနေသဖြင့် ကျွန်တော်တို့ စစ်ဆေး၍ ထင်မြင်ချက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ "

သက်သေသည် ကျွန်တော်၏ တိုက်ကွက်ကို ကောင်းစွာသိရုံမျှမက နောက်ထပ် ကျွန်တော်ဆက်၍ မမေးနိုင်လောက်အောင်ပင် ပိတ်ဆို့ကာ ဖြေကြားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်က ရှေ့တိုးတိုက်ခိုက်သည့် အနေဖြင့် အဆိုပါအရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေအား ပုံကြီးချဲ့ ဓါတ်ပုံရိုက်ထားသည့် ဓါတ်ပုံကိုပြသ၍ ကျွန်တော်က -

**ရှေ့နေမေး** - " ဒီဓါတ်ပုံကြီးဟာ ခင်ဗျားတို့ပုံကြီးချဲ့ရိုက်ထားတာ မဟုတ်လား "

**သက်သေဖြေ**- " မှန်ပါသည် "

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေမေး** - " ဒီဓါတ်ပုံကြီးပေါ်မှာ လက်ဗွေရှင်ရဲ့ လက်ဝဲဘက် အပြင်အဆုံး သတ်ရဲ့ တည်နေရာ ပေါ်လွင်ခြင်းမရှိဆိုလျှင် "

**သက်သေဖြေ**- " ပေါ်လွင်နေခြင်း ရှိပါသည်။"

(**အမှန်အားဖြင့်** မပေါ်လွင်ပါ။ သို့သော် ပေါ်လွင်သည်ဟု ဖြေဆိုခဲ့ပါသည်။) **ကျွန်တော်က** ရှေ့ဆက်တိုး၍

**ရှေ့နေမေး** - " ဟောဒီမှာ သေသေချာချာကြည့်ပါ။ လက်ယာဘက် အပြင် အဆုံးသတ်တည်နေရာ ပေါ်လွင်ခြင်းမရှိဘူး။ ဘာပြောမလဲ "

ဟု အသံခပ်တင်းတင်းဖြင့် သေသေချာချာထောက်ပြ၍ မေးလိုက်ရာ -

**သက်သေဖြေ**- " အပြည့်အစုံတော့ ပေါ်လွင်ခြင်းမရှိပါ။ ပေါ်လွင်သလောက်တော့ ပေါ်လွင်ပါသည် "

သက်သေပါရဂူ၏လေသံ အနည်းငယ်ပျော့သွားသည့်အပြင် ဝန်ခံသည့် သဘော ဖြေလာသည်ကို တွေ့ရပါသည်။ အမှန်အားဖြင့် ကျွန်တော်ထောက်ပြ မေးမြန်းနေသည့် အကြောင်းအရာများမှာ ကြည့်သူတိုင်း မြင်နိုင်သည့် ဓါတ်ပုံကြီး ထောင်ပြ၍ မေးမြန်းနေခြင်းဖြစ်ရာ သက်သေအနေဖြင့် မျက်စိမှိတ်၍ ကျွန်တော့်ကို ဆန့်ကျင်ဖြေဆိုရန် မလွယ်ပါ။

သက်သေက ထိုသို့လေသံပြောင်းသွားပြီး၊ ဖြေဆိုပုံပြောင်းသွားသည်နှင့် ကျွန်တော့်ဘေးတွင် ထိုင်နေသော ဆရာဝန် ကိုထက်ဝင်းက ကျွန်တော့်ကို လက်ကုတ်၍ ခပ်တိုးတိုးလေသံဖြင့် -

" ဆရာ - သူငြင်းလို့မရတော့ဘူး၊ နောက်ထပ် ထင်ပေါ်တဲ့ ဒီအချက်တွေကို ဆက်ပြီး မေးပေးပါလား "

ဟု ပုံကြီးချဲ့ထားသည့် ဓါတ်ပုံပေါ်ရှိ နောက်ထပ်အချက်အလက်အချို့ကို ထောက်ပြကာ ကျွန်တော့်ကို အကြံပေးပါသည်။ ကျွန်တော်က ကိုထက်ဝင်းကို ဘာမျှပြန်မပြောရ သေးမီ တရားပြိုင်အမှတ် (၂) ၏ ရှေ့နေကြီးက ရုတ်တရက်ထရပ်ပြီး၊

" တရားလိုရဲ့ ရှေ့နေကြီးဘေးတွင်ထိုင်၍ အကြံဉာဏ်များ ပေးနေသူဟာ ထိုင်ခွင့်မရှိဘဲ ထိုင်နေခြင်းဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



တု မဆီမဆိုင် ကန့်ကွက်လာပါသည်။ ထို့ကြောင့် ကျွန်တော်က တရားသူကြီးထံ မျက်နှာမူ၍ -

- ကျွန်တော့်ဘေးတွင် ထိုင်နေသူမှာ လက်ဗွေပညာကို လေ့လာထားသော အစိုးရ အသိအမှတ်ပြု ဆရာဝန်တစ်ဦးဖြစ်ကြောင်း၊ ကျွန်တော်က လိုအပ်လျှင် အကြံဉာဏ် ရယူရန် ခေါ်ထားခြင်းဖြစ်ကြောင်း၊ ခေါ်ယူထားခွင့်မရှိဟု ဥပဒေပြဌာန်းချက် လုံးဝမရှိပါကြောင်း၊

စသည်ဖြင့် လျှောက်ထားလိုက်ရာ တရားသူကြီးအနေဖြင့် အနည်းငယ် စိတ်ပျက်သွားပုံရပါသည်။

ထို့နောက် အမှုစစ်ဆေးသည်ကို ရပ်နားကြောင်း၊ လာမည့်ရုံးချိန်းတွင် ယခုကိစ္စကို အမိန့်ချမှတ်ပေးမည်ဖြစ်ကြောင်းပြောဆို၍ (၂၆-၁၂-၉၁) နေ့ နံနက် (၁၀း၃၀) နာရီအချိန်သို့ ရုံးချိန်းရွှေ့ဆိုင်း ချိန်းဆိုပေးလိုက်ပါသည်။

ဓဓဓဓဓ

**ရုံးချိန်းရက် ၊ ၂၆-၁၂-၉၁ ရက်နေ့**

ရုံးချိန်းနေ့များတွင် ကျွန်တော်၏ဘေးတွင်ထိုင်နေသော ဒေါက်တာထက်ဝင်းအား ဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့် ချမှတ်ပေးရန်အတွက် တရားပြိုင်များ ရှေ့နေ၏ လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း အမိန့်ချမှတ်ပါသည်။

**<u>အမိန့်</u>**

၁၂-၁၂-၉၁ နေ့တွင် မှုခင်းတပ်ဖွဲ့မှ ဒုရဲမှူး လက်ဗွေပါရဂူ အား တရားလို၏ ရှေ့နေကြီးက စစ်မေးနေစဉ် အမှတ် (၂) တရားပြိုင်၏ရှေ့နေကြီးက တရားလို ရှေ့နေကြီး၏ဘေးတွင် ထိုင်နေသော ပုဂ္ဂိုလ်နှင့်ပတ်သက်ပြီး ကန့်ကွက်ခဲ့သည့်ကိစ္စ ဖြစ်သည် -

အမှတ် (၂) တရားပြိုင်၏ ရှေ့နေကြီး က ကန့်ကွက်ရာတွင် တရားရုံးရှေ့တွင် တရားလိုရှေ့နေကြီး၏ဘေးတွင်ထိုင်၍ အကြံဉာဏ်များပေးနေသော ပုဂ္ဂိုလ်အား ထိုင်ခွင့်မရှိဘဲထိုင်နေ၍ ကန့်ကွက်ကြောင်း၊ ရုံးခန်းအတွင်း၌မူ ထိုင်၍ နားထောင်ခွင့် ရှိကြောင်းဖြင့်ကန့်ကွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားလို၏ရှေ့နေကြီးက တင်ပြရာတွင် အဆိုပါပုဂ္ဂိုလ်မှာ လက်ဖွဲ့များနှင့် ပတ်သက်၍ လေ့လာထားသောသူတစ်ဦးဖြစ်သည့်အပြင် အစိုးရအသိအမှတ်ပြု ဘွဲ့ရဆရာဝန်တစ်ဦးလည်းဖြစ်၍ လိုအပ်လျှင် အကြံဉာဏ်ယူနိုင်ရန်အလို့ငှာ တရားလို၏ရှေ့နေက ခေါ်ထားသူဖြစ်ကြောင်း၊ ထို့ပြင် ထိုကဲ့သို့ ခေါ်ယူ၍ အကြံဉာဏ်များရယူခွင့်မရှိကြောင်း၊ တရားလို၏ရှေ့နေအနားတွင် ထိုင်ခွင့်မရှိကြောင်း ဥပဒေပြဋ္ဌာန်းချက်လည်း မရှိကြောင်းဖြင့်တင်ပြသည်။

ဥပဒေအရ တန့်သတ်တားမြစ်ချက်မရှိလျှင် အများပြည်သူရှေ့မှောက်တွင် တရားစီရင်ရခြင်းသည် တရားစီရင်ရေးဆိုင်ရာ အခြေခံမူတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ တရားရုံး ရုံးခန်းအတွင်း မည်သူမဆို တက်ရောက်နားထောင် ကြည့်ရှုလေ့လာခွင့် ရှိသည်။

အမှုကို လက်တွေ့စစ်ဆေးနေရာတွင် ဆိုင်ရာအမှုသည်ရှေ့နေနှင့် သက်သေတို့သာလျှင် တက်ရောက်ကြသည်။ အမှုကို လက်တွေ့စစ်ဆေးသည့်နေရာတွင် အမှုသည် ရှေ့နေနှင့် သက်သေတို့ ရှိနေအပ်သည်မှာ လက်တွေ့ကျင့်စဉ်တစ်ရပ်ပင် ဖြစ်သည်။

အမှုစစ်ဆေးနေသည့်နေရာတွင် မည်သူရှိမနေရ၊ မည်သူရှိရမည်ဟု အတိအလင်း ဥပဒေပြဋ္ဌာန်းချက်မရှိသည်ကား မှန်ပါသည်။ သို့ရာတွင် အကယ်၍ နှစ်ပေါင်းများစွာ အများက သဘောတူ လက်ခံထားသော ကျင့်စဉ်တစ်ရပ်ရှိခဲ့သည် ဆိုလျှင် ထိုကျင့်စဉ်အား လေးစားလိုက်နာခြင်းသည် ကျင့်ဝတ်တစ်ရပ် ဖြစ်ပေလိမ့်မည်။

ယခုပြဿနာသည် ဥပဒေသို့မဟုတ် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာ မဟုတ်ပေ။ ထို့ပြင် အမှုသွားအမှုလာအရ အဆုံးအဖြတ်ပေးရမည့် ပြဿနာလည်း မဟုတ်ပေ။ သို့ဖြစ်၍ ဤပြဿနာအပေါ် ဤရုံးက တစ်စုံတစ်ရာ အဆုံးအဖြတ် ပေးရန်လည်း အမှန်အားဖြင့် လိုအပ်မည်မဟုတ်ပေ။

ဤအမှုတွင် လိုက်ပါဆောင်ရွက်ကြသော နှစ်ဘက်ပညာရှိ ရှေ့နေကြီးများသည် အတွေ့အကြုံအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း၊ သမ္မာအားဖြင့် လည်းကောင်း၊ အထူးပင် ရင့်ကျက်မြင့်မားကြသူများဖြစ်ကြပေသည်။ နှစ်ဘက်ပညာရှိ ရှေ့နေကြီးများသည် အများက အစဉ်တစိုက် လက်ခံထားသော ကျင့်စဉ်တစ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းလိုက်နာခြင်းဖြင့် တရားရုံးအား ကူညီကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် မှတ်ချက်ပြုလိုက်သည်။

ပုံ/-
ဒုတိယလက်ထောက်တိုင်းတရားသူကြီး (၁၀)
( တရားမ )
ရန်ကုန်တိုင်းတရားရုံး။

တရားရုံး၏အမိန့်သည် အလွန်ပညာသားပါလှပါသည်။ ကျွန်တော်တို့ထက် အသက်ငယ်သည့် တရားသူကြီးက ကျွန်တော်တို့နှစ်ဖက်ရှေ့နေကြီးများအား လိမ္မာပါးနပ်စွာဖြင့် သတိပေးလိုက်သည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း ကျွန်တော်တို့ကောင်းစွာသဘောပေါက်ကြပါသည်။

**လက်ဗွေပါရဂူအား ဆက်လက်စစ်ဆေးခြင်း**

ကျွန်တော်နှင့် လက်ဗွေပါရဂူတို့၏ အမေးအဖြေတိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာပြီ ဖြစ်ပါသည်။ ကျွန်တော်က ငယ်ရွယ်သူဖြစ်၍ လေးစားစွာ ပြောဆိုဆက်ဆံ၍ မေးမြန်းသင့်သည်မှာ မှန်သော်လည်း အခြေအနေအရ မဖြစ်နိုင်တော့ပါ။ သက်သေပါရဂူက ကျွန်တော် မေးသမျှကို ဖြစ်နိုင်သမျှ ဆန့်ကျင်ဖြေဆိုနေသည့်အပြင်၊ တရားပြိုင်ဘက်က ရှေ့နေကြီးများကလည်း ကျွန်တော်၏ မေးမြန်းချက်များအပေါ် ကန့်ကွက်ဟန့်တားမှုများ ပြုလုပ်လာရာ ခက်ခက်ခဲခဲ အခြေအနေများနှင့် ကျွန်တော်ရင်ဆိုင်နေရပါသည်။

သို့သော်လည်း အားတက်ဖွယ်ရာအခြေအနေတစ်ရပ်မှာကား တရားရုံးက တရားမျှတစွာ အမှုကို စစ်ဆေးပေးနေသည့်အချက်ပင် ဖြစ်ပါသည်။ အမှုစစ်ဆေးသည့် တရားသူကြီးသည် မည်သည့်ဘက်ကိုမျှ ဘက်မလိုက်ဘဲ အငြင်းပွားနေသည့် လက်ဗွေနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖြစ်သွားစေရန်နှင့် တရားရုံးချုပ်က အမှုကို ဆုံးဖြတ်ရာတွင် အထောက်အကူရရှိစေရန် ရည်ရွယ်ကာ နှစ်ဖက်ရှေ့နေများကို လွတ်လွတ်လပ်လပ် စစ်မေးခွင့်ပြုထားရာ အလွန်ပင်ကျေးဇူးတင်စရာကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်အရ ကျွန်တော့်ဘက်က ရှေ့ဆက်တိုး၍ အတိုက်အခံပြုလုပ်ပြီး မေးမြန်းရပါတော့မည်။

ထို့ကြောင့် ကျွန်တော်က အငြင်းပွားနေသည့် အိမ်မြေအရောင်းအဝယ်စာချုပ်မူရင်းပေါ်ရှိ ဒေါ်ခင်မြိုင် အမည်အောက်တွင်ရှိသော လက်ဗွေအား ပုံကြီးချဲ့ထားသည့်ဓါတ်ပုံကို အမှုတွဲမှ လှန်လှော်ရှာဖွေကာ ပါရဂူအားပြသ၍ -

" ဒီလက်ဗွေရဲ့ အတွင်းအဆုံးသတ်နေရာ သေသေချာချာ ထောက်ပြပါ "

ဟု ခပ်တင်းတင်းလေသံဖြင့် ပြောလိုက်ပါသည်။ ထိုသို့ ပြောဆိုမေးမြန်းရင်း ကျွန်တော်၏လက်ဝယ်ရှိ (Pointer) ထောက်ညွှန် ပြတံကို သက်သေအားပေးပါသည်။ သက်သေက ကျွန်တော်ပေးသည့် ညွှန်ပြတံကို မယူပါ။ သူ့တွင် ပါလာသည်ဟု ပြောဆို၍ သူ၏ ညွှန်ပြတံကို ကိုင်တွယ်ပြီး ကျွန်တော် သူ့ရှေ့ချပေးထားသည့် လက်ဗွေပုံစံကို ကြည့်ပါသည်။

သက်သေပါရဂူကြီးက လက်ဗွေပုံစံအပေါ် အာရုံစိုက်၍ ကြည့်လိုက်သည့်အချိန်တွင် ကျွန်တော်က တရားသူကြီးထံ မျက်နှာမူ၍ ကျွန်တော်၏ လက်ပတ်နာရီကို ထောက်ပြကာ အသံမထွက်ဘဲ အမူအရာဖြင့် အချိန်ကိုမှတ်သားပေးရန် လျှောက်ထားပြောဆိုရာ တရားသူကြီးက နားလည်ကြောင်း ကျွန်တော့်အား ခေါင်းညိတ်ပြ၍ သူ့လက်တွင်ပတ်ထားသောနာရီကို ကြည့်ရှုမှတ်ထားလိုက်သည်ကို တွေ့ရပါသည်။

- ပါရဂူကြီး က ကျွန်တော်ပြထားသည့် လက်ဗွေ၏ အတွင်းအဆုံးသတ်ကို (၂) မိနစ်ခန့် ကြာသည်ထိ ကြည့်ရှုပြီးနောက် သူကိုင်ထားသည့် ထောက်ညွှန်တံဖြင့် တစ်နေရာကိုထောက်ထားလိုက်ပြီး " ဒီနေရာဘဲ " ဟုပြောဆိုပါသည်။
- ကျွန်တော်က ရုတ်တရက် သက်သေ၏ လက်ရွေ့သွားမည်ကို စိုးရိမ်သည့်ဟန်ဖြင့် မရွေ့နိုင်အောင် သူ၏လက်ကောက်ဝတ်နေရာကို ကျွန်တော်၏ ညာလက်ဖြင့် အသာအယာဖိ၍ ထိန်းချုပ်လိုက်ရာ ပါရဂူကြီးက လက်ဗွေအပေါ် သူထောက်ထားသည့် ညွှန်ပြတံကို ချက်ချင်းပြန်ရုပ်သိမ်းပါသည်။
- ကျွန်တော်က ဘာဖြစ်လို့လဲဟုမေးရာ သူက ဘာမှမဖြစ်ပါဘူး။ သေချာအောင် ပြန်ကြည့်ချင်လို့ပါဟု ပြောပါသည်။ကျွန်တော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



"သေချာအောင်ကြည့်ပါဗျာ" ဟု ပြော၍ ထပ်မံစောင့်ဆိုင်းနေပါသည်။

- နောက်ထပ် (၂) မိနစ်ခန့်အကြာတွင် ပါရဂူကြီးက တစ်နေရာကို ထောက်ပြလိုက်ပြီး "ဒီနေရာဟာအတွင်းအဆုံးသတ်ပဲ" ဟု ပြောပါသည်။ ကျွန်တော်က စောစောကအတိုင်း ထောက်ပြထားသည့် သူ၏လက်ကို မရွေ့နိုင်အောင် ထပ်၍ကိုင်လိုက်ပြန်ရာ ပါရဂူကြီးက အကိုင်မခံဘဲ ထောက်ပြထားသည့်နေရာမှ လက်ကို ပြန်ရုပ်လိုက်ပါသည်။

- ကျွန်တော်က အရေးကြီးသည့်ပုံစံမျိုးဟန်လုပ်၍ သေချာအောင်ကြည့်ပြီး ထောက်ပေးပါဗျာဟု - ထပ်၍ခပ်တည်တည်ဖြင့်ပြောကြားပြီး စောင့်ဆိုင်းနေပါသည်။

- သက်သေပါရဂူက နောက်ထပ် (၂) မိနစ်ခန့်ကြာအောင် ကြည့်ရှုပြီးနောက် တတိယအကြိမ်အဖြစ် လက်ဗွေ၏ အတွင်းအဆုံးသတ်နေရာကို သူ၏ထောက်တံဖြင့် ထောက်ပြပါသည်။

- ကျွန်တော်က သူ၏လက်ကို ကျွန်တော်၏လက်ဖြင့်ကိုင်ရန် လှမ်းလိုက်သည့်အခါ - သူက

"ကျွန်တော့်လက်ကို ကိုင်ဖို့မလိုဘူး။ ဒီနေရာဟာ အတွင်းအဆုံးသတ်နေရာ အတိအကျပဲ၊ ခင်ဗျားဘာမေးချင်သလဲမေးပါ"

ဟု အလွန်သေချာသည့်လေသံဖြင့် ကျွန်တော့်ကို ပြောလာပါသည်။ ကျွန်တော်က -

"ဘာမျှမေးစရာမရှိပါဘူး။ အဲဒီပျက်ပြယ် မှေးမှိန်နေတဲ့ လက်ဗွေရဲ့ အတွင်းအဆုံးသတ်ကို ခင်ဗျားရှာတာ အချိန်ဘယ်လောက်ကြာသလဲသိချင်လို့ပါ"

ဟု ပြောပြီး တစ်ဆက်တည်း တရားသူကြီးဘက်သို့ ကျွန်တော်မျက်နှာမူ၍ -

"တရားသူကြီးမင်းခင်ဗျား၊ သက်သေခံလက်ဗွေပုံစံရဲ့ အတွင်းအဆုံးသတ်ကို ပါရဂူကြီး ရှာဖွေကြည့်တဲ့ ကြာမြင့်ချိန်ကို မှတ်တမ်းတင်ပေးပါရန် လျှောက်ထားပါတယ်ခင်ဗျား"

ဟု တင်ပြလျှောက်ထားရာ တရားသူကြီး က (၇) မိနစ်ခန့်ကြာမြင့်ကြောင်း သူ၏နာရီကိုကြည့်၍ ချက်ချင်း ပြောကြားကာ သက်သေ၏ အစစ်ခံချက်မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း လက်ဗွေပါရဂူအနေဖြင့် သက်သေခံ လက်ဗွေပုံစံပေါ်ရှိ အတွင်း အဆုံးသတ်နေရာကို (၇) မိနစ်ခန့် ရှာဖွေကြည့်ရှုပြီးမှ ထောက်ပြခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ပေးပါသည်။

ကျွန်တော်က ဆက်လက်၍ တရားသူကြီးအား -

" သက်သေ ပထမဆုံးထောက်ပြတဲ့ အတွင်းအဆုံးသတ်နေရာနဲ့ ဒုတိယအကြိမ် ထောက်ပြသည့်နေရာမှာ အတန်ငယ်ကွာနေသည်ကိုလည်း မှတ်တမ်းတင်ပေးပါရန် လျှောက်ထားပါသည် " ဟု တင်ပြရာ တရားသူကြီးကလည်း ကိုယ်တိုင်မြင်တွေ့ သိရှိနေသည်ဖြစ်၍ မှတ်တမ်းတင်ပေးမည်ဟု ပြောဆိုကာ မှတ်တမ်းတင်ပေးပါသည်။

ကျွန်တော် အထက်ပါအတိုင်း တစ်ဆင့်ပြီးတစ်ဆင့်တိုး၍ သက်သေ၏ အားနည်းချက်များကို ထောက်ပြကာ ပြုမူဆောင်ရွက်နေသည်ကို တစ်ဖက်ရှေ့နေများက သည်းမခံနိုင်တော့ဘဲ တရားပြိုင်အမှတ် (၁) ၏ ရှေ့နေကြီးက မတ်တတ်ရပ်ကာ တရားသူကြီးအား -

" ပထမထောက်ပြသော နေရာမှာ ဝါးနေ၍ဖြစ်ကြောင်း ထွက်ဆိုသွားသည်ကိုလည်း မှတ်တမ်းတင်ပေးပါခင်ဗျား "

ဟု တင်ပြလျှောက်ထားလာပါသည်။

တရားသူကြီးကလည်း မှတ်တမ်းတင်ပေးပါသည်။

တစ်ဖက်ရှေ့နေကြီးက မည်သည့် ရည်ရွယ်ချက်ဖြင့် အထက်ပါအတိုင်း လျှောက်ထားသည်ကို ကျွန်တော်မသိပါ။ သို့သော်လည်း စာချုပ်ပေါ်ရှိ လက်ဗွေ ဝါးနေသည့်အချက်ကို တစ်ဖက်ရှေ့နေကြီးများကိုယ်တိုင် သိရှိနေကြောင်း အထက်ပါ တရားပြိုင် (၁) ၏ ရှေ့နေကြီး၏ ပြောဆိုချက်အရ ထင်ရှားသွားပြီဖြစ်ရာ ကျွန်တော် ကျေနပ်မိပါသည်။

သို့သော်လည်း တစ်ဖက်ရှေ့နေကြီးများသည် ကျွန်တော်၏မေးခွန်းများကို အချိန်ပြည့် ဂရုတစိုက် နားထောင်လျက် ရှိနေကြသည်ကိုမူ ကျွန်တော်သတိပြုမိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်က သက်သေကို အခြားအကြောင်းအရာများ စဉ်းစားနိုင်အောင် အချိန်မပေးဘဲ သူ့ရှေ့တွင်ချပြထားသည့် လက်ဗွေပုံစံအပေါ်သာ ကျွန်တော်မေးလိုသည်များကို အဆက်မပြတ် မေးသွားရန် ဆုံးဖြတ်လိုက်ပြီး၊ ဆက်လက်၍ မေးမြန်းပါသည်။

**ရှေ့နေမေး** - " ဒီလက်ဗွေပုံစံရဲ့ အတွင်းအဆုံးသတ်နေရာဟာ စက်ဝိုင်းပုံစံနဲ့ စတာလား၊ တစ်ကြောင်းရစ်ပုံစံနဲ့ စတာလားဆိုလျှင် "

**သက်သေဖြေ**- " တစ်ကြောင်းရစ်အောက်တွင် အစက်ကလေးရှိသည့် ပုံစံဖြင့် ဖြစ်ပါသည် "

**ရှေ့နေမေး** - " ဒီလက်ဗွေရဲ့ လက်ဝဲဘက်အပြင်ဆုံးဘက်၏ နေရာကိုပြပါ ဆိုလျှင် "

သက်သေသည် တစ်မိနစ်ခွဲခန့် ကြည့်ရှုပြီးနောက်မှ တည်နေရာကို ထောက်ပြနိုင်သဖြင့် ကျွန်တော်က အချိန်တစ်မိနစ်ခွဲကြာသည်ကို မှတ်တမ်းတင်ပေးရန် တရားရုံးအားလျှောက်ထားရာ တရားရုံးက မှတ်တမ်းတင်ပေးပါသည်။

ကျွန်တော်က အချိန်မဆွဲဘဲ မေးခွန်းကို ခပ်မြန်မြန် ဆက်၍ မေးလိုက်ပါသည်။

**ရှေ့နေမေး** - " ဒီလက်ဗွေရဲ့ လက်ယာဘက်အပြင်အဆုံးသတ် တည်နေရာကို ရှာပြနိုင်သလား ဆိုရင် "

**သက်သေဖြေ**- " မှန်းဆ၍ ထောက်ပြနိုင်ပါသည်။ အနည်းငယ်ဝါးနေသည့်အတွက် တိတိကျကျတော့ ထောက်ပြ၍မရနိုင်ပါ "

**ရှေ့နေမေး** - " လက်ယာဘက်အပြင်အဆုံးသတ်မှ အတွင်းအဆုံးသတ်အထိ အရစ်အကြောင်း (၁၂) ရစ် ရှိသည်ဆိုလျှင် "

**သက်သေဖြေ**- ဝါးနေ၍ အတိအကျ ရေတွက်၍ မရနိုင်ပါ။

ကျွန်တော်က မေးခွန်းများကို ပိုင်နိုင်သည့်ပုံစံဖြင့် တိတိကျကျ မေးလာသောအခါ သက်သေက လက်ဗွေပုံစံဝါးနေ၍ တိတိကျကျ မပြောနိုင်ပါဟု ဖြေလာပါသည်။ ထင်ရှားချိန်းများက လက်ဗွေပုံစံများ မြင်သာရှင်းလင်းနေသည့်ပုံစံဖြင့် အချိန်တိုတို

www.burmeseclassic.com

www.burmeseclassic.com



(၃-မိနစ်) အတွင်း စစ်ဆေး၍ လက်ဗွေအားလုံး တူညီကြောင်း ထင်မြင်ချက်ပေးခဲ့သော်လည်း ယခုအချိန်တွင် အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေမှာ ရှင်းလင်းပြတ်သားမှုမရှိကြောင်း သက်သေက ဝန်ခံနေပြီ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က တစ်ဆင့်ရှေ့တိုး၍ -

**ရှေ့နေမေး** - ဒီအရောင်းအဝယ်စာချုပ်ပါ လက်ဗွေပုံစံမှာ အရစ်အကြောင်းများသွားပုံဟာ စက်ဝိုင်းပုံလား၊ ထက်အောက်ရှည် ဘဲဥထောင်ထားတဲ့ပုံလား၊ ဒါမှမဟုတ် ကန့်လန့်လှဲထားတဲ့ပုံလား "

ဟု **ရွေးချယ်စရာ (၃) ခုကို လမ်းခင်းပေး၍ မေးမြန်းလိုက်ပါသည်။**

**သက်သေဖြေ**- " ဘဲဥထောင်ထားသည့်ပုံစံ၊ ထက်အောက်ရှည် ရစ်ဆင်းပါသည်။ "

သက်သေက ကျွန်တော်၏မေးခွန်းကို အထက်ပါအတိုင်း ဖြေဆိုလိုက်ပြီးနောက်၊ သူ၏ရှေ့တွင်ရှိနေသည့် တရားရုံးရှေ့တွင် နှိပ်ယူထားသော ဒေါ်ခင်မြိုင်၏ လက်ဗွေကို ဆက်လက်ကြည့်ရှုကာ -

" ခရုဗွေပုံသဏ္ဍာန် ကဲ့သို့တည်ရှိပါသည်။ "

ဟု ဆက်လက်ဖြေဆိုပါသည်။

ထိုအခါ ကျွန်တော်က တရားသူကြီးထံ မျက်နှာမူ၍ -

" တရားသူကြီးမင်းခင်ဗျား ကျွန်တော်က အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေကိုထောက်ပြ၍ မေးမြန်းနေတဲ့အချိန်မှာ သက်သေက အခြားလက်ဗွေပုံစံတစ်ခုကိုကြည့်၍ ဆက်လက်ဖြေဆိုတာမျိုးမလုပ်ဖို့ သက်သေကို မေတ္တာရပ်ခံကြောင်း မှတ်တမ်းတင်ပေးပါခင်ဗျား "

ဟု လျှောက်ထားလိုက်ပါသည်။

ကျွန်တော်တို့ အမှုစစ်ဆေးနေသည်ကို တရားသူကြီးအနေဖြင့်လည်းကောင်း တစ်ဖက် ရှေ့နေများ အနေဖြင့်လည်းကောင်း၊ အသေအချာ ဂရုစိုက်ကြည့်နေကြသည်ဖြစ်ရာ ကျွန်တော် လျှောက်ထားသည်ကို မည်သူမျှ မငြင်းနိုင်ကြပါ။ သက်သေသည် ကျွန်တော်ထောက်ပြ မေးမြန်းသည့် လက်ဗွေကိုကြည့်၍ ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုပြီးမှ လွဲမှားသွားသည်ကို သတိပြုမိသွားသဖြင့် နောက်လက်ဗွေတစ်ခုကို ကြည့်ပြီး " ခရုဗွေပုံစံ " ဟု ပြောင်းလဲဖြေဆိုခြင်းဖြစ်သည်ကို တရားသူကြီးအနေဖြင့် ကောင်းစွာ သိမြင်နိုင်ပါသည်။

ထို့ကြောင့် တရားသူကြီးက ကျွန်တော်လျှောက်ထားသည့်အတိုင်း - ချက်ချင်း မှတ်တမ်းတင်ပေးလိုက်ပါသည်။

သက်သေ၏အမူအရာကို **ကျွန်တော်အကဲခတ်ကြည့်ရာ** အလွန်စိတ်လှုပ်ရှား နေပုံရပါသည်။ အဘယ်ကြောင့်ဆိုသော် **တရားသူကြီး၏ အနေအထားသည်** မည်သူ့ကိုမျှ " ပစား " ပေးမည့် အခြေအနေမျိုးမရှိဘဲ **တရားရုံးချုပ်၏ အမိန့်နှင့်အညီ** အတိအကျ ဘက်မလိုက်ဘဲ ဆောင်ရွက်သွားမည့် ပုံစံမျိုးဖြစ်နေရာ၊ **သက်သေက** သူ၏ဝါသနာ၊ ပညာအရည်အချင်းကို အကြောင်းပြု၍ ရုံးရှေ့တွင် **အထက်စီးယူ၍** ပြောဆိုနိုင်မည့်အခြေအနေမရှိကြောင်း သိသွားပုံရပါသည်။ ကျွန်တော်က ဆက်လက်၍-

**ရှေ့နေမေး** - " အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေရဲ့လက်ယာဘက် အခြမ်းမှာ အလွန်မှုန်ဝါးနေသည် ဆိုလျှင် "

**သက်သေဖြေ**- " မှန်ပါသည် "

အထက်ပါ အမေးအဖြေများအရ အငြင်းပွားနေသည့် အရောင်းအဝယ်စာချုပ် ပေါ်ရှိလက်ဗွေမှာ မှုန်ဝါးနေပြီး ထင်မြင်ချက်ပေး၍ မရနိုင်သည့် အခြေအနေမျိုး ရှိနေကြောင်း ပါရဂူသက်သေ၏ ထွက်ချက်အရပင် ထင်ရှားမြင်သာနေပြီဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ဆက်၍မေးရမည်ဆိုလျှင် နောက်ထပ်အငြင်းပွား လက်ဗွေတစ်ခုဖြစ်သည့် " အိမ်ငှားစာချုပ် " ပေါ်ရှိ လက်ဗွေအကြောင်းမေးရန်သာ ရှိပါသည်။ ယခုအချိန်တွင် ဆက်လက်မေးမည်ဆိုပါက သက်သေသည် ရှေ့က ထွက်ချက်နှင့် တူညီအောင်ဖြေပေလိမ့်မည်။ နောက်ရုံးချိန်းလောက်မှ မေးလျှင် ယခုထွက်ဆိုချက်များကို မေ့လောက်ပြီဖြစ်၍ အမြင်အတိုင်း အမှန်ကိုဖြေလိမ့်မည်ဟု ယူဆရပါသည်။

ထို့ကြောင့် **ကျွန်တော်က တရားသူကြီးအား ကျွန်တော်တို့ စစ်မေးနေသည် မှာလည်း** အချိန်ကြာမြင့်နေပြီဖြစ်ကြောင်း၊ **သက်သေမှာလည်း လက်ဗွေများကို** ကြည့်ရှု စစ်ဆေး ဖြေကြားနေရသည့်အတွက် ပင်ပန်းနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ နောက်

www.burmeseclassic.com

www.burmeseclassic.com



ရုံးချိန်းတွင် ဆက်လက်၍ စစ်မေးရန်အတွက် ရုံးချိန်းပေးစေလိုကြောင်း လျှောက်ထား
တင်ပြရာ တစ်ဖက်ရှေ့နေကြီးများကလည်း လိုလိုလားလား သဘောတူကြသည်ဖြစ်၍
တရားသူကြီးက လက်ဗွေပါရဂူအား ဆက်လက်စစ်ဆေးရန် ( ၁၆-၁-၉၂ ) နေ့သို့
ချိန်းဆိုပေးလိုက်ပါသည်။

**ရုံးချိန်းရက် ၊ ၁၆-၁-၉၂ ရက်နေ့**

ယနေ့ **ကျွန်တော်** လက်ဗွေပါရဂူကြီးကို ဆက်လက်၍ စစ်မေးရမည်
ဖြစ်ပါသည်။ **လက်ဗွေပါရဂူကြီးသည်** သူ၏ပညာတွင် အလွန်ကျွမ်းကျင်သူဖြစ်ပြီး
**တရားရုံးတွင် သက်သေခံရသည့်ကိစ္စမှာလည်း** သူ့အတွက် အခက်အခဲရှိပုံမရပါ။
**တရားရုံးအပေါ် စိုးရွံ့သည့်အမူအရာ လုံးဝမရှိရုံမျှမက** မေးခွန်းများကိုလည်း သက်သောင့်
**သက်သာ ဖြေဆိုနေသည်ကို** တွေ့ရပါသည်။

**ကျွန်တော်၏** အမှုတွင် လက်ဗွေ (၃) ခု အငြင်းပွားနေပါသည်။

**ပထမလက်ဗွေမှာ** - ဒေါ်ခင်မြိုင် က အိမ်နှင့်မြေကို ဦးစိန်သန်း အား
ရောင်းချထားသည် ဆိုသည့် မှတ်ပုံတင်စာချုပ်ပေါ်ရှိ လက်ဗွေဖြစ်ပါသည်။
အလွန်မှေးမှိန် ပျက်ပြယ်နေသော လက်ဗွေဖြစ်ပါသည်။

**ဒုတိယလက်ဗွေမှာ** - အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေဖြစ်ပါသည်။ ထို
အိမ်ငှားစာချုပ်သည် **ရက်စွဲအရ** လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က
ချုပ်ဆိုထားသည့်စာချုပ်ဖြစ်သော်လည်း စာချုပ်ပေါ်ရှိ လက်ဗွေမှာ မကြာမီ
ကာလတစ်ခုက ချုပ်ဆိုထားသည့်စာချုပ်ကဲ့သို့ ရှင်းလင်း ပြတ်သား
သစ်လွင်နေပါသည်။

**တတိယလက်ဗွေမှာ** - ယခု လတ်တလောတွင် တရားရုံးရှေ့၌ နှိပ်ယူထား
သည့် အလွန်ရှင်းလင်းပြတ်သားသော ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်အမှန်
ဖြစ်ပါသည်။

လက်ဗွေပါရဂူကြီး၏ အနေအထားသည် လက်ဗွေ (၂) ခုကိုဖြစ်စေ၊ (၃) ခု
လုံးကိုဖြစ်စေ ကိုင်တွယ်ပြသမေးလျှင် တူညီသည်ဟုသာ ဖြေဆိုမည်ကို ရှေ့ပိုင်းရုံးချိန်း
များမှ အတွေ့အကြုံရထားပြီးဖြစ်၍ ထိုကဲ့သို့ နှိုင်းယှဉ်၍ စစ်မေးခြင်းမျိုး မပြုလုပ်ဘဲ
လက်ဗွေတစ်ခုချင်းကိုသာပြသပြီး ထူးခြားသည့်အချက်များကို ရွေးချယ်မေးမြန်းရန်
ပြင်ဆင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယနေ့ရုံးချိန်းတွင် ယခင်တစ်ပတ်က မေးမြန်းခဲ့သည့် အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေအကြောင်း မမေးတော့ဘဲ ဒုတိယစာချုပ်ဖြစ်သည့် " အိမ်ငှား " စာချုပ်ပေါ်ရှိ လက်ဗွေ အကြောင်းကိုသာ မေးမြန်းသွားရန် ပြင်ဆင်ထားပါသည်။

ထို့ကြောင့် ကျွန်တော်ကအမှုတွဲယူပြီး လှန်လှော်ရှာဖွေတာ သက်သေခံ (၄) အိမ်ငှားစာချုပ်ကို ပါရဂူရှေ့တွင်ချထားပေးပြီး မေးမြန်းမှုပြုလုပ်ပါသည်။

**ရှေ့နေမေး** - " ဒီအိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေပုံစံရဲ့ အတွင်းအဆုံးသတ်ဟာ တစ်ကြောင်းရစ်ဖြင့် ဆုံးပြီး၊ အရစ်အကြောင်း၏ လက်ဝဲဘက်တစ်ဆက်တည်းတွင် စပါးစေ့လှဲထားသည့် အနေအထားဖြင့် ဆက်နေသည်ဆိုလျှင် "

**သက်သေဖြေ** - " တစ်ကြောင်းရစ် အနေအထားဖြင့် ရှိနေသည်မှာ မှန်ပါသည်။ ရှည်မျှော့မျှောအရာလေးနှင့် ဆက်နေသည်မှာလည်း မှန်ပါသည်။"

သက်သေအနေဖြင့် ကျွန်တော်၏ မေးခွန်းအပေါ် ဝန်ခံလိုက်ခြင်းဖြစ်ပါသည်။ အမှန်အတိုင်း ဝန်ခံခြင်းဖြစ်ပါသည်။ သို့သော်လည်း ဤဝန်ခံချက်သည် နောက်ပိုင်း ကျွန်တော် ဆက်လက်မေးမြန်းမည့် မေးခွန်းများကို သူမသိ၍ ဝန်ခံခြင်း ဖြစ်ပါသည်။

သူ၏ ဝန်ခံဖြေဆိုချက်အပေါ် ကျွန်တော် ဝမ်းသာနေသော်လည်း ဝမ်းသာဟန်မပြဘဲ ခပ်တည်တည်အနေအထားဖြင့် ဆက်လက်မေးမြန်းပါသည်။

**ရှေ့နေမေး** - " ဒီ အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေရဲ့ အတွင်းအဆုံးသတ်ပတ်ဝန်းကျင်ရှိ အရစ်အကြောင်းများသည် စက်ဝိုင်း ပုံသဏ္ဌာန်ရစ်ပတ်ဆင်းသက်သည့် အနေအထားမျိုးဖြစ်သည်ဆိုလျှင် "

**သက်သေဖြေ** - " စက်ဝိုင်းပုံ ခရုပတ်ပုံစံ ရစ်ပတ်နေပါသည်။ "

သက်သေ၏အဖြေသည် လုံးဝဝန်ခံသည့်သဘော ဖြစ်ပါသည်။ သက်သေ၏ အထက်ပါ ဝန်ခံထွက်ဆိုချက်သည် ဒေါ်ခင်မြိုင်၏ လက်ဗွေအမှန်နှင့် ကွဲလွဲနေသည်ကို သက်သေအနေဖြင့် သတိပြုမိပုံမရပါ။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်အနေအထားအရ သက်သေသည် သူ၏ရှေ့၌ ချပြထားသည့် တစ်ခုတည်းသော လက်ဗွေကိုကြည့်၍ ဖြေဆိုနေရသည်ဖြစ်၍ သူမြင်တွေ့ရသည့်အတိုင်း၊ ရိုးသားစွာဖြင့် အမှန်အတိုင်း ဖြေဆိုလိုက်ခြင်း ဖြစ်ပါသည်။

ယနေ့ရုံးချိန်းတွင် ကျွန်တော်က လက်ဗွေပါရဂူအား ပြသမေးမြန်းသည့် အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေမှာ အလွန်ရှင်းလင်းပြတ်သားမှုရှိသော လက်ဗွေပုံစံဖြစ်၍ ကျွန်တော့်ဘက်က အခိုင်အမာ မေးမြန်းခွင့် ရရှိသကဲ့သို့ သက်သေဘက်ကလည်း ကျွန်တော်နှင့် ဆန့်ကျင်ဖြေဆိုရန်မလွယ်ကူပါ။

ယနေ့ရုံးချိန်းတွင် ကျွန်တော်၏ မေးခွန်းအများအပြားကို ပါရဂူကြီးက ဝန်ခံဖြေဆိုပေးခဲ့ပါသည်။

(အရေးပါသော မေးမြန်းချက်များကို နောက်ပိုင်း ကျွန်တော်၏ အပြီးသတ်လျှောက်လဲချက်တွင် ဖော်ပြရန်ရှိပါသဖြင့် ယနေ့ အမေးအဖြေများကို အကျယ်တဝင့် မတင်ပြတော့ပါ။)

ယနေ့ ရုံးချိန်းတွင် ပါရဂူသက်သေအား (၁) နာရီကျော်ခန့် စစ်ဆေးပြီးချိန်တွင် နောက်ထပ်အခြားအမှုများ စစ်ဆေးရန်အတွက် ရှေ့နေများ၊ အမှုသည်များ ရုံးရှေ့ရောက်ရှိနေသည်ဖြစ်၍ ကျွန်တော်တို့အမှုကို ဆက်လက်စစ်ဆေးရန် (၃၁-၁-၉၂) နေ့သို့ ရုံးချိန်းရွှေ့ဆိုင်း ချိန်းဆိုပေးလိုက်ပါသည်။

**ရုံးချိန်းရက် ၊ ၃၁-၁-၉၂ ၊ နံနက် (၁၁) နာရီ**

ယနေ့ရုံးချိန်းတွင် တရားသူကြီးက ပါရဂူသက်သေအား ပြီးဆုံးအောင် စစ်ဆေးပေးစေလိုကြောင်း၊ တရားရုံးချုပ်က အမှုတွဲကို ပြန်လည်ပေးပို့ရန် တောင်းခေါ်နေပြီဖြစ်၍ အချိန်မီပေးပို့ရန် လိုအပ်နေကြောင်း၊ ကျွန်တော်တို့ နှစ်ဖက်ရှေ့နေကြီးများအား အသိပေးပါသည်။

ထို့ပြင် ယနေ့ရုံးချိန်းတွင် အခြားအမှုများကို မစစ်ဆေးတော့ဘဲ ကျွန်တော်တို့အမှု တစ်မှုတည်းကိုသာ ပြီးအောင်စစ်ဆေးမည်ဖြစ်ကြောင်းလည်း တရားသူကြီးက အသိပေးပြောကြားပါသည်။

အခြေအနေအရ ယနေ့ရုံးချိန်းရက်သည် လက်ဗွေပါရဂူကြီးအား ကျွန်တော့်အနေဖြင့် အနိုင်ကြဲရန် တရားရုံးက နောက်ဆုံးအခွင့်အရေး ပေးသည့်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပါသည်။ လက်ဗွေပါရဂူကြီးအား မေးမြန်းရန်ရှိသည်များကို ကျွန်တော် အသေအချာပြင်ဆင်ထားပြီးဖြစ်သော်လည်း၊ ယခုကဲ့သို့ ယနေ့တစ်နေ့တည်းဖြင့် အပြီးအပြတ် စစ်ဆေးရမည်ဟု တရားသူကြီးက ပြောကြားလာသည့်အခါ ကျွန်တော် အတန်ငယ် စိတ်လှုပ်ရှားပူပန်မိသည်ကို ဝန်ခံပါသည်။

ကျွန်တော်မေးရန် မေးခွန်းအများပြားရှိနေပါသေးသည်။ သို့သော်လည်း တရားရုံးက အခြားအမှုများကို မစစ်တော့ဘဲ ကျွန်တော်တို့အမှုကိုသာ ပြီးအောင် စစ်မည်ဟု ပြောကြားထားသည့်အတွက် ကျွန်တော် မေးရန်ရှိသမျှမေးရပါတော့မည်။

ထို့ကြောင့် ကျွန်တော်က ယနေ့ရုံးချိန်းတွင် လက်ဗွေ (၃) ခုအနက် နောက်ဆုံး စစ်မေးရန် ကျန်ရှိနေသည့် ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်အမှန်ကို ထောက်ပြ၍ မေးမြန်းရန် စဉ်းစားလိုက်ပြီးနောက် -

တရားသူကြီးရှေ့မှောက်ရှိ အမှုတွဲကို ကျွန်တော်က တောင်းယူပြီး၊ အမှုတွဲရှိ ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်အမှန်ကို ရှာဖွေ၍ ပါရဂူသက်သေ၏ ရှေ့တွင်ချပြ ပေးထားပါသည်။ ထို့နောက်မှ ကျွန်တော်က -

**ရှေ့နေမေး** - “ဒီလက်ဗွေရဲ့ အတွင်းအဆုံးသတ်မှနေ၍ အောက်ဘက်သို့ ကွေ့ဆင်း လာသည့် ပထမအကြောင်းမှာ နှစ်ဖြာကွဲ၍ ဆင်းလာသည့် ပုံသဏ္ဍာန်မျိုး ဖြစ်သည်ဆိုလျှင် ”

**သက်သေဖြေ**- “ မှန်ပါသည် ”

( အထက်က လက်ဗွေများရှိ အတွင်းအဆုံးသတ်ပုံစံနှင့် ယခုဖြေဆိုချက် လုံးဝကွဲလွဲနေသည်ကို သက်သေသတိပြုမိပုံမရပါ။ )

ကျွန်တော်က ဆက်လက်ပြီး ဒေါ်ခင်မြိုင်၏ လက်ဗွေအစစ်အမှန်ပေါ်ရှိ ထင်ထင်ရှားရှား၊ ပြတ်ပြတ်သားသား မြင်ရသည့် ထူးခြားသည့်အချက်ကလေးများကို ထောက်ပြပြီး၊ မေးခွန်းများ အဆက်မပြတ် မေးမြန်းနေရာ ပါရဂူသက်သေသည် ကျွန်တော်မေးသည်များကို အမှန်အတိုင်း အမြင်အတိုင်း ဖြေဆိုပေးနေပါသည်။ သူ၏ ဖြေဆိုချက်များသည် အငြင်းပွားနေသည့် အရောင်းအဝယ်စာချုပ်နှင့် အိမ်ငှားစာချုပ် တို့ပေါ်ရှိ လက်ဗွေပုံစံများပါ အချက်အလက်များနှင့် သိသာထင်ရှားစွာ ကွဲလွဲနေပြီကို ယခုအချိန်ထိ သတိပြုမိဟန် မပေါ်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲအရှိန်မြင့်ပြီ

တရားသူကြီးက အမှုစစ်ဆေးခြင်းမစတင်မီကတည်းကပင် ယနေ့ရုံးချိန်းတွင် အမှုကို ပြီးပြတ်အောင် စစ်မေးရန် ကြိုတင်မှာကြားထားသည်ဖြစ်၍ ကျွန်တော့် အနေဖြင့် ယခုရုံးချိန်းတွင် သက်သေမနှစ်မြို့နိုင်သည့် အတိုက်အခံ မေးခွန်းများကို မေးရပါတော့မည်။

ကျွန်တော်၏ အမှုသည်အတွက်လည်းကောင်း၊ ကျွန်တော်၏ ဂုဏ်သိက္ခာ အတွက် လည်းကောင်း၊ အမှန်တရား ပေါ်ပေါက်ရေးအတွက်လည်းကောင်း မည်သူ့ ကိုမျှ ငဲ့ညှာရန်မလိုတော့ဘဲ ရှေ့နေတစ်ယောက်တွင်ရှိသည့် တာဝန်အတိုင်း ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ရပါတော့မည်။

ထို့ကြောင့် ကျွန်တော်က ရုံးရှေ့ရှိ အမှုတွဲကြီးကိုယူ၍ အငြင်းပွားနေသော အိမ်ရှင်အိမ်ငှား စာချုပ်ပေါ်ရှိ လက်ဗွေကို အဆများစွာ ပုံကြီးချဲ့ထားသည့် ဓါတ်ပုံအား ရှာဖွေပြီးနောက် သက်သေပါရဂူ၏ ရှေ့တွင် ချပေးလိုက်ပြီး မေးမြန်းမှု ပြုလိုက် ပါသည်။

**ရှေ့နေမေး** - " ဒီလက်ဗွေရဲ့ လက်ဝဲဘက် အပြင်အဆုံးသတ်နဲ့ အတွင်း အဆုံးသတ်အကြားမှာရှိတဲ့ အရစ်အကြောင်းများကို တစ်ကြောင်းစီ ထောက်ပြပြီး ရေတွက်ပြရန် ပန်ကြားပါတယ် "

(ကျွန်တော် လေးလေးစားစားဖြင့် " ပန်ကြားပါသည် " ဟူသော စကားရပ်ကို သုံးနှုန်း၍ မေးမြန်းလိုက်ပါသည်။)

**သက်သေဖြေ** - " (၁၄) ကြောင်း ရှိပါသည်။ "

(သက်သေက ထောက်မပြသည့်အပြင် စိတ်ဖြင့်ရေတွက်ခြင်းပင် မပြုလုပ် နိုင်ဘဲ ချက်ချင်းဖြေပါသည်။ ဤမေးခွန်းမေးလာပါက ဖြေကြားနိုင်ရန် ကြိုတင် ပြင်ဆင်ထားခြင်းဖြစ်သည်ကို ကျွန်တော် ကောင်းစွာသိပါသည်။ အဘယ်ကြောင့် ဆိုသော် ဒေါ်ခင်မြိုင်၏ " လက်ဗွေအစစ် " တွင် အမှန်တကယ် ( ၁၄ ) ရစ် ရှိနေသည့်အတွက် ဖြစ်ပါသည်။) ကျွန်တော်က ဆက်လက်၍ -

**ရှေ့နေမေး** - " ကျွန်တော်က ရုံးရှေ့မှာ တစ်ကြောင်းချင်း ထောက်ပြပြီး ရေတွက် ပြပါလို့မေးတာကို ခင်ဗျားက ဘာဖြစ်လို့ ထောက်မပြတာလဲ - ဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**သက်သေဖြေ** - “ ပညာရပ်ဆိုင်ရာကိစ္စဖြစ်၍ ထောက်မပြခြင်းဖြစ်ပါသည် ”

**ရှေ့နေမေး** - “ ဒီလက်ဗွေရဲ့ လက်ဝဲဘက် အပြင်အဆုံးသတ်နဲ့ အတွင်းအဆုံးသတ်အကြားရှိ အရစ်အကြောင်းများကို မှန်ဘီလူးမလိုဘဲ တစ်ကြောင်းစီ ရေတွက်နိုင်ပြီး၊ ( ၁၁ ) ရစ်သာ ရှိသည်ဆိုလျှင် ”

**သက်သေဖြေ** - “ ပညာရပ်ဆိုင်ရာအရ ရေတွက်ခြင်းမှာ မမှန်ပါ။ ”

**ရှေ့နေမေး** - “ မမှန်ဆိုတာ ဘာကိုဆိုလိုတာလဲ ”

**သက်သေဖြေ** - “ (၁၁) ရစ်ဆိုတာ မမှန်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ”

**ရှေ့နေမေး** - “ ဒါဆိုရင် အရစ်အကြောင်းများကို ထင်ရှားစွာမြင်ရသည်ဆိုသည့် အချက်နှင့် တစ်ကြောင်းခြင်း ရေတွက်၍ရသည်ဆိုသည့် အချက်များ မှန်သည်ဟု ဆိုလိုပါသလား ဆိုလျှင် ”

ကျွန်တော်က မေးခွန်းများကို ချက်ချင်းအဆက်မပြတ် မေးမြန်းနေသော်လည်း သက်သေသည် အထက်ပါမေးခွန်းကို မဖြေသေးဘဲ (၇) မိနစ်ခန့် စဉ်းစားနေပါသည်။ ကျွန်တော်တို့အားလုံး သူ့အဖြေကို စောင့်နေကြပါသည်။ (၇) မိနစ်ခန့် ကြာမြင့်ပြီးနောက်မှ -

**သက်သေဖြေ** - “ သာမန်မျက်စိဖြင့် ကြည့်လျှင် ထင်ရှားစွာမြင်နိုင်ပါသည်။ သို့သော်လည်း ပညာရပ်ဆိုင်ရာအရ မျဉ်းကြောင်းရေတွက်မှုတွင် မတူညီ၍ ကွာဟခြင်းဖြစ်နိုင်ပါသည်။ တစ်ကြောင်းချင်း ရေတွက်ကြည့်လျှင်လည်း ရေတွက်၍ ရနိုင်ပါသည်။ ”

ဟု ဖြေကြားပါသည်။

သက်သေက အထက်ပါအတိုင်း မရေမရာဖြေကြားပြီးသည်နှင့် ကျွန်တော်က တရားသူကြီးအား မျက်နှာမူ၍ ကျွန်တော်မေးမြန်းသောမေးခွန်းကို “ သက်သေက (၇) မိနစ်ခန့်စဉ်းစားပြီးမှ ဖြေဆိုခဲ့သည့်အချက်ကို ” မှတ်တမ်းတင်ပေးရန် လျှောက်ထားခဲ့ရာ တရားသူကြီးက မှတ်တမ်းတင်ပေးပါသည်။

ထို့နောက် ကျွန်တော်ကတစ်ဆင့်တိုး၍ တိုက်ကွက်ပြောင်းပြီး ဆက်မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေမေး** - " ဒီလက်ဗွေရဲ့ ဝဲဘက်အပြင်အဆုံးသတ်နဲ့ အတွင်းအဆုံးသတ် အကြားရှိ အရစ်အကြောင်း (၁၁) ကြောင်း ရှိကြောင်းကို ကျွန်တော် ကိုယ်တိုင် တစ်ကြောင်းချင်းထောက်ပြပြီး ရေတွက်ပြမယ်ဆိုရင် ခင်ဗျားလက်ခံနိုင်မလား "

ဟု မေးလိုက်ပါသည်။ သူ့ကို မရေတွက်ခိုင်းတော့ဘဲ ကျွန်တော်ကိုယ်တိုင် ရုံးရှေ့မှာ အားလုံးမြင်သာအောင် ရေတွက်ပြမည်ဟုစိန်ခေါ်လိုက်သည့် မေးခွန်းဖြစ်ပါသည်။
**သက်သေက** -

**သက်သေဖြေ**- " ထောက်ပြသည့် ရှေ့နေကြီးသည် လက်ပုံစံပညာရှင်မဟုတ်၍ လက်မခံနိုင်ပါ "

ဟု ဖြေဆိုပါသည်။

**ရှေ့နေမေး** - " အထက်က မေးခွန်းအပေါ် (၁၄) ရစ်ရှိကြောင်း ဖြေဆိုခဲ့ခြင်းဟာ တစ်ကြောင်းစီ ရေတွက်ပြီးမှ ဖြေဆိုခြင်းလားဆိုလျှင် "

**သက်သေဖြေ**- " မှန်ပါသည် "

**ရှေ့နေမေး** - " ခင်ဗျားရေတွက်ပြသလိုပဲ ကျွန်တော်လည်း တစ်ကြောင်းချင်း ရေတွက်ပြမယ်ဆိုရင် ခင်ဗျားလက်ခံနိုင်မလား။ "

**သက်သေဖြေ**- " ခင်ဗျားက လက်ပုံစံပညာရှင်မဟုတ်လို့ လက်မခံနိုင်ပါ။ "

**ရှေ့နေမေး** - " ကောင်းစွာတွေ့မြင်နေရသည့် လက်ပုံစံတစ်ခုပေါ်မှ အရစ်အကြောင်းကို ကောင်းစွာမြင်ရသူတစ်ဦးက တစ်ကြောင်းချင်း ထောက်ပြရေတွက်ခြင်းနဲ့ ခင်ဗျားတို့လို ပညာရှင်က ရေတွက်ခြင်း (၂) ခုအကြား ကွာခြားချက် ရှိနေလို့လား "

**သက်သေဖြေ**- " ရှိပါသည် "

**ရှေ့နေမေး** - " ဘယ်လိုကွာခြားလို့လဲ "

**သက်သေဖြေ**- " စတင်ရေတွက်သည့် မျဉ်းကြောင်းမှ အတွင်းအဆုံးသတ်သို့ စိတ်မှန်းမျဉ်းကြောင်း ရေးဆွဲ၍ ထိုမျဉ်းကြောင်းအပေါ် ဖြတ်သွားသည့် အရစ်အကြောင်းများကို ပညာရပ် သဘောအရ

www.burmeseclassic.com



ရေတွက်ရပါသည်။ သာမန်လူတစ်ဦး ရေတွက်ပါက မှန်သည်ဟု မဆိုနိုင်ပါ။ "

သက်သေသည် သူ၏ဖြေဆိုချက်တိုင်းတွင် " ပညာရပ်သဘော " ဆိုသည့် စကားရပ်ကို ထပ်တလဲလဲ သုံး၍ဖြေနေသည်ကို ကျွန်တော် သတိပြုမိပါသည်။ ကျွန်တော်တို့က လက်ဗွေပညာကို နားမလည်သူဖြစ်၍ သူပြောသည့်အချက်များသာ အမှန်ဖြစ်ပြီး၊ ကျွန်တော်ပြောတာ မမှန်ဟု တရားရုံးက ယူဆနိုင်စေရန် တမင် ထိုစကားရပ်ကို ထပ်တလဲလဲထည့်ပြောနေခြင်းဖြစ်ပါသည်။

ကျွန်တော်ကလည်း လုံးဝအလျှော့မပေးဘဲ ဆက်လက်၍ မေးခွန်းထုတ်ပါသည်။

**ရှေ့နေမေး** - " ခင်ဗျားပြောသလိုပဲ ကျွန်တော်လည်း စိတ်မှန်းမျဉ်းကြောင်း တစ်ကြောင်းဆွဲပြီး ခင်ဗျားပြတဲ့နေရာအတိုင်း အရစ်အကြောင်း များကို တစ်ကြောင်းခြင်း ရေတွက်ပြမယ် ဆိုရင်တော ခင်ဗျား လက်ခံနိုင်မလား။ "

ကျွန်တော်က အထက်ပါမေးခွန်းကို ပုံစံအမျိုးမျိုးပြောင်း၍မေးပြီး (၁၄) ရစ် မဟုတ်ဘဲ (၁၁) ရစ်သာဖြစ်ကြောင်း ရုံးရှေ့၊ အားလုံးရှေ့တွင် ကွဲကွဲပြားပြား အဖြေ ထွက်အောင် ကြိုးစားနေသည်ကို ပါရဂူကြီး သိသွားပြီးနောက် အလွန်စိတ်ဆိုး သွားဟန်ဖြင့် ကျွန်တော်၏ မေးခွန်းကိုမဖြေတော့ဘဲ တရားသူကြီးအား မျက်နှာမူ၍ အောက်ပါအတိုင်း ပြောဆိုပါသည်။

- လက်ပုံစံ ပညာရှင်တစ်ဦးအနေဖြင့် တရားလိုအကျိုးဆောင်မှ လက်ပုံစံ စစ်ဆေးခြင်းနှင့် ပတ်သက်၍ သက်သေခံလက်ပုံစံ ဓါတ်ပုံနှင့် နမူနာ လက်ပုံစံ ဓာတ်ပုံများကို ထောက်ပြ၍ မေးမြန်းခြင်းများတို ကျွန်တော့်အနေဖြင့် ပြန်လည်ဖြေကြားခြင်းပြုခဲ့ပါသည်။ တရားလို အကျိုးဆောင်မှ မေးမြန်းရာတွင် ၎င်းကိုယ်တိုင်မှ လက်ပုံစံပညာရပ်နှင့် ပတ်သက်၍ မေးမြန်းခြင်းမပြုဘဲ ပညာရပ်ဆိုင်ရာနှင့်ပတ်သက်၍ အထောက်အကူပြုရယူရန် ရုံးတော်ရှေ့တွင် ဖြင်ဝပုဗ္ဗိုလ်ထံမှ မေးခွန်းများရယူ၍ မေးမြန်းခြင်းကို ကျွန်တော့်အနေဖြင့် ကန့်ကွက် ကြောင်း တင်ပြပါသည်။ ကျွန်တော့်အနေဖြင့် ရုံးတော်သို့ လက်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက်နှင့် ပတ်သက်၍ သက်သေခံခဲ့ရာတွင် တရားရုံးက မေးမြန်းခဲ့သည့်အတိုင်း စစ်ဆေးတွေ့ရှိချက်ကို တရားဝင် ပြန်ကြားခဲ့ပြီး၊ ၎င်းပြန်ကြားချက်အရ ကျွန်တော်မှ တရားရုံးတော်၏ သက်သေခံဆင့်ခေါ်ချက်အရ လာရောက်၍ တရားဝင်သက်သေခံခြင်း ဖြစ်ပါသည်။ ထိုသို့သက်သေခံခြင်းသည် လက်ပုံစံများ စစ်ဆေးထင်မြင်ချက်နှင့် ပတ်သက်၍ မြင်သည့်အချက်အလက်များပေါ်တွင် မူတည်၍ စစ်ဆေးထင်မြင်ချက် ပေးခဲ့ပါသည်။ သို့သော် လက်ပုံစံ၊ ဖွဲ့ပုံသဏ္ဍာန်၊ ဖွဲ့အမျိုးအစား သတ်မှတ်ထားသည့် အချက် ၂ ခုဖြစ်သည့် အတွင်းအဆုံးသတ်၊ အပြင်အဆုံးသတ်များနှင့် လက်ပုံစံ၏ ထူးခြားသေးငယ်သည့် အချက်အလက်များကိုမူတည်၍ စစ်ဆေးထင်မြင်ချက် ပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လက်ပုံစံ စစ်ဆေးထင်မြင်ချက်ပေးရာတွင် လက်ပုံစံ ကျွမ်းကျင်သူများ၏ စစ်ဆေးထင်မြင်ချက်အရ အဆင့်ဆင့် စစ်ဆေးတွေ့ရှိချက်ကို ထပ်မံထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။ လက်ပုံစံတူညီချက် နှင့်ပတ်သက်၍ မည်သည့်အချက်အလက်များ တူညီကြောင်း ထင်မြင်ချက်ပေးရန်မှာ အသေးစိတ် ထူးခြားသည့်အချက်အလက်များနှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာအရ လျှို့ဝှက်ချက်များဖြစ်၍ အသေးစိတ်တင်ပြရန် မရှိပါကြောင်း တင်ပြပါသည်။

ယင်းတင်ပြချက်ကို ရုံးတော်မှ မှတ်တမ်းတင်သည်။

တရားရုံးရှေ့တွင် သက်သေခံနေသည့် သက်သေတစ်ယောက်၏တာဝန်မှာ မိမိသိသမျှ အမှန်အတိုင်း တရားရုံးတွင် ထွက်ဆိုတင်ပြရန်ဖြစ်ပါသည်။ မမှန်ဖြေဆိုခွင့် မရှိသကဲ့သို့ ထိမ်ချန်ဖြေဆိုခွင့်လည်း မရှိပါ။ ယခုအခါ သက်သေသည် ကျွန်တော် အခိုင်အမာ မေးမြန်းထားသော မေးခွန်းကိုမဖြေဘဲ လျှောက်လဲချက်ပေးသည့်သဘောမျိုး တရားရုံးသို့ ရှည်လျားစွာ တင်ပြပြောဆိုနေသည့်အတွက် ကျွန်တော်လည်း စိတ်တိုသွားပြီး တရားရုံးတော်သို့ အောက်ပါအတိုင်း လျှောက်ထားတင်ပြလိုက်ပါသည်။

- ရှေ့နေ၏တာဝန်မှာ မေးလိုသည့် မေးခွန်းများကို မေးရန်ဖြစ်ကြောင်း၊ မေးခွန်းဥပဒေနှင့် မညီပါက တစ်ဘက်မှ ကန့်ကွက်ခွင့်ရှိပြီး ရုံးတော်မှလည်း တားမြစ်နိုင်ခွင့်ရှိကြောင်း၊ သက်သေတစ်ယောက်အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းသည့် မေးခွန်းများအပေါ် မှန်ကန်စွာ ထွက်ဆိုချက်ပေးရန် တာဝန်ရှိကြောင်း၊ မဖြေလိုကလည်း မဖြေနိုင်ဟု တင်ပြရန်သာ ရှိကြောင်း၊ ရှေ့နေတစ်ဦးက လက်ဖွေပညာနှင့်ပတ်သက်၍ နားလည်သူထံမှ အကြံဉာဏ်ယူ၍ မေးခွန်းမေးခဲ့လျှင်လည်း သက်သေတွင် ကန့်ကွက်ခွင့်မရှိကြောင်း၊ ထို့ပြင်သက်သေသည် ၎င်းထင်မြင်ချက် မှန်ကန်ကြောင်းကို ရုံးတော်သို့ လျှောက်လဲချက် ပေးသကဲ့သို့ တင်ပြနေခြင်းသည်လည်း တရားစစ်ဆေးစီရင်မှုဆိုင်ရာ နည်းလမ်းများနှင့် မညီညွတ်ကြောင်းတင်ပြ၍ နောက်နောင်ထိုကဲ့သို့ စစ်ဆေးစီရင်မှုကို အနှောင့်အယှက် ဖြစ်အောင် ရှည်လျားစွာ လျှောက်လဲတင်ပြခြင်းမျိုးကို မပြုရန်အတွက် တားမြစ်ပေးရန် လျှောက်ထားချက်ကိုလည်း မှတ်တမ်းတင်သည်။

ကျွန်တော်နှင့် လက်ဖွေပါရဂူ သက်သေတို့ အထက်ပါအတိုင်း အချေအတင် ပြောဆိုပြီးသည်နှင့် (၂) တရားပြိုင်ရှေ့နေကြီးက မတ်တတ်ရပ်ကာ ရုံးတော်သို့ အောက်ပါအတိုင်း တင်ပြလာပါသည်။

- သက်သေသည် ပါရဂူတစ်ယောက်အနေဖြင့် သက်သေခံခြင်းဖြစ်၍ ဌာနဆိုင်ရာ လျှို့ဝှက်ချက်အရ မတင်ပြနိုင်သော အချက်များဖြစ်၍ ၎င်းမတင်ပြခြင်းကို ကျွန်တော်အနေဖြင့် ကန့်ကွက်ရန်မရှိပါ။ ဒုတိယအချက်အနေဖြင့် သက်သေက ကန့်ကွက်ထားခြင်းမှာ အပြင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အမှုသည်လည်းမဟုတ် သက်သေလည်း မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တရားလိုအကျိုးဆောင်ကြီးအား မေးခွန်းများရေး၍ မေးခိုင်းခြင်းများကို ကန့်ကွက်ထားခြင်း ဖြစ်သည်။ ထိုကန့်ကွက်ချက်နှင့်ပတ်သက်၍ ရုံးတော်က အပြင်လူမှ ရုံးရှေ့တွင် ဝင်ရောက်အကြံဉာဏ်ပေးခြင်း မပြုသင့်ကြောင်း အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။

ယင်းတင်ပြသည်ကိုလည်း ရုံးတော်မှ မှတ်တမ်းတင်ပေးပါသည်။

အထက်ပါအတိုင်း တရားပြိုင် (၂) ၏ ရှေ့နေကြီးက ပြောဆိုပြီး ထိုင်သွားသည်နှင့် ချက်ချင်း ကျွန်တော်က မတ်တတ်ရပ်ကာ အောက်ပါအတိုင်း ရုံးတော်သို့ တင်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



- တစ်ဘက်ရှေ့နေကြီး၏ တင်ပြချက်ကို ပြန်လည်ရှင်းလင်း တင်ပြလိုကြောင်း တရားရုံးသို့ ခွင့်တောင်းပြီး၊ တစ်ဘက်ရှေ့နေကြီး တင်ပြသည့် ဌာနဆိုင်ရာ လျှို့ဝှက်ချက်ဆိုသည့်ကိစ္စမှာ တရားလို၏ ရှေ့နေနှင့် ဆိုင်သော ကိစ္စရပ်မဟုတ်ဘဲ သက်သေနှင့်သာ သက်ဆိုင်သောကိစ္စ ဖြစ်ပါသည်။ ကျွန်တော်၏ မေးခွန်းသည် အကယ်၍ ဌာနဆိုင်ရာ လျှို့ဝှက်ချက်ကို မေးမြန်းခဲ့ခြင်းဖြစ်ပါက မေးမြန်းသည့်အချိန်ကျမှသာ သက်သေက တင်ပြရမည့်ကိစ္စ ဖြစ်ပါသည်။ ယခု ကျွန်တော်၏ မေးခွန်းများမှာ လက်ဗွေနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ မေးခွန်းများသာ ဖြစ်ပြီး သက်သေကလည်း ထိုပညာရပ်ဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် လာရောက်ခြင်းဖြစ်၍ ဖြေဆိုရန်တာဝန်ရှိပါသည်။ ဒုတိယ အချက်အနေဖြင့် ပြင်ပပုဂ္ဂိုလ်ထံမှ အကြံဉာဏ်ရယူခွင့် မရှိပါဟု တရားရုံးက ဆုံးဖြတ်ပြီးကြောင်း တင်ပြချက်သည် မမှန်မကန် တင်ပြခြင်းသာဖြစ်ပါသည်။ ပြင်ပပုဂ္ဂိုလ်ထံမှ အကြံဉာဏ်မယူရဟု ဤရုံးက အမိန့်ချထားခြင်းမရှိပါ။ ပြင်ပပုဂ္ဂိုလ်ဆိုသူကလည်း ကျွန်တော့်အား မေးခွန်းများ ရေးပေးနေခြင်းမဟုတ်ပါ။ ကျွန်တော်၏ မေးမြန်းနိုင်မှု အပေါ် ကျွန်တော့်အား ပြန်လည်ပြောပြခြင်းသာဖြစ်ပြီး ရုံးတော်သို့ တိုက်ရိုက်ပြောဆိုခြင်းမဟုတ်၍ ဤကိစ္စသည် သက်သေနှင့်လည်းကောင်း၊ တစ်ဘက်ရှေ့နေနှင့်လည်းကောင်း လုံးဝမသက်ဆိုင်ကြောင်းနှင့် နောက်နောင်မေးမြန်းသည့် မေးခွန်းများအပေါ်တွင်သာ ဖြေဆိုရန်နှင့် မသက်ဆိုင်သည်များကို ရှည်လျားစွာ ပြောဆိုခြင်း မပြုရန် အတွက် လျှောက်ထားချက်ကိုလည်း မှတ်တမ်းတင်သည်။

ယနေ့ ရုံးချိန်းတွင် တရားသူကြီး က လက်ဗွေပါရဂူအား အပြီးစစ်မည်ဟု ကြိုတင်သတိပေး၍ စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း အိမ်ရှင်အိမ်ငှား စာချုပ်ပေါ်ရှိ လက်ဗွေမှာ အရစ်အကြောင်း (၁၁) ရစ်လား သို့မဟုတ် (၁၄) ရစ်လား ဆိုသည့်ပြဿနာမှာ အဖြေမထွက်သေးပါ။ သက်သေထွက်ချက်အား တရားသူကြီး ကိုယ်တိုင် ရေးသားမှတ်တမ်းတင်နေရာ စုစုပေါင်းစာမျက်နှာ (၁၇) မျက်နှာ ရှိနေပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးအပါအဝင် အားလုံး စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေကြပါပြီ။ အပင်ပန်းဆုံးမှာ တရားသူကြီးဖြစ်မည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးသည် သက်သေ၏ ထွက်ဆိုချက် (၁၇) မျက်နှာကို မှတ်တမ်းတင် ရေးသားရသည့်အပြင် အငြင်းပွားပြဿနာများကြောင့် အမှုတွဲ၏ တရားရုံးနေ့စဉ် မှတ်တမ်းတွင်လည်း ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို (၅) မျက်နှာခန့် ရေးသားရပါသည်။ ထို့အပြင် ကျွန်တော်တို့ အငြင်းအခုံ အချေအတင် ဖြစ်နေသည် ကိုလည်း တာဝန်အရ ဖြေရှင်းပေးနေရပါသေးသည်။

ထိုသို့သော အကြောင်းများကြောင့်ဟု ထင်ပါသည်။ တရားသူကြီးသည် ယနေ့ပြီးစီးအောင် စစ်မည်ဟု အစပိုင်းက ပြောထားသော်လည်း မပြီးဆုံးသေးဘဲနှင့် အမှုစစ်ဆေးခြင်းကို ရပ်လိုက်ပြီး ( ၁၇-၂-၉၂ ) နေ့တွင် အမှုကို ဆက်စစ်မည်ဟု ပြောဆိုပြီး ရက်ချိန်းပေးလိုက်ပါသည်။

တရားသူကြီး ထိုနေ့က အမှုတွဲနေ့စဉ်မှတ်တမ်းတွင် ရေးသွင်းခဲ့သည့် ရေးမှတ်ချက်များမှာလည်း စိတ်ဝင်စားဖွယ်ကောင်း၍ မူရင်းအတိုင်း ဖော်ပြပါသည်။

**၃၁-၁-၉၂ နေ့ တရားရုံးအမှုတွဲ၏ နေ့စဉ်မှတ်တမ်း**

တရားလို၏ ကိုယ်စားလှယ်မလာ - ရှေ့နေလာသည်။ တရားပြိုင်များမလာ။ (၂) ပြိုင်၏ ရှေ့နေကြီး ဦးလှအောင် လာသည်။

C.I.D မှ လက်ထွေပါရဂူ လာ၍စစ်သည်။ ပါရဂူအား တရားလိုရှေ့နေမှ စစ်ဆေးရာတွင် တရားလိုရှေ့နေ၏ မေးခွန်းအပေါ် ပါရဂူက ရုံးသို့တင်ပြသည်။ တင်ပြချက်ကို သက်သေထွက်ချက်တွင် မှတ်တမ်းတင်သည်။ ယင်းသို့ ပါရဂူ၏ တင်ပြချက် အပေါ် (၂) ဖက် ရှေ့နေများက အပြန်အလှန်တင်ပြရာ တင်ပြချက် များကို မှတ်တမ်းတင်သည်။

ပါရဂူနှင့် နှစ်ဖက်ရှေ့နေများ၏ တင်ပြချက်များကို ကြည့်လျှင် အမှုတွင် စစ်ဆေးစီရင်နေသည့် အကြောင်းခြင်းရာများနှင့်လည်းကောင်း၊ ထိုအကြောင်းခြင်းရာ များအရ ဆုံးဖြတ်ရမည့် ဥပဒေပြဿနာနှင့်လည်းကောင်း မသက်ဆိုင်ဘဲ ဌာနဆိုင်ရာ လုပ်ထုံးကိစ္စနှင့် ရုံးရှေ့ရှိ ရှေ့နေ၊ အမှုသည်တို့၏ အပြုအမူများနှင့်သာ သက်ဆိုင် နေ၍ ရုံးအနေဖြင့် တစ်စုံတစ်ရာ အမိန့်ချပေးရန် လိုအပ်မည်မဟုတ်ကြောင်း၊ သက်သေ ပါရဂူအနေဖြင့် မေးခွန်းအချို့မှာ ဌာနဆိုင်ရာ လျှို့ဝှက်ချက်အရ

www.burmeseclassic.com

www.burmeseclassic.com



ဖြေကြားရန် မဖြစ်နိုင်လျှင် လျှို့ဝှက်ချက်အရ ဖြေကြားရန်မဖြစ်နိုင်သည်ကို ရုံးသို့ တင်ပြစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပါရဂူအနေဖြင့် မိမိဌာန၏ လုပ်ငန်း သဘာဝအရ မည်သည့်ကိစ္စများသည် လျှို့ဝှက်ချက် ဖြစ်သည်ကို တရားရုံးအနေဖြင့် သာမန်အားဖြင့် သိနိုင်ခြင်းမရှိသည့်အတွက် ထိုကဲ့သို့ ဌာနဆိုင်ရာ လျှို့ဝှက်ချက်အရ ဖြေရန်မဖြစ်နိုင်သည့်အခါမျိုးတွင် ရုံးသို့ ထိုအကြောင်းကို တင်ပြရန်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်ဘက်ရှေ့နေကြီးများ တင်ပြသည့်ကိစ္စတွင် အမှုသည်မဟုတ်သူထံမှ အကြံဉာဏ်ယူခြင်းနှင့် ရုံးမှတင်ပြသမျှကို မှတ်တမ်းတင်ခြင်း ကိစ္စတို့ပါဝင်ကြောင်း။ ပထမကိစ္စမှာ ရှေ့နေများ၏ ကျင့်ဝတ်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ထိုကိစ္စ အတွက် အတိအလင်း ပြဋ္ဌာန်းသည့် ဥပဒေမရှိကြောင်း၊ ရှေ့နေများသည် ရုံးရှေ့တွင် ပြုမူဆောင်ရွက်သင့်သည့်ကိစ္စများကို ကျင့်ဝတ်အရ ထိန်းသိမ်းကြရန်ဖြစ်ပြီး ကျင့်ဝတ်နှင့်ပတ်သက်၍ ရုံးမှ မလွှဲမရှောင်သာမှသာအဆုံးအဖြတ်ပေးလိုကြောင်း၊ ထို့ပြင် အပြုအမူနှင့်ပတ်သက်၍ ဝါရင့်ရှေ့နေကြီးများက မိမိအသိဖြင့် ထိန်းသိမ်းရန် ဖြစ်ကြောင်း၊ တစ်ဖန် ရုံးမှတင်ပြသမျှ မှတ်တမ်းတင်သည့်ကိစ္စနှင့် ပတ်သက်၍ တရားရုံးအနေဖြင့် နှစ်ဖက်အမှုသည်၊ ရှေ့နေနှင့် သက်သေတို့တင်ပြသမျှကို ဥပဒေက အတိအလင်း တားမြစ်မထားလျှင် မှတ်တမ်းတင်ရန်ဖြစ်ကြောင်း - တရားမမှုမှာ တရားရုံးချုပ်က တရားလိုဘက်တွင် သက်သေခံ ဥပဒေပုဒ်မ - ၁၃၈ အရ အပြည့်အဝ စစ်ဆေးခွင့်ရစေရန်အတွက် သက်သေပါရဂူကို တရားလိုဘက်မှ ထပ်မံစစ်ဆေးစေရန်၊ စစ်ဆေးချက်ကို ပြန်လည်တင်ပြရန် ညွှန်ကြားထားသည့်အမှုဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဤရုံးအနေဖြင့် နှစ်ဘက်အမှုသည်များသည် အမှုတွင် တင်ပြသမျှကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်၍ တရားရုံးချုပ်သို့ ပြန်လည်တင်ပြရန် တာဝန်ရှိသည်ဟု ယူဆကြောင်း၊ အမှုသည်များသည် တရားရုံးချုပ်ရောက်ခါမှ အောက်ရုံးတွင် ပြည့်ဝစွာ တင်ပြခွင့် မရဟုလည်းကောင်း၊ တင်ပြသမျှကို ရုံးကပြည့်စုံစွာ မတင်ပြဟုလည်းကောင်း၊ တရားရုံးချုပ်တွင်တင်ပြ၍ တရားရုံးချုပ်က အောက်ရုံးတွင် အမှုသည်များသည် သက်သေခံ ဥပဒေပုဒ်မ - ၁၃၈ အရ အခွင့်အရေး ပြည့်ဝစွာ မရခဲ့ဟူသော မှတ်ချက် ဖြင့် ပြန်လည်ပေးပို့ စစ်ဆေးစေသော အမှုဖြစ်၍လည်းကောင်း၊ ဤရုံးအနေဖြင့် တင်ပြသမျှကို မှတ်တမ်းတင်ပြီး ရရှိခဲ့သော သက်သေခံချက်ကို တရားရုံးချုပ်သို့ တင်ပြရန်တာဝန်ရှိကြောင်း၊ ထို့အပြင် တင်ပြသမျှ ရုံးမှမှတ်တမ်းတင်ရမည် ဖြစ်ကြောင်း ရှင်းပြပြီး ယခုကိစ္စသည် တရားရုံးက အမိန့်ချမှတ်ရန် လိုအပ်သည့်ကိစ္စ မဟုတ်ကြောင်းဖြင့် ရှင်းပြလိုက်သည်။ ( နေ့လယ် (၁) နာရီခန့်တွင် အခြားအမှုများ ရှိနေသေး၍ စစ်ဆေးခြင်းရပ်နားပြီး ချိန်းလိုက်သည်။ )

www.burmeseclassic.com

www.burmeseclassic.com



(၃၁-၁-၉၂) ရုံးချိန်းတွင် **အဓိကပေါ်ပေါက်နေသည့်** ပြဿနာမှာ အိမ်ရှင် အိမ်ငှား စာချုပ်ပေါ်ရှိ လက်ဗွေ၏ **လက်ဝဲဘက်အပြင်**အဆုံးသတ်နှင့် အတွင်း အဆုံးသတ်အကြားရှိ အငြင်းပွားရန် **အကြောင်းရှိသော၊ အရစ်**အကြောင်း အရေ အတွက် ပြဿနာဖြစ်ပါသည်။

အရစ်အကြောင်းအရေအတွက်သည် **အမှန်အားဖြင့် (၁၁) ရစ်**သာရှိသည်ကို သက်သေပါရဂူက ဒေါ်ခင်မြိုင် လက်ဗွေအမှန်နှင့် **မတူတူအောင်** (၁၄) ရစ်ဟု ထွက်ဆိုနေသည့်အတွက် ယခုကဲ့သို့ အချေအတင် **ပြဿနာပေါ်ပေါက်နေခြင်း** ဖြစ်ပါသည်။ သက်သေအနေဖြင့် ကျွန်တော်ပြောသကဲ့သို့ **(၁၁) ရစ်မှန်ပါသည်**ဟု ဖြေဆိုလိုက်ပါက ၄င်းတို့ဌာနမှ တရားဝင်ပေးထားသည့် **ထင်မြင်ချက်မှားပါသည်**ဟု ဝန်ခံလိုက်ရသည့် သဘောမျိုးဖြစ်အောင် ကျွန်တော်က **ချောင်ပိတ်မေးမြန်းနေခြင်း** ဖြစ်ပါသည်။

သက်သေသည် ကျွန်တော်၏ မေးခွန်းကို ဝန်ခံမည်**မဟုတ်ကြောင်း** ကျွန်တော် အစကတည်းက တွေးထင်ထားပြီးသားဖြစ်ပါသည်။ အမှုကို **အဆုံးအဖြတ်** ပေးမည့် တရားသူကြီးများ (ရုံးအဆင့်ဆင့်မှ) သိရှိနိုင်စေရန် **ရည်ရွယ်၍ တမင်** ထပ်ကာထပ်ကာ မေးမြန်းနေခြင်းသာဖြစ်ပါသည်။

ယနေ့ - သက်သေပါရဂူက " **အခြေအနေအရ မဖြေနိုင်ပါ** " ဟု အတိအလင်း တရားရုံးသို့ တင်ပြသွားသော်လည်း ကျွန်တော်၏**အယူအဆအရ** ဆိုလျှင် သက်သေသည် ကျွန်တော်၏ မေးခွန်းများ မှန်ကြောင်း **သွယ်ဝိုက်၍** ဖြေဆိုပေးခဲ့ပြီးဖြစ်သည်ဟု ထင်မြင်ပါသည်။

## ၃၁-၁-၉၂ နေ့ ညနေ (၆) နာရီ၊ အစဉ်အလာထိန်းသိမ်းပွဲ၊

အစဉ်အလာကို ထိန်းသိမ်းသူ နောင်တော်ကြီး ဦးသိန်းလွင်က **ကျွန်တော့်ထံ** ဖုန်းဆက်လာပါသည်။

" ဟဲလို " ဆိုသည့် ဆရာဦးသိန်းလွင်၏ **အသံကိုကြားသည်နှင့်** ယနေ့ ရုံးချိန်းတွင် ဖြစ်ပျက်ခဲ့သည်များကို ကိုထက်ဝင်းက **ဆရာ့အား ပြောပြထားပြီး** ဖြစ်ကြောင်း၊ အမှုအခြေအနေကို ကျွန်တော်နှင့် **မေးမြန်းပြောဆိုလို၍** ဖုန်းဆက် လာခြင်းဖြစ်ကြောင်း သိလိုက်ပါသည်။ ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ဆရာ " ဟု ပြန်ပြောလိုက်ရာ၊ ဆရာက -

" ဒီနေ့ပွဲ အတော်လေးကြမ်းတယ်ဆို။ အဲဒါ ကျွန်တော်သိချင်လို့ပါ "

ဟုပြောပါသည်။

ကျွန်တော်က - ဆရာ့ကျောင်းကိုလာပြီး ကျွန်တော်ရှင်းပြပါမည်ဟု ပြောလိုက်ပါသည်။ သူ့အိမ်ကိုချိန်းလျှင် ဒေါ်ခင်ဝင်း ကို အားနာရသဖြင့် ကျွန်တော်ကပင် ကျောင်းတွင်တွေ့မည်ဟု ချိန်းလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် ညနေ (၆) နာရီကျော်ကျော် ဦးသိန်းလွင် ၏ ကျောင်းသို့ ရောက်သည့်အခါ ဆိပ်ကမ်းအရာရှိ ကိုကျော်မြင့်လည်း ရောက်ရှိနေသည်ကို တွေ့ရပါသည်။ ကိုလေးမြင့်လည်း ထုံးစံအတိုင်း ရှိနေပါသည်။ (ကိုလေးမြင့်မှာ ကမ်းနားလမ်းရှိ ၆-ထပ်ရုံး မှတ်ပုံတင်ဌာနတွင် အလုပ်လုပ်သူဖြစ်ရာ ရုံးဆင်းတိုင်း ဆရာ့ကျောင်းသို့ ဝင်လေ့ရှိသူဖြစ်ပါသည်။)

ဆရာဦးသိန်းလွင်၏ ကျောင်းသို့ ကျွန်တော်ရောက်သည်နှင့် ကိုထက်ဝင်းက ကျွန်တော့်အား ကြိုဆို၍ နေရာထိုင်ခင်းပေးပါသည်။ ကိုထက်ဝင်း ဘာတွေပြောထားမှန်း မသိပါ။ အားလုံးက ကျွန်တော့်ကို စိတ်ဝင်တစား ကြည့်နေသဖြင့် ကျွန်တော် အနည်းငယ် အနေခက်သွားပါသည်။

ကျွန်တော်တို့အားလုံး ဝိုင်းထိုင်လိုက်ကြပြီးသည်နှင့် ကိုထက်ဝင်းက စကားစလာပါသည်။ သူ့စကားစပုံမှာ -

" ဒီနေ့ ဆရာဦးကိုနီက လက်ဖွဲ့ပါရဂူကို လက်ဖွဲ့တွေအကြောင်း အပိုင်အနိုင်မေးတာကို လက်ဖွဲ့ပါရဂူက မဖြေဘူးဗျ "

ဟု အရင်းမရှိ အဖျားမရှိ စကားစပါသည်။ ကျန်နားထောင်နေကြသူများကလည်း ကိုထက်ဝင်း ပြောတာဟုတ်လားဟု သိလိုသဖြင့် ကျွန်တော့်အဖြေကို စောင့်မျှော်နေကြပါသည်။

ကျွန်တော်ကလည်း ကိုထက်ဝင်းကို နောက်ပြောင်သလိုဖြင့် -

" ဖြေသွားပါတယ်ဗျ။ ကိုထက်ဝင်း မကြားလိုက်ဘူးနဲ့တူတယ် "

ဟု ပြောလိုက်ရာ အားလုံးက ကိုထက်ဝင်း၏ မျက်နှာကို ဝိုင်းကြည့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်ဝင်းက ချက်ချင်း အကြောက်အကန် ငြင်းသည့်ပုံစံဖြင့် -

" မဖြေပါဘူးဆရာ၊ လုံးဝမဖြေပါဘူး။ ဆရာ ဒီမေးခွန်းတစ်ခုတည်းကို ပုံစံအမျိုးမျိုးပြောင်းပြီး (၃) (၄) ခါလောက်ထပ်မေးနေတာတောင် ဌာန ဆိုင်ရာ လျှို့ဝှက်ချက်လိုလို၊ ဘာလိုလိုနဲ့ပြောပြီး ဖြေမသွားပါဘူးဆရာ "

ဟု ဖြေရှင်းချက်ထုတ်ပါသည်။ ထိုအခါ နားထောင်သူများက ကျွန်တော့်ဘက် မျက်နှာ လှည့်လာကြပြန်ပါသည်။ ကျွန်တော်လည်း ဦးသိန်းလွင် နှင့် ဦးကျော်မြင့် တို့ကို အားနာသည့်အတွက် နောက်ပြောင်ခြင်း မပြုတော့ဘဲ လေသံမှန်ဖြင့် ဦးသိန်းလွင် ကိုကြည့်ကာ -

" ဆရာရေ - ကိုထက်ဝင်း ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ပါရဂူကြီးက ကျွန်တော်မေးတဲ့ မေးခွန်းကို မဖြေတာကိုကဘဲ အဖြေပေးပြီးသား ဖြစ်သွားပါပြီ။ "

ဟုပြောလိုက်ရာ ချက်ချင်း ကိုထက်ဝင်းက -

" သူပြောတဲ့သဘောက ဌာနဆိုင်ရာ လျှို့ဝှက်ချက်ဖြစ်လို့ ဖြေလို့မရဘူးလို့ ပြောသွားတာပါ "

ဟု န္တတ်လှန်ထိုးပါသည်။ ကိုထက်ဝင်းကို ကျွန်တော်စိတ်မတိုပါ။ သူက အားလုံးကို မြင်တွေ့ နားထောင်ခဲ့ရသူဖြစ်၍ မြင်တွေ့သိရှိရသည့်အတိုင်း ရိုးရိုးသားသား ပြောနေခြင်း ဖြစ်ပါသည်။

- တရားရုံးရှေ့တွင် အမှန်အတိုင်း ဖြေဆိုရန် တာဝန်ရှိသူ သက်သေ တစ်ဦးက လွယ်လွယ်ကူကူ တရားသူကြီး နားလည်သဘောပေါက် အောင် ဖြေဆိုရှင်းပြရန် ဖြစ်ပါလျက် မဖြေဆိုဘဲနေခြင်းသည် အမှန် အတိုင်း ဖြေဆိုလိုက်ပါက သူ့ဘက်တွင် နစ်နာသွားရန် အကြောင်း ရှိ၍သာ မဖြေဆိုခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း။

သက်သေခံ ဥပဒေပုဒ်မ-၁၁၄ ၏ ဥပမာ (ဆ) တွင် ပြဆိုထားပါသည်။

ထို့ကြောင့် ကျွန်တော်က နားထောင်နေသူအားလုံး စိတ်ချမ်းသာပြီး နားလည် သဘောပေါက်သွားကြစေရန် အထက်ပါ သက်သေခံ ဥပဒေပုဒ်မ - ၁၁၄ ၏ ဥပမာ (ဆ) ကို ဥပမာပေး၍ ပါရဂူကြီးက မဖြေခြင်းသည် မေးသူကမှန်၍ မဖြေဘဲနေခြင်းသာဖြစ်ကြောင်း၊ မေးသူမမှန်လျှင် မမှန်ကြောင်း အခိုင်အမာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြနိုင်သည့် ပညာရှင်ပါရဂူကြီးဖြစ်ကြောင်း၊ သူမငြင်းနိုင်၍ မဖြေဘဲနေသည်ကို ဌာနဆိုင်ရာ လျှို့ဝှက်ချက်ဟု ပြောခြင်းမှာလည်း မမှန်ကြောင်း၊ လက်ဗွေ ပညာရပ် အကြောင်း မေးမြန်းနေခြင်းသည် လျှို့ဝှက်ချက်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ရုံးချိန်းတွင် ကျွန်တော်တို့ များစွာအသာစီးရလိုက်ပြီ ဖြစ်ကြောင်း၊ နောက်ထပ် များများစားစားမေးရန်ပင်မရှိတော့ကြောင်း ရှင်းပြလိုက်ရာ နားထောင်သူများ အတော်အတန် ကျေနပ်သွားကြပုံရပါသည်။

သူတို့ ကျေနပ်အောင်သာ ကျွန်တော်က ပြောနေရသော်လည်း ယနေ့ ရုံးချိန်းတွင် ဖြစ်ပျက်ခဲ့သည်များကို စဉ်းစားမိတိုင်း ကျွန်တော်စိတ်မကောင်းပါ။ တရားသူကြီးလည်း စိတ်မကောင်းဖြစ်နေသည်ကို ကျွန်တော်ကောင်းစွာ သတိပြုမိပါသည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် လာမည့်ရုံးချိန်းတွင် မည်သို့မည်ပုံဆက်၍ စခန်းသွားရမည်ကို အလေးအနက် စဉ်းစားနေမိပါသည်။ စားသောက်ဝိုင်းတွင် အလိုက်သင့် စကားပြောနေရသော်လည်း လာမည့် ရုံးချိန်းနေ့တွင် အပြီးအပြတ် စစ်ဆေးရမည့်ကိစ္စ ကျွန်တော့်ကို ဖိစီးနေသဖြင့် အများပျော်ရွှင် နေသကဲ့သို့ ကျွန်တော် မပျော်နိုင်ပါ။

꧁꧁꧁꧁꧁

၁၇-၂-၉၂ နေ့ ရုံးချိန်းတွင် နှစ်ဘက်ရှေ့နေများ စုံလင်စွာ ရောက်ရှိကြ သော်လည်း လက်ဗွေ ပါရဂူသက်သေမလာသဖြင့် (၅-၃-၉၂) နေ့ (၁၀း၃၀) နာရီသို့ ရွှေ့ဆိုင်းပေးလိုက်ပါသည်။

꧁꧁꧁꧁꧁

**ရုံးချိန်းရက် ၊ ၅-၃-၉၂ ၊ နံနက် (၁၀း၃၀) နာရီ**

လက်ဗွေပါရဂူကြီး သက်သေခံရန် ရောက်လာသဖြင့် အမှုကို ဆက်လက် စစ်ဆေးကြပါသည်။ ထုံးစံအတိုင်း သက်သေကို ကျမ်းကျိန်ဆိုစေပြီးနောက် ကျွန်တော် ဆက်မေးရန်ဖြစ်ရာ -

**ရှေ့နေမေး** - " တရားရုံးရှေ့မှာ ခင်ဗျားကိုယ်တိုင် နှိပ်ယူထားတဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေပုံစံဟာ ခရုပတ်ပုံသဏ္ဍာန် ရစ်ပတ်၍ ထက်အောက်မှည် ဘဲဥပုံ ထောင်ထားသည့်ပုံစံ ဖြစ်သည်ဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



သက်သေဖြေ- " မှန်ပါသည်။ "

ရှေ့နေမေး - " ဒေါ်ခင်မြိုင်ရဲ့ လက်ဖွေမှာ အတွင်းအဆုံးသတ်နှင့် အပြင်အဆုံးသတ်ကြားရှိ အရစ်အကြောင်း အရေအတွက် ဘယ်လောက်ရှိလဲဆိုလျှင် "

သက်သေဖြေ- " ၁၇-ကြောင်း ရှိပါသည်။ "

ရှေ့နေမေး - " ၁၇-ကြောင်းမဟုတ်ဘဲ အတိအကျ ၁၉-ကြောင်း ရှိသည်ဆိုလျှင် "

သက်သေဖြေ- " ငြင်းပါသည် "

အမှန်မှာ (၁၉) ကြောင်းရှိသော်လည်း သက်သေက (၁၇) ကြောင်းဟု ဖြေပါသည်။ အိမ်ရှင်အိမ်ငှားစာချုပ်တွင် (၁၇) ကြောင်းရှိသည်ဖြစ်ရာ အဖြေကွဲပြားမသွားအောင် (၁၇) ကြောင်းဟု ဖြေဆိုနေခြင်းဖြစ်ပါသည်။

(၁၇) ကြောင်းက အမှန်လား၊ (၁၉) ကြောင်းကအမှန်လား ဆိုသည်ကိုယခင်ရုံးတွင် ကျွန်တော်မေးခဲ့သလို ရေတွက်ပြခိုင်းလျှင် ပြဿနာများ တက်လာတော့မည် ဖြစ်ပါသည်။ ကျွန်တော်ပြောတဲ့ (၁၉) ရစ်ကမှန်သလား။ သို့မဟုတ်သက်သေဖြေသည့် (၁၇) ရစ်ကမှန်သလားဆိုသည်ကို တရားသူကြီးကိုယ်တိုင် ရေတွက်၍လည်း ရနိုင်သည်ဖြစ်၍ ကျွန်တော်၏စိတ်ကိုလျှော့လိုက်ပြီး အရစ်အကြောင်းများကိုရေတွက်ခိုင်းတော့ဘဲ မေးခွန်းပြောင်း၍ မေးလိုက်ပါတော့သည်။

ရှေ့နေမေး - " အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဖွေရဲ့ အတွင်းအဆုံးသတ်၏လက်ယာဘက် တည့်တည့် (၉) ရစ်မြောက် အရစ်အကြောင်းကို ရှာပြနိုင်သလားဆိုလျှင် "

သက်သေဖြေ- " လက်ပုံစံ ဝါးနေ၍ ကြည့်၍မရပါ။ "

ရှေ့နေမေး - " အတွင်း အဆုံးသတ်ရဲ့ လက်ယာဘက် (၆) ကြောင်းမြောက်အရစ်ကိုရော ကြည့်၍ရနိုင်ပါသလားဆိုလျှင် "

သက်သေဖြေ- " ဝါးနေ၍ ကြည့်မရပါ "

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေမေး** - " ဒါဆိုရင် အတွင်းအဆုံးသတ်ရဲ့ အပေါ်တည့်တည့် (၁၁) ရစ် (၁၅) ရစ် (၁၇) ရစ်နှင့် (၁၈) ရစ် အရစ်အကြောင်းတွေကို ရှာဖွေကြည့်ရှု၍ မြင်တွေ့နိုင်ပါသလားဆိုလျှင် "

သက်သေသည် မေးခွန်းကို ချက်ချင်းမဖြေဘဲ အမှုတွဲကြီးကို တရားရုံးပြတင်းပေါက်နားအထိ ယူသွားကာ အသေအချာကြည့်ပြီးနောက် -

**သက်သေဖြေ** - " ဝါးနေ၍ ကြည့်မရပါ ။"

အမှုတွဲကို သက်သေက ပြတင်းပေါက်နားအထိ ယူသွားကာ ကြည့်ရှုပြီးမှ ဝါးနေ၍ ကြည့်မရကြောင်း ဖြေဆိုသည်ကို တရားသူကြီးက သေသေချာချာ မှတ်တမ်းတင်ပေးရာ ကျွန်တော်အလွန် ကျေးဇူးတင်မိပါသည်။

ကျွန်တော်၏ အထက်ပါမေးခွန်းများသည် အရောင်းအဝယ်စာချုပ်ပေါ်ရှိ လက်ဗွေသည် မှေးမှိန်ပျက်ပြယ်နေသဖြင့် ထင်မြင်ချက်ပေး၍ မရနိုင်ကြောင်း ထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် မေးမြန်းခြင်းဖြစ်ရာ သက်သေကလည်း မှန်ကြောင်း ဝန်ခံနေသဖြင့် ကျွန်တော့်ဘက်က အောင်မြင်မှုရသည်ဟု ယူဆနိုင်ပါသည်။

ထို့နောက် ကျွန်တော်က မေးခွန်းများပြောင်းလဲကာ ရာဇဝတ်ပြစ်မှုများတွင် ဓါး၊ သေနတ်၊ ဖန်ခွက် စသည်တို့အပေါ်ရှိ မထင်မရှား လက်ဗွေများနှင့် တရားခံ၏ ထင်ရှားသည့် လက်ဗွေများကို နှိုင်းယှဉ် စစ်ဆေးသည့် ကိစ္စရပ်မျိုးနှင့် တရားမမှုများတွင် စာချုပ်စာတမ်းများပေါ်ရှိ ထင်ရှားသော လက်ဗွေနှင့် သက်ဆိုင်သူ၏ ထင်ရှားသော နမူနာလက်ပုံစံများကို နှိုင်းယှဉ်စစ်ဆေးခြင်းတို့ သဘောသဘာဝအားဖြင့် မတူညီသည့်အကြောင်းအရာများကို လက်ဗွေပညာစာအုပ်များရှိ အချက်များကို အခြေခံ၍ ကျွန်တော်က မေးမြန်းပါသည်။ သက်သေကလည်း ဖြေပါသည်။

ထို့နောက် ကျွန်တော်က လက်ဗွေပညာဆိုင်ရာ စာအုပ်တစ်အုပ်ကိုကိုင်ပြီး တစ်နေရာကို လှန်၍ ဖတ်ရှုဟန်ပြုပြီးနောက် -

**ရှေ့နေမေး** - " လက်ဗွေ ( ၂ ) ခု၏ အတွင်းအဆုံးသတ် ပုံသဏ္ဌာန်မှာ သိသာစွာ ကွဲပြားနေလျှင် ထိုလက်ဗွေ (၂) ခု မတူညီဟု ထင်မြင်ချက် ပေးရမည်ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည်။ "

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေမေး - " အလားတူ အပြင်အဆုံးသတ်မတူပါကလည်း မတူဟု ထင်မြင်ချက်ပေးရမည်ဆိုလျှင် "

သက်သေဖြေ- " မှန်ပါသည်။ "

ရှေ့နေမေး - " အလားတူပင် **အရစ်အကြောင်းများ** ဆင်းသက်သွားလာပုံ တစ်ခုနှင့်တစ်ခု **မတူလျှင်လည်း မတူညီဟု ထင်မြင်ချက်ပေးရမည်** ဆိုလျှင် "

သက်သေဖြေ- " မှန်ပါသည်။ "

ရှေ့နေမေး - " အလားတူပင် အတွင်းအဆုံးသတ်နှင့် လက်ဝဲ/လက်ယာ **အပြင်** အဆုံးသတ်များအကြားရှိ အရစ်အကြောင်းများ အရေအတွက် မတူညီပါကလည်း လက်ဗွေ (၂) ခု မတူညီဟု ထင်မြင်ချက် ပေးရမည်ဆိုလျှင် "

သက်သေဖြေ- " မှန်ပါသည်။ "

ကျွန်တော်က လက်ထဲတွင် လက်ဗွေပညာဆိုင်ရာ စာအုပ်ကိုကိုင်၍ မေးခွန်းများ အဆက်မပြတ်မေးရာ သက်သေသည် ကျွန်တော်မေးသမျှ မှန်ကြောင်းဝန်ခံနေပါသည်။ ကျွန်တော်ကိုင်ထားသည့်စာအုပ်ကို မလွန်ဆန်နိုင်၍ ဝန်ခံနေခြင်း ဖြစ်သော်လည်း သူ၏ရှေ့ကထွက်ဆိုချက်များနှင့် ယခုသူ၏ ဝန်ခံချက်တို့ ကွဲလွဲနေသည်ကို လုံးဝသိပုံမရပါ။

ကျွန်တော်က နောက်ဆုံးပိတ်မေးခွန်းအနေဖြင့် -

ရှေ့နေမေး - လက်ဗွေ (၂) ခုတွင် သိသာထင်ရှားစွာ မတူညီသည့်အချက် (၃) ချက်ခန့် ရှိနေပါလျက် ကျန်အချက်များကို ကြည့်တာ လက်ဗွေများ တူညီပါသည်ဟု ထင်မြင်ချက် ပေးမည်လားဟု (၂-၉-၉၀) နေ့က ကျွန်တော်မေးခဲ့တာကို ခင်ဗျားက တူညီတယ်လို့ ထင်မြင်ချက် မပေးနိုင်ကြောင်း ဖြေခဲ့တဲ့ဖြေဆိုချက်ကို အခုထပ်လောင်း အတည်ပြုပါ သလားဆိုလျှင် "

သက်သေဖြေ- " အတည်ပြုပါသည်။ "

www.burmeseclassic.com

www.burmeseclassic.com



သက်သေဖြေပြီးသား မေးခွန်းကို ကျွန်တော်က တရားသူကြီးများ သတိပြုမိစေရန် ရည်ရွယ်၍ နောက်တစ်ကြိမ် ထပ်မေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်က **တရားသူကြီးအား** မျက်နှာမူ၍ လက်ဗွေပါရဂူကြီးအား စစ်မေးသည့်ကိစ္စ ကျွန်တော့်ဘက်က ပြီးစီးပြီဖြစ်ကြောင်း တင်ပြလိုက်ရာ တရားသူကြီး အလွန်ဝမ်းသာသွားပုံ ရပါသည်။

**ထို့နောက် တရားသူကြီးက** (၁) တရားပြိုင်၏ ရှေ့နေကြီးအား မေးမြန်းရန် ရှိပါက **မေးမြန်းနိုင်ကြောင်း** ခွင့်ပြုရာ -

**ပြိုင် (၁) ရှေ့နေမေး** - " ယခုအမှုတွင် အငြင်းပွားနေသည့် လက်ဗွေများနှင့် ပတ်သက်၍ ကျွန်တော်တို့ ဌာနအနေဖြင့် ပထမအကြိမ် စစ်ဆေး၍ ထင်မြင်ချက် ပေးခဲ့ပြီးဖြစ်သည် ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည်။ "

**ပြိုင် (၁) ရှေ့နေမေး** - " ဒုတိယအကြိမ်အဖြစ် ကျွန်တော်ကိုယ်တိုင် ရုံးရှေ့မှာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေနှိပ်ယူပြီး စာချုပ်များပေါ်ရှိ လက်ဗွေများနှင့် နှိုင်းယှဉ်စစ်ဆေးပြီး ထင်မြင်ချက်ပေးခဲ့သည်ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည်။ "

**ပြိုင် (၁) ရှေ့နေမေး** - " ထိုကဲ့သို့ နှစ်ကြိမ်တိုင်တိုင် လက်ဗွေများကို စစ်ဆေးခဲ့ရာ လက်ဗွေအားလုံး တစ်ယောက်တည်းရဲ့ လက်ဗွေပုံစံများဖြစ်ကြောင်း ထင်မြင်ချက် ပေးခဲ့သည် ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည် "

အထက်ပါ မေးခွန်း (၃) ခုကို မေးပြီးနောက် (၁) တရားပြိုင်၏ ရှေ့နေကြီးအား မေးရန် မရှိတော့ကြောင်း တရားသူကြီးအား တင်ပြ၍ ထိုင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက (၂) တရားပြိုင်၏ ရှေ့နေကြီးအား မေးရန်ရှိက မေးမြန်းနိုင်ကြောင်း ပြောကြားရာ (၂) တရားပြိုင်၏ ရှေ့နေကြီးက -

**ပြိုင် (၂) ရှေ့နေမေး** - ရုံးရှေ့တွင် လက်ဗွေများနှင့်ပတ်သက်သည့် မေးခွန်းများကို မေးသည့်အခါတိုင်း ကျွန်တော့်အနေဖြင့် မူရင်းဓါတ်ပုံကိုကြည့်၍ ထင်မြင်ချက်ပေးရသည် ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည်။ "

**ပြိုင် (၂) ရှေ့နေမေး** - " အခုရုံးရှေ့မှာ တရားလိုရဲ့ ရှေ့နေကြီးက မေးတာကို ဖြေကြားတဲ့အခါမှာ မူရင်းဓါတ်ပုံကို ကြည့်၍ ဖြေဆိုခွင့် မပေးခဲ့ဘူးဆိုရင် "

**သက်သေဖြေ** - " ကျွန်တော်မမှတ်မိပါ "

**ပြိုင် (၂) ရှေ့နေမေး** - " တရားလိုရဲ့ ရှေ့နေကြီးမေးတဲ့အချိန်မှာ ခင်ဗျား အနေနဲ့ အမှုတွဲရှိ မိတ္တူဓါတ်ပုံတွေကိုကြည့်ပြီး ဖြေနေခြင်းဖြစ်သည်ဆိုလျှင် "

**သက်သေဖြေ** - " မှန်ပါသည်။ "

သက်သေက အထက်ပါအတိုင်း ဖြေဆိုပြီးနောက် တစ်ဆက်တည်း ဆက်လက်၍ -

" ယင်းသက်သေခံ ဓါတ်ပုံမိတ္တူများမှာ အရွယ်တူ၊ စကေးတူသော ဓါတ်ပုံများ ဖြစ်ပါသည် "

ဟု ဖြေဆိုလိုက်ရာ မေးမြန်းနေသည့် ရှေ့နေကြီး၏ မျက်နှာသည် အလွန်စိတ်ပျက်သွားသည်ကို ကျွန်တော် ကောင်းစွာမြင်လိုက်ပါသည်။

ယခု မေးမြန်းနေသည့် (၂) တရားပြိုင်၏ ရှေ့နေကြီးသည် အစိုးရရှေ့နေအဖြစ် သက်တမ်းပြည့် လုပ်ကိုင်ခဲ့ပြီးမှ ပင်စင်ယူကာ ရှေ့နေလုပ်နေသူဖြစ်ပါသည်။ လက်ဗွေအကြောင်း ကောင်းစွာ နားလည်နေသူဖြစ်ရာ ကျွန်တော်၏ မေးခွန်းများအပေါ် ပါရဂူ၏ ဖြေဆိုချက်များအရ သူတို့ဘက်က အခြေအနေမကောင်းသည်ကို ကောင်းစွာသိနေပုံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဖတ်ဆယ်၊ ဖာထေးသည့်အနေဖြင့် အထက်ပါအတိုင်း မေးမြန်းနေသည်ကို သက်သေပါရဂူကြီးက သဘောမပေါက်ဘဲ ရိုးရိုးသားသား အမှန်အတိုင်း ပြန်ဖြေလိုက်သည့်အတွက် ရှေ့နေကြီး စိတ်ပျက်သွားခြင်း ဖြစ်ပါသည်။

ပြိုင် (၂) **ရှေ့နေမေး** - " ထိုဓါတ်ပုံများကို တရားရုံးရှေ့ရှိ အလင်းရောင်နှင့် ကြည့်ရှု၍ ထင်မြင်ချက် ပေးရသည်မှာ လုံလောက်ပါသလားဆိုလျှင် "

**သက်သေဖြေ** - " မလုံလောက်ပါ "

**သက်သေသည် အနည်းငယ်သဘောပေါက်သွားပုံရပြီး ရှေ့နေကြီးအလိုကျ ဖြေဆိုလိုက်ပါသည်။**

**ထို့နောက်** (၂) တရားပြိုင်၏ ရှေ့နေကြီးသည် ဒေါ်ခင်မြိုင်၏ လက်ဗွေ **အမှန်နှင့်** အငြင်းပွားစာချုပ်များပေါ်ရှိ လက်ဗွေများ တူညီကြောင်း ထင်မြင်ချက် ပေးခဲ့သည့် ပါရဂူ၏ထွက်ဆိုချက်သည် အမှန်ဖြစ်ကြောင်း ပေါ်လွင်အောင် ဆက်လက်မေးမြန်းပြီးနောက် မေးရန်မရှိတော့ကြောင်း ရုံးတော်သို့ တင်ပြပါသည်။

ထိုအခါ တရားသူကြီးက ကျွန်တော့်အား ပြန်လည်ရှင်းလင်းမေးမြန်းစရာ ရှိပါသေးသလားဟု မေးရာ -

ကျွန်တော်က ချက်ချင်းမတ်တတ်ရပ်၍ ရှင်းလင်းမေးမြန်းရန် ရှိပါကြောင်း၊ တရားသူကြီးကို တင်ပြကာ ကျွန်တော် ဆက်လက်မေးပါသည်။

**ရှေ့နေမေး** - " အမှုတွဲရှိ သက်သေခံလက်ဗွေဓါတ်ပုံများနှင့် ကျွန်တော့် လက်ဝယ်ရှိ ဓါတ်ပုံများမှာ ဌာနတစ်ခုတည်းမှ ကူးထားသော ဓါတ်ပုံများသာဖြစ်သည်ဆိုလျှင် "

သက်သေဖြေ- " မှန်ပါသည်။ ကျွန်တော်လက်ဝယ်ရှိ ဓါတ်ပုံကမူရင်းဖြစ်ပြီး၊ အမှုတွဲရှိ ဓါတ်ပုံက မိတ္တူဖြစ်သည်ဆိုသည့်အချက် မမှန်ပါ၊ နဂိုတစ် တစ်ခုတည်းမှ ကူးထားသောဓါတ်ပုံများ ဖြစ်ပါသည်။ "

**ရှေ့နေမေး** - " တရားရုံးခန်းတွင် အလင်းရောင် မလုံလောက်ဟု ထွက်ဆိုခဲ့ရာ ယခင်အမှုစစ်မေးနေစဉ်က ထိုကိစ္စကို တင်ပြခဲ့ခြင်းမရှိဘဲ (၂) တရားပြိုင်၏ ရှေ့နေကြီးက မေးမှ ဖြေရခြင်းသည် ဘာကြောင့် ဖြစ်ပါသလဲဆိုလျှင် "

www.burmeseclassic.com

www.burmeseclassic.com



**သက်သေဖြေ-** " ရှေ့နေကြီးမေး၍သာ **ဖြေရခြင်း**ဖြစ်ပါသည်။ ကြည့်ရှု၍တော့ ရပါသည်။ ကြည့်ရ၍**လည်း ဖြေခဲ့ခြင်း**ဖြစ်ပါသည်။ "

ဤနေရာတွင် လက်ဗွေပါရဂူကြီးအား **တရားရုံးချုပ်**မှ အမိန့်အရ ပြန်လည်ခေါ်ယူ၍ စစ်ဆေးသည့်ကိစ္စ ပြီးဆုံးသွားပါသည်။

ဝမ်းမြောက်ဖွယ်ရာကောင်းသည့်အချက်မှာ **ယနေ့ နောက်ဆုံးရုံးချိန်း**တွင် ကြီးကြီးမားမား ပြဿနာမရှိဘဲ အေးချမ်းစွာ **စစ်ဆေးပြီးစီးသွားသည့်**အချက်ဖြစ်ပါသည်။

အမှုစစ်ဆေးသည့်ကိစ္စ ပြီးသွားသည်နှင့် တရားသူ**ကြီးက ဤအမှု**တွဲကို တရားရုံးချုပ်သို့ အမြန်ဆုံးပေးပို့မည်ဖြစ်ကြောင်း၊ ဆက်လက်**ဆောင်ရွက်ရန်** ကိစ္စများကို တရားရုံးချုပ်တွင် စုံစမ်း မေးမြန်း၍ ဆက်လက်ဆောင်**ရွက်သွားကြရန်** ဖြစ်ကြောင်း၊ ကျွန်တော်တို့ နှစ်ဖက်ရှေ့နေများအား ပြောကြားအ**သိပေးတာ သူ၏** ရုံးတွင် နောက်ထပ်ဆက်လက်ဆောင်ရွက်ရန် မရှိတော့ကြောင်း **ပြောဆိုပါသည်။**

www.burmeseclassic.com

# အခန်း (၁၅)

**ရှေ့အက်ရှုံးသည့် ရှေ့လုပ်ငန်းစဉ်များ**

ကျွန်တော်တို့၏အမှုကို အောက်ရုံးတရားသူကြီးက စစ်ဆေးပြီးပြီဖြစ်၍ အမှုတွဲကို တရားရုံးချုပ်သို့ အလျှင်အမြန်ပေးပို့တော့မည်ဖြစ်ရာ တရားရုံးချုပ်သို့ အမှုတွဲရောက်သည်နှင့် တရားရုံးချုပ်က နှစ်ဘက်ရှေ့နေကြီးများ၏ အပြီးသတ် လျှောက်လဲချက်ကို ကြားနာပြီးနောက် အပြီးအပြတ် ဆုံးဖြတ်ချက် ချမှတ်ပေးတော့မည် ဖြစ်ပါသည်။

တရားရုံးချုပ်ရှိအမှုတွင် ရှေ့နေအဖြစ် ကျွန်တော်မပါပါ။ ဆရာဦးသိန်းဟန်က အယူခံတရားလို (ကျွန်တော်တို့ဘက်) ၏ ရှေ့နေဖြစ်ပြီး၊ အယူခံတရားပြိုင်များဘက်မှ ရှေ့နေများမှာ အောက်ရုံးတွင် လိုက်ပါကြသည့် ရှေ့နေကြီးများပင် ဖြစ်ပါသည်။

မူလရုံး (အောက်ရုံး) တွင် လက်ဗွေပါရဂူကြီးအား ကျွန်တော် စစ်မေးသည့် အချက်များနှင့် ပြဿနာတက်ခဲ့သည့်အချက်များကို ဆရာဦးသိန်းဟန် မသိသေးပါ။ ထို့ကြောင့် ဆရာ့ထံ ကျွန်တော်သွားရောက်၍ အသေးစိတ်ရှင်းလင်းတင်ပြ အစီရင်ခံရပါအုံးမည်။

ထို့ကြောင့် ကျွန်တော်က ဒေါက်တာထက်ဝင်း ကိုခေါ်၍ ကျွန်တော့်အနေဖြင့် ဆရာဦးသိန်းဟန်ထံ သွားရောက်တွေ့ဆုံရမည်ဖြစ်ကြောင်း၊ တရားရုံးချုပ်တွင် အပြီးသတ် လျှောက်လဲချက်ပေးရန်အတွက် ကျွန်တော့်အနေဖြင့် အချိန်အရေးမရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ဆရာ ဦးသိန်းဟန်သာ လျှောက်လဲတင်ပြရမည်ဖြစ်၍ ဆရာ့ကို အသေးစိတ် တင်ပြအကူအညီတောင်းခံရလိမ့်မည်ဖြစ်ကြောင်း ရှင်းပြရပါသည်။

ကိုထက်ဝင်း အနေဖြင့်လည်းကောင်း၊ ဆရာ ဦးသိန်းလွင် အနေဖြင့် လည်းကောင်း ကျွန်တော်သာ ဆက်လက်ဆောင်ရွက်စေလိုသည့်သဘောထား ရှိနေသည်ကို ခန့်မှန်းသိရှိနေသည်ဖြစ်၍ အထက်ပါအတိုင်း ရှင်းပြရခြင်းဖြစ်ပါသည်။

ကျွန်တော့်စိတ်အထင် အောက်ရုံးတွင် လက်ဗွေပါရဂူအား စစ်ဆေးပြီး နောက် တစ်ပတ်ခန့်မကြာမီ ဆရာဦးသိန်းဟန်ထံ ကျွန်တော် သွားရောက်ပြီး ဖြစ်ပျက် ခဲ့သည့် အခြေအနေအရပ်ရပ်ကို တင်ပြ၍ တရားရုံးချုပ်တွင် ဆက်လက် လိုက်ပါ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပြောကြားခဲ့ပါသည်။ ထိုအခါ ဆရာဦးသိန်းဟန် က -

**ဦးသိန်းဟန်** - " ဦးကိုနီ၊ ကျွန်တော့်ကို အရင်အကူအညီတောင်းစဉ်တုန်းက ခင်ဗျားပြောခဲ့တာ မှတ်မိသေးလား "

**ဦးကိုနီ** - " ကျွန်တော်ပြောခဲ့တာတွေ အများကြီးမို့လို့ အားလုံးတော့ မမှတ်မိ တော့ပါဘူးဆရာ "

**ဦးသိန်းဟန်** - " ဒါဖြင့်လည်း ကျွန်တော်အစဖော်ပေးမယ်။ ခင်ဗျားက လက်ဗွေ ပါရဂူကို ထပ်ပြီးစစ်မေးချင်တယ်။ မေးစရာတွေအများကြီး ရှိသေးတယ်လို့ ပြောခဲ့တယ်မဟုတ်လား "

**ဦးကိုနီ** - " ဟုတ်ပါတယ်ဆရာ "

**ဦးသိန်းဟန်** - " ခင်ဗျား ကျေကျေနပ်နပ် မေးခဲ့ရသလား "

**ဦးကိုနီ** - " မေးခဲ့ရပါတယ်ဆရာ "

**ဦးသိန်းဟန်** - " ဟုတ်ပြီ ဒီလိုဆိုရင် ဒီဇာတ်လမ်းတစ်ခုလုံးက ခင်ဗျားရဲ့ ဇာတ်လမ်းပဲ၊ ဒီတော့ ခင်ဗျား ဇာတ်လမ်းကို ခင်ဗျားဆက်ပြီး လုပ်တော့လေ၊ ကျွန်တော်ပါဖို့ မလိုတော့ဘူးထင်တယ် "

**ဦးကိုနီ** - " မဟုတ်သေးဘူးဆရာ၊ ကျွန်တော် - - "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆရာ့ကို ရှင်းပြရန်ကြိုးစားရာ ဆရာက ကျွန်တော် ဆက်မပြောရန် လက်ဖြင့်ကာပြထားသဖြင့် ကျွန်တော်ဆက်မပြောဘဲ ရပ်လိုက်ရပါသည်။ ထိုအခါမှ ဆရာက -

**ဦးသိန်းဟန်** - " ဦးကိုနီ၊ တရားရုံးချုပ်မှာ လုပ်စရာက အပြီးသတ်လျှောက်လဲချက်ပေးဖို့ကိစ္စတစ်ခုပဲ ရှိတော့တယ်။ အဲဒါကို ခင်ဗျားပဲပေးပေး၊ ကျွန်တော်ပဲပေးပေးရတယ်။ အဲဒါပြဿနာမဟုတ်ဘူး။ ကျွန်တော်တို့ စဉ်းစားရမှာက ခင်ဗျားပေးတာနဲ့ ကျွန်တော်ပေးတာ ဘယ်ဟာပိုကောင်းသလဲဆိုတဲ့အချက်ဘဲ။ "

**ဦးကိုနီ** - " ဟာ - ဆရာကလည်း၊ ဆရာပေးတာ ပိုကောင်းတာပေါ့။ "

**ဦးသိန်းဟန်** - " ဦးကိုနီ၊ ကျွန်တော့်စကား မဆုံးသေးဘူးဗျ။ ဆုံးအောင်နားထောင်ပါအုံး။ အခု တရားရုံးချုပ်မှာ ပေးရမယ့် လျှောက်လဲချက်ဟာ လက်ဗွေပါရဂူကြီးပေးတဲ့ ထင်မြင်ချက် မှန်မမှန်ဆိုတာကို တရားရုံးချုပ် တရားသူကြီးလက်ခံအောင် အသေးစိတ် အတိအကျပြောရတော့မယ်။ ဒီတော့ အမှုအကြောင်းနဲ့ လက်ဗွေတွေအကြောင်း အသေးစိတ်သိနေတဲ့ ခင်ဗျားပြောတာနဲ့၊ အဲဒီလက်ဗွေတွေကိစ္စ ဘာမျှမသိတဲ့ ကျွန်တော်ပြောတာ ဘယ်ဟာကပိုကောင်းသလဲ။ "

ဆရာက အထက်ပါအတိုင်း ကျွန်တော့်ကို မေးလိုက်ရာ ဆရာ၏ မေးခွန်းသည် အလွန်အရေးကြီးသော မေးခွန်းဖြစ်၍ ရုတ်တရက် ကျွန်တော်ပြန်မဖြေနိုင်ဘဲ အတန်ငယ်စဉ်းစားရပါသည်။

ဆရာ၏မေးခွန်းတွင် ကျွန်တော်က အမှုကို လက်တွေ့စစ်ဆေးခဲ့သူဖြစ်၍ကောင်းစွာ သိသူဟု အလေးပေးကာ ပြောကြားခဲ့သည်မှာ မှန်သော်လည်း ဝါ၊ သမ္မာဂုဏ်အခြေအနေအရပ်ရပ်တွင် ဆရာက ကျွန်တော်ထက်များစွာ သာလွန် နေသည်ဖြစ်ရာ ဆရာကိုယ်တိုင် လျှောက်လဲချက်ပေးခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ကျွန်တော်ယုံကြည်နေဆဲဖြစ်ပါသည်။ သို့ဖြစ်ရာ ဆရာ၏ မေးခွန်းကို ကျွန်တော် ပြန်ဖြေရန် အခက်အခဲဖြစ်နေသည်ကို ဆရာကသိရှိသွားပြီးနောက် ဆရာပင်ဆက်၍ -

www.burmeseclassic.com

www.burmeseclassic.com



**ဦးသိန်းဟန်** - " ဦးကိုနီ၊ ကျွန်တော် အမှုကိုမလိုက်ပေးချင်လို့ ပြောနေတာ မဟုတ်ဘူးနော်။ ခင်ဗျားက လက်ဗွေပါရဂူကို ၄/၅ ချိန်းလောက် အသေးစိတ် စစ်ထားတယ်ဆိုတော့ ခင်ဗျားက ဘာရည်ရွယ်ချက်နဲ့ ဘာတွေမေးထားသလဲ။ သူက ဘာဖြေသလဲဆိုတာတွေ ခင်ဗျားက ကောင်းကောင်းကြီးသိနေတယ်။ အဲဒါတွေ ကျွန်တော်မသိဘူး။ အခုမှ - အဲဒါတွေကို လေ့လာနေဖို့လဲ ကျွန်တော့်မှာ အချိန် မရှိတော့ဘူး။ ဒါကြောင့် အပြီးသတ် လျှောက်လဲချက်ကို ခင်ဗျား ပေးတာ အကောင်းဆုံးလို့ပဲ ကျွန်တော်ထင်တယ်။ "

ဟု ဆက်လက်၍ ရှင်းပြရာ ဆရာ၏ အကြောင်းပြချက်ကိုလည်းကောင်း၊ ဆရာ၏ စေတနာကိုလည်းကောင်း ကျွန်တော်သိလိုက်ရသဖြင့် ဆရာ့ကို အပူမကပ်တော့ရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က -

**ဦးကိုနီ** - " ကောင်းပါပြီဆရာ။ ဆရာပြောသလို ကျွန်တော်ကပဲ အပြီးသတ် လျှောက်လဲချက်ပေးပါ့မယ်။ လိုအပ်တာတွေကိုတော့ ကျွန်တော့်ကို ကူညီပါဦးနော် "

ဟု ပြောဆိုရာ ဆရာက -

**ဦးသိန်းဟန်** - " ရပါတယ်ဗျာ။ လိုတာသာပြောပါ။ တတ်နိုင်သမျှ ကျွန်တော် ကူညီပါ့မယ် "

ဟု အားပေးစကားပြောပါသည်။

## ရွှေ့နေပြောင်းကြပြန်ပြီ

ဆရာ ဦးသိန်းဟန်နှင့် ဆွေးနွေးပြောဆိုပြီးနောက် ကျွန်တော်က ညနေဘက် ဆရာ ဦးသိန်းလွင်ထံ ဖုန်းဆက်၍ အခြေအနေအရပ်ရပ်ကို အကျဉ်းချုံး၍ ပြောပြလိုက်ပါသည်။

ထို့နောက်တစ်ဆက်တည်း ကျွန်တော့်အနေဖြင့် တရားရုံးချုပ်တွင် လိုက်ပါ ဆောင်ရွက်နိုင်ရန် ရှေ့နေကိုယ်စားလှယ်လွှဲစာအသစ် ထပ်မံရေးသွင်းရန် လိုအပ်သဖြင့် ကိုထက်ဝင်းကို တွေ့လိုကြောင်းလည်း ပြောပြရာ ဆရာ ဦးသိန်းလွင်က ကိုထက်ဝင်းကို ကျွန်တော့်ရုံးသို့ လွှတ်လိုက်မည်ဖြစ်ကြောင်း ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် ကျွန်တော့်ရုံးသို့ ကိုထက်ဝင်း ရောက်လာသဖြင့် ကျွန်တော်က ရှေ့နေကိုယ်စားလှယ်လွှဲစာ ပုံစံတစ်ခုကိုယူပြီး ကိုထက်ဝင်းကို ပေး၍ ကိုစိုးကျော် (ဒေါ်ခင်မြိုင်၏ ကိုယ်စားလှယ်) ကို လက်မှတ်ထိုးခိုင်းပြီး ကျွန်တော့်ထံ ပြန်ယူလာပေးရန် ပြောပြပါသည်။ တရားရုံးချုပ်ရှိအမှုကို ကျွန်တော်ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောပြလိုက်ပါသည်။

ကိုထက်ဝင်းက ရှေ့နေကိုယ်စားလှယ်လွှဲစာတွင် ကိုစိုးကျော်ကို လက်မှတ်ထိုးခိုင်းပြီး အမြန်ဆုံးလာပို့ပေးမည်ဖြစ်ကြောင်း ပြောဆို၍ ပြန်သွားပါသည်။

**တရားရုံးချုပ်မှာ လျှောက်လဲချက်ကို ဘယ်လိုပုံစံနဲ့ ပေးမလဲ**

တရားရုံးချုပ်တွင် လျှောက်လဲချက်ကို မည်သည့်ပုံစံဖြင့် ကျွန်တော် ပေးရမည်နည်းဆိုသည်ကို အလေးအနက် စဉ်းစားရပါတော့သည်။ အမှုအကြောင်းအရာဆိုပါက သက်သေများ၏ ထွက်ချက်များနှင့် စာရွက်စာတမ်းများကို ကိုးကား၍ လျှောက်လဲချက်ပေးရပါသည်။ ဥပဒေကြောင်းဆိုင်ရာ အချက်များဖြစ်ပါက ဥပဒေစာအုပ်များ၊ စီရင်ထုံးများ စသည်တို့ကို ကိုးကား၍ လျှောက်လဲချက် ပေးရပါသည်။ ထိုကဲ့သို့ လျှောက်လဲချက်မျိုးကို မကြာခဏပေးဖူးသည်ဖြစ်၍ ကျွန်တော့်အဖို့ သိပ်ပြီး မခက်ခဲလှပါ။

ယခုကိစ္စမှာ လက်ဗွေဆိုင်ရာကိစ္စဖြစ်ပြီး လက်ဗွေ (၃) ခု တစ်ခုနှင့်တစ်ခု မတူညီကြောင်း တရားရုံးချုပ် တရားဝန်ကြီး နားလည်လက်ခံအောင် ပြောဆို လျှောက်လဲရမည်ဖြစ်ရာ အတော်ခက်ခဲသောကိစ္စ ဖြစ်နေပါသည်။

လက်ဗွေပါရဂူကြီး၏ တရားရုံးရှေ့ သက်သေခံချက်များကို ပြန်လည် ကိုးကား၍ တင်ပြလျှောက်လဲလျှင် ရနိုင်သော်လည်း၊ လက်ဗွေများ၊ မတူညီကြောင်း မည်သို့မည်ပုံ ကွဲပြားနေကြောင်း၊ တရားသူကြီးစိတ်အာရုံတွင် စွဲထင်သွားအောင် နှုတ်ဖြင့်ပြောပြရန် မလွယ်ကူပါ။ အချိန်အလွန်အမင်း ကြာမြင့်သွားနိုင်သည့်အပြင် တရားသူကြီး စိတ်အနှောင့်အယှက်ပင် ဖြစ်သွားနိုင်ပါသည်။ အတော် စဉ်းစားရ ကြပ်သောကိစ္စဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်အား ကိုထက်ဝင်း ငှားရမ်းပေးထားသော စာအုပ်များ ထဲမှ လက်ဗွေပုံစံများကို မိတ္တူကူးစက်ဖြင့်ကူး၍ တင်ပြလျှောက်လဲရန် စဉ်းစားမိပါ သေးသည်။ ( ၁၉၉၂ ခုနှစ်တွင် မိတ္တူကူးစက်များ မြန်မာနိုင်ငံသို့ ရောက်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ သို့သော် ကွန်ပျူတာ မြန်မာစာလုံး စာစီစာရိုက်လုပ်ငန်း တွင်ကျယ်စွာ မရှိသေးပါ။ )

ထိုကဲ့သို့ လက်ဗွေဆိုင်ရာ စာအုပ်များရှိ လက်ဗွေပုံစံများကို မိတ္တူကူးစက်ဖြင့် ကူး၍ တရားရုံးသို့ တင်ပြနိုင်သော်လည်း ထိုပုံစံများသည် အမှုတွဲတွင် အငြင်းပွားနေသည့်ပုံစံများမဟုတ်၍ သိပ်ပြီး အကျိုးမရှိနိုင်ကြောင်း စဉ်းစားမိပြန်ပါသည်။

ထိုသို့ ကျွန်တော် အခက်အခဲဖြစ်နေသည်ကို ဆရာဦးသိန်းလွင်နှင့် တွေ့ဆုံသည့်တစ်နေ့တွင် ကျွန်တော်ကပြောပြရာ ဆရာဦးသိန်းလွင်က " တရားသူကြီးကို ဆရာတင်ပြချင်တဲ့ လက်ဗွေပုံစံတွေကို ပန်းချီဆရာကို ရေးဆွဲခိုင်းပြီး တင်ပြလို့ရော မရဘူးလား " ဟုမေးလာရာ ကျွန်တော်က ဝမ်းသာအားရစွာဖြင့် -

- " သိပ်ရတာပေါ့ဆရာ၊ အငြင်းပွားနေတဲ့ စာချုပ်ပေါ်မှာရှိတဲ့ လက်ဗွေပုံစံနဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေပုံစံတွေကို ပန်းချီဆရာနဲ့ ရေးဆွဲခိုင်းပြီး ဘယ်လိုကွဲပြားတယ်ဆိုတာကို အဲဒီ ပန်းချီပုံတွေဘေးမှာ စာနဲ့ ရေးပြမယ်ဆိုရင် တရားသူကြီး ကောင်းကောင်း သိသွားနိုင်တယ် ဆရာ။ "

ဟု ပြောလိုက်ပါသည်။ ဆရာက သူ့တွင် ပန်းချီဆရာအသိရှိကြောင်း စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ကျွန်တော်လည်း ကျွန်တော်၏ လျှောက်လဲချက်ကို ပန်းချီဆရာ အကူအညီဖြင့် ရေးသားရန် စိတ်ကူးရပါတော့သည်။

ပန်းချီဆရာအားကိုးဖြင့် လျှောက်လဲချက်ကိုတင်ပြရန် စိတ်ကူးကြံစည်နေရသကဲ့သို့ ဥပဒေကြောင်းအရ အကိုးအကားများကိုလည်း ကျွန်တော် ကြိုးစားရှာဖွေခဲ့ပါသည်။

ꩩꩩꩩꩩꩩ

ထူးထူးခြားခြား ကျွန်တော်၏အမှုနှင့် ဖြစ်ရပ်အတော်အတန်တူသော အမှုတစ်ခုကို တွေ့ရပါသည်။ ထိုအမှုမှာ ၁၉၅၈ ခုနှစ်က ကိုကြည်စိန်နှင့် ကိုစိုးစံတို့အကြားဖြစ်ပွားသောအမှု ဖြစ်ပါသည်။ စာရှုသူများလေ့လာနိုင်ရန် အောက်ပါအတိုင်း အကျဉ်းချုပ်၍ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကိုကြည်စိန် နှင့် ကိုစိုးစံ ပါ (၂) အမှု** ( ၁၉၆၃ ခုနှစ် ထုတ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာအုပ်စာမျက်နှာ ၆၇၂ တွင် ကြည့်ရှုနိုင်ပါသည်။ )

အမှတ်-၃၉၊ လမ်း (၉၀)၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦနှင့် မြေတိုင်းရပ်ကွက် အမှတ် - ၁၂ (F)။ မြေကွက်အမှတ် (၁၉၃) ဟု ခေါ်တွင်သော အောက်ခံမြေကွက်တို့ကို ကိုကြည်စိန် က ဒီမဆရာမ်မာ (DM) နှင့် ရန်ကနားတို့ထံမှ (၁၆-၁-၅၈) ရက်စွဲပါ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ရန်ကုန်မြို့တော် တရားမရုံးတွင် ၁၉၅၈ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၀၅၃ ကို စွဲဆိုခဲ့ပါသည်။

ကိုကြည်စိန်သည် မြေကွက်ကို ဝယ်ယူပြီးနောက် အိုးအိမ်ဦးစီးဌာနတွင် ၎င်း၏အမည်ဖြင့် နှစ် (၉၀) မြေဂရန်စာချုပ်ကိုလည်း ရယူခဲ့ပါသည်။ ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ထံ အိမ်သစ်ဆောက်လုပ်ခွင့်ပါမစ် တောင်းခံ ရယူခဲ့ပြီး၊ အဆောက်အဦသစ် ဆောက်လုပ်ရန် စတင်ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ် (၂၅-၁၀-၁၉၅၈) ရက်စွဲဖြင့် ကိုစိုးစံနှင့် ဇနီး မရင်ရင် တို့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ထံသို့ ကိုကြည်စိန်အား ထုတ်ပေးခဲ့သည့် အိမ်ဆောက်ခွင့်အမိန့်ကို ဖျက်သိမ်းပေးရန် ကန့်ကွက်လွှာ တင်ခဲ့ပါသည်။

ထို့ကြောင့် ကိုကြည်စိန်က သူ၏ပိုင်ဆိုင်မှုကို ကန့်ကွက်ခံရသဖြင့် အထက်ပါ အမှုကို ကိုစိုးစံ တို့လင်မယားအပေါ် စွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

ကိုစိုးစံ တို့က အမှုကို ချေပရာတွင် ထိုမြေကွက်ကို (၈-၁၀-၁၉၂၈) ရက်စွဲပါ နှစ် (၉၀) ဂရန် စာချုပ်ဖြင့် ဒီမဆရာမ်မာ ဆိုသူ အမျိုးသမီးတစ်ဦးကို အိုးအိမ်ဖွံ့ဖြိုးရေး အဖွဲ့မှ ချထားပေးခဲ့ကြောင်း၊ ထိုအမျိုးသမီးသည် ထိုမြေကွက်ပေါ်တွင် နေထိုင်ခဲ့ပြီး ကွယ်လွန်သွားသည့်အခါ သူမ၏ အမွေစားအမွေခံများက ထိုမြေကွက်ကို မဂိုလမ်းရှိ R.M.P.L.S ချစ်တီးဖမ်း တစ်ခုကို (၂၂-၅-၁၉၄၁) ရက်စွဲပါ မှတ်ပုံတင် အရောင်း စာချုပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ ထို့နောက် ထိုချစ်တီးဖမ်း ထံမှ ကိုစိုးစံ တို့က (၁၄-၁၂-၁၉၅၄) ရက်စွဲပါ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကိုစိုးစံ တို့ လင်မယားသာလျှင် ပိုင်ရှင်အမှန်ဖြစ်ကြောင်း ဒီကရီချပေးရန် ပြန်လှန်တောင်းဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကိုစိုးစံသည် ရန်ကုန်ဆိပ်ကမ်းမင်းကြီးရုံးတွင် ဂိုဒေါင်စာရေးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။ ၅-၃-၅၅ နေ့တွင် ကိုစိုးစံကို BSI ရုံးမှ ဖမ်းဆီးခဲ့ပြီးနောက် မကြာမီ အထူးတရားရုံး အမှတ် (၁) (ရန်ကုန်) တွင် တရားစွဲတင်ခဲ့ပါသည်။ တရားရုံးက အမှုကိုစစ်ဆေးပြီးနောက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁) နှစ် ချမှတ်ခဲ့ပါသည်။ ကိုစိုးစံကို ထောင်ဒဏ်ချမှတ်သည့်နေ့မှာ (၂၅-၁-၅၆) နေ့ ဖြစ်ပါသည်။ ကိုစိုးစံက သူ့အပေါ် ထောင်ဒဏ် (၁) နှစ် ချမှတ်သည့် အမိန့်ကို အထက်ရုံးတွင် အယူခံဝင်ခဲ့ပါသည်။ ကိုစိုးစံ ကို ထောင်ဒဏ်ချမှတ်ပြီးနောက် (၄) လ အကြာတွင် ဗုဒ္ဓသာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ် လွတ်ငြိမ်းချမ်းသာခွင့်အရ ကိုစိုးစံ ထောင်မှ လွတ်လာပါသည်။ သူလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မလွတ်မီ အယူခံဝင်ထားသည့်အမှုတွင်လည်း အနိုင်ရရှိပြီးနောက် (၁၃-၃-၅၇) နေ့တွင် အယူခံရုံးက တရားသေလွှတ်မိန့် ချမှတ်ခဲ့ပါသည်။

၁၉၅၇ ခုနှစ်၊ ဩဂုတ်လထဲတွင် ကိုစိုးစံ ကို (BSI) က နောက်တစ်မှုဖြင့် ထပ်မံဖမ်းဆီးပြီးနောက် တရားရုံးသို့ တရားစွဲတင်ခဲ့ပါသည်။ ထိုအမှုတွင် သူ့ကို တရားရုံးက တရားသေလွှတ်ခဲ့သော်လည်း သူသည် (၂၄-၆-၅၈) နေ့အထိ အချုပ်တွင် နေခဲ့ရပါသည်။

(အထက်ဖော်ပြပါ ဖြစ်ရပ်များသည် ကိုစိုးစံ ရာဇဝတ်မှုတွင် တရားစွဲခံရပြီး အချုပ်တွင် နေရသည့်နေ့ရက်များကို ဖော်ပြခြင်းဖြစ်ပါသည်။)

ကိုစိုးစံသည် ၁၉၅၇ ခုနှစ်၊ ဩဂုတ်လမှစ၍ (၂၄-၆-၅၈) နေ့ထိ အချုပ်ထဲတွင် ရှိနေချိန်၌ ကိုကြည်စိန်က ထိုမြေကွက်ကို (၁၆-၁-၅၈) နေ့တွင် ဝယ်ယူခဲ့သည်ဟု အဆိုပြု၍ အမှုကိုစွဲဆိုထားရာ ကိုစိုးစံ အချုပ်ထဲရောက်ရှိနေချိန်တွင် မြေပိုင်ရှင် DM အဖြစ် တစ်ဦးတစ်ယောက်က ဟန်ဆောင်၍ ထပ်မံ ရောင်းချထားခြင်း ဖြစ်သလားဟု စဉ်းစားစရာအကြောင်း ပေါ်ပေါက်နေပါသည်။

၎င်းအမှုအခင်း ဖြစ်ပွားနေသည့်အချိန်ကာလက မြန်မာနိုင်ငံတွင် အမျိုးသား မှတ်ပုံတင် ကတ်ပြားဟုခေါ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံလက်မှတ်များ ထုတ်ပေးရန် စတင်နေချိန်ဖြစ်ပါသည်။ မှတ်ပုံတင်လက်မှတ်ရှိသူတချို့ပြီး မရသေးသူများက အများစုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ်အခါတွင် ကျွန်တော် " မောင်ဖြူ " ပါ ဟု ဌာနဆိုင်ရာတာဝန်ရှိသူ တစ်ဦးရှေ့တွင် အလွယ်တကူ ပြောရုံမရတော့ပါ။ " နိုင်ငံသားစိစစ်ရေးကတ်ပြား " ကို ထုတ်ပြရပြီး၊ တာဝန်ရှိသူက တိုက်ဆိုင်စစ်ဆေးပြီးနောက် ကျေနပ်မှ လက်ခံ၍ လုပ်ဆောင်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

သို့သော်လည်း ထိုစဉ် (၁၉၅၇) ကာလပိုင်းက မှတ်ပုံတင်မရှိသေးသဖြင့် ယောက်ျားတစ်ယောက်က ကျွန်တော် " ဦးဖြူ " ပါဟု ပြောလျှင် တာဝန်ရှိသူက " ဦးဖြူ " ဟု လက်ခံရန်သာ ရှိပါသည်။ အိမ်မြေအရောင်းအဝယ်ကိစ္စများတွင် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်များ ပါလာပါက မှတ်ပုံတင်အရာရှိအနေဖြင့် မည်သူလာလာ စာချုပ် ချုပ်ဆိုပေးမည်သာဖြစ်ပါသည်။

ကိုကြည်စိန်က (DM) ထံမှ ဝယ်ယူထားသည်ဟု ဆိုသည့်အတွက် ကိုကြည်စိန် အချင်းဖြစ်မြေကို ဝယ်ယူထားသည့်စာချုပ်ပေါ်တွင် (DM) ဆိုသူအမျိုးသမီး၏ လက်ဗွေရှိနေသကဲ့သို့ နှစ် (၉၀) အငှားဂရန်စာချုပ် ထုတ်ပေးရာတွင်လည်း ဂရန်ရရှိသူ (DM) ၏ လက်ဗွေရှိနေပါသည်။

အဆိုပါ မြေကွက်ကို ဝယ်သူနှစ်ဦးလုံးမှာ မှတ်ပုံတင်စာချုပ်များဖြင့် ဝယ်ယူထားခြင်းဖြစ်ရာ မည်သည့်စာချုပ်က အမှန်ဆိုသည်ကို တရားရုံးက ဆုံးဖြတ်ပေးရပါတော့မည်။ ဤအမှုတွင် အငြင်းပွားနေကြသည့် ပြဿနာတော်တော်များများ ရှိနေသော်လည်း အဓိကကျ၍ အဆုံးအဖြတ်ပေးရမည့် ပြဿနာများကိုသာ ရေးသားဖော်ပြသွားပါမည်။

ဤအမှုတွင် ကိုကြည်စိန်က အောက်ပါစာရွက်စာတမ်း အထောက်အထားများ တင်ပြပါသည်။

- (DM) က သူ့အား မြေကွက်ကို ရောင်းချသည့် (၁၆-၁-၅၈) ရက်စွဲပါ စာချုပ်။
- ၈-၁၀-၁၉၂၈ ရက်စွဲပါ မြေငှားဂရန်စာချုပ်။
- ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ (DM) အမည်ဖြင့် ပေးဆောင်ထားသော မြေခွန်ပြေစာများ။

www.burmeseclassic.com

www.burmeseclassic.com



**ကိုစိုးစံ တို့ဘက်က အောက်ပါစာရွက်စာတမ်းများ တင်ပြကြပါသည်။**

- ၈-၁၀-၁၉၂၈ ရက်စွဲပါ မြေငှားဂရံစာချုပ်။
- ၂၂-၅-၁၉၄၁ ရက်စွဲပါ အဆိုပါမြေကွက်အား ချစ်တီးဖမ်းသို့ ရောင်းချထားသည့် စာချုပ်။
- ၁၄-၁၂-၅၄ ရက်စွဲပါ ချစ်တီးဖမ်း က ကိုစိုးစံနှင့် မရင်ရင် တို့ကို ရောင်းချသည့် မှတ်ပုံတင်စာချုပ်။
- ၁၉၅၃ ခုနှစ်နှင့် ၅၄ ခုနှစ်အတွင်း ပေးဆောင်ထားသည့် မြေခွန်ပြေစာများ။

အထက်ဖော်ပြပါ စာရွက်စာတမ်းများအပြင် နှစ်ဘက်လုံးက သက်သေများကိုလည်း တင်ပြကြပါသေးသည်။ သို့သော်လည်း သက်သေများ၏ ထွက်ဆိုချက်များကို မတင်ပြတော့ဘဲ စာရွက်စာတမ်းများပေါ်ရှိ လက်ဗွေများအကြောင်းကိုသာ ဆက်လက်တင်ပြပါမည်။

အမှုအခြေအနေအရ ကိုကြည်စိန်ကို DM က ရောင်းခဲ့သည်ဆိုသည့် စာချုပ်ပေါ်ရှိ DM ၏ လက်ဗွေနှင့် DM အား ၁၉၂၈ ခုနှစ် မြေငှားဂရန်စာချုပ် ထုတ်ပေးစဉ်က ဂရန်စာချုပ်ပေါ်၌ရှိသော DM ၏ လက်ဗွေနှစ်ခုတို့ကို တိုက်ဆိုင်စစ်ဆေးရန်အကြောင်း ပေါ်လာပါသည်။

ထို့ကြောင့် ထိုလက်ဗွေများကို CID သို့ ပေးပို့၍ စစ်ဆေးမှုပြုလုပ်ခဲ့ရာ CID က -

- ကိုကြည်စိန် ကို DM က ရောင်းသည်ဆိုသည့် စာချုပ်ပေါ်ရှိလက်ဗွေနှင့်
- ၁၉၂၈ ခုနှစ်တွင် အိုးအိမ်ဖွံ့ဖြိုးရေးဌာနက DM အား အငှားချထားပေးသည့် ဂရန်စာချုပ် ပေါ်ရှိ DM ၏ လက်ဗွေတို့မှာ မတူညီပါ

ဟု ထင်မြင်ချက်ပေးခဲ့ပါသည်။ (လက်ဗွေပါရဂူအမည်မှာ " ဦးတင်မောင် " ဖြစ်ပါသည်။)

အလွန်ထူးခြားစွာ တိုက်ဆိုင်နေသည်မှာ ယခု ကျွန်တော်တို့၏ ဤအမှုတွင် လက်ဗွေ ပါရဂူကြီး ရုံးရှေ့လာရောက် ထွက်ဆိုသကဲ့သို့ ကိုကြည်စိန် အမှုတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပါရဂူကြီး ဦးတင်မောင်သည် ရုံးရှေ့သို့ လာရောက်၍ ပုံကြီးချဲ့ ဓါတ်ပုံ ရိုက်ထားသည့် လက်ဗွေပုံစံများကို တင်ပြပြီး၊ လက်ဗွေပုံစံများ တစ်ခုနှင့်တစ်ခု မတူညီကြောင်း အခိုင်အမာ ထွက်ဆိုပေးခဲ့ပါသည်။

ကျွန်တော်တို့အမှုတွင် လက်ဗွေပါရဂူကြီးက လက်ဗွေ (၃) ခုလုံး တစ်ဦးတည်း၏ လက်ဗွေဖြစ်သည်ဟု ထွက်ဆိုခဲ့သော်လည်း ကိုကြည်စိန် တို့အမှုမှ ပါရဂူကမူ လက်ဗွေနှစ်ခု မတူပါဟု ထွက်ဆိုခဲ့ပါသည်။ ထိုအချက်သာလျှင် အမှုနှစ်ခုအကြား ကွာခြားချက်ရှိပြီး အမှုဖြစ်ရပ်မှာ အတော်လေး ဆင်တူနေသည်ကို တွေ့ရပါသည်။

အဆိုပါ ကိုကြည်စိန် စွဲဆိုသည့်အမှု မူလရုံးတွင် ရှုံးသွားသဖြင့် ကိုကြည်စိန် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်တွင် တရားသူကြီး ဦးဘိုကြီး နှင့် ဦးစန်းမောင်တို့ နှစ်ဦးက ကြားနာဆုံးဖြတ် ပေးခဲ့ပါသည်။

အယူခံ တရားရုံးချုပ် တရားသူကြီးများ၏ စီရင်ချက်တွင် (မူရင်းစီရင်ချက် သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပါသည်။)

" We have ourselves looked at these enlarged photographs and we do not doubt the correctness of the evidence of the finger-print expert. "

> " ကျွန်ုပ်တို့ကိုယ်တိုင် ပုံကြီးချဲ့ထားသော လက်ဗွေပုံစံ ဓါတ်ပုံများကို ကြည့်ရှု စစ်ဆေးခဲ့ရာ လက်ဗွေပါရဂူ၏သက်သေခံချက် မှန်ကန်ကြောင်း သံသယ မရှိပေ။ "

ဟု ဖေါ်ပြထားရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ တရားသူကြီးများသည် လက်ဗွေ ပညာရှင်များ မဟုတ်သော်လည်း လက်ဗွေပါရဂူ၏ ထွက်ဆိုချက် မှန်မမှန် ဆိုသည့်အချက်အပေါ် ကိုယ်တိုင် စစ်ဆေးကြည့်ရှုပြီးမှ လက်ခံသည်၊ မခံသည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း သတိပြုမိပါသည်။

တရားရုံးချုပ် တရားသူကြီးများသည် ကိုကြည်စိန်၏ အယူခံမှုကို သေချာစွာ လေ့လာ ကြပြီးနောက် -

- ကိုကြည်စိန်က အချင်းဖြစ်မြေနှင့်အိမ်ကို ဝယ်ယူထားသည်ဆိုသည့် စာချုပ်ပေါ်ရှိ ရောင်းသူ၏ လက်ဗွေသည် သံသယဖြစ်ဖွယ်ရှိကြောင်း။

www.burmeseclassic.com

www.burmeseclassic.com


လက်ဗွေပါရဂူကိုယ်တိုင် **ရုံးရှေ့** လာရောက်၍ အစစ်ခံထွက်ဆိုချက်အရ အငြင်းပွားရန်မရှိသည့် **မြေငှားဂရန်စာချုပ်** ပေါ်ရှိ **DM ၏** လက်မှတ်နှင့် ကိုကြည်စိန် **တင်ပြသည့် အရောင်းအဝယ်စာချုပ်ပေါ်ရှိ** လက်ဗွေတို့မတူဟု ပေါ်ပေါက်**နေကြောင်း သုံးသပ်ပြီး** ကိုကြည်စိန်၏ အယူခံမှုကို ပလပ်၍ ကိုစိုးစံ တို့ကို **အနိုင်ပေးကြောင်း** ဆုံးဖြတ်ခဲ့ပါသည်။

**ဏဏဏဏဏ**

အထက်ပါအမှု ဖြစ်ပွားခဲ့သည့် ခုနှစ်ကာလနှင့် **ကျွန်တော်တို့အမှု၏** အခြေခံအကြောင်းများ စတင်ဖြစ်ပွားခဲ့သည့် (၁၉၅၇ ခုနှစ်) **ကာလအပိုင်းအခြားတို့** နီးနီးစပ်စပ် တူညီနေသည်ကို တွေ့နိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်က ထိုအမှုကို ကျွန်တော်၏ **လျှောက်လဲချက်တွင်** ကိုးကားတင်ပြရန် သင့်မသင့် စဉ်းစားရာ မည်သို့ဆုံးဖြတ်ရမည်ကို **မစဉ်းစားတတ်ဘဲ** ရှိနေပါသည်။

အကြောင်းမှာ ကိုကြည်စိန် စွဲဆိုသည့် အဆိုပါအမှုနှင့် ကျွန်တော် **စွဲဆိုခဲ့သည့်** ဒေါ်ခင်မြိုင်၏ အမှုတို့တွင် လက်ဗွေပြဿနာ အငြင်းပွားကြသည်မှာ **တူညီနေပါသည်။**

ကိုကြည်စိန် ၏အမှုတွင် DM ဆိုသူ၏ လက်ဗွေကို **အခြားတစ်ယောက်က** နှိပ်ထားသကဲ့သို့ ကျွန်တော်တို့အမှုတွင် ဒေါ်ခင်မြိုင်၏ လက်ဗွေကို **အခြား** တစ်ယောက်က နှိပ်ထားသည်မှာ ထင်ရှားနေပါသည်။

သို့သော် ကိုကြည်စိန် ၏ အမှုတွင် လက်ဗွေပါရဂူက **လက်ဗွေများ** မတူကြောင်း ထင်မြင်ချက် ပေးခဲ့သော်လည်း ကျွန်တော်၏ အမှုတွင် **လက်ဗွေပါရဂူက** နှစ်ကြိမ်တိုင်တိုင် စစ်ဆေးပြီး နှစ်ကြိမ်လုံးတွင် လက်ဗွေ (၃) ခုလုံးသည် **လူတစ်ဦးတည်း** ၏ လက်ဗွေများဖြစ်ပါသည်ဟု ထင်မြင်ချက်ပေးထားရာ **ကျွန်တော့်အနေဖြင့် ၎င်း** " ကိုကြည်စိန် " စီရင်ထုံးကို ကိုးကားတင်ပြရန်မလွယ်ကူဘဲ **ဖြစ်နေပါသည်။**

ထို့ကြောင့် အမှုဖြစ်ရပ်တူသော်လည်း လက်ဗွေ**ပါရဂူထင်မြင်ချက်** အပိုင်းတွင် ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် ကျွန်တော် **စဉ်းစားရခက်နေခြင်း ဖြစ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် လက်ဗွေပါရဂူက မည်သို့ပင် ထင်မြင်ချက်ပေးပေး၊ တရားသူကြီး၏ အဆုံးအဖြတ်သာလျှင် အဓိကကျသည်ဟု မိမိကိုယ်မိမိ အားပေးနှစ်သိမ့်တာ လက်ဗွေများ မတူညီကြောင်း တရားသူကြီး နားလည်လက်ခံအောင် တွန်းတော် ကြိုးစား၍ တင်ပြရန် စိတ်ပိုင်းဖြတ်လိုက်ပါတော့သည်။

ꩩꩩꩩꩩꩩ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

## (၂၇-၄-၉၂) နေ့ တရားရုံးချုပ်တွင် အပြီးသတ်လျှောက်လဲချက်ပေးကြခြင်း

တရားရုံးချုပ်က ကျွန်တော်တို့၏အမှုကို (၂၇-၄-၉၂) နေ့တွင် အပြီးသတ် လျှောက်လဲချက် ကြားနာမည်ဖြစ်ကြောင်း (၂) ပတ်ကြိုတင်၍ အသိပေး ကြေညာ ပေးရာ ကျွန်တော်ကြိုတင် ပြင်ဆင်ထားသည်များကို (၂) ပတ်အတွင်း အချောသတ် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အတာသင်္ကြန်ပြီးသည်နှင့် ကျွန်တော်တို့အမှု အပြီးသတ်လျှောက်လဲချက် ပေးရမည်ဖြစ်၍ သင်္ကြန်ရက်များအတွင်း၌ပင် ကျွန်တော်တင်သွင်းရမည့် ( စာဖြင့် ရေးသားတင်သွင်းမည့် ) လျှောက်လဲချက်ကို ကြိုးပမ်းပြင်ဆင်နေရသည်ဖြစ်ရာ သင်္ကြန်အတွင်း အများသူငါ ပျော်ပါးနေကြသည့်နည်းတူ ကျွန်တော် အပြည့်အဝ မပျော်နိုင်ခဲ့ပါ။

သင်္ကြန်ကာလအတွင်း ကျွန်တော်အနှစ်သက်ဆုံးအရာမှာ ဆုပေး မဏ္ဍပ်ကြီးများ၌ သင်္ကြန်သံချပ်ပြိုင်သည့်ပွဲများကို ကြည့်ရှုနားထောင်ရခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ညလုံးပေါက်နီးပါး နားထောင်မိသည်ထိ ရှိခဲ့ပါသည်။ ယခုနှစ်တွင်ကား ထိုသို့မကဲနိုင်ခဲ့ပါ။

( ၁၉၉၂ ခုနှစ် ကာလပိုင်းက ရှေ့နေများ လျှောက်လဲချက်ပေးလျှင် နှုတ်ဖြင့်သာ ပေးရပါသည်။ စာဖြင့်ရေးသား၍ တင်ပြလိုပါကလည်း တင်ပြခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။ ယနေ့အခါတွင် နှုတ်ဖြင့် တင်ပြ လျှောက်လဲရသည့်အပြင် စာဖြင့်ပါ ရေးသားတင်ပြရန် ညွှန်ကြားထားပါသည်။ )

ကျွန်တော် တင်ပြရမည့် လျှောက်လဲချက်မှာ နှုတ်ဖြင့် သက်သက် လျှောက်လဲ၍ မည်သို့မျှ မရနိုင်ပါ။ ပန်းချီဆရာဖြင့် လက်ဗွေပုံစံများကို ရေးဆွဲပြီး ပန်းချီပုံများအောက်တွင် စာဖြင့်ရေးသား ရှင်းပြရမည် ဖြစ်ရာ ကျွန်တော့်အနေဖြင့် စာဖြင့်၊ ပုံဖြင့် ရေးသားထားသည့် လျှောက်လဲချက်ကို အထူးအလေးထား ပြင်ဆင်ခဲ့ရပါသည်။

တရားရုံးချုပ်တွင် လျှောက်လဲချက် ပေးသည့်အခါ ရုံးလုပ်ထုံးလုပ်နည်းအရ အယူခံ တက်သူက ဦးစွာစတင် လျှောက်လဲတင်ပြခွင့်ရပါသည်။ ထို့နောက် အယူခံ တရားပြိုင်များဘက်က လျှောက်လဲ တင်ပြရပါသည်။ အပြီးသတ်အနေဖြင့် အယူခံတရားလိုဘက်မှ ရှင်းလင်းတင်ပြရန်ရှိပါက ရှင်းလင်း တင်ပြရန်ရှိသည့် အချက်များကို ရှင်းလင်းလျှောက်လဲ တင်ပြခွင့်ရှိပါသည်။

ယခု ကျွန်တော်၏ အမှုမှာ ကျွန်တော်တို့ အောက်ရုံးတွင် ရှုံးခဲ့သည့်အတွက် ကျွန်တော်တို့က အယူခံဝင်ရောက်လာခြင်းဖြစ်ရာ ကျွန်တော်က စတင် လျှောက်လဲချက် ပေးရမည်ဖြစ်ပါသည်။

ကျွန်တော်တို့အမှုကို ကြားနာစီရင် ဆုံးဖြတ်ပေးမည့် တရားသူကြီးမှာ " ဦးကျော်တင့် " ဖြစ်ပါသည်။ ကျွန်တော်တို့ရှေ့က အမှုများကို ကြားနာပြီးသည်နှင့် တရားခွင်စာရေးကြီးက မတ်တတ်ရပ်၍ ကျွန်တော်တို့အမှုအမည်ကို အသံကျယ်ကျယ်ဖြင့်ဖတ်ကာ အလှည့်ကျပြီဖြစ်ကြောင်း တရားဝင် အသိပေးလိုက်ရာ ကျွန်တော်က မတ်တတ်ရပ်၍ တရားဝန်ကြီးအား အရိုအသေပေးပြီးနောက် -

**" ရိုသေလေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား "**

ဟု အာလုပ်သံပြုလိုက်ပါသည်။ တရားသူကြီးက ကျွန်တော့်အား စိုက်ကြည့်၍ ကျွန်တော်လျှောက်လဲ တင်ပြမည့် အကြောင်းအရာကို နားစွင့်နေပါသည်။ ကျွန်တော်က ချက်ချင်း ဆက်လက်ပြောဆိုခြင်းမပြုဘဲ စက္ကန့်ပိုင်းလောက် အချိန်ဆွဲထားပြီးမှ -

www.burmeseclassic.com

www.burmeseclassic.com



" ယခု ကျွန်တော်လျှောက်လဲတင်ပြမယ့်အမှုဟာ ကျွန်တော်တို့ တရားစီရင်ရေး သမိုင်းမှာ အလွန်ထူးခြားတဲ့အမှုဖြစ်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ် ခင်ဗျား "

ဟုပြောဆိုလိုက်ရာ တရားသူကြီးသည် ကျွန်တော့်ကို ယခင်ကထက်ပို၍ ဂရုပြု ကြည့်ရှုလာသည်ကို တွေ့ရပါသည်။ ထိုအခါ ကျွန်တော်က -

" တရားဝန်ကြီးခင်ဗျား - ဒီအမှုဟာ တရားဝန်ကြီးက အငြင်းပွားနေတဲ့ လက်ဗွေတွေနဲ့ ပတ်သက်ပြီး လက်ဗွေပါရဂူကို ရုံးရှေ့ထပ်မံ ခေါ်ယူပြီး ပြည့်စုံအောင် စစ်ဆေးရန် ညွှန်ကြားချက်နဲ့ အောက်ရုံးကို ပြန်ပို့ခဲ့တဲ့အမှု ဖြစ်ပါတယ်ခင်ဗျား၊ ယခုအခါ လက်ဗွေပါရဂူကို နှစ်ဖက်ရှေ့နေများက ပြည့်စုံစွာ စစ်ဆေးမေးမြန်းကြပြီးဖြစ်လို့ ဝန်ကြီးရှေ့မှောက် ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာတဲ့အမှု ဖြစ်ပါတယ်ခင်ဗျား "

" ကျွန်တော်တို့အမှုမှာ အဓိကပြဿနာဖြစ်နေတာက လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်နဲ့ တရားရုံးရှေ့ထွက်ဆိုချက်များဟာ အမှုတွဲမှတ်တမ်းရှိ လက်ဗွေပုံများနဲ့ ကိုက်ညီမှန်ကန်ခြင်း ရှိမရှိဆိုတဲ့ ပြဿနာဖြစ်ပါတယ် ခင်ဗျား။ "

" ဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်း ပြောရရင် အမှုတွဲမှာ ရှိနေတဲ့ မှတ်တမ်းများ အရ လက်ဗွေပါရဂူကြီးပေးတဲ့ ထင်မြင်ချက်ဟာ လုံးဝမှားနေပါတယ်ဆိုတဲ့ အကြောင်း ကျွန်တော်တို့ဘက်က အခိုင်အမာ လျှောက်လဲတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား "

ဟု ကျွန်တော်က ပြောဆိုလိုက်ရာ တရားဝန်ကြီးက ကျွန်တော့်အား ယခင်ကထက် ဂရုတစိုက် ကြည့်ရှုနေသည်ကို တွေ့ရပါသည်။

(အမှန်အတိုင်း ဝန်ခံရပါက ကျွန်တော်သည် တရားသူကြီး၏ အာရုံစိုက်မှု ရလို၍ ယခုကဲ့သို့ ပြောဆိုစကားချီနေခြင်းမဟုတ်ပါ။ ကျွန်တော့်အနေဖြင့် လက်ဗွေပါရဂူတစ်ယောက်၏ တရားဝင် ထင်မြင်ချက်ကို ဆန့်ကျင်၍ ပြောရမည့် အခြေအနေမျိုးဖြစ်နေသဖြင့် မဝံ့မရဲဖြစ်နေသောကြောင့် တရားဝန်ကြီးထံမှ စာနာမှု နှင့် နားလည်ခွင့်လွှတ်နိုင်မှုတို့ကို မျှော်လင့်၍ ပြောနေခြင်းသာဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်က** ဆက်လက်၍ -

" တရားဝန်ကြီးခင်ဗျား - ဒီအမှုမှာ အငြင်းပွားနေတဲ့ လက်ဗွေက (၃) ခု **ဖြစ်နေပါတယ်။**

- ပထမတစ်ခုက အခုအချင်းပွားနေတဲ့ အိမ်နဲ့မြေကို ပိုင်ရှင် ဒေါ်ခင်မြိုင်က ဦးစိန်သန်းကို ရောင်းထားတယ်ဆိုတဲ့ မှတ်ပုံတင်စာချုပ်ပေါ်မှာရှိတဲ့ လက်ဗွေဖြစ်ပါတယ်။ အဲဒီ လက်ဗွေဟာ မှုန်ဝါးပျက်ပြယ်နေပြီး ဖတ်ဖို့မလွယ်ပါဘူးခင်ဗျား။
- ဒုတိယလက်ဗွေကတော့ အချင်းပွားနေတဲ့ အိမ်နှင့်မြေကို ဦးစိန်သန်းထံမှ ဒေါ်ခင်မြိုင်က ငှားထားတယ်ဆိုတဲ့ စာချုပ်ဖြစ်ပါတယ်။ အဲဒီ စာချုပ်ပေါ်မှာရှိတဲ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေဟာ မနေ့တစ်နေ့ကမှ နှိပ်ယူသလားလို့ ထင်ရလောက်အောင် သစ်လွင်နေပါတယ်ခင်ဗျား။
- တတိယလက်ဗွေကတော့ ကျွန်တော့်အမှုသည် ဒေါ်ခင်မြိုင်ရဲ့ တရားရုံးရှေ့မှောက်မှာ နှိပ်ယူထားတဲ့ လက်ဗွေနမူနာပုံစံတွေ ဖြစ်ပါတယ်ခင်ဗျား။

**အဲဒီလက်ဗွေ (၃) ခုကို ကျွန်တော် သေသေချာချာ လေ့လာကြည့်ရှုတဲ့** အခါမှာ လက်ဗွေ (၃) ခုဟာ လူ (၃) ယောက်ရဲ့ လက်ဗွေလို့ တွေ့ရပါတယ်ခင်ဗျား။ ဒါပေမဲ့ လက်ဗွေပါရဂူရဲ့ တရားဝင် ထင်မြင်ချက်ကတော့ အဲဒီလက်ဗွေ (၃) ခုဟာ လူတစ်ယောက်တည်းရဲ့ လက်ဗွေပုံစံတွေဖြစ်ပါတယ်လို့ ဆိုပါတယ်ခင်ဗျား။

ကျွန်တော်တို့လို လက်ဗွေပညာရှင်မဟုတ်တဲ့သူကတောင် မတူဘူးလို့ မြင်တွေ့နေရပါလျက်နဲ့ လက်ဗွေပါရဂူက တူပါတယ်လို့ ပြောဆိုနေတဲ့အတွက် တရားဝန်ကြီးရဲ့ အဆုံးအဖြတ်ကိုခံယူရန် ကျွန်တော် လျှောက်လဲတင်ပြနေခြင်း ဖြစ်ပါတယ်ခင်ဗျား။ "

**" ရိုသေလေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား "** -

" လက်ဗွေပုံစံတွေ တစ်ခုနဲ့တစ်ခု တူမတူဆိုတာကို လက်တွေ့သဘောအရ နှုတ်ဖြင့် လျှောက်လဲတင်ပြလို့ မရနိုင်တဲ့အတွက် အမှုတွဲမှာရှိတဲ့ လက်ဗွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်တဲ့ ပန်းချီဆရာနဲ့ ရေးဆွဲထားပြီး ဘယ်လိုကွာခြားနေတယ်ဆိုတာတွေကို ကျွန်တော် သေချာစွာ စာဖြင့်ရေးသားထားပါတယ်။ အဲဒီရေးသားလျှောက်လဲချက်ကိုလည်း ယခုတစ်ပါတည်း တင်သွင်းပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား "

(ကျွန်တော်က လျှောက်လဲချက်ကို နှုတ်ဖြင့်တင်ပြလျှောက်လဲနေရင်း စာဖြင့်လည်း ရေးသားထားကြောင်း၊ ပန်းချီပုံစံများလည်းပါကြောင်း တရားသူကြီး သတိပြုမိစေရန် တမင်တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ) ထို့နောက် ကျွန်တော်က ဆက်လက်၍-

" တရားဝန်ကြီးခင်ဗျား " -

- ကျွန်တော်ရဲ့ ရေးသားလျှောက်လဲချက်မှာ ပြည့်စုံစွာ ရေးသားထားပြီးဖြစ်လို့ အရေးကြီး အဓိကကျတဲ့ အချက်အလက်အချို့ကိုသာ နှုတ်အားဖြင့် အကျဉ်းချုပ်ပဲ လျှောက်လဲ တင်ပြသွားပါမယ်ခင်ဗျား။
- ပထမအချက်အနေနဲ့ - ဒေါ်ခင်မြိုင်က ဦးစိန်သန်းကို မှတ်ပုံတင်စာချုပ်အမှတ် - ၇၃/၅၈ အရ အိမ်နှင့်မြေကို ရောင်းခဲ့တယ်ဆိုတာ မမှန်ကြောင်းနှင့် ထိုစာချုပ် ပျက်ပြယ်ထိုက်ကြောင်း အောက်ပါအတိုင်း တင်ပြလျှောက်လဲအပ်ပါတယ်ခင်ဗျား၊

နံပါတ် (၁) အနေနဲ့ ဒေါ်ခင်မြိုင်က ၁၀၀၀၀ိ/- နဲ့ (၅-၆-၅၇) နေ့မှာ ဝယ်ခဲ့တဲ့ အိမ်နဲ့မြေကို (၇) လအကြာ (၂၃-၁-၅၈) နေ့မှာ ၃၀၀၀ိ/- နဲ့ အရှုံးခံပြီးရောင်းတယ် ဆိုတာဟာ လုံးဝယုတ္တိမရှိပါခင်ဗျား။

နံပါတ် (၂) အနေနဲ့ ဦးစိန်သန်းက ယခုအချင်းဖြစ် အိမ်နဲ့မြေကို အမှန်တကယ် ဝယ်ယူခဲ့တယ်ဆိုရင် အိမ်ကို လက်ရောက်ရယူသင့်ပါတယ်။ အိမ်ကို မယူရင်လည်း အိမ်လခတော့ ရအောင်ကောက်ခံသင့်ပါတယ်။ အခု နှစ်ပေါင်း (၃၀) လောက် အိမ်ကိုလည်းမယူ၊ အိမ်လခလည်းမယူဘဲ နေခဲ့တဲ့အချက်အရဆိုရင် အမှန်တကယ် ဝယ်ယူခဲ့ခြင်း မရှိကြောင်း ထင်ရှားနေပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



**နံပါတ် (၃)** အချက်အနေနဲ့ တင်ပြလိုတာက ဦးစိန်သန်းက အချင်းဖြစ်အိမ်နှင့် မြေကို ဝယ်ယူခဲ့တယ်ဆိုတဲ့ စာချုပ်ပေါ်ရှိ ရောင်းသူ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေအမှန် ဟုတ်မဟုတ် ဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီအချက်ကို ကျွန်တော် စာနဲ့ ပန်းချီပုံစံနဲ့ သီးသန့်တင်ပြထားပါတယ်ခင်ဗျား။

- **ဒုတိယ ကျွန်တော် တင်ပြလိုတဲ့အချက်ကတော့ ဦးစိန်သန်းက အချင်းဖြစ်အိမ်ကို ဒေါ်ခင်မြိုင်အား ( ၁-၂-၅၈ ) ရက်စွဲပါ စာချုပ်နဲ့ အငှားချထားတယ်ဆိုတာ မမှန်ကြောင်း အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါတယ်ခင်ဗျား။**

**နံပါတ် (၁) အနေနဲ့ အိမ်ငှားစာချုပ်အတွက် ၃ိ/- တန် စာချုပ်ခေါင်းနဲ့ ချုပ်ဆိုနိုင်ပါလျက် ၁ဝိ/- စာချုပ်ခေါင်း (၂) လုံးနဲ့** ချုပ်ဆိုထားတဲ့ အချက်ဟာ ယုတ္တိမရှိကြောင်းနဲ့ နောက်မှ ဖန်တီးပြုလုပ်ထားကြောင်း ထင်ရှားနေပါတယ်ခင်ဗျား။ ၁၉၅၈ ခုနှစ်က ငွေ ၂ဝိ/- ဆိုတာဟာ အလွန်များပြားတဲ့ ငွေဖြစ်တယ်ဆိုတာ တရားဝန်ကြီး သိပါတယ် ခင်ဗျား။

(ထိုစဉ်ကာလက ကျွန်တော်တို့ကို မိဘများက ကျောင်းသွားရန် မုန့်ဖိုး (၅) ပြား (၁ဝ) ပြားသာ ပေးပါသည်။)

**နံပါတ် (၂)** အချက်အနေနဲ့ အိမ်ငှားစာချုပ်ခေါင်းကို အစိုးရအခွန်ရုံးက ရောင်းချတဲ့ ရက်စွဲက (၇-၄-၅၂) နေ့ဖြစ်ပြီး စာချုပ် ချုပ်တဲ့နေ့က (၁-၂-၅၈) နေ့ဖြစ်ရာ (၆) နှစ်ခန့် ကွာနေတာဟာလည်း ယုတ္တိမရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**နံပါတ် (၃)** အချက်အနေနဲ့ ဒီ (၁-၂-၅၈) ရက်စွဲပါ စာချုပ်ဟာ အခုအချိန်ဆိုရင် နှစ်ပေါင်း (၃ဝ) ကျော် ကြာမြင့်နေပြီဖြစ်ပေမဲ့ အလွန်သစ်လွင်နေပြီး မနေ့တစ်နေ့က ချုပ်ဆိုထားတဲ့ပုံစံဖြစ်နေတာလည်း ယုတ္တိမရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

**နံပါတ် (၄)** အနေနဲ့ အဲဒီအိမ်ငှားစာချုပ်များရဲ့ နောက်ကျောဘက်မှာ ရောင်စုံ ခဲတံဖြင့် ပန်းချီများ ရေးထားခြင်းသည်လည်း စဉ်းစားစရာ အချက်တစ်ချက်ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ် (၅) အချက်အနေနဲ့ အဲဒီစာချုပ်မှာ အိမ်ငှားခကို တစ်လ ၅ဝိ/- လို့ ဖေါ်ပြထားတာလည်း တော်တော်ယုတ္တိမရှိကြောင်း ထင်ရှား နေပါတယ်ခင်ဗျား။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ ၁၉၅၈ ခုနှစ် လောက်က ရွှေတစ်ကျပ်သား ၁၅ဝိ/- ဝန်းကျင်လောက်သာရှိပြီး၊ အိမ်လခ ၅/- ၁ဝိ/- လောက်သာ ပေးရသည့်အချိန်ဖြစ်ပါလျက် ၅ဝိ/- ဟု ဖေါ်ပြထားခြင်းသည် နောက်မှဖန်တီး ပြုလုပ်ထားလို့သာ ဖြစ်ရတယ်လို့ ယူဆသင့်ပါတယ်ခင်ဗျား။

နံပါတ် (၆) အနေနဲ့ အင်မတန် မက်မောစရာကောင်းလှတဲ့ တစ်လ အတွက် ရခွင့်ရှိတဲ့ အိမ်လခ (၅ဝိ/-) ကို နှစ်ပေါင်း ၃ဝ တိုင်တိုင် မကောက်ခံဘဲ နေခဲ့တဲ့အချက်ဟာလည်း စဉ်းစားသင့်တဲ့အချက် ဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

ရှိသေလေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား -

- တတိယ အချက်အနေဖြင့် လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်များနှင့် သက်သေခံချက်များ မမှန်ကြောင်း ဆက်လက်ပြီး လျှောက်လဲတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

အခု ကျွန်တော်တင်ပြမယ့်အပိုင်းမှာ နှစ်ပိုင်းပါဝင်ပါတယ် ခင်ဗျား။ ပထမပိုင်းကတော့ နှုတ်ဖြင့်တင်ပြပြောဆို၍ ရနိုင်သော အချက်အလက်များဖြစ်ပြီး ဒုတိယပိုင်းကတော့ လက်ဗွေပုံစံနဲ့ဆိုင်တဲ့ အတွက် ပန်းချီဖြင့် ရေးဆွဲတင်ပြမယ့်အပိုင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ အခုကျွန်တော် ပထမပိုင်းအနေနဲ့ နှုတ်နဲ့တင်ပြလို့ရတဲ့ အချက်များအပေါ် တင်ပြသွားပါမယ် ခင်ဗျား။

နံပါတ် (၁) အချက်အနေနဲ့ တင်ပြလိုတာကတော့ ပါရဂူကြီးက လက်ဗွေများကို စစ်ဆေးကြည့်တဲ့အချိန်ကြာမြင့်မှုနှင့် ဆိုင်ပါတယ်။

၂ဝ-၉-၉ဝ နေ့က ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေကို ရုံးရှေ့မှာ ကိုယ်တိုင်နှိပ်ယူပြီး အငြင်းပွားနေတဲ့ စာချုပ် (၂) စောင်ပေါ်ရှိ လက်ဗွေများနှင့် တိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ (၃) မိနစ်ခန့်သာ ကြည့်ရှုပြီး အားလုံးတူတယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂-၁၂-၉၁ နေ့ ကျွန်တော် ပြန်လှန်စစ်မေးတဲ့အခါမှာ ပါရဂူကြီးက သူဟာ ကျွမ်းကျင်သူဖြစ်လို့ (၂) မိနစ် (၃) မိနစ်အတွင်း ကြည့်ရှု၍ ထင်မြင်ချက် ပေးနိုင်ပါတယ်လို့ ဖြေဆိုပါတယ်။

၂၆-၁၂-၉၁ နေ့မှာ ကျွန်တော်က လက်ဗွေတစ်ခုရဲ့ အရေးကြီးဆုံး အချက်ဖြစ်တဲ့ အတွင်းအဆုံးသတ် (Starting Point) နေရာကို ရုံးရှေ့တွင် ထောက်ညွှန်ပြတံဖြင့် ထောက်ပြရန် ပုံကြီးချဲ့ထားတဲ့ အရောင်းစာချုပ်ပေါ်ရှိ လက်ဗွေပုံစံကို ပြသပြီးမေးမြန်းရာမှာ (၇) မိနစ်ခန့် ကြာပြီးမှ ထောက်ပြနိုင်ခဲ့ပါတယ်။ (၇) မိနစ်ကြာတဲ့အကြောင်း တရားရုံးက သေသေချာချာ မှတ်တမ်းတင်ပေးထားပါတယ်ခင်ဗျား။

ဒါ့ကြောင့် အရောင်းစာချုပ်ပေါ်ရှိ လက်ဗွေရဲ့ အရေးအကြီးဆုံး အပိုင်းဖြစ်တဲ့ (Starting Point) အတွင်းအဆုံးသတ်နေရာဟာ ပျက်ပြယ်နေလို့ ထင်ထင်ရှားရှား မမြင်နိုင်ဘဲနှင့် ထင်ထင်ရှားရှား မြင်ရသယောင် ထင်မြင်ချက်ပေးခဲ့တဲ့ ပါရဂူကြီးရဲ့ သက်သေခံချက်ဟာ သံသယဖြစ်ဖွယ်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ် (၂) အချက်အနေနဲ့ တင်ပြလိုတာကတော့ အိမ်ငှားစာချုပ် ပေါ်ရှိ ဒေါ်ခင်မြိုင် အမည်အောက်မှာရှိတဲ့ လက်ဗွေရဲ့ အတွင်း အဆုံးသတ်နှင့် လက်ဝဲဘက် အပြင်အဆုံးသတ်အကြားရှိ အရစ် အကြောင်းများဟာ (၁၁) ရစ်သာရှိကြောင်း မည်သူမဆို အလွယ်တကူ ကြည့်ရှုရေတွက်၍ရပါလျက်နှင့် (၁၄) ရစ်ရှိတယ်လို့ ပါရဂူကြီး ဖြေဆို ခဲ့တာဟာ မမှန်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

ဒေါ်ခင်မြိုင် ရဲ့ လက်ဗွေအစစ်မှာ (၁၄) ရစ်ရှိတဲ့အတွက် အိမ်ငှားစာချုပ်ပေါ်ရှိ လက်ဗွေကိုလည်း (၁၄) ရစ်ရှိပါတယ်လို့ မတူ တူအောင် မမှန်ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်က (၁၁) ရစ်သာရှိကြောင်း ကျွန်တော်ကိုယ်တိုင် ရေတွက်ပြပါမယ်လို့ ပြောတာကို ပါရဂူက လက်မခံခဲ့ပါ။ ဒါ့ကြောင့်

www.burmeseclassic.com



ခင်ဗျားကိုယ်တိုင် ရုံးရှေ့မှာ တစ်ကြောင်းချင်း ထောက်ပြပြီး ရေပြပါလို့ ကျွန်တော်က ပြောတော့လည်း ရေမပြနိုင်ပါလို့ ငြင်းခဲ့ပါတယ်။

ဒါကြောင့် လက်ဗွေပါရဂူရဲ့ ထွက်ဆိုချက်ဟာ များစွာသံသယဖြစ်ဖွယ် ရှိနေကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**နံပါတ် (၃) အချက်အနေနဲ့ တင်ပြလိုတာကတော့** လက်ဗွေတစ်ခုရဲ့ **အရေးပါသော အချက်များဖြစ်တဲ့ (၁) အရစ်အကြောင်း** ဆင်းသက်ပုံ ပုံစံ၊ (၂) **အတွင်းအဆုံးသတ်၊ (၃) အပြင်အဆုံးသတ်များအကြောင်း** လက်ဗွေတစ်ခုချင်းအပေါ် ကျွန်တော်မေးတာတွေကို ပါရဂူကြီး ပြန်ဖြေဆိုခဲ့တဲ့အချက်တွေကို ကြည့်မယ်ဆိုရင် သူ့ရဲ့ထွက်ချက်အရပဲ လက်ဗွေ (၃) ခု တစ်ခုနဲ့တစ်ခု လုံးဝမတူပါကြောင်း ထင်ရှားနေပါတယ်လို့ လျှောက်ထားတင်ပြအပ်ပါတယ်ခင်ဗျား။

အဲဒီလို မတူညီတဲ့အချက်များကို ရုံးတော်မှ အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရန် ကျွမ်းကျင်သူ ပန်းချီဆရာဖြင့် ရေးဆွဲထားသည့် ပုံစံများနှင့်တကွ စနစ်တကျ ရေးသား တင်ပြထားပါကြောင်း လေးစားစွာ လျှောက်ထားတင်ပြအပ်ပါတယ်ခင်ဗျား။

(ကျွန်တော်၏ လျှောက်လဲချက်ကို ပန်းချီပုံစံများနှင့် ရေးသား လျှောက်လဲ တင်ပြချက်ကို စာရှုသူများ အလွယ်တကူ ကြည့်ရှုနိုင်ရန် အောက်တွင် မူရင်းပုံစံ အတိုင်း ပြန်လည်ဖော်ပြအပ်ပါသည်။)

www.burmeseclassic.com

## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (ဋ) အိမ်ငှားစာချုပ်မှလက်ဗွေ | | | ရုံးရှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (၃) (၃-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် |
| အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန် ဘဲဥထောင်ထားသည့်ပုံ အထက်အောက် ရစ်ဆင်းပါသည်။ (၁၂-၁၂-၉၁) စာ-၇ အဆက် | မျက်မြင်အနေအထား အရလုံးဝမမြင်ရပါ။ မှေးမှိန် ပျက်ပြယ်နေပြီ ဖြစ်ပါသည်။ | မမြင်ရဘဲနှင့် (သက်သေခံ - ၃) နှင့်တူ အောင် ထွက်ဆိုခြင်းဖြစ်ပါသည်။ | အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန် စက်ဝိုင်းပုံ ခရုပတ်ပုံသဏ္ဌာန်ဖြင့် ရစ်ပတ်နေပါသည်။ (၂၆-၁၂-၉၁) စာ-၄ အဆက် |  | ထင်ရှားစွာမြင်ရပြီး အမှန်အတိုင်း ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ | အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန် အရစ်ကြောင်းများမှာ အထက်အောက်ရှည် ဘဲဥထောင်ထားသည့် ပုံသဏ္ဌာန်မျိုး ဆင်းသက်သွားလာလျှက်ရှိသည်ဆိုလျှင် မှန်ပါသည်။ (၅-၃-၉၂) စာ-၁ |  | ထင်ရှားစွာမြင်ရပြီး အမှန်အတိုင်း ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ |

**ရှင်းလင်းတင်ပြချက်**

**အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန်**



အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန်မှာ လက်ဗွေများစစ်ဆေးရာတွင် အရေးကြီးသော အခြေခံအချက်ဖြစ်ပါသည်။ ယင်းအချက် မတူညီလျှင် ကျန်အချက်များကို စစ်ဆေးရန်ပင် မလိုတော့ပါ။ မတူပါဟု ထင်မြင်ချက်ပေးရပါမည်။ ( ၅-၃-၉၂ ) နေ့ ထွက်ချက်စာမျက်နှာ - ၉ နှင့် ( ၂၀-၉-၁၉၉၀ ) စာ - ၁၀။

ယခု သက်သေ၏ ထွက်ဆိုချက်အရပင်လျှင် -

သက်သေခံ (ဋ) သည် စက်ဝိုင်းပုံဖြစ်ပြီး၊ သက်သေခံ (၃) မှာ ထက်အောက်ရှည် ဘဲဥထောင်ထားသည့်ပုံဖြစ်ကြောင်း ပေါ်ပေါက်နေပါသဖြင့် မတူညီကြောင်း ထင်ရှားနေပါသည်။

www.burmeseclassic.com

## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (ဃ) အိမ်ငှားစာချုပ်မှလက်ဗွေ | | | ရုံးရှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (၃) (၃-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် |
| အတွင်းအဆုံးသတ် (INNER TERMINUS) တကြောင်းရစ်အောက်တွင် အစက်ကလေးရှိသည့် အနေအထားမျိုးဖြင့် ရှိနေပါသည်။ ( ၁၂-၁၂-၉၁ ) နေ့အဆက်၊ စာ-၄ | အမှန်အားဖြင့် လုံးဝ မမြင်ရပါ မှေးမှိန်ပျက်ပြယ်နေပြီဖြစ်ပါသည်။ | စိတ်မှန်းထွက်ချက် ဖြစ်ပါသည်။ | အတွင်းအဆုံးသတ် (INNER TERMINUS) တကြောင်းရစ်အနေအထားမျိုးဖြင့် ရှိနေသည်မှာ မှန်ပါသည်။ အစက်လိုလို ကွင်းလိုလို ရှည်မျောမျော အရာကလေးနှင့် ဆက်နေသည်မှာ မှန်ပါသည်။ စက်ဝိုင်းပုံကို အရစ်ကြောင်းက အောက်မှဝင်၍ ဆက်နေသည့် အနေအထားမျိုးတော့ မဟုတ်ကြောင်း ထင်ထင်ရှားရှား မြင်ရသည် ဆိုလျှင် ထင်ထင်ရှားရှား သဘောတော့ မရှိပါ။ ဆက်သွားနိုင်သည့် အနေအထားမျိုးတော့ရှိပါသည်။ (၁၆-၁-၉၂) စာ - ၃ |  | ထင်ရှားစွာ မြင်ရပါသည်။ အမှန်အတိုင်း ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ | အတွင်းအဆုံးသတ် (INNER TERMINUS) အလယ်စက်ဝိုင်းမဟုတ်ပါ။ မျဉ်းတကြောင်းတည်းကပင် ခွေနေခြင်းဖြစ်ပါသည်။ အောက်ကရစ်ဝင်လာသော အကြောင်းသည် ခွေနေသော်လည်း အဆုံးနေရာသည် တဘက်အနားသွားမထိပါ။ သီးခြားဖြစ်နေပါသည်။ တဘက်အနားကို မထိသည့်အတွက် စက်ဝိုင်းဟု မပြောနိုင်ပါ။ သီးခြားရှိနေပါသည်။ အဆိုပါ အရစ်ဝင်သွားသည့် အကြောင်း၏ လက်ျာဘက်တွင် အောက်သို့စိုက်၍ နှစ်ဖြာခွဲဆင်းသည့်ပုံစံဖြစ်ပါသည်။ အတွင်းအဆုံးသတ်မှနေ၍ အောက်သို့ကွေ့ဆင်းလာသည့် ပထမအကြောင်းမှာ နှစ်ဖြာခွဲ၍ ဆင်းလာသည့်ပုံသဏ္ဌာန်မျိုးဆိုလျှင် မှန်ပါသည်။ (၁၆-၁-၉၂) နေ့အဆက်၊ စာ-၃ |  | ထင်ရှားစွာ မြင်ရပြီး အမှန်အတိုင်း ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ |

**ရှင်းလင်းတင်ပြချက်**



အတွင်းအဆုံးသတ် (INNER TERMINUS) မှာလည်း လက်ဗွေများ စစ်ဆေးရာတွင် အခြေခံအချက်ဖြစ်ပါသည်။ ယင်းအချက်များ မတူညီလျှင် မတူဟုသာ ထင်မြင်ချက် ပေးရပါမည်။ ယခု သက်သေထွက်ချက်အရပင်လျှင် - ( ၅-၃-၉၂ နေ့ထွက်ချက်၊ စာမျက်နှာ - ၉ )

သက်သေခံ (ဃ) တွင်  ပုံသဏ္ဌာန်မျိုးဖြစ်ပြီး သက်သေခံ (၃) တွင်  ပုံသဏ္ဌာန်ဖြစ်နေရာ လက်ဗွေများ သိသာထင်ရှားစွာ ကွဲပြားနေပါသည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (ဠ) အိမ်ငှားစာချုပ်မှလက်ဗွေ | | | ရုံးရှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (၃) (၃-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် |
| **လက်ဝဲဘက်အပြင်အဆုံးသတ်** ဝဲဘက် အပြင်အဆုံးသတ် ပုံသဏ္ဌာန်မှာ ဝွပုံသဏ္ဌာန်ရှိပါသည်။ သို့ရာတွင် အဆိုပါဝွကလေးသည် သီးခြား တည်ရှိနေခြင်းတော့မဟုတ်ပါ။ အဆိုပါဝွ၏ အနားသုံးနားမှာ အခြား အရစ်အကြောင်းများနှင့် ဆက်စပ်လျက်ရှိပါသည်။ ( ၁၂-၁၂-၉၁ ) အဆက်၊ စာ-၅ | အမှန်အားဖြင့် လုံးဝ မမြင်ရပါ။ | စီ တ် မှ န် း ထွ က် ချ က် ဖြစ်ပါသည်။ | **လက်ဝဲဘက်အပြင်အဆုံးသတ်** ဝွပုံစံဖြစ်ပြီး ယင်းဝွ၏ အနားသုံးနား မှာ တသီးတခြားမဟုတ်ဘဲ တခြားအရစ်အကြောင်းများနှင့် ဆက်စပ်လျက်ရှိသည်ဆိုလျှင် မှန်ပါသည်။ (၂၆-၁၂-၉၁) အဆက်၊ စာ-၄ |  | ထင်ရှားစွာ မြင်ရပါသည်။ အမှန်အတိုင်း ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ | **လက်ဝဲဘက်အပြင်အဆုံးသတ်** မျဉ်းကြောင်းတို့ နှစ်ခုဖြင့် ဝွပုံစံဖြစ်နေပါသည်။ အဆိုပါဝွကလေး၏ အနားသုံးနားသည် သီးသီးခြားခြား အခြားအရစ်ကြောင်းများနှင့် ဆက်သွယ်မှုမရှိဆိုလျှင် မှန်ပါသည်။ (၁၆-၁-၉၂) အဆက်၊ စာ-၃/၄ |  | ထင်ရှားစွာ မြင်ရပါသည်။ အမှန်အတိုင်း ထွက်ဆိုခြင်း ဖြစ်ပါသည်။ |

**ရှင်းလင်းတင်ပြချက်**



ဝဲဘက်အပြင်အဆုံးသတ်သည်လည်း - အခြေခံအချက်တစ်ချက်ဖြစ်ပြီး အရေးကြီးပါသည်။ ယင်းအချက်များ မတူညီလျှင် မတူညီဟု ထင်မြင်ချက်ပေးရပါသည်။ ( ၅-၃-၉၂ ) နေ့ထွက်ချက်၊ စာ-၉

ယခု သက်သေ၏ ထွက်ဆိုချက်အရပင်လျှင် -

သက်သေခံ (ဠ) တွင် အပြင်အဆုံးသတ် ဝွပုံအနား (၃) နားသည် သီးခြားမဟုတ်ဘဲ အခြားအကြောင်းများနှင့် ထိစပ်နေပြီး သက်သေခံ (၃) တွင် အဆိုပါ ဝွပုံ၏ အနားသုံးနားသည် အခြားအရစ် အကြောင်းများနှင့်မထိဘဲ သီးခြားရှိနေကြောင်း ထင်ရှားနေရာ၊ လက်ဗွေများ မတူညီကြောင်း ထင်ရှားနေပါသည်။

www.burmeseclassic.com

## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (ဠ) အိမ်ငှားစာချုပ်မှလက်ဗွေ | | | ရုံးရှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (ဍ) (ဍ-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် |
| လက်ဝဲအဆုံးသတ်နှင့် အတွင်းအဆုံးသတ်ကြားရှိ အကြောင်း အရေအတွက်<br>(၁၄) ကြောင်းရှိပါသည်။ အတိအကျလား၊ ခန့်မှန်းလားဆိုလျှင် အတိအကျရေတွက်၍ ရပါသည်။ (၁၂-၁၂-၉၁) အဆက်၊ စာ-၆ | အမှန်မှာ လုံးဝ မမြင်ရပါ။ | မမြင်ရသဖြင့် ရေတွက်၍ မရပါ။ သက်သေခံ (ဍ) နှင့် တူအောင်တမင် ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ | (၁၄) ကြောင်းရှိပါသည်။ အရစ်အကြောင်းများကို မှန်ဘီလူးနှင့် မကြည့်ဘဲနှင့်ပင် တစ်ကြောင်းစီ ရေတွက်နိုင်ပြီး၊ (၁၁) ကြောင်းသာ ရှိသည်ဆိုလျှင် မမှန်ပါ။ (၁၆-၁-၉၂) စာ-၈ | ထင်ရှားစွာ မြင်ရပါသည်။<br> | အမှန်မှာ (၁၁) ကြောင်းသာရှိပါသည်။ သက်သေခံ (ဍ) နှင့် တူအောင် တမင်ထွက်ဆိုထားခြင်း ဖြစ်ပါသည်။ (မမှန်ထွက်ဆိုသည့်ကိစ္စ အောက်တွင် သီးခြားရှင်းလင်းတင်ပြထားပါသည်။) | ဖြေဆိုရန်ငြင်းပါသည်။ | ထင်ရှားစွာ မြင်ရပါသည်။<br> | (၁၄) ရစ် ရှိပါသည်။ |

**ရှင်းလင်းတင်ပြချက်**

**အရစ်အကြောင်းများအရေအတွက်**

အရစ်အကြောင်းများ အရေအတွက်မှာလည်း အဓိကအချက်ဖြစ်ပါသည်။ အရစ်အကြောင်း အရေအတွက် မတူလျှင် လက်ဗွေများ မတူညီကြောင်း ထင်မြင်ချက်ပေးရပါသည်။ ယခုအမှုတွင် သက်သေခံ (ည) မှာ လုံးဝမမြင်ရပါ။ သက်သေခံ (ဍ) တွင် (ဝဲ) ဘက် အပြင်အဆုံးသတ်နှင့် အတွင်းအဆုံးသတ်အကြား (၁၄) ရစ်ရှိပါသည်ဆိုသည်မှာ မှန်ပါသည်။ သက်သေခံ (ဠ) တွင် (၁၁) ရစ် ရှိကြောင်း ကောင်းစွာမြင်ရပါသည်။

www.burmeseclassic.com

## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (၄) အိမ်ငှားစာချုပ်မှလက်ဗွေ | | | ရုံးရှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (၃) (၃-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဌာန် | မှတ်ချက် |
| **လက်ဝဲအပြင်အဆုံးသတ် အောက်ခြေမျဉ်းများ၏ ထူးခြားချက်များ** ပထမအကြောင်းတွင် မျဉ်းပြတ်မရှိပါ။ ဒုတိယအကြောင်းတွင် မျဉ်းပြတ်ရှိပါသည်။ တတိယအကြောင်းတွင် မျဉ်းပြတ်ရှိပါသည်။ စတုတ္ထအကြောင်းတွင်လည်း မျဉ်းပြတ်ရှိပါသည်။ ပဉ္စမအကြောင်းတွင်လည်း မျဉ်းပြတ်ရှိပါသည်။ ဆဋ္ဌမအကြောင်းတွင်လည်း မျဉ်းပြတ်တွေ့ရပါသည်။ ရှစ်ကြောင်းမြောက်တွင် မျဉ်းကြောင်းပြတ် ၂ ခု ရှိနေတာ တွေ့ရပါသည်။ အခြား ထူးထူးခြားခြားမရှိ။ (၁၂-၁၂-၉၁) အဆက် | အမှန်အားဖြင့် ထင်ရှားစွာ မမြင်ရပါ။ | သို့သော်သက်သေခံ (၄) (၃) တို့နှင့် မတူကြောင်း တွေ့ရပါသည်။ ၎င်းအလို အလျောက် ကွဲလွဲ ထွက်ဆိုခြင်း ဖြစ်ပါသည်။ | **လက်ဝဲဘက် အပြင်အဆုံးသတ် အောက်ခြေမျဉ်းများ၏ ထူးခြားချက်များ** လက်ဝဲဘက် အဆုံးသတ် ရဲဒင်းပုံ အောက်ခြေမျဉ်းကြောင်းနှင့် ယှဉ်လျက်ရှိသော မျဉ်းကြောင်းများကို ကြည့်သွားပါက ပြတ်နေသော အရစ်အကြောင်းမရှိဘဲ တစ်ဆက်တည်းသွားသော အရစ် အကြောင်းများရှိသည်ဆိုလျှင် မဟုတ်ပါ။ (၅) ကြောင်းမြောက်အရစ်တွင် အကြောင်းဆက်ပြတ်တစ်ခု ရှိပါသည်။ (၂၆-၁၂-၉၁) အဆက်၊ စာ-၆ |  | ထင်ရှားစွာ မြင်ရပါသည်။ သို့သော်သက်သေခံ (ည) (၃) နှင့် မတူကြောင်း တွေ့ရပါသည်။ အလိုအလျောက် ကွဲလွဲထွက်ဆို ခြင်း ဖြစ်ပါသည်။ | **လက်ဝဲ အပြင်အဆုံးသတ် အောက်ခြေ မျဉ်းများ၏ ထူးခြားချက်များ** ဝဲဘက် ရဲဒင်းပုံမှ အောက်ခြေ (၇) ကြောင်းခန့်ထိတွင် မျဉ်းကြောင်းပြတ်များ ရှိပါသည်။ ဝဲဘက်ရဲဒင်းပုံ၏ အောက်ခြေ မျဉ်းကြောင်းအောက်တွင် မျဉ်းကြောင်းတို တစ်ခုရှိပါသည်၊ ၎င်းအောက်တွင်လည်း နောက်ထပ်မျဉ်းကြောင်းတို တစ်ခုရှိပါသည်။ ၎င်းမျဉ်းကြောင်းတို (၂) ကြောင်းအောက်တွင် မျဉ်းကြောင်း ပြတ် (၁) ခုရှိပါသည်။ ၎င်းမျဉ်းပြတ်၏ (၁) ကြောင်းခြားတွင်လည်း အလားတူ မျဉ်းကြောင်းပြတ် (ကြောင်းပြတ်ဆက်) ရှိပါသည်။ ([illegible]-၉၂) အဆက်၊ စာ-၂ |  | ထင်ရှားစွာ မြင်ရပါသည်။ သက်သေခံ (ည) (၄) နှင့် မတူကြောင်း တွေ့ရပါသည်။ အလိုအလျောက် ကွဲလွဲထွက်ဆို ခြင်း ဖြစ်ပါသည်။ |
| | | | နံပါတ် (၈) အကြောင်းမှာ လက်ဝဲဘက်သို့ ဆက်ဆင်းမသွားဘဲ ပြတ်နေသည့် အနေအထားဟုဆိုလိုပါသည်။ အဆိုပါ မျဉ်းပြတ်နှင့် အောက်နံပါတ် (၉) မျဉ်းတို့မှာ ထိပြီး ဝပုံသဏ္ဌာန် ဖြစ်နေသည်ဆိုလျှင် ထိလုထိခင်အနေအထားမျိုး ဖြစ်ပါသည်။ (၁၆-၁-၉၂) နေ့အဆက်၊ စာ (၂) |  | ၎င်းထူးခြားချက် သက်သေခံ (၃) တွင် မရှိပါ။ သက်သေခံ (၃) ရှိ ပုံသဏ္ဌာန်နှင့် သိသာစွာ ကွဲပြားနေပါသည်။ | (၆) ကြောင်းမြောက် (၇) ကြောင်းကြားတွင် အပေါ်သို့ [illegible]လည်းကောင်း၊ အပေါ်သို့ [illegible]ကောင်း၊ မျဉ်းနှစ်ကြောင်းတို့မှာ [illegible]မှုမရှိဘဲ တသီးတခြား တည်ရှိ[illegible] ၎င်းမျဉ်းကြောင်း နှစ်ကြောင်း[illegible] မျဉ်းကြောင်းပြတ် (၂) ခု တည်ရှိ[illegible]ည်ကို တွေ့ရပါသည်။ (၁၆-၁-၉၂) [illegible] စာ(၆) |  | ၎င်း ထူးခြားချက်သည် သက်သေခံ (၄) နှင့် လုံးဝ မတူကြောင်း တွေ့ရပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## လက်ဗွေများ တစ်ခုနှင့်တစ်ခု မတူညီ ကွဲပြားသောအချက်များကို နှိုင်းယှဉ်တင်ပြခြင်း

| သက်သေခံ (ည) အရောင်းအဝယ်စာချုပ်လက်ဗွေ | | | သက်သေခံ (၄) အိမ်ငှားစာချုပ်မှလက်ဗွေ | | | မှုံးရွှေ့တွင်နှိပ်ယူသောမူရင်းလက်ဗွေ (၃) (၃-၁) | | |
|---|---|---|---|---|---|---|---|---|
| ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် | ပါရဂူ၏ ထွက်ဆိုချက် | မျက်မြင် မြင်ရသည့် ပုံသဏ္ဍာန် | မှတ်ချက် |
| သက်သေခံ (ည) ဓါတ်ပုံတွင် အတွင်းဘက်၏ လက်ျာဘက် တည့်တည့် (၉) ကြောင်းမြောက် အရစ်အကြောင်းကို ပြနိုင်ပါသလားဆိုလျှင် ဝါးနေ၍ ကြည့်မရပါ။ (၆) ကြောင်းမြောက် အရစ်ကို ဝါးနေ၍ ကြည့်မရပါ။ (၁၁) မြောက်ကြောင်း (၁၅) ရစ်မြောက် အကြောင်း၊ (၁၇) ရစ်မြောက် အကြောင်းများကို ရှာဖွေကြည့်ရှု တွေ့မြင်နိုင်ပါသလားဆိုလျှင် ဝါးနေ၍ကြည့်မရပါ။ | မမြင်ရပါ။ အမှန်အတိုင်း ထွက်ဆိုခြင်း ဖြစ်ပါသည်။ | သို့ရာတွင် (၁၂-၁၂-၉၁) စာ-၆၊ က ကောင်းစွာ မြင်ရသည်ဟု ထွက်ဆိုခဲ့ရာ ကွဲလွဲနေပါသည်။ | အတွင်းအဆုံးသတ်၏ လက်ျာဘက် (၆) ရစ်နှင့် (၈) ရစ်အကြားတွင် အဖြူကွက်ကို မြင်နေရပါသည်။ | မြင်ရပါသည်။  | အမှန်ထွက်ဆိုခြင်းဖြစ်ပါသည်။ သို့သော် ယင်းအဖြူကွက်သည် သက်သေခံ(၃) တွင်မရှိပါ။ | သက်သေခံ (၃) နှင့် (၃-၁) ဓာတ်ပုံတွင်အဆုံးသတ်၏လက်ျာဘက် (၇) ကြောင်းမြောက် အရစ်ကို ထင်ရှားစွာကြည့်၍ရသည်ဆိုလျှင် ကြည့်လို့ရပါသည်။ အဆိုပါအကြောင်း၏ လက်ျာဘက် တည့်တည့်ပိုင်းတွင်တော့ ကြောင်းဆက် ပြတ်မရှိပါ။ (၃၀-၁-၉၂) အဆက်၊ စာ-၅ |  | အမှန်အတိုင်း ထွက်ဆိုခြင်း ဖြစ်ပါသည်။ |
| | | | အတွင်းအဆုံးသတ်၏ လက်ျာ ၁၂ နာရီခန့်တွင် (၁၀) ရစ်၌ အရစ်ကြောင်း ပြတ်နေပြီး ကြောင်းဆက်ပြတ်၍ ကြောင်းဆက်ပြတ် ဖြစ်နိုင်ပါသည်။ (၂၆-၁၂-၉၁) အဆက်၊ စာ-၅/၆ |  | အမှန်ထွက်ဆိုခြင်း ဖြစ်ပါသည်။ သို့သော် သက်သေခံ (၃) တွင်မရှိပါ။ | အတွင်းအဆုံးသတ်မှာ လက်ျာဘက် တည့်တည့် (၉) ကြောင်းမြောက်အရစ် အကြောင်း ပြတ်နေပြီး အဖြူကွက်ကလေး ပေါ်နေတာတွေ့ရပါသည်ဆိုလျှင်မှန်ပါသည်။ (၁၆-၁-၉၂) အဆက်၊ စာ-၇ |  | အမှန်အတိုင်း ထွက်ဆိုခြင်း ဖြစ်ပါသည်။ သို့သော် သက်သေခံ (၄) မှာ မရှိပါ။ |
| လက်ျာဘက်အဆုံးသတ်နှင့် အတွင်းအဆုံးသတ်ကြား အရစ်ကြောင်း အရေအတွက်။ လက်ျာဘက် အပြင်အဆုံးသတ်တည်နေရာကို ရှာပြနိုင်ပါသလားဆိုလျှင် မှန်းဆ၍ ထောက်ပြနိုင်ပါသည်။ အနည်းငယ် ဝါးနေသည့်အတွက် တိတိကျကျတော့ ထောက်ပြ၍မရနိုင်ပါ။ လက်ျာဘက်အပြင်အဆုံးသတ်မှ အတွင်းအဆုံးသတ် အရစ်ကြောင်း ဘယ်နှစ်ကြောင်း ရှိသည်ကို ရေတွက်၍ ရနိုင်ပါသလားဆိုလျှင် ဝါးနေသည့်အတွက် အတိအကျ ရေတွက်၍မရနိုင်ပါ။ (၂၆-၁၂-၉၁) အဆက်၊ စာ-၆ | လုံးဝမမြင်ရပါ။ ပျက်ပြယ်နေပြီ ဖြစ်ပါသည်။ | အမှန်အတိုင်း ဖြစ်ပါသည်။ | ထင်ပေါ်နေသည့် အဆိုပါနေရာမှာ ဗဟိုချက်မသို့ ရေတွက်လျှင် အရေအကြောင်း (၁၇) ကြောင်းခန့်ရှိပါသည်။ ၁၉၉၀ ခု၊ စက်တင်ဘာလ (၁၀) ရက်။ | မြင်ရပါသည်။ | အမှန်အတိုင်း ဖြစ်ပါသည်။ | (၁၇) ကြောင်းရှိပါသည်။ (၁၉) ကြောင်းခန့် ရှိသည်ဆိုလျှင် ငြင်းပါသည်။ | မြင်ရပါသည်။ | မမှန်ထွက်ဆိုခြင်း ဖြစ်ပါသည်။ သက်သေခံ (၄) နှင့် တူအောင် ထွက်ဆိုခြင်း ဖြစ်ပါသည်။ အမှန်မှာ (၁၉) ရစ် ရှိပါသည်။ |

မှတ်ချက် ။ ။ လက်ဗွေ (၂) ခုတွင် ထင်ရှားစွာ ကွဲပြားသောအချက် (၂) ချက် (၃) ချက်ရှိလျှင် ထိုလက်ဗွေ (၂) ခုကိုတူညီသည်ဟု ထင်မြင်ချက်မပေးနိုင်ကြောင်း (၂၀-၉-၉၀) နေ့နှင့် (၅-၃-၉၂) နေ့များတွင် သက်သေကိုယ်တိုင် ဝန်ခံထွက်ဆိုခဲ့ပါသည်။ ယခုအမှု၌ အထက်ပါလက်ဗွေများတွင် လက်ဝဲဘက် အပြင်အဆုံးသတ်၏ အောက်ဘက်အရစ်များတွင် သိသာသော ကွဲလွဲချက်များရှိနေပြီး အခြားသော အထက်ဖော်ပြပါ လိုင်းပြတ်များလည်း ကွဲလွဲမှုရှိနေသဖြင့် လက်ဗွေများမတူညီကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**လေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား -**

နိဂုံးချုပ်အနေနဲ့ ကျွန်တော်အထက်က တင်ပြခဲ့တဲ့ **အချက်များကို** ခြုံငုံပြီးတော့ ကျွန်တော် ပယ်ဖျက်ပေးရန် စွဲဆိုထားတဲ့ **စာချုပ်များကို** တရားရုံးတော်က ပယ်ဖျက်ပေးသင့်ပါကြောင်း အောက်ပါအတိုင်း အကျဉ်းချုပ်ပြီး လျှောက်ထား တင်ပြလိုပါတယ်ခင်ဗျား -

(၁) အိမ်နှင့်မြေကို မှတ်ပုံတင်စာချုပ်နဲ့ ဝယ်ယူခဲ့တယ်ဆိုတဲ့ တရားပြိုင် (၁) ဟာ နှစ်ပေါင်း (၃၀) အတွင်း ဝယ်သူရဲ့ **အခွင့်အရေးကို** မတောင်းဆိုခဲ့သည့်အချက်။

(၂) အိမ်စာချုပ်ကို ရှိတယ်ဆိုပေမဲ့ နှစ် (၃၀) အတွင်း အိမ်ရှင်အိမ်ငှား အဆက်အဆံ မရှိခဲ့သည့်အချက်။

(၃) အခွန်အခများကို ဝယ်သူပိုင်ရှင်က မပေးဘဲ ကျွန်တော်တို့ တရားလို ဘက်ကသာ ပေးဆောင်ခဲ့သည့်အချက်။

(၄) တရားပြိုင် (၁) က မြေကိုဝယ်ခဲ့တယ်လို့ ပြောနေသော်လည်း တကယ် တော့ ကျွန်တော်တို့ တရားလိုဘက်က အစဉ်တစိုက် နေထိုင်ခဲ့ကြသည့် အချက်။

(၅) ကျွန်တော်တို့ ၁၀၀၀၀ိ/- နဲ့ ဝယ်ထားတဲ့မြေနဲ့အိမ်ကို သူတို့ကို ၃၀၀၀ိ/- နဲ့ ပြန်ရောင်းခဲ့တယ်ဆိုတဲ့အချက်ဟာ ယုတ္တိမရှိကြောင်း ကျွန်တော်က မူလရုံးမှာ တင်ပြခဲ့ပေမဲ့ မူလရုံးတရားသူကြီးက ကျွန်တော် ယခုတင်ပြခဲ့တဲ့အချက်တွေကို မစဉ်းစားခဲ့ပါဘူးခင်ဗျား။

မူလရုံးတရားသူကြီးက ကျွန်တော်ရဲ့ တင်ပြချက်တွေဟာ ရှေ့နေတစ်ဦးရဲ့ တင်ပြချက်၊ ယူဆချက်တွေသာဖြစ်ပြီး၊ ပါရဂူတစ်ဦးရဲ့ တရားဝင် ထင်မြင်ချက်မဟုတ်လို့ လက်မခံနိုင်တဲ့သဘော ဆုံးဖြတ်ခဲ့ပါတယ်။

တကယ်တော့ မူလရုံးမှာ ကျွန်တော်တင်ပြခဲ့တာတွေနဲ့ **အယူခံရုံးမှာ** ယခုတင်ပြနေတဲ့ အချက်တွေဟာ ကျွန်တော့်အယူအဆမဟုတ်ပါဘူး ခင်ဗျား။ သိပ္ပံနည်းကျစွာ အခိုင်အမာ ပေါ်ပေါက်နေတဲ့**အချက်တွေ** ဖြစ်ပါတယ်။ လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ဟာ သူကိုယ်တိုင် ရုံးရှေ့ လာရောက် ထွက်ဆိုချက်များနဲ့ နှိုင်းယှဉ်လိုက်ရင် မှားနေတယ်လို့ **ကျွန်တော်** အလေးအနက် တင်ပြလိုပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ အယူခံမှုကို ခွင့်ပြုပြီး ကျွန်တော်တို့ စွဲဆိုထားတဲ့အတိုင်း စာချုပ်များကို ပယ်ဖျက်ပေးသင့်ပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ်ခင်ဗျား။

အထက်ပါအတိုင်း လျှောက်လဲတင်ပြပြီးနောက် ကျွန်တော် အလွန်မောပန်းစွာဖြင့် ထိုင်ချလိုက်ပါသည်။ ကျွန်တော် အလွန်ပင်ပန်းနေသော်လည်း တစ်ချိန်တည်းတွင် ကျွန်တော် ဝမ်းသာနေမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် လျှောက်လဲချက်ပေးနေသည့် (၁) နာရီခန့်အတွင်း တရားသူကြီးသည် အလွန်စိတ်ဝင်စားစွာ နားထောင်နေပြီး၊ ကျွန်တော်၏ တင်ပြချက်များကို လိုက်လံရေးမှတ်နေသည်ကို တွေ့ရ၍ဖြစ်ပါသည်။

ကျွန်တော့်ဘက်က လျှောက်လဲတင်ပြပြီးနောက် ဒုတိယအလှည့်ကျသူမှာ အယူခံတရားပြိုင် (၁) ဦးစိန်သန်း ၏ ရှေ့နေကြီး ဦးမောင်မြင့် ဖြစ်ပါသည်။

**အယူခံတရားပြိုင် (၁) ၏ရှေ့နေကြီး ဦးမောင်မြင့် ၏ လျှောက်လဲချက်**

ရုံးတော်ကို ရိုသေစွာဖြင့် အယူခံတရားပြိုင် (၁) ကိုယ်စား လျှောက်လဲတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

အယူခံတရားလိုရဲ့ ရှေ့နေကြီးဟာ အမှုနဲ့ပတ်သက်ပြီး အသေးစိတ် အချိန်ယူပြီး လျှောက်လဲ တင်ပြသွားတာကို ကျွန်တော် နားထောင်ပြီးတော့ တစ်ဖက်ရှေ့နေကြီးကို ကျွန်တော် အလွန်လေးစားမိပါတယ်။ တစ်ဖက်ရှေ့နေကြီးဟာ အသက်အားဖြင့် ငယ်သော်လည်း လက်တွေ့ပညာကိုပါ သေသေချာချာ လေ့လာထားပြီး၊ တရားရုံးကို အချက်အလက်တွေနဲ့ တင်ပြသွားတာကို နားထောင်ရတဲ့အတွက် တစ်ဖက်ရှေ့နေကြီးကို ချီးကျူးပါကြောင်းလည်း ကျွန်တော်ပြောလိုပါတယ်ခင်ဗျား။

(အယူခံတရားပြိုင် (၁) ၏ ရှေ့နေကြီးသည် အမှုအကြောင်း လျှောက်လဲပြောဆိုရမည့်အစား၊ အမှုအကြောင်းမပြောဘဲ မဆီမဆိုင် ကျွန်တော့်ကို ဂုဏ်တင်၍ ချီးကျူးစကားပြောနေရာ ရုတ်တရက် ကျွန်တော် အံ့သြသွားမိပါသည်။ သို့သော်လည်း ချက်ချင်းဆိုသလို တစ်ဖက်ကရှေ့နေကြီးသည် ကျွန်တော့်ကို ပိပိပြင်ပြင် နှိပ်ကွပ်တော့မည်ဖြစ်၍ ယခုကဲ့သို့ စကားခင်းနေခြင်းဖြစ်ကြောင်း သဘောပေါက်သွားပြီး ကျွန်တော့်ကို မည်သို့တိုက်ခိုက် ထိုးနှက်မည်ကို နားစွင့်နေမိပါတော့သည်။) ရှေ့နေကြီး ဦးမောင်မြင့် က ဆက်လက်၍ -

www.burmeseclassic.com

www.burmeseclassic.com



**တရားဝန်ကြီးခင်ဗျား -**

ကျွန်တော်တို့ ရှေ့နေတွေ ရုံးရှေ့မှာ လျှောက်လဲတင်ပြပြောဆိုနေတဲ့ နေရာမှာ အမှုအကြောင်းအရာ အဖြစ်အပျက်တွေကို ပြောလို့ရပါတယ်။ နောက်ပြီး သက်သေခံချက်တွေ၊ အထောက်အထားတွေကိုလည်း ပြောနိုင်ပါတယ်။ နောက်ပြီးတော့ ဆိုင်ရာစီရင်ထုံးတွေ၊ ဥပဒေတွေလည်း ကိုးကားတင်ပြပြောဆိုနိုင်ပါတယ်။

အခု ကျွန်တော် တစ်နာရီလောက်ကြာအောင် တစ်ဖက်ရှေ့နေကြီး ပြောသွားတာတွေကို နားထောင်နေတာ ဥပဒေအကိုးအကား၊ စီရင်ထုံးအကိုးအကား ဘာမျှမကြားခဲ့ရပါဘူးခင်ဗျာ။

ကျွန်တော်ရဲ့ မိတ်ဆွေကြီး တစ်နာရီလောက်ကြာအောင် ပြောသွားတာတွေကို ကျွန်တော် အတိုချုပ်ပြီးပြန်ပြောရမယ်ဆိုရင် " နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ လက်ဗွေပါရဂူရဲ့ တရားဝင် ထင်မြင်ချက်တွေက မှားတယ်။ အဲဒီအငြင်းပွားနေတဲ့ လက်ဗွေတွေဟာ တစ်ခုနဲ့တစ်ခု မတူပါဘူးလို့ အယူခံတရားလိုရဲ့ ရှေ့နေကြီးက သူပြောနေတာကသာ အမှန်ဖြစ်တယ် " ဆိုတဲ့အချက် တစ်ချက်သာ ကျွန်တော် မှတ်သားမိပါတယ် ခင်ဗျား။

ကျွန်တော်ရဲ့ သဘောထားကို ရိုသေစွာတင်ပြရမယ်ဆိုရင် ရှေ့နေတစ်ယောက်ဟာ ရှေ့နေနဲ့ဆိုင်တဲ့အလုပ်ကိုပဲ လုပ်သင့်ပါတယ်။ ရှေ့နေဘောင်ကိုကျော်ပြီး လက်ဗွေပါရဂူရဲ့အလုပ်မျိုး လုပ်ခွင့်မရှိဘူးလို့ပဲ ရှင်းရှင်းပြောလိုပါတယ်ခင်ဗျား။

(တစ်ဖက်ရှေ့နေကြီး၏ လျှောက်လဲချက်ကို နားထောင်ရင်း ကျွန်တော်၏ မျက်နှာတစ်ခုလုံး ထူပူနေပြီး တော်တော်လည်း ဒေါသထွက်နေမိပါသည်။ ပြန်လည်တုံ့ပြန် ချေပရမည့်အချက်များကိုလည်း စဉ်းစားနေမိပါသည်။) ရှေ့နေကြီးက ဆက်၍ -

**တရားဝန်ကြီးခင်ဗျား -**

ကျွန်တော် အတိုချုပ်ပြီး အရှင်းဆုံးတင်ပြရမယ်ဆိုရင် " တရားရုံးများဟာ လက်ဗွေပါရဂူရဲ့ တရားဝင် ထင်မြင်ချက်အပေါ်မှာပဲ အမှုကို ဆုံးဖြတ်ရပြီး၊ ရှေ့နေရဲ့ ထင်မြင်ချက်အပေါ်မှာ အခြေခံပြီး ဆုံးဖြတ်လို့ မရပါဘူးခင်ဗျား။ ဒါဟာ တရားဝင်အစဉ်အလာတစ်ရပ် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မူလရုံးတော်က လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ကို အတည်ယူပြီး တရားလိုရဲ့အမှုကို ပလပ်ခဲ့တာဟာ ဥ ပဒေနဲ့အညီ ဆောင်ရွက်တာဖြစ်လို့ ဒီအယူခံမှုကို ပလပ်သင့်ပါကြောင်း " ရှိသေစွာ လျှောက်လဲတင်ပြအပ်ပါတယ်ခင်ဗျား။

(တစ်ဖက်ရှေ့နေကြီး၏ လျှောက်လဲချက်သည် ၁၀-မိနစ်ပင်မကြာပါ။ သို့သော်လည်း ကျွန်တော့်ကို မြှောက်ပင့်ပြီးမှ ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်ပြောဆိုနေသော စကားများကို နားထောင်နေရသည်မှာ အချိန်ကြာလွန်းလှသည်ဟု ခံစားနေရပါသည်။ ချက်ချင်းထ၍ တုံ့ပြန်ချေပပြောဆို လိုသော်လည်း တရားခွင်စည်းကမ်းဥပဒေအရ ကျွန်တော့်အလှည့်မရောက်မချင်း ကျွန်တော်ဘာမျှ ပြောဆိုခွင့်မရှိပါ။ ကိုယ့်အလှည့်ကို စောင့်ရသည်မှာ အလွန်စိတ်ပင်ပန်းလှပါသည်။)

အယူခံတရားပြိုင် (၁) ၏ ရှေ့နေကြီး လျှောက်လဲပြီးနောက် အယူခံတရားပြိုင် (၂) ၏ ရှေ့နေကြီး ဦးလှအောင် ၏အလှည့်ဖြစ်ပါသည်။

အယူခံတရားပြိုင် (၂) ၏ ရှေ့နေကြီးက လျှောက်လဲတင်ပြရာတွင် ကျွန်တော့်အား တိုက်ရိုက်တိုက်ခိုက်ပြောဆိုခြင်းမျိုး မပြုလုပ်ဘဲ၊ အယူခံတရားပြိုင် (၁) ၏ ရှေ့နေကြီး တင်ပြလျှောက်လဲ သွားသည်ကို ထောက်ခံကြောင်း၊ ပဏာမစကားပြောကြားပြီးနောက် သက်သေခံ ဥပဒေပုဒ်မ (၄၅) ကို ကိုးကား၍ လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် တရားဝင်သက်သေခံချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မူလရုံး၏ စီရင်ချက်သည် ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည့်အမိန့်ဒီကရီ ချမှတ်ပေးသင့်ကြောင်း (၅) မိနစ်ခန့်သာ လျှောက်လဲပြီးနောက် ထိုင်လိုက်ပါသည်။

အယူခံတရားပြိုင် (၂) ၏ ရှေ့နေကြီးထိုင်လိုက်သည်နှင့် ကျွန်တော်က ဟန်မဆောင်နိုင်လောက်အောင် အလျင်အမြန် မတ်တတ်ရပ်လိုက်ပြီး ချက်ချင်းပင် ရှင်းလင်းချေပလျှောက်လဲရန် ပြုမူလိုက်မိပါသည်။ နောက်မှ မိမိကိုယ်မိမိ အလောတကြီး ဖြစ်နေကြောင်းသတိပြုမိသဖြင့် စိတ်ကို ပြန်ထိန်းလိုက်ပြီး -

**ရှိသေလေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား -**

" အယူခံတရားပြိုင်များရဲ့ ရှေ့နေကြီးများ တင်ပြချက်အပေါ် ကျွန်တော် ရှင်းလင်း ချေပရန် အချက်အလက်ရှိနေလို့ အနည်းငယ် ရှင်းလင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား "

www.burmeseclassic.com

www.burmeseclassic.com



(ဟု စိတ်ကိုထိန်း၍ ပြောဆိုနေသော်လည်း ကျွန်တော်၏လေသံမှာ **အလွန်** ကျယ်လောင်နေသည်ကို သတိပြုမိနေပါသည်။ တရားသူကြီးကလည်း ကျွန်တော် စိတ်လှုပ်ရှားနေသည်ကို ရိပ်မိပုံရပါသည်။ သို့သော် တရားသူကြီးက အေးဆေး တည်ငြိမ်စွာဖြင့် ခေါင်းညိတ်ပြပြီး ကျွန်တော့်ကို ရှင်းလင်းလျှောက်ထားခွင့် ပေးပါသည်။ ထို့ပြင် ကျွန်တော် ရှင်းလင်းလျှောက်ထားမည့် အချက်များကိုလည်း စိတ်ဝင်စားစွာ နားထောင်လိုသည့် ပုံစံမျိုးတွေ့ရပါသည်။ ) ကျွန်တော်က လေသံကို အနည်းငယ် ပြန်လည်နှိမ့်ချပြီးနောက် -

**လေးစားအပ်ပါသော တရားဝန်ကြီးခင်ဗျား -**

- အယူခံတရားပြိုင် (၁) ရဲ့ရှေ့နေကြီးက ကျွန်တော်ဟာ ရှေ့နေတစ်ယောက် လုပ်ရမဲ့ အလုပ်ဘောင်ထက်ကျော်လွန်ပြီး လက်ဗွေပါရဂူရဲ့ အလုပ် မျိုးကို လုပ်နေတဲ့သဘောမျိုး ပြောသွားပါတယ်။ နောက်ပြီး ကျွန်တော်ရဲ့ တင်ပြချက်တွေက တရားဝင် အတည်မဟုတ်ဘဲ လက်ဗွေပါရဂူရဲ့ ထွက်ဆိုတင်ပြချက်တွေကသာ တရားဝင် အတည်ဖြစ်တယ်လို့လည်း ပြောသွားပါတယ်ခင်ဗျား။

တကယ်တော့ ကျွန်တော်ရဲ့ လျှောက်လဲချက်ဟာ လက်ဗွေ ပါရဂူရဲ့ ထင်မြင်ယူဆချက် မှားယွင်းကြောင်း အထောက်အထား အခိုင်အမာနဲ့ ပြတ်ပြတ်သားသား လျှောက်လဲတင်ပြခဲ့တာကို တရားဝန်ကြီးကိုယ်တိုင် ကြားနာခဲ့ပြီးဖြစ်ပါတယ်။ လက်ဗွေ ပါရဂူကြီးက လက်ဗွေ (၃) ခုဟာ လူတစ်ဦးတည်းရဲ့ လက်ဗွေတွေ ဖြစ်တယ်လို့ **ထင်မြင်ချက်ပေးခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီ ထင်မြင်ချက်က မှန်ရဲ့လား၊ တကယ်လို့ အဲဒီထင်မြင်ချက် မှားနေ ရင်လည်း တရားရုံးတွေက အမှားကိုလိုက်ပြီး ဆုံးဖြတ်ရတော့ မှာလား။ လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ဟာ မှားနေပါတယ်လို့ ရှေ့နေက အခိုင်အမာ ထောက်ပြနေတာကို တရားသူကြီးတွေ အနေနဲ့ စဉ်းစားပေးခွင့် မရှိတော့ဘူးလား။ လက်ဗွေပါရဂူက တရားရုံးရဲ့ အထက်မှာရှိတဲ့သူလား။**

www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော်လျှောက်လဲရင်း ပြောနေသည့်အသံမှာ အလွန်ကျယ်လှပြီး ဒေါမာန် ပါနေပါသည်။ တရားသူကြီးကလည်း ကျွန်တော့်ကို စူးစိုက်၍ ကြည့်နေ သည်ကို ဗိုးတဝါးတွေ့နေရပါသည်။ ကျွန်တော် အထက်ပါအတိုင်း တရားရုံးသို့ မေးခွန်းများတင်ပြပြီးနောက် စက္ကန့်ပိုင်းလောက် ခေတ္တနားကာ စိတ်ကိုပြန်လည် တည်ငြိမ်အောင် ချုပ်တည်းရပါသည်။) ထို့နောက်မှ ကျွန်တော်က -

" **မောင်တင်ရွှေ နှင့် မြန်မာနိုင်ငံ " (၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးစာအုပ်၊ စာမျက်နှာ-၃၈၅)** စီရင်ထုံးမှာ လက်ဗွေပါရဂူရဲ့ သက်သေခံချက်ဟာ လက်ရေးပါရဂူရဲ့ ထင်မြင်ချက်ထက် စိတ်ချရတယ်လို့ ပြထားပေမဲ့၊ အဲဒီစီရင်ထုံးမှာပဲ လက်ရေးပါရဂူရဲ့ ထင်မြင်ချက်ကို ဆင်ခြင် သုံးသပ်တဲ့အခါမှာ အခြားသက်သေခံချက်တွေကို တရားရုံးများက ကျေနပ်မှ လက်ခံရသလိုပဲ လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ကိုလည်း ကျေနပ်မှသာ လက်ခံရမယ်လို့ ထုံးပြုထားပါတယ်ခင်ဗျား။

**ဒါကြောင့် ဒီအမှုမှာ ကျွန်တော်တစ်လျှောက်လုံး အဓိက ထားပြီး တင်ပြနေတာဟာ လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်မှန်တယ်လို့ လက်ခံနိုင်တဲ့ အခြေအနေမရှိဘူးလို့ တင်ပြနေခြင်းသာဖြစ်ပြီး၊ ကျွန်တော်က လက်ဗွေပါရဂူနဲ့အပြိုင် ထင်မြင်ချက် ပေးနေတာ မဟုတ် ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။**

နိဂုံးချုပ်အနေနဲ့ ထပ်မံတင်ပြလိုတဲ့အချက်ကတော့ လက်ဗွေ ပါရဂူရဲ့ ထင်မြင်ချက်မမှန်ကြောင်း ကျွန်တော်တင်ပြရာမှာ လက်ဗွေပညာ ဆိုင်ရာ အချက်အလက်တွေကို တင်ပြခဲ့တဲ့အပြင် အခြားဆက်စပ် ပတ်သက်နေတဲ့ လက်ဗွေပညာနဲ့ မဆိုင်တဲ့အချက်တွေကိုလည်း တင်ပြ ထားပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်ရဲ့ တင်ပြချက်တွေအပေါ် အလေးထား စဉ်းစားပေးပါရန်နှင့် ကျွန်တော်ရဲ့ အယူခံမှုကို ခွင့်ပြုပြီး စာချုပ်များကို ပယ်ဖျက်ပေးပါရန် ရိုသေစွာ ရှင်းလင်း လျှောက်ထားအပ် ပါတယ်ခင်ဗျား။

ယနေ့အဖို့ တရားရုံးချုပ်ရှေ့တွင် ကျွန်တော်တို့၏ အပြီးသတ်လျှောက်လဲချက် ပေးသည့်ကိစ္စ ပြီးဆုံးသွားပြီဖြစ်ပါသည်။ အချိန်ကား (၁၂) နာရီနှင့် မိနစ် (၄၅) ခန့် ရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အမှုအတွက် ဆောင်ရွက်ရမည့် ရှေ့နေ၏ လုပ်ငန်းတာဝန်များ ပြီးစီးပြီ ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းမှာ စီရင်ချက်ချမှတ်ရန်ကိစ္စဖြစ်၍ တရားသူကြီး၏ လုပ်ငန်း တာဝန်ပိုင်းဖြစ်ပါသည်။ ကျွန်တော်၏ အလုပ်တာဝန်ပိုင်း ပြီးသွားသဖြင့် စိတ်လက် ပေါ့ပါးသွားသည်မှာ မှန်သော်လည်း တရားရုံးချုပ်က ချမှတ်မည့် စီရင်ချက် အတွက်တော့ စိုးရိမ်ပူပန်နေရပါသေးသည်။ သို့သော်လည်း ထိုကိစ္စကား ကျွန်တော် တတ်နိုင်သောကိစ္စ မဟုတ်ပါပေ။

တရားခွင်မှ ကျွန်တော်ဆင်းလိုက်သည်နှင့် ပရိသတ်များ ထိုင်ခုံတွင် ထိုင်နေကြသည့် ဆရာဦးသိန်းလွင်၊ ကိုထက်ဝင်း နှင့် ကျွန်တော့်တပည့် မောင်သန်းဖေ တို့ အပြုံးဖြင့် ကျွန်တော့်အား ဆီးကြိုကာ ထိုင်ရာမှ ထရပ်ကြပြီး ကျွန်တော်နှင့်အတူ တရားခွင်ပြင်ပသို့ လိုက်၍ထွက်လာကြပါသည်။

တရားခွင်ပြင်ပ ရောက်ရှိပြီးနောက် ဝတ်ရုံနှင့် ခေါင်းပေါင်းတို့ကို ကျွန်တော် ချွတ်နေစဉ် တစ်ဖက်မှ လိုက်ပါသည့်ရှေ့နေကြီးများဖြစ်သော ဦးမောင်မြင့် နှင့် ဦးလှအောင် တို့ ကျွန်တော့်အနား လာရောက်၍ ချီးကျူးစကားများပြောပြီး နှုတ်ဆက် ၍ ထွက်ခွာသွားကြပါသည်။ လူကြီးလူကောင်း ပီသသူများဖြစ်ကြောင်း လေးလေး စားစား မှတ်သားမိလိုက်ပါသည်။

ထိုနောက်မှ ဦးသိန်းလွင်၊ ကိုထက်ဝင်းနှင့် မောင်သန်းဖေ တို့ (၃) ဦးလုံးက ကျွန်တော်၏ လျှောက်လဲချက်ပေးပုံ ကောင်းမွန်ကြောင်း ဝမ်းသာအားရဖြင့် ချီးကျူး စကား ပြောကြပါသည်။ ကျွန်တော်၏ စိတ်တွင်ကား သူတို့၏ ချီးမွမ်းစကားကြောင့် ဝမ်းသာမိသလို၊ အမှုနှင့်ပါတ်သက်၍ စိုးရိမ်စိတ်ကလည်း တဖက်တွင် ဖြစ်ပေါ်နေ ပါသည်။

ဆရာဦးသိန်းလွင်က -

" ဆရာရေ (၁) နာရီထိုးတော့မယ်။ ကျွန်တော်တို့ ဗိုက်ဆာနေပြီ။ ဆရာလည်း ဆာလောက်ရောပေါ့။ "

ဟု ကျွန်တော်တို့ မငြင်းနိုင်လောက်သည့် စကားကိုခင်း၍ ထမင်းဆိုင်သို့ သွားကြရန် ပြောလိုက်ရာ အားလုံးကလည်း ထောက်ခံကြသဖြင့် ကျွန်တော်လည်း အများဆန္ဒ အတိုင်း သဘောတူလိုက်ပါသည်။ ထို့နောက် တရားရုံးချုပ် အဆောက်အဦးရှေ့မှ ကျွန်တော်တို့လမ်းလျှောက်၍ လွှစ္စလမ်း (ယခု-ဆိပ်ကမ်းသာလမ်း) ပန်းသေး တရုတ်ထမင်းဆိုင်သို့ သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်နေရင်း ကိုထက်ဝင်းက -

" လျှောက်လဲချက်ကို ဆရာပေးတာ အရှည်ကြီးပဲ၊ နောက်ပြီး ဆရာပြောတဲ့ အချက်အလက်တွေကလည်း အသေအချာ အခိုင်အမာပဲ၊ ဒါပေမဲ့ သူတို့ ဘက်ကတော့ ဆရာပြောတာတွေကို ပြန်မချေပတော့ဘဲ သူတို့ပြောချင်တာ လေး နည်းနည်းပဲပြောသွားတယ်နော်။ သူတို့က ဆရာနဲ့ အပြိုင်မပြောနိုင် လို့လား "

ဟု ဝေဖန်ချက်နှင့်အတူ မေးခွန်းမေးလာပါသည်။ ကျွန်တော်၏ စိတ်ထဲတွင် တစ်ဖက်ရှေ့နေကြီးများက တိုတိုလေးနှင့် ထိထိမိမိတင်ပြသွားတာကို တရားသူကြီးရဲ့ စိတ်ထဲမှာ စွဲထင်သွားရင် × × × × × ဆိုတဲ့ သောကရှိနေရာ ကိုထက်ဝင်းရဲ့ အမေးကို ရုတ်တရက်မဖြေနိုင်ဘဲရှိနေပါသည်။ ထိုအချိန်တွင် ကျွန်တော့်တပည့် မောင်သန်းဖေ က -

" ဟုတ်တာပေါ့ဗျ။ ဆရာရဲ့ လျှောက်လဲတင်ပြချက်ကို သူတို့မချေပနိုင်လို့ တခြားမဆိုင်တာတွေကို လျှောက်ပြောနေတာဖြစ်မယ် "

ဟု ကိုထက်ဝင်း၏စကားကိုဝင်၍ ထောက်ခံပြောဆိုပါသည်။ ကျွန်တော်က မနေသာတော့သဖြင့် -

" မောင်သန်းဖေ၊ တဖက်ရှေ့နေကြီးတွေက ကိုယ့်ထက် အသက်ရော၊ ပညာပါ သိပ်ပြီး ကြီးတဲ့သူတွေကွ၊ မင်းဒီလို လွယ်လွယ်မပြောနဲ့လေ။ အမှုတစ်ခုမှာ အားသာချက်၊ အားနည်းချက်ဆိုတာ နှစ်ဖက်လုံးမှာ ရှိတတ်တယ်ကွ၊ ဆိုကြပါစို့ ဒီအမှုမှာ အငြင်းပွားနေတဲ့ စာချုပ်တွေဟာ ယုတ္တိမရှိဘူး၊ အစစ်အမှန်မဖြစ်နိုင်ဘူးဆိုတဲ့အချက်က တို့ဘက်ကသာတဲ့ အချက်ဖြစ်ပြီး၊ စာချုပ်ပေါ်မှာရှိတဲ့ လက်ဗွေတွေဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေတွေ ဖြစ်တယ်လို့ လက်ဗွေပါရဂူက တရားဝင်ထင်မြင်ချက် ပေးထားတဲ့အချက် ကြတော့ သူတို့ဘက်က သာတဲ့အချက်ဖြစ်နေတယ်။ ဒါကို မင်းသဘော ပေါက်ထားဖို့လိုတယ်။ ငါ့ဘက်က အသာစီးရတဲ့အချက်ကို ငါကဖိပြီး ပြောသလို သူတို့လည်း သူတို့ဘက်က သာတဲ့အချက်ကို ဖိပြောတာ မင်းမြင်နေ၊ ကြားနေရတာပဲ။ လျှောက်လဲချက် တိုတာ ရှည်တာ အဓိက အချက် မဟုတ်ဘူးကွ။ "

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်မောလူမော ဖြစ်နေရသည့်ကြားမှ ရှည်ရှည်ဝေဝေး ရှင်းပြနေရစဉ် ဆရာဦးသိန်းလွင်က လောလောဆယ် စားရေးသောက်ရေးကိစ္စ စဉ်းစားကြရန်နှင့် ဆိုင်ရောက်ပါက မည်သည့်ဟင်းလျာများမှာလျှင် ကောင်းမည်ကို ကြိုတင်စဉ်းစားထားကြစေလိုကြောင်း၊ အမှုအကြောင်း နောက်တော့မှ ပြောကြလျှင် ကောင်းမည်ဖြစ်ကြောင်း အရွှမ်းဖောက် ပြောဆိုလိုက်ပါသည်။ ထို့နောက် ကျွန်တော့်အတွက် ကျွန်တော်ကြိုက်သော " ကြက်ကုန်းဘောင်ကြော် " တစ်ပွဲကို အရင်ဆုံးမှာမည်ဖြစ်ကြောင်း ရယ်မောပြောဆိုလိုက်ရာ ကျွန်တော်လည်း စိတ်ထဲပေါ့ပါးသွားပြီး ထမင်းဆာလာမိပါတော့သည်။

တမင်းဆိုင်ရောက်ပြီးနောက် ဟင်းလျာများ မှာကြား၍ စားသောက်ကြရာ အားလုံး ဗိုက်ဆာနေကြသဖြင့် စကားမပြောနိုင်ဘဲ နေ့လယ်စာထမင်းကို မြိန်ယှက်စွာ စားသောက်နိုင်ကြပါသည်။

ထမင်းစားပြီးနောက် အချိုရေ မှာသောက်နေစဉ်အချိန်တွင် ဆရာဦးသိန်းလွင်က ကျွန်တော့်အား -

" ဆရာရေ - ဒီအမှု ဘယ်နေ့လောက် အမိန့်ချမလဲဗျာ "

ဟု မေးလာပါသည်။

ကျွန်တော်က -

" အတိအကျပြောလို့မရဘူးဆရာ၊ သူတို့အဆင်သင့်ဖြစ်တော့မှ နေ့စဉ်အမှုခေါ်စာရင်းမှာ စီရင်ချက်ချမည့်အကြောင်း ကြိုတင်ကြေညာပြီး အဲဒီနေ့မှာပဲ ချလိမ့်မယ်။ အဲဒါ ကျွန်တော်တို့ တရားရုံးချုပ်ရဲ့ ထုံးစံပဲဆရာ၊ အောက်ရုံးတွေမှာလို အမိန့်ချမယ့်ရက်ကို ကြိုပြီးမပြောဘူး။ ခန့်မှန်းခြေ တစ်လလောက်အတွင်း ချလိမ့်မယ်လို့ ထင်ပါတယ်ဆရာ "

ဟု ရှင်းပြလိုက်ပါသည်။

ဆရာဦးသိန်းလွင်က ညနေဘက်ဆုံကြအုံးမည်လားဟုမေးရာ ကျွန်တော်က ဒီနေ့တော့ မဆုံလိုတော့ကြောင်း၊ ပင်ပန်းနေပြီဖြစ်ကြောင်း၊ နောက်ရက်များမှသာ ဆုံကြတော့မည်ဖြစ်ကြောင်း ပြောဆို တောင်းပန်လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးချုပ်တွင် ကျွန်တော်တို့ အပြီးသတ်လျှောက်လဲချက်ပေးပြီးနောက် များမကြာမီ မှတ်မှတ်ရရ မေ‌ဒေးနေ့ (၁-၅-၉၂) နေ့ နံနက်စောစောတွင် ဆရာ ဦးသိန်းလွင် က ကျွန်တော့်ထံ ဖုန်းဆက်လာပြီး ညနေဘက်တွင် ထုံးစံအတိုင်း မိတ်ဆွေအပေါင်းအသင်းများအား သူ၏ကျောင်းတွင် ဆုံကြရန် စီစဉ်ထားကြောင်း နှင့် ဆက်ဆက်လာရောက်ပါရန် ဖိတ်သေးရာ ကျွန်တော်ကလည်း သွားနေကြထုံးစံ ရှိသည့်အတိုင်း လာပါမည်ဟု ကတိပြုလိုက်ပါသည်။

ညနေ (၅) နာရီခန့်၊ ဆရာ့ကျောင်းသို့ ကျွန်တော်ရောက်သွားရာ မိတ်ဆွေ (၇) ဦးခန့် ရောက်ရှိနေပြီဖြစ်ပါသည်။ နောက်ထပ်လာရန် ရှိသေးကြောင်း ဦးသိန်းလွင် က ပြောပါသည်။ ထိုစဉ် ကိုထက်ဝင်းကို အမှတ်မထင်တွေ့လိုက်ရသဖြင့် -

"ကိုထက်ဝင်းလည်း ရောက်နေတာကိုး"

ဟု ကျွန်တော်ပြောလိုက်ရာ ကိုထက်ဝင်းက -

"ဆရာတို့ ဒီညနေ ဝိုင်းရှိတယ်သိရလို့ စားစရာတွေလာပို့တာပါ"

ဟု ပြောပါသည်။ နောက်ထပ် တစ်ဆက်တည်း -

"ဆရာတို့ဝိုင်းမှာ လူကြီးတွေ ဒီလောက်စုံနေတော့ ပြောတာဆိုတာတွေလည်း နားထောင် မှတ်သားချင်လို့ပါ"

ဟု ဆက်၍ ပြောပါသည်။

ကျွန်တော့်ရှေ့က ရောက်နှင့်နေသူများကို နှုတ်ဆက်ရင်း ဆရာဦးဝင်းတင့် (မြန်မာစာ) ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က နောက်ပြောင်ကျီစယ်သည့် အနေဖြင့် -

"ဆရာက အစောကြီးရောက်နေတယ်နော်"

ဟု ကလိလိုက်ရာ -

"ဟ - မရောက်လို့ဖြစ်မလား ဆရာနီရဲ့၊ ဒီနေ့ပွဲက ဆရာနီကို ဂုဏ်ပြုတာလို့ သိထားလို့ စောစောစီးစီး နေရာလာယူထားတာပေါ့"

ဟု ကျွန်တော့်ကို ချက်ချင်း ပြန်ပက်ရာ ကျွန်တော် အတော်လေး အံ့အားသင့်သွား ပါသည်။ ထို့ကြောင့် ကျွန်တော်က ဦးသိန်းလွင် အား လှည့်ကြည့်လိုက်ရာ ကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို အကဲခတ်မိသည့် ဦးသိန်းလွင် က -

" ကျွန်တော် ရှင်းပြပါ့မယ် အေးအေးဆေးဆေး ထိုင်ပါဦးဆရာ " -

ဟု ပြောလာသဖြင့် ကျွန်တော်လည်း ဘာမျှဆက်မပြောတော့ဘဲ တစ်နေရာတွင် ဝင်ထိုင်လိုက်ပါသည်။ ကိုထက်ဝင်းလည်း ရောက်နေသည့်အပြင် အစားအစာများ မှာလည်း တော်တော်လေး စုံလင်နေသဖြင့် ဦးသိန်းလွင်နှင့် ကိုထက်ဝင်း တို့နှစ်ဦး လက်ဝါးရိုက်၍ စီစဉ်ထားသည်ဟု စိတ်ထဲတွင် ထင်မြင်မိပါသည်။ မေဒေးနေ့တိုင်း မိတ်ဆွေများ ဆုံနေကြပွဲမျိုးမဟုတ်ဘဲ ကျွန်တော့်ကို အကြောင်းခံထားသည့်သဘော ဦးဝင်းတင့်၏ ပြောဆိုချက်အရ ကျွန်တော်သိရသည့်အတွက် စိတ်တွင် ဘဝင်မကျမိပါ။

ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်နေသည်ကို သိဟန်ရှိသည့် ဆရာ ဦးသိန်းလွင်က -

" ဒီနေ့ ကျောင်းမှာ ဝိုင်းရှိတာ ကိုထက်ဝင်း သိသွားပြီး၊ ဆရာလည်း လာမယ် ဆိုတာသိလို့ သူကစားစရာလာပို့တာပါ။ အဲဒါ ဦးဝင်းတင့်နဲ့ ဆုံသွားတော့ ဦးဝင်းတင့်က မောင်ထက်ဝင်းကို ဘာကိစ္စလာတာလဲ မေးတော့ မောင်ထက်ဝင်း ကလည်း ရုတ်တရက် ဆရာနီကို စားစရာ လာပို့တာလို့ ပြောလိုက်တော့ အဲဒီစကားကို ဦးဝင်းတင့်က အကျကောက်ပြီး ဆရာ့ကို နောက်နေတာပါ။ ကျွန်တော်တို့ဝိုင်းက ထုံးစံအတိုင်း ဆုံနေကြဝိုင်းပါဆရာ "

ဟု ရှင်းပြတော့မှ ကျွန်တော်လည်း စိတ်ထဲပေါ့ပါးသွားပါတော့သည်။

ကျွန်တော်တို့ စကားဝိုင်းတွင် စကားပြောအလွန်ကောင်းသူမှာ မြန်မာစာ ဆရာ ဦးဝင်းတင့် ဖြစ်ပါသည်။ မြန်မာစာ ဆရာများဖြစ်ကြသော ဦးအောင်ပြည့် (ရှပ်ရှင်မင်းသား၊ စာရေးဆရာ)၊ ဦးဝင်းတင့် (ရေစကြို) တို့မှာ **ကျွန်တော်၏ဆရာ ဦးတိုယ** ၏ တပည့်များဖြစ်ကြရာ စကားပြောအလွန်ကောင်းသူများ ဖြစ်ကြပြီး သူတို့စကားပြောလျှင် ကျွန်တော်တို့ပါးစပ်ဟ၍ နားထောင်ကြရပါသည်။

မှတ်မှတ်ရရ ထိုနေ့ကစကားဝိုင်းတွင် မြန်မာစာပေကို အလွန်လိုက်စားသော [illegible] လက်မှတ်ရ ရှေ့နေတစ်ဦးလည်းပါဝင်ပါသည်။ (အမည်ကို မဖော်ပြတော့ပါ။) [illegible]သို့မည်ပုံ စကားလမ်းကြောင်း သင့်သွားသည်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။ [illegible]အကြောင်း အလေးအနက်ပြောဆိုနေကြသည်ကိုတော့ ကျွန်တော် မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကိုယ်မသိနားမလည်သော အကြောင်းအရာဖြစ်၍ ဝင်ရောက် ဆွေးနွေးနိုင်ခြင်းမရှိသည့်အလျောက် နားထောင်သူသက်သက် ဖြစ်နေပါသည်။

သို့သော်လည်း ထိုနေ့က စကားဝိုင်းတွင် ကျွန်တော်တစ်သက် မမေ့နိုင်လောက်သည့် စကားစစ်ထိုးပွဲတစ်ခုဖြစ်ခဲ့သည်ကို ကျွန်တော် ကြုံတွေ့လိုက်ရပါသည်။

မြန်မာစာပေကို ဆရာတစ်ဆူအဖြစ် နားလည်ကျွမ်းကျင်သော ဆရာဦးဝင်းတင့် နှင့် မြန်မာစာပေကို ထဲထဲဝင်ဝင် လေ့လာလိုက်စားပြီး၊ ရှေ့နေဘွဲ့လည်းရထားသည့် ပုဂ္ဂိုလ်နှစ်ဦးတို့ ကဗျာအကြောင်း ငြင်းခုံကြ၊ ဆွေးနွေးကြသည့်ပွဲဖြစ်ရာ ကျွန်တော်က ပရိသတ်နေရာမှ အေးဆေးစွာ နားထောင်ရသူ ဖြစ်ပါသည်။

ငြင်းခုံကြသည့်အကြောင်းမှာ မြန်မာကဗျာများတွင် ရေးသား သုံးနှုန်းရမည့် နဘေ၊ ကာရန် အကြောင်း ဖြစ်ပါသည်။ ငြင်းခုံဆွေးနွေးမှုမှာ အလွန်ပြင်းထန်လှပါသည်။ ဆွေးနွေးသူများ၊ နားထောင်သူများ အားလုံးထိုင်၍ စားသောက်ကာ ပြောဆိုနေကြခြင်းဖြစ်သော်လည်း ဆွေးနွေးပြောဆိုနေသည့် အကြောင်းအရာမှာ အလွန်မြင့်မားလှပါသည်။

မြန်မာစာ ကျွမ်းကျင်သူနှစ်ဦး ငြင်းခုံနေကြခြင်း ဖြစ်သော်လည်း အင်္ဂလိပ်စာ ဆရာကြီး ဦးသိန်းလွင် လည်း မလွဲမရှောင်သာ ပါဝင်လာရပါသည်။ ပါလာရသည့် အကြောင်းမှာ -

“ နဘေ ” နှင့် “ ကာရံ ” အင်္ဂလိပ်တွင် မည်သို့ရှိကြောင်း မေးမြန်းရာ ဆရာဦးသိန်းလွင် ကလည်း အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို ကိုးကားရွတ်ပြပြီး “ အဓိက အားဖြင့် အသံကိုယူကြကြောင်း ” “ ကြားနေ ” ပုံစံဖြင့် ပြောပြပါသည်။ အငြင်းအခုံ ဖြစ်နေသူများကို ပင့်ထောင်ခြင်းလား၊ အမှန်အတိုင်း အရှိအတိုင်း သိသမျှ ပြောတာလား ကျွန်တော်နားမလည်ပါ။ အငြင်းအခုံဖြစ်နေသည့် အကြောင်းအရာကို ကျွန်တော် အနည်းငယ် တင်ပြလိုပါသည်။

- ဆရာ × × × က “ မြန်မာကဗျာ တော်တော်များများ ကာရံမှားနေကြောင်း၊ သူလေ့လာထားသည့် မြန်မာစာကျမ်းစာအုပ် (အမည်ကို သူကအခိုင်အမာပြောပါသည်။ သို့သော် ကျွန်တော် မမှတ်မိပါ။) အရ × × × “ မြူး ” နှင့် ဆုံးသည့်စာကြောင်းအတွက် ကာရံကို “ ဖူး ” စာသားကို သုံးပါက ကဗျာဥပဒေနှင့်မညီဟု ဆိုပါသည်။ “ ဖူး ”

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားလုံးနှင့် " ထူး " ဆိုသည့် စကားလုံးတွဲစပ်ပါက ကဗျာ ဥပဒေနှင့် ညီသည်ဟု ဆိုပါသည်။

ကျွန်တော် သိပ်နားမလည်သော်လည်း မြန်မာစာအဘိဓာန် (Dictionary) အကြောင်း တက္ကသိုလ်ပထမနှစ်တွင် သင်ကြားခဲ့ရစဉ်က ပင့်၊ ရစ်၊ ဆွဲ၊ ထိုး စသည့် စကားရပ်များကို မှတ်မိသေးသဖြင့် ကျွန်တော်က ဝင်ရောက်ဆွေးနွေးဟန်ဖြင့် -

" ကာရံယူတဲ့အခါမှာ ပင့်၊ ရစ်၊ ဆွဲ၊ ထိုး။ (ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး) အားလုံးတူမှ ကာရံ ဥပဒေနဲ့ ညီတယ်လို့ ဆိုလိုတာလား "

ဟု ပြောဆိုလိုက်ရာ -

ဆရာ × × × က " မှန်တာပေါ့ဗျာ " ဟု ချက်ချင်းဖြေကြား ပြောဆိုခဲ့ပါသည်။

ပရိသတ်များက ဆရာ ဦးဝင်းတင့် မည်သို့ပြန်ပြောမည်နည်းဟု ဆရာ့ မျက်နှာကို ဝိုင်း၍ကြည့်လိုက်ကြရာ ဆရာဦးဝင်းတင့်က ဘာမျှပြန်မရှင်းတော့ဘဲ ထိုင်ရာမှထ၍ ဆရာဦးသိန်းလွင် စာသင်သည့် ခုံရှည်ပေါ် တက်သွားပါသည်။

( ကျွန်တော်တို့ ထိုင်နေသည့်နေရာမှာ ဆရာဦးသိန်းလွင်၏ စာသင်ခန်းမ ရှေ့ဆုံးရှိ ကျောင်းသူ၊ ကျောင်းသားများ၏ ထိုင်ခုံများကိုစု၍ စားပွဲပုံစံပြုလုပ်ကာ ထိုင်နေခြင်းဖြစ်ရာ ဦးသိန်းလွင် စာသင်ရာတွင်ရေးပြသည့် Blackboard သင်ပုံးနှင့် ကပ်လျက်ထိုင်နေကြခြင်း ဖြစ်ပါသည်။ )

ဦးဝင်းတင့်က မြေဖြူတစ်တောင့်ကိုယူ၍ ကဗျာတစ်ပုဒ်မှ စာကြောင်း နှစ်ကြောင်းကို ရေးပြလိုက်ပြီး သူနှင့် အငြင်းအခုံဖြစ်နေသည့် ရှေ့နေဆရာအား " ဒီကဗျာစပ်ပုံ မှန်ရဲ့လား " ဟု မေးလိုက်ပါသည်။ ထိုဆရာ × × × က ကာရံယူပုံ မမှန်ဟု ဖြေဆိုလိုက်ပါသည်။

ဆရာဦးဝင်းတင့်က နောက်ထပ်ကဗျာနှစ်ကြောင်း ရေးသားပြပြီး မှန်မမှန် မေးရာ ထိုဆရာ × × × က မမှန်ဟု ဖြေပါသည်။

တတိယအကြိမ် ဦးဝင်းတင့်က ကဗျာနှစ်ကြောင်း ရေးသားပြီး မေးမြန်း ရာတွင်လည်း ဆရာ × × × က မမှန်ဟု ဖြေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ အလွန်တင်းမာနေရာ ဦးသိန်းလွင် က တစ်စုံတစ်ရာ ဝင်ပြောရန် ကြိုးစားသည့်အနေဖြင့် ဦးဝင်းတင့် အား -

" ပထမရေးသားထားတဲ့ ကဗျာစာပိုဒ်ဟာ "

ဟု စကားစလိုက်သည်နှင့် ဦးဝင်းတင့် က -

" ဗိုလ်လွင် ခင်ဗျားဘာမှ မပြောနဲ့ "

ဟု ပိတ်လိုက်ရာ ဆရာဦးသိန်းလွင်လည်း စကားဆက်မပြောနိုင်တော့ဘဲ ရပ်သွားသည်ကို တွေ့ရပါသည်။ သို့သော်လည်း ဦးသိန်းလွင်က သူပြောလိုသည့် စကားကို ဆက်မပြောတော့ဘဲ ဦးဝင်းတင့်အား အတူထိုင်၍ စားသောက်ရင်း ပြောကြရန် တောင်းဆိုရာ ကျွန်တော်တို့ကလည်း ဆရာဦးဝင်းတင့်အား ထိုင်၍ဆက်လက်ပြောရန် ဝိုင်းဝန်းတိုက်တွန်းကြပါသည်။

ထိုအခါမှ ဦးဝင်းတင့်က စင်ပေါ်မှ ဆင်းလာကာ၊ ကျွန်တော်တို့နှင့်အတူ ထိုင်ပြီး ဆရာ × × × ဘက်သို့ မျက်နှာမူ၍ -

" ကျွန်တော် စောစောကရေးခဲ့တဲ့ ကဗျာစာပိုဒ် (၃) ခုမှာ ပထမတစ်ခုက ဆရာကြီး ဦးရွှန်း ရေးတဲ့ ဥမ္မာဒန္တီပျို့ထဲက ကဗျာ၊ နောက်တစ်ခုက ဆရာကြီး မင်းသုဝဏ် ရေးတဲ့ကဗျာ၊ နောက်ဆုံးတစ်ခုကတော့ ဆရာဇော်ဂျီ ရေးထားတဲ့ ကဗျာတွေဗျ။ အဲဒီကဗျာတွေ မှားတယ်ဆိုရင် ကျွန်တော်တို့ ဘာမှ ဆက်ပြီး ဆွေးနွေးပြောဆိုဖို့ မရှိတော့ပါဘူး။ အဲဒီကဗျာဆရာကြီးတွေဟာ အလကား လူကြီးတွေပဲလို့ မှတ်ထားလိုက်ကြပါစို့ "

ဟု ပြောဆိုပြီး နောက်ထပ် ဘာမှဆက်မပြောတော့ပါ။

ဆရာ ဦးဝင်းတင့်က တကယ့်မြန်မာကဗျာပညာရှင် ဂုရုကြီးများဖြစ်သော ဆရာကြီး ဦးရွှန်း၊ ဆရာ မင်းသုဝဏ် နှင့် ဆရာဇော်ဂျီ တို့သည် ကဗျာမစပ်တတ်သော အလကားလူများဟု မျက်နှာထား တည်တည်ဖြင့် ပြောလိုက်ချိန်တွင် နားထောင်နေသူ အားလုံး အလွန်အံ့အားသင့်သွားကြပါသည်။ ကျွန်တော်အပါအဝင် အားလုံးက ဆရာ × × × ဘက်သို့ မျက်နှာမူကာ သူဘာပြန်ပြောမည်ကို နားစွင့်နေမိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာ × × × စကား ပြန်ပြောခွင့်မရလိုက်ပါ။ ဆရာ ဦးသိန်းလွင်က အိမ်ရှင် ပီသစွာ အငြင်းအခုံကိစ္စ ရှေ့မဆက်နိုင်အောင် ကြားဝင်၍ ယခုလို ဖြေရှင်းပေးပါသည်။

" မြန်မာစာပေမှာ ကဗျာဆိုက အလွန်အဆင့်မြင့်တာကို ဆရာတို့ သိပြီးသားပါ။ ဒီလောက် အဆင့်မြင့်တဲ့ကိစ္စတွေကို ဆွေးနွေးကြမယ်ဆိုရင် ဒီလိုစားသောက်ဝိုင်းမှာ ပြောလို့မကောင်းပါဘူးဗျာ။ သုတေသနစာတမ်း ဖတ်ပွဲမှာပြောတာပဲ ကောင်းမယ်လို့ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဆရာကြီး ဦးရွှန်း၊ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ တို့ရဲ့ ကဗျာတွေမှာ ရှိတဲ့ ကာရံတွေမှားတယ်လို့ပြောချင်ရင် ဒီလိုစကားဝိုင်းမှာ ပြောလို့ အဖိုးမတန်ပါဘူးဗျာ "

ဟု ဆရာဦးဝင်းတင့်ကို မသိမသာထောက်ခံပြီး ဆရာ × × × စကား ရှေ့မဆက်နိုင်အောင် ပိတ်လိုက်ပါသည်။ ကျန်ပရိသတ်များကလည်း ဆရာ × × × စကား ရှေ့မဆက်မီ ဦးသိန်းလွင်ကို ဝိုင်းဝန်း ထောက်ခံကြပြီး၊ မိမိတို့နားမလည်သည့် ကိစ္စအကြောင်း ပြောနေမည့်အစား အခြားအကြောင်းတစ်ခုခု ပြောဆိုကြရန် စကားလမ်းကြောင်း ပြောင်းလိုက်ရာ၊ မြန်မာစာ နဘော၊ ကာရံအကြောင်း ဆွေးနွေးပွဲ ရပ်သွားပါသည်။

ကျွန်တော်တို့ စကားဝိုင်းတွင် ပါဝင်သူများအားလုံး ဆရာ ဦးဝင်းတင့်ကို အလွန်အထင်ကြီး လေးစားသွားကြပြီး ဆရာ × × × ကို အမှားပြောဆိုသူဟု သတ်မှတ်လိုက်ကြပါသည်။ စကားဝိုင်းတွင် ရှိနေသူ (၉) ဦး (၁၀) ဦးခန့်ရှိရာ တစ်ဦးနှင့်တစ်ဦး မတိုင်ပင်ဘဲနှင့် သဘောတူ ဆုံးဖြတ်ချက်ချလိုက်သကဲ့သို့ ဖြစ်သွားပါသည်။ ဆရာ × × × လည်း သူ့အခြေအနေကို သူကောင်းစွာသဘောပေါက်သွားပြီး ကဗျာဆိုင်ရာ နဘောကာရံအကြောင်း ဆက်မပြောတော့ပါ။

စကားဝိုင်းရှိသူများက လက်တလော အငြင်းပွားနေသည့် ကိစ္စကို ဘေးချိတ်ထားလိုက်သော်လည်း ကျွန်တော့်မှာ ဘေးမချိတ်နိုင်သေးဘဲ ဆက်လက် စဉ်းစားနေမိပါသည်။ ကာရံအကြောင်း စဉ်းစားခြင်းမဟုတ်ဘဲ ဆရာဦးဝင်းတင့်၏ ပြောဆိုတင်ပြပုံ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ × × × ပြောသည့် ကဗျာဆိုင်ရာ နဘေ၊ ကာရံ စည်းမျဉ်းမမှန်ကြောင်း ဆရာဦးဝင်းတင့်က ရှည်လျားထွေပြားစွာ အငြင်းအခုံမလုပ်ဘဲ ကဗျာဆရာကြီး (၃) ဦး၏ ကဗျာများမှ စာပိုဒ်အချို့ရေးပြပြီး ဆရာ × × × ပြောနေသည့် နဘေ ကာရံ ဥပဒေစည်းမျဉ်းမမှန်ကြောင်း တင်ပြလိုက်သည့် ပညာကို အလွန်လေးစား သွားမိပါသည်။

ဆရာ ဦးဝင်းတင့် သည် မြန်မာစာ ဆရာသက်သက်သာဖြစ်ပြီး၊ ရှေ့နေ မဟုတ်ပါ။ သူက ရှေ့နေတစ်ယောက်အား သက်သောင့်သက်သာ နှိပ်ကွပ်လိုက်ပုံကို ကျွန်တော့်တစ်သက် မမေ့တော့မည် မဟုတ်ပါ။ ကျွန်တော်တို့ မြန်မာစာပေတွင် စကားပြောနည်း (၁၀) နည်းရှိကြောင်း ကျောင်းသားဘဝက သင်ကြားခဲ့ရသည်ဖြစ်ရာ ယခု ဆရာ ဦးဝင်းတင့် ၏ ပြောဆိုနည်းသည် မည်သည့်နည်းဖြစ်ကြောင်း ကျွန်တော် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေပါသည်။

ကျွန်တော်တို့စကားဝိုင်းမှာ အခြားအကြောင်းအရာများဖြင့် စိုပြေနေကြ သော်လည်း ကျွန်တော်က ဆရာဦးဝင်းတင့်နှင့် ဆရာ × × × တို့ နဘေ၊ ကာရံကိစ္စ ခေါင်းထဲစွဲနေရာ ဆရာဦးသိန်းလွင် အပေါ့သွားရန် နောက်ဖက်အခန်းသို့ဝင်သွားစဉ် ကျွန်တော်လည်း အပေါ့အပါးသွားလိုဟန်ဖြင့် လိုက်ဝင်သွားပြီး ကျွန်တော်က နှစ်ကိုယ်ကြား လေသံဖြင့် -

" နောင်တော်ကြီး - အခု ဦးဝင်းတင့် က ဘုတ်ပေါ်မှာ ကဗျာတွေရေးပြပြီး ဘာမျှ ရှည်ရှည်ဝေးဝေး မပြောဘဲနဲ့ ကဗျာရေးသူတွေကိုပဲ အပြစ်တင်တဲ့ ပုံစံမျိုး လုပ်ပြသွားတာ။ သိပ်ထိမိတယ်ဗျာ၊ အဲဒါ စကားကြီးပြောနည်း (၁၀) နည်းထဲမှာ ဘယ်အထဲ အကြုံးဝင်သလဲ "

ဟု မေးလိုက်ပါသည်။ ဦးသိန်းလွင် က -

" ဟာဗျာ ညီတော်မောင်ကလည်း × × × × ကျွန်တော် ရှူရှူးပေါက်ဖို့ ဝင်လာတာဗျ။ ဦးဝင်းတင့် ပြောတာ အမှန်ပဲဆိုတာတော့ ကျွန်တော် ကောင်းကောင်းကြီးသိတယ်။ ဒါပေမဲ့ ဆရာမေးတဲ့ကိစ္စတော့ ဦးဝင်းတင့် ကိုပဲ နောက်တော့မှ မေးကြတာပေါ့ဗျာ၊ ကျွန်တော်လည်း ခုတော့ မပြောတတ်သေးဘူးဗျ။ "

ဟု ပြောလာပါသည်။ ကျွန်တော်လည်း ဆရာလွင်ကို အားနာသွားသဖြင့် ဆက်မပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အဖိုးတန်ပညာတစ်ခု ကျွန်တော် ရလိုက်ပါသည်။ **အကြောင်းအရာ** တစ်ခုကို မမှန်ပဲနှင့်အမှန်ဟု အခိုင်အမာငြင်းခုံနေသူတစ်ဦးကို အမှန်ပြောလိုသူ နောက်တစ်ဦးက ရှည်လျားထွေပြားစွာ ဆိုင်ပြိုင်ငြင်းဆိုခြင်းမပြုဘဲ၊ စာကြောင်း (၆) ကြောင်းခန့်ရေးပြီး၊ တစ်ဖက်လူမှားနေကြောင်း ပတ်ဝန်းကျင်ရှိ လူများအားလုံး သဘောပေါက်သွားအောင် ပြုလုပ်လိုက်သည့်အချက် ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်တို့ဝိုင်း ည (၁၀) နာရီကျော်လောက်မှ သိမ်းကြပါသည်။

နောက်တစ်နေ့ (၂-၅-၉၂) နံနက်စောစော ကျွန်တော် ဦးသိန်းလွင် အိမ်သို့ ဖုန်းဆက်ပြီး မနေ့ညက ဆရာဦးဝင်းတင့်နှင့် ဆရာ × × × တို့ အငြင်းအခုံကိစ္စတွင် ဦးဝင်းတင့် ပြောသည့် စကားမှာ စကားကြီးပြောနည်း (၁၀) နည်းအနက် မည်သည့် နည်းတွင် အကျုံးဝင်သည်ကို ထပ်မံမေးမြန်းရာ ဦးသိန်းလွင်က " ကောက်ပင်ရိတ်လှီး " စကားပြောနည်းတွင် အကျုံးဝင်သည်ဟု ပြောပါသည်။

ဟုတ်သလိုလို ရှိသော်လည်း ကျွန်တော် သိပ်ပြီး ဘဝင်မကျလှပါ။ ကျွန်တော် သိထားသည့် "ကောက်ပင်ရိတ်လှီး " စကားမှာ တစ်ဖက်လူပြောဖို့လိုသည့် အကြောင်းအချက်များကို ဦးစွာနားထောင်. ဆုပ်ကိုင်ထားပြီးမှ သူပြန်၍ ငြင်းမရ တော့အောင် အထက်စီးမှ အပိုင်ပြောဆိုသည့်သဘောဟု နားလည်ထားပါသည်။ ယခုကိစ္စတွင် ဆရာဦးဝင်းတင့်က တစ်ဖက်လူကို အထက်စီးက အပိုင်ပြောဆို သွားခြင်းမရှိပါ။ ကဗျာစာကြောင်း (၆) ကြောင်းခန့် သင်ပုန်းတွင်ရေးပြပြီး ထိုကဗျာ များကိုရေးသူများ အလွန်ညံ့သည်ဟု ရွဲ့စောင်း၍ အပြစ်တင်လိုက်သည့် စကား တစ်ခွန်းသာ အရွဲ့တိုက်၍ပြောပါသည်။

ဆရာ ဦးဝင်းတင့် အရွဲ့တိုက်ပြောဆိုသည်ကို နားထောင်သူအားလုံး သိကြ ပါသည်။ အတိုက်အခံ ပြောနေသူကိုယ်တိုင် တော်တော်သဘောပေါက်သွားပုံ ရပါသည်။ ထို့ကြောင့် ဆရာဦးဝင်းတင့် က အရွဲ့တိုက်၍ ပြောဆိုအနိုင်ယူလိုက်သည်ကို " ကောက်ပင်ရိတ်လှီးစကား " ဟု ဆရာ ဦးသိန်းလွင် ပြောလာခြင်းကို ကျွန်တော် ဘဝင်မကျတကျဖြစ်နေပါသည်။ ( စာရှုသူများ ဆက်လက်စဉ်းစားကြပါကုန် )

*****

www.burmeseclassic.com

www.burmeseclassic.com



မေလကုန်ပိုင်းရက်များတွင် ကျွန်တော့်ရုံးခန်းသို့ ကိုထက်ဝင်း မကြာခဏ လာရောက်၍ အမှုအခြေအနေမေးမြန်းပါသည်။ ကျွန်တော်ကလည်း မထူးသေးကြောင်း စီရင်ချက်မချသေးကြောင်း လောက်သာ ပြောနိုင်ပါသည်။ ဇွန်လဆန်းတစ်နေ့ နံနက်ပိုင်းတွင် ဦးသိန်းလွင် ကိုယ်တိုင် ကျွန်တော့်ရုံးခန်း ရောက်လာပြီး အမှုအကြောင်း မေးမြန်းစုံစမ်းပါသည်။ လျှောက်လဲချက်ပေးသည့်ရက်မှာ ၂၇-၄-၉၂ နေ့ ဖြစ်ရာ ယခုအခါ တစ်လပင်ကျော်နေပြီဖြစ်သော်လည်း အမိန့်မချသေးသဖြင့် မောင်ထက်ဝင်း ပူပန်နေကြောင်းကို ဦးသိန်းလွင်က ကျွန်တော့်အား ပြောပြပါသည်။

ကျွန်တော်ကလည်း ဦးသိန်းလွင်အား ကိုထက်ဝင်း နည်းတူ ပူပန်နေရပါကြောင်း ပြောပြရာ ဦးသိန်းလွင်က အလွတ်သဘော ကျွန်တော်၏ ထင်မြင်ချက် မည်သို့ရှိကြောင်း၊ အမှုနိုင်ရန် အလားအလာရှိမရှိ မေးလာပါသည်။

ကျွန်တော်က -

" နောင်တော်ကြီးမေးလို့ ကျွန်တော်ပြောမယ်။ ဒါပေမဲ့ ကိုထက်ဝင်း ကိုတော့ မပြောပါနဲ့နော်။ အခုလို စီရင်ချက်ချဖို့ အချိန်ကြာနေတာဟာ ကျွန်တော်တို့ဘက်က အခြေအနေ ကောင်းတယ်လို့ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့အယူခံမှုကို ပယ်မယ်ဆိုရင် သိပ်အချိန်ယူပြီး စီရင်ချက်ရေးဘို့မလိုဘူး။ ဒါကြောင့် ထူးခြားချက် တစ်ခုခုတော့ရှိလိမ့်မယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားမိတယ် နောင်တော်ကြီး "

ဟု ပြောလိုက်ပါသည်။ ကျွန်တော်၏ စိတ်ခံစားချက်ကို ပြောခြင်းသာဖြစ်ပါသည်။ အမှုနိုင်မည်ဟု ယုံကြည်စိတ်ဖြင့် ပြောခြင်းမဟုတ်ပါ။

ကျွန်တော့်စကားအပေါ် ဆရာဦးသိန်းလွင်က တစ်စုံတစ်ရာ ထင်မြင်ချက် မပေးပါ။ သို့သော် -

" ဆရာ အစွမ်းကုန်ကြိုးစားပြီး လုပ်နေတာ ကျွန်တော်တို့သိပါတယ်။ ဒါကြောင့် ဆရာထင်သလို ထူးခြားပါစေလို့သာ ဆုတောင်းကြတာပေါ့ဗျာ "

ဟု ပြောခဲ့ပါသည်။

*****

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

**တရားရုံးချုပ်က အပြီးသတ်စီရင်ချက်ချပြီ**

၉-၆-၉၂ နေ့ စီရင်ချက်ချမှတ်သည့်နေ့

ထိုသို့ ကျွန်တော်နှင့် ဦးသိန်းလွင် ပြောဆိုကြပြီး နောက်နေ့မှစ၍ ကျွန်တော်၏ လက်ထောက်ရှေ့နေ ကိုသန်းဖေကို နံနက်တိုင်း ကျွန်တော့်ရုံးခန်းမလာမီ တရားရုံးချုပ် နို့တစ်ဘုတ်ကို အရင်သွားကြည့်ပြီးမှ ရုံးသို့လာရန် မှာကြားထားပါသည်။ သူက ဂွတ္တလစ်မှ ဘတ်(စ်)ကားစီး၍ မြို့ထဲသို့လာရသည်ဖြစ်ရာ ကုန်သည်လမ်း စာပေဗိမာန်ရှေ့ရှိ မှတ်တိုင်တွင် ဆင်းသည်ဖြစ်၍ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ် ကြော်ငြာသင်ပုန်း (ယခင်က ကြော်ငြာသင်ပုန်းကိုဆိုလိုပါသည်။) ကြည့်ပြီးမှလာရန် လမ်းသင့်သဖြင့် မှာကြားထားခြင်းဖြစ်ပါသည်။

၉-၆-၉၂ နေ့ နံနက် (၉) နာရီကျော်ကျော်လောက် ကိုသန်းဖေ ရုံးခန်းရောက်လာပြီး ကိုထက်ဝင်း တို့အမှု ယနေ့အမိန့်ချမည်ဟု ကြော်ငြာသင်ပုန်းတွင် အမှုခေါ်စာရင်း ကပ်ထားကြောင်း ပြောလာပါသည်။ ကျွန်တော်လည်း အလွန်အမင်း စိတ်လှုပ်ရှားသွားပြီး ကိုသန်းဖေအား မနက်ပိုင်း ရုံးတက်ရမည့်ကိစ္စများကို ဆောင်ရွက်ထားရန်နှင့် လိုအပ်သည်များကို အကျဉ်းချုံးမှာကြားပြောဆိုပြီး တရားရုံးချုပ်သို့ ကျွန်တော်ပြေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးချုပ် လုပ်ထုံးလုပ်နည်းမှာ တစ်နေ့တာကြားနာမည့်အမှုများကို ကြားနာခြင်းမပြုမီ ရုံးစထိုင်သည်နှင့် စီရင်ချက်ချမှတ်ရန်ရှိသည့်အမှုများကို ဦးစွာ စီရင်ချက် ချမှတ်ပါသည်။ နောက်မှ လျှောက်လဲချက် ကြားနာသည့်ကိစ္စများကို ဆောင်ရွက်ပါသည်။ ထို့ကြောင့် တရားရုံးချုပ် တရားသူကြီး ရုံးထိုင်မည့်အချိန် နံနက် (၁၀) နာရီ မထိုးမီ ကျွန်တော် အရောက်ပြေးရခြင်းဖြစ်ပါသည်။

ထိုနေ့က စီရင်ချက်ချမည့် အမှု (၇) မှု (၈) မှုခန့်ရှိမည်ထင်ပါသည်။ ကျွန်တော်တို့အမှု စီရင်ချက်ချမှတ်မည့် အမှတ်စဉ်မှာ (၄) သို့မဟုတ် (၅) မှုမြောက် ထင်ပါသည်။ အတိအကျတော့ မမှတ်မိတော့ပါ။

(ဤနေရာတွင် တရားရုံးချုပ်မှ စီရင်ချက်များ ချမှတ်ပုံအကြောင်း အနည်းငယ် ရှင်းပြလိုပါသည်။ စီရင်ချက်များကို ချမှတ်ရာတွင် အစအဆုံး ဖတ်၍ ချမှတ်ခြင်းမပြုပါ။ ထိုသို့ စီရင်ချက်များကို အစအဆုံးဖတ်ရလျှင် တစ်ခုအတွက် အနည်းဆုံး ၁၅ မိနစ်ခန့်မှ အများဆုံး (၁) နာရီခန့်အထိ ကြာမြင့်နိုင်သည်ဖြစ်ရာ စီရင်ချက်များဖတ်နေခြင်းဖြင့် တစ်နေ့တာအချိန် ကုန်သွားနိုင်ပါသည်။ ထို့ကြောင့် တရားရုံးချုပ်က စီရင်ချက်များကို ချမှတ်သည့်အခါ အစအဆုံး ဖတ်ခြင်းမပြုတော့ဘဲ အဓိကကျသည့် ဆုံးဖြတ်ချက် နောက်ဆုံးအပိုင်းကိုသာဖတ်၍ စီရင်ချက်ချမှတ်ပေးပါသည်။ နောက်နေ့များမှ ကျွန်တော်တို့ရှေ့နေများက အမှုတွဲကိုတောင်းယူပြီး စီရင်ချက် အပြည့်အစုံကို ဖတ်ကြည့်ရပါသည်။)

၉-၆-၉၂ နေ့၊ ကျွန်တော်တို့အမှု စီရင်ချက် ချမှတ်သည့်အခါ တရားသူကြီး က -

- **ကျွန်တော်၏ အယူခံမှုကို ခွင့်ပြုကြောင်းနှင့် ကျွန်တော်စွဲဆို ထားသည့်အတိုင်း စာချုပ်များကို ပယ်ဖျက်လိုက်ကြောင်း အတိုချုပ် ဖတ်ပြလိုက်ပါသည်။**

ကျွန်တော်၏ ဝမ်းသာမှုကား စာဖွဲ့၍ မရနိုင်လောက်အောင်ပင် ဖြစ်ပါသည်။ မည်သည့် အကြောင်းကြောင့် မည်သို့မည်ပုံ အမှုနိုင်ကြောင်း အသေးစိတ် မသိရသေးသော်လည်း အမှုနိုင်ပြီဆိုသည့် အချက်ကို သိလိုက်ရသည်နှင့် ချက်ချင်း တရားရုံးချုပ်မှ ပြန်ထွက်လာပြီး ပန်းဆိုးတန်းလမ်းရှိ အများပြော ဖုန်းဆိုင်တစ်ခုမှ

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းလွင်၏ နေအိမ်သို့ ဖုန်းဆက်လိုက်ပါသည်။ ဦးသိန်းလွင်နှင့် မတွေ့ရဘဲ ဦးသိန်းလွင် ၏ဇနီး ဒေါ်ခင်ဝင်းနှင့် တွေ့ရပါသည်။ ဦးသိန်းလွင် မရှိကြောင်း ဒေါ်ခင်ဝင်း က ပြောသဖြင့် ကျွန်တော်က အလျင်စလို ကိုထက်ဝင်း တို့ အမှုနိုင်ပြီဖြစ်ကြောင်း၊ ယခုပင် အမိန့်ချပြီးပြီဖြစ်ကြောင်း၊ ဆရာ ဝမ်းသာစေချင်၍ ဖုန်းဆက်ခြင်းဖြစ်ကြောင်း ပြောလိုက်ရာ ဒေါ်ခင်ဝင်းလည်း အလွန်ဝမ်းသာသွားပုံရပါသည်။ ကျွန်တော်က ကိုထက်ဝင်းကို သွားပြောပေးပါဟု အကူအညီတောင်းရာ ဒေါ်ခင်ဝင်းက ယခုပင် ချက်ချင်းသွားပြောမည် ဖြစ်ကြောင်းပြောပါသည်။ (ဆရာဦးသိန်းလွင် အိမ်နှင့် ကိုထက်ဝင်း အိမ်မှာ ပေ ၁၀၀ ခန့်သာကွာပါသည်။)

ထို့နောက် ကျွန်တော်၏အိမ်သို့ ဖုန်းဆက်၍ ကျွန်တော့်ဇနီးအား ကိုထက်ဝင်း တို့အမှု နိုင်ပြီဖြစ်ကြောင်း အသိပေးလိုက်ရာ သူလည်း အလွန်ဝမ်းသာသွားပုံ ပေါ်ပါသည်။ ကျွန်တော်လည်း ဝမ်းသာလွန်းပြီး စိတ်လှုပ်ရှားနေသဖြင့် ထိုနေ့တစ်နေ့လုံး မည်သည့်အလုပ်မျှ လုပ်၍ မရတော့ပါ။

နေ့ခင်း (၁) နာရီလောက်တွင် ကိုထက်ဝင်းနှင့် ဦးသိန်းလွင်တို့ ကျွန်တော့် ရုံးခန်း ရောက်လာကြပြီး ဝမ်းသာအားရဖြင့် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက် ဂုဏ်ပြုစကားပြောကြပါသည်။ ကျွန်တော့်အား စီရင်ချက်အကြောင်းမေးရာ ကျွန်တော်က အသေးစိတ်မသိနိုင်သေးကြောင်း၊ ညနေ (၃) နာရီခန့်တွင် ကျွန်တော် သွားရောက်ဖတ်ရှုပြီးနောက် ပြောပြမည်ဖြစ်ကြောင်း သူတို့ကို ပြောလိုက်ပါသည်။

ထိုနေ့ညနေ (၃) နာရီခန့် တရားရုံးချုပ်သို့ ကျွန်တော် နောက်တစ်ခေါက် သွားရောက်ပြီး တရားမရုံးခန်းမှ ရုံးအုပ်ကြီး ဦးငွေသန်းထံ တွေ့ဆုံ၍ ယနေ့ ချမှတ်သည့် ကျွန်တော့်အမှုစီရင်ချက် ဖတ်လိုကြောင်း ပြောရာ ဦးငွေသန်းက ယနေ့ချမှတ်သည့် စီရင်ချက်များ သူ့ထံ မရောက်လာသေးကြောင်း၊ ညွှန်မှူး ရုံးခန်း၌ပင် ရှိနေသေးကြောင်း၊ နောက်နေ့မှ လာဖတ်စေလိုကြောင်းပြောသဖြင့် စိတ်ပျက်ပြီး ပြန်လာခဲ့ရပါသည်။ ဦးငွေသန်း ပြောခြင်းကအမှန်ဖြစ်ပြီး၊ ကျွန်တော်က စိတ်လော နေခြင်းသာ ဖြစ်ပါသည်။

ထိုနေ့ ညနေ (၆) နာရီလောက် ဦးသိန်းလွင် ကျောင်းသို့ ကျွန်တော် ရောက်ရှိရာ ကိုထက်ဝင်းနှင့် ကိုလေးမြင့် တို့ကိုပါ တွေ့ရပါသည်။ အားလုံးက ဝမ်းသာအားရ ကျွန်တော့်အား နှုတ်ဆက်ကြပြီး စီရင်ချက်အကြောင်းမေးကြပါသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အမှုနိုင်သည့် ဆုံးဖြတ်ချက်ကို ကျွန်တော်ကိုယ်တိုင် နံနက် (၁၀) နာရီက နားထောင်ခဲ့ပြီးဖြစ်ကြောင်း၊ စီရင်ချက် အသေးစိတ်ကိုတော့ မနက်ဖြန်မနက် (၁၀) နာရီလောက် ဖတ်ရှုနိုင်မည်ဟု ရုံးအုပ်ကြီးကပြောကြောင်း သူတို့ကို ရှင်းပြလိုက်ပါသည်။ ကျွန်တော် ရှင်းပြသည်ကို နားထောင်ပြီးနောက် ကိုထက်ဝင်းက -

" ဆရာ ဒီနေ့ချတဲ့အမိန့်အရဆိုရင် ကျွန်တော်တို့ကို သူတို့ ဒီအိမ်က နှင်ထုတ်လို့ မရတော့ဘူး ပေါ့နော် "

ဟု မဝံ့မရဲလေသံဖြင့် မေးလာရာ ကျွန်တော် စိတ်တိုသွားပြီး၊

" ကိုထက်ဝင်း ခင်ဗျားဘာတွေမေးနေတာလဲ၊ ခင်ဗျားတို့တသက်လုံး ဒီအိမ်က ဖယ်စရာ မလိုတော့ဘူးဗျ "

ဟု ခပ်တင်းတင်းပြောလိုက်ရာ ကိုထက်ဝင်း အတော်ပျော်ရွှင်သွားပြီး၊

" ကျေးဇူးတင်လိုက်တာ ဆရာ "

ဟု လှိုက်လှိုက်လှဲလှဲ ပြောလာပါသည်။

လွန်ခဲ့သည့် ( ၂ ) နှစ်ခန့်အတွင်း ကိုထက်ဝင်း ၏ အမှုအကြောင်း ပြောဆိုဆွေးနွေးတိုင်း အမြဲတမ်း စိုးရိမ်သောကဖြင့် ပြောဆိုခဲ့ကြရသော်လည်း ယနေ့ညနေစကားဝိုင်းတွင်ကား အလွန်ပျော်ရွှင်စွာဖြင့် ပြောဆိုခဲ့ကြရပါသည်။

စာရှုသူများ လေ့လာဖတ်ရှုနိုင်ရန် တရားရုံးချုပ်၏ စီရင်ချက်အပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

**တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် - ၃၆၆/၉၁ တွင် ချမှတ်သည့် စီရင်ချက်**

နေ့စွဲ ။ ၁၉၉၂ ခုနှစ်၊ ဇွန်လ၊ ၉ ရက်။

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် - ၃၈ (ဂ) တွင် ဒေါ်ခင်မြိုင် က (ကိုယ်စားလှယ်စာရသူ ဦးစိုးကျော် ) ဖြင့် ဦးစိန်သန်း နှင့် ဦးအောင်ထွန်း တို့အပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ - ၄၂ အရ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် ၇၃/၁၉၅၈ နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကတိစာချုပ်များမှာ တရားမဝင်ပျက်ပြယ်ကြောင်းနှင့် အဆိုပါစာချုပ်များကို ပယ်ဖျက်ကြောင်း ဒီကရီ ချမှတ်ပေးရန် စွဲဆိုသည်။ မူလရုံးက အဆိုပါစာချုပ်များသည် မမှန်မကန် ပြုလုပ်ထားသည့် စာချုပ်များ ဖြစ်သည်ဆိုခြင်းမှာမမှန်ဟု ကောက်ယူ၍ ဒေါ်ခင်မြိုင် စွဲဆိုသည့်အမှုကို ပလပ်ခဲ့သည်။ ယင်း စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ တရားရုံးချုပ်သို့ ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။

ဒေါ်ခင်မြိုင် သည် သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ် (-) ခေါ်တွင်သော ဂရန်မြေကိုပိုင်ဆိုင်သည်။ ဒေါ်ခင်မြိုင် သည် ၁၉၅၇ ခုနှစ်တွင် ဦးစိန်သန်း (ပြိုင်-၁) ထံမှ ငွေ ၃၀၀၀ိ/- ကို ချေးယူခဲ့ဖူး၍ အဆိုပါမြေ၏ဂရန်ကို ဦးစိန်သန်းအား ပေးအပ်ခဲ့သည်။ ထို့နောက် ဒေါ်ခင်မြိုင် သည် ရန်ကုန်မြို့မှ နယ်သို့ပြောင်းသွား၍ ဦးစိန်သန်းနှင့် အဆက်အသွယ်ပြတ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လထဲတွင် စည်ပင်သာယာမှ အခွန်စည်းကြပ်သည့်ပြေစာတွင် အမည်ပြောင်းရန် လျှောက်ထားသည့်ကိစ္စကို ကန့်ကွက်ရန် ရှိမရှိကို အဆိုပါ မြေကွက်ပေါ်ရှိ နေအိမ်တွင် နေထိုင်လျက်ရှိကြသူများအား စည်ပင်သာယာမှ တာဝန်ရှိသူက ပြောဆို ခဲ့ကြောင်း ဒေါ်ခင်မြိုင် ၏တူဖြစ်သူ မောင်နောင် ၏ ပြန်လည် ပြောပြချက်အရ သိရှိခဲ့သည်။ ဒေါ်ခင်မြိုင် အနေဖြင့် အချင်းဖြစ်မြေနှင့်အိမ်ကို မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိ၍ တူဖြစ်သူအား စုံစမ်းစေခဲ့ရာ ဒေါ်ခင်မြိုင်က အချင်းဖြစ် မြေနှင့်အိမ်ကို ဦးစိန်သန်း အား ၃၀၀၀ိ/- ဖြင့် ရောင်းချခဲ့ပြီး၊ ဦးစိန်သန်းက ဒေါ်ခင်မြိုင်အား ပြန်လည်အငှားချထားကြောင်း၊ စာချုပ် ၂ စောင်ကိုပြသ၍ သိရှိရသည်။ ထို့ပြင် ဦးစိန်သန်းက အဆိုပါမြေနှင့်အိမ်ကို ဦးအောင်ထွန်း (ပြိုင်-၂) သို့ လွှဲပြောင်းပေးထားသည်ကိုပါ သိရှိရသည်ဆိုသည်။ အချင်းဖြစ်မြေနှင့်အိမ်ကို ၁၉၅၇ ခုနှစ်က ဝယ်ယူခဲ့ပြီး ယနေ့ထိ မိသားစုဆွေမျိုးများ ဆက်တိုက်နေထိုင်ခဲ့ကာ မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်များလက်ဝယ်ရှိ အဆိုပါ စာချုပ် ၂ စောင်မှာ မမှန်မကန် ပြုလုပ်ထားသော စာချုပ်များဖြစ်၍ အချင်းဖြစ်အမှုကို စွဲဆိုရကြောင်း အဆိုပြုသည်။

အယူခံတရားပြိုင် ဦးစိန်သန်းနှင့် ဦးအောင်ထွန်း တို့က ဒေါ်ခင်မြိုင်သည် ဦးစိန်သန်းအား မှတ်ပုံတင်စာချုပ်အမှတ် - ၃၃/၁၉၅၈ ဖြင့် အချင်းဖြစ်မြေနှင့် အိမ်ကို ရောင်းချခဲ့ပြီးနောက် ဆွေမျိုးများကိုထားကာ ပြောင်းသွားခြင်းဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်သန်း**သည် အချင်းဖြစ်မြေနှင့်ပတ်သက်သည့် အခွန်အခများကို ၎င်းအမည်ဖြင့် ပေးဆောင်ခဲ့ရာမှ တူတော်သူ ဦးအောင်ထွန်း (ပြိုင်-၂) အမည်ဖြင့် အခွန်စည်းကြပ်ရန် အမည်ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ခင်မြိုင်က မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်း ပေးပြီး ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားစာချုပ်အရ - ဒေါ်ခင်မြိုင်၏ ဆွေမျိုးများက ဆက်လက်နေထိုင်ခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သည့် အပြင် အမှုစွဲဆိုပုံမှာလည်း မှားယွင်းနေပြီး ကာလစည်းကမ်းသတ် ကျော်လွန် နေကြောင်းချေပသည်။

မူလရုံးက အဆိုအချေများအရ အောက်ပါပဏာမငြင်းချက် (၂) ရပ်နှင့် အခြားငြင်းချက် (၂) ရပ်တို့ကို ထုတ်ခဲ့သည် -

**ပဏာမငြင်းချက်**

" ၁။ တရားလိုသည် ဤအမှုကို စွဲဆိုပုံမှားယွင်းနေသည်ဆိုခြင်းမှာ မှန်သလား။

၂။ တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန် နေပြီဆိုခြင်းမှာ မှန်သလား။ "

**အခြားငြင်းချက်**

" ၁။ အရောင်းစာချုပ်မှတ်ပုံတင်အမှတ်-၇၃/၅၈ နှင့် ၁-၂-၅၈ ရက်စွဲ ပါ အိမ်ငှားကတိစာချုပ်များမှာ မမှန်မကန် ပြုလုပ်ထားသည့် စာချုပ်များဖြစ်၍ ပျက်ပြယ်သောစာချုပ်များ ဖြစ်သည်ဆိုခြင်းမှာ မှန်သလား။

၂။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။ "

မူလရုံးက ပဏာမငြင်းချက် (၁) နှင့်ပတ်သက်၍ အကျိုးဆက် သက်သာခွင့် ကို ထည့်သွင်းတောင်းဆိုရန်အလို့ငှာ အဆိုလွှာကို ပြင်ဆင်စေခဲ့သည်။ ထို့ပြင် ဒေါ်ခင်မြိုင် အနေဖြင့် အချင်းဖြစ်အမှုကို စွဲဆိုသည်မှာ အဆိုပါစာချုပ် (၂) ရပ် ရှိကြောင်း တူတော်သူကပြောပြ၍ သိရှိရသည့် ၁၀-၁၁-၈၉ နေ့တွင်မှ စ၍ အမှုစွဲဆိုရန် အချင်းဖြစ်အကြောင်းအရာပေါ်ပေါက်၍ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု ပဏာမငြင်းချက် (၂) ကို ဖြေဆိုဆုံးဖြတ်ခဲ့သည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အခြားငြင်းချက်များနှင့်ပတ်သက်၍ ဒေါ်ခင်မြိုင်သည် အချင်းဖြစ်စာချုပ် ၂ ရပ်မှာ မမှန်မကန် ပြုလုပ်ထားသည့်စာချုပ်များဖြစ်ကြောင်း၊ အခြေခံအချက် ဖြစ်သည့် စာချုပ်ပေါ်ရှိ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့်လက်ဗွေသည် မိမိ၏လက်မှတ်နှင့်လက်ဗွေ မဟုတ်ကြောင်းကို ခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ သက်သေခံ (က) အိမ်ငှား စာချုပ်ပေါ်ရှိ ဦးစိန်သန်း၏ လက်မှတ်မှာလည်း ၎င်းထိုးမြဲလက်မှတ်နှင့် မတူညီသည့် အပြင် နှစ် ၃၀ ခန့်ရှိပြီဖြစ်သောစာချုပ်တွင်ရှိ လက်မှတ်နှင့်လက်ဗွေ ရေးနှိပ်ထားသည့် မင်ရောင်မှာ သစ်လွင်နေကြောင်း တင်ပြသော်လည်း တရားမကျင့်ထုံး ဥပဒေ အမိန့်-၆၊ နည်း ၄ နှင့်အညီ အဆိုလွှာတွင် အဆိုပြုထားခြင်းမရှိကြောင်း ကောက်ယူ က ဒေါ်ခင်မြိုင် အဆိုပြုခြင်းမှာ မမှန်ကန်ဟု ကောက်ယူ၍ ဒေါ်ခင်မြိုင် စွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

အမှုတွင် အယူခံတရားလို ဒေါ်ခင်မြိုင်က အချင်းဖြစ်စာချုပ် ၂ စောင်ပေါ်ရှိ လက်မှတ်လက်ဗွေများမှာ ၎င်း၏ လက်မှတ်များမဟုတ်၍ လိမ်လည်ချုပ်ဆိုထားသော စာချုပ်များဖြစ်သည်ဟု အဓိကအားဖြင့် တင်ပြလိုဟန်ရှိသည်။ အယူခံ တရားပြိုင် ဦးစိန်သန်း တို့ဘက်မှလည်း အဆိုပါစာချုပ်များ ပေါ်ရှိ လက်မှတ်နှင့်လက်ဗွေများမှာ ဒေါ်ခင်မြိုင်၏ လက်မှတ်နှင့်လက်ဗွေများ ဖြစ်၍ ဒေါ်ခင်မြိုင် ကိုယ်တိုင် ချုပ်ဆိုခဲ့သော အစစ်အမှန်စာချုပ်များဟု ထုချေကြသည်။ ထိုအချက်ကို လက်ဗွေပါရဂူ၏ တင်ပြချက် သက်သေခံ (ဈ) က ထောက်ခံထားသည်။ သက်သေခံ (ဈ) တွင် စာချုပ် ၂ စောင် ပေါ်ရှိ တရားလို ဒေါ်ခင်မြိုင်၏ လက်ဗွေ ၂ ခုသည် ဒေါ်ခင်မြိုင်၏ နမူနာ လက်ဝဲလက်မပုံစံနှင့် အသီးသီးတူ၍ ယင်းလက်ပုံစံများသည် လူတစ်ဦးတည်း၏ လက်တစ်ချောင်းတည်းမှ လက်ပုံစံများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ပြန်ကြား ခဲ့သည်။ လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် သက်သေခံဥပဒေပုဒ်မ ၄၅ အရ သက်သေခံဝင်သည်။ သို့ဖြစ်၍ အဆိုပါစာချုပ်များသည် ဒေါ်ခင်မြိုင် လက်မှတ် ရေးထိုး ချုပ်ဆိုခဲ့သော စာချုပ်များဖြစ်သည်ဟု ယူဆရန်ရှိသည်။

သို့ရာတွင် တရားရုံးချုပ်က ဤအယူခံမှုကို ၁၀-၁၁-၉၁ နေ့တွင် ပထမအကြိမ် ကြားနာရာ၌ လက်ဗွေပါရဂူအား စစ်ဆေးရာတွင် အယူခံတရားလို ဒေါ်ခင်မြိုင် ဘက်မှ ပြည့်စုံစွာ ပြန်လှန်စစ်မေးခွင့် မရခဲ့ဟုတင်ပြ၍ ၂၀-၉-၉၀ နေ့၌ ဒေါ်ခင်မြိုင်၏ လက်ဗွေကိုထပ်မံရယူခဲ့ခြင်းနှင့် စပ်လျဉ်း၍ အယူခံတရားလို ဒေါ်ခင်မြိုင် ဘက်အား ပြန်လှန်စစ်မေးခွင့်ပြုရန် မူလရုံးအား ညွှန်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အယူခံတရားလို၏ရှေ့နေက သက်သေခံ (ည) အရောင်းအဝယ်စာချုပ်၊ သက်သေခံ (ဋ) အိမ်ငှားစာချုပ်နှင့် ရုံးရှေ့တွင် နှိပ်ယူသော ဒေါ်ခင်မြိုင်၏ မူရင်းလက်ဗွေသက်သေခံ (ဍ) နှင့် (ဍ-၁) တို့ကို တိုက်ဆိုင်၍ ပြန်လှန်မေးမြန်းခဲ့သည်။ သက်သေခံ (ည) အရောင်းအဝယ်စာချုပ်ရှိ လက်ဗွေကို ပြသ၍ အရစ်အကြောင်းများ ဆင်းသက်သွားလာပုံ ပုံသဏ္ဌာန်ကိုမေးမြန်းခဲ့ရာ ဘဲဥထောင်ထားသည့်ပုံစံ အထက်အောက် ရစ်ဆင်းသည်ဟု ထွက်ဆိုပြီး၊ သက်သေခံ (ဋ) အိမ်ငှားစာချုပ်မှ လက်ဗွေတွင်မူ စက်ဝိုင်းပုံ ခရုပတ်ပုံသဏ္ဌာန်ဖြင့် ရစ်ပတ်နေကြောင်း ထွက်ဆိုသည်။ ဒေါ်ခင်မြိုင်အား ရုံးရှေ့တွင် ရိုက်နှိပ်ယူသော လက်ဗွေ သက်သေခံ (ဍ) နှင့် (ဍ-၁) တွင် အရစ်ကြောင်းများမှာ အထက်အောက်ရှည် ဘဲဥထောင်ထားသည့်ပုံသဏ္ဌာန်မျိုး ဆင်းသက်သွားလျက်ရှိသည်ဟု ထွက်ဆိုထားသည်။

အတွင်းအဆုံးသတ် (INNER TERMINUS) နှင့်ပတ်သက်၍ သက်သေခံ (ည) အရောင်းအဝယ်စာချုပ်တွင်ရှိ လက်ဗွေတွင် တစ်ကြောင်းရစ်အလယ်တွင် အစက်ကလေးရှိသည့် အနေအထားမျိုးရှိသည်ဟု ထွက်ဆိုပြီး သက်သေခံ (ဋ) အိမ်ငှားစာချုပ်ရှိ လက်ဗွေတွင် တစ်ကြောင်းရစ် အနေအထားမျိုးရှိနေကြောင်း အစက်လိုလို ကွင်းလိုလို ရှည်မျောမျောအရာကလေးနှင့် ဆက်နေသည်မှာ မှန်ကြောင်း၊ စက်ဝိုင်းပုံ အရစ်အကြောင်းက အောက်မှဝင်၍ ဆက်နေသည့်အနေအထားမျိုးတော့ မဟုတ်ကြောင်း၊ ထင်ထင်ရှားရှား မမြင်ရဘဲ ဆက်သွားနိုင်သည့် အနေအထားမျိုးတော့ ရှိကြောင်း ထွက်ဆိုသည်။ ဒေါ်ခင်မြိုင်၏ လက်ဗွေ (ဍ) နှင့် (ဍ-၁) တို့တွင်မူ အလယ်စက်ဝိုင်းမဟုတ်ဘဲ မျဉ်းတစ်ကြောင်းတည်းကပင်ခွနေခြင်းဖြစ်ကြောင်း၊ အောက်ကရစ်ဝင်လာသောအကြောင်းသည် ခွနေသော်လည်း အဆုံးနေရာသည် တစ်ဘက်အနားသို့ သွားမထိဘဲ သီးခြားဖြစ်ကြောင်း၊ တစ်ဘက်အနားသို့ သွားမထိသည့်အတွက် စက်ဝိုင်းဟုမပြောနိုင်ကြောင်း၊ အဆိုပါ ရစ်ပတ်သွားသည့် အကြောင်း၏ လက်ျာဘက်တွင် အောက်သို့ နှစ်ဖြာခွဲဆင်းသည့်ပုံစံဖြစ်ကြောင်း၊ အတွင်းအဆုံးသတ်မှနေ၍ အောက်သို့ကွေ့၍ဆင်းလာသည့် ပထမအကြောင်းမှာ နှစ်ဖြာခွဲ၍ ဆင်းလာသည့် ပုံသဏ္ဌာန်မျိုး ဖြစ်ကြောင်းထွက်ဆိုသည်။

လက်ဝဲဘက် အပြင်အဆုံးသတ်နှင့်ပတ်သက်၍ သက်သေခံ (ည) အရောင်းအဝယ် စာချုပ်ရှိ လက်ဗွေတွင် လက်ဝဲဘက်အပြင်အဆုံးသတ်ပုံသဏ္ဌာန်မှာ ဂွပုံသဏ္ဌာန်ရှိနေသော်လည်း သီးခြား တည်ရှိနေခြင်းမဟုတ်ဘဲ ဂွ၏ အနားသုံးနားမှာ

www.burmeseclassic.com

www.burmeseclassic.com



အခြားအရစ်ကြောင်းများနှင့် ဆက်စပ်လျက်ရှိကြောင်း ထွက်ဆိုပြီး သက်သေခံ (ဠ) အိမ်ငှားစာချုပ်မှ လက်ဗွေတွင် ဂွပုံစံဖြစ်ပြီး အနားသုံးနားမှာ တစ်သီးတစ်ခြား မဟုတ်ဘဲ အရစ်ကြောင်းများနှင့် ဆက်စပ်လျက်ရှိသည်ဟု ထွက်ဆိုသည်။ ဒေါ်ခင်မြိုင်၏ လက်ဗွေကိုမူ မျဉ်းကြောင်းတို ၂ ခုဖြင့် ဂွပုံစံဖြစ်နေပြီး အနားသုံးနားမှာ သီးခြားအကြောင်းရစ်များနှင့် ဆက်သွယ်မှုမရှိဟု ထွက်ဆိုထားသည်။

လက်ဝဲအဆုံးသတ်နှင့် အတွင်းအဆုံးသတ်ကြားရှိ အကြောင်း အရေအတွက်နှင့်ပတ်သက်၍ သက်သေခံ (ည) အရောင်းအဝယ်စာချုပ်ရှိ လက်ဗွေတွင် ၁၄ ကြောင်းရှိသည်ဟု ထွက်ဆိုပြီး သက်သေခံ (ဠ) အိမ်ငှားစာချုပ်ရှိ လက်ဗွေတွင် ၁၁ ကြောင်းရှိသည်မှာ မမှန်ကြောင်းနှင့် ၁၄ ကြောင်းရှိသည်ဟု ထွက်ဆိုသည်။ ဒေါ်ခင်မြိုင် ၏ လက်ဗွေ (၃)၊ (၃-၁) တွင် ၁၁ ရစ် သို့မဟုတ် ၁၄ ရစ်ရှိသည်ကို ရေတွက် ထွက်ဆိုခြင်းမပြုဟု ဆိုသည်။

လက်ဝဲအပြင်အဆုံးသတ် အောက်ခြေမျဉ်းများ၏ ထူးခြားချက်များနှင့် ပတ်သက်၍ သက်သေခံ (ည) အရောင်းအဝယ်စာချုပ်တွင် ပထမအကြောင်းတွင် မျဉ်းပြတ်မရှိဘဲ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ဆဋ္ဌမ အကြောင်းတို့တွင် မျဉ်းပြတ်ရှိသည်ကို တွေ့ရှိပြီး ရှစ်ကြောင်းမြောက်တွင် မျဉ်းကြောင်းဖြတ် ၂ ခု ရှိနေသည်ကို တွေ့ရှိရသည်ဆိုသည်။ သက်သေခံ (ဠ) အိမ်ငှားစာချုပ်မှ လက်ဗွေတွင် လက်ဝဲဘက် အဆုံးသတ် ရဲဒင်းပုံအောက်ခြေမျဉ်းကြောင်းနှင့် ယှဉ်လျက်ရှိသော မျဉ်းကြောင်းများကို ကြည့်ပါက ပြတ်နေသောအရစ်အကြောင်းများ မရှိဘဲ တစ်ဆက်တည်းသွားသော အရစ်ကြောင်းများ ရှိသည်ဆိုလျှင်မဟုတ်ကြောင်း၊ (၅) ကြောင်းမြောက် အရစ်တွင် အကြောင်းဆက်ပြတ်တစ်ခုရှိကြောင်း၊ နံပါတ် (၈) အကြောင်းမှာ လက်ဝဲဘက်သို့ ဆက်ဆင်းမသွားဘဲ ပြတ်နေသည့်အနေအထားတွင် ရှိပြီး အဆိုပါမျဉ်းပြတ်နှင့် နံပါတ် (၉) မျဉ်းတို့မှာ ထိပြီး ဂွပုံသဏ္ဍာန် ထိလုနီးပါး ဖြစ်နေကြောင်း ထွက်ဆိုသည်။ ဒေါ်ခင်မြိုင်၏ လက်ဗွေသက်သေခံ (၃) (၃-၁) တွင် ဝဲဘက် ရဲဒင်းပုံမှ အောက် (၇) ကြောင်းခန့်ထိတွင် မျဉ်းကြောင်းပြတ်များ ရှိကြောင်း၊ ဝဲဘက်ရဲဒင်းပုံ အောက်ခြေမျဉ်းကြောင်းအောက်တွင် မျဉ်းကြောင်းတို တစ်ခုရှိပြီး ၎င်းအောက်တွင် နောက်ထပ်မျဉ်းကြောင်းတို တစ်ခုရှိကြောင်း၊ အဆိုပါ မျဉ်းကြောင်းတို ၂ ကြောင်းအောက်တွင် မျဉ်းကြောင်းပြတ်တစ်ခုရှိပြီး မျဉ်းပြတ်နှင့် တစ်ကြောင်းခြားတွင် အလားတူမျဉ်းကြောင်းပြတ် ရှိကြောင်း ထွက်ဆိုသည်။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com


(၆) ကြောင်းမြောက် (၇) ကြောင်းကြားတွင် အပေါ်သို့ ချိုင့်၍ ခုံး၍ မျဉ်းကြောင်းမှာ ဆက်စပ်မှုမရှိဘဲ တစ်သီးတစ်ခြားတည်ရှိပြီး မျဉ်း ၂ ကြောင်းကြားတွင် မျဉ်းပြတ် ၂ ခု ရှိနေကြောင်း ထွက်ဆိုသည်။ တစ်ဖန် သက်သေခံ (ည) အရောင်းအဝယ် စာချုပ်ရှိ လက်ဗွေတွင် အတွင်းအဆုံးသတ်၏ လက်ျာဘက်တည့်တည့် ၆ ၊ ၉ ၊ ၁၁ ၊ ၁၅ နှင့် ၁၇ ရစ်မြောက် ကြောင်းများမှာ ဝါးနေသဖြင့် ကြည့်၍မရကြောင်း၊ လက်ယာဘက်အဆုံးသတ်နှင့် အတွင်းအဆုံးသတ် အရစ်ကြောင်းများနှင့်ပတ်သက်၍ လက်ျာဘက်အပြင်အဆုံးသတ် တည်နေရာကို မှန်းဆ၍ ထောက်ပြနိုင်ပြီး အနည်းငယ် ဝါးနေသည့်အတွက် တိတိကျကျ ထောက်ပြ၍ မရနိုင်ကြောင်း၊ လက်ျာဘက်အပြင် အဆုံးသတ်မှ အတွင်းအဆုံးသတ်အထိ အရစ်ကြောင်း မည်မျှရှိသည်ကို ဝါးနေ၍ အတိအကျ မရေတွက်နိုင်ကြောင်း ထွက်ဆိုသည်။ သက်သေခံ (ဋ) အိမ်ငှားစာချုပ်ရှိ လက်ဗွေတွင် အတွင်းအဆုံးသတ် လက်ျာဘက် (၆) ရစ်နှင့် (၈) ရစ်အကြားတွင် အဖြူကွက်ကို မြင်နေရကြောင်း၊ အတွင်းအဆုံးသတ်၏ ၁၁ ရစ်မြောက်၌ အရစ် ကြောင်း ပြတ်နေပြီး အဆိုပါ နေရာမှ ဗဟိုချက်မသို့ ရေတွက်လျှင် အရေးအကြောင်း ၁၇ ကြောင်းခန့်ရှိကြောင်း ထွက်ဆိုသည်။ ဒေါ်ခင်မြိုင်၏ လက်ဗွေသက်သေခံ (၃)၊ (၃-၁) တို့တွင် အဆုံးသတ်၏ လက်ျာဘက် (၇) ကြောင်းမြောက်အရစ်ကို ထင်ရှားစွာ ကြည့်၍ရကြောင်း၊ အဆိုပါအကြောင်း၏ လက်ျာဘက်တည့်တည့် ကြောင်းဆက်ပြတ် မရှိကြောင်း၊ အတွင်းအဆုံးသတ်မှ လက်ျာဘက်တည့်တည့် ၉ ကြောင်းမြောက်တွင် အရစ်အကြောင်းပြတ်နေပြီး အဖြူကွက်ကလေး ပေါ်နေကြောင်း ထွက်ဆိုထားသည်။

အယူခံတရားလို ဒေါ်ခင်မြိုင်၏ ရှေ့နေက လက်ဗွေပါရဂူအား သက်သေခံ (ည) အရောင်းအဝယ်စာချုပ်ရှိ လက်ဗွေ၊ သက်သေခံ (ဋ) အိမ်ငှားစာချုပ်ရှိ လက်ဗွေ တို့နှင့် ရုံးရှေ့တွင် ရယူခဲ့သော ဒေါ်ခင်မြိုင်၏ လက်ဗွေတို့ကို နှိုင်းယှဉ်ပြသ၍ ပြန်လှန်မေးမြန်းရာ၌ ထွက်ဆိုချက်များကို ရည်ညွှန်း၍ လက်ဗွေပါရဂူအနေဖြင့် သက်သေခံ (ဂ) ပါ ပြန်ကြားချက်မှာ တိကျသေချာစွာ စစ်ဆေး၍ ပြန်ကြားချက် မဟုတ်နိုင်ဟု တင်ပြသည်။ အထက်တွင် လက်ဗွေပါရဂူ၏ ပြန်လှန်စစ်မေးရာ၌ ထွက်ဆိုချက်များကို စိစစ်ကြည့်လျှင် သက်သေခံ (ည) အရောင်းအဝယ်စာချုပ် သက်သေခံ (ဋ) အိမ်ငှား စာချုပ်တို့ရှိ လက်ဗွေနှင့် ဒေါ်ခင်မြိုင်၏ လက်ဗွေ (၃)၊ (၃-၁) တို့ရှိ လက်ဗွေတို့မှာ တူညီသည်ဟုဆိုရန် ခဲယဉ်းနေပေသည်။ ယင်းတို့သို့ မတူကွဲပြားသည်ကို အမှုတွင် ထည့်သွင်းစဉ်းစားရန် မလိုဟု ယူဆရပေသည်။ အဆိုပါ ပြန်လှန်စစ်မေးရာတွင် ထွက်ဆိုချက်နှင့် အမှုတွဲတွင် ပေါ်ပေါက်ချက်များအရ

www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပါရဂူ၏ စစ်ဆေးချက်မှာ တိကျသေချာမှုမရှိဟု ယူဆရန်ရှိနေ၍ **သက်သေခံ** (ည) နှင့် (ဋ) စာချုပ်များပေါ်ရှိ လက်ဗွေမှာ ဒေါ်ခင်မြိုင်၏ လက်ဗွေဖြစ်ကြောင်း သက်သေခံ (ဈ) အရ ပြန်ကြားချက်၊ လက်ဗွေပါရဂူ၏ ထင်မြင်ချက်မှာ မှန်ကန်သည်ဟု တထစ်ချ ကောက်ယူရန်မဖြစ်နိုင်ချေ။

ထို့ပြင် အမှုတွင် စာချုပ်များ ချုပ်ဆိုပေးခဲ့ရခြင်း၏ ရည်ရွယ်ချက်ကို စိစစ်ကြည့်ရန် လိုအပ်မည် ဖြစ်သည်။ ယင်းအခြေအနေကို သိရှိမှသာ စာချုပ်များမှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုခဲ့သော စာချုပ်များ ဟုတ်မဟုတ်ကို ဆန်းစစ်သိရှိနိုင်ပေမည်။ ထိုရည်ရွယ်ချက်ကို သိရှိနိုင်ရန်မှာ အမှုတွင် ပေါ်လွင်သော ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို လေ့လာစိစစ်ရန် လိုအပ်ပေသည်။

အယူခံတရားလို ဒေါ်ခင်မြိုင်က အချင်းဖြစ်ဥပစာကို ၅-၆-၅၇ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၈၈၈/၅၇ အရ တန်ဖိုးငွေကျပ် ၁၀၀၀၀ိ/- ဖြင့် ဝယ်ယူခဲ့သည့်မြေနှင့်အိမ်ကို ၂၃-၁-၅၈ နေ့ဖြစ်သော မကြာမီကာလတွင် မှတ်ပုံတင်စာချုပ်အမှတ် ၇၃/၅၈ အရ တန်ဖိုးငွေကျပ် ၃၀၀၀ိ/- ဖြင့် အရှုံးခံ ရောင်းချခဲ့သည် ဆိုခြင်းကိုလည်း သဘာဝတရားအရ စဉ်းစားသင့်သည်။ ထို့ပြင် အချင်းဖြစ်မြေနှင့်အိမ်ကို နှစ် (၃၀) ကျော်အတွင်း လက်ရောက်ရရှိရန် ကြိုးစားအားထုတ်ခြင်း၊ အရေးဆိုခြင်း တစ်စုံတစ်ရာမရှိခဲ့သည့်အပြင် အိမ်လခ ၅ဝိ/- ဖြင့် ရောင်းသူ ဒေါ်ခင်မြိုင်အား ပြန်လည်အငှားချထားခဲ့သည်ဆိုသော်လည်း အိမ်ငှားရမ်းခများကို ရရှိအောင် ထိရောက်စွာ တောင်းဆိုခဲ့ခြင်းမရှိချေ။ ထိုသို့ အိမ်ငှားခများကို ဒေါ်ခင်မြိုင်က ပေးကြောင်းကိုလည်း အယူခံတရားပြိုင် ဦးစိန်သန်း တို့ဘက်မှ ပြေစာ အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိပေ။ ဒေါ်ခင်မြိုင်က ငှားရမ်းခ ပေးရန်ပျက်ကွက်၍ တစ်စုံတစ်ရာ အရေးယူခဲ့ဖူးကြောင်းလည်း မတင်ပြနိုင်ချေ။ အယူခံတရားပြိုင်များက အချင်းဖြစ်မြေနှင့်အိမ်ကို ၂၃-၁-၅၈ နေ့တွင် ဝယ်ယူခဲ့သည် ဆိုသော်လည်း ထိုသို့ ဝယ်ယူသည့်နေ့နောက်ပိုင်း ၃၁-၁-၅၉ နေ့တွင်ပင် ဒေါ်ခင်မြိုင်၏ အမည်ဖြင့် ဂရန်အမည်ထွက်ခဲ့သည်။ ဒေါ်ခင်မြိုင် ဂရန်အမည်ပေါက်ခဲ့၍ အယူခံတရားပြိုင်တို့က အမည်ပြောင်းလျှင်လည်း ဒေါ်ခင်မြိုင်၏ အရင်ပိုင်ရှင်ဖြစ်ခဲ့သည့် ဒေါ်တင်နှင့် မောင်ကျော်သိန်း တို့၏ အမည်မှတစ်ဆင့် ပြောင်းခဲ့သည်မှာလည်း သဘောမရိုးဟု ဆိုရန်ရှိသည်။ ဒေါ်ခင်မြိုင်နှင့် ၎င်း၏ဆွေမျိုး မိသားစုတို့သည် အချင်းဖြစ်ဥပစာကို နှစ်ပေါင်း (၃၀) မျှ လက်ရှိသုံးစွဲနေထိုင်ခြင်း၊ မြေခွန်များကို ထမ်းဆောင်ခဲ့ခြင်း၊ ဆွေမျိုးမတော်စပ်သူများကို ဤမျှ အချိန်ကြာမြင့်စွာ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခွင့်ပြုခဲ့ခြင်း၊ အိမ်လခများပင်မရရှိဘဲ အချိန်ကြာမြင့်စွာ နေထိုင်စေခဲ့ခြင်း စသည်များကို ထောက်ဆလျှင် အဆိုပါစာချုပ်များမှာ အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုထားသော စာချုပ်များမဟုတ်ဘဲ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် ချုပ်ဆိုခဲ့သော ဟန်ဆောင်စာချုပ်သာဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။ ထိုသို့ ဟန်ဆောင် ချုပ်ဆိုထားသော စာချုပ်များဟု ပေါ်ပေါက်ပါက အဆိုပါစာချုပ်များကို ပျက်ပြယ်ကြောင်း မြွက်ဟပေးရန်သာ ရှိသည်။

ထို့ပြင် လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် ကျွမ်းကျင်သူ၏ ထင်မြင်ချက် ဖြစ်၍ သက်သေခံဝင်သော်လည်း လက်ဗွေပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းကိုသာ လက်ခံ၍ အဆိုပါစာချုပ်များ၏ ရည်ရွယ်ချက်ကို မဆန်းစစ်ဘဲ ဒေါ်ခင်မြိုင်၏ လက်ဗွေနှင့်လက်မှတ်များဖြစ်သည်ဟု ကောက်ယူကာ မမှန်မကန်ပြုလုပ်ထားသော စာချုပ်များမဟုတ်ဟု မူလရုံးက ဆုံးဖြတ်ခဲ့သည်မှာ အမှုတွင်ပေါ်လွင်သော သက်သေခံ အထောက်အထားများအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် အယူခံကို ခွင့်ပြု၍ မူလရုံး၏ ၁၇-၆-၉၁ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၇၃/၁၉၅၈ နှင့် ၁-၂-၅၈ ရက်စွဲပါ အိမ်ငှားကတိစာချုပ်များသည် တရားမဝင်၊ ပျက်ပြယ်သော စာချုပ်များဖြစ်ကြောင်း မြွက်ဟကြေညာသည့်အမိန့်ကို ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

ပုံ/- xxxx
**တရားသူကြီး**

ဿဿဿဿဿ

တရားရုံးချုပ်မှ စီရင်ချက်ချမှတ်ပြီးနောက်ပိုင်း ကိုထက်ဝင်းနှင့် ကျွန်တော်တို့ ဆုံကြသည့်အခါ ကိုထက်ဝင်း က -

" ဆရာ - အခု ကျွန်တော်တို့အမှု တရားရုံးချုပ်မှာ နိုင်သွားပြီဆိုတော့ လုံးဝပြီးသွားပြီပေါ့နော်။ သူတို့ဘက်က ဘာမှဆက်လုပ်လို့မရတော့ဘူး ပေါ့ "

ဟု မေးလာသဖြင့် ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" ပြီးသွားပြီလို့တော့ ပြောလို့မရသေးဘူးဗျ။ သူတို့အနေနဲ့ **အထူးအယူခံ** တက်မယ်ဆိုရင် တက်ဖို့အခွင့်အရေးတစ်ကြိမ်ရှိသေးတယ်။ **အဲဒီ** အထူးအယူခံ ဝင်ခွင့်မရဘူးဆိုရင်တော့ လုံး၀ ပြီးသွားပြီပေါ့ဗျာ "

ဟု ရှင်းပြလိုက်ပါသည်။ ကိုထက်ဝင်း က -

" ဒါဆို သူတို့တက်လိမ့်မယ်နဲ့တူတယ်ဆရာ။ တကယ်လို့ သူတို့အယူခံ ထပ်တက်ခဲ့ရင် ဆရာဆက်ပြီးကူညီပါအုံးနော် "

ဟုပြောလာရာ ကျွန်တော်က -

" ကိုထက်ဝင်း ရေ - ဒါတော့ပြောဘို့ကိုမလိုပါဘူးဗျာ။ ကျွန်တော်ပြီးအောင် လုပ်ပေးမှာပါ။ "

ဟု ကတိပေးလိုက်ရာ ကိုထက်ဝင်း ကျေနပ်သွားပုံ ရပါသည်။

ကိုထက်ဝင်း တွေးထင်ထားသည့်အတိုင်းပင် ဦးစိန်သန်း တို့ဖက်က နောက်ပိုင်းတွင် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သဖြင့် ကျွန်တော်က ဆက်လက် ဆောင်ရွက်ပေးခဲ့ရပါသည်။

ꩤꩤꩤꩤꩤ

တရားရုံးချုပ်၏ စီရင်ချက်အပေါ် ဦးစိန်သန်း တို့က မကျေနပ်သဖြင့် အထူးအယူခံမှု ဖွင့်လှစ်ကြားနာပေးရန်အတွက် တရားရုံးချုပ်သို့ တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ်-၃၄၄/၉၂ ဖြင့် ဆက်လက်တက်ရောက်ခဲ့ သော်လည်း ၄င်းတို့၏ လျှောက်ထားချက်ကို တရားရုံးချုပ်၊ တရားသူကြီး (၂) ပါးထိုင် ခုံရုံးက ကြားနာပြီးနောက် လက်မခံဘဲ ပလပ်ကြောင်း (၉-၁၂-၉၃) နေ့တွင် အမိန့်ချမှတ်ခဲ့ပါသည်။

အပြန်အလှန် တင်ပြချက်များကို အကျယ်မဖော်ပြတော့ပါ။ (၉-၁၂-၉၃) ရက်စွဲပါ တရားရုံးချုပ်တရားသူကြီး (၂) ပါးထိုင် ရုံးတော်၏ စီရင်ချက်အမိန့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စီရင်ချက်အမိန့်

နေ့စွဲ ၊ ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် - ၃၈ (ဂ)/၉၀ တွင် တရားလို ဒေါ်ခင်မြိုင် (၎င်း၏ကိုယ်စားလှယ် ဦးစိုးကျော်) က တရားပြိုင် ဦးစိန်သန်းနှင့် ဦးအောင်ထွန်း တို့အပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၄၂ အရ စာချုပ်စာတမ်းများ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် စာချုပ်များကို ပယ်ဖျက်ပေးရန် စွဲဆိုရာ တိုင်းတရားရုံးက တရားလိုစွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် တရားလို ဒေါ်ခင်မြိုင်က တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ်-၁၆၆/၉၁ တွင် အယူခံဝင်ရောက်ရာ တရားရုံးချုပ်က အယူခံကို ခွင့်ပြု၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်-၇၃/၁၉၅၈ ခုနှစ် နှင့် ၁-၂-၅၈ ရက်နေ့စွဲပါ အိမ်ငှားကတိစာချုပ်များသည် တရားမဝင် ပျယ်ပြယ်သော စာချုပ်များဖြစ်ကြောင်း မြွက်ဟကြေညာသည့်ဒီကရီ ချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားပြိုင် ဦးစိန်သန်းနှင့် ဦးအောင်ထွန်းတို့က မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ - ၆ အရ အထူးအယူခံ ဝင်ခွင့်ပြုရန် ဤတရားမ အထွေထွေလျှောက်လွှာကို တရားရုံးချုပ်သို့ တင်သွင်းလာခြင်း ဖြစ်သည်။

တရားရုံးချုပ်သည် ပထမအယူခံမှုကို ၁၀-၁၁-၉၁ ရက်နေ့တွင် ပထမ ကြားနာပြီး ခိုင်မာသော သက်သေခံချက်အပေါ် အခြေပြုဆုံးဖြတ်နိုင်ရန်နှင့် တရားမျှတမှုရှိစေရန်အတွက် အမှုတွင်အဓိက ဆုံးဖြတ်ရန် အရေးပါသည့် သက်သေဖြစ်သူ လက်ဗွေပါရဂူ (လက်ဗွေကျွမ်းကျင်သူ) အား မူလရုံးမှ ထပ်မံ စစ်ဆေး၍ သက်သေခံချက်များကို ရယူစေကာ အပြီးသတ် ကြားနာဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။

မူလအမှုတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် - ၇၃/၅၈ ပေါ်ရှိ " မခင်မြိုင် " ဟူသော လက်မှတ်နှင့်စပ်လျဉ်း၍ ဒေါ်ခင်မြိုင် ရေးထိုးထားသော လက်မှတ်ဟုတ်မဟုတ်ဟူသော အချက်ကို လက်ဗွေပါရဂူမှ ထင်မြင်ချက်ပေးထားခြင်း မရှိဘဲ ၁-၂-၅၈ ရက်နေ့စွဲပါ အိမ်ငှားကတိစာချုပ်ပေါ်ရှိ လက်ဗွေမှာ ဒေါ်ခင်မြိုင်၏ လက်ဝဲလက်မလက်ဗွေပုံစံနှင့်တူညီကြောင်း ထင်မြင်ချက်ပေးခဲ့သည်။ သို့ရာတွင် တရားရုံးချုပ်သည် လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များကို အသေးစိတ် လေ့လာစိစစ်ပြီး အရောင်းအဝယ် စာချုပ်နှင့် အိမ်ငှားစာချုပ်တို့ရှိ ဒေါ်ခင်မြိုင်၏ လက်ဗွေများမှာ

www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များအရပင် တူညီသည်ဟုဆိုရန် **ခဲယဉ်းကြောင်း** လက်ဗွေပုံစံ စိစစ်ရာ၌ အဓိကကျသော အချက်ကြီး (၇) ချက်နှင့် **ကိုက်ညီခြင်း** မရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် သက်သေခံ (စျ) အရ ပြန်ကြားချက်နှင့် လက်ဗွေပါရဂူ ထင်မြင်ချက်များမှာ မှန်ကန်သည်ဟု တထစ်ချ ကောက်ယူ၍ မဖြစ်နိုင်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့ခြင်းဖြစ်သည်။

**တရားရုံးချုပ်သည် မူခင်းတပ်ဖွဲ့၏ ထင်မြင်ချက် လက်ဗွေပါရဂူ၏ ထင်မြင်ချက်များကို သက်သေခံမဝင်ဟု ဆုံးဖြတ်ခဲ့ခြင်းမရှိပေ။ သက်သေခံ အထောက်အထားများအဖြစ် လက်ခံသုံးသပ်ပြီး ယင်းသက်သေခံများ၏ တန်ဖိုးကို စိစစ်သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။** ထို့ပြင် စာချုပ် ချုပ်ဆိုခဲ့ကြသည်ဆိုသော အခြေအနေနှင့်စပ်လျဉ်း၍ ဒေါ်ခင်မြိုင်သည် အချင်းဖြစ် ဥပစာကို ၅-၆-၅၇ ရက်နေ့တွင် မှတ်ပုံတင်စာချုပ်ပြုလုပ်၍ ငွေကျပ် ၁၀၀၀၀ိ/- ဖြင့် ဝယ်ယူခဲ့ပြီးနောက် ၂၃-၁-၅၈ ရက်နေ့တွင် ငွေကျပ် ၃၀၀ဝိ/- ဖြင့် အရှုံးခံ၍ ရောင်းချခဲ့သည်ဟူသော အချက်သည် သဘာဝယုတ္တိနှင့် ဆန့်ကျင်သည့်အပြင် မိမိ ဝယ်ယူထားသည့် မြေနှင့်အိမ်ကို အနှစ် ၃၀ ကျော် လက်ရောက်ရရှိရန် ကြိုးစားအားထုတ်မှု၊ အရေးဆိုမှုမရှိခြင်း၊ ဒေါ်ခင်မြိုင်အား ပြန်လည်အငှားချထားခဲ့သည် ဆိုသော်လည်း အိမ်ငှားရမ်းခများ တောင်းခံရယူခဲ့ကြောင်း မပေါ်ပေါက်ခြင်း၊ လျှောက်ထားသူတို့က မှတ်ပုံတင်စာချုပ်ဖြင့် ၂၃-၁-၅၈ ရက်နေ့တွင် ဝယ်ယူခဲ့သည်ဟု ဆိုသော်လည်း ၃၁-၁-၅၉ ရက်နေ့တွင် ဒေါ်ခင်မြိုင် အမည်ကို ချန်လှပ်၍ မရိုးမသား လွှဲပြောင်းရယူခဲ့ခြင်း၊ ဒေါ်ခင်မြိုင်တို့ မိသားစုသည် နှစ်ပေါင်း ၃၀ ကျော် အချင်းဖြစ်ဥပစာကို လက်ရှိနေထိုင်သုံးစွဲလျက်ရှိခြင်း၊ ဒေါ်ခင်မြိုင် အမည်ဖြင့် မြေခွန်များ ထမ်းဆောင်ခဲ့ခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစားလျက် ဖော်ပြပါစာချုပ်များသည် မရိုးမသား မမှန်မကန် ပြုလုပ်ထားသော စာချုပ်များ ဖြစ်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **ထို့ကြောင့်ပင် လက်ဗွေပါရဂူ၏ ထင်မြင်ချက်သည် ကျွမ်းကျင်သူ၏ ထင်မြင်ချက်ဖြစ်၍ သက်သေခံဝင်သော်လည်း လက်ဗွေပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းကိုသာ လက်ခံ၍ အဆိုပါ စာချုပ်များ၏ ရည်ရွယ်ချက်ကို မဆန်းစစ်ဘဲ ဒေါ်ခင်မြိုင်၏ လက်ဗွေလက်မှတ်များ မှန်ကန်သည်ဟု မူလရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ အမှုတွင် ပေါ်လွင်နေသော သက်သေခံအထောက်အထားများအရ မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း** ပေါ်ပေါက်လျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖော်ပြပါအမှုတွင် ပေါ်ပေါက်လျက်ရှိသော အထောက်အထားများအပေါ် အသေးစိတ် လေ့လာစိစစ်လျက် ဆုံးဖြတ်ခဲ့သည့် တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီတွင် စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာစီရင်ရန် အရေးယူ လောက်သော ပြဿနာပေါ်ပေါက်ခြင်းမရှိသဖြင့် ဤတရားမ အထွေထွေ လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ငွေကျပ် ၁၅ဝ/- သတ်မှတ်သည်။

ပုံ/- × × × ပုံ/- × × ×
အဖွဲ့ဝင် သဘာပတိ

ꩤꩤꩤꩤꩤ

ဤတွင် ဒေါ်ခင်မြိုင်၏ အမှုအပြီးသတ် အနိုင်ရရှိပြီး ဆုံးခန်းတိုင်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်၏ အတွေးများကား မဆုံးသေးပါ။

ဤအမှုကို ဆရာ ဦးသိန်းလွင် ယူလာ၍အပ်သည့်အချိန်မှာ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလဆန်းပိုင်းတစ်နေ့ နံနက်ခင်းတွင်ဖြစ်ပါသည်။ အမှုအဆုံးသတ်သည့် နေ့မှာလည်း ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့ နံနက် (၁၀) နာရီအချိန်ဖြစ်ရာ (၄) နှစ်တိတိ အပြင်းအထန်၊ အကြိတ်အနယ် ဆိုင်ပြိုင်ခဲ့ကြပြီးမှ အပြီးသတ် အဖြေပေါ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။

မူလ တရားစွဲဆိုခဲ့သည့် အောက်ရုံးတွင် ကျွန်တော်တို့ ရှုံးနိမ့်ခဲ့၍ စိတ်ဆင်းရဲခြင်းဖြစ်ခဲ့ရသော်လည်း တရားရုံးချုပ် ပထမအယူခံရုံးတွင် အနိုင်ပြန်ရခဲ့သည့်အတွက် ဝမ်းသာမိသည်ကား အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်တော့် အနေဖြင့် စိတ်ချလက်ချ ဝမ်းမသာနိုင်ပါ။ မူလရုံးဆုံးဖြတ်ချက်နှင့် ပထမအယူခံရုံး ဆုံးဖြတ်ချက်တို့ သဘောထားကွဲလွဲနေသည့်အတွက် အထူးအယူခံမှုတွင် ဆုံးဖြတ်ချက် အပြောင်းအလဲဖြစ်နိုင်ပါသေးသည်။

ဤအချက်ကို ကိုထက်ဝင်း ကိုလည်းကောင်း၊ ဆရာ ဦးသိန်းလွင် ကိုလည်းကောင်း ကျွန်တော်မပြောခဲ့ပါ။ မသေချာ မရေရာသေးသည့်ကိစ္စတစ်ရပ် အတွက် သူတို့စိတ်မဆင်းရဲစေလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤအမှုကိုလက်ခံ၍ စတင်ဆောင်ရွက်ခဲ့စဉ်က **ဤအမှုနိုင်မည်ဟု** ကျွန်တော် ထင်မြင်ယူဆခဲ့မိပါသည်။ လက်ဗွေပါရဂူကို အားကိုး၍ **အနိုင်ရမည်ဟု** ထင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း လက်တွေ့တွင် ကျွန်တော်ထင်သလို ဖြစ်မလာပဲ ကျွန်တော်အားကိုးသည့် လက်ဗွေပါရဂူကြောင့် အောက်ရုံးတွင် ကျွန်တော် အမှုရှုံးခဲ့ရပါသည်။

အောက်ရုံးတွင် အမှုရှုံး၍ ကျွန်တော်အလွန်စိတ်ထိခိုက်ခဲ့ရသော်လည်း ကျွန်တော် စိတ်ဓါတ် ကျမသွားဘဲ ဆက်လက်၍ဆိုင်ပြိုင်ကြိုးစားရန် စိတ်ဓါတ် ပြင်းပြနေမိခဲ့ပါသည်။ လက်ဗွေပါရဂူက လက်ဗွေများ တူညီကြောင်း တရားဝင် ထင်မြင်ချက်ပေးခဲ့သော်လည်း အဆိုပါထင်မြင်ချက် မှားသည်ဟု ကျွန်တော် အခိုင်အမာ ယုံကြည်နေဆဲဖြစ်ပါသည်။ ထို့ကြောင့်လည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကျွန်တော်ကြိုးစားခဲ့ရာ ကျွန်တော်၏ ကြိုးစားမှုများ အရာထင်ခဲ့ပြီး အဆုံးတွင် အနိုင်ရရှိခဲ့ပါသည်။

အမှုသည်များနှင့် မိသားစုဝင်များ အလွန်ဝမ်းသာ ပျော်ရွှင် ကြရပါသည်။ ကျွန်တော့်ထံ အမှုယူလာ၍ အပ်ပေးသူ ဆရာ ဦးသိန်းလွင်လည်း ဝမ်းသာယုံမျှမက ဂုဏ်ယူနိုင်သည့်အခြေအနေရှိအောင် ဖြစ်စေခဲ့သဖြင့်လည်း အားလုံးဝမ်းသာကြရ ပါသည်။ ကျွန်တော်အပါအဝင် ကျွန်တော်၏ မိသားစုဝင်များပါ ဝမ်းသာကြရပါသည်။

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလဆန်း နံနက်ခင်း၊ ရှားပါးလှသည့် အေးစိမ့်စိမ့် အရသာလေး ခံစားနေစဉ် ဆရာ ဦးသိန်းလွင် ယူဆောင်လာသည့် **ကိုထက်ဝင်း၏** အမှုသည် ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလဆန်း (၉) ရက်နေ့ နံနက် (၁၀) **နာရီတွင်** အဆုံးသတ်ခဲ့သည့် တိုက်ဆိုင်မှုအား ကျွန်တော်၏ ဘဝတစ်သက် **မေ့နိုင်မည်** မဟုတ်တော့ပါတကား။

( ဤတွင် ဒေါ်ခင်မြိုင်၏ အမှုအကြောင်း ရေးသား၍ ပြီးဆုံးပါပြီ။ )

၆-၁၁-၂၀၁၀
ည (၈ း ၄၅) နာရီ

*****

www.burmeseclassic.com

www.burmeseclassic.com



## အမှုပြီးဆုံးသော်လည်း မဆုံးသေးသောပြစ်ရပ်များ

တရားရုံးချုပ်ရှေ့နေကြီး ဦးသိန်းဟန်၏ ထင်မြင်ချက်

တရားရုံးချုပ်တွင် ပထမဦးဆုံး ကျွန်တော်တို့ အနိုင်ရရှိပြီး နောက်တစ်ရက်တွင် ဆရာဦးသိန်းဟန်ထံ ကျွန်တော်သွားရောက်တွေ့ဆုံကာ ကျွန်တော်တို့ အမှုနိုင်ကြောင်း၊ စာချုပ်များကို တရားရုံးချုပ်က ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ပြောပြရာ ဆရာ အလွန်အမင်းအံ့ဩဝမ်းသာသွားသည်ကို တွေ့ရပါသည်။ ထို့ပြင်ဆရာက -

" ဒီအမှုဟာ အလွန်ထူးခြားတဲ့အမှုတစ်ခုဖြစ်တယ်ဗျ။ နှစ်ကြိမ်တောင် ကြားနာပြီး ဆုံးဖြတ်ခဲ့တာဖြစ်လို့ စီရင်ထုံးတောင် ဖွဲ့နိုင်တယ်ဗျ။ စီရင်ထုံး မဖွဲ့လည်း ကျွန်တော်တို့ရှေ့နေတွေ ကိုးကားလို့ကောင်းမယ့် စီရင်ချက်တစ်ခု ဖြစ်တယ်ဆိုတာကိုတော့ သေသေချာချာ ပြောနိုင်တယ်ဗျ။ "

ဟု ထင်မြင်ချက်ပေးပြီးနောက် သူ၏အတွေ့အကြုံအရ လက်ဗွေပါရဂူ၏ ထင်မြင်ချက်နှင့်ဆန့်ကျင်၍ တရားရုံးက ဆုံးဖြတ်သည့်စီရင်ချက်များ မြန်မာနိုင်ငံတွင် မရှိသလောက် ရှားပါးကြောင်း၊ တရားရုံးချုပ် တရားသူကြီး၏ ဆင်ခြင်သုံးသပ်ပုံသည် အလွန်လေးစားဘွယ်ကောင်းကြောင်း၊ တရားသူကြီး၏ သတ္တိရှိရှိ ဆုံးဖြတ်ပုံ အတွက်လည်း ဂုဏ်ယူမိကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။ ကျွန်တော့်ကိုလည်း ချီးကျူးစကား ပြောပါသည်။

### ကျွန်တော်တို့ကို အရှုံးပေး ဆုံးဖြတ်ခဲ့သည့် မူလရုံးတရားသူကြီး၏ ဆွေးနွေးပြောဆိုချက်

မူလရုံးတရားသူကြီး ဦး ( မိုး ) သည် ဤအမှုကို စိတ်ဝင်စားမှု အပြည့်ဖြင့် တရားမျှတစွာ စစ်ဆေးပေးခဲ့ပါသည်။

ပထမအကြိမ် စစ်ဆေးဆုံးဖြတ်ပြီးနောက် ကျွန်တော်တို့ကို အရှုံးပေးခဲ့သူ မူလရုံးတရားသူကြီးသည် နောက်တစ်ကြိမ်ပြန်စစ်ပေးရန် တရားရုံးချုပ်အမိန့်အရ စစ်ဆေးရာတွင် ယခင်ကထက် ပိုမို စိတ်ဝင်စားစွာဖြင့် အလေးအနက်ထားပြီး အမှုကို တရားမျှတစွာ စစ်ဆေးပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးချုပ်က အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ပေးပြီးနောက် အောက်ရုံးသို့ အမှုတွဲကို ပြန်ပို့သည့်အခါ တရားရုံးချုပ်၏ စီရင်ချက်မိတ္တူတစ်စောင်ကိုပါ ပူးတွဲပေးပို့ရသည့်အတွက် အောက်ရုံး တရားသူကြီးအနေဖြင့် သူ၏ စီရင်ချက်အား အထက်ရုံးက ပြင်ဆင်လိုက်သည့်ကိစ္စကို သိခွင့်ရရှိခဲ့ပါသည်။

တရားရုံးချုပ်မှ အပြီးသတ်အမိန့်ချမှတ်ပြီးနောက် ကျွန်တော့်စိတ်အထင် (၂) လခန့်အကြာ တစ်နေ့တွင် အောက်ရုံးမှ စာရေးကြီးနှင့်တွေ့ရာ စာရေးကြီးက-

“ ဟာ - ဆရာနှင့်တွေ့တာအတော်ဘဲဗျာ။ ကျွန်တော့်ဆရာက ဆရာကို တွေ့ချင်လို့ ကျွန်တော့်ကို ရှာခိုင်းထားတာ တစ်ပါတ်လောက်တောင် ရှိနေပြီ။ အဲဒါအားရင် ကျွန်တော့် ဆရာနဲ့ ခဏလောက်ဝင်တွေ့လိုက်ပါလား ”

ဟု ပြောလာပါသည်။ သူ့ဆရာဆိုသည်မှာ အောက်ရုံးတရားသူကြီးကို ဆိုလိုပါသည်။ ကျွန်တော်က စာရေးကြီးအား အမှုတစ်ခု ရက်ချိန်းယူပြီးရင် ဝင်တွေ့မည်ဖြစ်ကြောင်း ကတိပေးလိုက်ပါသည်။

နေ့ခင်းဘက် တစ်နာရီကျော်ကျော်လောက်တွင် ရုံးချိန်းကိစ္စများပြီး၍ တရားသူကြီး ဦး ( မိုး ) ၏ ရုံးခန်းသို့သွားရောက်ခဲ့ရာ တရားခွင်နားနေသည့် အခိုက်အတန့်နှင့် ကြုံကြိုက်နေပါသည်။ စာရေးကြီးက ကျွန်တော့်ကိုမြင်သည်နှင့် ကြိုဆိုပြီး သူ့ဆရာ၏ နားနေခန်းအတွင်းဝင်ရောက်၍ သတင်းပို့ပါသည်။ ထို့နောက် ချက်ချင်းပြန်ထွက်လာပြီး ကျွန်တော့်ကို အခန်းထဲသို့ဝင်ရန် ပြောသဖြင့် ကျွန်တော် လည်း တရားသူကြီး နားနေခန်းထဲဝင်သွားပြီး နှုတ်ဆက်စကားပြော၍ သူ၏ရှေ့ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

ထို့နောက် တရားသူကြီးက ကျွန်တော့်အား -

“ ဆရာ ဦးကိုနီ အချိန်ရရဲ့လား ”

ဟု မေးရာ ကျွန်တော်က အားပါကြောင်းပြောလိုက်ရာ သူက စာရေးကြီးကိုခေါ်၍ ကျွန်တော့်အတွက် ကော်ဖီစီစဉ်ခိုင်းပါသည်။ သူက ကျွန်တော်နှင့် အေးအေးဆေးဆေး စကားပြောလိုကြောင်းသိရသဖြင့် မငြင်းတော့ဘဲ စာရေးကြီးကို “ လက်ဖက်ရည်ချိုပေါ့ ” စီစဉ်ပေးရန် ပြောလိုက်ပါသည်။ ထို့နောက် -

“ ဆရာ ( မိုး ) ဘာကိစ္စများရှိလို့လဲ ”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ပါသည်။ ( သူနှင့် ကျွန်တော် ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်ကြသူများ ဖြစ်ကြပါသည်။ ရုံးရှေ့တွင် ရုံးပုံစံစကားပြောသော်လည်း ပြင်ပတွင် ရင်းရင်းနှီးနှီး စကားပြောကြပါသည်။ ကျွန်တော်က သူ့ထက် ၄/၅ နှစ်ခန့်ကြီးသည်ဖြစ်၍ သူက ကျွန်တော့်ကို အကိုကြီးသဖွယ် ဆက်ဆံပါသည်။ ) ကျွန်တော့်မေးခွန်း ဆုံးသည်နှင့် -

" ဒေါ်ခင်မြိုင် တို့အမှုတွဲကြီးကို တရားရုံးချုပ်က ပြန်ပို့လာလို့ တရားရုံးချုပ်ရဲ့ စီရင်ချက်ကို ကျွန်တော်ဖတ်ကြည့်လိုက်ပြီး အရမ်းအံ့ဩသွားမိတယ်။ ဘယ်လိုဖြစ်လို့ ကျွန်တော်ရဲ့ အမိန့်ကို ပြင်လိုက်သလဲဆိုတာ စဉ်းစားမရအောင် ဖြစ်မိပါတယ်။ ဒါကြောင့် ဆရာဦးကိုနီကို အကျိုးအကြောင်း မေးချင်လို့ စာရေးကြီးကို လွှတ်ခဲ့တဲ့ (၂) ပါတ်လောက်ထဲက ဦးကိုနီ ကိုတွေ့ရင် ပြောပေးဘို့မှာထားတာ ဒီနေ့မှ တွေ့ရတာဘဲဗျာ "

ဟု ပြောလာပါသည်။ ကျွန်တော်က

" ကျွန်တော် ကြိုးစားပြီးလုပ်နေတာ ဆရာ (မိုး) လည်း တွေ့တာဘဲ။ ဒါပေမဲ့ ဆရာ (မိုး) ရဲ့ ကျေးဇူးတွေလည်း အများကြီးပါပါတယ် "

ဟု ပြောလိုက်ရာ အံ့ဩသွားဟန်ဖြင့် တရားသူကြီး က -

" ကျွန်တော့်ရဲ့ကျေးဇူးက ဘယ်လိုပါရတာလဲဗျ။ ကျွန်တော်က ဆရာတို့ ဘက်ကို အရှုံးပေးဆုံးဖြတ်ခဲ့တာပဲဟာ။ ကျွန်တော်မရှင်းမလင်း ဖြစ်နေတာ က ကျွန်တော့်ဆုံးဖြတ်ချက် ဘာမှားသွားသလဲဆိုတဲ့အချက်ပဲ။ အဲဒါ အခုထိ စဉ်းစားလို့မရသေးဘူးဗျာ။ ဒါကြောင့် ဆရာနဲ့တွေ့ပြီး မေးချင်နေတာ။ လက်ဝှေ့ပါရဂူရဲ့ ထင်မြင်ချက်နဲ့ ဆန့်ကျင်ပြီး အမှုကို ဆုံးဖြတ်လိုက်တာ ဘယ်လိုအကြောင်းအချက်တွေကြောင့်လဲ ဆိုတာကို အမိက သိချင်တာပါ။ စီရင်ချက်မှာပါတဲ့ အကြောင်းပြချက်တွေကိုတော့ ကျွန်တော်ဖတ်ပြီးပါပြီ။ စီရင်ချက်မှာမပါတဲ့ အချက်တွေ " ဥပမာ " ဆရာတို့ နှစ်ဖက်ရှေ့နေတွေ တရားရုံးချုပ်မှာ ဘာတွေပြောကြ၊ ဆိုကြတယ် ဆိုတာတွေကို ဖြစ်နိုင်ရင် ပြောပြပါလားဗျာ "

ဟု မေတ္တာရပ်ခံသည့်ဟန်ဖြင့် တောင်းဆိုလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် - " ခင်ဗျားရဲ့ကျေးဇူးတွေ အများကြီးပါတယ်ဆိုတာ တကယ် အလေးအနက် ပြောတာပါဗျာ။ ခင်ဗျားအမှုစစ်ပေးတာတာ သိပ်ပြီး တရားမျှတတယ်။ နှစ်ဖက်လုံး အခွင့်အရေး အပြည့်အဝ ပေးပြီး လက်ဗွေပါရဂူကို စစ်ဆေးစေခဲ့တယ်။ အဲဒီအကြောင်း ကြောင့် ကျွန်တော်နိုင်တာလို့တောင် ဆိုနိုင်ပါတယ် "

တရားသူကြီး - " ဟာဗျာ ဆရာကလည်း ကျွန်တော့်ကို ပဟေဠိ လုပ်နေပြန်ပြီ "

ကျွန်ုပ် - " မဟုတ်ဘူး၊ ကျွန်တော်အတည်ပြောနေတာ။ လက်ဗွေပါရဂူရဲ့ ထွက်ချက်ကြောင့်ဘဲ ကျွန်တော့်အမှုနိုင်တာ "

တရားသူကြီး - " လက်ဗွေပါရဂူက ဆရာ့ဘက်ကိုမှ မထောက်ခံဘဲ "

ကျွန်ုပ် - ဆရာ (မိုး) က လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ကို ပြောနေတာကိုး။ တကယ်တော့ သူ့ရဲ့ထင်မြင်ချက်မမှန်ဘူးဆိုတာ သူကိုယ်တိုင် ရုံးရှေ့အစစ်ခံချက်တွေအရပဲ ထင်ရှားသွားပြီဗျ "

တရားသူကြီး - " ဟုတ်လား။ အဲဒါလေးတွေ နည်းနည်းပါးပါးလောက် ပြောပြ ပါလားဗျာ "

ကျွန်ုပ် - " အဲဒါပြောရမယ်ဆိုရင်တော့ နည်းနည်းရှည်လိမ့်မယ်ဆရာ (မိုး)၊ ဘာကြောင့်လဲ ဆိုတော့ လက်ဗွေပါရဂူကို ကျွန်တော်စစ်တာ (၆) ချိန်းလောက်ရှိလိမ့်မယ်ထင်တယ်။ အဲဒီ သူ့ရဲ့ထွက်ဆိုချက်တွေကို ကျွန်တော်က ပန်းချီဆရာနဲ့ ပုံဆွဲပြီး တင်ပြလိုက်တော့ သူ့ ထွက်ဆိုချက်အရဘဲ လက်ဗွေ (၃) ခု တစ်ခုနှင့်တစ်ခု မတူဘူး ဆိုတာ ထင်ရှားနေပြီလေ "

တရားသူကြီး - " ဆရာက တရားရုံးချုပ်မှာ လျှောက်လဲချက်ပေးတော့ လက်ဗွေ တွေကို ပန်းချီဆရာနဲ့ ပုံဆွဲပြီးမှ တင်ပြတယ်ဟုတ်လား "

ကျွန်ုပ် - " ဟုတ်တယ် ဆရာ (မိုး) "

တရားသူကြီး - " တော်တော်ဆန်းကြယ်တာဘဲဗျာ။ ကျွန်တော်တို့အဆင့်ကတော့ လက်ဗွေပါရဂူကို ဆန့်ကျင်ပြီး ဆုံးဖြတ်လိုက်ရင် ကျွန်တော့်ဘက်က မှားသွားမလားလို့ ထင်နေတာဗျ "

www.burmeseclassic.com

www.burmeseclassic.com


**ကျွန်ုပ်** - " အဲဒီလိုတော့ မဟုတ်ပါဘူး ဆရာ (မိုး) ရယ်။ လက်ဗွေပါရဂူရဲ့ ထင်မြင်ချက်ကို တရားသူကြီးတွေ မလွဲမသွေ လက်ခံရမယ်လို့ ဥပဒေစီရင်ထုံး မရှိပါဘူးဗျာ "

**တရားသူကြီး** - " ကျွန်တော် တွေ့မိ မှတ်သားမိသမျှ စီရင်ထုံးတွေအရတော့ **လက်ရေးပါရဂူ**ရဲ့ ထင်မြင်ချက်ကို တရားသူကြီးတွေက လက်မခံတာမျိုးဘဲရှိပြီး၊ **လက်ဗွေပါရဂူ**ရဲ့ ထင်မြင်ချက်ကို တရားသူကြီးတွေက ငြင်းပယ်တာမျိုးတော့ မတွေ့မိဘူးဗျ။ "

ဟု ကျွန်တော့်ကို အခိုင်အမာ စောဒကတက်လာပါသည်။

သူနှင့် ကျွန်တော် ယဉ်ကျေးစွာ စကားပြောဆိုဆွေးနွေးနေကြသော်လည်း ကျေပည်မှုမရှိဟု ကျွန်တော်သတိထားမိလိုက်သဖြင့် ကျွန်တော်က အမှုအကြောင်း ဆက်မပြောတော့ဘဲ အခြားစကားလမ်းကြောင်းပြောင်းလိုက်ပါသည်။ ထို့နောက် အချိန်အနည်းငယ် စကားပြောဆိုပြီး ကျွန်တော် ပြန်လာခဲ့ပါသည်။

(နောက်ပိုင်း (၂) နှစ်ခန့်အကြာ တရားရုံးချုပ် နှစ်ပါးထိုင်ခုံရုံးကလည်း ကျွန်တော့်အား ဆက်လက်အနိုင်ပေး ဆုံးဖြတ်ခဲ့ကြောင်း တရားသူကြီး ဦး (မိုး) နှင့်တွေ့၍ ကျွန်တော် ပြောပြသည့်အခါမှ သူ့အနေဖြင့် အတော်အတန် ဘဝင် ကျသွားပုံရပါသည်။ သူစဉ်းစားပုံထက် တရားရုံးချုပ် တရားဝန်ကြီးများ စဉ်းစားပုံက ပို၍ ကျိုးကြောင်းဆီလျော် မှန်ကန်သည်ကို လက်ခံသွားပုံရပါသည်။)

## အမှုသည် ဒေါ်ခင်မြိုင်၏ တူဖြစ်သူ ဒေါက်တာထက်ဝင်း၏ ဆန္ဒ

တရားရုံးချုပ်တွင် တရားမပထမအယူခံမှု နိုင်သည့် (၉-၆-၉၂) နေ့ နောက်ပိုင်း ၄/၅ ရက်ခန့်အကြာတွင် စီရင်ချက်၏ ကာဗွန်မိတ္တူကို ကျွန်တော် ရရှိခဲ့ပါသည်။ (တရားဝင် မိတ္တူမှန်ကူးယူခွင့် ရရှိရေးအတွက်ကား လျှောက်ထားဆဲ ဖြစ်ပါသည်။) စီရင်ချက် ကာဗွန်မိတ္တူရရှိသည့်နေ့ ညနေတွင် ဆရာဦးသိန်းလွင်၏ ကျောင်းတွင် ဆုံကြရန် ချိန်းဆိုထား၍ ကျွန်တော် ညနေဘက်တွင် စီရင်ချက်မိတ္တူကို ယူဆောင်၍ ဆရာဦးသိန်းလွင် ၏ကျောင်းသို့သွားရောက်ခဲ့ပါသည်။ ဆရာ ဦးသိန်းလွင်ကား ထုံးစံအတိုင်း စားသောက်ဖွယ်ရာများကို စီစဉ်ထားပါသည်။ ဆရာ၏ ကျောင်းတွင် မိတ်ဆွေများများစားစားမရှိပါ။ ဆရာ ဦးသိန်းလွင်၊ ကိုထက်ဝင်း၊ ကိုလေးမြင့် နှင့် ကျွန်တော်တို့သာရှိကြပါသည်။ ကျောင်းစာရေးတစ်ယောက်လည်း ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ ထုံးစံအတိုင်း ထိုင်နေကြ **ကျောင်းခန်း၏ရှေ့ဆုံး** စာသင်ခုံနှစ်ခုံကိုဆက်၍ စားပွဲပြုလုပ်ကာ ထိုင်ကြပြီးနောက် ကျွန်တော်က **စီရင်ချက်** မိတ္တူကို ဆရာ ဦးသိန်းလွင်အား ပေးလိုက်ရာ ဆရာက ထိုစီရင်ချက်ကို ကိုလေးမြင့် အား ပေးလိုက်ပြီး၊

" ကိုလေးမြင့် အားလုံးကြားအောင် ဖြေးဖြေးဖတ်ပြဗျာ "

ဟု ပြောလိုက်ပါသည်။

ကိုလေးမြင့် က **စီရင်ချက်ကိုဖတ်ရင်း** " ဒါဟုတ်တာပေါ့။ ဒါမှန်တာပေါ့ " စသည်ဖြင့် ပြောနေသဖြင့် ဆရာဦးသိန်းလွင်က -

" ကိုလေးမြင့် စီရင်ချက်ကို အစအဆုံးဖတ်စမ်းပါ၊ နောက်မှ ခင်ဗျားရဲ့ ထင်မြင်ချက်ကို ပြောစမ်းပါဗျာ "

ဟု သတိပေးရပါသည်။

ကိုလေးမြင့်က စီရင်ချက်ကို ဆုံးအောင် ဖြည်းဖြည်းချင်းဖတ်ရာ နာရီဝက်ခန့် ကြာမည် ထင်ပါသည်။ အားလုံးငြိမ်၍ နားထောင်နေပါသည်။ ကိုလေးမြင့်က သံနေသံထားဖြင့် လေးလေးနက်နက် ဖတ်နေရာ ကျွန်တော်ပင်လျှင် ကိုယ်တိုင် ဖတ်ပြီးသားအမိန့်ကို ဂရုတစိုက် ပြန်၍နားထောင်နေမိပါတော့သည်။

စီရင်ချက်ကို ကိုလေးမြင့် အစအဆုံးဖတ်ပြီးနောက် မည်သူမျှ စကား မပြောဘဲ တစ်မိနစ်ခန့် ငြိမ်နေကြပါသည်။ ကျွန်တော်က မည်သူစ၍ စကားပြောမည် ကို စောင့်ဆိုင်းကြည့်နေရာ ကိုထက်ဝင်းက ပထမဆုံး စတင်လိုက်ပါသည်။

**ကိုထက်ဝင်း** - " ဒီအတိုင်းဆိုရင် ဦးစိန်သန်း တို့က စာချုပ်တွေ အတုလုပ်ထားတာ ထင်ရှားသွားပြီပေါ့။ အဲဒီကို စာချုပ်အတုလုပ်တဲ့လူတွေကို ကျွန်တော်တို့ပြန်ပြီး တရားစွဲလို့မရဘူးလား"

ဟု ရုတ်တရက်မေးလာရာ ကျွန်တော် အတော်လေး **စိတ်ရှုတ်သွားပါသည်။**

ကျွန်တော်၏ ရည်ရွယ်ချက်ကား **စီရင်ချက်ကို** ဖတ်ကြည့်ပြီးနောက် ခမ်းသာသည့် ခံစားမှုကို ခံစားကြစေရန်ဖြစ်သော်လည်း ကိုထက်ဝင်း က တရား ပြန်စွဲလိုသည့်သဘောမျိုး ပြောလာသည့်အတွက် ကျွန်တော် စိတ်ရှုတ်သွားရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်က အလွန်ဂရုဏာသက်သွားသော လေသံဖြင့် -

" ကိုထက်ဝင်း၊ ခင်ဗျား (၂) နှစ်လောက် အင်မတန် စိတ်ပင်ပန်းခြင်းကြီးစွာနဲ့ အမှုပြိုင်ခဲ့ရတာကို မကျေနပ်သေးလို့ အမှုထပ်လုပ်ချင်သေးတာလား "

ဟု မေးလိုက်ရာ ကိုထက်ဝင်း မျက်နှာပျက်သွားပြီး -

" မဟုတ်ပါဘူးဆရာ၊ ကျွန်တော်သိချင်လို့ မေးကြည့်တာပါ "

ဟု လေသံပြော့ပြော့ဖြင့် ပြောလာပါသည်။ ကျွန်တော်က -

" စာချုပ်စာတမ်း တစ်ခုခုကို အတုပြုလုပ်တယ်ဆိုရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၆၈) အရ ထောင်ဒဏ် (၇) နှစ် ချလို့ရတယ်။ အဲဒီစာချုပ်အတုကို အစစ်ပုံစံနဲ့ တရားရုံးမှာ တင်ပြရင် ပုဒ်မ (၄၇၁) အရလည်း ထောင်ဒဏ် (၂) နှစ် ချလို့ရတယ်။ နောက်ထပ်လည်း ပုဒ်မတွေတပ်ဦးမယ်ဆို တပ်လို့ရတာတွေရှိသေးတယ်။ မမှန်သက်သေခံမှုလိုပေါ့ဗျာ။ ခင်ဗျားက အမှုပြန်စွဲချင်လို့လား "

ဟု သူ့ကို ပြန်မေးလိုက်ပါသည်။ ကိုထက်ဝင်းက ကျွန်တော့်အား တစ်စုံတစ်ရာ ပြန်ပြောမည်ပြုစဉ် ဦးသိန်းလွင်က ကိုထက်ဝင်းကို -

" မောင်ထက်ဝင်း ခဏနေဦး "

ဟု တားလိုက်ပြီး ကျွန်တော့်အားကြည့်၍ -

" ဆရာ - တကယ်လို့ ကျွန်တော်တို့က ဦးစိန်သန်း တို့ကို စာချုပ်အတုလုပ်တဲ့ အမှုနဲ့ တရားစွဲတယ်ဆိုရင် သူတို့ထောင်ကျတော့မှာပေါ့ "

ဟု မေးလာပါသည်။ ကျွန်တော်က -

" ထောင်ကျမယ် မကျဘူးဆိုတာ တရားသူကြီးနဲ့ပဲဆိုင်တယ်ဆရာ။ ကျွန်တော်ကတော့ ရှေ့နေတစ်ယောက်အနေနဲ့ တရားစွဲလို့ရတယ်လို့ပဲ ပြောနိုင်မယ်။ တကယ်လို့ ကိုထက်ဝင်း တို့ဘက်က တရားပြန်စွဲခဲ့ရင်တော့ သူတို့ဖြေရှင်းဘို့ သိပ်ခက်သွားလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရဲ့ အမြင့်ဆုံးရုံးဖြစ်တဲ့ တရားရုံးချုပ်က ဒီစာချုပ်တွေဟာ အစစ်အမှန် မဟုတ်ဘူးဆိုတဲ့ သဘောမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားပြီးဖြစ်လို့ဘဲ။ နောက်ပြီးတော့ အကယ်၍ ကိုထက်ဝင်း တို့ဘက်မှ စာချုပ်အတုတွေ တရားရုံးကိုတင်ပြပြီး အရေးယူပေးပါလို့ တောင်းဆိုလာရင် အမှုစစ်တဲ့ တရားသူကြီးကိုယ်တိုင်က တရားလိုလုပ်ပြီး တရားစွဲရမှာဖြစ်လို့ တဖက် လူတွေအနေနဲ့ ဆိုင်ပြိုင် ဖြေရှင်းဖို့ အလွန်ခက်သွားလိမ့်မယ်။ "

ဟု ရှင်းပြလိုက်ပါသည်။ ဦးသိန်းလွင်က မည်သည့်ရည်ရွယ်ချက်ဖြင့် မေးသည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်ဘက်ကမူ စိတ်ထဲရှိသည့်အတိုင်း ဥပဒေသဘောကို ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် ရှင်းပြပြီးသည်နှင့် ဦးသိန်းလွင်က ကိုထက်ဝင်း အားကြည့်၍ -

" ကိုင်း - မောင်ထက်ဝင်း၊ ဆရာ ဦးကိုနီ ပြောတာတွေကို မင်းသိပြီ။ မင်းပြန်စွဲမယ်ဆိုရင် သူတို့အတွက် မလွယ်တော့ဘူးကွ၊ ဒီတော့ ဦးစိန်သန်း တို့ကို မင်းပြန်ပြီးတရားစွဲအုံးမှာလား "

ဟု မေးလိုက်ပါသည်။ ဦးသိန်းလွင်၏ ပုံစံကို အကဲခတ်ရသည်မှာ ကိုထက်ဝင်း က ပြန်၍ တရားစွဲလိုသည့်သဘော ပြောသည်ကို ကျွန်တော့်လို ကရုဏာသက်သွားပုံ ရပါသည်။ ကိုထက်ဝင်း အတော်လေး မျက်နှာပျက်သွားပြီး၊

" မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်က တရားပြန်စွဲချင်လို့ မဟုတ်ပါဘူး။ ဥပဒေသဘော သိချင်လို့ မေးတာပါ "

ဟု ပြောဆိုလာသဖြင့် ကျွန်တော်က စကားဖြတ်လိုက်သည့်အနေဖြင့် ကိုထက်ဝင်း မှန်ကြောင်း၊ တရားပြန်မစွဲသင့်ကြောင်း ပြောပြပြီး ဆရာဦးသိန်းလွင်အား -

" ဆရာ - ဒီအမှု ကျွန်တော်တို့ နိုင်မယ်လို့ ဆရာအစကထင်ခဲ့သလား "

ဟု ရုတ်တရက် မေးလိုက်ပါသည်။ ဦးသိန်းလွင်က

" ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့ ထင်မြင်ချက်ကို အခုမပြောချင်သေးဘူး ဆရာ။ ဘာကြောင့်လဲဆိုတော့ ဒီအမှုနဲ့ပတ်သက်ပြီး ဆရာ့ကို ကျွန်တော် မေးစရာတွေအများကြီး ရှိနေသေးတယ်။ ဒါပေမဲ့ အဲဒါတွေ ကျွန်တော် အခုမမေးသေးဘူးဆရာ၊ နောက်မှပဲ တစ်နေ့နေ့ချိန်းပြီး အေးအေးဆေးဆေး ပြောကြတာပေါ့။ အခုလောလောဆယ်တော့ စားကြသောက်ကြရင်

www.burmeseclassic.com

www.burmeseclassic.com



တခြားအကြောင်းလေးတွေပြောကြတာပေါ့။ ”

ဟု ပြောဆိုကာ အမှုအကြောင်း စကားဖြတ်လိုက်ရာ ကျွန်တော်လည်း ဝမ်းသာစွာဖြင့် ဦးသိန်းလွင်ကို ထောက်ခံလိုက်ပါသည်။

**အမှုအကြောင်း ဆရာ ဦးသိန်းလွင်နှင့် ပြန်လည် ဆွေးနွေးပြောဆိုကြခြင်း**

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့၊ အာဇာနည်နေ့တွင် ဆရာ ဦးသိန်းလွင်က သူ၏ကျောင်းတွင် စားသောက်ပွဲရှိကြောင်း၊ ကျွန်တော်၏တပည့် မောင်သန်းဖေ ကိုပါခေါ်၍ လာရောက်ကြပါရန်အကြောင်းကို (၂) ရက် (၃) ရက် ကြိုတင်၍ ဖိတ်ကြားလာပါသည်။ ယခင်နှစ်များတွင်လည်း ဆုံနေကြဖြစ်၍ ထူးခြားမှု မရှိလှသော်လည်း မောင်သန်းဖေကို ခေါ်လာရန်မှာကြားချက်ကား အနည်းငယ် ထူးဆန်း နေပါသည်။ ထုံးစံအရ ကျွန်တော်တို့လူကြီးများ စကားဝိုင်းတွင် လူငယ်များပါလာပါက စကားပြောဆိုရာတွင် မလွတ်မလပ်ဖြစ်မည်စိုး၍ ခေါ်လေ့မရှိပါ။ ထို့ကြောင့် ကျွန်တော်က -

“ နောင်တော်ကြီး ဘာကြောင့် မောင်သန်းဖေကို ခေါ်လာရမှာလဲ ”

ဟု ပြန်မေးလိုက်ပါသည်။ ဆရာဦးသိန်းလွင်က -

“ ဒီလိုပါဆရာ - ဆရာ့ကိုကျွန်တော်အပ်ခဲ့တဲ့ မောင်ထက်ဝင်း တို့အမှု နိုင်တဲ့ကိစ္စ အထိမ်းအမှတ်အနေနဲ့ ဒီနေ့ ကျွေးမွေးမှာမို့ မောင်သန်းဖေ ကိုပါ ဖိတ်တာပါ။ သူလည်း ဆရာရဲ့လက်ထောက်အနေနဲ့ အမှုအစအဆုံး ပါခဲ့တယ်လေ ”

“ နောင်တော်ကြီးရေ - အမှုနိုင်တာနဲ့တင်ဘဲ ကျွန်တော်ကျေနပ်လှပါပြီ၊ ဂုဏ်ပြုပွဲလုပ်ဖို့ မလိုတော့ပါဘူးဗျာ ”

“ မဟုတ်သေးဘူး ညီတော်မောင်ရဲ့၊ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ဒီအမှုနဲ့ ပတ်သက်ပြီး၊ ညီတော်မောင်ကို ကျွန်တော်မေးစရာတွေ ရှိသေးတယ် လို့ ပြောထားတယ် မဟုတ်လား။ ဒီနေ့စားရင်းသောက်ရင်း၊ ကျွန်တော် သိချင်တာလေးတွေလည်းမေးချင်လို့ စီစဉ်ထားတာပါ။ လူလည်းအများကြီး ဖိတ်မထားပါဘူး။ (၄/၅) ယောက်လောက်ပဲ ဖိတ်ထားတာပါ ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုရင်း ကျွန်တော့်အား ဆက်ဆက်လာရောက်ရန် ထပ်တလဲလဲ ပြောဆိုနေသဖြင့် ကျွန်တော်လည်း လာပါမည်ဟု ကတိပေးလိုက်ပါသည်။ ဆရာ ဦးသိန်းလွင်ကလည်း သူ၏ကျောင်းတွင် သင်တန်းပိတ်သည်ဖြစ်၍ ညနေဘက် (၄) နာရီလောက် စောစောလာရန် မှာကြားပြန်ရာ ကျွန်တော်လည်း လာပါမည်ဟု ထပ်မံကတိပြုရပြန်ပါသည်။

၁၉-၇-၁၉၉၂ နေ့ ညနေဘက်တွင် ချိန်းဆိုထားသည့်အတိုင်း ညနေ (၄) နာရီခန့် ဆရာဦးသိန်းလွင်၏ကျောင်းသို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ကျွန်တော်ရောက်ရှိသည့်အချိန်တွင် ကျောင်း၌ ဆရာဦးသိန်းလွင်၊ ကိုလေးမြင့် နှင့် ကိုထက်ဝင်းတို့ ရှိနေကြပါသည်။ ကျွန်တော်ရောက်ပြီးခဏအကြာ ဆရာ ဦးသိန်းလွင်၏မိတ်ဆွေ တရားရုံးချုပ်ရှေ့နေ ဦးကျော်ဝင်း ရောက်လာပါသည်။ ကျွန်တော်နှင့်လည်း ဦးသိန်းလွင်၏ မိတ်ဆက်ပေးမှုအရ ခင်မင်ရင်းနှီးပြီးသူ ဖြစ်ပါသည်။

ကျွန်တော်တို့ ရောက်ရှိနေသူများ ထွေရာလေးပါး ပြောဆိုနေကြစဉ် မောင်သန်းဖေ ရောက်လာပြီး မရှေးမနှောင်းတွင် မြန်မာစာဆရာ ဦးဝင်းတင့်လည်း ရောက်လာပါသည်။ ဦးဝင်းတင့် ရောက်လာသည်နှင့် ဆရာဦးသိန်းလွင်က စားသောက်ပွဲ စတင်တော့မည်ဖြစ်ကြောင်း၊ ဖိတ်ကြားထားသူ တစ်ဦးဖြစ်သည့် ဆိပ်ကမ်းအရာရှိ ဦးကျော်မြင့်မှာ မရောက်သေးကြောင်း၊ နောက်ကျမည်ဟု ပြောထားကြောင်း ပြောဆိုကာ စကားဝိုင်းကို စတင်လိုက်ပါသည်။

စကားဝိုင်းဟုသာ ပြောရသော်လည်း စီစဉ်ထားသည့် စားသောက်ဖွယ်ရာများမှာ များလွန်းလှပါသည်။ " ဦးသိပ်လွန် " ဆိုသည့်အမည်နှင့်ညီအောင် စီစဉ်ထားခြင်းလားဟုပင် စိတ်ထဲတွင် တွေးထင်မိလိုက်ပါသေးသည်။

ကျွန်တော်တို့စကားဝိုင်း အရှိန်အနည်းငယ်ရလာသည့်အချိန်တွင် ဆရာဦးသိန်းလွင်က ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောနေသည့်စကားများ တန့်သွားအောင် အသံကျယ်ကျယ်ဖြင့် ကျွန်တော့်ကို မေးမြန်းစရာရှိကြောင်း ပြောဆိုကာ စကားစလာပါသည်။ ကျွန်တော်က -

" ဆရာ ဘာများမေးချင်လို့လဲ "

ဟု ပြန်မေးလိုက်ရာ ဆရာဦးသိန်းလွင်က -

www.burmeseclassic.com

www.burmeseclassic.com



" မောင်ထက်ဝင်း တို့အမှုအကြောင်းပါဆရာ "

ဟု အစပေါ်လိုက်ရာ အားလုံးစိတ်ဝင်စားသွားကြပုံရပါသည်။ ကျွန်တော်က -

နီ - " ကိုထက်ဝင်း တို့အမှုက နိုင်သွားပြီဘဲ။ ဆရာက ဘာအကြောင်းများ မေးချင်လို့လဲ "

ဟု ပြန်မေးလိုက်ရာ -

လွင် - " နိုင်တာတော့ နိုင်သွားပြီပေါ့ဆရာရယ်။ ဒါပေမဲ့ ကျွန်တော် မေးချင်တာတွေ အများကြီးရှိနေလို့ပါ။ ပထမသိချင်တာကတော့ ဒီအမှု နိုင်မယ်လို့ အစကတည်းက ဆရာ ယုံကြည်ထားသလားဟင်။ "

နီ - " အင်း - အဲဒါဘယ်လိုပြောရမလဲ။ စာချုပ်တွေဟာ အစစ်အမှန်တွေ မဟုတ်ဘူးဆိုတာတော့ အစကတည်းက ကျွန်တော်ယုံကြည်ထားတယ်။ လက်ဗွေပါရဂူက ကျွန်တော့်ကို ထောက်ခံလိမ့်မယ်လို့လည်း ထင်ခဲ့တယ်။ ကျွန်တော် မျှော်လင့်သလို လက်ဗွေပါရဂူက ကျွန်တော့်ဘက်ကို ရပ်ရင် ကျွန်တော်တို့နိုင်မယ်လို့လဲ ထင်ခဲ့ပါတယ်။ "

လွင် - " အခု လက်ဗွေပါရဂူက ကျွန်တော်တို့ဘက်က မရပ်ခဲ့ဘူး။ ဒါပေမယ့်လို့ ကျွန်တော်တို့ အမှုနိုင်တယ်မဟုတ်လား။ အဲဒါဘာကြောင့်လဲဆရာ "

နီ - " ဆရာမေးတာ လွယ်လိုက်တာဗျာ။ ကျွန်တော်က ဘယ်လိုဖြေရမလဲ ဆိုတာတော့၊ အများကြီး နောက်ပြန်စဉ်းစားရလိမ့်မယ်ဆရာရေ့ "

လွင် - ကျွန်တော် အလေးအနက်မေးတာပါဆရာ။ ကျွန်တော်ကိုယ်တိုင် ဒီအမှုနိုင်မယ်လို့ မထင်ထားပါဘူး။ မနိုင်ခဲ့ရင်လည်း ဆရာ့ကို ကျွန်တော်ဘာမှမမေးတော့ဘဲ နားလည်ပေးမှာပါ။ အခုတော့ မထင်မှတ်ဘဲ နိုင်သွားလို့ အခုလို ကျွန်တော် တစ်ရည်တစ်ရှယ် မေးတာပါ။ ဒါကြောင့် ပြောနိုင်သမျှ ပြောပြစမ်းပါဆရာ။ ဆရာ ပြောပြတာကို ကျွန်တော် အပါအဝင် ကိုကျော်ဝင်းတို့ ကိုသန်းဖေတို့ ရှေ့နေတွေအပြင် မြန်မာစာဆရာ ဦးဝင်းတင့်ပါ နားထောင်စေချင်လို့ သူတို့ကိုပါ ဖိတ်ထားတာပါ "

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသိန်းလွင် ကား လူအင်အား အပြည့်သုံး၍ ကျွန်တော့်ကို **ကိုထက်ဝင်း** တို့အမှု နောက်ကြောင်းပြန်ခိုင်းနေပါပြီ။ အမှုအဖြစ်အပျက်များကို **ပြောပြရန်မှာ** မခက်လှပါ။ ကိုထက်ဝင်းပင် ပြောနိုင်ပါသည်။ " ဘယ်လိုအကြောင်းကြောင့်နိုင်သလဲ " ဆိုသည့်အချက်ကို ပြောပြရန်မှာ အလွန်ကျယ်ပြန့်သောကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က -

**နီ** - " ဆရာလွင် - ကျွန်တော်တို့အမှုက တောက်လျှောက်နိုင်တာ မဟုတ်ဘူးနော်။ ပထမ မူလရုံးမှာရှုံးတယ်။ နောက်တော့ အယူခံရုံးကျမှ နိုင်တာ။ အဲဒါ ဆရာသိပါတယ် "

**လွင်** - " သိပါတယ်ဆရာ၊ ဒါကြောင့် ကျွန်တော့်မေးခွန်းကို ပြန်ပြင်ပြီး မေးပါရစေ။ ဘာကြောင့် မူလရုံးမှာရှုံးပြီး၊ အယူခံရုံးကျတော့ ဘာလို့ နိုင်တာလဲဆရာ "

ဦးသိန်းလွင်၏ နောက်ထပ်မေးလာသည့်မေးခွန်းသည် ပထမမေးခွန်း ထက်ပင် ပို၍ကျယ်ပြန့်လာပြီး၊ ကျွန်တော့်အနေဖြင့် အနိုင်အရှုံးနှစ်ခုလုံးကို ဖြေရှင်းချက်ပေးရတော့မည်ဖြစ်နေပါသည်။ အမှန်အားဖြင့် အမှုအနိုင်အရှုံး ဆုံးဖြတ်သူမှာ တရားသူကြီးများဖြစ်ကြ၍ ဤမေးခွန်းကို သူတို့အား မေးခြင်းသာလျှင် ပို၍ သင့်မြတ်မည်ထင်ပါသည်။

သို့သော်လည်း စကားဝိုင်းတွင်ရှိသူများအားလုံးက ကျွန်တော်၏ အဖြေ တစ်ခုခုကို စောင့်နေကြသည့်အပြင် ကိုလေးမြင့်နှင့် မောင်သန်းဖေ တို့ကပါ ဆရာ ဦးသိန်းလွင် ဘက်မှ ထောက်ခံကာ ကျွန်တော်၏ ထင်မြင်ချက်ကို တောင်းဆိုလာကြ သဖြင့် ကျွန်တော်လည်း တစ်ခုခုပြောရန် စဉ်းစားရပါတော့သည်။

**နီ** - " ကျွန်တော်တို့ကို အရှုံးပေးတဲ့ အောက်ရုံးတရားသူကြီးတလည်း သူ့ဟာသူတော့ ဥပဒေအရ သူပဲမှန်တယ်လို့ထင်မှာပဲ။ ဒီလိုပဲ **အယူခံရုံး** တရားသူကြီးကလည်း သူ့အနေနဲ့ အမှန်ကန်ဆုံး **ဆုံးဖြတ်ပေးလိုက်** တယ်လို့ ယူဆမှာပဲ "

ဟု ပြောဆိုရာ ဆရာဦးသိန်းလွင်က ကြားဖြတ်၍-

www.burmeseclassic.com

www.burmeseclassic.com



လွင် - " ဆရာ ဦးကိုနီ - ကျွန်တော်တို့က တရားသူကြီးတွေရဲ့အမြင်ကို သိချင်တာမဟုတ်ပါဘူး။ အဲဒါကို စီရင်ချက်တွေမှာ ကျွန်တော်ဖတ်လို့ ရပါတယ်။ ကျွန်တော်သိချင်တာက ကျွန်တော်တို့ နိုင်ဖို့အကြောင်း မရှိဘူးလို့ ထင်ခဲ့တဲ့အမှုတစ်ခု အနိုင်ရလိုက်တာဟာ ဘာကြောင့်လဲ ဆိုတာကို အဓိကသိချင်တာပါ "

ဟု ပြောနေစဉ် မြန်မာစာဆရာ ဦးဝင်းတင့် က -

" ဗိုလ်လွင်ရေ - ဆရာနီကို ကြည့်ရတာ သိပ်ပြောချင်ပုံမရဘူးဗျ။ အမှုအနိုင်ရလို့ ပလွှင်ခံနေတယ်နဲ့တူပါတယ်ဗျာ၊ သိပ်လည်း မေးမနေပါနဲ့တော့။ "

ဟု အသားလွတ်ဝင်၍ ဘုတောလာပါသည်။ ကျွန်တော်ကလည်း ချက်ချင်း -

" ဟာ - ဆရာဦးဝင်းတင့်၊ ကျွန်တော့်ကို ဒီလိုမပြောနဲ့ဗျာ။ ဒီလူတွေကြားမှာ ကျွန်တော့် ဘာမှ ပလွှင်ခံနေစရာမလိုပါဘူး။ အမှုနိုင်လို့ အရမ်းဝမ်းသာ နေတာပဲ ရှိပါတယ်ဗျ "

ဟု မကျေမနပ်ပြန်ပက်လိုက်ပါသည်။ ကျွန်တော်နှင့် ဦးဝင်းတင့်တို့ အချေအတင် ပြောနေစဉ် ဦးကျော်ဝင်းက -

" ဆရာနီ စိတ်မတိုပါနဲ့ဗျာ။ ဒီအမှု အောက်ရုံးမှာရှုံးသွားတာကိုပဲ ကျွန်တော် သိလိုက်ရတယ်။ အယူခံရုံးမှာနိုင်တာကို တစ်နေ့ကမှ ကိုသိန်းလွင် ပြောလို့ သိရတယ်။ ဒါကြောင့် ဘယ်လိုဖြစ်တယ်ဆိုတာလေး ပြောပြပါအုံးဗျ။ "

ဟု အေးအေးဆေးဆေး ဝင်ပြောပါသည်။ ကိုကျော်ဝင်းကို ကျွန်တော်အားနာသွား သဖြင့် -

နီ - " ကောင်းပါပြီဆရာတို့ရယ်၊ ကျွန်တော်တွေးမိသမျှ ပြောပါ့မယ်။ နည်းနည်းတော့ အပိုင်းလေးခွဲပြီး ပြောချင်တယ်ဗျာ။ "

လွင် - " ရပါတယ်၊ ဆရာပြောချင်သလိုသာပြောပါ၊ ဆရာပြောတာ နားထောင် ရရင် ကိုသန်းဖေနဲ့ ကိုလေးမြင့် တို့အတွက်လည်း ဗဟုသုတ တိုးတာပေါ့။ "

www.burmeseclassic.com

www.burmeseclassic.com



နီ - " ဟုတ်ကဲ့ဆရာ - ပထမအချက်ကတော့ တရားရုံးချုပ်၊ အသနားခံရုံးက လက်တွေ့ပါရဂူကို ပြန်စစ်ဖို့ အမှုတွဲကို အောက်ရုံးပြန်ချပေးလိုက်တဲ့ အချက်ပဲဗျ။ အဲဒီအချက်ဟာ ကျွန်တော်တို့ ရှုံးနေတဲ့အမှု ပြန်နိုင်ဖို့ အကြောင်း လမ်းစပေါ်လာတာပဲလို့ ဆိုနိုင်တယ်ဗျ။ "

ဦးကျော်ဝင်း - " ဟုတ်ကဲ့ - ပြောပါအုံးဆရာ "

နီ - " အဲဒီလို တရားရုံးချုပ်အမိန့်အရ လက်တွေ့ပါရဂူကို ပြန်စစ်ခွင့် ရလိုက်တဲ့အတွက် ကျွန်တော့်အနေနဲ့ " The Art of Advocacy " လို့ခေါ်တဲ့ရှေ့နေပညာကို ပြည့်ပြည့်ဝဝ သုံးခွင့်ရခဲ့တယ်ခင်ဗျ။ "

လွင် - " ရှေ့နေပညာဆိုတာလေး ရှင်းပါအုံးဆရာ "

နီ - " ဟာ - ဆရာရယ် - ဆရာလည်း ဥပဒေဘွဲ့ရတစ်ယောက်ပဲ၊ ရှေ့နေပညာဆိုတာ အရမ်း ကျယ်ဝန်းတဲ့ပညာရပ်ပဲ၊ ကျွန်တော့် အရည်အချင်း လောက်နဲ့ ရှင်းပြလို့ မရနိုင်ပါဘူးဆရာ၊ နောက်ပြီး ရှေ့နေပညာဆိုတာ လက်တွေ့ပိုင်းနဲ့ပိုပြီးသက်ဆိုင်တယ်လေ။ "

လွင် - " ဒါဆိုလည်း စောစောက ဆရာပြောသွားတဲ့ ရှေ့နေပညာကို ပြည့်ပြည့်ဝဝ သုံးခွင့်ရခဲ့တယ်ဆိုတဲ့အချက်ကို ရှင်းပြပါလား ဆရာ "

နီ - " အဲဒါဆိုရင်တော့၊ အဲဒီမှာ (၂) ချက်ရှိတယ်ဗျ။ ပထမအချက် က " ပြန်လှန်စစ်မေးခြင်းဆိုင်ရာပညာ " အင်္ဂလိပ်လိုဆိုရင် " The Art of Cross - Examination " လို့ ပြောရလိမ့်မယ်။ နောက်တစ်ချက်ကတော့ " လျှောက်လဲချက်ပေးခြင်းဆိုင်ရာပညာ " " The art of Argumentation " လို့ ဆိုရင် သင့်တော်မယ် ထင်ပါတယ်။ "

လွင် - " ဆရာ - အဲဒီရှေ့နေပညာ ( Advocacy ) အကြောင်း ကျွန်တော် တို့ RL သင်တန်းမှာ ကျွန်တော်တို့ကို စာသင်ရင်းနဲ့ ဆရာကြီး တစ်ယောက် နည်းနည်းပါးပါးပြောပြလို့ ကြားဘူးတယ်ဆရာ၊ ဒါပေမယ့် အဲဒီတုန်းက ကျွန်တော်တို့ သိပ်ပြီး သတိမထားမိခဲ့ဘူး။ အခု ဆရာပြောတဲ့ (၂) ခုကို တစ်ခုစီခွဲပြီးရှင်းပြပါလားဆရာ "

www.burmeseclassic.com

www.burmeseclassic.com



နီ - " သက်သေတစ်ယောက်ကို တင်ပြသူအမှုသည်က စစ်မေးတာကို " အဓိကစစ်မေးခြင်း " ( Examination in-chief ) လို့ခေါ်ပြီး အဲဒီသက်သေကိုပဲ တစ်ဖက်ရှေ့နေကမေးတော့ ပြန်လှန် စစ်မေးခြင်း ( Cross Examination ) လို့ခေါ်ပါတယ်ဆရာ။ "

လွင် - " ဟုတ်ကဲ့ အဲဒါသိပါတယ်။ ကျွန်တော်သိချင်တာက " ပြန်လှန် စစ်မေးပညာ " ဆိုတဲ့ စောစောက ဆရာပြောသွားတဲ့ ပထမအချက်ကို သိချင်တာပါ။ ကိုသန်းဖေ၊ ကိုလေးမြင့် တို့လဲ ဗဟုသုတရအောင် ရှင်းပါအုံးဆရာ။ "

နီ - " ပြန်လှန်စစ်မေးတဲ့နေရာမှာ ရည်ရွယ်ချက် (၂) ခုရှိတယ်။ နံပါတ် (၁) က အဲဒီ သက်သေဟာ ယုံကြည်ထိုက်သူမဟုတ်ဘူးဆိုတာကို တရားရုံးက သိသွားအောင် ဖေါ်ထုတ်ဖို့ဖြစ်ပြီး၊ နံပါတ် (၂) အချက်ကတော့ အဲဒီသက်သေရဲ့ နှုတ်ကနေ သူ့ကို တင်ပြတဲ့အမှုသည်ကို မထောက်ခံဘဲ ကိုယ့်ဘက်ကို ထောက်ခံတဲ့စကားတွေ ထွက်လာအောင် မေးဖို့ဖြစ်တယ်။ "

" ကိုလေးမြင့်၊ အခု ကျွန်တော်ပြောနေတဲ့အကြောင်းတွေကို ခင်ဗျား LL.B နောက်ဆုံးနှစ်မှာ သင်ခဲ့ရတာ မှတ်မိသေးလား "

ဟု မေးလိုက်ရာ ကိုလေးမြင့်က အတန်ငယ်စဉ်းစားပြီးနောက်

" မမှတ်မိတော့ဘူးဆရာ "

ဟု ဖြေလိုက်ရာ ဦးသိန်းလွင်က -

" ကိုလေးမြင့်ဟာ ဆရာဦးကိုနီရဲ့ လက်ရင်းတပည့်ကြီးဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ "

ဟု ဝင်၍ တွန်းပါသည်။ ကျွန်တော်ကလည်း ချက်ချင်း ဦးသိန်းလွင်အား -

" အင်း - ကိုလေးမြင့် ကို (၁၀) တန်းအောင်အောင် သင်ပေးပြီး၊ ကျွန်တော့်ဆီခေါ်လာပြီးအပ်တာ ဆရာလွင် ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ "

ဟုကြိတ်လိုက်ပါသည်။ ထိုအခါ ဆရာ ဦးဝင်းတင့်က -

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်လည်း ကိုလေးမြင့် ကို ပထမနှစ်နဲ့ ဒုတိယနှစ်တွေမှာ မြန်မာစာ သင်ပေး လိုက်ရသေးတယ်။ ဒီတော့ ကျွန်တော်လည်း ခင်ဗျားတို့လို ပဲပေါ့ "

ဟု ဝင်တောပြန်ရာ ကိုလေးမြင့် တော်တော်လေး သမခံလိုက်ရပါသည်။ ထိုအခါ ကိုကျော်ဝင်းက ရယ်မောရင်း -

" ဆရာနီ စောစောက စကားလေးဆက်ပါဦး "

ဟု ပြောလာသဖြင့် ကျွန်တော် စကားဆက်ရပြန်ပါသည်။

" ဟုတ်ကဲ့ဆရာ၊ ကျွန်တော် တိုတိုပဲပြောပါရစေနော်။ လက်ဗွေပါရဂူကြီးက အလွန်တော်တဲ့လူဖြစ်ပြီး၊ တရားရုံးအတွေ့အကြုံလည်း အများကြီးရှိနေသူဖြစ်တော့ သူ့ရဲ့ ဒက်သေခံချက်တွေကို ယိမ်းယိုင်ပျက်ပြယ်သွားအောင် ပြန်လှန်စစ်မေးခြင်းပညာနဲ့ ထိုးနှက်ဖို့ဆိုတာ မလွယ်လှဘူး။ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော်လည်း လက်ဗွေပညာ အတော်တတ်တဲ့သူလို့ သူထင်အောင် ခပ်တည်တည်ဟန်လုပ်ရတယ်။ အမှုစစ်တဲ့အခါ စာအုပ်တွေ ဘေးနားပုံထားရတယ်။ ထောက်တံ၊ ပေတံ၊ မှန်ဘီလူးကြီးတွေလည်း သူမြင်အောင် စားပွဲပေါ်တင်ထားရတယ်။ ကိုထက်ဝင်း ကိုလည်း ခပ်တည်တည်နဲ့ ဘေးနားမှာ ထိုင်ခိုင်းထားရတယ်။ အဲဒါတွေက ဘာလဲဆိုတော့ ကျွန်တော့်အပေါ် သက်သေအထင်မသေးအောင် လုပ်ရာရောက်တဲ့အပြင် အနည်းနဲ့အများ သူ့စိတ်ထဲမှာ စိုးရိမ်စိတ် ရှိနေအောင် လုပ်တာဘဲ။ ဒါဟာရှေ့နေပညာရဲ့ အစိတ်အပိုင်းတစ်ခုပဲ "

" နောက်ပြီး ကျွန်တော်မေးခွန်းတွေမေးတဲ့အခါ ရှေ့နေပညာကို သုံးရသေးတယ်။ သူက ပါရဂူဆိုတော့ သူ့ပညာအပေါ်မှာ သူက ယုံကြည်မှုရှိပြီးသား။ သူ့ကိုလက်ဗွေပညာ သက်သက်နဲ့ တိုက်ဖို့ဆိုတာမလွယ်ဘူး။ ဒါကြောင့် လက်ဗွေပညာကို ရှေ့ကပြ၊ နောက်က ရှေ့နေပညာနဲ့တိုက်တဲ့ မေးခွန်းမျိုးတွေ မေးရတယ် "

ကျွန်တော်စကားခဏရပ်လိုက်စဉ် ဦးသိန်းလွင်က -

www.burmeseclassic.com

www.burmeseclassic.com



" အခု ဆရာဦးကိုနီ ပြောတာတွေကို ကျွန်တော်တို့ နားမလည်ဘူး ဖြစ်နေတယ် ' ဥပမာ ' လေး၊ ဘာလေးပေးပြီး ရှင်းပြပါလားဆရာ "

ဟု ဝင်ထောက်ပါသည်။ မြန်မာစာဆရာ ဦးဝင်းတင့် ကလည်း -

" ဟုတ်တယ်ဗျ ဆရာနီ - လက်ဗွေပညာနဲ့ ရှေ့နေပညာရောပြီး ပြောနေတော့ ကွဲကွဲပြားပြားမရှိဘူး။ ဥပမာပေးပြီးပြောရင်ကောင်းမယ်ဗျာ "

ဟု ဝင်၍အကြံပြုပါသည်။ ကိုကျော်ဝင်းကလည်း အလားတူပင်ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က မည်သို့ ' ဥပမာ ' ပေးရမည်ကို စဉ်းစားရင်း စားသောက်ခြင်း အမှုကိုပြုလုပ်ရပါသေးသည်။ သူတို့က စားလိုက် သောက်လိုက်ဖြင့် နားထောင်၊ ကျွန်တော့်မှာ တစ်ပေါက်တည်းသောပါးစပ်ကို စကားပြောခြင်းအလုပ် လုပ်နေရသဖြင့် စားသောက်ဖို့အလှည့်မပေးနိုင်ခဲ့ပါ။ ကံဆိုးပေစွ။ အတန်ငယ် စားသောက်ပြီး နောက် -

" ကောင်းပြီဆရာ ဥပမာတစ်ခုနှစ်ခုလောက်ပေးမယ်။ ကျွန်တော်တို့အမှုမှာ အငြင်းပွားနေတဲ့ လက်ဗွေ (၃) ခုရှိတယ်။ တစ်ခုဆိုရင် ၁၉၅၈ ခုနှစ်က နှိပ်ထားတဲ့လက်ဗွေဖြစ်တော့ အတော်လေးမှေးမှိန် ပျက်နေပြီး၊ " Starting point " လို့ခေါ်တဲ့ " အစ " နေရာပေါ့။ သူတို့အခေါ်တော့ " အတွင်း အဆုံးသတ် " ပေါ့။ အဲဒီနေရာကို ထောက်ပြပါလို့ မေးလိုက်တယ်။ လက်ဗွေပညာနဲ့ဆိုင်တဲ့ မေးခွန်းပေါ့ဗျာ။ "

" ဒီတော့ သူက (၂) မိနစ်လောက်ကြည့်ပြီး တစ်နေရာကိုထောက်ပြတယ်။ ကျွန်တော်က သေချာပြီလားလို့ထပ်မေးတော့၊ ထပ်ကြည့်တယ်၊ နောက်ပြီး တော့ တစ်နေရာကို ထောက်ပြတယ်၊ ကျွန်တော်က နောက်တစ်ခါ သေချာပြီ လားလို့ထပ်မေး၊ သူကပြန်ကြည့်၊ ပြန်ထောက်ပြ၊ ဒီတော့ ကျွန်တော်က သေချာပြီလားထပ်မေး၊ သူက အဲဒီတော့မှ သေချာပြီတဲ့။ ကိုင်း အဲဒီတော့ စုစုပေါင်းအချိန် (၇) မိနစ်ကျော်ကြာသွားတယ်။ (၃) ခါရှာကြည့်ပြီးမှ နေရာ မှန်ကို ထောက်ပြနိုင်ခဲ့တယ်။ နောက်ပြီး သူထောက်ပြတဲ့ လက်ဗွေဆိုတာဟာ ၆ လက်မ၊ ၄ လက်မ အရွယ် အကျယ်ချဲ့ထားတဲ့ဓါတ်ပုံကြီးလေ။ ဒီတော့ ဘာဖြစ်သလဲ၊ ဒီလူမသေချာဘူးဆိုတာ ထင်ရှားနေပြီလေ။ လက်ဗွေဟာ ထင်မြင်ချက်ပေးလို့ရအောင် ရှင်းလင်းနေရင် ဒီလောက် အကြာကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေဖို့မလိုဘူးလေ။ အဲဒီတော့ ကျွန်တော့်မေးခွန်းကို **ပြန်တောက်** ရအောင်၊ ကျွန်တော်ရဲ့ ပထမဆုံးမေးခွန်းက လက်ဗွေပညာဆိုင်ရာ**မေးခွန်း** နောက်ပိုင်း ထပ်ကာထပ်ကာ သေချာပြီလားလို့ (၃) ကြိမ်မေးတာက ရှေ့နေပညာမေးခွန်း နောက်ဆက်တွဲမေးခွန်းတွေကြောင့် သူကသေချာ အောင် ထပ်ကာထပ်ကာ ပြန်ကြည့်နေရတော့ သူမသေချာဘူးဆိုတာကို ရုံးက သေသေချာချာသိသွားပြီလေ - ကဲ ရှင်းပြီလား ဆရာတို့ "

ဟု ကျွန်တော်က ပြန်မေးလိုက်ရာ ကိုကျော်ဝင်း က -

" ဆရာနီရေ တကယ်ထိတယ်ဗျာ၊ သေချာပြီလားလို့ (၃) ခါမေးတာကို (၃) ခါ ပြန်ကြည့် နေရတယ်ဆိုတော့ သူမသေချာဘူးဆိုတာ သေချာသွားပြီ၊ ကောင်းလိုက်တာဗျာ "

ဟု ဝင်ရောက်ထောက်ခံပါသည်။ ကျွန်တော်က ကိုကျော်ဝင်း အား

" ကိုကျော်ဝင်း၊ နည်းနည်းလောက်ဆက်ပြီးနားထောင်အုံး၊ နောက်ဆုံး တစ်ခေါက် သေချာပြီလားလို့ ကျွန်တော်ကမေးတော့ သူက " သေချာတယ် ခင်ဗျ။ ရှေ့နေကြီး ဘာမေးချင်သလဲမေးနိုင်တယ် " လို့ ကျွန်တော့်ကို ပြန်ပြောတယ်ဗျ။ အဲဒီတော့ကာ " ဘာမျှမေးစရာမရှိပါဘူးဗျာ။ အဲဒီနေရာ လေးကို ခင်ဗျားရှာတာ အချိန်ဘယ်လောက်ကြာသလဲ သိချင်လို့ပါ " လို့ ပြန်ပြောလိုက်တော့ သူ ကျွန်တော့်ကို အတော်စိတ်ဆိုးသွားပုံရတယ်။ တော်တော်လေး ချုပ်တည်းထားရတဲ့ပုံမျိုး ဖြစ်သွားတယ်ဗျ။ ကျွန်တော်က သူ့ကို အဲဒီလိုပြောပြီး တရားသူကြီးဆီ လှမ်းကြည့်လိုက်တော့ တရားသူကြီးက အားလုံး (၇) မိနစ်ကျော်ကျော် ကြာတယ်လို့ပြောပြီး မှတ်တမ်းတင်လိုက်တယ် လေ "

ဟု ကျွန်တော်ပြောပြီးသည်နှင့် မောင်သန်းဖေ က -

" ဟုတ်တယ်ဆရာ အဲဒီနေ့က ကိစ္စတွေကို ကျွန်တော်ကောင်းကောင်း မှတ်မိတယ်။ ဆရာက ဘာများမေးစရာရှိလို့ ဒီနေရာကို ထပ်တလဲလဲ ဘာလို့ မေးနေတာလဲလို့ ကျွန်တော်စဉ်းစားနေတုန်း ဆရာက ဘာမှမေးစရာ မရှိဘူးလို့ ပြောလိုက်တော့ ကျွန်တော်အရမ်းအံ့ဩသွားတယ်။ ဟိုသက်သေ ဆရာကြီးဆို စိတ်တွေတိုပြီး မျက်နှာကြီးကိုရဲနေတာဘဲ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်ဆွေးနွေးပါသည်။ ထိုစဉ်က ဆရာဦးသိန်းလွင်က -

" ဆရာ ဒီနေရာကို ထောက်ပြခိုင်းတာ ရည်ရွယ်ချက် တစ်ခုတည်းလား "

နီ - " မဟုတ်ဘူးဆရာ အများကြီး၊ သူမသေချာကြောင်းပေါ်လွင်စေချင်တာရယ်၊ လက်ဗွေဟာ ပျက်ပြယ်မှေးမှိန်နေပြီဆိုတာ ပေါ်လွင်စေချင်တာရယ်အပြင် နောက်တစ်ခုလည်း ရှိသေးတယ်။ အဲဒါက သူပထမဆုံးရုံးရှေ့မှာ လက်ဗွေတွေကို တိုက်ဆိုင် စစ်ဆေးတုန်းက လက်ဗွေ (၃) ခုကို တိုက်စစ်တာ (၃) မိနစ်ပဲကြာတယ်။ အခု လက်ဗွေတစ်ခုရဲ့ အရေးကြီးဆုံးအပိုင်းတစ်နေရာကိုရှာတာ တစ်ခုထဲကိုပဲ (၇) မိနစ်ကျော် ကြာတယ်ဆိုတော့ ရှေ့ကပေးခဲ့တဲ့ ထင်မြင်ချက်တွေ မမှန်နိုင်ဘူးဆိုတာကိုလည်း တရားသူကြီး သတိပြုမိအောင် ရည်ရွယ်ချက် ရှိသေးတယ်ဆရာ "

လွင် - " အေးဗျာ၊ ပြန်လှန်စစ်မေးခြင်းပညာဆိုတာ ဆရာပြောသလို အတော်ကျယ်ဝန်းပြီး ခက်ခဲတဲ့ပညာပဲနော် "

နီ - " မှန်တယ်ဆရာ၊ ရှေ့နေပညာဆိုတာ စာကျက်ပြီး လေ့လာရတဲ့ ပညာမျိုးမဟုတ်ပဲ၊ လက်တွေ့ကျင့်သုံးရတဲ့ပညာမျိုးဖြစ်တော့ ကျယ်ဝန်းလှပါတယ်။ လေ့လာလို့ ဆုံးမယ့် ပညာမျိုးမဟုတ်ဘူးလို့ ပြောရမယ်ထင်တယ် "

ဟု ရှင်းပြပြောဆိုပြီးနောက် လျှောက်လဲခြင်းဆိုင်ရာ ပညာအကြောင်း ဆက်ပြောမည်ပြုရာ ကိုလေးမြင့် က " ပြန်လှန်စစ်မေးခြင်းနှင့်ပတ်သက်၍ နောက်ထပ်ဥပမာလေး တစ်ခုလောက် ပြောပါဦး " ဟု တောင်းဆို လာပြန်ပါသည်။ မြန်မာစာဆရာ ဦးဝင်းတင့် ကပါ ကိုလေးမြင့်ကို ထောက်ခံတောင်းဆိုလာသဖြင့် ကျွန်တော့်မှာ နောက်ထပ်ဥပမာတစ်ခု စဉ်းစားရပြန်ပါသည်။ တိုတောင်းသည့် ဥပမာကို ပေးရန် ဦးနှောက်အား စဉ်းစားခိုင်းထားရင်း အချိန်ရခိုက် စားစရာများဖြင့် ပါးစပ်ကို အလုပ်ပေးရပါသေးသည်။ အတန်ငယ် ကြာပြီးမှ -

နီ - " ကိုလေးမြင့်၊ နောက်ထပ်ဥပမာတစ်ခုဆိုတာက လက်ဗွေ အကြောင်းလား၊ ပြန်လှန်စစ်မေးခြင်း အကြောင်းလား "

ဟု မေးလိုက်ရာ -

www.burmeseclassic.com

www.burmeseclassic.com



မြင့် - " စောစောက ဆရာပြောတဲ့ ရှေ့နေပညာအကြောင်းပါ "

နီ - " အော် - ရှေ့နေပညာဆိုတာက သင်ကြားမှုကို အခြေမခံပဲ အတွေ့အကြုံကို အခြေခံတဲ့ ပညာမျိုးဗျ။ ဒါကြောင့် ရှေ့နေပညာကို ခင်ဗျားစိတ်ဝင်စားရင် ဝါရင့်၊ လုပ်သက်ရင့် ရှေ့နေကြီးတွေကို မေးတာ ပိုကောင်းတယ်ဗျ။ အသက်ကြီးတဲ့ရှေ့နေတိုင်းကို ဝါရင့် ရှေ့နေလို့ပြောလို့တော့မရဘူး ကိုလေးမြင့် ရေ။ ကျောင်းပြီး ကတည်းက ရှေ့နေလုပ်ငန်းကို အစဉ်တစိုက် လုပ်ကိုင်နေတဲ့ ရှေ့နေကြီးတွေဆီမှာသာ ရှေ့နေပညာကို ရနိုင်တာဗျ "

ဟု ပြောလိုက်သည်တွင် ကိုကျော်ဝင်း က ဝင်၍

" ဆရာနီ၊ စောစောက လက်ဗွေပါရဂူကိုမေးနေတဲ့အကြောင်းလေးကိုဘဲ ဆက်ပြောပါဗျာ "

ဟု တောင်းဆိုလာပါသည်။ ထို့ကြောင့် ကျွန်တော်က -

နီ - " ကောင်းပြီ ကိုကျော်ဝင်း၊ ဒါဆိုရင် ကျွန်တော်ခုနက လက်ဗွေ ပါရဂူကြီးကို မေးနေတဲ့ကိစ္စကိုဘဲ ဆက်ပြီးပြောပြမယ် "

" အဲဒီပါရဂူကြီးက အလွန်ပါးနပ်တယ်ဗျ၊ ကျွန်တော်မေးတဲ့ မေးခွန်းတိုင်း၊ သူကပေးထားပြီးဖြစ်တဲ့ ထင်မြင်ချက်ကိုပဲ ဆွဲကိုင်ထားပြီး၊ ရှေ့နောက် မလွဲအောင် သတိထားပြီး ဖြေလေ့ ရှိတယ်။ ကျွန်တော်က လက်ဗွေတစ်ခုအကြောင်း မေးခွန်းမေးတိုင်း သူက ယူလာတဲ့ဖိုင်တွဲကို လှန်ကြည့်ပြီးမှဖြေတာဗျ။ ဒီတော့ ကျွန်တော့်အနေနဲ့ သူ့ကို အကွဲကွဲအလွဲလွဲဖြစ်အောင်မေးလို့ မရနိုင်ဘူး။ ဒီအတွေ့အကြုံကို သူ့ကို ကျွန်တော် ပထမဆုံးအကြိမ် စစ်ဆေးတုန်းကတည်းက ကောင်းကောင်းသတိပြုမိခဲ့တယ် "

" ဒါကြောင့် ဒီတစ်ခါတော့ ကျွန်တော်က သူ့ကိုအငိုက်မိအောင် တိုက်ကွက် ပြောင်းလိုက်တယ်ဗျ။ ဘယ်လိုလဲဆိုတော့ -

- ကျွန်တော်က တရားရုံးအမှုတွဲကြီးကိုလှန်ပြထားတယ်၊ နောက် လက်ဗွေပုံစံတစ်ခုကို သူ့ကိုပြပြီး မေးခွန်းမေးတယ်။ သူက

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ကျွန်တော်ပြတာကိုကြည့်တဲ့အပြင် သူ့ဖိုင်တွဲကိုပါ ပြန်ကြည့်ပြီးဖြေတယ်။

- အဲဒီတော့ ကျွန်တော်က တရားသူကြီးကို မျက်နှာမူပြီး " ဒီ သက်သေဟာ ကျွန်တော် ပြသတဲ့အမှုတွဲရှိ တရားဝင် စာရွက် စာတမ်းကို မကြည့်ဘဲ သူ့ကိုယ်ပိုင်ဖိုင်တွဲကို ကြည့်ကြည့်ပြီး ဖြေနေတာကို တားမြစ်ပေးပါ " လို့ ရုတ်တရက် လျှောက်ထား လိုက်တော့ သူ အတော်လေး တွန့်သွားတယ်။ နောက် သူကြည့်တဲ့ စာရွက်စာတမ်းတွေဟာ အမှုတွဲမှာ ရှိတဲ့ စာရွက်စာတမ်းနဲ့ အတူတူပဲလို့ ပြောလာတယ်ဗျ။

- ဒီတော့ ကျွန်တော်ကလည်း သူ့စကားကို အမိအရ ကောက်ယူ လိုက်ပြီး " ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ ဒီအမှုတွဲက စာရွက်စာတမ်း တွေကိုဘဲကြည့်ပြီး ဖြေပေးပါ " လို့ ပြောလိုက်တော့ " ရပါတယ် " လို့ဆိုလာတယ်၊ နောက်ပြီး တကယ်ပဲ သူ့စာရွက်တွေကို မကြည့် တော့ပဲ ကျွန်တော်ပြတဲ့ အမှုတွဲကိုပဲကြည့်ပြီးဖြေတော့တယ်။ "

ဟု ပြောပြီး ကျွန်တော်ခေတ္တနားစဉ် ကိုလေးမြင့် က " အဲဒီတော့ ဘာထူးခြားသလဲ ဆရာ " ဟု မေးလာပါသည်။ ကျွန်တော်က -

နီ - " ထူးပြီလားဗျာ ကိုလေးမြင့် ကလည်း၊ ကျွန်တော်က အငြင်းပွား နေတဲ့ အိမ်ရှင်အိမ်ငှား စာချုပ်ပေါ်က လက်ဗွေဓါတ်ပုံကြီးကို သူ့ရှေ့ချပြထားပြီး အဲဒီလက်ဗွေကြီးပေါ်မှာရှိတဲ့ အခြေခံပုံစံ အကြောင်း၊ ကျွန်းကလေးတွေအကြောင်း၊ လိုင်းထပ်၊ လိုင်းဖြတ်တွေ အကြောင်း၊ ထင်ထင်ရှားရှား မြင်နေရတဲ့အတိုင်း နိမိတ်ပြမေးခွန်း တွေကို ဆက်တိုက်မေးခွန်း (၂၀) လောက် မေးပစ်တော့ သူ့အနေနဲ့ ဝေ့လည်ကြောင်ပတ်လုပ်လို့မရတော့ပဲ " ဟုတ်ပါတယ် " " မှန်ပါတယ် " နဲ့ အများကြီးဝန်ခံရတော့တာပေါ့။ "

- " (၂) နာရီလောက်ကြာအောင် ကျွန်တော်မေးပြီးတဲ့အခါမှ ပါရဂူကြီး ပင်ပန်းနေလို့ ညာတာသလိုပုံစံမျိုးနဲ့ တရားသူကြီးကို မေးစရာတွေအများကြီးကျန်သေးလို့ ရုံးနားမှ တောင်းဆို

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်လေ။ နောက်ပြီး အခုလောလောဆယ် **မေးနေတဲ့** လက်ဗွေနဲ့ ပတ်သက်ပြီး နောက်ထပ်မေးစရာတွေ **အများကြီး** ကျန်သေးတယ်လို့ ပါရဂူကြီးစိတ်ထဲ စွဲသွားအောင်လည်း ပြောလိုက်သေးတယ်လေ။ အဲဒီတော့ တရားသူကြီးကလည်း ပါရဂူကို ညာတာတဲ့အနေနဲ့ ရုံးချိန်းပေးလိုက်တာပေါ့ "

- " အဲ - နောက်ရုံးချိန်းလဲရောက်ရော ကျွန်တော်က ပြီးခဲ့တဲ့ အပါတ်ကမေးခဲ့တဲ့ အိမ်ရှင်အိမ်ငှားစာချုပ်အကြောင်း လုံးဝ မမေးတော့ဘဲ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေအစစ် ဓါတ်ပုံကြီးကို သူ့ရှေ့ချပြပြီး၊ ပြီးခဲ့တဲ့အပါတ်ကလို နိမိတ်ပြမေးခွန်းတွေနဲ့ တစ်ခုချင်းထောက်ပြီး ဆက်တိုက်မေးလိုက်တော့ ဒီမှာလည်း သူဝေ့လည်ကြောင်ပတ် ဖြေလို့မရတော့ဘဲ " ဟုတ်ပါတယ် " " မှန်ပါတယ် " ဆိုတာတွေ အများကြီးဖြေလိုက်ရတယ်။ "

- " အဲဒီနေ့က ရုံးချိန်းမှာ လက်ဗွေပါရဂူကြီးဟာ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေအကြောင်း သိပ်ကြည့်လာပုံမရဘူး။ ပြီးခဲ့တဲ့ရုံးချိန်းက စာချုပ်ပေါ်က လက်ဗွေအကြောင်း မေးထားတာကိုး၊ ဒီတော့ ဒီနေ့ ဒီမေးခွန်းတွေဟာ အသစ်ဖြစ်နေတဲ့အတွက် သူ့အနေနဲ့ စဉ်းစားချိန် မရတော့ပဲ အမြင်အတိုင်း၊ အရှိအတိုင်း ဖြေပေးနေရ တယ်လေ "

- " ဘယ်လောက်ထိ ကွဲလွဲသွားသလဲဆိုရင် ဥပမာတစ်ခုပေးမယ် ဗျာ "

- လက်ဗွေတစ်ခုရဲ့ ပထမဆုံး အရေးကြီးဆုံးအချက်ဖြစ်တဲ့ အခြေခံပုံစံမှာတင်ဘဲ ကွဲလွဲသွားခဲ့တယ်။ စာချုပ်ပေါ်မှာရှိတဲ့ လက်ဗွေရဲ့ အခြေခံပုံစံဟာ **စက်ဝိုင်းပုံစံ ရစ်ဆင်းတယ်လို့** ဖြေဆိုခဲ့ပြီး၊ ဒီနေ့ ဒေါ်ခင်မြိုင်ရဲ့ လက်ဗွေပုံစံကိုပြမေးတော့ **" ဘဲဥ ထောင်ထားတဲ့ပုံစံမျိုး ရစ်ဆင်းတယ် "** လို့ ဖြေတယ်ဗျ။

- နောက်ထပ်လည်း ကွဲလွဲတာတွေ အများကြီးပါပဲ။ ဒါတွေကို သူလုံးဝ မသိလိုက်ဘဲ ဝန်ခံသွားပြီ။ ဒီအချိန်မှာ သူမသိသလို တရားသူကြီး လည်း ရုတ်တရက် သိအုံးမှာမဟုတ်သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



- အဲ - အပြီးသတ်လျှောက်လဲချက်ပေးတဲ့အခါမှာ အဲဒီကွဲလွဲချက်တွေကို ကျွန်တော်က တရားသူကြီးကို ထောက်ပြလိုက်တော့၊ တကယ်တမ်းအားဖြင့် လက်ဗွေတွေဟာ တစ်ခုနဲ့တစ်ခု မတူဘဲနဲ့ တူတယ်လို့ မှားယွင်းစွာ ထင်မြင်ချက်ပေးခဲ့ခြင်းသာ ဖြစ်တယ်ဆိုတာ တရားသူကြီးသဘောပေါက်သွားတာပေါ့။

" ကိုင်း ကိုလေးမြင့် ရှင်းပြီလား "

ဟု ပြောဆိုရင်း စကားကို အဆုံးသတ်လိုက်ပါသည်။ ကိုလေးမြင့် က -

" အရမ်းရှင်းပါတယ်ဆရာ၊ ကျွန်တော်က စီရင်ချက်ဖတ်ထားတော့ အခုဆရာပြောနေတာတွေ စီရင်ချက်မှာတွေ့ခဲ့တယ်လေ "

ဟု ပြောလာပါသည်။ ဆရာဦးသိန်းလွင် ကလည်း -

" ဆရာပြောပြတော့လည်း သူ့ဟာသူ ချိတ်ဆက်မိနေတာပဲနော်၊ ဆရာ တရားရုံးမှာ လျှောက်လဲချက်ပေးတုန်းက ကျွန်တော်လည်းရှိနေတော့ ဆရာပြောတာတွေကို ကြားပါတယ်။ ဒါပေမယ့် အဲဒီလိုလျှောက်လဲ တင်ပြနိုင်အောင် ရှေ့နေပညာကိုသုံးပြီး အစောကြီး ကြိုတင်ပြီး အချက်အလက်တွေ စုဆောင်းထားရတာကိုတော့ ကျွန်တော်လည်း အခုမှ သတိပြုမိတယ်ဗျာ။ "

ဟု ပြောဆိုလာပါသည်။ ကိုကျော်ဝင်းနှင့် ဆရာဦးဝင်းတင့် တို့လည်း သူတို့ ဒယ်ယူအဆများ ဝင်ရောက် ဆွေးနွေးပြောဆိုနေကြသဖြင့် ကျွန်တော်အနားရနေပါသည်။ ထိုအချိန်တွင် ဆိပ်ကမ်းအရာရှိ ဦးကျော်မြင့် ရောက်ရှိလာသဖြင့် ဦးသိန်းလွင်က ကြိုဆိုနေရာချထားပေးပြီးနောက် စကားဝိုင်းဆက်ကြပါသည်။

ကိုသန်းဖေနှင့် ကိုလေးမြင့်က တစ်စု၊ ကိုထက်ဝင်းနှင့် ဦးဝင်းတင့် ကတစ်စု၊ ဦးသိန်းလွင်၊ ဦးကျော်ဝင်းနှင့် ဦးကျော်မြင့် တို့ကတစ်စု အသီးသီး စကားပြောနေကြသည်ကို တွေ့ရပါသည်။

ကျွန်တော်ကလည်း စိတ်ချမ်းသာစွာဖြင့် စားသောက်နေစဉ် စိတ်အထင် (၁၀) မိနစ်ခန့် အကြာလောက်တွင် မြန်မာစာဆရာ ဦးဝင်းတင့်က -

" ဆရာနီ - ခင်ဗျားစောစောကပြောနေတာ မပြီးသေးဘူးဗျ၊ ဘာလဲဗျ၊ နောက်တစ်ခု ကျန်ပါသေးတယ် "

www.burmeseclassic.com

www.burmeseclassic.com



ဟု စကားပြန်စလာရာ ဆရာ ဦးသိန်းလွင် က

" The Art of Argumentation " (လျှောက်လဲချက်ပေးခြင်းဆိုင်ရာပညာ) အကြောင်းပါဆရာ "

ဟု အလျှင်အမြန် စကားလမ်းကြောင်းပေါ် ပြန်တင်ပေးပါသည်။

ကျွန်တော့်အနေဖြင့် ကိုယ်စထားသောစကားကို ဆုံးအောင်ဆက်ပြောရပါအုံးမည်။

နီ - " ဆရာတို့အားလုံး ကျွန်တော့်ဆရာ " ဦးကိုယု " ဘာသာပြန်ဆိုရေးသားတဲ့ ကမ္ဘာကျော် တရားခွင်လျှောက်လဲချက်များ " ဆိုတဲ့စာအုပ် ဖတ်ဖူးကြမှာပါ။ အဲဒီစာအုပ်မှာ လျှောက်လဲချက်ပေးခြင်းပညာရပ်အကြောင်း အတော်လေး လေ့လာလို့ရနိုင်ပါတယ်။ ဒါပေမယ့် လူတော်တော်များများ အဲဒီစာအုပ်ကို ဖတ်ပြီးတဲ့နောက် ပေးတဲ့မှတ်ချက်ကတော့ " သိပ်ကောင်းတဲ့ လျှောက်လဲချက်တွေပဲဗျာ " လို့ ပြောကြတယ်ဗျ။ မကောင်းရှိပါ့မလားဗျာ။ တရားသူကြီးမပြောနဲ့ နားထောင်နေတဲ့ ပရိသတ်တောင် စူးနစ်သွားအောင် ထိထိမိမိ တင်ပြပြောဆိုသွားတဲ့ လျှောက်လဲချက်တွေပဲ။ ဒါပေမယ့် စာဖတ်သူအများစုက အဲဒီစာအုပ်မှာ " Advocacy " တွေ ပါနေတာကို သတိမထားမိကြဘူးဗျာ။ ကျွန်တော်လဲ အဲဒီအထဲမှာ ပါတယ်လေ။ "

" အဲဒီစာအုပ်ထွက်လို့ ကျွန်တော်တို့ဖတ်ကြပြီးနောက် ဆရာ့ကို ကျွန်တော်က ဆရာဘာသာပြန်တာ အလွန်ကောင်းကြောင်း၊ မြန်မာ စာဖတ်ပရိသတ်အတွက် ထိထိမိမိ ဖြစ်အောင် ပြန်ဆိုထားတာကို ဂုဏ်ယူမိကြောင်း ပြောဆိုတော့ ဆရာက ကျွန်တော့်ကို - " ကိုနီ - မင်းအဲဒီစာအုပ်ဖတ်ပြီးတော့ ငါတို့ရှေ့နေတွေနဲ့ ဆိုင်တဲ့အချက် ဘာသတိပြုမိသလဲ " လို့ မေးတယ်ဗျ။

" ဆရာက အဲဒီလိုရှေ့နေနဲ့ဆိုင်တဲ့ကဏ္ဍကိုကွက်မေးလိုက်တော့ ကျွန်တော် ရုတ်တရက် ဖြေဖို့ခက်သွားတယ်ဗျ။ ကျွန်တော် ပွင့်ပွင့်လင်းလင်းဝန်ခံရရင် အလွန်ဖတ်လို့ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ဖတ်ထားပြီး ခံစားထားတာပဲရှိတယ်။ ရှေ့နေအကြောင်း ဆိုလို့ အဲဒီစာအုပ်ထဲက ရှေ့နေကြီးတွေ အရမ်းတော်တယ်ဆိုတာ လောက်ဘဲ ခံစားသိရှိထားတယ်၊ တခြားဘာမှ မသိဘူးဗျ။ "

" ဒါပေမယ့်လဲ ကိုယ့်ဆရာက ကိုယ့်ကိုယ် မေးနေပြီဆိုတော့ ကျွန်တော်လည်း " ကျွန်တော်တို့လို မြန်မာပြည်က တက်သစ်စ ရှေ့နေလေးတွေ ကြိုးစားအားထုတ်ချင်လာအောင် ဆွဲဆောင်မှု ရှိတာကိုတော့ သတိပြုမိပါတယ်ဆရာ " လို့ ကျွန်တော် စဉ်းစဉ်း စားစားဟန်ဖြင့် ပြန်ဖြေလိုက်တဲ့အခါ ဆရာက " မင်းပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ငါမေးတာနဲ့မှဘာမဆိုင်ဘူး ကွ " လို့ ဆရာက ပြောလာတော့ ကျွန်တော်ကလည်း ကမန်းကတန်း " ဆရာဘဲရှင်းပြပေးပါခင်ဗျာ " လို့ ပြောလိုက်ရတယ်။ ဒီတော့ ဆရာက " အဲဒီစာအုပ်ထဲမှာ ' Advocacy ' လို့ခေါ်တဲ့ ရှေ့နေ ပညာအကြောင်း အများကြီးပါတယ်ကွ။ အဲဒါကို ရှေ့နေတွေ သတိပြုမိရင် ဆရာရေးရကျိုးနပ်တယ်လို့ ဆိုရမယ်ကွ " ဟု ပြောပြတယ်ဆရာတို့ "

လို့ ကျွန်တော်က စကားပလ္လင်ခံလိုက်ရာ နားထောင်နေသူ တော်တော်များများက ဆရာ ဦးကိုယုက ဘာဆက်ပြောသလဲဟု ဝိုင်း၍မေးလာကြသဖြင့် ကျွန်တော်လည်း မနားရတော့ပဲ စကားဆက်ရပါတော့သည်။

" ဆရာဦးကိုယုက အများကြီးမပြောဘူးဗျ။ ကျွန်တော် မှတ်မိ သလောက် အဓိကအချက်ကိုပြောရရင် လျှောက်လဲချက် ပေးတယ် ဆိုတာ ဉာဏ်အမြော်အမြင် အလွန်ကြီးမားလှတဲ့ တရားသူကြီးတွေ က ကိုယ် (ရှေ့နေ) ပြောနေတာတွေကို လက်ခံသဘောတူအောင် ပြောရတာဖြစ်လို့ စိတ်ထဲရှိတိုင်း ထင်သလို ပြောလို့မရပဲ ပညာသား ပါပါ ပြောရတာဟာ ရှေ့နေပညာတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်တယ် ဆိုတဲ့အချက်ပဲဗျ။ "

ဟု ကျွန်တော်က ပြောလိုက်စဉ် မြန်မာစာဆရာ ဦးဝင်းတင့်က -

www.burmeseclassic.com

www.burmeseclassic.com



" အလျှောက်ကောင်းတော့ အထောင်းသက်သာဆိုတဲ့ မြန်မာစကားပုံတောင် ရှိတယ်မဟုတ်လားဗျ။ "

ဟု ဝင်ပြောလာပါသည်။ ဆရာဦးသိန်းလွင်က -

" တရားသူကြီးတွေ နားဝင်အောင်ပြောရတဲ့ပညာဆိုတာ ဘယ်လိုမျိုးလဲဗျ။ "

ထပ်မေးလာပါသည်။ ကျွန်တော်က -

" စကားနီးနီးစပ်စပ်ဖြစ်အောင် ရွေးပြောရရင် တင်ပြပုံတင်ပြနည်းနဲ့ဆိုင်မယ် ထင်တယ်ဗျ။ "

လွင် - " Presentation လားဆရာ "

နို - " Presentation " လို့ပြောရင် ကုန်စည်အရောင်းအဝယ်ကိစ္စမှာသုံးတဲ့ " Presentation " နဲ့ ရောသွားနိုင်တယ်ဆရာ။ အခု ကျွန်တော်ပြောနေတာက " Argumentation " (လျှောက်လဲချက်ပေးခြင်း) ဗျ။ သူနဲ့ဆင်တူရိုးမှားတစ်ခုရှိသေးတယ်။ အဲဒါက " Teaching " " The art of Teaching " ဆိုတဲ့ ပညာလဲရှိသေးတယ်ဗျ။

ဦးဝင်းတင့် - " ဟာ - ဆရာနို " The Art of Teaching " ကတော့ ခင်ဗျားတို့ရှေ့နေနဲ့ မဆိုင်ပါဘူးဗျာ။ ကျောင်းဆရာဆိုတာက သင်ကြားနေတဲ့အကြောင်းအရာကို ကျောင်းသားတွေ နားလည်သဘောပေါက်ပြီးလက်ခံသွားအောင် သင်ပြရတာလေ။ ခင်ဗျားတို့ရှေ့နေ ဆိုတာက တရားသူကြီးတစ်ယောက် လက်ခံအောင် ပြောရတာဆိုတော့ မဆိုင်ဘူးထင်တယ်ဗျ။ "

နို - " ဆရာက မဆိုင်ဘူးထင်တယ်လို့သာပြောနေတာ ဆရာ့စကားအရဘဲ ဆိုင်နေပြီလေ "

တင့် - " ဘာကြောင့်လဲဗျ "

နို - " ကျောင်းဆရာက ကျောင်းသားအများကို နားလည်လက်ခံအောင်လုပ်တာ၊ ရှေ့နေကတော့ တရားသူကြီး တစ်ဦး၊ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကလက်ခံအောင် လုပ်ရတာဆိုတော့ လူအရေအတွက်ပဲ ကွာမယ်။ တဖက်လူ နားလည်လက်ခံအောင်လုပ်ရတာတော့ အတူတူပဲမဟုတ်လား။ ”

လွှင် - “ ဒါလဲဟုတ်တော့ ဟုတ်သားဗျ ”

ဦးကျော်ဝင်း - “ ဆရာ ဦးဝင်းတင့်၊ ခင်ဗျားတို့ ကျောင်းဆရာတွေက ကျောင်းသားတွေကို စာသင်တဲ့ နေရာမှာ နှစ်ယောက်အပြိုင်သင်ရတာ မဟုတ်ဘူးဗျ။ ကျွန်တော်တို့ ရှေ့နေတွေကတော့ တဖက်မှာ ပြိုင်ဘက်ရှေ့နေရှိတယ်၊ ကျောင်းဆရာလို ကိုယ်ပြောချင်တိုင်း ပြောလို့ မရဘူးဗျ ”

လို့ ဝင်ဆွေးနွေးရာ “ Advocacy ” အကြောင်းမှ ရှေ့နေအကြောင်းနှင့် ကျောင်းဆရာအကြောင်းဘက် စကားလမ်းကြောင်းပြောင်းသွားပါတော့သည်။ အတန်ကြာအောင် ရှေ့နေနှင့် ကျောင်းဆရာ လုပ်ငန်းသဘာဝတူမတူ ငြင်းခုံနေကြရာ ဆရာဦးသိန်းလွင် စကားလမ်းကြောင်း ပြန်တည့်ပေးပြီး ကျွန်တော့်ကိုဆက်ပြောရန် တောင်းဆိုလာသဖြင့် ကျွန်တော်က -

“ ကျောင်းဆရာနဲ့ ရှေ့နေလုပ်ငန်းသဘောသဘာဝချင်း မတူတဲ့ ကိစ္စက ငြင်းစရာကိစ္စမှ မဟုတ်ပဲဗျာ။ ဒါပေမဲ့ တူတာလေးတွေ ရှိနေတယ်ဗျ။ သတိမထားကြလို့ပါ။ ဥပမာ ရှေ့နေက တရားသူကြီး နားလည်လက်ခံနိုင်အောင် ပြောဆိုရင် အမှုနိုင်မယ်ဗျာ။ ကျောင်းဆရာလည်း သူ့တပည့်ကို နားလည်သဘောပေါက်အောင် သင်နိုင်ရင် စာမေးပွဲအောင်မယ်ဗျာ။ ဒါကတူတဲ့အချက်။ ”

“ ဒါဖြင့်၊ မတူတဲ့အချက်ကဘာလဲဆိုတော့ ကျောင်းဆရာက ကျောင်းသားကို အထက်စီးကနေ သင်ကြားပို့ချရပြီး၊ ရှေ့နေကြတော့ တရားသူကြီးကို အောက်စီးကနေ တင်ပြပြောဆိုရတာ ဒါကြောင့် မလွယ်ကူလှဘူး။ ဒါထက် ပိုဆိုးတာက ရှေ့နေတစ်ယောက်ရဲ့ ပြောစကားကို တစ်ဖက်ရှေ့နေက မမှန်ပါဘူးလို့ ချေပပြောဆိုခွင့်ကလည်း ရှိနေတော့ တရားသူကြီး နားဝင်အောင် ပြောဖို့ဆိုတာ အတော်လေးခက်ခဲ့တဲ့ ကိစ္စပဲ။ ”

www.burmeseclassic.com

www.burmeseclassic.com



" ဒါကြောင့် ရှေ့နေတစ်ယောက် လျှောက်လဲချက်ပေးတာဟာ တရားသူကြီး နားလည်လက်ခံဖို့ လိုအပ်သလို၊ ပြိုင်ဘက်ရှေ့နေ အနေနဲ့လည်း ပြန်ပြီး မချေပနိုင်လောက်အောင် ကိုယ့်ဘက်က မှန်ကြောင်း ခိုင်ခိုင်လုံလုံ ထိထိမိမိ ပြောနိုင်ဖို့လိုဟယ်ဗျ။ "

ဟု ပြောလိုက်သည့်အခါ ဦးကျော်ဝင်း က တစ်စခန်းထလာပါသည်။

**ဦးကျော်ဝင်း** - " ဆရာ ဦးဝင်းတင့် - ဒီအတိုင်းဆိုရင် ကျောင်းဆရာ စာသင်တာထက် ရှေ့နေ လျှောက်လဲချက်ပေးတာက ပိုပြီး ခက်ခဲနက်နဲတယ် မဟုတ်လားဗျ။ ဆရာလွင်ရော ဘယ်လိုသဘောရသလဲ "

ဟု မြန်မာစာဆရာ ဦးဝင်းတင့်နှင့် အင်္ဂလိပ်ဆရာ ဦးသိန်းလွင် တို့နှစ်ဦးလုံးကို မထိတထိ ကလိလိုက်ပါသည်။ ကျွန်တော့်အနေဖြင့် ဆက်ပြောမည့်စကားများ ရှိနေသေးသော်လည်း ကိုကျော်ဝင်း ဝင်ရောက်ဆွေးနွေး လာသဖြင့် ဆက်မပြောတော့ဘဲ သူတို့ဘာပြောမလဲဆိုသည်ကို စောင့်နေလိုက်ပါသည်။

ဤတွင် ဦးဝင်းတင့် က -

" ကိုကျော်ဝင်း၊ ခင်ဗျားက ရှေ့နေဆိုတော့ ဆရာနီ - ဘက်က ရပ်တာမဆန်းပါဘူး။ ဒါပေမယ့် ကျွန်တော်တစ်ခုတော့ ပြောချင်တယ်။ ခင်ဗျားတို့ရှေ့နေတွေရဲ့အလုပ်က ခက်ချင် ခက်လိမ့်မယ်။ အဲဒါတော့ ကျွန်တော်မသိပါဘူး။ သို့ပေမယ့် ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားရဲ့ သွန်သင်ချက်အရဆိုရင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတဲ့ပုဂ္ဂိုလ်များကို အနန္တော အနန္တငါးပါးဂိုဏ်းဝင်လို့ သတ်မှတ်ထားတယ်ခင်ဗျ။ အဲဒီထဲမှာ ခင်ဗျားတို့ရှေ့နေတွေမပါဘူး။ ကျုပ်တို့ကျောင်းဆရာတွေဘဲ ပါတယ်ဗျ။ အဲဒါ ကိုကျော်ဝင်း ဘာပြောချင်သလဲ "

ဟု ကိုကျော်ဝင်းကို စောဒကတက်လိုက်ပါသည်။ ကိုကျော်ဝင်းက တစ်စုံတစ်ရာ ပြန်မပြောရသေးမီ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် ဆိပ်ကမ်းအရာရှိ ကိုကျော်မြင့် က -

" ဦးဝင်းတင့်၊ အနန္တော အနန္တငါးပါးထဲမှာ ကျူရှင်ဆရာပါသလားဗျ "

www.burmeseclassic.com

www.burmeseclassic.com



ဟုမေး၍ နောက်လိုက်ရာ အားလုံးရယ်မောကြပြီး တစ်ယောက်တစ်ပေါက် ထင်မြင်ချက်များပေးကြ၊ ငြင်းကြခုံကြဖြင့် စကားဝိုင်း ဆူညံသွားပါတော့သည်။

သူတို့တစ်တွေ အငြင်းအခုံဖြစ်နေစဉ် ကျွန်တော်က နောင်တော်ကြီး ဦးသိန်းလွင် ဒါနမြောက် ကုသိုလ်ရစေရန် ရည်ရွယ်ချက်ဖြင့် ကောင်းပေ့ဆိုသည့် စားစရာများကို ရွေးချယ်စားသောက်ရင်း သူတို့၏ အငြင်းအခုံကို နားထောင်နေလိုက်ပါသည်။ စကားလမ်းကြောင်းပြောင်းလိုက်သူ ရှေ့နေကြီး ဦးကျော်ဝင်း ၏ ကျေးဇူးကို မမေ့ပါ။

ကျွန်တော်တို့ငယ်စဉ်ဘဝက မိဘသဖွယ် မေတ္တာစေတနာဖြင့် သင်ကြားပို့ချခဲ့သည့် ဆရာများနှင့် ယခုခေတ် ငွေကြေးကိုအခြေခံထား၍ သင်ကြားပို့ချသည့် ဆရာများမတူကြောင်း ပြောကြသူများရှိသလို၊ ငွေကြေးယူ၍ ကျူရှင်ဆရာအဖြစ် သင်ကြားပို့ချသော ဆရာ၊ ဆရာမများတွင်လည်း မေတ္တာစေတနာကို အခြေခံထား၍ သင်ကြားသူများရှိကြကြောင်း၊ ဘာသာစုံဂုဏ်ထူးထွက်အောင် သင်ကြားပေးသည့် ကျူရှင်ဆရာ၊ ဆရာမများကို မိဘများကပင်လျှင် ကျေးဇူးတင်ကြသည်ဖြစ်ရာ ကျူရှင် ဆရာများကို နှိမ်ချမပြောသင့်ကြောင်း အခြေအတင်ပြောဆိုကြရာ အလွန်အမင်း နားထောင် ကောင်းလှပါသည်။

သူတို့စကားဝိုင်း အရှိန်ပျက်သွားမည်စိုး၍ ကျွန်တော်က တစ်စုံဝစ်ရာ ဝင်ရောက်ဆွေးနွေးခြင်း မပြုဘဲ ငြိမ်သက်စွာ စားသောက်ရင်း နားထောင်နေ သော်လည်း ကျွန်တော်ကြာကြာငြိမ်သက်ခွင့်မရခဲ့ပါ။ ဆရာဦးသိန်းလွင်က ကျောင်းဆရာအကြောင်း၊ ခဏနားပြီး " Advocacy " (ရှေ့နေပညာ) အကြောင်း ကျွန်တော်ဆက်လက်ပြောဆိုသည်ကို နားထောင်ကြရန် စကားခေါ်လိုက်သဖြင့် အားလုံး ကျွန်တော့်ဘက် လှည့်လာပြီး ကိုလေးမြင့်နှင့် မောင်သန်းဖေ တို့က ရှေ့နေများ လျှောက်လဲချက်ပေးတဲ့ပညာအကြောင်း ဆက်ပြောရန် တောင်းဆိုလာကြပါသည်။

ထို့ကြောင့် ကျွန်တော်လည်း စထားသည့်စကား မြန်မြန်ပြတ်အောင် ကျောင်းဆရာအကြောင်း မပြောတော့ပဲ ရှေ့နေအကြောင်းကိုသာ ဆက်လက် ပြောဆိုရန် ဆုံးဖြတ်လိုက်ပြီး ဆက်လက်ပြောဆို ဆွေးနွေးကြပါသည်။

နီ - " လျှောက်လဲချက်ပေးတယ်ဆိုတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတော့ အဆုံးအဖြတ်ပေးတဲ့ တရားသူကြီးအနေနဲ့ ရှေ့နေလျှောက်လဲ

www.burmeseclassic.com

www.burmeseclassic.com



တင်ပြတဲ့အတိုင်း လက်ခံပြီး ဆုံးဖြတ်ပေးစေလိုတဲ့ **ရည်ရွယ်ချက်** တစ်ခုပဲ ရှိတယ်ဗျာ။ ”

“ ဒီတော့ ပထမဆုံး အရေးကြီးတာက လျှောက်လဲချက်ပေးမယ့် ရှေ့နေအပေါ် တရားသူကြီး ဂရုပြုမိဖို့လိုတယ်ဗျ။ တရားသူကြီးတွေ လေးစားပြီးဖြစ်တဲ့ ရှေ့နေတွေအကြောင်း ကျွန်တော် မပြောတော့ဘူး။ အခုမှ စတွေ့တဲ့ တရားသူကြီးနဲ့ရှေ့နေတို့ အကြောင်းပဲ ပြောပြမယ်ဗျာ။ ”

“ အဲဒီရှေ့နေရဲ့အသံက ရှင်းလင်းပြတ်သားပြီး ကိုယ့်ကိုယ်ကိုယ် သေချာမှုရှိတဲ့ အနေအထားရှိရမယ်။ မဝံ့မရဲပုံစံမျိုး မဖြစ်ရဘူး။ စာဖတ်ပြတဲ့ပုံစံမျိုးမဟုတ်ပဲ၊ စကားပြောတဲ့ ပုံစံမျိုးနဲ့ သတ္တိရှိရှိနဲ့ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား ပြောဆို တင်ပြမယ်ဆိုရင် တရားသူကြီး စိတ်ဝင်စားမှာအမှန်ပဲ။ ကိုယ်ပြောတဲ့ အကြောင်းအရာတွေ မှန်နေသည့်တိုင် ပြောဆိုတင်ပြပုံက အာမရှင်း၊ လေးလုံးမကွဲပဲ ကွမ်းဝါးနေတဲ့ပုံစံမျိုးနဲ့ ပြောမယ်ဆိုရင် တရားသူကြီးတော့ မပြောတတ်ဘူး ကျွန်တော်တော့ စိတ်မဝင်စားတဲ့အပြင် စိတ်ပျက်သွားမှာအမှန်ပဲ။ ”

ဤတွင် ဆရာဦးသိန်းလွင်က -

“ ဟုတ်တယ်ဆရာ၊ ကွမ်းဝါးရင်းစကားပြောတာဟာ နားထောင်သူကို စော်ကားသလိုဖြစ်ပြီး အလွန်မယဉ်ကျေးတဲ့ကိစ္စဖြစ်တယ်ဗျ။ ဒါကြောင့် ကျွန်တော့်မှာသာ အခွင့်အာဏာ ရှိမယ်ဆိုရင် ရှေ့နေရော၊ တရားသူကြီးပါ အလုပ်ချိန်မှာ ကွမ်းမစားရလို့တောင် စည်းကမ်း ထုတ်ချင်တယ်ဗျာ ”

ဟု ဝင်ရောက်ပြောဆိုခဲ့ပါသည်။ (ယခု ကွမ်းစားခြင်းကို လူ့အခွင့်အရေးသဘောအရ ကန့်ကွက်ရန် မရှိသော်လည်း စည်းကမ်းတကျစားရန် လိုအပ်ကြောင်း ပြောလိုပါသည်။ ကွမ်းစားခြင်းဖြင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်ကြောင်း သိသင့်သကဲ့သို့ မိမိနှင့် ဆက်ဆံပြောဆိုနေသည့် တစ်ဖက်သားအပေါ် မလေးစားရာ ရောက်သည်ဆိုသည်ကိုလည်း သိရှိလိုက်နာ စောင့်စည်းသင့်ကြောင်း အလျဉ်းသင့်၍ တင်ပြလိုပါသည်။) ဦးသိန်းလွင် ပြောဆိုပြီးနောက် ကျွန်တော်က -

www.burmeseclassic.com

www.burmeseclassic.com



" လျှောက်လဲချက်ပေးတဲ့နေရာမှာ တရားသူကြီး ဂရုစိုက်မိအောင် နောက်တစ်ခု လုပ်သင့်တဲ့အချက်က သပ်ရပ်စွာ ဝတ်စားဆင်ယင်မှုပဲဗျ။ အဲဒါတော်တော် အရေးကြီးတာကို တချို့က သတိမပြုမိကြဘူး။ ရှေ့နေတချို့ပြောတာကို ကျွန်တော်ကြားဘူးတာ ပြောရရင် တရားရုံးချုပ် တရားသူကြီးတွေ သူတို့ (ရှေ့နေ) ကို လေးစားအောင် ဟောင်းနွမ်းစုတ်ပြဲနေတဲ့ ဝတ်ရုံကို ဝတ်ရင် ကောင်းတယ်တဲ့ဗျာ။ စဉ်းစားကြည့်ကြပါအုံးဗျာ။ ဝတ်ရုံအစုတ်ကို ဝတ်လိုက်တာနဲ့ လူတော်ရှေ့နေကြီးဖြစ်သွားရောလားဗျ။ "

" ဝါသမ္ဘာနဲ့ စုတ်ပြဲနေတဲ့ဝတ်ရုံ ခွဲခြားပြီးသိဖို့လိုတယ်လို့ ကျွန်တော်ထင်တယ်။ ဝါသမ္ဘာဆိုတာ ဥပမိရုပ် (Personality) ကို ဆိုလိုတာဗျ။ ဥပမိရုပ်ဆိုဟာ တကယ်တော့ ရုပ်ပိုင်းဆိုင်ရာကို ရည်ညွှန်းတာမဟုတ်ဘူး။ ဥပမိရုပ်မရှိတဲ့လူကို ခင်ဗျားတို့ ဘယ်လိုအဝတ်အစားကိုဘဲ ဝတ်ပေးဝတ်ပေး သူ့ကို လူတွေအထင်ကြီးလေးစားလာမှာ မဟုတ်ဘူး။ ဥပမိရုပ်ရှိတဲ့လူဟာ ဘယ်လောက်ဟောင်းနွမ်းနေတဲ့အဝတ်အစားကို ဝတ်စားဆင်ယင်ထားပေမယ့် သူ့ကို လူအများက လေးစားမှာ ဖြစ်တယ်ဗျ။ "

" ဒါကြောင့် ကျွန်တော်တို့ရှေ့နေတွေဟာ သေသေသပ်သပ်နဲ့ ဝတ်စားဆင်ယင်ကြဖို့ လိုတယ်ဆိုတာကိုလည်း သိထားဖို့ လိုတယ်ဗျ။ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ရင် ယောက်ျားလေးတွေထက် မိန်းကလေးတွေက လှချင်လွန်းတဲ့သဘာဝအရ သတ်မှတ်ထားတဲ့ ရှေ့နေဝတ်စုံပုံစံကိုဘဲ အမျိုးမျိုး တီထွင်ဖန်တီးပြီး ဝတ်ကြတာကို တွေ့နေရတာဟာ အလွန်စိတ်ပျက်စရာ ကောင်းလှတယ်။ အမျိုးသမီးတစ်ယောက်ဟာ ရှေ့နေလုပ်မယ် စိတ်ကူးရင် ရှေ့နေပီပီပြင်ပြင်ဖြစ်အောင် လုပ်သင့်တယ်။ မော်ဒယ်ပုံစံ ဝတ်စားဆင်ယင်မှုမျိုးကို ရှေ့နေလောကထဲ ယူမလာ သင့်ဘူးဗျ။ "

" ပြောရင်းပြောရင်း ကျွန်တော့်စကား ဘယ်ရောက်သွားပြီလဲတောင် မသိတော့ဘူးဗျာ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ခေတ္တနားလိုက်ရာ ဦးကျော်ဝင်းက -

" ဆရာနီပြောတာမှန်တယ်ဗျ။ တချို့ယောက်ျားလေးရှေ့နေတွေက သူတို့ကို တရားသူကြီး အထင်ကြီးအောင် ဝတ်ရုံအစုတ်ကြီးတွေ ဝတ်ပြီး ရုံးတက်တာ ကျွန်တော်တွေ့ဖူးတယ်။ နောက်ပြီး မိန်းကလေးတချို့လည်း အောက်မှာ ရောင်စုံလက်ရှည်ဝတ်ထားပြီး အပေါ်ရုံအကျီအမဲကို လက်တိုဝတ်ထားတာမျိုးလည်း တွေ့ဘူး တယ်။ တချို့မိန်းကလေးတွေကြတော့ သူတို့ရဲ့အောက်ခံအကျီ အလှအပကို လူမြင်အောင် အပေါ်က အမဲရောင် ဇာအကျီကို ဝတ်ထားတာလည်း တွေ့ဖူးတယ်ဗျ။ အဲဒီတော့ တရားသူကြီးကို သူတို့ရဲ့ ပညာကိုသိစေချင်တာလား၊ သူတို့ဝတ်ဆင်ထားတဲ့ အလှအပကို သိစေချင်တာလား၊ စဉ်းစားစရာတောင် ဖြစ်လာ တယ်ဗျာ။ "

ဟု ဝင်၍ဆွေးနွေးလာပါသည်။ ဤတွင် ဆရာဦးသိန်းလွင်က " လျှောက်လဲချက် ပေးခြင်းဆိုင်ရာပညာ " အကြောင်း ဆက်ပြောပါအုံးဆရာဟု ပြောလာရာ - ကျွန်တော်၏စကားကို ပြန်ဆက်ရန်အကြောင်း ပေါ်လာပြန်ပါသည်။ ကျွန်တော်က စကားမဆက်ရသေးမီ ကိုလေးမြင့်က -

" ဆရာ ဦးကိုနီ၊ ကျွန်တော်တစ်ခုလောက် မေတ္တာရပ်ခံပါရစေ၊ စောစောက ဆရာပြောခဲ့သလို လျှောက်လဲချက်ပေးတဲ့ အကြောင်း ကို " ဥပမာ " လေးတွေနဲ့ ပြောပြပေးပါလားဆရာ၊ ဒါမှ ကျွန်တော် တို့လည်း ကောင်းကောင်းနားလည်မှာမို့ပါ။ "

ဟု တောင်းဆိုလာပါသည်။ ကိုလေးမြင့်ကို ကျွန်တော်အလွန်ကျေးဇူးတင်ပါသည်။ ကျွန်တော် စကားဖြတ်ချင်လှပါပြီ။ သူတို့က မေးနေ၍ ကျွန်တော်၏ဝသီအတိုင်း စိတ်လိုက်မာန်ပါပြောဆိုနေရသော်လည်း ကျွန်တော်ကြာလာတော့ စိတ်ပင်ပန်း လာပါသည်။

ထို့ကြောင့် ကျွန်တော်က ကိုလေးမြင့်အား -

" ကောင်းပြီ ကိုလေးမြင့်ရေ ခင်ဗျားပြောတဲ့အတိုင်းဘဲ ဥပမာ တစ်ခုပေးပြီး ပြောမယ်ဗျာ။ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး တဆက်တည်း ကျွန်တော်က -

" လျှောက်လဲချက်ပေးတယ်ဆိုတာ ကိုယ် (ရှေ့နေ) ပြောချင်တာကို တရားသူကြီးက လက်ခံသဘောတူစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောနေတာဆိုတော့။ ကိုယ်ပြောနေတာကို သူ (တရားသူကြီး) နားလည် သဘောပေါက်အောင်ပြောရတော့မှာပေါ့။ ဆရာဦးသိန်းလွင်တို့ စာသင်သလို အထက်စီးက ပြောလို့မရဘူးနော်။ အောက်စီးကနေ ကိုယ့်ကိုလက်ခံအောင် ပြောရမှာ "

" ဒီနေရာမှာ ကျွန်တော်ရဲ့ အနည်းငယ်သော အတွေ့အကြုံအရ (၂) နည်းရှိတာ တွေ့ရတယ်ဗျာ။

- ပထမနည်းကတော့ ဝတ္ထုရေးသလို အစပိုင်းမှာ ဇာတ်နာအောင် အပြောကောင်းကောင်းနဲ့ ပြောပြပြီး၊ နောက်ပိုင်းကြမှ ကိုယ့်အမှုသည်ကမှန်လျှက် ကံမကောင်း အကြောင်းမလှလို့ အမှုဖြစ်ရပုံမျိုးပေါ့ဗျာ။

- နောက်တစ်နည်းကတော့ ဇာတ်လမ်းမဆင်ဘဲနဲ့ ရိုးရိုးသားသား အမှန်အတိုင်း၊ ကိုယ်သာတာကိုလည်း သာတဲ့အတိုင်း၊ ကိုယ့်ဘက် မသာတာကိုလည်း မသာတဲ့အတိုင်း တင်ပြပြီးမှ တရားသူကြီးရဲ့ စိတ်ဝင်စားမှု ရအောင်ယူပြီး ဖြစ်သင့်တာကို တောင်းဆိုတဲ့ နည်းမျိုးပေါ့။ "

" အဲဒီတော့ ပြောဆိုတင်ပြပုံအကြောင်းကို ကိုလေးမြင့် ပြောသလို ဥပမာပေးပြီး ကျွန်တော်စကားဖြတ်တော့မယ်နော် "

" အခု - ဒေါ်ခင်မြိုင် အမှုမှာ လက်ဗွေပါရဂူက လက်ဗွေ (၃) ခုဟာ လူတစ်ယောက်တည်းရဲ့ လက်ဗွေတွေပါလို့ ထင်မြင်ချက် ပေးခဲ့တာဟာ မမှန်ဘူးဆိုတာကို တရားရုံးချုပ် တရားဝန်ကြီးတွေ လက်ခံသဘောတူအောင် စကားနဲ့ပြောဆို လျှောက်လဲတင်ပြလို့ မလွယ်တော့၊ ကျွန်တော်က ဆရာဦးသိန်းလွင်ရဲ့မိတ်ဆွေ ပန်းချီဆရာ တစ်ဦးရဲ့ အကူအညီနဲ့ လက်ဗွေပုံစံတွေကို သက်သေပါရဂူကြီး ပြောဆို၊ ထွက်ဆိုတဲ့အတိုင်း ရေးဆွဲပြီး တင်ပြလိုက်တော့၊

www.burmeseclassic.com

www.burmeseclassic.com



တရားဝန်ကြီးက ပါရဂူသက်သေရဲ့ ရုံးရှေ့ အစစ်ခံထွက်ဆိုချက် အရပဲ သူပေးခဲ့တဲ့ထင်မြင်ချက် မမှန်ကြောင်း ယုံကြည်သွားပြီး ကျွန်တော်တို့ကို အနိုင်ပေးခဲ့တယ်လေ "

" ဒီတော့ ဒီအမှုမှာ အငြင်းပွားနေတဲ့ လက်ဗွေပုံစံ (၃) ခုဟာ တစ်ခုနဲ့တစ်ခု မတူညီကြောင်း နှုတ်နဲ့ လျှောက်လဲတင်ပြတဲ့အပြင် ပန်းချီဆရာနဲ့လည်း လက်ဗွေပုံစံတွေရေးဆွဲပြီး တင်ပြခဲ့တာဟာလဲ Advocacy တစ်ခုလို့ပြောရမှာပေါ့ဗျာ "

ဟု ပြောဆိုပြီးနောက် ကိုကျော်ဝင်းအား ကျွန်တော်က -

" ကိုကျော်ဝင်း ကျွန်တော်ပြောတာ ဘယ်လိုသဘောရလဲ ပြောပါအုံး "

ဟု မေးလိုက်ပါသည်။ ကိုကျော်ဝင်း က -

" ကျွန်တော်တို့ ရှေ့နေတွေ လျှောက်လဲချက်ပေးတဲ့နေရာမှာ နှုတ်နဲ့ပေးတဲ့ လျှောက်လဲချက်နဲ့၊ စာနဲ့ရေးသားတင်သွင်းတဲ့ လျှောက်လဲချက်ဆိုပြီး (၂) မျိုးဘဲရှိတာ အခု ဆရာနီက ပန်းချီပုံစံနဲ့ ရေးဆွဲပြီးလည်း တင်ပြခဲ့တယ်ဆိုတော့ (၃) မျိုးတောင် ဖြစ်သွားပြီပေါ့။ "

ဟု ရယ်မောရင်းပြောဆိုခဲ့ပါသည်။ ဦးကျော်ဝင်း စကားဆုံးသည်နှင့် ဦးသိန်းလွင် က -

" ကိုကျော်ဝင်း ရေ၊ ဆရာနီက ကျွန်တော့်ကို မောင်ထက်ဝင်း တို့အမှု တရားရုံးချုပ်မှာ လျှောက်လဲချက်ပေးဖို့အတွက် လက်ဗွေ (၃) ခု၊ တစ်ခုနဲ့တစ်ခု မတူတာတွေကို တရားသူကြီးရဲ့ စိတ်နှလုံး ထဲမှာ ယုံကြည်လက်ခံသွားအောင် လုပ်ချင်တဲ့အကြောင်း၊ လက်ဗွေ ပါရဂူရဲ့ ရုံးရှေ့အစစ်ခံချက်အရကိုပဲ မတူတာဟာ ထင်ရှား ပေါ်ပေါက်နေပေမယ့် တရားသူကြီးအနေနဲ့ အဲဒီအချက်ကို ယုံကြည်လက်ခံအောင် နှုတ်နဲ့ပြောဆိုရင် အချိန်ကြာသွားနိုင်တဲ့ အပြင် ရှုတ်ထွေးသွားနိုင်လို့ စဉ်းစားရကြပ်နေကြောင်း ပြောလာ တော့ ကျွန်တော်က ပန်းချီဆရာနဲ့ လက်ဗွေပုံစံတွေရေးပြီး တင်ပြလို့မဖြစ်နိုင်ဘူးလားလို့ မေးလိုက်မိတယ်ဗျာ။ "

www.burmeseclassic.com

www.burmeseclassic.com



" အဲဒီမှာဘဲ ဆရာနီ က ပန်းချီဆရာရှာခိုင်းတော့ ကျွန်တော်လည်း ရှာပေးလိုက်တာပေါ့၊ ဒါပေမယ့် သူဘာယ်လိုလုပ်မယ်ဆိုတာတော့ မစဉ်းစားမိပါဘူးဗျာ။ ပန်းချီဆရာကလဲ ဆရာနီပြတဲ့ လက်ဗွေပုံစံတွေကိုကြည့်ပြီး ဆွဲပေးခဲ့တယ်ဗျ။ နောက်တော့မှ အဲဒီလက်ဗွေတွေရဲ့ဘေးမှာ တစ်ခုနဲ့တစ်ခု ဘယ်လိုမတူညီ ကွဲပြားနေတယ်ဆိုတာကို ဆရာနီက စာနဲ့ရေးပြထားတော့၊ လက်ဗွေတစ်ခုနဲ့တစ်ခု မတူဘူးဆိုတာ ကျွန်တော်တို့လို သာမန်လူတွေတောင် ထင်ထင်ရှားရှားမြင်တွေ့ရတော့တယ်ဗျ။ "

" ဒါကြောင့်လည်း တရားရုံးချုပ် တရားသူကြီးကလည်း ဒီအချက်ကို သတိထားမိသွားပြီး လက်ဗွေတွေတစ်ခုနဲ့တစ်ခု မတူဘူးလို့ ဆုံးဖြတ်လိုက်ပုံရတယ် "

ဟုပြောဆိုပြီး ကျွန်တော့်အား -

" ဟုတ်ရဲ့လား ဆရာနီ " မေးလာပါသည်။ ကျွန်တော်ကလည်း ဖြစ်နိုင်ကြောင်း ပြန်လည် ပြောဆိုပြီးနောက်၊ ယခုကဲ့သို့ လျှောက်လဲချက်တွင် " လက်ဗွေပုံစံများကို ပန်းချီဆရာဖြင့် ရေးဆွဲ၍ မတူညီ၊ ကွဲပြားကြောင်း သိသာထင်ရှားအောင် တင်ပြခြင်း " သည်လည်း လျှောက်လဲချက်ပေးခြင်းဆိုင်ရာ ပညာရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောဆိုကာ ကျွန်တော်၏ လက်ပတ်နာရီကိုကြည့်၍ ည (၈) နာရီပင် ကျော်နေပြီဖြစ်ကြောင်း သတိပေးလိုက်ပါသည်။ "

ထိုအခါ ဆရာ ဦးသိန်းလွင် က သူ့အနေဖြင့် မေးစရာတစ်ခု ရှိသေးကြောင်း ပြောလာသဖြင့် ကျွန်တော်ကလည်း မြန်မြန်ဖြေကြားပြီး မြန်မြန်ပြီးနိုင်ရန် -

" ဆရာ ဘာမေးချင်လို့လဲ မေးလေ "

ဟု ပြောလိုက်ပါသည်။ ထိုအခါ ဆရာက -

" ကိုထက်ဝင်း တို့အမှုမှာ တစ်ဖက်မှာ တရားပြိုင် (၂) ယောက်ရှိတဲ့ အနက် (၁) တရားပြိုင်သာ အစစ်ခံပြီး နောက်တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အစစ်မခံတော့ဘူးလို့ပြောတယ်ဗျ။ ဒါ့အပြင် **သက်သေလဲ** မပြတော့ဘူးလို့ပြောတယ်ဗျ။ အဲဒီတော့ မောင်ထက်ဝင်းက **သူတို့** (တရားပြိုင်တွေ) ဘက်က အရှုံးပေးတဲ့သဘောလို့ မြင်တယ်ဗျ။ ဒါပေမဲ့ ဆရာက အဲဒါကို သူတို့အနိုင်ပိုင်းသွားတာ ဖြစ်တယ်လို့ ပြောတော့ ကျွန်တော် သိပ်မရှင်းဘူးဆရာ။ အဲဒါလေး ရှင်းပြပါအုံး "

ဟု မေးလာပါသည်။

နီ - " ဆရာလွင်က ဝိုင်းသိမ်းခါနီးကြမှ အလွမ်းသယ်ရမယ့်မေးခွန်း မေးလာတာကိုး။ အဲဒီနေ့က ကျွန်တော်ခံလိုက်ရတာကို ဆရာက အစပြန်ဖော်ပေးသလို ဖြစ်နေပြီဗျာ။

လွင် - " မဟုတ်ပါဘူးဆရာ။ ဆရာခံလိုက်ရတယ်ဆိုတာကို ဆရာကသာ ပြောနေတာ၊ မောင်ထက်ဝင်းရော၊ ဆရာ့တပည့် ကိုသန်းဖေရော နှစ်ယောက်လုံးကတော့ တစ်ဖက်က လျှော့ပေးသွားတယ်လို့ ပြောနေကြတယ်ဆရာရဲ့။ ဒါကြောင့် စိတ်ဝင်စားလို့ ကျွန်တော် ပြန်မေးတာပါဆရာ။ "

နီ - " အဲဒါကို ရှင်းရအုံးမယ်ဆိုရင် အချိန်တော့ကုန်အုံးမှာပဲ။ "

လွင် - " ဟာ-ဆရာကလည်း အခုမှ (၈) နာရီကျော်ကျော်ဘဲ ရှိသေးတယ်။ ခါတိုင်း ကျွန်တော်တို့ (၁၀) နာရီလောက်မှ ဝိုင်းသိမ်းကြတာပါဗျာ။ အစောကြီးရှိသေးတယ်။ "

ကိုလေးမြင့် - " ဟုတ်ပါတယ်ဆရာ။ ဆရာ ဦးသိန်းလွင် ပြောတာမှန်ပါတယ်။ ဆရာက လွစ္စလမ်းကနေ ၃၇-လမ်းကိုပြန်ရမှာ (၅) မိနစ်ဆို အိမ်ရောက်ပြီ။ ကျွန်တော်က သုဝဏ္ဏကို ပြန်ရမှာ ပြောလို့ ရပါသေးတယ် "

ဟု တောင်းဆိုလာပါသည်။ ကိုလေးမြင့် သည် ယနေ့ခါတိုင်းနှင့်မတူဘဲ အတော်လေး အာသွက်နေသည်ကို တွေ့ရပါသည်။ ဤတွင် ကိုထက်ဝင်း ကလည်း -

www.burmeseclassic.com

www.burmeseclassic.com



**ကိုထက်ဝင်း** - "ဟုတ်ပါတယ်ဆရာ။ အဲဒီရုံးချိန်းနေ့က ကျွန်တော်ပြန်လာလာချင်း ဆရာ ဦးသိန်းလွင်ကို သူတို့ဘက်က အစစ်မခံတော့ဘူး၊ သက်သေလဲ မပြတော့ဘူးလို့ ပြောခဲ့တာကို ပြန်ပြောပြတော့ ဆရာ ဦးသိန်းလွင် တော်တော်လေး ဝမ်းသာသွားတယ်ဆရာ။ ဒါပေမယ့် ဆရာက အဲဒါသူတို့ဘက်က အနိုင်ပိုင်းတာလို့ပြောလိုက်တော့ ကျွန်တော် လုံးဝ နားမလည်နိုင်အောင်ပါဘဲဆရာ။ ဆရာကို ပြန်မမေးရဲလို့ မမေးခဲ့တာပါ။ ဒါတောင် နည်းနည်းပါးပါးတော့ မေးခဲ့ပါသေးတယ်။ ဒါကြောင့် အဲဒီအကြောင်းကို ဆရာဒီနေ့ ရှင်းပြပေးပါလားဆရာ။ "

ဟု တောင်းဆိုလာပါသည်။

BURMESE CLASSIC .com

ကိုယ်အသာရသည့်ကိစ္စပြောရသည်မှာ လူသဘာဝ အရသာရှိလှသော်လည်း ကိုယ်ခံရသည့် ကိစ္စကို အရသာမရှိဘဲ ပြောရပေအုံးတော့မည်။ သို့သော်လည်း ကျွန်တော် ခံလိုက်ရသည်ဆိုသည့်အချက်ကို သူတို့လက်ခံနိုင်အောင် ဘယ်လို ပြောရမည်နည်း။

ယခု စကားဝိုင်းတွင် နားထောင်နေကြသူများသည် ဉပမာပေး၍ပြောလျှင် နားလည် လက်ခံမည်ကို ကျွန်တော်သတိထားမိသဖြင့် ဉပမာတစ်ခုကို အလျင်အမြန် စဉ်းစားနေမိပါတော့သည်။ ထိုစဉ် ရုတ်တရက် ကျွန်တော့်ခေါင်းထဲ နန္ဒ၊ သူရ၊ ကျော်မောင်စိုး တို့ ညီအစ်ကိုများအမှုအကြောင်း သတိရလိုက်ပါသည်။

၁၉၇၇ ခုနှစ်ဝန်းကျင်လောက်က ကြေးမုံသတင်းစာတိုက်ဘေးတွင် ဖုံးခဲ့သည့်အမှုနှင့် သမ္မတရုပ်ရှင်ရုံ အိမ်သာအတွင်း ဗုံးထောင်သည့်အမှုများအတွက် နန္ဒ၊ သူရ၊ ကျော်မောင်စိုး အပါအဝင် (၆) ဦးကို နိုင်ငံတော် ပုန်ကန်မှုဖြင့် တရားစွဲခဲ့ပါသည်။ နန္ဒ နှင့် သူရ မှာ ညီအစ်ကိုအရင်းဖြစ်ပြီး ကျော်မောင်စိုး မှာ တစ်ဝမ်းကွဲညီ ဖြစ်ပါသည်။ တရားခံများဖက်မှ ကျွန်တော်၏ဆရာများဖြစ်ကြသော ဦးကိုယု၊ ဦးမွန်မောင်ဇ နှင့် ဦးအုန်းလှိုင် တို့က လိုက်ပါဆောင်ရွက်ကြပါသည်။ ကျွန်တော်က ဆရာများအိတ်ဆွဲ၊ အမှုတွဲကိုင် နောက်လိုက်အဆင့် ဖြစ်ပါသည်။

နိုင်ငံတော် (တရားလို) ဘက်က ဉပဒေအရာရှိအဆင့် (၁) ဆရာကြီး × ×× က လိုက်ပါ ဆောင်ရွက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားလိုနှင့် တရားလိုဘက် သက်သေများအားလုံး စစ်ဆေးပြီးနောက် တရားခံများကို တရားရုံးက နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်ပုန်ကန်မှုကျူးလွန်သူအား အားပေးကူညီမှုများဖြင့် စွဲချက်များ တင်ခဲ့ပါသည်။

အမှုတွဲမှတ်တမ်းပါ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှတ် (၁) တရားခံ နန္ဒ နှင့် ပါတ်သက်သော ငြိစွန်းချက်များရှိကြောင်း၊ တရားလိုဘက်က သက်သေပြနိုင်ခဲ့သော်လည်း ကျန်တရားခံများနှင့် ပတ်သက်၍ တရားလိုဘက်က သက်သေပြရာတွင် ကွင်းဆက်ပြတ်နေပါသည်။ ကျန်တရားခံများကို သေဒဏ်ပေးနိုင်လောက်သည့် သက်သေခံချက်မရှိကြောင်း တွေ့ရပါသည်။

သို့သော်လည်း ပြတ်နေသည့် ကွင်းဆက်ကို ဆက်ရန်အခြေအနေတစ်ရပ် ရှိနေပါသည်။ ထိုအခြေအနေကား (၁) တရားခံ နန္ဒ အား စစ်ဆေးသည့်အခါ တရားလို၏ရှေ့နေကြီးက ပြန်လှန်မေးခွန်းများ မေးမြန်း၍ ပြတ်နေသည့် ကွင်းဆက်များကို ဖေါ်ထုတ်နိုင်ခွင့်ရှိသည့်အခြေအနေပင် ဖြစ်ပါသည်။

အဓိကတရားခံ နန္ဒ အတွက် ကျွန်တော်၏ဆရာ ဦးကိုယုက လိုက်ပါဆောင်ရွက်ပါသည်။ ကျန်တရားခံများအတွက် ဆရာ ဦးမွန်မောင်ဇ နှင့် ဆရာ ဦးအုန်းလှိုင် တို့က လိုက်ပါဆောင်ရွက်ကြသည်ဖြစ်ရာ ချိန်ဘာတစ်ခုတည်းမှ ရှေ့နေများဖြစ်ကြ၍ အချင်းချင်း ညှိနှိုင်းတိုင်ပင် ဆွေးနွေးနိုင်သည့် အခြေအနေ ရှိပါသည်။

BURMESE CLASSIC .com

နိုင်ငံတော် ပုန်ကန်မှုဖြင့် တရားခံများကို စွဲချက်တင်ပြီးနောက်ပိုင်း တစ်နေ့တွင် ဆရာဦးကိုယုက ဆရာ ဦးမွန်မောင်ဇနှင့် ဆရာ ဦးအုန်းလှိုင် တို့ကိုခေါ်ပြီး အမှုအကြောင်း ဆွေးနွေးကြရာ ကျွန်တော်တို့ ကလေးများက ဘေးမှနားထောင်ခွင့် ရခဲ့ပါသည်။ ဆရာဦးကိုယုက -

" ကိုမွန်မောင်ဇနဲ့ ဂျပ်ဆင် (ဦးအုန်းလှိုင် အား ဆရာခေါ်သည့်အမည်) တို့ကို ကျွန်တော် နန္ဒ တို့အမှုအကြောင်း နည်းနည်းပြောချင်တယ်။ နောက်မကြာခင် ရုံးချိန်းရက်တွေမှာ ကျွန်တော်ရဲ့ တရားခံ နန္ဒကို စစ်ရတော့မယ်။ အဲဒီတော့ နန္ဒ အနေနဲ့ ကျမ်းကိုင်ပြီး သက်သေလိုအစစ်ခံရင် သူ့ကို တရားလိုဖက်က ပြန်လှန် မေးခွန်းတွေမေးတော့မယ်။ ရဲစက္ကူနဲ့ တိုက်ပြီးတော့လည်း မေးတော့မယ်။ အဲဒီလို မေးလာရင် သူ့အဖြေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ညီတွေပါ အားလုံး သေဒဏ်ထိသွားနိုင်တယ်။ တကယ်လို့ နန္ဒက ကျမ်းမကိုင်ဘဲ တရားခံအနေနဲ့ အစစ်ခံမယ်ဆိုရင် သူကတော့ သေချာပေါက် သေဒဏ်ကျလိမ့်မယ်။ ဒါပေမယ့် ကျန်တဲ့ ခင်ဗျားတို့အမှုသည်တွေ သေဒဏ်က လွတ်နိုင်တယ်။ အဲဒီတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ "

ဟု ဆရာက မေးလာပါသည်။ ထိုအခါ ဦးမွန်မောင်ဇ က -

" ဦးကိုယု ပြောတာဟုတ်တယ်ဗျ။ အဲဒါကို သူတို့ရွေးချယ်ရလိမ့်မယ်။ ကျွန်တော်တို့ ရွေးပေးလို့မကောင်းဘူး။ မနက်ဖြန် ကျော်မောင်စိုးရဲ့ အဖေကို ကျွန်တော်ခေါ်လိုက်မယ်။ သူတို့ကိုအကျိုးအကြောင်း ရှင်းပြပြီး သူတို့ဘာသာ သူတို့ စဉ်းစားဆုံးဖြတ်တာပဲကောင်းမယ် "

ဟု အကြံပြုပါသည်။ ဆရာ ဦးအုန်းလှိုင် ကလည်း -

" နန္ဒသာ ကျမ်းကိုင်ပြီးသက်သေလို အစစ်ခံရင် အားလုံးသေဒဏ်ထိမှာ သေချာတယ်။ သူအသေခံမယ်ဆိုရင်တော့ သူ့ညီတွေ သေဒဏ်က လွတ်နိုင်တယ် "

ဟု ဘွင်းဘွင်းရှင်းရှင်း ပြောပါသည်။ ဆရာ ဦးအုန်းလှိုင် မှာ စာအလွန်ဖတ်သူဖြစ်ပြီး စကားပြောရာတွင် အလွန် ပွင့်လင်းစွာ ပြောတတ်သူဖြစ်ပါသည်။

ဤနေရာတွင် ရာဇဝတ်ပြစ်မှုများ စစ်ဆေးခြင်းနှင့်ဆိုင်သည့် ကျင့်ထုံးအနည်းငယ်ကို ဖော်ပြလိုပါသည်။

- ထောင်ဒဏ် (၆) လနှင့်အထက် အပြစ်ပေးနိုင်သောအမှုများကို " ဝရမ်းမှု " ဟု ခေါ်ဝေါ်သတ်မှတ်ပြီး၊ နိုင်ငံတော်အစိုးရက တရားလိုအဖြစ် ရပ်တည်ဆောင်ရွက်ပါသည်။
- တရားလို (နိုင်ငံတော်) ဘက်မှ တင်ပြသည့်သက်သေများကို ဦးစွာစစ်ဆေးရပါသည်။ တရားလိုဘက်သက်သေများ စစ်ဆေးပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်ပါက တရားခံကို တရားရှင်လွှတ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



- ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပေါ်ပေါက်ပါက မည်သည့် ပြစ်မှုကို ကျူးလွန်ကြောင်း ပုဒ်မတပ်၍ စွဲချက်တင်ရပါသည်။

- ထိုသို့ စွဲချက်တင်ပြီးမှသာ တရားခံကို ဆက်လက်စစ်ဆေးရပါသည်။ တရားခံကို စစ်ဆေးသည့်အခါ၊ မစစ်ဆေးမီ တရားသူကြီးက တရားခံအား " ကျမ်းကျိန်၍ သက်သေအနေဖြင့် အစစ်ခံမည်လား " သို့မဟုတ် " ကျမ်းမကျိန်ပဲ တရားခံအနေဖြင့် အစစ်ခံမည်လား " ဟု မေးရပါသည်။

- ထိုအခါ တရားခံက " ကျမ်းကျိန်၍ သက်သေအဖြစ် အစစ်ခံပါမည်။ " သို့မဟုတ် " ကျမ်းမကျိန်ဘဲ တရားခံအနေဖြင့်သာ အစစ်ခံပါမည် " စသည်ဖြင့် တစ်ခုခုရွေးချယ်၍ ဖြေဆိုပေးရပါသည်။

- အကယ်၍ တရားခံက ကျမ်းကျိန်၍ သက်သေအဖြစ် အစစ်ခံမည်ဟု ရွေးချယ်လျှင် သူ့အား ကျမ်းကျိန်ဆိုစေပြီး သက်သေကဲ့သို့ စစ်ရပါသည်။

- သက်သေကဲ့သို့စစ်လျှင် ပထမဦးစွာ တရားခံ၏ရှေ့နေက မေးပြီး နောက်မှ တရားလိုဖက်က ပြန်လှန်စစ်မေးခြင်းကို ခံရပါမည်။ တရားခံ၏ ကျမ်းကျိန်ထွက်ဆိုချက်များအပေါ် တရားရုံးက တန်ဘိုးထား၍ စဉ်းစားမည်ဖြစ်ပါသည်။

- ကျမ်းမကျိန်ပဲ တရားခံကဲ့သို့ အစစ်ခံမည်ဆိုပါက တရားခံကို မည်သည့်ဘက်ကမျှ စစ်ခွင့်မရှိတော့ပါ။ တရားခံက သူတင်ပြလိုသည်များကို တရားရုံးသို့ တိုက်ရိုက်တင်ပြပြောဆိုနိုင်ပြီး တရားသူကြီးက မေးရန်ရှိပါက မေးနိုင်ပါသည်။ ကျမ်းမကိုင်ပဲ ထွက်ဆိုသည့် တရားခံ၏ ထွက်ချက်မှာ တန်ဖိုးမရှိလှပါ။

ဆရာဦးကိုယု၊ ဆရာဦးမွန်မောင်နှင့် ဆရာဦးအုန်းလှိုင်တို့ ဆွေးနွေးကြပြီး နောက် (၂) ရက် (၃) ရက်ခန့်အကြာတွင် တရားခံ ကျော်မောင်စိုး ၏ဖခင် ဘွန်တော်တို့ရုံးခန်းသို့ ရောက်လာရာ ဆရာတို့က အကျိုးအကြောင်း ပြောပြကြပါသည်။ နန္ဒ ၏အဖေ နှင့် ကျော်မောင်စိုး တို့အဖေမှာ ညီအစ်ကိုအရင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မောင်စိုး ၏အဖေက သူတို့မိသားစုဝင်များ ဆွေးနွေးမည်ဖြစ်ကြောင်း၊ မကြာမီထောင်ဝင်စာတွေ့ရန်ရှိသည်ဖြစ်၍ နန္ဒကိုလည်း အကျိုးအကြောင်း ရှင်းပြမည်ဖြစ်ကြောင်း ပြောပါသည်။

တစ်ပတ်ခန့်အကြာတွင် ကျော်မောင်စိုး ၏ဖခင် ကျွန်တော်တို့ရုံးခန်းသို့ ရောက်လာပြီး နန္ဒနှင့် သူတို့ထောင်ဝင်စာတွေ့ပြီးပြီဖြစ်ကြောင်း၊ သူ့ကြောင့် သူ့ညီတွေ ဒုက္ခရောက်မှာ မဖြစ်စေလိုကြောင်း၊ အမှန်တကယ်အားဖြင့်လည်း သူ့ညီတွေဟာ သူခိုင်းတာကိုသာလုပ်ရပြီး ဘာမျှသိကြသူများ မဟုတ်ဟု ပြောကြောင်း၊ ထို့ကြောင့် သူ့အနေနဲ့ သက်သေခံခြင်း၊ သက်သေထူခြင်းလုပ်တော့မည်မဟုတ်ကြောင်း ပြောပြပါသည်။ ဆရာဦးကိုယုက နန္ဒ အတွက် စိတ်မကောင်းကြောင်း၊ သို့သော်လည်း သူ၏သတ္တိကိုမူ ချီးကျူးလေးစားကြောင်း ပြောပါသည်။ BURMESE CLASSIC .com

တရားခံ နန္ဒအား စတင်စစ်ဆေးမည့်နေ့တွင် အင်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်း (နန္ဒ တို့အမှုကို စစ်ဆေးသည့် တရားသူကြီးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပါသည်။) က တရားခံများအား ထိန်းသိမ်းရန် တာဝန်ယူထားရသည့် ရဲအရာရှိအား တရားခံ နန္ဒကို လက်ထိပ်ဖြုတ်၍ ဝက်ခြံအတွင်း ခေါ်လာရန် ညွှန်ကြားပြောဆိုလိုက်ရာ ရဲအရာရှိက တရားခံ နန္ဒအား လက်ထိပ်ဖြုတ်၍ တရားခွင်ရှေ့ရှိ ဝက်ခြံအတွင်းသို့ ခေါ်လာပြီး မတ်တတ်ရပ်ထားစေပါသည်။ ထို့နောက် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်း က -

" ကဲ မောင်နန္ဒ ဒီနေ့မင်းကိုစစ်ဆေးမယ်။ ဒီတော့ မင်းအနေနဲ့ ကျမ်းကျိန်ပြီး သက်သေလို အစစ်ခံမလား၊ ဒါမှမဟုတ် ကျမ်းမကျိန်တော့ပဲ တရားခံအနေနဲ့ အစစ်ခံမလား "

ဟု ဥပဒေ လုပ်ထုံးလုပ်နည်းအတိုင်း မေးမြန်းပါသည်။ ထိုအခါ နန္ဒ က -

" ကျွန်တော်ကျမ်းမကိုင်တော့ပါဘူး။ ဒီအတိုင်းပဲ အစစ်ခံပါမယ် "

ဟု ပြောလိုက်ရာ တရားသူကြီးများ အံ့အားသင့်သွားပုံရပါသည်။

- ထိုစဉ်တွင် တရားခွင်ညာဖက်ခြမ်းတွင် ထိုင်နေသော အစိုးရရှေ့နေကြီး ဦး × × × သည် ထိုင်နေရာမှ ရုတ်တရက်ကြီး ထရပ်လိုက်ရာ တရားသူကြီးများအပါအဝင် အားလုံး သူ့ကို ဝိုင်းကြည့်နေကြပါသည်။ အတန်ကြာသည်အထိ ဘာမျှမပြောသဖြင့် တရားသူကြီး ဦးစိန်ဝင်း က -

www.burmeseclassic.com

www.burmeseclassic.com



" အကျိုးဆောင်ကြီး ဘာများတင်ပြစရာရှိလို့လဲ "

ဟု မေးလိုက်ရာ ထိုအခါမှ အစိုးရရှေ့နေကြီး သတိပြန်ဝင်လာပုံရပြီး မိမိနဖူးကို မိမိလက်ဝါးဖြင့် ပြန်ရိုက်ကာ

" ဘာမှ တင်ပြစရာမရှိပါဘူး "

ဟုပြော၍ ထိုင်ချသွားပါသည်။

ကျွန်တော်က စကားဝိုင်းတွင် နားထောင်နေကြသော အဖွဲ့သားများကို အထက်ဖေါ်ပြပါ အတိုင်း နန္ဒ တို့အမှုအကြောင်းပြောပြပြီးသောအခါ ကိုလေးမြင့်နှင့် မောင်သန်းဖေ တို့ နှစ်ယောက်စလုံးက တစ်ပြိုင်တည်းလိုလိုပင် ဘာတွေဆက်ဖြစ်သလဲ ပြောပါအုံးဆရာဟု တောင်းဆိုလာကြပါသည်။ ကျွန်တော်က -

" ကိုလေးမြင့် က အမှုအကြောင်းကို နားထောင်ချင်တာကိုး၊ ကျွန်တော်က အမှုအကြောင်း ပြောချင်တာမဟုတ်ဘူးဗျ။ ရှေ့နေပညာအကြောင်းနဲ့ ကျွန်တော်ခံခဲ့ရတဲ့အကြောင်း ပြောပြမလို့ပါ "

ဟု ပြောလိုက်လိုက်ရာ ကိုလေးမြင့် က -

" နေပါအုံးဆရာ၊ တခြားအကြောင်းမပြောပါနဲ့အုံး၊ ဟိုအစိုးရရှေ့နေကြီး မတ်တတ်ရပ်ပြီး ဘာမျှမပြောပဲ သူ့နဖူးကိုသူဘာလို့ ပြန်ရိုက်လိုက်သလဲ ဆရာ "

ဟု စိတ်ဝင်တစား မေးနေပါသည်။ ဦးဝင်းတင့် နှင့် ကိုကျော်မြင့် တို့ကလည်း ကိုလေးမြင့် နည်းတူ မေးလာကြပါသည်။ ကျွန်တော်က -

" အဲဒါဘာကြောင့်လဲဆိုတော့ အစိုးရရှေ့နေကြီးဟာ ရုတ်တရက် အမှတ်မထင်ဘဲ သူ့ကိုအလဲထိုးချလိုက်သလို ခံလိုက်ရတဲ့အတွက် မကျေမနပ်ဖြစ်သွားပြီး ရိုက်စရာမရှိလို့ သူနဖူး သူပြန်ရိုက်လိုက်တာပေါ့ "

" ကျွန်တော်တို့ မရှင်းသေးဘူးဆရာ၊ ရှင်းပါအုံး "

ဟု နှစ်ယောက်သုံးယောက်လောက် ထပ်မေးလာပြန်ပါသည်။

" ဒီလိုလေ၊ အစိုးရရှေ့နေကြီးက အဓိကတရားခံ နန္ဒ ကို စစ်တဲ့နေ့ကြရင် ပြန်လှန်မေးခွန်းတွေ မေးပြီး၊ သူတို့ညီအစ်ကိုတတွေ ဒီနိုင်ငံရောက်

www.burmeseclassic.com

www.burmeseclassic.com



ပုန်ကန်မှုကြီးကို ဘယ်လိုပူးပေါင်းကြံစည်ပြီး ကျူးလွန်ခဲ့ကြတယ်ဆိုတာတွေကို ပီပီပြင်ပြင် ပေါ်လွင်လာအောင် မေးမယ်လို့ အားခဲထားပြီး၊ မေးရမယ့် မေးခွန်းတွေလည်း အများကြီး ကြိုတင်ပြင်ဆင်ထားပုံရတယ်။ ဒါပေမယ့် နန္ဒက ကျမ်းမကိုင်တော့ဘူးလို့ပြောလိုက်တော့ အစိုးရရှေ့နေကြီးအနေနဲ့ နန္ဒကို မေးခွန်းတစ်ခုမပြောနဲ့ တစ်ဝက်လောက်တောင် မေးဘို့အခွင့်အရေး မရှိ တော့ဘူးလေ။ ဒီတော့ သူပြင်ဆင်ထားတာတွေ အားလုံး အလကား ဖြစ်သွားတော့ ခင်ဗျားတို့ သူ့နေရာကနေ ကိုယ်ချင်းစာကြည့်လေ ”

ဟု ရှင်းလိုက်တော့မှ အားလုံးသဘောပေါက်သွားကြပြီး ဆရာဦးသိန်းလွင်က -

“ ဒါ ဆရာဦးကိုယုရဲ့ လက်ချက်ပေါ့ ”

ဟု ထင်မြင်ချက်ပေးလာရာ ကျွန်တော်က -

“ မှန်တာပေါ့ဆရာ၊ ဆရာဦးကိုယုက နန္ဒရဲ့ ရှေ့နေလေ ”

ဟုပြောအပြီးတွင် ကိုလေးမြင့်က -

“ နေပါအုံးဆရာ၊ နောက်ဆုံးတော့ အဲဒီအမှုကို ဘယ်လို ဆုံးဖြတ်သလဲ ”

ဟု အမှုအကြောင်းကို စိတ်ဝင်တစား မေးလာပြန်ပါသည်။ ကျွန်တော်က နောက်ပြောင် သည့် အနေဖြင့် -

“ ကိုလေးမြင့် အဲဒီအမှုအကြောင်း စိတ်ဝင်စားရင် ကျွန်တော် ရှာပေး မယ်လေ၊ ဖတ်မလား ”

ဟု မေးလိုက်ရာ -

“ တော်ပါပြီဆရာ နောက်ဆုံးအမိန့်လေးသာ ပြောပြပါတော့ ”

ဟု ရယ်ကြဲကြဲဖြင့် ပြောလာပါသည်။ ကျွန်တော်က -

“ နန္ဒတစ်ယောက်ပဲ သေဒဏ်ထိတယ်၊ ကျန်လူတွေကတော့ တချို့က ထောင်ဒဏ် (၄) နှစ်၊ တချို့က အများဆုံး ထောင်ဒဏ် (၇) နှစ်လောက်ဘဲ ကျကြတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀ နဲ့ ကြုံကြိုက်ပြီး လွတ်လာကြပါတယ်။ ကိုလေးမြင့်ရေ ”

ဟု ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒ တို့အမှုအကြောင်း စကားပြတ်သွားသည်နှင့် ဦးသိန်းလွင် က -

" ဒါဆိုရင် အခု မောင်ထက်ဝင်း တို့အမှုမှာ (၂) တရားပြိုင်အတွက် လိုက်ခဲ့တဲ့ အငြိမ်းစား အစိုးရရှေ့နေကြီးက တချိန်က ဦးကိုယု လုပ်ခဲ့တဲ့အတိုင်း အခုဆရာကို ပြန်လုပ်လိုက်တာပေါ့။ ဟုတ်လားဆရာ "

ဟု မေးလာပါသည်။ ကျွန်တော်က -

" မှန်တာပေါ့ဆရာရယ်၊ တစ်ထပ်တည်းလို့တောင် ဆိုနိုင်ပြီလားဗျာ။ ကျွန်တော့်အမှုမှာ ကျွန်တော့်ဘက်က သက်သေခိုင်ခိုင်လုံလုံ မပြနိုင်လို့ သူတို့ဘက်က အစစ်ခံတဲ့အခါမှ ဝန်ခံချက်တွေရအောင်မေးပြီး အမှုကို ခိုင်လုံအောင်လုပ်မယ်ဆိုတဲ့အတွေးနဲ့ မေးစရာ မေးခွန်းတွေအများကြီး ကြိုတင် ပြင်ဆင်ထားတာ။ အခုတော့ မမေးလိုက်ရတော့ဘူးလေ "

" ကျွန်တော် တော်တော်လေးခံလိုက်ရတာကို ကိုထက်ဝင်း နဲ့ မောင်သန်းဖေ တို့က မသိကြဘဲ ဝမ်းတောင်သာနေကြသေးတယ်ဗျ "

BURMESE CLASSIC .com

ဟု ပြန်လည်ပြောရင်း အမှုတစ်ခုကို စစ်ဆေးရာတွင်ဖြစ်စေ၊ သက်သေတစ်ယောက်ကို စစ်ဆေးရာတွင် ဖြစ်စေ၊ ရပ်သင့်သည့်နေရာတွင် ရပ်စဲလိုက်ခြင်းသည်လည်း ရှေ့နေပညာပင်ဖြစ်ကြောင်း၊ တချို့ အမှုများတွင် ရပ်သင့်သည့်နေရာတွင် မရပ်ဘဲ ဆက်လက်စစ်ဆေးနေခြင်းကြောင့် သက်သေထွက်ချက်များ တစ်ဦးနှင့်တစ်ဦး ကွဲလွဲကုန်ကြပြီး ကိုယ့်ဘက်ကသက်သေကြောင့်ပင် ကိုယ့်အမှုရှုံးရသည့် သာဓကများ ရှိကြောင်းပြောပြပြီး၊ လက်ပတ်နာရီကို ကြည့်လိုက်ရာ ည ၉ နာရီပင် ခွဲနေပြီ ဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် ဝိုင်းသိမ်းရန် ဆော်ဩရပါတော့သည်။

**ရှေ့နေကြီး အရူးလုပ်ခံရခြင်း**

ကျွန်တော်က နန္ဒ တို့အမှုအကြောင်းပြောပြပြီးနောက် ပြန်ကြရန် ဆော်ဩလိုက်သည့်အခါ ဆရာ ဦးသိန်းလွင် က ကျွန်တော့်အား -

" ဆရာနဲ့ (၃) မိနစ်လောက်နေပါအုံး။ ဒီမှာ ကျွန်တော်တို့ အလောင်းအစား တစ်ခု ရှိနေလို့ "

ဟု ပြောလာရာ ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် " ရပါတယ်ဆရာ " ဟုပြောရင်း ဆရာလွင်အား ကြည့်နေပါသည်။ ထိုအချိန်တွင် ဦးသိန်းလွင်က -

www.burmeseclassic.com

www.burmeseclassic.com



" ဦးဝင်းတင့်၊ ခင်ဗျား နဲ့ကျွန်တော် လောင်းထားတဲ့ကိစ္စ ဘယ်သူနိုင်သလဲ။ လူစုံတုန်း ဆုံးဖြတ်လိုက်ကြရအောင်။ ရှုံးတဲ့လူက နောက်ပွဲအတွက် ဒကာပေါ့ "

ဟု ပြောလိုက်ပါသည်။ ထိုအခါ ဦးဝင်းတင့်က -

" ခင်ဗျားရှုံးတာပေါ့။ ခင်ဗျားစကားခေါ်နေတာ ဆရာနီက လိုက်မှ မလာဘဲ " ကျွန်တော့်ကြောင့် ဒီနေ့ပွဲစည်တာဗျ။ ဒါကြောင့် ကျွန်တော် နိုင်တာပေါ့။ ကိုလေးမြင့်တို့ ကိုကျော်ဝင်း တို့ကိုလည်း မေးကြည့်ဗျာ "

ဟု ပြောလာရာ ကျွန်တော့်နာမည်ပါလာသဖြင့် ကျွန်တော်က ဆရာဦးသိန်းလွင်အား အံ့ဩစွာဖြင့် လှမ်းကြည့်မိလိုက်ပါသည်။ ထိုအခါ ဆရာဦးသိန်းလွင်က -

" ဒီလိုပါဆရာ - ပြီးခဲ့တဲ့တစ်ပတ်ထဲမှာ ကျွန်တော်နဲ့ ဆရာဦးဝင်းတင့် တို့ဆုံကြလို့ ဒီနေ့ ( ၁၉-၇-၉၂ အာဇာနည်နေ့ ) မှာ ဆုံကြဖို့ ပြောကြတုန်း၊ ကျွန်တော်နဲ့ ဦးဝင်းတင့် အလောင်းအစား တစ်ခုလုပ်ခဲ့တယ်ဆရာ၊ ကျွန်တော်ကစပြောတာပါ။ မောင်ထက်ဝင်း တို့အမှု တရားရုံးချုပ်မှာ ဆရာ လျှောက်လဲချက်ပေးတဲ့နေ့က ကျွန်တော်နားထောင်ခဲ့ရတာ ကို ဦးဝင်းတင့် ကိုပြောပြရင်း ဆရာနီ စိတ်တိုအောင်ဆွပေးနိုင်ရင် ပြောတာတွေ နားထောင်လို့ ကောင်းတဲ့အကြောင်း၊ ဒါကြောင့် ကျွန်တော်နဲ့ ဆရာ ဦးဝင်းတင့် တို့ ဆရာနီကို စိတ်တိုလာအောင် ဆွကြမယ့်အကြောင်း၊ မဆွနိုင်သူက တစ်ဝိုင်းကျွေးရမယ့်အကြောင်း လောင်းခဲ့ကြတယ်ဆရာ "

" အဲဒါကြောင့် ကျွန်တော်နဲ့ ဦးဝင်းတင့် ဘယ်သူနိုင်သလဲ၊ ဆရာနီပဲ ဆုံးဖြတ်ပေးခဲ့ပါဗျာ "

ဟု ပြောရာ ကျွန်တော် အတော်လေးစိတ်တိုသွားမိပါသည်။ ကျွန်တော့်ကိုတည်ပြီး ကျွန်တော်မသိအောင် အလောင်းအစားလုပ်ထားသည်ကို ယခုမှပြောပြလာပြီး ကျွန်တော့်ကိုပင် ဒိုင်လူကြီးလုပ်ခိုင်းကာ အဆုံးအဖြတ် ခိုင်းနေခြင်းမှာ အလွန် စိတ်တိုစရာ ကောင်းလှပါသည်။ သို့သော် ကျွန်တော်စိတ်တိုကြောင်းပြလိုက်လျှင် ယနေ့ည ကျွန်တော်ပြန်ရတော့မည်မထင်ပါ။ ထို့ကြောင့် ကျွန်တော် က -

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်ဆုံးဖြတ်ပေးရမယ်ဆိုရင် ခင်ဗျားတို့နှစ်ယောက်လုံးရှုံးတယ်ဗျာ။ ဒီနေ့ ကျွန်တော် လုံးဝစိတ်မတိုဘူး။ ကျွန်တော်က အမှုနိုင်ထားလို့ ဝမ်းသာနေတာ။ စိတ်တိုစရာအကြောင်းလည်း မရှိဘူး။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက် တစ်ယောက်တစ်လှည့်စီသာ ကျွေးကြတော့ "

ဟု ဆုံးဖြတ်ပေးလိုက်ရာ ဦးသိန်းလွင်နှင့် ဦးဝင်းတင့်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အတန်ကြာအောင် စကားမပြောကြသဖြင့် ကျွန်တော်က -

" ဒီမှာ ဆရာလွင်နဲ့ ဆရာဦးဝင်းတင့် ဒီနေ့စကားဝိုင်းမှာ ကျွန်တော်စိတ်တိုသွားတာ ရှိသလား၊ ကျန်တဲ့လူတွေမေးကြည့်ပါအုံး။ "

ဟု ကလိလိုက်ရာ ကိုလေးမြင့်၊ ကိုကျော်ဝင်း၊ ကိုကျော်မြင့် တို့အပြင် ကိုထက်ဝင်းအပါ ကျွန်တော် " စိတ်တိုသွားခြင်း " မရှိကြောင်း ကျွန်တော့်ဘက်က ထောက်ခံကြပါသည်။

BURMESE CLASSIC .com

အလောင်းအစားလုပ်ကြသူ နှစ်ဦးလုံး သူတို့ရှုံးသည်ဟု ကျွန်တော်ဆုံးဖြတ်သည်ကို သူတို့နှစ်ယောက်လုံး မကျေမနပ်ဖြစ်နေကြသော်လည်း ကျန်သူများက ကျွန်တော့်ကို ထောက်ခံကြသဖြင့် သူတို့နှစ်ယောက် အဖြေပေးရန် အခက်တွေ့နေကြပါသည်။ ထိုအခြေအနေတွင် ကိုထက်ဝင်း က -

" ဆရာတို့ ကျွန်တော်တစ်ခုလောက် ပြောပါရစေ "

ဟု စကားစလာရာ ဦးဝင်းတင့်က -

" မောင်ထက်ဝင်း ဘာပြောမလို့လဲ ပြောကွာ "

ဟု ခွင့်ပြုလိုက်ရာ ကိုထက်ဝင်းက

" ကျွန်တော့်အမှုကို (၂) နှစ်ကျော်လောက်ကြာအောင် ဆရာ ဦးကိုနီကြိုးစားပြီး လိုက်ပေးခဲ့ပေမယ့် ဒီနေ့အမှုနိုင်ရတဲ့အထိ ဆရာ့ကို ကျွန်တော်သေသေချာချာဂုဏ်ပြုကျွေးမွေးတာမျိုး မလုပ်ရသေးဘူး။ ဆရာ ဦးသိန်းလွင်ကပဲ ကျွေးမွေးနေတယ်။ ဒါကြောင့် ဒီနေ့ အလောင်းအစားကိစ္စကို သရေလို့သတ်မှတ်ပြီး ကျွန်တော်က အမှုနိုင်လို့ နောက်တစ်ဝိုင်းအတွက် ကျွန်တော်ကပဲဆရာတို့အားလုံးကို ကျွေးမွေးပါရစေ "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ ဆရာဦးဝင်းတင့်က -

" မောင်ထက်ဝင်း မင်းတော်တော့်ကို တော်တယ်ကွာ။ ငါအလျော့ပေးလိုက်ပြီ။ မင်းကြိုက်သလိုသာ လုပ်တော့ "

ဟုပြောရာ ဆရာဦးသိန်းလွင်က ဂွတီးဂွကျပုံစံဖြင့် ဘာမျှမပြောတော့ပဲ ပြုံးဖြီးဖြီး လုပ်နေသည်ကို တွေ့ရပါတော့သည်။

BURMESE CLASSIC .com

*****

ပြီးပါပြီ။

www.burmeseclassic.com